
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ



# နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်
နက္ခတ္တရောင်ခြည်











လော ကီ ပ ညာ ရ သ စုံ မ ဂ္ဂ ဇင်း

F.1A.October, 2015.



www.burmeseclassic.com

www.burmeseclassic.com

# နှလုံးလှရောင်ခြည်

လောကီပညာရသစုံမဂ္ဂဇင်း


နာယကကြီး

ဒေါက်တာ အောင်မိုင်

M.B.B.S (Ygn)

ဒ-ဘ-ဓ(တိုင်းရင်းဆေး)

M.Med.Sc (Pharmacology)

Advanced Pharmacokinetics

Training (London)

M.C.P.A, A.T.C.M

(Wuhan), D.M.A

Senior Fellowship of Aryuvedic

Medicine(India)

သာသနာ့အကျိုးဆောင်

ကောလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ

အကြံပေး

ဒေါ်ဝတ်ရည်ဝေ

B.Sc(Bot),Dip.T.Med.

ဦးဝင်းထိန်ကျော်

B.A(Philos),Dip.T.Med,

T.L.R.M (INDIA)

အနောက်တိုင်း ဆေးကဏ္ဍ

အယ်ဒီတာ

ကိုကိုမောင်

စာတည်းချုပ်

ဦးကျော်မိုးသိန်း၊

တာဝန်ခံစာတည်း

ခမ္မသေဝ

နယ်လှည့်အယ်ဒီတာ

အောင်ဇ(LL.B)၊ကိုစိုးထန်း၊

သန်းထွန်း(ဘားအံ)

ပါဠိ အယ်ဒီတာ

* ဦးစံတင်

(စေတနိကာယကောဝိဒ၊ဝိနယဓရ၊ ဓမ္မာစရိယ)

* ဦးသန်းအောင်ဝေ

[ဓမ္မာစရိယ (မဟာဝဏ္ဏိဒ် မြန်မာဂုဏ်ထူး) ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ (နိကာယဝိပုလ)]

ဥပဒေအကြံပေး

ဦးထွန်းစိန်

B.A(Myanmar),H.G.P,R.L(Advocate)

ပန်းချီဗိုလ်ပညာရှင်

ကိုတင်ဦး၊

တင်တင်နွယ်

မျက်နှာဖုံးပန်းချီ

မြတ်မင်းဟန်

ဖြန့်ချိရေးမှူး

ယဉ်ကျေးဝေ

ကွန်ပျူတာစာစီ

ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း




မဟာမြိုင်တောထဲက ရလာတာပါ

ဒီရဟန္တာကြီးတွေ ကြွလာပြီးမှ သာသနာပြု

လုပ်ငန်းတွေ အများကြီးလုပ်ဖြစ်တယ်...

● စာ-၁၃၇


ထုတ်ဝေသူ

ဦးမင်းမောင်ဝင်း(ခ)ဦးကျော်မိုးသိန်း(၀၀၇၃၉)

နှလုံးလှရောင်ခြည်မဂ္ဂဇင်းတိုက်၊

၂၀၉၊ ၂၉ လမ်း၊ ရန်ကုန်မြို့၊

အတွင်းနှင့် မျက်နှာဖုံးရိုက်

ဦးကျော်မင်းစိုး(၀၀၄၅၉) စိုးမေတ္တာပုံနှိပ်တိုက်၊

အမှတ် ၁၇/က၊ ၅၆-လမ်း၊ ၂-ရပ်ကွက်၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊

မန္တလေးဖြန့်ချိရေး

နဂါးစာပေ

ရှမ်းပြောင်ကာယား ဖြန့်ချိရေး

မိသုံနှာစာပေ (တောင်ကြီး)

ဝဏ္ဏဒီစာပေဖြန့်ချိရေး(တောင်ကြီး)

မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး

ကျော်ကျော်စာပေ(မော်လမြိုင်)

ဖြန့်ချိရေး

ကျော်မိုးသိန်းစာပေ၊ ၂၀၉၊ ၂၉ လမ်း၊ ရန်ကုန်မြို့၊

ဖုန်း- ၀၁ ၂၄၂၂၈၄



ကြော်ငြာဌာနမှူး – ကိုတင်မောင်ရွှေ

မဂ်လာ စီးပွားရေးကြော်ငြာလုပ်ငန်း



၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ

အမှတ် ၃၅၁

တန်ဖိုး - ၂၁၀၀ကျပ် (ဖြန့်ချိဈေး)

[နှစ်ထောင့်တစ်ရာကျပ်]

အုပ်ရေ

- ၁၀၀၀

ဖုန်း-၀၁ ၂၄၂၂၈၄






www.burmeseclassic.com

www.burmeseclassic.com



ဒီကက်ကင်းဘုရား၊ ပရိဘောဂစေတီနဲ့
အေးစေတီပုံတော်ပါပူဇော်ပါ
မင်းတို့တစ်မိသားစုလုံးအခက်အခဲ အကျပ်အတည်းတွေက...
☛ စာ-၁၀၅

ဤမှတ်လအိတောင်ထိပ်တွင်
ဆံတော်ကို ရွှေကြုတ်နှင့်
သွတ်သွင်းဌာပနာပြီး...
☛ စာ-၉




## ကျန်းမာခြင်းရောင်ခြည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊
နန်းစန္ဒာတိုင်းရင်းဆေးကုခန်း ဆရာမဒေါ်မြင့်စန်း
(တဆ-၀၀၁၅၇)၏ အစာအိမ်ရောဂါ ကာကွယ်
စောင့်ရှောက်နည်းများ [မြောင်းမြ မောင်ယဉ်တင့်] ၂၁၈

## ပညာပေးရောင်ခြည်

နာမည်က ဖော်ပြသော ဂါကြမ္မာ
[အောင်နန္ဒစံ-ကျိုက်လတ်] ၁၂၅
မိတ်ဆွေဖြစ်သွားမည့် ဖဲချပ်များ(၆) [ဟန်ပင်းနိုင်] ၂၁၀
လေဖြတ်ခံထားရသူများအတွက် လက်နှင့်ခြေ
လေ့ကျင့်ခန်းများ(၃) [တင်ထွန်းအောင်-ရေနံချောင်း] ၂၁၄

## ဆောင်းပါးရောင်ခြည်

သူ ဘယ်လိုလူစားလဲ [သန့်ပညာ] ၆၃
အမေးရှိ၍ အဖြေရှိခဲ့ပါသည်
[ဆရာဦးခင်မောင်လင်း-B.Sc ရွှေဘို] ၁၃၃
ခေတ်သစ်ဦးကျည်ပွေ့၏ လက္ခဏာတော်ကို ပူဇော်ခြင်း
[အောင်-LL,B] ၁၆၉
လက္ခဏာပဟေဠိ အဖြေညီကြစို့
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၂၁၇

## လမ်းညွှန်ရောင်ခြည်

မှတ်လအိမှတ်လဖအပ် တောင်ထွတ်များပေါ်
ဆံတော်ရှင် ဘုရားဖူးခရီး(၁) [အောင်-LL,B] ၉
သိကြားမင်းနှင့် နတ်အပေါင်းတို့ ဦးခိုက်ရသော
မေတ္တာရှင် ဆရာတော်ကြီးဦးဝိသုဒ္ဓထံသို့
[ဦးကိုကိုကြီး-စစ်ဆေးရေး ကစ(၁၂)တိုးဘို] ၃၃
ကျောက်ဆည်နယ် အရှေ့ခြမ်းမှ ဓာတ်တော်တောင်
လိုက်ဂူနန်းသို့ (၃) [ထက်မင်းကျော်စွာ] ၅၃
မြို့နတ်မောက်မှ ဖူးမဝနိုင်သည့် ရွှေနတ်ကာယ်(၂)
[သန်းသန်းဆင့်-ပျဉ်းမနား] ၁၂၁

## အထူးဆောင်းပါးရောင်ခြည်

မုကျိုရွာ ဘုရားလေးဆူကုန်းတော်နှင့် ကျောက်ဖိုကျောက်မ
လိုက်ဂူ၌ သီတင်းသုံးသွားသူရသေ့ကြီးတစ်ပါး၏
အစွမ်းသတ္တိများ [စံထွန်းသာ] ၁၇
သရက်မြို့ အရှေ့မြောက်စွန်းမှ ဇာလီတောင်
သာသနာ့မြေသို့(၁) [ငြိမ်းသော်တာ] ၄၁
တိမ်မြုပ်နေသော ဂုဏ္ဍာသယ(၁) [နိုင်မင်းညို] ၄၉
ဆရာတော်ကြီး ဦးကောသလ္လနှင့် ဝင်းစိန်တောရ
သာသနာ့မြေ(၂) [နယ်လှည့်စာသမားတစ်ဦး] ၅၇
မော်လမြိုင်နယ်မှ ကွမ်းယင်းအရှင်နှင့်
တောင်ပင်လယ် ဘုရားဖူးခရီးစဉ်(၄) [ဟူကျင်းဇီ] ၈၁
တောလင်းမြို့ အနောက်တောင်ခွင်မှ
နတ်သျှင်တောင် သာသနာစခန်းသို့(၆) [စံထွန်းသာ] ၁၂၉




www.burmeseclassic.com

www.burmeseclassic.com

## ကိုယ်တွေ့ရောင်ခြည်


လောင်မီးကျလျက် နတ်တို့စက် [လွယ်ကောင်းအောင်] ၁၅
လက်ညှိုးပြန်ထွက်သော ဘီလူးရုပ်တုကြီး [ချစ်ဆိုင်] ၂၃၃
တစ္ဆေ မဆွဲအောင် ဒီလိုလုပ် [ကသာသင်းမွှေး] ၂၆၃
ပဌာန်းပွဲလာသည့် ပရလောကသားတစ်ဦး [ဝသုန်သက်လွင်] ၂၆၅
သူ့နေရာနှင့်သူ့ဒေသ(၂) [စိုးလင်းအောင်-မြန်အောင်] ၂၇၀
ထူးတာတွေ့တော့ ပြောချင်ပြချင် [နတ်ဝုက်တာအပြင်၊ နှယ်ဝုက်တာလဲ ရှိပါတယ်] [မောင်ကံ-တံတားရွာ] ၂၈၉


## ကျမ်းစဉ်ရောင်ခြည်


လောကသုံးဆူ ဂမ္ဘီရအစီဠာန်ကျင့်စဉ် [ကဝိသိရောမထီ] ၃၀
ရှေးဆရာကြီးများ၏ ဝိဇ္ဇာဓရ မဟာရွှေထီးဆောင်း ကျင့်စဉ် [မောင်အောင်ကျော်-အိမ်မဲ] ၅၄
အဘယရာဇဂမ္ဘီရအစီဠာန်ကျင့်စဉ် [ဦးခင်မောင်နိုင်] ၂၀၉


## အသိအမြင်ရောင်ခြည်


ကလေးအငိုတိတ်စေတဲ့ မိုးလနတ်သား [ကသာသင်းမွှေး] ၂၃
တြွေးတောင်းယတြာအစီအရင် [ဂါမဏီဇော်-ဝိဇ္ဇာဓရ၊ စစ်ကိုင်း] ၁၀၂
မဟာဘုတ်ချိန်ခွင်နှင့် လက်ဆောင်ယတြာ(၆) [သန်းပညာ] ၁၃၄
ရောဂါဝေဒနာများအတွက် သိဒ္ဓိဝင်ဆေးဖိုးအစီအရင် [မြင့်မြတ်မောင်] ၁၆၃
သက်ဦးသက်နှောင်း လက်ထပ်ကြမည်ဆိုလျှင် [မောင်ရင်ထွေး-မအူပင်] ၁၆၅
မိုးခေါင်ရေရှားဖြစ်ပါက မိုးရွာစေရန် ပြုလုပ်သော အစီအရင် [ဗိုလ်မင်း-မင်းလှ] ၁၈၂
မြွေဆိပ်ပြေစေဖို့ [အညာသား-ကသာမြေ] ၂၄၈


## အမိုးရုပ်ရောင်ခြည်


သတ္တက္ကတ္တဲ့ [တင်လှ-ဆည်မြောင်း၊ ငြိမ်း] ၃၈
ထိရောက်အောင်မြင်စေမည့် ဓာတ်လုံးမီးတက်နည်းများ [အောင်သန့်-ပုသိမ်ကြီး] ၄၆
မျိုးစေ့မမှန် ပင်မသန် ၁၀၃
ကြေးကိုသေစေသော ဝန္တမာမြစ် [ရဲမျိုးသူ-ပောဇိမြိုင်] ၁၄၆
ပြဒါး ဘော် ရွှေ ကြေး (၁) [အောင်သန့်-ပုသိမ်ကြီး] ၁၈၇






ချောက်ကမ်းပါးအစွန်းတွင်
မြတ်ကျလုဆဲဆဲ မြင်ရတာ
အင်းချည်တိုင် မြင်းချည်တိုင်တွေတဲ့... ➡ စာ-၁၂၉

ဇဝ်အိုးထဲမှာ မျှားဝင်ခွဲတယ်
မျှားအုံက မြွေတစ်ကောင် ရစ်ခွေနေသလို
အရစ်ရစ် အထပ်ထပ် ဖြစ်နေတယ်... ➡ စာ-၁၇၈



www.burmeseclassic.com

www.burmeseclassic.com



ပျံတော်မူပါက ရုပ်ကလာပ်ကို
မည်သို့မျှ ဖြုဖြင်ခြင်း မပြုဘဲ
သူ့သဘော သူ ဆောင်ပါစေဟု...
စာ-၂၆

ဘုံပွယ်ထူးတင်ကြာနှစ်ဆင်
နှစ်ဝဉ်မပျက် ပွင့်ထွန်းခဲ့သည်မှာ
ယနေ့ ၁၃၇၇ ခုနှစ်တိုင် (၁၀) နှစ်ရှိပါပြီ...
စာ-၂၀၂




**✱ ဂါထာမန္တန်ရောင်ခြည် ✱**

ထူးခြားသော ရုပ်တုနှင့် အစွမ်းထက် ဂါထာ
[တက္ကသိုလ် အပန်ငယ်] ၁၃၇

တောစခန်းချ ညဥ့်အိပ် (၇)ခေါက်ရွတ်ဂါထာ
[မောင်ဗဟိန်း-အင်းတော်] ၁၅၉

**✱ ဆေးနည်းပေါ်ရောင်ခြည် ✱**

သွားနာပျောက် ဆေးနည်းတစ်နည်း
[ဦးကိုလေး-ထန်းတပင်၊ ဓိးကုန်း] ၅၅

အပူတိုက်အပူလုံးအတွက် [မြေမိုးချစ်-နတ်မောက်] ၁၇၅

ဆီးချိုဆေးမှာ မခက်ပါ
[ဗိုလ်မှူးသောင်းဟန်(ငြိမ်း)၊မော်လမြိုင်] ၁၉၉

**◆ ဆေးဗေဒရောင်ခြည် ◆**

ကျွားမှန်ရင် အားသန်ရမည် [မြဒင်-ခင်းကျိုက်] ၃၇

မိသားစုကျန်းမာရေးအတွက် တန်ဆေးလွန်ဘေး
နှိုင်းနှိုင်းချိန်ချိန် စားသောက်ရမည့် အစားအစာများ(၁)
[ရွှေးတောက်ရွက်နှင့် ကြက်သားအရည်သောက်ဟင်း]
[မင်းချစ်မြေ-ပုသိမ်] ၂၂၃

**✱ ဝိဇ္ဇာမဂ္ဂရောင်ခြည် ✱**

လွမ်းစေတီ [ဦးစိုး-မတ္တရာ] ၂၄၉

အောင်သပြေပန်းတွေနဲ့ လက်ကမ်းလို့ ကြိုသည့်တိုင်
[မျိုးတင့်-ညောင်လေးပင်] ၂၉၁

**✝ ထူးခြားသမိုင်းရောင်ခြည် ✝**

ဖိုးစိန်ကြီးခေါင်းပေါင်းဂမုန်းပင် [ထက်မင်းကျော်စွာ] ၁၆၁

ကြာနှစ်ဆင့် ပန်းတင့်ပြန်ပြီ [ဦးညွှန့်-ပင်းမြို့] ၂၀၁

**✂ ဗဟုသုတရောင်ခြည် ✂**

ဝါးမင်းနှင့်ပတ်သက်၍ အသုံးဝင်ပုံများနှင့် အစွမ်းရှိပုံများ
[ဆရာစိန်-ဝေဒသုတေသီ] ၁၅၈

အလောင်းထမ်းမွေးခြင်းအတွက်
ကိုယ်တွေ့အတွေ့အကြုံ [သင်းသီရိဇန်] ၂၅၆

**✝ ထူးခြားဖြစ်စဉ်ရောင်ခြည် ✝**

သာစည်ရွာမှ ဆေးပစ္စည်းနှင့် ဆေးနည်းအချို့
[ခရီးသွားသုတေသီ] ၁၅၃

မြွေပုံစံ ပျားအုံနိမိတ် [ဟူကျင်းစီ] ၁၇၇

သိဒ္ဓိဝင် အနက်(၉)ပါး ရှာဖွေခြင်းမှသည် (၅)
[ခင်ခင်ဝင်း-မော်ရဝတီ] ၁၉၃

**✱ ကုထုံးရောင်ခြည် ✱**

ဒုလာမြင်းသရိုက် အတွင်းအပြင်လိပ်ခေါင်းရောဂါ သတိပြု
ဆင်ခြင်ဖွယ်ရာများ အပိုင်း(၁) [ဦးမင်းဇင်-ရွှေနဝင်း] ၂၀၄




www.burmeseclassic.com

www.burmeseclassic.com




## ✤ အမျိုးသမီးအလှရောင်ခြည် ✤

အနံ့မပြင်းတဲ့ ခြင်နှင်ဆေး [စောသိင်္ဂလ] ၃၀၄

## ○ သုတေသနရောင်ခြည် ○

ပျားဖုံကို မဖျက်ဆီးရာ [အောင်ဆန်းလင်း-ဘီအေ] ၁၅၁

မဟာဘုတ်ချိန်ခွင်နှင့် ကျေးဇူးရှင်ဆရာတော်ကြီးများ

[ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် ညောင်သုံးပင် ဝိပဿနာ

ဓမ္မရိပ်သာ ဦးစီးပဓာန နာယက ဆရာတော်ကြီး အရှင်သာသန

(မေတ္တာရောင်ခြည်)အား ဂါရဝပြုပူဇော်ခြင်း] [သန်းပညာ] ၁၆၇

စိတ်ဝင်စားဖွယ်ကောင်းသော ထိုးမြလက်မှတ်များ

[ဆရာကြီး ဦးအောင်မြင့်-ဥပဒေဘွဲ့] ၁၉၇

## ○ မြစ်ချောင်းဖြိုးအေးပင်အေးမြစ်ရောင်ခြည် ○

လမ်းဘေးက ထိကရုံးပင် သူ၏စွမ်းအင် သိစေချင်

[ရဲမျိုးသူ-တောင်ဖိမြင်] ၆၂

ဆေးဖက်ဝင် ကွာသရမူလီနွယ်ပင်

[နတ်မောက် လှမြင့်သစ်] ၁၂၇

## ✲ ကျန်းမာရောင်ခြည် ✲

ဆရာကြီးဦးထွန်းသိန်း နှီးမြင့်သော ကျွဲမျှားကာလမူ

ရောဂါကုထုံး [ရတနာဆင်မင်း-တုံရွာ၊ ဆားလင်းကြီး] ၁၄၈

## ✉ ကြည်ညိုခြင်းရောင်ခြည် ✉

ထူးထူးခြားခြားကက်ကင်းဘုရားနှင့် ပရိဘောဂစေတီများ

[နတ်မောက်လှမြင့်သစ်] ၁၈၅

## ✱ အောင်မြေ့ရောင်ခြည် ✱

စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏

အောင်မြေနှင့် ရှိုးပူဇော် ဂါထာတော်များ(၃၂)

[ပထမအသောကစေတီ] [အောင်ရွှေမြတ်-စစ်ကိုင်းတောင်] ၆၅

စပါးတောင်ရှိ သာသနာ့အောင်မြေ ရုံတောင်(၂)

[မောင်မောင်စိုး-ထားဝယ်] ၈၉

## ✧ ဗေဒရောင်ခြည် ✧

၂၀၀၅ ခုနှစ်၊ အောက်တိုဘာလတွင် ထီဆုကြီးများ

ဆွတ်ခူးနိုင်ဖို့ [ထက်မင်းကျော်စွာ] ၁၆၈

အောင်ဘာလေထီ [သမုတ်မျိုးမြင့်-မင်းလှ] ၂၀၇

၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ ထီထိုးလိုက

ရွှေချယ်ပါ ဤဂဏန်း [ဆရာရဲထက်-သုတေသီ] ၃၀၄


သရက်ဖာလီတောင်စေတီအနီးရှိ

တံခွန်တိုင်မှာ

ဇော်ဂျီနှင့် သန်လျက်ကိုင် နတ်ရုပ်တုများကို…

☛ စာ-၄၄



ဓာတ်ဆေက်

တောင်

လိုဏ်ဂူ

၌

ကျောက်ခြသေ့

နှင့်

အောင်မောင်း

ကို

ထူးခြားစွာ

တွေ့ရသည်…

စာ-၅၃ ☛



www.burmeseclassic.com

www.burmeseclassic.com



စွန်းလွန်း
ဆရာတော်ကြီး
၏
ရှေးဘဝကို
ညွှန်းသော
မြတ်စွာဘုရား
နှင့်
ကျေးသားရုပ်တု
ကို...
♦ စာ-၁၁၆



မြောက်ဘက်
မျက်နှာစာ
တွင်
ပုဂ္ဂိုလ်တစ်ဦး
ဒိုးတော်ကျား
နှင့်အတူ
တွေ့ရပုံမှာ ...
♦ စာ-၉၀



လပြည့်
လကွယ်
အခါကြီး
ရက်ကြီး
များ၌
ရောင်ခြည်တော်
ကွန့်မြူးလေ့
ရှိသော
ဓာတ်တော်ပေါက်
ကို...
♦ စာ-၆၂


✣ စိုက်ပျိုးရေးဆောင်းပါး ✣

ရွက်လှပင် မျိုးပွားနည်း [ဦးသန်းစိုး–ချောင်းနက်] ၁၁၇

★ [illegible]ဆောင်းပါး ★

တေးဂုဏ်တင်ပါသည် နက္ခတ္တရောင်ခြည်
[နယ်အသုံး လိုရာသုံး သူ၏ စွမ်းအင်သိစေချင်]
[သခြေ–မင်းလှ] ၁၉၂

✪ အင်းအမဆောင်းပါး ✪

မိုးရွာစေအင်း... [ထက်မြက်မြင့်] ၁၄၅
ဓာတ်ပွင့်လာဘ်ပွင့် လောကီအစီအရင်
ဓာတ်လေးပါးပညာ [ဆရာနေမျိုး–ဘီအေ] ၁၈၁
ရတနာစိုးနတ်တင်က လာဘ်ရွှင်မည် [ဇော်မြင့်–မြင်းခြံ] ၂၂၁

✎ ပုဂ္ဂိုလ်ရေးဆောင်းပါး ✎

ရှပ်ကလာပ်တော်မှ ခြေသည်း ဆံပင်များ ရှည်ထွက်
နေသည့် ပခန်းငယ်ရွှေသာမောင်းဆရာတော်ဦးစန္ဒိမာ.
[ဖင်ညိုငယ်] ၂၅
ဒီပါစမြဲဆရာတော် အရှင်နန္ဒာဘိဝံနှင့်
ကုသိုလ်တော်စေတီနှစ်ဆူ(၄) [ခရီးသည် သုတေသီ] ၉၇
စွန်းလွန်းဆရာတော်ကြီးနှင့် အတိတ်ဘဝက
တူညီနေခဲ့ ဖြစ်ခဲ့သည့် သတိပဋ္ဌာန်ဆရာတော်
ဦးလောကတိဿ၏ ဘဝပုံရိပ်များ(၆)
[ထက်မင်းကျော်စွာ] ၁၁၃

✣ ထူးခြားဆန်းကြယ်ဆောင်းပါး ✣

အမရပူရနယ်တော်ရှင် တောင်သမန်ဘိုးဘိုးကြီး
စောင့်ရှောက်မှုကို ရရှိခဲ့သော လူငယ်လေးတစ်ဦး၏
ဖြစ်ရပ်ဆန်း [ချို–အမရပူရ] ၂၃၁
ရောဝတီမြစ်ထဲ၌ ရေမြုပ်နေသော တုံးထဲမှ
ပြဒါးသေဓာတ်ချောင်းများ ရရှိခြင်း ဖြစ်ရပ်ဆန်း
[နိုင်စိုးဦး–ရေလယ်သောင်ကျေးရွာ] ၂၄၀
ဆရာကြီးဦးစိန်ဆိုင်နှင့် ထူးခြားသောဇိုးကလေး(၂)
[စလင်း ဦးကျော်] ၂၆၆
ဝင့်ကြွေးလား...တံကြွေးလား...ရေစက်လား
[ဦးသူရစိုး–ငါးသိုင်းချောင်း] ၂၇၈




www.burmeseclassic.com

www.burmeseclassic.com


**အမေးအဖြေရောင်ခြည်**

ဖျားစွဲနိမိတ်ကောင်း အတိတ်ယူသော် [ညွန့်ဝင်း-နတ်တလင်း] ၂၆၂

လက်တောက်အကြောပြင်ပညာရှင် သိရှိသူ ပညာဆက် အမွေခံများမှ ဖော်ထုတ်ပေးစေချင် [ဦးစိန်-တိုးချောင်ကြီး] ၂၈၅

**နေ့စဉ်သုံး ဘဝလမ်းညွှန်ရောင်ခြည်**

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအတွက် ခုနှစ်ရက်သားသမီး ဟောစာတမ်း [ဆရာ ရောင်ခြည်] ၁၄၉

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအတွင်း ပုံနှိပ်ရှင်တို့၏ ကံကြမ္မာ [ဟူဂျင်းစီ] ၁၆၀

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအတွက် နေ့ကောင်းရက်သာ ရွေးချယ်ပါ [သုခစုစ်-ကျိုက်လတ်] ၂၀၀

၂၀၁၅ခုနှစ်၊ အောက်တိုဘာလအတွင်း လာဘ်လာဘရွှင်လန်းစေဖို့ [ထက်မင်းကျော်စွာ] ၂၈၈

**မြန်မာ့ရိုးရာပညာရောင်ခြည်**

ဦးပုညတေးထပ်ထဲက လက်ဆန်းဟောနည်းတစ်ခု [မောင်ဇဟိန်း-အင်းတော်] ၁၈၃

**ကျန်းမာရေး ဆေးဝါးရောင်ခြည်**

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအတွက် ကျန်းမာရေးအကြံပေးချက်များ [ဆေးသုတေသီ] ၁၄၄

**ဝိဇ္ဇာဂမရောင်ခြည်**

ကျွန်ုပ်နှင့် ဆရာအရှင် ပုဂ္ဂိုလ်ထူးများ(၂) [အောင်ရွှေမြတ်-စစ်ကိုင်းတောင်] ၁၀၅

**ပရလောကရောင်ခြည်**

ရှာပျက်နိမိတ် [သျှင်မင်း-မင်းကင်း] ၂၂၅

မြို့ပိုင်မင်း အမိန့်နှင့်မှ ထွက်သွားသော သရဲကြီး [ဉာဏကျော်] ၂၄၁

ဗိညာဉ်မှ ကိုယ်ထင်ပြ၍ နှုတ်ဆက်သူ [အေးချမ်းအောင်-ရမည်းသင်း] ၂၄၅

မရထိုက်တဲ့ ငွေမတ်စေ့လေးတစ်စေ့ [စောဝိသွင်-ရန်ကုန်] ၂၇၃

ထနောင်းပင် သမင်ခေါင်းပြတ် [ယုလေး-ဥပဒေ] ၂၈၁




အထူးသဖြင့် ခြေလေးချောင်း သားများ မစားရန် ဖြစ်နိုင်ပါက သက်သတ်လွတ် စားကြရန် မိန့်မှာပါသည်... စာ-၃၃



ရွှေနတ်ကာယ် တောင်တော်မှ စီးကျက် ကျောင်းတော် ဖြစ်သည် ကျောင်းတော်ထဲ တွင်... စာ-၁၂၂




မေ့အိမ် ဝေဟာများ၏ ပျက်စီးအချင်း ခိုက်ပျိုးပါက အိမ်ကျွင်း မိသားစုကို အဟာမဖြစ် စေတတ်သည်... စာ-၁၆၂



www.burmeseclassic.com

www.burmeseclassic.com



မိန်းမဘုရားစေတီမှ ယောက်ျားဘုရားစေတီသို့ အသွားလမ်းစတွင် တွေ့ရသော မိန်းမများ မတက်ရသည့် တားမြစ်ဆိုင်းဘုတ်ငယ်

# မွတ်လအိ မွတ်လအပ်

## တောင်ထွတ်များပေါ် ဆံတော်ရှင် ဘုရားဖူးခရီး (၁)

ဌေးကင်ဖြူ (LL.B)

၁၈၉၉ ခုနှစ်က၊ ဟံသာဝတီ သတင်းစာတိုက်က ထုတ်ဝေခဲ့သော ...ရာဇဝင်နှင့် စေတီတော်သမိုင်း ...ပေါင်းချုပ် (စစ်ကဲတော်မင်း ...အောင်ရွှေနော်)စာအုပ်ကို ကျွန်ုပ် ...တွေ့ရှိရာမှ မွတ်လအိ ဆံတော်ရှင် ...စေတီတော်နှင့် မွတ်လအပ် ဆံတော် ...ရှင် စေတီတော်တို့ကို အထူး စိတ်ဝင် ...စားမိခဲ့ပါသည်။

သုံးလူထွတ်ထား သဗ္ဗညုဗုဒ္ဓမြတ်စွာ ...ဘုရားသည် (၈)ဝါ ရတော်မူပြီးသော ...အခါ သက္ကရာဇ် ၁၁၁ ခုနှစ်၊ ဟေမန္တ ...ဥတုအတွင်း ရာမညတိုင်းနှင့် ယောနက ...တိုင်းတို့ကို ရဟန္တာပေါင်း (၅၀၀)နှင့် ဒေသစာရီ ဖြန့်ချိတော်မူခဲ့ရာ ရာမည တိုင်း သုဝဏ္ဏဘူမိပြည်၏ မြို့တော်သုဓံ (ယခုခေတ် သထုံမြို့)မှာ စံကျောင်း တော်၌ (၇)ရက် စံနေတော်မူရင်း တရားဓမ္မ ဟောကြားတော်မူခဲ့သည်။

ထို့ပြင် ဂဠဂီရိတောင်က တိဿ ကုမာရရသေ့၊ ဇန္ဒဝဂီရိတောင်က သီဟကုမာရရသေ့၊ ကုသိနာရုံတောင် က ရသေ့၊ ဒိုးကမော့ခတွံဂလိုင်တောင် က ဗုဒ္ဓဉာဏရသေ့၊ ဒိုးခလွန်းတောင် က ရသေ့၊ မဲလံတောင်က ရသေ့ ပေါင်း (၆)ပါးသော ရသေ့တို့ကို ဆံတော်မြတ် (၁)ဆူစီ ပေးသနားတော် မူခဲ့သည်။

နောက်တစ်ဖန် **မွတ်လအိတောင် က ကပ္ပရသေ့၊ မွတ်လအပ်တောင်က နာရဒရသေ့၊ ဝါဂရုနယ်လမိုင်း ကေလာသတောင်က ရသေ့၊ ကျိုက္ကမိ တောင်က ရသေ့၊ ကော့ယက္ခဇုတ် သွတ်ကျွန်းက နတ်ဘီလူးညီနောင် နှစ်ယောက်၊ ဒိုးယွန်းတောင်က ရသေ့၊ ဆောင်ခဲတောင်က အလ္လကပ္ပ ရသေ့**တို့ကိုလည်း ဆံတော်(၁)ဆူစီ ပေးသနားတော်မူပြန်သည်။

**မွတ်လအိဘုရား စေတီအကြောင်း ကား၊** မွတ်လအိတောင်သည် မော်လမြိုင်မြို့အထက် ဟောင်တရော် ချောင်းဖျားမှာ ကျိုက်မြို့ရှိ၏။ ဤ

www.burmeseclassic.com

ကျိုက်မြို့ အရှေ့တည့်တည့်ခရီးတာ ပေါင်း တစ်သောင်းနှစ်ထောင်လောက် တောင်ထိပ်၌ မွတ်လအိဘုရားစေတီ ရှိ၏။

မွတ်လအိတောင်တွင် သီတင်းသုံး နေသော ကပ္ပရှင်ရသေ့သည် သက္ကရာဇ် ၁၁၁ ခုနှစ် သုဝဏ္ဏဘူမိ သထုံပြည်ကို ဘုရားရှင် ဒေသစာရီ ကြွရောက်တော်မူသောအခါ ဆံတော် (၁)ဆူ ရရှိထား၏။ မိမိသီတင်းသုံးနေ သော တောင်ထိပ်မှာ အကြီးအကျယ် တင့်တယ်ကောင်းမွန်စွာ ဌာပနာလို သဖြင့် ကျိုက်၊ တောင်ဘို့မြို့ အစိုးရ သော ကလဘုမင်းကို တိုင်ပင်၏။

ထိုအခါ ကျိုက်၊ တောင်ဘို့ အစရှိ သော ဟောင်တရေချောင်းဖျားတစ် လျှောက် တလိုင်းလဝလူမျိုး ရှိသမျှ အပေါ်မှာ ကလဘုမင်း ဩဇာအာဏာ ရှိသည့် မင်းဖြစ်သည့်အတိုင်း ကုသိုလ် ကောင်းမှုအရာလည်း ဝါသနာဆန္ဒ ရှိသည်နှင့်အညီ ရှင်ရသေ့ တိုင်ပင် ချက်အရ ရွှင်လန်းဝမ်းမြောက် သာယာစွာ သဘောတူညီ အာမခံ၏။

သို့ အာမခံပြီးသော် သက္ကရာဇ် ၁၁၄ ခုနှစ် ဟေမန္တဥတု နတ်တော်လ အတွင်း၌ အလှူအတန်း ပွဲလမ်း သဘင် အကြီးအကျယ် ပြုလုပ်ပြီး လျှင် ကပ္ပရှင်ရသေ့၊ ကလဘုမင်းတို့ ကြပ်မတ်၍ မွတ်လအိတောင်ထိပ်တွင် ကျောက်လုံးကျောက်ခဲ၊ အင်္ဂတေ သရွတ်ဖြင့် သုတ်လိမ်းဌာပနာတိုက် လုပ်၏။

ဆံတော်ကို ရွှေကြုတ်နှင့် သွတ်သွင်းဌာပနာ၏။ ဘုရားရှင်၏ ကိုယ်ပွား ရုပ်တုတော်လည်း ဌာပနာ ၏။ ရှင်ရသေ့အရုပ်၊ ကလဘုမင်း အရုပ်၊ ရွှေပန်း၊ ငွေပန်းနှင့် ပူဇော် လျက် ဌာပနာ၏။



◆ မွတ်လအိတောင်ထိပ်ရှိ ဆွမ်းစားကျောင်း

◆ တောင်မှန်ထောင်နားတွင် ဆေးလျှော်၊ မျက်နှာသစ်၊ ရေချိုးရေကြောင်များ



ရွှေငွေကျောက်သံ ပတ္တမြားလည်း ဌာပနာကြကုန်၏။ သို့ ဌာပနာပြီးကာ ဖိနပ်တော်ဆယ်တောင်၊ ဉာဏ်တော် တစ်ဆယ့်ငါးတောင်၊ ကျောက်စေတီ တည်လုပ်ကိုးကွယ်ကြ၏။

တောင်ထိပ်ပြင်အကျယ် အရှေ့ အနောက် အတောင်လေးဆယ်၊ တောင်နှင့်မြောက် နှစ်ဆယ့်ငါးတောင် ရှိ၏။

ဘုရားစေတီဘွဲ့တော်ကား မွန် ဘာသာ **ကျိုက်မွတ်လအိ** ခေါ်သည်။ မြန်မာဘာသာ **အမြဲထင်ပေါ်သော** ဘုရားဆို၏။ တောင်အမြင့်မှာ ပေ ပေါင်း (၆၀၀၀)ခြောက်ထောင်ရှိ၏။ ၁၂၂၇ ခုနှစ်၊ နယ်ခြားမင်းကြီးပြဒါး ချိန်၍ သိရ၏။

ဤမွတ်လအိတောင်၏ တောင် ဘက်ခရီးအဖြောင့် မြန်မာသုံးတိုင် အကွာ၌ နတ်ဘီလူးတောင် "**ထွီဖမိ ဓိုင်၊ ခွေးအိပ်တောင်**"တို့ ရံလျက် ရှိ၏။ အရှေ့စူးစူးအရပ်က ခရီး အဖြောင့် (၈)မိုင်၊ မြန်မာလေးတိုင်ကွာ မွတ်လအပ်တောင်ကြီးရှိ၏။


**မွတ်လအိတောင်**၌ အထူးအဆန်း တို့ကို လူအများသိရန် ပြပြီးအံ့။ အထူးအဆန်းကား **သစ်ခွပန်း**

www.burmeseclassic.com



◆ ကင်းမွှန်းစခန်းတောင်ကုန်းမှ သတိပေးစာ

◆ ကင်းမွှန်းစခန်းမှ သတိပေးဆိုင်းဘုတ်



အလွန်တရာ အထူးအဆန်း ရှုချင့်စဖွယ်၊ ဆင်ယင်စဖွယ် နန်းသုံးနန်းထိုက်များစွာရှိ၏။

တစ်ပင်နှင့်တစ်ပင် တစ်မိုက်လက်လေးသစ်ခြား ပေါက်ရောက်လျက် **ဝါးမင်းပင်**တို့လည်း များစွာရှိ၏။

တစ်ဆစ်နှင့် တစ်ဆစ် သုံးသစ်ခြား၊ လေးသစ်ခြား တစ်ဆစ်တွင် အခက်ငယ်ငယ် အရွက်သေးသေး တစ်ခက်သာရှိ၏။ ထိုဝါးပင်မျိုး မည်သည့်အရပ်ဒေသမှာမှ ရှိမည်မထင်။ ယင်းပြင် **ဂမုန်းမျိုး၊ ဆေးပင်မျိုး**သိ၍ ရှာဖွေလျှင် များစွာရရန် အကြောင်းရှိ၏။

ဤမွတ်လအိတောင်မှ အနောက်မြောက်ဘက် တောင်တန်းတောင်ရိုးသို့ လျှောက်ဆင်းသွားသော ခရီးမြန်မာတိုင် လေးတိုင်ခန့်အတွင်း တခြားအပင် မရောမစွက် **လက်ဖက်ပင်** များစွာရှိ၏။

**ရေတ်သီးမိုးမျှော်** အငယ်မျိုး ရေတ်ပင် လုံးပတ် ခြောက်တောင်၊ ငါးတောင်၊ လေးတောင် များစွာရှိ၏။

**နွယ်လောင်ပင်၊ မြွေမင်းပင်** ကျောက်ပေါ်တက်လျှင် ကျောက်ကွဲ၊ သစ်ပင်တက်လျှင် သစ်ပင်လဲသော **နွယ်ဆေးပင်**တို့လည်း အများရှိ၏။ အလိုရှိသော ဆရာများ သွားကြလေကောန်အမှန်ရ၏။

**မွတ်လအစ်စေတီ ဘုရားတောင်သည်** မွတ်လအိတောင်ဘုရားစေတီ၏ အရှေ့တည့်တည့် အဖြောင့်အားဖြင့် မြန်မာတိုင်လေးတိုင် အဆင်းအတက် အကောက်အားဖြင့် သွားသော် တစ်ဆယ့်တစ်တိုင်ခန့် ကွာ၏။

ထိုတောင်ကို ယိုးဒယားရှမ်းတို့က ပိုင်၏။ ယင်းမွတ်လအပ်တောင်၌ သီတင်းသုံးနေသော နာရဒရှင်ရသေ့သည် သုဝဏ္ဏဘူမိသထုံပြည် မြတ်စွာဘုရားရှင် အထံတော်မှ သက္ကရာဇ် ၁၁၁ ခုနှစ်တွင် တခြားသော ရသေ့များကဲ့သို့ မိမိလည်း ဆံတော်(၁)ဆူ ရရှိထား၏။

ထိုသို့ ရရှိထားသည့်အတိုင်း ဆံတော်မြတ်ကို မွတ်လအပ်တောင်ထိပ်အဖျားတွင် ကောင်းမွန်ကြီးကျယ်စွာ ဌာပနာလိုသဖြင့် မဲကလောင်ချောင်းဖျားတစ်ခွင် အစိုးရသော ရှမ်းမင်းမောင်ဝဏ္ဏကို ပြောဆိုတိုင်ပင်ရာ ယင်း ရှမ်းမင်းမောင်ဝဏ္ဏက နာရဒရှင်ရသေ့စကားအတိုင်း သဘောတူညီ၍ ရှမ်းတိုင်းရင်းသား ငယ်သားအပေါင်းတို့အား ဆင့်ဆိုနှိုးဆော်ခေါ်ငင်ပြီးလျှင် သက္ကရာဇ် ၁၁၄ ခုနှစ်၊ ပြာသိုလအတွင်း အလှူအတန်း ပွဲလမ်းသဘင်တို့နှင့် မွတ်လအပ်တောင်ထိပ်သို့ တက်ရောက်ကြ၏။

ထိုသို့တက်ရောက်ပြီးသော် ဌာပနာတိုက်မှာ မွတ်လအိဌာပနာတိုက်ကဲ့သို့ ကျောက်လုံးကျောက်ပြားစီ၍ အင်္ဂတေသရွတ် မွမ်းမံလုပ်ကိုင်၏။ ဆံတော်တို့ ရွှေကြုတ်နှင့် ထည့်သွင်းဌာပနာ၏။

www.burmeseclassic.com





◆ မွတ်လအီတောင် မျှော်ကုန်ကြီးများအနီးရှိ ရေချိုးကန်

မွတ်လအီတောင်တက်ကားလမ်းအစ

တောင်ပိုင်းဘိုကိုး နတ်စင်အနီးမှ ဆိုင်းဘုတ် ◆

ဘုရားရှင် ကိုယ်ပွားဆင်းတုတော်နှင့် ရှင်ရသေ့အရုပ်၊ ရှမ်းမင်းမောင်ဝဏ္ဏအရုပ်တို့လည်း ရွှေပန်း ငွေပန်းကိုင်ငင်ပူဇော်ကန်တော့ဟန်ပြုလျက် ဌာပနာ၏။ ပြီးလျှင် ဖိနပ်တော် ဆယ်တောင်၊ ဉာဏ်တော် တစ်ဆယ့်ငါးတောင် ကျောက်စေတီတည်လုပ် ကိုးကွယ်ကြကုန်၏။

တောင်ထိပ်ပြင်ကျယ်မှာ အရှေ့အနောက် သုံးဆယ့်ငါးတောင်၊ တောင်မြောက် သုံးဆယ့်ငါးတောင်ကျယ်၏။ ဘုရားစေတီတွဲတော်မှာ "**ကျိုက်မွတ်လအပ်**"ခေါ်၏။

မြန်မာဘာသာဖြင့် **အလွန်ထင်ပေါ်သောဘုရား**ဆို၏။ ဤ မွတ်လအပ်တောင်အမြင့်မှာ ပေ(၆၅၀၀) ခြောက်ထောင့်ငါးရာ မြင့်၏။ ၁၂၂၇ ခုနှစ် တပေါင်းလအတွင်း နယ်ခြားမင်းကြီးပြဒါးချိန်၍ သိရ၏။ ယင်းတောင်မှာ အထူးအဆန်းရေးပြရန် မရှိဖြစ်၏။

## ဘုရားဖူးခရီးစဉ် ကြိုတင်စီစဉ်

ကျွန်ုပ်သည် မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့မှ ရဟန်းသံဃာတော်အချို့၊ ရသေ့အချို့၊ သီလရှင်အချို့၊ ဂန္ဓာရီဝိဇ္ဇာလမ်း လိုက်စားအားထုတ်သူ လူပုဂ္ဂိုလ်အချို့တို့နှင့် ဆုံဖူးခဲ့ပါသည်။

ထိုစဉ် မွန်ပြည်နယ်၊ မုဒုံမြို့မှ ကြာအင်းဆိပ်ကြီး (ကရင်ပြည်နယ်)သို့ သွားပြီး ထိုမှ ကျိုက်ဒုံသို့သွားကာ မွတ်လအီတောင်ထိပ် ဘုရားသို့ ခြေကျင်ခရီးဖြင့် အသွားအပြန် တစ်ပတ်ခန့်ကြာအောင် ဘုရားသွားဖူးခဲ့ရကြောင်း၊ တပေါင်းလတွင် ဘုရားဖူးသွားသူပိုများကြောင်း စုံစမ်းသိရှိခဲ့ရသည်၊ နယ်မြေအေးချမ်းမှု မရှိသဖြင့် ကျွန်ုပ် မသွား မရောက်ဖြစ်ခဲ့ပေ။

သို့ရာတွင် ၂၀၁၅ ခုနှစ်အတွင်း ဇန်နဝါရီ၊ ဖေဖော်ဝါရီလတို့မှာ ကျွန်ုပ်ထံသို့ လက္ခဏာဗေဒင် လာမေးကြသော မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့မှ ပရိသတ်အချို့က မွတ်လအီတောင်ထိပ်သို့ မော်တော်ကားလမ်း ဖောက်လုပ်ထားပြီးဖြစ်ကြောင်း ပြောပြသည်။

သို့ဖြင့်၍ သက်သက်သာသာဖြင့် မွတ်လအီ ဆံတော်ရှင်ဘုရားကို သွားရောက်ဖူးနိုင်ပြီဖြစ်ကြောင်း၊ နယ်မြေလည်း ယခုလတ်တလော အေးချမ်းနေပြီဖြစ်ကြောင်း သတင်းစကားပါးကြသည်။

ကျွန်ုပ်လည်း ဝမ်းသာအားရဖြင့် ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ မိကရင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဆရာတော် ဦးဝဏ္ဏိတထံ ဖုန်းဆက်၍ မွတ်လအီဆံတော်ရှင် ရွှေဟောင်းဘုရားကို သွားရောက်ဖူးမြော်လိုသဖြင့် ခရီးစဉ်ဖြစ်မြောက်အောင် စုံစမ်းစီစဉ်ပေးပါရန် လျှောက်ထား အကူအညီ တောင်းခဲ့သည်။

(၂၆-၄-၂၀၁၅) ညနေပိုင်းတွင် ဆရာတော်ထံမှ တယ်လီဖုန်းဆက်လာသည်။

'ဒကာကြီး ဦးအောင်ဝေ မနက်ဖြန် (၂၇-၄-၂၀၁၅)မိကရင်ရွာကို အရောက်လာခဲ့ပါ။ (၂၈-၄-၂၀၁၅) မနက်ပိုင်း မြဝတီမြို့ကို 'ပရိဘောဂကားတစ်စီး ငှါးပြီးသွားမယ်။



www.burmeseclassic.com

www.burmeseclassic.com






▲ မှတ်လအိတောင် ဘိုဘိုကျောက် (ကျောက်လုံးကြီး)

◄ မှတ်လအိတောင်တက်ကားလမ်းအစ တောင်ပိုင်ဘိုဘို နတ်စင်

▼ ကင်မှုန့်ဝန်းရှိ ရေကန်ငယ်




ဆရာတော်နဲ့အတူ မိကရင်ရွာက ရှာခံ ကပ္ပိယကျောင်းသား မောင်ကျော်လှ လိုက်မယ်၊

မြဝတီမြို့ရောက်ရင် တောရတိုက်ကျောင်းရဲ့တိုက်အုပ် ဦးပဥ္စင်းဦးသောဘိတ တစ်ပါးလဲ မှတ်လအိတောင်ကို လိုက်လိမ့်မယ်၊ ဖုန်းဆက်ထားပြီးပြီ။ တောရကျောင်းတိုက်အုပ် ဦးပဥ္စင်းက မှတ်လအိတောင်ကို ငယ်စဉ်က ရောက်ဖူးတယ်။

သုဇာတိက မှတ်လအိတောင်အသွားလမ်းနဲ့ မနီးမဝေးက တောအုပ်ထရွာပဲ၊ မြဝတီမြို့က တနို့ထဆိုတဲ့ရွာကို ကားတစ်ဆင့် ငှားစီးရမယ်။ မှတ်လအိတောင်ခြေနဲ့ အနီးဆုံးရွာပဲ။

အဲဒီရွာကနေတစ်ဆင့် မှတ်လအိတောင်ပေါ်တက်တဲ့ကားကို ပြောင်းစီးရမယ်လို့ သိရတယ်'

ဤနှစ်လည်း ဆရာတော် အစီအစဉ်အတိုင်း လက်ခံကြောင်း ကတိပေးလိုက်သည်။

(၂၆-၄-၂၀၁၅) ညပိုင်းတွင် မှတ်လအိဘုရားဖူး ခရီးစဉ်အတွက် အဝတ်အစား၊ အသုံးအဆောင်၊ ဆေးဝါး စသည်ဖြင့် လိုအပ်သည်များကို ကျောပိုးအိတ်၊ ခရီးဆောင်အိတ်တို့ဖြင့် ထည့်သွင်းပြင်ဆင်ခြင်း၊ မှတ်စုစာအုပ်၊ ဘောလ်ပင်၊ ကင်မရာ၊ ဓာတ်ခဲ စသည်တို့ပါ မကျန်အောင် ထည့်သွင်းပြင်ဆင်ခြင်းများ ပြုရသည်။

ရန်ကုန်မြို့မှ ကရင်ပြည်နယ်၊ မိကရင်ကျေးရွာအထိ ကိုယ်ပိုင်ကားဖြင့်သွားရန် ကားကို(၂၇-၄-၂၀၁၅)တွင် ဆီဖြည့်ခြင်း အောက်ပိုင်းစစ်ဆေးပြုပြင်ခြင်းများ လုပ်ခဲ့ရသည်။

(၂၇-၄-၂၀၁၅) နံနက်ပိုင်း (၁၀) နာရီခန့်တွင် နဂ္ဂတ္တရောင်ခြည် မဂ္ဂဇင်းတိုက်သို့ တယ်လီဖုန်းဆက်၍ အယ်ဒီတာချုပ် ဦးကျော်မိုးသိန်းအား မှတ်လအိတောင် ဘုရားဖူးခရီးသို့ လိုက်ပါလိုက ယနေ့သွားမည်ဟု အကြောင်းကြားရာ မဂ္ဂဇင်းအလုပ်တာဝန် များပြားနေသဖြင့် မလိုက်နိုင်သေးကြောင်း အဖြေပေးခဲ့သည်။

ဤမှတ်လအိ ဘုရားဖူးခရီးစဉ်အတွင်း ဆောင်းပါးကောင်းများရ



www.burmeseclassic.com

www.burmeseclassic.com

အောင် ပြည့်ပြည့်စုံစုံ မှတ်သား စုဆောင်းခဲ့ရန် ညွှန်ကြားချက်ပေး လိုက်သည်။

(၂၇-၄-၂၀၁၅) မွန်းလွဲ(၁၂)နာရီ ခွဲကျော်ခန့်တွင် ရန်ကုန်မြို့မှ မော်တော် ကားဖြင့် ခရီးစထွက်ရာ ဘားအံမြို့ မိကရင်ကျေးရွာသို့ ညနေ(၆)နာရီခန့် ရောက်ရှိသည်။

ကျွန်ုပ် တည်းခိုညအိပ်ရာ အိမ်သို့ မိကရင်ဆရာတော် အလည်လာပြီး မနက်ဖြန်မနက် မင်္ဂလာဆောင်အလှူ တရားပွဲရှိ၍ ထိုအလှူတရားပွဲပြီးသည် နှင့် ဒရိုင်ဘာ အောင်မင်းဦး မောင်းနှင် သော ပရိုဘောက်ကားဖြင့် မြဝတီသို့ သွားမည်ဖြစ်ကြောင်း...

မြဝတီတောရကျောင်းတွင် တနို့ ထရွာသို့သွားရန် မော်တော်ကား တစ်စီး အဆင်သင့် ငှားထားပြီး ကြောင်း၊ တနို့ထရွာမှ မွတ်လအိဘုရား တောင်ထိပ်သို့ တက်ရန်လည်း တောင် တက်ကားတစ်စီး အဆင်သင့် ချိတ်ဆက် ငှားထားပြီးကြောင်း ခရီး စဉ်ကို ရှင်းပြသည်။

ဆရာတော် ပြန်သွားပြီး မကြာမီ ကျွန်ုပ်လည်း အိပ်ရာဝင်ခဲ့သည်။ (၂၈-၄-၂၀၁၅)ရက်နေ့ နံနက်စော စော (၆)နာရီခန့်တွင် ကျွန်ုပ် ရန်ကုန်မှ စီးလာသော မော်တော်ကားကို ရန်ကုန် ပြန်လွှတ်လိုက်၏။

နံနက်(၇)နာရီခန့်တွင် မိကရင် တောင်ခြေရှိ **ရန်အောင်ချမ်းသာဆန္ဒ ပြည့်စေတီတော်**တွင် ဖူးမြော်ပူဇော် ကာ မွတ်လအိဆံတော်ရှင် ဘုရားဖူး ခရီးမှာ ဘေးဥပဒ် အန္တရာယ်ကင်းစွာ အဆင်ပြေ အောင်မြင်စေဖို့ ဆုတောင်း ခဲ့ပါသည်။

(၂၈-၄-၂၀၁၅) နံနက်(၇)နာရီ (၄၅)မိနစ်တွင် မိကရင် ဆရာတော်၊



◆ မွတ်လအိတောင်ထိပ်ရှိ မိုးမခဘုရားစေတီတော်ကို အနီးကပ်မှမြင်ရပုံ

◆ မြို့ကြီးနယ်ဆရာတော်၏ တည်ဆဲ့ ရဟန်း၊ ရသေ့၊ ဘော၊ ဘောမများ

အလှူငွေဖြင့် ဆောက်လုပ်နေသော မွတ်လအိတောင်ဘုရားဖူးများ

တည်းခိုညအိပ်ရန် မွော်ရုံကြီး၏ ရှုမျှော်ခင်း



ကပ္ပိယကျောင်းသား မောင်ကျော်လှ နှင့် ကျွန်ုပ် စုစုပေါင်း(၃)ဦး ပရိုဘောက် ကားဖြင့် မိကရင်ကျေးရွာမှ စတင် ထွက်ခွာကြပါသည်။

နံနက် (၈)နာရီ (၄၀)မိနစ်တွင် ဘားအံမြို့ထိပ်သို့ ရောက်ရှိသည်။ (၉) နာရီတွင် အိန္ဒူရွာလမ်းဆုံသို့ ရောက် သည်။ လမ်းညွှန်ဆိုင်းဘုတ်တွင် **"အိန္ဒူ→ကော့ကရိတ် = (၄၃)မိုင်"** ဟု ရေးထားပါသည်။

(၉)နာရီ(၂၀)မိနစ်တွင် ကော့ကဒါ ရွာသို့ရောက်ပြီး ကားရေဆေးခြင်း ကားဘီးရေဆေးခြင်း၊ အပေါ့အပါ သွားခြင်းများ ပြုကြသည်။ ထိုနေရာ မှာ အတက်အဆင်းကားများ ခေတ္တ ရပ်နားကြောင်း တွေ့ရသည်။ (၉)နာ (၃၀)မိနစ် ပြန်ထွက်ကြသည်။

ရှေ့လဆက်ဖတ်ပါရန်

**အောင်စ (*LL.B*)**



www.burmeseclassic.com

www.burmeseclassic.com

# လောင်မီးကျလျှက် နှုတ်စိုစက်



ကျွန်ုပ် တည်းခိုဆောင်ကို ပြန်ရောက်တော့ ကျိုက်ထီးရိုးဘုရားမှာ ဆုံခဲ့သည့် ချမ်းတော်(၃)ပါးက အရင်ရောက်နှင့်နေသည်။

မအိပ်မီ အပြန်အလှန် စကားစမြည် ပြောကြရင်းက စိတ်ကူးယဉ်တွေထက် ဆန်းကြယ်သော ဖြစ်ရပ်မှန် ဇာတ်လမ်းများကို ကြားသိရတော့သည်။

မီဒီယာခေတ် မတိုင်မီက ဖြစ်ရပ်များသည် မှတ်တမ်းတင်ခွင့် မရလိုက်ပါက လူမသိ သူမသိ ပျောက်ကွယ်ကုန်တော့သည်။

အေးစွန်ပါမှ ရှေးမီနောက်မီ ခေါ်ရလောက်သော **မနောစိတ္တုပါဒ်ဂိုဏ်း ဆရာအဆင့်ရှိသူ ဦးကောသလ္လမှ** ပြောပြသော ဇာတ်လမ်းလေးများကို ပြန်လည် တင်ပြလိုပါသည်။

'အရှင်ဘုရား တပည့်တော် (၁၃)နှစ်သားလောက်က အဖြစ်အပျက်ကို ပြောပြချင်တယ်။ အခု တပည့်တော်(၇၀)ဆိုတော့ လွန်ခဲ့တဲ့ **နှစ်(၅၀)ကျော်လောက်**ကပေါ့။ ပဲခူးတိုင်းဒေသကြီးထဲက ရွာလေးတစ်ရွာမှာ ဖြစ်ခဲ့တာ။

တပည့်တော်နဲ့ ဆွေမျိုးစပ်ရင်လဲ သုံးဝမ်းကွဲလောက်တော့ တော်ပါတယ်ဘုရား။ ဒါယိကာမကြီးကတော့ မရှိလောက်တော့ဘူး။ သူ့သမီးတော့ ရှိဦးလေား မသိဘူး။

အဲဒီခေတ်က ပဲခူးနယ်မှာ ဆေးရွက်ကြီး၊ ပဲတို့ကို အဓိက စိုက်ကြချိန်ပေါ့။ သူတို့ကလဲ ဆေးနဲ့ပဲကို အကြီးအကျယ်စိုက်ကြတယ်။ ရေမိုးက အဆင်ပြေ၊ ဈေးက ကောင်းဆိုတော့ တော်တော်လေး အဆင်ပြေ ငွေကြေး တော်တော် စုမိဆောင်းမိသွားတာပေါ့။

တောသူတောင်သား ဆိုတာကတော့ ငွေကြေးလေး လက်ထဲစုမိရင် အလှူပေးမယ်။ အိမ်ကောင်းကောင်း ဆောက်ကြမယ်ပေါ့။ သူတို့လဲ အိမ်ကို ပြင်ဆောက်ကြတယ်။

အဲ... ဘာစိတ်ကူးပေါက်သလဲ၊ ဘယ်သူကပဲ မြှောက်ပေးလိုက်သလဲ မသိပါဘူး။ **အိမ်ကိုရိုးရိုး မဆောက်ကြဘဲ ဘုံအဆင့်ဆင့်နဲ့ကိုဆောက်လိုက်ကြတာ အိမ်နဲ့မတူဘဲ ကျောင်းနဲ့တူသွားတယ်ပေါ့ ဘုရား။**

ဆောက်ပြီး မကြာပါဘူး ညဦးပိုင်း (၇)နာရီလောက်မှာပေါ့။ အိမ်နီးချင်း အမျိုးသမီးတစ်ယောက်က အိမ်ခေါင်မိုးကို လက်ညှိုးထိုးပြီးတော့ အော်ပြောတယ်။

အိမ်ခေါင်မိုး ဘုံအဆင့်ဆင့်တွေကို ပိုးစုန်းကြူးလောက်ရှိတဲ့ မီးအလင်းတန်းလေးဟာ ပတ်ပြီးတော့ပြေးနေတယ်။ သူအော်တာနဲ့ ဘေးလူတွေပါ သိပြီးတော့ အံ့သြစွာ ငေးကြည့်နေကြတယ်။ မီးတောက်ပုံစံမျိုး ပြောင်းလာတယ်။

ဒါနဲ့ အိမ်ရှင်လဲ အိမ်ထဲပြေးဝင်ပြီး အရေးပါတဲ့ မီးခံသေတ္တာကို ဆွဲပြီးတော့ အိမ်ပြင်ထွက်လိုက်တယ်။

အဲဒီ မီးအလင်းတန်းဟာ အဲလိုပတ်ပြေးနေရင်းက မကြာလိုက်ပါဘူး။ အိမ်ကြီးတစ်လုံးလုံး ပြိုအိဆင်းကျသွားတယ်။

မီးလောင်သလို မီးမကျွမ်းဘူး။ ဒါပေမယ့် လက်နဲ့ထိကြည့်တော့ ကြေမွသွားတယ်။ ဘာတစ်ခုမှကို အကောင်းမရလိုက်ဘူး'

'မီးခံသေတ္တာထဲက ငွေတွေကတော့ ကောင်းရောပေါ့'

ကျွန်တော်၏ အမေးစကားကို...

'အေးဗျာ ကမန်းကတန်း ဖွင့်ကြည့်တော့ မီးတော့ မတောက်ဘူး။ ကိုင်ကြည့်ရင်တော့ ကြေမွကုန်တယ်'

'ထူးဆန်းတယ်နော်'

ထိုဖြစ်ရပ်မျိုးကို စာရေးသူတော့ မကြားဘူးပါ။ စာရေးသူဆိုတာကိုယ်တိုင် အတွေ့အကြုံဆိုတာ တွေ့ဖို့ရာ ခက်ခဲပါသည်။ သူတစ်ပါး အတွေ့အကြုံများကိုပင် ပြန်လည် မျှဝေပေးရခြင်း ဖြစ်ပါသည်။

မှားသည်၊ မှန်သည်၊ ယုတ္တိရှိသည်၊ မရှိသည်ဆိုတာကတော့ စာဖတ်သူတို့ ဉာဏ်နှင့် ချင့်ချိန်ကြမည့်အရာ ဖြစ်ပါသည်။

**လောကမှာ မဖြစ်သေးတာသာ ရှိပါသည်။ မဖြစ်နိုင်တာ မရှိဘူး ဆိုတာကတော့ သတိပြုသင့်ပါသည်။**

လွယ်ကောင်းအောင်

**စာရှုသူ... သုတေသီနှင့် ပညာရှင်များ ခင်ဗျား...**

ဤဆောင်းပါးပါ ဖြစ်ရပ်မျိုး ဤလောကကြီးထဲတွင် ဖြစ်ခဲ့ပါကြောင်း ယခင်က ကြားသိဖူးပါသည်။ သို့ဖြစ်၍ သိရှိနားလည်သူ ပုဂ္ဂိုလ်များမှ ဖြစ်ရပ်မှန်များ ရေးသားပေးပို့ကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်...

ဦးကျော်မိုးသိန်း

စာတည်းချုပ်

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

# ထာဝစဉ်ကျန်းမာပြီး ရင်တွင်းလန်းချင်ရင် အင်ကြင်းပန်း သွေးတိုးကျဆေးကိုသောက်ပါ

အမှတ်တံဆိပ်




မှတ်ပုံတင် ၁၁၁၈ (ပိုင်) ၀၁၂၄၇၇ လိုင်စင် ၁၁၇၈ (ကိုး)

"ကိုမင်းကျော်ပါလား . . . . မတွေ့တာကြာပြီ"
"ဆရာကိုယဉ်တင့်နဲ့ ဆရာကိုဇော်ရဲနိုင်တို့ကို . . စိတ်ထဲကတွေ့ချင်နေတာနဲ့ တိုက်တိုက်ဆိုင်ဆိုင်လာတွေ့တာ . . . ကံကောင်းတာပဲဗျို့"
"ကျွန်တော်တို့ဘာအကူပေးရမလဲပြောပါဦး"
"တခြားတော့မဟုတ်ပါဘူး . . . . ဆရာတို့က တိုင်းရင်းဆေးသုတေသီတွေဆို တော့ . . . သွေးတိုးရောဂါခံစားနေရတဲ့ ကျွန်တော့်ကို သွေးတိုးကျဆေးကောင်း တစ်လက် . . . ဆေးလမ်းညွှန်ပေးဖို့ပါ"
"ကိုမင်းကျော်သွေးတိုးက . . . ဘယ်အဆင့်မှာရှိနေပြီလဲ"
"အပေါ်သွေးအောက်သွေး ၁၆၀ နဲ့ ၉၀ ရှိတယ် . . . နိုင်ငံတကာဆေးတွေသောက်တာ . . . တက်လိုက်ကျလိုက်နဲ့ သံသရာလည်နေတာပဲ . . . "
"မပေါ့နဲ့ကိုမင်းကျော် . . . သွေးတိုးကျဆေးကောင်းကောင်းသောက်ဖို့လိုအပ်နေပြီ . . .
"ဒါဆို . . . ကျွန်တော်ဘယ်ဆေးသောက်ရင်ကောင်းမှာလဲဆိုတာ လမ်းညွှန်ပေးပါဦး"
ကိုမင်းကျော်ပြောသလိုတိုက်တိုက်ဆိုင်ဆိုင်ပဲ. . . အခုလဲ ကျွန်တော့်မိတ်ဆွေ . . . တိုင်ရင်းဆေးဆရာမ ဒေါ်ဝင်းဝင်းဇော် ထုတ်လုပ်တဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးပါ လာတယ် . . . ဆရာမဒေါ်ဝင်းဝင်းဇော် . . . က သမားတော်ကြီးတွေဆီမှာ နှစ်ပေါင်းများ စွာနည်းနာခံယူပြီး၊ ဆေးကုသက် (၁၅) နှစ်အတွင်း . . . သွေးတိုးရောဂါရှင်ပေါင်းများစွာကိုကုသအောင်မြင်ခဲ့တဲ့ဆေးဖြစ်တဲ့အတွက် . . . သွေးတိုးရောဂါရှင်တွေရဲ့ တောင်းဆိုချက်အရ ထုတ်လုပ်လိုက်တဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ် သွေးတိုးကျဆေးပဲ"
"ဆရာတို့ကိုတွေ့ချင်နေတာနဲ့တွေ့လိုက်ရလို့ကံကောင်းသလို . . . ကျွန်တော်ခံစားနေရတဲ့ သွေးတိုးရောဂါအတွက် ဆေးလည်းပါလာတယ်ဆိုတော့ . . . ကံကောင်းပြီးရင် . . . ကံကောင်းတာပဲဗျို့"
" ဒါနဲ့တစ်ခုလောက်မေးမယ် . . . ခင်ဗျား နိုင်ငံတကာသွေးတိုးကျဆေးတွေစားပြီး . . . အစားအသောက် အနေအထိုင် ဆင်ခြင်ရဲ့လား"
" ရှောင်ကြဉ်ရမယ့်အစားအစာနဲ့စားသောက်ရမယ့်အစားစာတွေခွဲခြားမသိလို့. . . အသိမိတ်ဆွေ တစ်ယောက်ကစားချင်တာစား . . . ဒီဆေးဆောင်ထားဆိုတာနဲ့ သူပြောတဲ့ဆေးက . . . "
" ကျွန်တော်ပြောမယ်ကိုမင်းကျော် ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့သမုဋ္ဌာန်တရား (၄) ပါးကို၊ လွန်, ယုတ်, လွဲမှားပြုဖန်များရင် . . . မဖြစ်သေးတဲ့ရောဂါတွေဖြစ်လာပြီး . . . ဖြစ်နေတဲ့ ရောဂါလဲ သံသရာလည်နေမှာပဲ . . . အုန်းနို့ခေါက်ဆွဲနဲ့ ဒံပေါက်ထမင်းစားပြီးဆေးစားလဲ . . . ရောဂါမတိုးချင်သာနေမယ် . . . သက်သာပျောက်ကင်းမှာ မဟုတ်ဘူး . . . အပ်နဲ့ ထွင်းရမယ့်နေရာမှာ ပုဆိန်နဲ့ထွင်းရမယ့်ကိန်းဆိုက်လိမ့်မယ် ...
" ဟုတ်ပါတယ်ဆရာ ကျန်းမာရေး အသိနဲ့ကျန်းမာရေးသတိမရှိလို့သွေးတိုးရောဂါထဲမှာသံသရာလည်နေတာ ပါ "
" ပြောနေတာနဲ့လိုရာ မရောက်ဘူးခုပါလာတဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးကို တစ်နေ့ (၂) ကြိမ်သောက်ရင် . . . အပေါ်သွေးအောက်သွေး ၁၂၀ နဲ့ ၈၀ ကြားမှာ ရှိစေတဲ့မြန်မာဆေးစွမ်းကောင်းတစ်လက်ပဲ . . . အဲဒီဆေးကသွေးတိုးရောဂါကြောင့် ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်း၊ အိပ်မပျော်စားမဝင်ခြင်း၊ ဇက်ကြောတက်၊ နောက်ကြောတက်ခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ မူးဝေခြင်း၊ ခြေဖျားအေးခြင်း၊ ဆီးဝါ, ဆီးနည်းခြင်း၊ ဆီး၊ ဝမ်း၊ လေချုပ်ခြင်းတို့ကိုသက်သာပျောက်ကင်းစေပြီး၊ သွေးတိုးကိုပုံမှန်ဖြစ်အောင်ထိန်းပေးနိုင်တဲ့ ဆေးကောင်းတစ်လက်ပဲ . . . ရွေးချယ်မှုမှန်ကန်ဖို့တော့လိုတယ် ကိုမင်းကျော် . . . သွေးတိုးရောဂါကို ပုံမှန်ထိန်းပေးနိုင်တဲ့ဆေးဖြစ်လို့ . . . နှစ်ထပ်ရှိမှမှတ်မိမယ်ဆိုရင် . . . ထပ်ပြောလိုက်မယ် . . . **ထာဝစဉ်ကျန်းမာပြီးရင်တွင်းလန်းချင်ရင် . . အင်ကြင်းပန်း အမှတ်တံဆိပ်သွေးတိုးကျဆေးကိုသောက်ပါ။ . . . . .** "


မင်းရင်း 'ဝင်း' ဆေးတိုက်
ဖုန်း – ၀၁ ၅၉၀၅၇၈

ဖြန့်ချိရေး – အောင်သိဒ္ဓိဆေးဆိုင်
[illegible]



www.burmeseclassic.com

www.burmeseclassic.com



▲ ကျောက်မဂ္ဂုပ်စေတီ

စံလွင်ဦးသာ

# မုကျီရွာ ဘုရားလေးဆူကျောက်ဆောင်

## နှင့် ကျောက်ဖိုကျောက်မလိုက်ဂူ၌ သီတင်းသုံးသွားသူ ရသေ့ကြီးတစ်ပါး၏ အစွမ်းသိဒ္ဓိများ

ပေါင်မြို့နယ်၊ မုကျီကျေးရွာ ောင်ခုလတ်ရှိ ရှေးကမ္ဘည်း စာတမ်း လေ့လာမှတ်တမ်းပြုပြီးနောက် ဆင်းလာရာ မရောက်သည်မှာ ပြီဖြစ်သော **ကျောက်ဖိုကျောက်မ ဘုရားလေးဆူ ကျောက်ဆောင်** လမ်းသင့်သဖြင့် "သွားရောက် ဖြစ်သည်။

မုကျီတိုက်ကျောင်း၏ အရှေ့ဘက် (၂၀၀၀)ခန့်အကွာတွင်ရှိ၍ ညီညာ ဖြောင့်ဖြူးသော လမ်းက ကား,ဆိုင် ယ်များ သွားလာနိုင်သည့် အကျယ် ဝန်း ရှိသည်။

သာသနာပြုအဖွဲ့ တစ်ဖွဲ့က ရှင်း င်း ထိန်းသိမ်း၍ ဝိပဿနာတရား ရိပ်သာတစ်ဆောင် ပေါ်ပေါက်ဖြစ် တည်စေရန် ကြိုးပမ်းအားထုတ်နေ ကြောင်း သိရသဖြင့် သာသနာတော် အတွက် ဝမ်းမြောက် သာဓုခေါ်ရပါ သည်။

ကျောက်ဖိုကျောက်မ ဟွင်ရသည် ကား အနောက်ဘက်တွင် ကျောက် ဆောင်ကြီးတစ်ခု ထီးတည်းတည်ရှိ ကာ လူတစ်ကိုယ်စာ လမ်းငယ်တစ်ခု ခြားသော အရှေ့ဘက်တွင် ကျောက် ဆောင်နှစ်ခု ယှဉ်တွဲတည်ရှိသည်။

**ထီးတည်ရှိသော ကျောက်ဆောင်ကို ကျောက်ဖိုနှစ်ခု ယှဉ်တွဲနေသော ကျောက်ဆောင်ကို ကျောက်မဟု ခေါ် တွင်ကြခြင်းဖြစ်သည်။**

တရုတ်ဝေလေ့အရ တစ်ခုတည်း ထီးတည်းရှိသော **ယန်း**(Yàng) **(အဖို ဓာတ်)**နှင့် **ယင်း**(Yǐn)**(အမဓာတ်)**တို့ ယှဉ်တွဲနေသော "**ထိုက်ကျိ**" ရုပ်ပုံ ဖြစ်သည်။ ဆန့်ကျင်ဘက်နှစ်ခု ဒွန်တွဲ ကာ လွန်ဆွဲနေကြသော၊ မညီမျှသော ညီမျှခြင်းပုံရိပ် ဖြစ်လေသည်။

ကျောက်ဖိုထက်တွင် စေတီငယ် တစ်ဆူနှင့် ကျောက်မထက်တွင် စေတီ သုံးဆူ ပူဇော်ထားလေရာ ဘုရားလေး ဆူ ကျောက်ဆောင်ဟုလည်း ခေါ်တွင် ကြသည်။


လောကီ၊ လောကုတ္တရာ မျက်နှာစာ အသီးသီးတွင် နှောင့်နှေးကြန့်ကြာမှု များ၊ အခက်အခဲ အတားအဆီး ကိစ္စ ပြဿနာများ ရင်ဆိုင်ရပါက ဤဘုရား





www.burmeseclassic.com

www.burmeseclassic.com



ကျောက်မ ကျောက်ဆောင်ထက်မှ စေတီသုံးဆူ

လေးဆူကုန်းတော်၌ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်ပြု ခြင်းဖြင့် သုခအဖြာဖြာ ပြည့်ဝကြသည်ဟု ယုံကြည်ကြသည်။

## ထူးခြားသော လူအချို့

ဘုရားလေးဆူကုန်းတော်တွင် အခါကြီးရက်ကြီး လပြည့်လကွယ်ညများ၌ လာရောက်ဖူးမြော်၍ တရားဘာဝနာ ပွားများပါက ထူးခြားသော လူအချို့ကို တွေ့မြင်ရတတ်သည် ဆို၏။

ကျား,မလူကြီးငယ် စုံလင်၍ ဝတ်စားဆင်ယင်မှုမှာ သာမန်လူများထက် ထူးခြားမှုမရှိသော်လည်း မျက်နှာသွင်ပြင်မှာ တစ်ကြိမ်တစ်ခါမှ မတွေ့မမြင်ဘူးသည့် လူစိမ်းများဖြစ်ကြသည်။

စကားပြောဆိုခြင်း၊ ထိုင်းမှိုင်းငေးမောနေခြင်းများ မရှိဘဲ ဘုရားဝတ်ပြုခြင်း၊ စကြံလျှောက်၍ ပုတီးစိပ်ခြင်း၊ ရင်ပြင်နှင့် ကုန်းတော် သန့်ရှင်းခြင်း စသည်တို့ဖြင့်သာ မြင်ရလေ့ရှိသည်။

ကုန်းတော်တွင် ညအိပ်၍ နံနက်အရုဏ်တက်ချိန်၌ ဆွမ်းကပ်ခြင်း၊ ပန်းကပ်ခြင်းပြုသည့်အခါ တစ်စုံတစ်ယောက်က ကပ်လှူထားနှင့်သည်ကိုသာ တွေ့ရ၏။ ဆွမ်းဦးပန်းဦး ကပ်လှူနိုင်ခြင်းမရှိဟု သိရသည်။

ပန်း၊ ရေချမ်းကပ်ခြင်း၊ ရင်ပြင်ဝန်းကျင် တံမြက်လှည်း သန့်ရှင်း စသည်တို့အတွက် ပုံမှန် တာဝန်ယူ ကုသိုလ်ပြုသူမရှိသော်လည်း ဘုရားပန်းများ အစဉ်အမြဲ လန်းဆန်း၍ ရင်ပြင်ဝန်းကျင် သန့်ရှင်းနေတတ်သည် ဆိုလေသည်။

ဤသို့ ထူးထူးခြားခြားဖြစ်စဉ်များ ကြားသိရသဖြင့် ရှင်တော်ဗုဒ္ဓအား ရည်မှန်းကာ ပဌာန်းနှင့် ဂုဏ်တော်ကို တွဲဖက် ပူဇော်ကာ ဘာဝနာကုသိုလ် ပွားများသောအခါ ပစ္စည်းဂုဏ်တော် တစ်ပါးချင်း၏ အနက်အဓိပ္ပာယ်ကို ရှင်းလင်း သိသာစွာ နှလုံးသွင်းနိုင်ကာ (သမာဓိတူထောင်နိုင်ခြင်း) ထိုင်းမှိုင်းလေးလံခြင်း၊ ပျံ့လွင့်ခြင်းမရှိဘဲ အချိန်ခဏ္ဍသာဟု ထင်မှတ်ရလျက် ကမ္မဋ္ဌာန်းသိမ်းနိုင်ခဲ့သည်။

အစောင့်အရှောက်ကာရက စွမ်းအင် ပြည့်ဝသောဌာန ဖြစ်သည်ဟု ယူဆဖွယ်ရှိကာ မြင်အပ်မမြင်အပ်သူ အပေါင်းသို့ ကျွန်ုပ်ပြုပြီးသမျှ ကုသိုလ် အဖို့ဘာဂကို ဝေမျှပေးခဲ့၏။

## ဖူးတွေ့ရစဉ်

ကျွန်ုပ်တို့ ရောက်ရှိသွားချိန်မှာ ညနေလေးနာရီခွဲခန့် ရှိပြီဖြစ်၍ ကျနေရောင်ပြန်ဟပ်ခြင်းနှင့် အုပ်ဆိုင်းနေသော သစ်ကိုင်းသစ်ခက်များကြောင့် ကျောက်ဖိုထက်စေတီကို ဓာတ်ပုံရိုက်ကူးခွင့် မရခဲ့ပါ။

ကျောက်မ ကျောက်ဆောင်ထက် စေတီသုံးဆူကိုမူ မှတ်တမ်းပြု ပူဇော်နိုင်ခဲ့ပါသည်။ နှစ်ခုကွဲနေသော ကျောက်ဆောင်ထိပ်အား တံတားပေါင်းကူးထားသဖြင့် သုံးဆူစလုံးအား အဆင်ပြေစွာ ဝတ်ပြုပူဇော်နိုင်လေသည်။

စေတီများအား ဖူးမြော်ပြီးနောက် ကျောက်ဆောက်ထက်မှ ဝန်းကျင်ရှုခင်းကို ဆီးမိုး၍ ရှုစားနိုင်ပါသည်။ အရှေ့ယွန်းယွန်းတွင် ကျောက်မဏ္ဍာပ်စေတီ ကိန်းဝပ်တော်မူသည်။ ထီးထီးမားမား တည်ရှိသော ကျောက်ဆောင်မြင့်အထက်၌ စေတီတည်ထားခြင်းဖြစ်သည်။

သုဝဏ္ဏဘုမ္မိ နေပြည်တော် ကောင်းစားစဉ်အခါက ပြည့်ရှင်ဘုရင် ကြွရောက် ယာယီတဲနန်းဖြင့် စံမြန်း တရားဘာဝနာပွားများခြင်း ပြုလေ့ရှိသော ဥပုသ်ဆောင်တော်နေရာ ဖြစ်သည်ဆို၏။

လွန်ခဲ့သော နှစ်ပေါင်း(၂၅၀၀)ခန့်က ဤနေရာသည် ပင်လယ်တွင်း ထိုးထွက်နေသော မုတ္တမတောင်တန်း၏ အငူအစွယ်ဖြစ်ကာ ကမ်းခြေ(ကျောက်တောင်အခြေ) ဝန်းကျင်တွင် ရေပျော်နဂါးတို့ မြူးထူး ဆော့ကစားလေ့ရှိကြောင်း မွန်ဓာတုစေတီသမိုင်းပေမူများတွင် လေ့လာခဲ့ရသည်။

အနောက်တောင် ယွန်းယွန်းတွင်





www.burmeseclassic.com

www.burmeseclassic.com

တား နဂါးတို့ဌာနေ သပြေပြင်ကျွန်းကို လှမ်းမြင်ရသည်။ ယခုအခါ လယ်မြေများ ဝန်းရံနေသည့် **"ကော့ကရင်"** ရွာအဖြစ် မြင်တွေ့ရသည်။ (**ကော့**= ကျွန်း **ကရင်**=သပြေပြင်ဟု အဓိပ္ပာယ်ရသော မွန်ဝေါဟာရအတိုင်း ရွာအမည် တည်တံ့ကျန်ရစ်ခြင်း ဖြစ်သည်။)

သပြေပြင်ကျွန်းမှ နဂါးမများသည် ယခု ဖင်းကျိုက်တောင်ခြေမှသည် နွားလပို့တောင်ခြေအထိ ကမ်းစပ်၌ ကျင်လည်ကျက်စားကာ ဝိဇ္ဇာဓိုရ်များနှင့် မြူးထူးပျော်ပါး၍ နဂါးဥများ ချထားခဲ့ကြောင်း ဖင်းကျိုက်ဘုရားသမိုင်း၊ ကျိုက်ထီးရိုးဘုရားသမိုင်း၊ နွားလပို့ဆံတော်ရှင် ဘုရားသမိုင်းများတွင် ဖော်ပြထားကြလေသည်။

သထုံပြည့်ရှင် တိဿဓမ္မ သီဟရာဇာမင်းကြီး ကြင်ယာတော် မိဖုရားခေါင်နာဂသူဇာ၊ မိဖုရားရွှေနန်းကျင်၊ အသက်(၁၀)နှစ်အရွယ်တွင် ကျောက်ရောဂါဖြင့် ကွယ်လွန်ခဲ့သည့် ညီတော်သီဟကုမ္မာ (နောင်တစ်ဘဝတွင် ဂဝမ္ပတိရဟန္တာဖြစ်လာသူ) စသူတို့သည် နဂါးဥဖွားများအနက် ထင်ရှားသူများ ဖြစ်ကြလေသည်။

## ရသေ့ဂူ

ဘုရားလေးဆူ ထံတော်ပါးတွင် တရားဆရာညွှန်ပြသော ပဋ္ဌာန်းဂုဏ်တော်ကွန်ချာ ပူဇော်နည်းဖြင့် ဘာဝနာ ပွားသိုလ်ပြုပြီးနောက် ကျောက်ဆောင်အခြေသို့ ဆင်းသက်ခဲ့ရာ အနောက်ဘက်ယွန်းယွန်း မနီးမဝေး တစ်နေရာ၌ ကျောက်လိုဏ်ဂူတစ်ခု တွေ့ရသည်။

ကျောက်ဆောင်ကြီးတစ်ခု (၄၅) ဒီဂရီစောင်း၍ ဆီးမိုးထားကာ ကျောက်တုံးကြီးတစ်ခုဆီးခံထားသော သဘာဝကျောက်လိုဏ်ဂူဖြစ်သည်။



◆ အလှယွန်းယွန်းအဝေးမှ ကျောက်မျှော် ကျောက်ဆောင်

◆ တောင်ယွန်းမှ သပြေပြင်ကျွန်းကို ရှေးရှုနေမြင်ရပုံ



အလျားအနံ ပေ(၂၀)စီမျှ ကျယ်ဝန်းသည်။ သောက်ရေအိုးနှင့် ဖျာအဟောင်းများကို စနစ်တကျ သိမ်းဆည်းထားသည်ကို တွေ့ရသည်။ ထင်းခွေ၊ မျှစ်ချိုးသူမှတစ်ပါး လူသူအရောက်အပေါက်နည်းပါးလှသဖြင့် တောရိပ်ခိုကာ တရားဘာဝနာပွားသူများ မကြာခဏ လာရောက်ကြကြောင်း သိရသည်။

ဤလိုဏ်ဂူတွင် အင်္ဂလိပ်အစိုးရခေတ်ကာလက ဦးအောင်ရှိန်အမည်ရှိ ရသေ့ကြီးတစ်ဦး ကာလအတန်ကြာအောင် နေထိုင်ကျင့်ကြံခဲ့သဖြင့် **"ရသေ့ဂူ"**ဟု ခေါ်တွင်ကြသည် ဆို၏။

ရသေ့ဂူအတွင်း၌ ပူသောရာသီတွင် အေးမြ၍ အေးသောရာသီတွင် နွေးထွေးမှုရှိကြောင်း ဦးအောင်ဘုက ပြောပြသည်။

ထိုစဉ်က တောနက်ရာ နေရာဖြစ်၍ ကျား၊ မြွေ၊ ချေ၊ ဆတ် တောတိရစ္ဆာန်အစုံ ကျက်စားကြလေရာ ဤလိုဏ်ဂူအနီးတွင်မူ တစ်ကောင်နှင့် တစ်ကောင် ရန်ပြုတိုက်ခိုက်ခြင်း မရှိဘဲ ကျားနှင့်ချေ၊ မြွေနှင့်ဖားတို့ အေးချမ်းစွာ ယှဉ်တွဲနေထိုင်ကြသည်ကို မြင်ရလေ့ရှိကြောင်း ဘိုးဘွားများ ပြောပြခဲ့သည် ဆို၏။

လိုဏ်ဂူတွင်း အတန်ကြာအောင် နားနေစဉ် ပုရွက်၊ ခြ၊ ခါချဉ်၊ မှက်၊ ခြင်၊ ယင် စသည့်တို့ ပိုးမွှား အနှောင့်အယှက် တစ်စုံတစ်ရာ မတွေ့ကြုံရ



www.burmeseclassic.com

www.burmeseclassic.com



◆ ကျောက်လိုဏ်ဂူ



◆ ကျောက်လိုဏ်ဂူ အပြင်ဘက်မြင်ကွင်း

ပေ။

ဤတောင်တန်း၏ အချို့နေရာ (ဥပမာ ဖင်းကျိုက်ဘုရားတောင်တက်လမ်း)များ မှန့်ထည့်ထားသော ကြွပ်ကြွပ်အိတ်ခွံကို ချထားပါက မိနစ်ပိုင်းအတွင်း ပုရွက်ဆိတ်များ အုံခဲလာသည်ကို တွေ့နိုင်လေသည်။ ထို့ကြောင့် ဤရသေ့ဂူမှာ အနှောင့်အယှက်ကင်းသော အေးချမ်းသည့်နေရာဟု ဆိုဖွယ်ရှိ၏။

## လိုဏ်ဂူဥပမာ

ဤလိုဏ်ဂူသို့ လွန်ခဲ့သော နှစ်သုံးဆယ်ခန့်က ပထမဆုံးအကြိမ်အဖြစ် ရောက်ရှိစဉ် လိုက်ပို့ပေးသည့် ဆန်တိုက်ရွာသား ကျောင်းအုပ်ဆရာကြီး ဦးစောထွန်းအေးက ဤသို့ဆိုခဲ့၏။

'ဒီလိုဏ်ဂူမှာ အရိယာဝိဇ္ဇာလို့ခေါ်တဲ့ သစ္စာလေးပါးကို သိမြင်အောင် ကြိုးစားခဲ့သူတွေ ရှိခဲ့သလို အသက်တာကို ဆွဲဆန့်ပြီး သိဒ္ဓိ မဟိဒ္ဓိ ပြည့်စုံအောင် ကြိုးစားသူတွေလဲ ရှိခဲ့တယ်။ ဒါပေမယ့် တကယ်သေချာတဲ့ နည်းလမ်းကို အရှင်နာဂသိန် ဟောခဲ့တယ်။

မိုးကြီးရွာတဲ့အချိန်မှ ဒီလိုလိုဏ်ဂူထဲ ဝင်ခိုနေတဲ့ ယောက်ျားဟာ မိုးမစိုဘူး။ ဒီလို မိုးမစိုတာဟာ အဲဒီယောက်ျားက ရွှံ့လို့ လား မဟုတ်ဘူး။ လိုဏ်ဂူရဲ့ လုံခြုံမှုကြောင့် မစိုတာပါ။

ဒီလိုပဲ မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းတဲ့သူဟာ သူ့ဆီကို မီးတောက်ဖြစ်စေ၊ အဆိပ် အတောက်ဖြစ်စေ၊ ဓား၊ လက်နက်ဖြစ်စေ ဘာမှ မထိခိုက်စေနိုင်ဘူး။

မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းခြင်းကြောင့် ရတဲ့ ဂုဏ်ကျေးဇူး(၁၁)ပါးဟာ ဘယ်သူမှ မဖျက် ဆီးနိုင်ဘူး။ မကောင်းမကြံနိုင်ဘူးတဲ့။ မေတ္တာ ပွားခြင်းဟာ အားလုံးသော မကောင်းတဲ့ အမှုတွေကို တားဆီးပေးနိုင်ပါတယ်။

လိုဏ်ဂူက ခိုဝင်လာသူ ယောက်ျားကို မိုးရေမစိုအောင် ကာကွယ်ပေးနိုင်သလို မေတ္တာပွားများခြင်းဖြင့် အကျိုးတရား (၁၁)ပါး ရရှိပြည့်စုံပြီး မကောင်းမှုသားရန် အားလုံး ကာကွယ်ပေးနိုင်ကြောင်း မိလိန္ဒမင်းကြီး အရှင်နာဂသိန်က ဥပမာပြု တရားဟော ဆုံးမတော်မူပါတယ်။

ဒါကို ဥပမာထားပြီး မောင်ရင်ဘဝ ရှေ့ မှာ လိုဏ်ဂူလို လုံခြုံတဲ့ ခိုလှုံစရာနေရာ ကောင်းကို ရှာတတ်ပါစေ'

ဟူ၍ ဖြစ်လေသည်။

## ရသေ့ဦးအောင်ရှိန်

လိုဏ်ဂူတွင် နှစ်ကာလအတန် ကြာ အောင် သီတင်းသုံးကျင့်ကြံခဲ့သည် ဆိုသော ရသေ့ဦးအောင်ရှိန်၏ အ ဖြစ်စဉ်ကို စုံစမ်းကြည့်ရာ မွေးရာဌာ မွေးနေ့ရက်စွဲ၊ မိဘမျိုးရိုး ၊ စသည် တစ်စုံတစ်ရာမျှ မသိရှိရပေ။

၁၉၇၀ ပြည့်နှစ်လွန် ကာလများတွ **အသက်(၉၀)ခန့်ရှိသော "ဘိုး ရှံ"** က သူ၏ အတွေ့အကြုံကို ဤ ပြောပြဖူးသည်။

'ရသေ့ ဦးအောင်ရှိန်ဆို ကျောက်ဖိုကျောက်မ လိုဏ်ဂူ အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်တွင်လျှ လုံး နေသွားတယ်။ စားစရာမ



www.burmeseclassic.com

www.burmeseclassic.com

ဒုက္ခရောက်နေသူကို တွေ့ရင် ဆန်တစ်ထုပ်၊ ငွေဒင်္ဂါး(အင်္ဂလိပ်ဘုရင်မပုံ နှင့် ONE ANNA ဟု ပုံနှိပ်ထားသော အင်္ဂလိပ်ခေတ်သုံး မတ်စေ့) နည်းနည်း ပေးသွားတတ်တယ်။

ခေတ်အပျက်မှာ (ဒုတိယကမ္ဘာစစ်ကာလကို ဆိုလို၏။) လူရမ်းကားတစ်စုက ဒီရသေ့ကြီး ပိုက်ဆံအတော်ချမ်းသာမှာပဲလို့ ထင်ပြီး ဓားပြတိုက်ကြတယ်။


လိုဏ်ဂူထဲမှာ ခြေလက်တွေ မလှုပ်နိုင်အောင် ကြိုးတုပ်ပြီး ရှာကြပေမယ့် ငွေတစ်ပြားတစ်ချပ်မှ မတွေ့ကြဘူး။ နောက်ဆုံး မောမောပန်းပန်းနဲ့ ကုန်းတော်အခြေက သောက်ရေအိုးမှာ ရေခပ်သောက်ကြတော့ ရင်ပြင်တော်မှာ စကြံလျှောက်နေတဲ့ ရသေ့ကြီးကို တွေ့ကြရတယ်။

ဘာပြောကောင်းမလဲ တုတ်၊ ဓားတွေတောင် မယူနိုင်ဘဲ ထွက်ပြေးကြတာပေါ့။ ဒါက သူတစ်ပါးပြောတာတွေ ကြားရတာနော်။ ငါကိုယ်တိုင် ကြုံရတာ ရှိသေးတယ်။

ဂျပန်ခေတ် ဗုံးဒဏ်၊ သေနတ်ဒဏ်၊ လူဆိုးဒဏ်တွေ လူးလဲခံရပြီး ဝတ်စရာမရှိ၊ စားစရာမရှိနဲ့ အတော့်ကို ဆင်းရဲတယ်။ အိမ်က အဘွားကြီးလဲ အာဟာရပြတ်ပြီးလဲနေတော့ ကြံရာမရဖြစ်ပြီး ဘန့်ဘွေးကုန်း စမ်းချောင်းမှာ ငါးဖမ်းမိတယ်။

**(မုကျိုကျေးရွာတွင် သားငါးကျေးငှက် တိရစ္ဆာန်မွေးမြူခြင်း၊ သတ်ဖြတ်ခြင်းမပြုကြပါ။ ရှေးပဝေသဏီကာလများမှ ယခုတိုင်အောင် လိုက်နာကြသော ရွာဓလေ့ဖြစ်သည်။**

**ထို့ကြောင့် ဘိုးသာရုံက ရွာနှင့်အနည်းငယ်လှမ်းသော ဘန့်ဘွေး**



ကျောက်ဝံသိ

**ကုန်းရွာ စမ်းချောင်းတွင် တိတ်တဆိတ် ငါးဖမ်း ထွက်ခြင်းဖြစ်သည်။)**

ဆွမ်းခံပြန်ချိန် (နံနက် ၉ နာရီခန့်) မှစ၍ ယက်သဲ့တစ်ခု၊ ပလိုင်းတစ်လုံးဖြင့် ချောင်းတွင်းသို့ ရောက်ခဲ့ရာ နေမွန်းတည့်ချိန်အထိ ငါးတစ်ကောင်မျှ မရပါ။ ငါးရံ့ခေါင်းတိုကလေး တစ်ကောင်မျှပင် မတွေ့ရသဖြင့် စိတ်ပျက်မိသည်။

မကြာမီ ရွှေဘုံသာဘုရားခြေရင်းသို့ ရောက်လာသည်။ ထိုနေရာတွင် ချောင်းမှာ ကွေ့ဝိုက်နေသဖြင့် ရေစီးညင်သာကာ ငါးများ ခိုအောင်းနေတတ်သည်။

သို့ဖြစ်၍ မျှော်လင့်ခြင်းကြီးစွာဖြင့် ရောက်ခဲ့ရာ ချောင်းလယ် ကျောက်ဆောင်ထက်၌ ရသေ့ဦးအောင်ရှိန်ကို တွေ့ရသဖြင့် ပလိုင်းများကို ဖက်ကာ ကျောက်ဆောင်ပေါ် တက်ခဲ့သည်။

တင်ပျဉ်ခွေထိုင်၍ မွန်းတည့်နေကို မမှိတ်မသုန်ကြည့်နေသည့် ရသေ့ကြီးသည် ကသိုဏ်းရှုမှတ်ခြင်း ပြီးဆုံးသွားဟန်ဖြင့် မျက်လွှာချ၍ ကိုယ်အနေအထား ပြုပြင်နေသည်ကို မြင်ရသည်။ ပုဆစ်တုပ်၍ ဝတ်ဖြည့်ကန်တော့သော အခါ ပြုံး၍ မေး၏။

'ငါးမရဘူးလား ဒကာကြီး'

ဦးသာရုံက ထိတ်လန့်စွာဖြင့် မော့ကြည့်မိသည်။

'ဘယ်ရမှာလဲ ငါးသိမ်းထားတာကိုးဟော ဟိုမှာ'

'မန်ကျည်းချုံပဲ တွေ့တယ် ရသေ့ကြီး'

မန်ကျည်းပင်ငုတ်တိုမှ အညွန့်ထွက်၍ ချုံသဖွယ်ရှိနေ၏။

'အေး... လက်တစ်ဆုပ်လောက်ခူးခဲ့ကွာ'

ဦးသာရုံကမ်းပေးသော မန်ကျည်းရွက်များကို ရေပေါ်ဖြန့်ချလိုက်ရာ ရေအိုင်အတွင်း၌ ငါးများ ပွက်လောရိုက်ကာပြည့်နှက်နေသည်ကို တွေ့ရ၏။

'ကဲ... ဒီတစ်ခါ နောက်ဆုံးရှိပါစေ။ နောင် ဘယ်တော့မှ မလုပ်နဲ့တော့'


ရသေ့ကြီးက ခွင့်ပေးသဖြင့် အပြေးဆင်းကာ ပလိုင်းအတွင်းသို့ ငါးများဖမ်းထည့်သည်။ ပလိုင်းပြည့်လုနီးတွင် ကျောက်ဆောင်ထက်သို့ လှမ်းကြည့်သောအခါ ရသေ့ကြီး မရှိတော့ပါ။

ထိုမှနောက်ပိုင်းတွင် ဦးသာရုံသည် ကွယ်လွန်သည်အထိ သက်သတ်လွတ်စားကာ ဥပါသကာတစ်ဦးအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဇော်ဂျီကျောက်ဖျာ

တတ်အားသမျှ ဖြည့်ဆည်းခဲ့ကြောင်း သိရလေသည်။

'ဦးအောင်ဘုကော ရသေ့ကြီး အကြောင်း သိရသလောက် ပြောပြပါဦး'

'ကျွန်တော် မမွေးခင်ကတည်းက ပျောက်သွားတာ ဘာသိမှာတုံး'

'ဘိုးဘွားတွေ လက်ဆင့်ကမ်း ပြောတာ ကြားမိသလောက်ပေါ့'

'အရပ်ရှည်ရှည်၊ မျက်နှာသွယ်သွယ် ယောဂီ ရောင်(လေးညှင်းရောင်)ဝတ်စုံနဲ့ ကြိမ်တောင် ဝှေးတစ်ချောင်း အမြဲ ကိုင်ထားတတ်သတဲ့၊ အဲဒီတောင်ဝှေးက "ကြိမ်ပျံ"လို့ ပြောတာပဲ၊ ဂူယန်တွေပြန်သွားတော့ ရသေ့ကြီးလဲ မရှိ တော့ဘူး၊ ဒါလောက်ပဲ သိပါတယ်'

ရသေ့ကြီး မရှိတော့သကဲ့သို့ လက်ပွန်းတတီးနေခဲ့ဖူးသည့် ဘိုးသာရုံ လည်း အသက်(၉၃)နှစ်တွင် ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။

သို့သော် မုကျိုရွာ ဘုရားလေးဆူ ကုန်းတော်မှ ရသေ့ဂူကား တည်ငြိမ်စွာ ဖြင့် တရားခံမင်သော သူတော်စင် တပည့်သာဝကများအား အစဉ်နွေး ထွေးစွာ ကြိုဆိုနေသည်ဟု ခံစား တွေ့မြင်ရလေသည်။

## ဇော်ဂျီကျောက်ဖျာ

ရသေ့ဂူမှ အရှေ့ယွန်းယွန်း မဝေး လှသောနေရာတွင် ကျောက်တံခါး တစ်ခုရှိ၍ လူတစ်ကိုယ် ချောင်ချောင်ချိစွာ ဝင်ရောက်နိုင်သည်။ တစ်ဖက်တွင် ဆင်ခြေလျှော ကျောက်ဖျာကြီးတစ်ချပ် ရှိ၍ ကျောက်ဖျာပေါ်၌ အစင်း အကြောင်း အကွက်များ ပြည့်နှက်နေ သည်။ ဇော်ဂျီကျောက်ဖျာဟု ခေါ်ကြ၏။

လွန်ခဲ့သော နှစ်ပေါင်း(၂၅၀၀) ကျော်က နဂါးမများနှင့် ပျော်ပါးကြ သော ဝိဇ္ဇာဇော်ဂျီတို့ အင်းကစားကြ သည့်နေရာဟု ဆိုကြသည်။ အင်း ကွက်၊ အင်းဆန်များကိုမူ ပီပြင် ရှင်း လင်းစွာ မတွေ့ရပေ။

တန်ဆောင်မုန်း လပြည့်ညများတွင် ဤနေရာသို့ လာရောက်ပါက မိမိတို့ ပြုစု ဖြည့်ဆည်းခဲ့သော ဒါန၊ သီလ၊ ဘာဝနာကုသိုလ်အဟုန်အရ တိုက် တန်ရာ လာဘ၊ ဝီယ၊ အာရောဂျ အင်းကွက်များ ရရှိ သုံးဆောင်နိုင်ကြ သည် ဆိုလေသည်။

ဤကျောက်တံခါးကို ငှက်လျှိုး ကျော် ဖြတ်ကာ ကျန်းမာရေးအတွက် ဆု တောင်းပြည့်ဝသည်ဟု ဒေသခံများက ယုံကြည်ကြ၏။

## နိဂုံး

ဘုရားလေးဆူကုန်းတော် ဝန်းကျင် လေ့လာကြည့်ရှုပြီးနောက် ဘုရားရှင် ကိုယ်စားတော် စေတီများအား နှုတ်ဆက်ကန်တော့၍ ပြန်ထွက်ခဲ့ သည်။

ဘုရားလေးဆူကုန်းတော်ကား (၄) ဂဏန်းသင်္ချာ၏ သဘောအရ လေးဖင့် နွဲ့ခြင်း၊ တရုတ်ဂဏိတဗေဒအရ သေဆုံးခြင်း၊ အပြီးတိုင်ခြင်းကို ညွှန်း ဆိုလေရာ ဘုရားရှင်၏ ဘုန်းရိပ်ကို ခိုလှုံကာ ဒါန၊ သီလ၊ ဘာဝနာကုသိုလ် ပြုခြင်းဖြင့် လောကီလောကုတ္တရာ မျက်နှာစာအသီးသီး၌ ကြုံရဖွယ်ရှိ သော အဆိုးတရားများ၊ ကြမ္မာဆိုးများ၊ အနိဋ္ဌာရုံ အပျက်အစီးများတို့ အပြီးတိုင် ပျောက်ပျက်အေးငြိမ်း၍ သုခအဖြာဖြာ ပြည့်စုံရေးကို မျှော်လင့်နိုင်ကြ၏။

ဇော်ဂျီကျောက်ဖျာရှိရာ ကျောက် တံခါးကို ငှက်လျှိုးကျော်ဖြတ်ခြင်းဖြင့် ကိုယ်တွင်းကိုယ်ပရှိ ရောဂါဘယများ ပပျောက်စေသည်ဟူသော ဒေသခံ များ၏ ယုံကြည်ချက်အတိုင်းလည်း အာရောဂျဆုလာဘ်ကို တောင်းယူ ပြည့်ဝနိုင်ကြသည်။

ဌာနကာရကဖလခေါ် တည်မှီရာ နေရာ အထောက်အပံ့ အင်အား ကောင်းမွန်သော ကုန်းတော်ဖြစ်လေ ရာ ပေါင်မြို့နယ်၊ မုကျိုကျေးရွာသို့ ရောက်ပါက လွယ်ကူစွာ စုံစမ်း၍ သွားရောက်ကြည့်ရှု လေ့လာနိုင်ကြ လေသည်။

**စံထွန်းသာ**

www.burmeseclassic.com

www.burmeseclassic.com

# ကလေးအငိုတိတ်စေတဲ့

ဖိုးလနတ်သား

(၂၀-၂-၂၀၁၃)ရက်နေ့က မိုးတားကြီးသို့ရောက်ပြီး ခင်မင်ရင်းနှီးသော ဦးသောင်းညွှန့်အိမ်တွင် စကားပြောနေပါသည်။

မိုးတားကြီးရွာမှ တပည့် မကေသီနိုင်က သူ့မင်္ဂလာဆောင်သို့ ဆရာကြီးလာဖြစ်အောင် လာပါဟု အိမ်အရောက်ဖိတ်ထားခဲ့သဖြင့် သွားခဲ့ရခြင်း ဖြစ်ပါသည်။ ထိုစဉ် မကေသီနိုင်၏အဖေ ဦးညွှန့်ထွေး ရောက်လာပါသည်။

'ဆရာကြီး ရောက်လာပြီကြားလို့ ဆရာကြီးကို ညနေ ထမင်းစားရအောင် လာခေါ်တာ'

ဟု ပြောပါသည်။ ဦးသောင်းညွှန့်၊ ဦးသိန်းနိုင်နှင့် စာရေးသူတို့ စကားဝိုင်းတွင် ဝင်ထိုင်ပါသည်။

'သန်းဇော်ရဲ့ကလေး ဘယ့်နှယ်လဲ၊ အငိုတိတ်သွားပါလား'

ဟု ဦးသောင်းညွှန့်က ဦးညွှန့်ထွေးအား မေးလိုက်ပါသည်။



'ခင်ဗျားပြောတဲ့အတိုင်း လုပ်ပေးလိုက်တာ ဟန်ကျသွားတယ်ဗျာ'

ဟု ဦးညွှန့်ထွေးက ပြန်ပြောပါသည်။ စာရေးသူကလည်း သဘောပေါက် လိုက်သလို နည်းတစ်ခုတော့ ရတော့ မှာပဲဟု တွေးမိပါသည်။

'လုပ်ပါဦးဗျ ဘယ်လို လုပ်လိုက်တာလဲ'


စာရေးသူက ဦးညွှန့်ထွေးအား မေးလိုက်ပါသည်။

'ဒီလိုပါ ဆရာကြီး မခက်ပါဘူး။ ဘူးတောင်းအခွံကို ကျပ်ပြားဝိုင်းလောက်ရအောင်လို့။ ကြက်ခြေခတ်ခတ်၊ ပြီးတော့ ၁.၂.၃.၄ရေး ထုံးစံအတိုင်း ဂုဏ်တော်ကိုပဲရွတ်ရွတ်၊ သရဏဂုံသုံးပါးပဲရွတ်ရွတ်၊ မေတ္တာပဲရွတ်ရွတ်ပေါ့။ ပြီးတော့ ဘူးတောင်းအဝိုင်းကို ထိပ်ကအပ်နဲ့ ထိုးဖောက်ပြီး ရိုက်ချည်ရလဲ ပရိတ်ချည်ပေါ့။ မရှိလဲ ရိုးရိုးအပ်ချည်နဲ့သီပြီး ငိုနေတဲ့ကလေးရဲ့လည်ပင်းမှာ ဆွဲထားပေးလိုက်ရုံပါပဲ။ ကလေးကိုလဲ "ကလေးအငိုတိတ်အောင် အရိပ်အယောင်ပြတယ် ဖိုးလနတ်သား"လို့ ပြောတာပါ။ အမှန်ပြောတာက ကလေးကို မင်းအငိုတိတ်တော့လို့ မပြောတဲ့ စိတ်ပြောင်းသွားအောင်နဲ့ ကလေးကျေနပ်အောင် သီချင်းဆိုပြတဲ့ သဘောပါ'

ဟု ဦးသောင်းညွှန့်က သူ့နည်းကို ရှင်းပြပါသည်။

'သေချာအောင် စာရွက်မှာ ရေးပြစမ်းပါဦး'

ဟု ပြောပြီး စာရွက်နှင့် ဘောလ်ပင်ကို ထုတ်ပေးလိုက်ပါသည်။ ဦးသောင်းညွှန့်က ပုံဆွဲပြပါသည်။




'ဘူးတောင်းခြောက်အခွံရဲ့ အပေါ်ဘက်မှာ ရေးရမှာလား၊ အတွင်းမျက်နှာပြင်မှာ ရေးရမှာလား၊ ဘာနဲ့ရေးရမလဲ'

ဟု စာရေးသူကလည်း ပြည့်စုံအောင် မေးပြန်ပါသည်။

'ဘူးတောင်းခြောက် အတွင်းမျက်နှာပြင်က အဖြူရောင်၊ အတွင်းမျက်နှာပြင်မှာ ခဲတံနဲ့ရေးရေး ဘောလ်ပင်နဲ့ရေးရေး ရပါတယ်။ အပေါ်မျက်နှာပြင်ပေါ်မှာ ခဲတံ ဒါမှမဟုတ် ဘောလ်ပင်နဲ့ရေးရင် လက်နဲ့ ပွတ်မိတော့ ပျက်သွားနိုင်တယ်။

အပေါ်မျက်နှာပြင် အဝါရင့်ပေါ်မှာ သံချွန် ဒါမှမဟုတ် ကညစ်နဲ့ရေးပေါ့။ အဲဒါက,က ရေးထားတဲ့စာလုံး မပျက်သွားဖို့ပါပဲ'

ဟု ဦးသောင်းညွှန့်က သေသေချာချာ ရှင်းပြပါသည်။

'တောမှာတော့ ဘူးတောင်းခြောက် ရှာလို့ ရနိုင်သေးတယ်။ မြို့မှာဆိုရင်. ဘာနဲ့လုပ်မလဲ'

ဟု စာရေးသူက စောဒကတက်ပြန်ပါသည်။

'နို့မှန့်ဘူးမှာပါတဲ့ ခဲပြားဖြစ်ဖြစ်၊ သွပ်ပြား၊ သံပြား၊ ငွေပြားဖြစ်ဖြစ် သံချွန်(ကညစ်)နဲ့ ရေးပြီး ဆရာကြီး စမ်းကြည့်လေ။ လမင်းလေးလို အဝိုင်းလေးဖြစ်အောင်တော့ လုပ်ပေါ့'

ဟု ဦးသောင်းညွှန့်ကပြောရာ စာရေးသူ၏စိတ်ထဲတွင် "ငွေပြားဆိုရင်တော့ စမ်းရသေးတာပေါ့"ဟု တွေးမိပါသည်။

စာဖတ်သူတို့လည်း စမ်းသပ်ကြည့်ကြပါကုန်။

*အားလုံး ရှင်လန်းချမ်းမြေ့ကြပါစေ။*

ကသာ သင်းမွှေး



www.burmeseclassic.com

www.burmeseclassic.com




# ကျားမှန်လျှင် အားသန်ရအောင်
# ပြည်စိုး အမျိုးသားအားဆေးကိုဆောင်

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)

လိုင်စင်-၅/၂၀၁၀/တဆထလ/တိုး(၀၁၄၇၂)

"ကိုမင်းဝေပါလား. . . မရွှင်မလန်းနဲ့ စိတ်ဝင်ပန်းလူပင်ပန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဗျာ. . . စိတ်သွားတိုင်းကိုယ်မပါဘဲ လိုရာဆန္ဒမပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသားအားနည်းနေလို့ ဘယ်ဆေးစားပြီး ဘယ်ဆရာနဲ့တုသရင်ကောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိမှတော့ဆေးရှိပါတယ် ကိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်က. . . ပြည်စိုးအမျိုးသားအားဆေး ထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ပန်းညိုးပန်းသေရောဂါ)၊ သိပ်ခေါင်းရောဂါ၊ လေငန်းလေဖြတ်ရောဂါတွေကို ဦးစားပေးကုသနေတာဗျ. . . ပြည်စိုးဆေးတိုက်ကို လမ်းညွှန်လိုက်မယ် ခင်ဗျား သွားလိုက်ပါလား"

"ခင်ဗျားရဲ့မိတ်ဆွေဆိုတော့ ခင်ဗျားပါမှ ပိုကောင်းတာပေါ့"

"ဒါဆို. . . ပြည်စိုးဆေးတိုက်ကို အခုပဲသွားကြရအောင်'

❀ ❀ ❀ ❀ ❀

"ကိုမင်းမြတ်မောင်ပါလား. . . မလာတာကြာလို့ သတိရနေတာ. . . ဧည့်သည်လဲပါလာတာကိုး၊ ကဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ ကိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါဘဲ အမျိုးသားအားနည်းနေလို့ ဆရာနဲ့ဆွေးနွေးပြီး အမျိုးသားအားဆေးလဲ လာဝယ်တာပါ"

"ကဲ. . . ကိုမင်းဝေ ဒီရောဂါကြောင့်တော့ သိပ်လဲစိုးရိမ်သောကမဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြတာတွေကို နားထောင်ပြီး ခင်ဗျားခံစားနေရတဲ့အချက်တွေနဲ့ တိုက်ညီမှုရှိမရှိသိမှ ပိုကောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်တတ်သူတွေဟာ (၁) မေထုန်မှုလွန်ကဲသူများ၊ (၂) သဘာဝမဟုတ်သောဟတ္ထမေထုန်ပြုသူများ၊ (၃) ကုန်ခန်းသွားသောသုက်ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူများ၊ (၄) အပျော်အပါးလိုက်စားသူများ၊ (၅) မြစ်ခြောက်နာရှိသူများ၊ (၆) သားကြောဖြတ်ထားသူများ၊ (၇) အဆုတ်ရောဂါရှိသူများ၊ (၈) လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေးချိုရောဂါရှိသူများ၊ (၁၀) သိပ်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ၊ ပန်းညိုးပန်းသေရောဂါ ဖြစ်တတ်ကြပါတယ်၊ ပန်းညိုးရောဂါခံစားနေရပြီဆိုရင် (၁) ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း၊ (၂) မောပန်းလွယ်ခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညဦးပိုင်းတွင် အိပ်ပျော်သော်လည်း တရေးနိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သတိမေ့လျော့တတ်ခြင်း စတဲ့လက္ခဏာတွေရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အချက်အလတ်အတော်များများနဲ့ တိုက်ညီနေပါတယ်"

"ဒါဆိုရင် ပြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အကြောပညာ၊ ဆေးပညာနဲ့ ကုသသွားမယ်ဆိုရင် ကိုမင်းဝေ ခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"ပြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"ပြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေစဉ် သုက်လွှတ်ခြင်း၊ သုက်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အကြောအားနည်းပြီး အကြောသန်စွမ်းမှုမရှိခြင်း၊ အမောမလုံခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်း၊ အစဉ်သဖြင့် အားအင်နုံးချည့်သလို ခံစားရခြင်းများကို သက်သာပျောက်ကင်းစေပါတယ်"

ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "ပြည်စိုးအမျိုးသားအားဆေး ဝယ်ယူရရှိနိုင်တဲ့နေရာတွေကတော့...

ဆေးထုတ်လုပ်ပင်ရင်း
အမှတ် (၂၅၁၉/ခ)၊ ဗညားဒလလမ်း၊
(၇၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)

ဆေးဖြန့်ချိရေး - ပြည်စိုး ဆေးကုဌာန
အမှတ် (၁)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်မုခ်
သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့




www.burmeseclassic.com

www.burmeseclassic.com

ရုပ်ကလာပ်တော်မှ ခြေသည်း ဆံပင်များ ရှည်ထွက်နေသည့်
ပခန်းငယ် ရွှေသာမောင်းဆရာတော်

# ဦးဝန္နိမ

စင်ဦးငယ်

## နိဒါန်း

ဆောင်းတစ်နေ့တွင် ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ မင်းကန်ကျေးရွာမှ ဆရာတော်ဟု သမုတ်ခြင်း ခံရသည့် ရွာလယ်ကျောင်းဆရာတော် ပူဇော်ပွဲတွင် ပြည့်စုံစွာ ကူညီပေးခဲ့သူ ဦးတင်မောင်လင်းက မိတ်ဆက် အသိပေးခဲ့ခြင်းဖြစ်သည်။

'ချောက်မြို့မှာ ဦးစီးမှူးတာဝန်နဲ့ နှစ်အတော်ကြာ နေခဲ့ရတယ်။ ရာသီဥတုက ပြင်းထန်သလို တွေ့ကြုံနေရတဲ့ လူတွေထဲမှာ အတ္တဟိတ ရှေ့တန်းတင်ပြီး ဝိသမလောဘကြီးမားသူတွေ တွေ့ခဲ့ရသလို၊ သစ်သီးစားဆရာတော်လို မိမိအကျိုး လုံးဝ မငဲ့ကွက်တဲ့ အများအကျိုး သာသနာ့အကျိုးဆောင်ပုဂ္ဂိုလ်တွေလဲ ကြည်ညိုစရာ ဖူးတွေ့ရတယ်။ ဒီဆရာတော်က ပခန်းငယ် ရွှေသာမောင်းဆရာတော်လို ကြည်ညိုပြီး ဆရာတော်ပူဇော်သလို ပရိတ်ကြီး(၁၁)သုတ်ကို နေ့စဉ်ရွတ်ဖတ် ပူဇော်တော်မူတယ်လို့ သိရပါတယ်'

'ပခန်းငယ်ဆိုတော့ ရေစကြိုမြို့နယ်က ပခန်းကြီးအရှေ့ဘက် နှစ်မိုင်ကွာမှာရှိတဲ့ ရွာလား'

'မဟုတ်ဘူး **ချောက်မြို့နယ်က ပခန်းငယ်။** ဒီလိုဗျာ ချောက်မြို့အရှေ့တောင်ဘက် ကားလမ်းအတိုင်း "မိုလာ"အရောက်မှာ လမ်းခွဲကို တွေ့ရမယ်။ လက်ယာဘက် တောင်ဘက်ကိုသွားရင် ဒုတိယပုဂံလို့ ခေါ်ကြတဲ့ **စလေမြို့ဟောင်း**ရောက်မယ်။ ဆက်သွားရင် ငွေးချိုရွာကို ရောက်တယ်'

'ကျောက်ပန်းတောင်း – ရေနံချောင်း ကားလမ်းပေါ်က ငွေးချိုရွာပေါ့နော်'

'ဟုတ်တယ် ကျောက်ပန်းတောင်း၊ ငွေးချို ရေနံချောင်း၊ ဒေါင်းသေချောင်း ကျော်ပြီး မကွေးရောက်တဲ့ ရောအရှေ့



◆ ရွှေသာမောင်းအရှေ့ကျောင်းဆရာတော် ဦးဝန္နိမ



www.burmeseclassic.com

www.burmeseclassic.com

လမ်းပေါ့။ မိုလာလမ်းခွဲကနေ တောင် ယွန်းယွန်း(၈)မိုင်ကျော်မှာ စလေမြို့ ဟောင်းရှိတယ်။ စလေကနေ အရှေ့ ယွန်းယွန်း(၈)မိုင်ကျော် ဆက်သွားရင် ပခန်းငယ်ကို ရောက်ပါတယ်။

ပခန်းငယ် ရွှေသာမောင်ဆရာတော် ဆိုတာ ပုံတော်မူပြီး နှစ်(၃၀)ကျော်လောက် အကြာ ကျွန်တော် ဖူးတွေ့ရချိန်မှာ ခြေသည်း တွေရှည်ထွက်နေဆဲ၊ ဆံပင်တွေရှည်ထွက် နေဆဲပဲ။ သက်တော်(၉၀)မှာ ပုံတော်မူပေ မယ့် တွေ့ရတဲ့ ဆံပင်တွေက အဖြူရောင် မပာတ်ဘဲ အမည်းတွေဗျာ'

## ဗုဒ္ဓဂုဏ်တော် ပူဇော်ရခြင်းအကျိုး

သို့လျှင် ကြားသိရသော ရွှေသာ မောင်းဆရာတော်၏ ရုပ်ကလာပ်ရှိရာ ပခန်းငယ်ရွာသို့ ချောက်မြို့၊ သစ်သီး စားကျောင်း လက်ရှိဆရာတော် ဦးမာလာ၏ ကူညီမှုဖြင့် ဆိုင်ကယ် ငှားရမ်းကာ သွားရောက်ဖြစ်ခဲ့သည်။

လောကဓမ္မတာ နေရာဒေသတိုင်း ၌ အစွန်းရောက်သူများ ရှိမြဲဖြစ်သော် လည်း မိမိနှင့် ချောက်မြို့မှာ ဓမ္မာ သောက ကြုံရမြဲ ဖြစ်သည်ကို ယခင် ခရီးစဉ်များက ကြုံခဲ့ရသည်။ ဆိုင်ကယ် ငှားရမ်းရာတွင် စနိုးစနောင့် ဖြစ်ရခြင်း ပင်။



◆ ဆရာတော် ဦးဓမ္မဓိမာန်

ယခုအကြိမ်တွင်မူ ချောက်မြို့သို့ ဦးတည် မောင်းနှင်လာသော ကားပေါ် ရောက်သည့်အချိန်မှ စတင်ကာ တရား အသိပေးသည့်ဆရာ ချီးမွမ်းသော ဗုဒ္ဓ ဂုဏ်တော်ပွားများခြင်းနှင့် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို မပြတ် ဆောက်တည်ကာ နတ်ဒေဝတာများအား မေတ္တာပို့ အမျှ ပေးဝေခဲ့သည်။ ခရီးလမ်း အဆင်ပြေ စေရန် ကူညီကြပါဟု မေတ္တာရပ်ခံခဲ့ သည်။

ချောက်မြို့ သစ်သီးစားကျောင်းသို့ ရောက်၍ ကြည်ညိုလေ့လာပြီးနောက် ကျောင်းမှ ပြန်အထွက်တွင် လက်ရှိ ဆရာတော်က သာမဏေကြီးတစ်ပါး ကိုခေါ်၍...

'ဒီဒကာကြီးကို ဆိုင်ကယ်ငှားလို့ရ တဲ့ နေရာအထိ လိုက်ပို့ပေးလိုက်ပါ'

ဟု မိန့်ကြားသည်။ ပခန်းငယ် ရွှေသာမောင်းဆရာတော်အား ဖူးမြော် လိုကြောင်း လျှောက်ထားခဲ့သည်နှင့် ပတ်သက်၍မူ ရွှေသာမောင်းဆရာ တော်နှင့် သေခဲလှစေတီ ဘုရားဖူးများ သည် ကိုယ်ပိုင်ကား၊ အချိန်ပိုင်း ငှားရမ်း သော ကားများဖြင့်သာ သွားကြရ သည်။ ပုံမှန်ပြေးဆွဲသည့် ယာဉ်လိုင်း မရှိပါ။


မိမိမှာလည်း မော်တော်ယာဉ် ကူညီ ပေးရန် အဆင်မပြေသဖြင့် ဆန္ဒ ပြင်းပြ ပါက အဆင်းရဲ(အပင်ပန်းခံကာ)ဆိုင် ကယ်ငှားသွားပါဟု အကြံပေးတော်မူ သည်။





www.burmeseclassic.com

www.burmeseclassic.com



◆ မပုပ်မပျက်သော ရုပ်ကလာပ်

သာမဏေကြီး လိုက်ပို့ပေးသဖြင့် ောင်သက်လွှင် အမည်ရှိ ဆိုင်ကယ် သမားနှင့် တွေ့ဆုံပြောဆိုကြသော ခါ **"သစ်သီးစားကျောင်းမှ စစ ွတ်သဖြင့် ဈေးစကား မဆိုဝံ့ပါ။ င့်သလို ကြည့်ပေးပါ"**ဟု ဆို၏။

အတန်တန် တိုက်တွန်းလေမှ သူ ောင်းဆိုသော ဈေးနှုန်းသည် ယခင် ခဲ့ဖူးသော ဆိုင်ကယ်သမားများ ဆို သာ ဈေးထက် ငါးပုံတစ်ပုံမျှသာ ရှိ သည်။

ဗုဒ္ဓဂုဏ်တော် ပူဇော်ရခြင်းအကျိုး တည်းဟု ဝမ်းမြောက်စွာဖြင့် တရား သိပေးသူ ဆရာ၏ ဂုဏ်ကျေးဇူးကို ပြုရပေသည်။

**ချောက်**မှ **စလေ**အထိ ကတ္တရာ ချောဖြစ်၍ ခရီးတွင်ပါသည်။ နေပူ ပူကြောင့် မျက်ရည်တွေ စီးကျရ ည်အထိ ဖြစ်ရသော်လည်း စလေ မြို့ဟောင်း၏ စေတီပုထိုးများအကြား ခြေကျင်သွားလာနေကြသည့် နိုင်ငံခြား ဧည့်သည်များမှာမူ ဣန္ဒြေရလှသည်ကို တွေ့ရ၏။

စလေမှ ရှင်ပင်စာကြိုဘုရားလှ သွားရာလမ်းအတိုင်း ခရီးဆက်ရသည်။ ရှင်ပင်စာကြိုသို့ လေးမိုင် ပခန်းငယ်သို့ ရှစ်မိုင်ကွာဝေးသည်။ သစ်ပင်ရိပ်မရှိ လမ်းမှာ အတန်ပင် ကြမ်းလှသဖြင့် မိနစ်လေးဆယ်ခန့်ကြာမှ ရွှေသာ မောင်းအရှေ့ကျောင်းတိုက်သို့ ရောက် လေသည်။

## ဖူးမြော်ရစဉ်

အရိယာထူပါစေတီဟု ဘွဲ့မည်ပေး ထားသော ဆရာတော် ဦးစန္ဒိမာ၏ ဗိမာန်မှာ ရွှေသာမောင်းကျောင်းဝင်း အစွန်တွင် သီးခြား အုတ်တိုက်အဖြစ် တည်ရှိသည်။ တိုက်မအထက်စေတီ ငယ်တစ်ဆူ ပူဇော်ထားသည်။


တိုက်အတွင်း အုတ်ပလ္လင်ထက် မှန်ခေါင်းဖြင့် ရုပ်ကလာပ်တော်ကို ပူဇော်ထားရာ ရှည်ထွက်နေသော အနက်ရောင် ဆံပင်အချို့နှင့် ခြေသည်း များကို တွေ့ရသည်။ ရုပ်ကလာပ်မှာ ခြောက်သွေ့၍ အနံ့အသက်များ မရှိ ပါ။ မှန်ခေါင်းအနီးတွင် ဆရာတော်၏ ဓာတ်ပုံနှင့် ထေရုပ္ပတ္တိအကျဉ်းကို တွေ့ ရသည်။

## ထေရုပ္ပတ္တိအကျဉ်း

ချောက်မြို့နယ်၊ ပခန်းငယ်ရွာ၊ ရွှေသာမောင်းအရှေ့ကျောင်း ကျေးဇူး တော်ရှင် ဆရာတော် ဦးစန္ဒိမ မထေရ် မြတ်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းဟု ခေါင်းစဉ်တပ်ကာ...

"ချောက်မြို့နယ်၊ အိုင့်ကြီးရွာနေ ဦးရွှေဘော်+ဒေါ်ပြည့်တို့မှ ၁၂၃၉ ခုနှ

www.burmeseclassic.com





▲ ရှည်မွှက်နေသည့် ခြေသည်း

◀ အနက်ရောင်ထုံးပင်အရှိ

▼ လက်ရှိဆရာတော် ဦးသုဇာတ



ဝါခေါင်လဆန်း (၁၄)ရက်နေ့တွင် ဖွားမြင်သည်။

အသက်(၂၀)အရွယ်တွင် ရဟန်းဖြစ်ပြီးနောက် ရွှေသာမောင်းစေတီ၊ ပြည်လုံးချမ်းသာစေတီ စသည့် အနီးအနားရှိ စေတီများတွင် နေ့ညမပျက် ဗုဒ္ဓဂုဏ်တော်များ ရွတ်ဖတ်ပွားများခြင်း၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ခဲ့သည်။

ပရိတ်ကြီး (၁၁)သုတ်ကိုလည်း နေ့ရောညပါ နေ့စဉ်မပြတ် ရွတ်ဖတ်ပူဇော်ခဲ့သည်။

သည်းခံခွင့်လွှတ်မှုတွင် လွန်စွာ ထူးကဲထင်ရှားသည့် ရုပ်နာမ်နှစ်ပါး သဘာဝတရား၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါးကို အဖန်ဖန်မလပ် ရှုမှတ်ခဲ့သည်။

၁၃၂၉ ခုနှစ်၊ ပြာသိုလဆန်း(၁၁)ရက်နေ့ ဇာတိ အိုင့်ကြီးရွာသို့ ခေတ္တပြန်ကြွခိုက်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

ပြာသိုလပြည့်နေ့တွင် ဆရာတော်


▼ ရွှေသာမောင်းအရှေ့ကျောင်းတိုက်





www.burmeseclassic.com

www.burmeseclassic.com



◆ ထေရုပ္ပတ္တိကျမ်း

၏ ရုပ်ကလာပ်တော်ကို ရွှေသာမောင်း အရှေ့ကျောင်းသို့ စည်ကားသိုက်မြိုက်စွာ ပြန်လည် ပင့်ဆောင်၍ မီးရှို့ခြင်း၊ ရင်ခွဲခြင်း၊ ဆေးထိုးဆေးသွင်းခြင်း၊ မြေမြှုပ်ခြင်း တစ်စုံတစ်ရာ မပြုလုပ်ဘဲ သူ့သဘောသူ ဆောင်စေကာ **အရိယာထူပါစေတီ**တွင် ပူဇော်ထားရှိသည်''

ဟူ၍ ဖော်ပြထားသည်။ ရဟန်းဖြစ်သည့် အချိန်မှ စတင်ကာ ရွှေသာမောင်းအရှေ့ကျောင်းတွင်သာ သီတင်းသုံးခဲ့ကြောင်း သိရ၍ ရဟန်းဖြစ်ချိန် ဥပဇ္ဈာယ်ဆရာ ပဗ္ဗဇ္ဇာနုဂ္ဂဟ ပုဂ္ဂိုလ်များကို မသိရှိရသည့်အပြင် ဆရာတော် ကျင့်ကြံအားထုတ်ပုံ၊ တရားထူး ရရှိပုံနှင့် ဩဝါဒများ တစ်စုံတစ်ရာ မသိရပေ။

ချောက်မြို့၊ ရတနာအိုင့်ရပ်ကွက်ရှိ သစ်သီးစားကျောင်း၏ သန္တိသုခ ကျောင်းတိုက်ဆရာတော် ဦးပဏ္ဍဝ၏ မပုပ်မပျက်သော ရုပ်ကလာပ်တော်အား ကြည်ညိုစဉ် ဆရာတော်၏ ထေရုပ္ပတ္တိ၌ တောရ ဆောက်တည်အားထုတ်ခဲ့သော နေရာအချို့ကို ဖော်ပြထားသည်။

ယင်းတွင် စာကြို၊ စလေ စသည့် အရပ်များ ပါရှိ၏။ ပခန်းငယ်သို့ ကြွရောက်ကြောင်းမူ မပါရှိပါ။ သို့သော်လည်း ဦးပဏ္ဍဝသည် ပခန်းငယ်အပိုင် ခပေါင်းတဲအနောက်ရွာတွင် မွေးဖွား၍ ခပေါင်းတဲရွာဦးကျောင်းတွင် ၁၂၈၅ ခုနှစ်၌ သာမဏေဝတ်သည်။

၁၂၉၂ ခုနှစ်တွင် ရဟန်းဖြစ်သည်ဟု ဖော်ပြပါရှိလေရာ အသက်ဝါကြီးသော ရွှေသာမောင်းဆရာတော်ထံသို့လည်း ကြွရောက်ဖူးမြော်၍ ဩဝါဒ ခံယူခဲ့သည်ဟု ယူဆဖွယ် ရှိပေသည်။

**(သစ်သီးစားကျောင်း၊ ဆရာတော်က ရွှေသာမောင်းဆရာတော်ထက် အသက်(၃၃)နှစ်ငယ်၍ ရွှေသာမောင်းဆရာတော် ပျံတော်မူသည့် ၁၃၂၉ ခုနှစ်တွင် သစ်သီးစားဆရာတော် သက်တော်(၅၇)နှစ် ရှိပြီဖြစ်ကြောင်း သိရသည်။)**

သစ်သီးစားဆရာတော်က တပည့်သံဃာများအား ဩဝါဒပေးရာတွင် **''ဘုန်းကြီးချင်ရင် ပရိတ်ကြီးနေ့ တိုင်းရွတ်''**ဟု မိန့်ကြားတော်မူလေ့ရှိခဲ့သည်။

ဆရာတော်နှစ်ပါးမှာ နေ့စဉ် ပရိတ်ကြီး(၁၁)သုတ် ပူဇော်မှုခြင်း တူသည်နှင့် အမျှ **''ပျံတော်မူပါက ရုပ်ကလာပ်ကို မည်သို့မျှ ပြုပြင်ခြင်း မပြုဘဲ သူ့သဘောသူ ဆောင်ပါစေ''** ဟု ကြိုတင် မိန့်မှာပုံချင်းလည်း တူညီသည်။

**ထို့အပြင် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်များ မပုပ်မပျက် အနံ့ဆိုးမထွက်ဘဲ ခြေသည်း လက်သည်း ဆံပင် မုတ်ဆိတ်များ ဆက်လက် ရှည်ထွက်နေပုံချင်းလည်း တူညီသည်ကို**

 စာမျက်နှာ (၁၁) သို့

www.burmeseclassic.com

www.burmeseclassic.com



◆ လောကနှစ်ဆသော ဘွဲ့အမည်ရှိ ရုပ်ပွားတော်



◆ လောကနှစ်ဆသော ဘွဲ့အမည်ရှိ ရုပ်ပွားတော်



◆ လောကနှစ်ဆသော ဘွဲ့အမည်ရှိ ရုပ်ပွားတော်

# လောက (၃) ဆူ

ဂမ္ဘီရအမိဋ္ဌာန်ကျင့်စဉ်

ကဝိသိရေမာက်

တစ်လောကလုံး၏ မိဘသဖွယ်ဖြစ်တော်မူသော ကျေးဇူးတော်ရှင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ လောက(၃)ပါးကို သိတော်မူသည့် ဂုဏ်ကျေးဇူးတော်ကို အထွတ်အမြတ်ထားပြီး **လောကဖြင့် အစပြုထားသည့် ပညတ်ဘွဲ့တော်ရသည့် ရုပ်ပွားတော်များ၊ စေတီတော်များကို ကိုးကွယ်သမှု ပြုထားခြင်း ဖြစ်လိမ့်မည်ဟု ယုံကြည်မိပါသည်။**

ဤကဲ့သို့ ယုံကြည်မှု သဒ္ဓါတရားကြောင့်လည်း အာစရိယဝါဒအရ လောကနှင့် စသည့် ပညတ်အမည်တော်ရသည့် **ရုပ်ပွားတော်(၃)ဆူ**တွင် ကုသိုလ်စရဏ ပြုခဲ့ပါသည်။

လောကနှင့်လောကီသည် ဆက်နွှယ်သည်။ အဘယ်ကြောင့်နည်း ဆိုရသော် လောက၌ လောကီလူသားများနှင့် ပတ်သက်ဆက်နွှယ်နေသည့် လောကဓံရှစ်ပါးက ရှိနေသောကြောင့် ဖြစ်သည်။

လောကဓံရှစ်ပါးတွင် အကောင်းအဆိုး လောကဓံရှိကြောင်းသော်လည်း အဆိုးလောကဓံဖြင့် ကြုံရပြီဆိုလျှင်ဖြင့် လောကီလူသားတို့အဖို့ တုန်လှုပ်ကုန်ကြရပါသည်။

လောကဓံတရားရှစ်ပါးနှင့် ကြုံဆုံရပြီ ဆိုလျှင်ဖြင့် တုန်လှုပ်ကုန်ကြသည်မှာ အမှန်တရားတစ်ခု ဖြစ်ပါသည်။

ဤတွင် **လာဘ်**ဆိုသည်မှာ လာဘ်ရခြင်း မရှိသောအခါ၊ လာဘ်ပိတ်ခြင်းဖြစ်သောအခါ၊ ငွေကြေးဆိုင်ရာ အခက်အခဲများ ကြုံတွေ့ရသော အခါမျိုးတွင် ပို၍ပင် တုန်လှုပ်ကြပါသည်။ သို့ပါ၍...

လောကီမှာ ပြေလည်အောင် ကောလီချေခြင်း ဂမ္ဘီရကျင့်စဉ်ကို ယုံကြည်မှုအပြည့်အဝဖြင့် ကုသိုလ်စရဏပြုရန်အတွက် အကြံပြုပြောကြားချင်ပါသည်။

ဤတွင်...

**ဂမ္ဘီရသဘောအရကြည့်လျှင်...**

လော က = ၄ ၂

[ဖောက်တွန်ဖွဲ့]

လော ကီ = ၄ ၂

[ကပ်ကင်း]

ကော လီ = ၂ ၄

နည်းစဉ်ကို ပြောပြပါမည်။

လောကီမှာ အဆင်ပြေရန်အတွက် ကောလီဓာတ်ကို ချေရာတွင် **ကောလီ လောကီ**တို့၏ နံသင့်ဂဏန်းကို ကောက်လျှင် “**လောကီ**”သည် (၄–၂)ဖြစ်ပြီး **ကောလီ**သည်လည်း (၂–၄)ဖြစ်ကြောင်း တွေ့ရသည်။ ဤကျင့်စဉ်သည် ဘုရား၊ တရား၊ သံဃာ ရတနာ မြတ်သုံးပါးကို အလေးအမြတ်ပြုပြီး အထွတ်တင် ပူဇော်ခြင်းဖြစ်ရာ



www.burmeseclassic.com

www.burmeseclassic.com

သရဏဂုံသုံးပါး၊ ပဋ္ဌာန်း၂၄ပစ္စည်းကို တွေ့ရပါသည်။

ထို့ကြောင့် “**လောက**” နှင့် အစပြုထားသည့် ဘွဲ့ပညတ် ရှိတော်မူသော ရှင်ပွားတော် စေတီတော်သုံးဆူတွင် “**မွေးနေ့ဆောင်အောင်**” ဆိုသည့် စကားအစဉ်အလာ ရှိသည့်အတိုင်း မွေးနေ့တွင် ဆောင်ရွက်ကုသိုလ်ယူကြရန် ဖြစ်ပါသည်။

ဦးစွာ...

ရုပ်ပွားတော်(၃)ဆူအား သက်တော်ထင်ရှား ဘုရားသွင် မှတ်ထင်ပြီး ထီးခြင်းငါးပါးဖြင့် ရှိခိုးရမည်။ သို့မှသာ ဆုတောင်းမြန်မြန်ပြည့်မှာ ဖြစ်ပါသည်။

**ပထမရုပ်ပွားတော်ကို ခရေညွန့်(၂၄)ညွန့်**လှူပါ။ ပြီးလျှင် ပထမရုပ်ပွားတော်ရှေ့မှောက်တွင် ထိုင်ပြီး...

**သရဏဂုံသုံးပါး**ကို ပုတီး(၃)ပတ် စိပ်ပါ။ ပြီးလျှင်...

**ပဋ္ဌာန်း ၂၄ ပစ္စည်း**ကို (၂၄)ခေါက် ရွတ်ပါ။ ပြီးလျှင်...

**လောကဝိဒူဂုဏ်တော်**ကို ပုတီး (၁)ပတ်စိပ်ပါ။ ပြီးလျှင်...

ဆုတောင်းပါ။

ဤနည်းစဉ်အတိုင်း...

**ဒုတိယရုပ်ပွားတော်၊ တတိယရုပ်ပွားတော်**များတွင်လည်း အထက်ကအတိုင်း ဆောင်ရွက်ကုသိုလ်ယူရမှာဖြစ်သည်။

**ဂဏန်းရသဘောအရကြည့်လျှင်...**

လော က = ၄ ၂

[ကတ်ကင်း]

ငွေ ဝင် = ၂ ၄

[တစ်တူနံတူ]

ငွေ ရှင် = ၂ ၄

[တစ်တူနံတူ]

ကော လီ = ၂ ၄

တွေ့ရမည်။

**သရဏဂုံ(၃)ပါး**

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ *[ပုတီးတစ်လုံးချ]*
ဓမ္မံ သရဏံ ဂစ္ဆာမိ *[ပုတီးတစ်လုံးချ]* ၃ ပတ်
သံဃံ သရဏံ ဂစ္ဆာမိ *[ပုတီးတစ်လုံးချ]*

**ပဋ္ဌာန်း ၂၄ ပစ္စည်း**

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ။

***သင့်ထင့်အောင် နှလုံးသွင်း အကျိုးကင်းပါစေ။***

**ကဝိသိရောမဏိ**

---

**စာမျက်နှာ (၂၉)မှ အဆက်**

ရှင်းစွာ မြင်တွေ့ရသည်။

ရွှေသာမောင်းဆရာတော်အကြောင်း ပြောပြနိုင်သူ၊ သိမီလိုက်သူများကို စုံစမ်းရာ ပခန်းငယ်ရွာ၊ အောင်လယ်ရွာသည့် အနီးဝန်းကျင်ရွာများ၌ တစ်ယောက်တလေမျှမတွေ့ရတော့ချေ။

**ရွှေသာမောင်း အရှေ့ကျောင်း လက်ရှိဆရာတော် ဦးသုစာတ**က ဤသို့မိန့်၏။

'ရွှေသာမောင်းအရှေ့ကျောင်းရဲ့ ပထမ ကျောင်းထိုင်ဆရာတော်ကိုတော့ ဘွဲ့မည် မသိရပါဘူး။ ဦးစန္ဒိမက ဒုတိယမြောက်ပါ။ ၁၃၂၉ ခုနှစ်မှာ ဦးစန္ဒိမ ပျံတော်မူတော့ တတိယဆရာတော် ဦးသုန္ဒရက ဆက်ခံတယ်။ ကျုပ်က စတုတ္ထမြောက်ပါ။

ဦးစန္ဒိမကို မသိမီလိုက်တဲ့အပြင် ဆရာတော် အစဉ်အဆက်နဲ့လူကြီးသူမတွေကလဲ ဘာမှ လက်ဆင့်ကမ်းတာ မရှိလို့လေ ရှုတ္တိမှာရေးထားတာထက် ပိုပြီး မသိရပါဘူး။

သူ ပျံတော်မူရင် ရေမျော မီးမရှို့ မြေမမြှုပ် ရုပ်မခွဲတဲ့ ဒီအတိုင်းထားလိုက်ပါလို့ ကြိုတင်မှာထားတယ်လို့ ဆိုသတဲ့။

ရုပ်ကလာပ်ကို လာဖူးတဲ့သူတွေကတော့ အများကြီးပါပဲ။ အညာဘုရားဖူးထွက်ရင်း ရှင်ပင်စာကြီးနဲ့ သေခဲလှဘုရားတွေ ဖူးပြီး ဒီကိုလာကြတဲ့ ရပ်ဝေးမရိုသတ်တွေလဲ ရှိပါတယ်'

ဟူ၍ ဖြစ်သည်။

ဆရာတော်က ဆက်၍ မဟာသေခဲ လှစေတီတော်ကိုလည်း ဖူးမြော်သင့်ကြောင်း အကြံပြု တိုက်တွန်းတော်မူလေသည်။

ရွှေသာမောင်းဆရာတော် ဦးစန္ဒိမ၏ ဘဝဖြစ်စဉ် အပြည့်အစုံကို မသိရသော်လည်း ပျံတော်မူပြီးနောက် (၁၃၂၉ ခုနှစ်တွင်) (၄၆)နှစ်ကျော် ကြာပြီဖြစ်သော်လည်း ဆံပင်နှင့် ခြေသည်းများဆက်၍ရှည်ထွက်နေသည်ကို ဖူးတွေ့ရသဖြင့် ရဟန်းထူး ပုဂ္ဂိုလ်ထူးတစ်ပါးအဖြစ် ဂါရဝပြု တင်ပြလိုက်ရပါသည်။

နရပတိစည်သူမင်း၏ ဘုရားလှ ငါးဆူ အပါအဝင်ဖြစ်သော ရှင်ပင်စာ ကြီးဘုရားလှကို ဖူးမြော်ဖြစ်ပါက လေးမိုင်မျှသာ ကွာဝေးသော ပခန်းငယ် ရွှေသာမောင်းအရှေ့ကျောင်းသို့ သွားရောက် ဖူးမြော်နိုင်ကြပေသည်။

**ခင်ညိုငယ်**



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး

နှလုံးရောဂါနဲ့ ပတ်သက်လာလျှင်

# တန်ခိုးရှင် နှလုံးအားတိုးဆေးကို တွေ့အောင်ရှာ

[တိုင်းရင်းဆေးဝါးမှတ်ပုံတင်
၀၃၀၆ Y ၀၆၆၅၃
လိုင်စင်-၃/၂၀၀၄၊
တဆထလ (၁၂၅၁)]

မြောက်ဥက္ကလာပ မြို့နယ်၊ ရောက်တဲ့အခါ "**နှလုံးရောဂါနဲ့ ပတ်သက်လာရင် တန်ခိုးရှင် နှလုံးအားတိုးဆေးကိုတွေ့အောင် ရှာ**"ဆိုတဲ့ ဆိုင်းဘုတ်စာတန်းတစ်ခုကို စတွေ့စဉ်ကဖတ်ပြီး ပြုံးခဲ့မိပါတယ်။



အလေးအနက် မထားမိရိုး အမှန်ပါ။ ဒါပေမယ့် ပန်းသတင်း လေညင်းဆောင်ဆိုသလို တန်ခိုးရှင် နှလုံးအားတိုးဆေးကို သောက်ပြီး နှလုံးရောဂါ ဝေဒနာရှင်များ သက်သာပျောက်ကင်းသွားကြတဲ့ သတင်းကို တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ကြားရဖန် များလာတဲ့အခါ စိတ်ဝင်တစား ရှိလာပါတယ်။

နှလုံးရောဂါအကြောင်းကိုလည်း သေသေချာချာ လေ့လာမိပြီး အမြို့မြို့အနယ်နယ်မှာ ရှိတဲ့ နှလုံးရောဂါဝေဒနာရှင်များ သိရှိနိုင်ဖို့ အကျိုးမျှော် နှိုးဆော်တင်ပြလိုက်ပါတယ်။

ယနေ့ခေတ်တွင် အဖြစ်များသော ရောဂါများအနက် နှလုံးရောဂါလဲ အပါအဝင်ဖြစ်ပါတယ်။ နှလုံးဟာ ဟဒယဝတ္ထုရုပ် ဖြစ်ပါတယ်။ လူ့ခန္ဓာကိုယ် ရင်၏ အတွင်းသားမြတ်နှစ်ခု အလယ် ပဒုမ္မာကြာငုံ သဏ္ဌာန်တည်ရှိပါတယ်။ လူ့ခန္ဓာကိုယ် တည်ဆောက်မှုမှာ ဟဒယခေါ် နှလုံးဟာ အဓိကအကျဆုံး ဖြစ်ပါတယ်။

နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှ ကာလပတ်လုံး နေ့/ညမပြတ် အလုပ်လုပ်နေရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခု ဖြစ်ပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ လှည့်ပတ်နေတဲ့သွေးများကို သွေးဟောင်းက သွေးသစ်ဖြစ်အောင် ပြုလုပ်ပေးနေရပြီး၊ တစ်ကိုယ်လုံးရှိ သွေးကြောအားလုံးကို ပို့ဆောင်ဆက်သွယ်ပေးနေရတဲ့ စက်တစ်ခုဆိုရင် မမှားပါဘူး။

နှလုံးသွေး ပုံမှန်လည်ပတ်စေဖို့ အဓိက အချက်ကတော့ **ဝမ်းတွင်းမှာရှိတဲ့ လေ(ဝါယော)ဟာ အဓိကကျပါတယ်။** လေအားနည်းရင် သွေးအားပုံမှန်တွန်းမပို့နိုင်တဲ့အတွက် နှလုံးသွေးဟာ ပျစ်ခဲပြီး နှလုံးသွေးလည်ပတ်မှု အားနည်းလာပါတယ်။

အဲဒီအခါ **လေဖောက်နာ၊ လေငန်းလေဖြတ်ရောဂါများ** နောက်ဆက်တွဲ ဖြစ်ပွားလာနိုင်ပါတယ်။ ဒါကြောင့် နှလုံးရောဂါဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ သိခွင့်ရခဲ့ပါတယ်။

နှလုံးတုန်ခြင်း၊ နှလုံးအောင့်ခြင်း၊ နှလုံးစူးခြင်း၊ မောခြင်း၊ ကျပ်ခြင်းတို့ဟာ သီတနဲ့ဥဏှ ဓိရောဓိပစ္စယကြောင့် ဖြစ်လာရခြင်းပါ။ အချိုအဆိမ့် အဆီးအစေးများသော အစာအာဟာရများ လွန်ကျူးစွာ စားသုံးခြင်း၊ အရက်အမျိုးမျိုး၊ ဆေးလိပ်၊ စီးကရက်တို့ သောက်သုံးခြင်း၊ စိုးရိမ် ပူပန်မှုများခြင်း၊ ဖိမ်ခံမှုများခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ နေပူ မိုးပူခံပြီး ရေချိုးခြင်း၊ ပန်ကာလေ၊ လေအေးစက်တို့တွင် နေထိုင်မှုများခြင်း စတဲ့ အကြောင်းအချက်များဟာ နှလုံးရောဂါ ဖြစ်ပွားလာရခြင်းရဲ့ အဓိကအချက်များ ဖြစ်ပါတယ်။

အဲဒီ နှလုံးရောဂါကို လျင်မြန်စွာ သက်သာပျောက်ကင်းစေတဲ့ ဆေးကတော့ တန်ခိုးရှင်နှလုံးအားတိုးဆေးပါပဲ။ ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေနိုင်တယ်ဆိုတော့ နှလုံးသွေးကြောကျဉ်းခြင်း/ကျယ်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အသက်ရှူမဝခြင်း၊ အချိန်မပြည့် သွေးတိုးနေခြင်း၊ စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ ပြင်းထန်စွာ လှုပ်ရှားမှုကြောင့် မောပန်းခြင်း၊ အိပ်မပျော် စားမဝင်ခြင်း၊ သွေးအားနည်းခြင်း၊ ရင်တုန်မူးဝေခြင်း။

ကျောရင်ညှပ်အောင့်ခြင်း၊ လေတိုးလေအောင့်ခြင်း၊ နှလုံးစူး၍ အောင့်ခြင်း၊ မီးယပ်ထိမ်၊ မီးယပ်ကျန်၊ မီးယပ်ငုပ်ခြင်း စသည့် ရောဂါများအတွက် ရေလဲအမျိုးမျိုးဖြင့် သောက်သုံးနိုင်ပြီး ကလေးငယ်မှအစ ကျား/မ အရွယ်မရွေး သောက်သုံးပါက ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ အိပ်ပျော်စားဝင် အားအင်ပြည့်ဝပြီး လန်းဆန်းစေပါတယ်။ ဤဆေးကို နေ့စဉ် သောက်သုံးခြင်းဖြင့် ဘာကြောင့်မောမော အမောပြေစေပါတယ်။

အမြို့မြို့ အနယ်နယ်ရှိ နှလုံးရောဂါ ဝေဒနာရှင်များ အလွယ်တကူ ဝယ်ယူ သောက်သုံးနိုင်ရန် တန်ခိုးရှင်ဆေးတိုက်မှ မြန်မာပြည်တစ်ဝန်း ဖြန့်ချိ ရောင်းချလျက်ရှိကြောင်း မင်္ဂလာသတင်းကောင်း ပါးလိုက်ပါတယ်။


ပင်ရင်း

**တန်ခိုးရှင် ဆေးတိုက်**

အမှတ်-(၁၉၂)၊ ဇေယျာ(ဂ)လမ်း၊ (ည)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၂၅၀၉၅၀၈၇။


// မြောင်းမြ မောင်ယဉ်တင် //



www.burmeseclassic.com

www.burmeseclassic.com

…ရေးသူ ယခု ရေးသားတင်ပြ …ည့် ဆောင်းပါးသည် ပြီးပြည့်စုံရန် …ပ်ပါလိမ့်မည်။ အဘယ်ကြောင့် …သော် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း …၏ စာဖတ်ပရိသတ်ကြီးကို အရင် … မြန်မြန်ဆန်ဆန် သတင်းပေး …ည့်အတွက် ဖြစ်ပါသည်။

…ဆောင်းပါးအား ပြည့်စုံရန် ဘုရား …အကြောင်းတွေ ရေးချင်သော် … အချိန်များများယူ ရေးရမှာ …ဖြင့် သတင်းပေးမှု နောက်ကျမှာ …ပါ၍ ဖြစ်ပါသည်။

…ဒေသသို့ စာရေးသူ ရောက်ခဲ့ …ည့်မှာလည်း ကသီလင်တ နိုင်လွန်း …သဖြင့် အသေးစိတ် လေ့လာ …သားချိန် မရခဲ့ပါ။ နောက်တစ် … သီးသန့်ထပ်သွားပြီး လေ့လာ …သားရပါဦးမည်။ ပြီးမှ ထပ်မံ၍ …သားတင်ပြရမည် ဖြစ်ပါသည်။

…သည်ကို စာရှုသူများ မေတ္တာရှေ့ …၍ စာရေးသူအား သီးသန့် …ခွင့်ပေးကြပါရန် စာအားဖြင့် …သစွာ တောင်းပန်အပ်ပါသည်။

* * *

စာရေးသူတို့က ကစစ(၁၂)နယ်မြေ … (၇)မိုင်ခန့်ဝေးသည့် အကောက် …ောင်သို့ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ် …ောင်တစ်ဦး ဘုရားဖူးလာရင်း …သွားသည့် စကားကြောင့် နာမည် …ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။

**…ိုသရုပ်ဆောင်မှာ အသည်း …င်ဆာ ဝေဒနာရှင်တစ်ဦး ဖြစ်ပါ …ည်။**

သူသည် အသည်းကင်ဆာဝေဒနာ …ခံရနေရတာ ကြာပြီဖြစ်ပြီး မြန်မာ …ည်းရော၊ နိုင်ငံခြားနည်းရော ဆေး …သမှု ခံယူခဲ့သော်လည်း မပျောက်ဘဲ …ခဲ့ရာ ယခု **နဂါးရစ်တောင်**

သိကြားမင်းနှင့် နတ်အပေါင်းတို့ ဦးခိုက်ရသော

# မေတ္တာရှင်ဆရာတော်ကြီး
# ဦးဝိသုဒ္ဓ ထံသို့

ဦးကိုကိုကြီး (စစ်ဆေးရေး)
ကာစစ(၁၂)၊ ထုံးဘို



▲ မေတ္တာရှင် ဆရာတော်ကြီး ဦးဝိသုဒ္ဓ၏ပုံတော်

**ဆရာတော်ကြီးနှင့်** တွေ့မှ ရောဂါ လုံးဝ ပျောက်ကင်းသွားကြောင်း ပြောခဲ့ပါသည်။

ထိုသည်မှ စ၍ တစ်စနှင့် တစ်စ လူအများ သိသွားကြကာ ထိုဆရာတော်ကြီးထံသို့ သွားကြသူ များပြားလာရာ ရောဂါ ပျောက်ကင်း သူများလည်း ရှိလာကြသည့်အတွက် သွားကြသူများ များပြားလျက် ရှိကြပါပေသည်။

ထို့အတွက်ကြောင့် စာရေးသူသည် (၃၁-၅-၂၀၁၅)နေ့ ည(၇)နာရီခွဲအချိန်က ဖနီးချစ်ညိုနှင့်အတူ ကားဖြင့် ဆရာတော်ကြီးရှိရာသို့ သွားခဲ့ကြပါသည်။

* * *

ဆရာတော်ကြီး၏ ဘွဲ့အမည် အပြည့်အစုံမှာ **နဂါးရစ်တောင် မွေ့ပါလတောရကျောင်း၊ မေတ္တာရှင်ဆရာတော်ကြီး ဦးဝိသုဒ္ဓ ဖြစ်ပါသည်။**

**မွေ့ပါလ တောရကျောင်းသည် ဧရာဝတီတိုင်းဒေသကြီး … မြို့နယ်ရှိ … သွားလျှင်ရောက်ပါသည်။**

စာရေးသူတို့သည် ကားကို (၁၄) ယောက်စုပေါင်း၍ ငှားလာသော ကား





www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါသည်။ ည(၉)နာရီခွဲမှာ ရောက်သဖြင့် ကားမောင်းချိန် (၂)နာရီခန့်သာ ကြာပါသည်။

ကားပေါ်မှ ဆင်းသည်နှင့် **"သက်သတ်လွတ် သာသနာ့မြေ"** ဆိုသည့် ဆိုင်းဘုတ်ကို ထပ်တွေ့လိုက်ရပါသည်။

ထိုနေရာ၏ရှေ့တွင် EXPRESS ကားကြီးသုံးစီး ရပ်ထားသည်ကို တွေ့ရပြီး ကားလတ် ကားငယ် အသွယ်သွယ်တို့ ရပ်ထားသည်ကိုပါ တွေ့ရှိရပါသည်။

ထိုကားတို့ဖြင့် လာရောက်ကြကုန်သော အနယ်နယ်အရပ်ရပ်မှ လူအပေါင်းတို့သည် မိမိတို့ ခံစားနေရသော ဝေဒနာများ ပျောက်ကင်းကြစေခြင်း အလို့ငှာ ဆရာတော်ကြီးထံ လာရောက် ဖူးမြော်ကန်တော့ကြခြင်း ဖြစ်ပေ၏။

ညအချိန် ရောက်သွားသော်လည်း လျှပ်စစ်မီးများ ထိန်ထိန်လင်းလျက် ရှိနေသဖြင့် သွားလာရသည်မှာ အဆင်ပြေလှပါသည်။

စာရေးသူတို့အဖွဲ့သည် ညအိပ်ရန်အတွက် နေရာစုံစမ်းရှာဖွေကြရာ တန်ဆောင်းကြီးတစ်ခု တွေ့ရလေသည်။

ထိုတန်ဆောင်းကြီးတွင်မတော့ လူအမြောက်အမြား ပြည့်ကျပ်စွာ လဲလျောင်း အိပ်စက်နေကြသည်ကို တွေ့ရပါလေသည်။

တချို့သော လူများကတော့ ထိုင်လျက် စကားဝိုင်းဖွဲ့ ပြောနေကြသည်ကို တွေ့ရှိလိုက်ရပါသည်။

လူအများ ပြည့်ကျပ်နေသဖြင့် မည်သည့်နေရာတွင် နေရာယူရမည်ကို တွေးတောရင်း စာရေးသူ စိတ်မော



ဆရာတော်ကြီးမှ ဧည့်သည်များအား ရိုက်ချ မှတ်ချပေးနေပုံ

ရပါလေသည်။

စာရေးသူလည်း တစ်ကိုယ်တည်း တန်ဆောင်းထဲသို့ လူကြိုလူကြားမှ ဖြတ်သန်း၍ (၂)ယောက်စာမျှ နေရာရရန် လှည့်ပတ်ရှာဖွေရပါသည်။

တချို့လည်း ခရီးပန်း အိပ်မောကျနေပြီဖြစ်သဖြင့် နေရာရှာရသည်မှာ အားနာရပါသည်။

သို့နှင့် တန်ဆောင်းအဆုံး နေရာတစ်နေရာတွင် လူမရှိဘဲ ဖျာတစ်ချပ်ခင်းထားသည်ကို တွေ့ရသဖြင့် အနီးအနားမှ လူများအား မေးစမ်းကြည့်ရာ လူမရှိကြောင်း ပြောသဖြင့် ကံအားလျော်စွာ နတ်ကောင်း နတ်မြတ်များ မစစောင့်ရှောက်၍ နေရာတစ်နေရာစာမျှ ရရှိခဲ့သည်ဟု ခံစားရပါသည်။

ဤမျှလောက် လူတွေ များပြားလိမ့်မည်ဟု စာရေးသူ မထင်မှတ်ခဲ့။ ထို့နောက် ဇနီးဖြစ်သူ ချစ်ညိုအား ပြန်ခေါ်ကာ ထိုဖျာလေးပေါ်တွင် ပါလာသော စောင်ပါးလေးခင်းကာ ကျောချအနားယူကြပါသည်။

တန်ဆောင်းတွင်းမှာလည်း စာရေး
သူ ရသည့်နေရာမှာ လေလေးတဖြူး
ဖြူးနှင့် ခြင်ထောင် ထောင်စရာမလိုဘဲ
အိပ်စက်၍ ရပါသည်။

စာရေးသူလည်း တော်တော်နှင့်
အိပ်မပျော်ဘဲ ည(၁၂)နာရီကျော်မှ
အိပ်ပျော်သွားခဲ့ပါသည်။

* * *

နံနက်(၃)နာရီလောက်တွင် နိုး
သဖြင့် လူအချို့လည်း နိုးနေကြပြီဖြစ်
၍ မျက်နှာသစ်သည့် နေရာအား
မေးမြန်း၍ သွားရပါသည်။

မျက်နှာသစ်သည့် နေရာမှ အုတ်
ရေကန်အရှည်ကြီးဖြစ်၍ လူအများ
မျက်နှာသစ် ရေချိုးနိုင်ရန် စီစဉ်ထား
သည်ကို တွေ့ရပါသည်။

ကန်များကိုလည်း အမျိုးသား
အမျိုးသမီး၊ ရဟန်းဟူ၍ ခွဲခြားထား
သည်ကိုပါ မြင်တွေ့ရပါသည်။

ပြီးနောက် အိမ်သာဘက်ဆီသို့
သွားရာ အိမ်သာများမှာလည်း
ကျား,အိမ်သာ၊ မ,အိမ်သာဟူ၍ ခွဲခြား
ထားပြီး ကြွေခွက်များနှင့် ရေအိမ်သာ
များ ဖြစ်ပါသည်။ ရေများလည်း
အလျှံအပယ် ဖြစ်ပါ၏။

အနေအထားတို့ကို ကြည့်ရသည်
မှာ လွန်ခဲ့သည့် နှစ်ကြာကြာကတည်း
က ရှိနေပုံရပါသည်။ စာရေးသူတို့
မသိ၍သာ မရောက်ခြင်း ဖြစ်ပါသည်။

ကိစ္စဝိစ္စ ပြီးစီး၍ နံနက်(၅)နာရီ
ရဟန်းသာမဏေများနှင့် သီလရှင်တို့
မှ ဘုရားရဟန္တာများနှင့် ဝိဇ္ဇာရှစ်သော
နတ်အပေါင်းများစွာတို့အား ပင့်ဖိတ်
အရှဏ်ဆွမ်းလှူ ပူဇော်မှုအား သွား
ရောက်ကြည်ညို ကန်တော့ကြပါသည်။

နံနက်(၆)နာရီတွင် ဧည့်ရှိသ
အားလုံးအား **အာဟာရသိဒ္ဓိဆော**





www.burmeseclassic.com

www.burmeseclassic.com

တွင် သက်သတ်လွတ် မုန့်ဟင်းခါး အား ဧည့်ခံကျွေးမွေးကြပါသည်။

သက်သတ်လွတ်မုန့်ဟင်းခါး ဖြစ်သဖြင့်ကစား စားရသည်မှာ အင်မတန်မှ မြိန်လှပါသည်။

စားသောက်ပြီးနောက် နတ်တို့ ချီးပေးထားသည့် နတ်ရေကန်မှ ရေကို သောက်သုံးကာ မိမိတို့အိမ် အတွက်လည်း ရေသန့်ဘူးများနှင့် ထည့်ကာ ယူဆောင်ကြပါသည်။

ထို့နောက် သံဆန်ခါဖြင့် ဝန်းရံကာ ထားသည့် ဆေးဆိုင်သို့ လူအများ တိုးဝှေ့ကာ မိမိတို့နှင့် သက်ဆိုင်သည့် ဆေးဝါးများ၊ သိဒ္ဓိတင်လက်စွပ်များ၊ ဂိုဏ်းဆံအိတ်များ၊ ဆွဲကြိုးများ၊ ဆရာ တော်ကြီး၏ တရားခွေများ အစသဖြင့် အလုအယက် ဝယ်ယူကြရပါသည်။

ပြီးသည်နှင့် ဆရာတော်ကြီးအား အေးစီးစွာ ဖူးတွေ့နိုင်ရန် တန်ဆောင်း ဆီသို့ လျင်မြန်စွာ တန်းစီရပါသည်။

နတ်သိကြားများ မ,သည်ဟု ယုံကြည်မိပါသည်။ လူအမြောက် အများ ရှိသည့်အထဲမှ စာရေးသူတို့ အဆုံးနေရာမှ နေရာ ရရှိပါသည်။ စာရေးသူတို့ရှေ့တွင် (၅)ဦးမျှသာ ရှိပါသည်။

အရုဏ်မုန့်ဆွမ်း စားပြီးကြပြီ ဖြစ်ကြ၍ တန်ဆောင်းအတွင်းတွင် လူစု များ တဖြည်းဖြည်းနှင့် ပြည့်ကျပ်လာ ပါသည်။

ထိုအချိန်မှာပဲ ကားများနှင့် ဝေဒနာ ရှင်များ အနယ်နယ်အရပ်ရပ်မှ ထပ်မံ ရောက်ရှိလာကြပြန်သဖြင့် တန်ဆောင်း ကြီး ပြည့်ကျပ်ရုံတင်မက တန်ဆောင်း ကြီး၏ အပြင်ဘက်တွင်ပါ ဖျာများ ခင်း၍ ထိုင်နေကြပါတော့သည်။

(၇)နာရီတွင် ရွှေပြေး ဦးပဥ္စင်း တစ်ပါးမှ ရွှေပြေးတရား စတင်ဟော



ဆရာတော်ကြီးမှ ရှေ့ပရိသတ်တို့ အား တရားဟောနေပုံ

ပါသည်။ ထို ဦးပဥ္စင်းလေးမှ သက် သတ်လွတ် သာသနာ့မြေအတွင်း မြက်ပင်များမှအစ သစ်ပင်ပန်းပင်များ အဆုံး ဆရာတော်ကြီး၏ ခွင့်ပြုချက် တစ်စုံတစ်ရာ မရရှိဘဲ မခူးမနုတ်ရန် မှာကြားပါသည်။

ယခင်က သက်သတ်လွတ် သာသနာ့မြေ သည် တောတောင်ချုံနွယ် ပိတ်ပေါင်းများ ဖုံးအုပ်နေပြီး ဆရာတော်ကြီး ဦးဝိသုဒ္ဓမှာ တဲကျောင်းကလေးနှင့် သီတင်းသုံး စံမြန်း ကာ တရားကျင့်ကြံအားထုတ်ခဲ့ရ ကြောင်း...

ကျင့်ကြံအားထုတ်မှု အားကောင်း၍ အောင်မြင်လာသည့်အခါ သိကြားမင်းကြီး ကိုယ်တိုင် ဆရာတော်ကြီးထံ ကြွရောက် ဦးခိုက်ပြီး ဆရာတော်ကြီးအား လိုသမျှ ပံ့ပိုးစွမ်းဆောင်ပေးခဲ့ကြောင်း ပြောပြပါသည်။

ဆရာတော်ကြီး ဤနေရာတွင် သာသနာပြုနေသည်မှာ အနှစ်(၃၀) နီးပါး ရှိပြီဖြစ်ကြောင်း ဤ သက်သတ် လွတ်သာသနာ့နယ်မြေတွင် ဆရာ တော်ကြီး ဦးဆောင်၍ သိကြားမင်းနှင့် နတ်လူအပေါင်းတို့ တည်ထားသော...

၁။ အောင်မြေစေတီတော်

၂။ နဂါးရုံဘုရား

၃။ ခန္ဓာသုခဘုရား

၄။ ဝင့်ကြွေးတော်ပြေ ပန်းတော်ပြေဘုရား

၅။ ဥပက္ခ သိုက်မပျက်ဘုရား

၆။ ပိတကျေးဇူးမြင့်မိုရ်ဦးဘုရား

၇။ တောမိပင်ဘုရား

တို့ရှိကြောင်း ဟောကြားပြောဆိုပါ သည်။

**မှတ်ချက် ။ ။ လူအများနှင့် လာရသည်ဖြစ်ပါ၍ အချိန်မရပါ။ သို့ဖြစ်၍ ထိုဘုရားများ၏ ပုံတော်နှင့် သမိုင်းကြောင်းတို့ကို သီးခြားလေ့လာ ၍ အခွင့်ကြုံသလို စာရေးသူ ရေးသား တင်ပြပါမည်။**

* * *

ရွှေပြေး ဦးပဥ္စင်းလေး တရားဟော ပြီးနောက် နံနက်(၈)နာရီတွင် မေတ္တာ ရှင်ဆရာတော်ကြီး ဦးဝိသုဒ္ဓ ကြွရောက် လာပြီး တရားများ ဟောကြားပါသည်။

ဆရာတော်ကြီးမှ တရားဟော ကြားရာတွင် နတ်သတင်း အစည်း အဝေးတော်စုကို ဆရာတော်ကြီး ကိုယ် တိုင် ကြွရောက်၍ တရားဟော ရကြောင်း သိကြားမင်းနှင့် နတ်မင်း ကြီးလေးပါးတို့မှ လူအများသည် သရဏဂုံနှင့် ကင်းဝေးနေ ကြကြောင်း...

ဒါကြောင့်မို့ လူအများအား သရဏဂုံ ဆောက်တည်နိုင်ကြဖို့ရန် တရားများ ဟောကြားပေးစေလိုကြောင်း လျှောက် ထားကြသဖြင့် တရားနာသူ ပရိသတ်တို့အား သရဏဂုံဆောက်တည်ရန် အထူးတရား ဟောကြားပါသည်။

အထူးသဖြင့် ခြေလေးချောင်း သားများ မစားရန် ဖြစ်နိုင်ပါက သက်သတ်လွတ် စားကြရန် မိန့်မှာ ပါသည်။

ဆေးဝါးများနှင့် ပတ်သက်သရွေ့ တော့ ရက္ခစိုးနတ်မင်းကြီးနှင့်တကွ နတ်အပေါင်းတို့မှ ဆရာတော်ကြီးအား ဆေးဖက်ဝင် ဆေးပင်များအား



www.burmeseclassic.com

www.burmeseclassic.com

လိုက်လံ ပြသပေးသဖြင့် ဆရာတော်ကြီးမှ မှတ်သားကာ ရောဂါနှင့် သက်ဆိုင်သည့် သစ်ရွက်သစ်မြစ်များ ခူးယူစေ၍ သိဒ္ဓိတင်ကာ ရောင်းချပေးခြင်း ပြုပါသည်။

ရောင်းချ ရရှိငွေအား ဆရာတော်ကြီးမှ သူသုံးရန် မဟုတ်ဘဲ သာသနာပြုရန်သာ ဖြစ်ကြောင်း မိန့်ကြားပါသည်။

လာရောက် ကြကုန်သော ဝေဒနာရှင်များကိုလည်း ဆရာတော်ကြီး၏ လက်နှင့် ပုတ်ချ၊ ရိုက်ချပေးရင်းဖြင့် ရောဂါဝေဒနာ ကြီးများပင် ပျောက်ကင်းသွားကြောင်း သာဓကများစွာနှင့် ရှင်းလင်းပြောဆို ဟောကြားပါသည်။

ဆရာတော်ကြီးရှေ့သို့ ရောက်၍ ဆရာတော်ကြီးမှ လက်ဖြင့် ပုတ်ချ၊ ရိုက်ချပေးစဉ်တွင် တစ်မျိုးတည်းသော ဆုကိုသာ တောင်းရမှာ ဖြစ်ကြောင်း ပြောဆိုမိန့်ကြားပြီး တရားပွဲကို နိဂုံးချုပ်လိုက်ပါသည်။

* * *

ထိုနောက် လူအများတို့သည် အတန်းကြီး(၃)တန်း တန်းစီကာ ဆရာတော်ကြီး၏ တရားပလ္လင်ထံသို့ လက်အုပ်ချီ ခါးညွှတ်ကာ တစ်လှည့်စီ သွားကြရပါသည်။

များပြားလှသော ပရိသတ်အပေါင်းတို့အား ဆရာတော်ကြီးသည် တစ်ယောက်တလေမျှ မကျန်အောင် လက်ဖြင့် တစ်ယောက်ချင်း ဖြည်းညင်းစွာ ပုတ်ချ၊ ရိုက်ချပေးလေသည်။

စာရေးသူနှင့် ဇနီးတို့မှာလည်း ဆရာတော်ကြီးမှ ပုတ်ချ၊ ရိုက်ချပြီးသည်နှင့် ပေါ့ပါးလန်းဆန်းသွားပါသည်။ ဖြစ်နေသော ဝေဒနာသည်လည်း ထက်ဝက် သက်သာသွားသည်ဟု ခံယူမိပါသည်။



◆ ဆရာတော်ကြီးထံ လာရောက်ကြသည့် ဝေဒနာရှင် ရေစက်ပရိသတ်များ



◆ ဆရာတော်ကြီး၏ ရိုက်ချ ပုတ်ချခံယူရန် တန်းစီ၍ သွားနေရပုံ

စာရေးသူ၏ ကိုယ်တွေ့ရော၊ ကြားရသည့် သတင်းများကပါ ဆရာတော်ကြီး၏ မေတ္တာ, ကရုဏာ စွမ်းအားတို့သည် ရောဂါ, ပယောဂတို့ကို လူတိုင်းနီးပါး ပျောက်ကင်းသွားကြောင်း လေ့လာ သိရှိရပါသည်။

ပရိသတ်များမှ အလှူငွေ လှူရသည့် အပိုင်းတွင်လည်း သတ်မှတ်ထားခြင်းမျိုး မရှိဘဲ သဒ္ဓါတတ်အားနည်း,များမဆို လှူဒါန်းနိုင်ကြပြီး အလှူခံရရှိငွေ အားလုံးကိုလည်း သာသနာပြုလုပ်ငန်းများတွင် အသုံးပြုသွားမှာ ဖြစ်ပေသည်။

ဆရာတော်ကြီး၏လက်ဖြင့် ပုတ်ချ ရိုက်ချရုံမျှဖြင့် ဆေးထိုး,ဆေးသောက်စရာ မလိုဘဲ ရောဂါများ ပျောက်ကင်းသွားကြသည်မှာ အင်မတန်မှ ထူးခြ…
သော အရာပေတည်း။

ဆရာတော်ကြီးသည် (၁)ပတ်တွ…
သက်သတ်လွတ် သာသနာ့မြေတွ…
အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးတို့သ…
ရှိ၍ တနင်္ဂနွေ၊ တနင်္လာ၊ သောကြ…
စနေတို့တွင် အခြားအရပ်ဒေသသ…
သာသနာ လိုက်လံပြုနေကြောင်း သိ…
ရပါသည်။

**ဆရာတော်ကြီး ရှိမရှိ အတိအ…**
**သိလိုပါက** အောက်ပါ ဖုန်းနံပါတ်မ…
အား မေးမြန်းစုံစမ်းနိုင်ပါသည်။

**၁။ ၀၉ ၉၇၆၈၀၇၀၀၀**

**၂။ ၀၉ ၉၇၆၁၉၇၀၀၀**


***နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကြီ… တကွ စာဖတ်ပရိသတ်များအား အ… လေးစားလျက်...***

**ဦးကိုကိုကြီး(*စစ်ဆေးရေး*)**
**ကစစ(၁၂)၊ ထုံးဘို**



www.burmeseclassic.com

www.burmeseclassic.com



▲ (၄)နှာကီပန်း အပွင့်အငုံအား အနီးကပ် တွေ့ရစဉ်



▲ (၄)နှာကီပန်းပင်၏ အဝေးမြင်ကွင်းပုံ

# ကျားမှန်ရင် အားသန်ရမည်

မြဒင်
(ဖင်းကျိုက်)

စာရေးသူ ယခု တင်ပြချင်တာက တော့ ယောက်ျားတို့အတွက် ဆေး တစ်ခွက်ဆိုလျှင် မမှားပါ။ ''ကျားမှန်ရင် အားသန်ရမည်'' ဆိုစကားနှင့်အညီ ယောက်ျားတို့တွင် ရှိသင့်ရှိထိုက်သော ခွန်အားများသည် အဓိက ဖြစ်ပါသည်။ ခွန်အားရှိမှ စိတ်ရွှင်လန်းသလို စိတ်ရွှင်လန်းနေမှပဲ ခွန်အားတိုးပွားမှာပါ။

အိမ်ထောင်ရှင်များ အနေနှင့်လည်း ကိုယ်စိတ်နှစ်ပါး ကျန်းမာမှ အိမ်ထောင်သုခကို ရရှိကြမှာ မလွဲပေ။

ဒါကြောင့်မို့ အိမ်ထောင်ရှင် ယောက်ျားများသာမက လူပျို၊ လူအို၊ လူငယ်များပါမကျန် ယောက်ျားတွေ အားလုံးအတွက် သိသင့်သိထိုက်သော ကိစ္စများနှင့်တကွ ဖြစ်သင့်ဖြစ်အပ်သော ရောဂါဝေဒနာများကို ကုသနိုင်စေရန် ရည်သန်၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ''ကျားမှန်ရင် အားသန်ရမည်''ဆိုသော ဆောင်းပါးတစ်ပုဒ်ကို တင်ပြပေးလိုက်ပါသည်။

ဤဆောင်းပါးတွင် ပါရှိသော ဆေးနည်းသည် စာရေးသူ၏ ဦးလေးတစ်ယောက် ကိုယ်တွေ့သုံးစွဲခဲ့သော ဆေးနည်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ယောက်ျားတို့တွင် အူကျခြင်း၊ မုတ်ဖြစ်ခြင်းဆိုသည့် ရောဂါမျိုး ဖြစ်တတ်ပါသည်။ မုတ်ဖြစ်သည်မှာ သွေးမုတ်နှင့် လေမုတ်ဟူ၍ နှစ်မျိုးရှိပါသည်။ မည်သို့သော မုတ်ဖြစ်စေကာမူ လက်တွေ့ ကုသခဲ့ပါသည်။ တစ်ဖန် ပန်းသေ ပန်းညှိုးနှင့် ကာစစိတ် နည်းသူများပါ မကျန်အောင် အားလုံးကို သက်သာ ပျောက်ကင်းစေပါသည်။


ဤဆေးပင်၏ အမည်မှာ စာရေးသူတို့ အခေါ်အားဖြင့် ''လေးမျက်နှာပင်'' ဟု ခေါ်ကြပါသည်။ ''လေးမျက်နှာပင်'' ဟုခေါ်


စာမျက်နှာ (၃၈) သို့

www.burmeseclassic.com

# သတ္တုကွတ္တုံး

**(လက်တွေ့ ဖမ်းခဲ့သောနည်းကို ဖော်ပြပါမည်။)**



'စိန်၊ ဆေး၊ ကန့်၊ ဝက်၊ ဒုတ်၊
ဟင်း၊ လက်၊ သတ္တုကွတ္တုံး၊
တတ်ပေါင်းစုံ ဘိကျွံ
အာယတ် သင့်'

၁။ ဆေးကုဓာတ်လုံးဖြစ်သဖြင့် ဝိနည်းတော်အရ မကိုင်ရပါ။

၂။ ယင်းဓာတ်လုံး ဆောင်ထားပြီး အဆိပ်ရှိသောသတ္တဝါပေါ် ကျော်ဖြတ်မိက သေဆုံးခြင်းတို့ကြောင့် ရဟန်းတော်များ မကိုင်ဆောင်ရပါ။

(က) ဓာတ်(၇)ပါးကို (၁)ကျပ်သားစီ စုံ၍ ထောင်း(သို့မဟုတ်) ကြိတ်ပါ။

**(ကြွေရွတ်ဆုံနှင့် ကြွေကျည်ပွေ့ သုံးနိုင်က ကောင်းပါသည်။)**

ပြဒါး(၁)ကျပ်သားထည့်၍ သံပရာရည်နှင့်တေ ပြဒါးဝင်သည့်ကာလကျောက်ပျဉ် (သို့မဟုတ်) ဆုံတွင် ထည့်၍ ဖယောင်းသားကျအောင်ကြိတ် သောင်တွင်ရှိ (၈) သို့မဟုတ် (၉) နံပါတ်လုံတွင် ထည့်၍ ခြောက်အောင်လှန်း။

(ခ) ပင်နီစလင် ဆေးထည့်သော ပုလင်းအလွတ် (၂)ကျပ်သားနှင့် လက်ချား မီးပေါက် (၂)ကျပ်သားကို ညက်အောင် ထောင်းထားပါ။ ယင်းအမှုန့်များကို လုံအပေါ်က သိပ်ထားပါ။

(ဂ) မီးလျှံကစပြီး မီးသွေးနည်းနည်းဖြင့် ထိုးပါ။ အခိုးထလာပါက အခိုးငြိမ်သည်အထိ ရပ်ထားပါ။ အခိုးငြိမ်သွားပါက ချော်လျော့လျှင် ပင်နီစလင် ပုလင်းချော်ထပ်ထည့်ပါ။

(ဃ) မီးလျှံကစပြီး မီးသွေး တဖြည်းဖြည်းများထည့်ပြီး ထိုးသွားပါ။ အခိုး မီး တောက်ထပါက ပုလင်း ချော်ထည့်ပါ။ တဖြည်းဖြည်း ငြိမ်သွားပါလိမ့်မည်။

(င) ငြိမ်သွားပါက တဖြည်းဖြည်း ခါးတိုက်အထိ မြှင့်၍ လုံတစ်ခိုင် ထိုးပါ။

(စ) အေးမှ ခွဲကြည့်ပါက (၅)မူးသား၊ (၃)မတ်သားခန့် ဓာတ်သား ရရှိပါမည်။ ချော်ဟောင်းများနှင့် ဆက်ထိုးသွားပါက စင်ကြယ်သော ဆေးကုဓာတ်လုံး ရရှိပါသည်။

သတ္တုကွတ္တုံး အသုံးပြုနည်းများကို ဆက်လက်ဖော်ပြပါမည်။

**တင်လှ(ဆ-မ-ငြိမ်း)**

---

**စာမျက်နှာ (၃၇)မှ အဆက်**

ထိုခြင်းမှာ နံနက်ဝေလာချိန် အချိန်မှာ မြူခိုး လေထုနှင့်အတူ လွင့်ပျံလာသော မြူမှုန်များ တောက်ပါသည်။ တစ်ခါ ညနေ လေထုနှင့်မှုန်သော မြူခိုး မြင်ရ ၍ လာသောကြောင့် စားများတို့က လေ နက်ရှိုင်းဟု ခေါ်ကြခြင်း ဖြစ်သည်။

အပင်၏ အရွယ်အစားမှာ တစ်တောင်သာသာရှိပြီး အပွင့်၏ အရောင်မှာ ပန်းရောင်ဖြစ်ပါသည်။ အရွက်၏ ပုံသဏ္ဌာန်မှာ ချောင်ရွက်နှင့် တူလေသည်။ ထိုဆေးပင်သည် ဥရှိသော အပင်မျိုးဖြစ်ပါသည်။ ဥ၏ အမြစ်ရှိ တွင် မည်းမြောသော အမွေးပါးလေး များက ဖုံးကွယ်ထားပါသည်။

ထိုဆေးပင်၏ အသုံးဝင်ပုံမှာ အူကျခြင်း၊ သွေးမှုတ် လေမှုတ်ဖြစ်ခြင်း များကို ဆေးဥကို ရေစင်အောင်ဆေး၍ ကျောက်ပျဉ်ပေါ်တွင် သွေးသွေးရည်ပေး ထည့်၍ ဆန့်ဆေးရည်နှင့် သွေးပြီး ဝေဒနာဖြစ်သော နေရာကို လူးလိမ်း ပေးပါ။ ရက်များမကြာမီ သက်သာ ပျောက်ကင်းပါမည်။

**ပန်းသေ၊ ပန်းညှိုးခြင်းများနှင့် ကာမစိတ် နည်းသူများအတွက် တော့...**

ဆေးဥကို ရေစင်အောင်ဆေး၍ အမြစ်အမွေး အမျှင်များကို ပွတ်ပြီးနှင့် ဆေးဥအတိုင်း ကို ပါးလှီး၍ ဝက်သားနှင့် ကြော်စား၍ တစ်ပတ်ခန့် စားပေးပါက သိသာစွာ ထိုအစ သန့် ပြည့်ဝစေမှာပါ။

ဆေးဥ ကြော်စားရာတွင် ထူးခြားမှု တစ်ခု ဖြစ်တတ်ပါသည်။ **ဆေးဥစား ပြီးချိန်ဝယ် လျှာပေါ်တွင် ရှရှလေး ဖြစ်နေတတ်သည်။** သို့ပေမယ့် ဘာမှ အန္တရာယ်မဖြစ်ပါ။ စိတ်ချယုံကြည်စွာ စားသုံးနိုင်ပါကြောင်း ဓာတ်ဆရာ မေတ္တာဖြင့် ရေးသားတင်ပြအပ်ပါသည်။

**မြစင်(ဝင်းကျိုတ်)**



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး

ဆီး ဝမ်း လေမှန်ရှု မျက်စိကြည် အကြောပြေပြီး အဝအတုပ် ကင်းစေတဲ့

# စကြာမင်း

အမှတ်တံဆိပ်

# မျက်စိကြည် အကြောပြေဆေး

ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၉၃

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက(စာနယ်ဇင်း) ၅၅/၀၅၁၃




ကျွန်ုပ်သည် တစ်နေ့တွင် စိတ်ချမ်းသာ ကိုယ်ကျန်းမာ အသက်တစ်ရာ ကျင့်ကြံနေထိုင်နည်းစာမူ ရေးသားနေစဉ် "ဟာ စာရေးဆရာကြီးကို တွေ့မှတွေ့ပါ့မလား" ဟူသော အသံရှင်ကြောင့် ရေးလက်စ စာမူကို အသာချထားပြီး ပြန်လည် ခရီးဦးကြို နှုတ်ဆက်လိုက်သည်။

'ဩော် ကိုမျိုးမြင့်ပါလား၊ လာဗျာ'

'စာရေးဆရာ ကိုဘုန်းဝေကတော့ ဘယ်အချိန်တွေ့တွေ့ တက်ကြွလန်းဆန်းပြီး စာရေးစာဖတ် အမြဲတမ်းမပြတ်ဘူးနော်'

'ဟဲ... ဟဲ... ဟဲ'

'ဟဲ... ဟဲ လုပ်မနေနဲ့ စာရေးဆရာကြီး အခု စာရေးဆရာကြီးကို အကူအညီတောင်းချင်လို့ဗျ'

'ပြောလေ ကိုမျိုးမြင့်'

'ဒီလိုဗျ၊ ကျွန်တော် ရုံးမှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ် နည်းနည်းလေး စာဖတ်မိတာတို့၊ အလုပ်ထဲကို အာရုံစူးစိုက်တာတို့ အထိုင်နည်းနည်းလေးကြာကြာ ထိုင်မိတာဆိုရင် မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ ခေါင်းမကြည်တော့ဘူး။ နောက်ကြောတက်၊ ဇက်ကြောထိုးလာတယ်။ အမြဲတမ်းလိုလို ကိုယ်လက်တွေ လေးလံထိုင်းမှိုင်းနေပြီး စိတ်ရောကိုယ်ပါ မလန်းဆန်းဘူး ဖြစ်နေလို့ဗျ။ အဲဒါ ဘာဆေးတွေများ သုံးရမလဲဆိုတာ စာရေးဆရာကြီးဆီမှာ အကြံဉာဏ် လာတောင်းတာ'

'ညီ့သည်ဆိုလို့ ဘယ်သူများမှတ်တယ် ကိုမျိုးမြင့်ကို။ ကော်ဖီလေး သုံးဆောင်ပါဦး'

'ကျေးဇူးပဲ အစ်မ၊ ကိုဘုန်းဝေနဲ့ အစ်မ မအေးစိန်တို့ ဇနီးမောင်နှံကတော့ ကျန်းမာရေး ပညာပေးစာပေတွေ ရေးသားနေသူတွေမို့လား မသိဘူး။ လန်းဆန်းကျန်းမာ လှပနေတာကို တွေ့ရလို့ အားကျမိပါတယ်ဗျာ'

'ကိုမျိုးမြင့်ရေ ကျွန်တော်ရော အေးပါ အရင်တုန်းက ခင်ဗျားလိုပဲဗျ။ ကျွန်တော်ဆိုရင် စာလဲ မရေးနိုင်၊ စာလဲ မဖတ်နိုင် စာရေးစာဖတ်တိုင်း ခေါင်းတွေ အုံခဲလာပြီး စိတ်ရောလူရော အကြံဉာဏ်ပါ ထုံထိုင်းလေးလံနေတာဗျ။ အေးဆိုရင်လဲ တစ်နေ့တခြား ဝ,ဝလာတယ်။ ဇက်ကြောထိုး၊ နောက်ကြောတက်၊ ကိုယ်လက်ညောင်းညာ ကိုက်ခဲနေတယ်။ အထိုင်လေး၊ အထလေးနဲ့ ညဘက်ရောက်လာရင် သားသမီးတွေက နင်းနှိပ်ပေးရတယ်။ သူကြည့်ပြီး စိတ်မချမ်းသာ၊ ကိုယ်ကျတော့လဲ မကျန်းမာဘူး ဖြစ်နေခဲ့တာပါဗျာ'




www.burmeseclassic.com

www.burmeseclassic.com






'ဟာ ကိုဘုန်းဝေကလဲ လုပ်တော့မယ်။ အခု ဆရာဆိုလဲ ကျန်းမာလန်းဆန်းလို့၊ အစ်မဆိုရင်လဲ ခန္ဓာကိုယ် သွယ်လျပြီး သွက်လက်ပေါ့ပါးနေတဲ့ဥစ္စာ'

'ကိုမျိုးမြင့်ရေ အခုလို ကျွန်မ အဆီတွေကျ၊ ကိုယ်ရေစစ်တာ၊ ခန္ဓာကိုယ် သွယ်လျပြီး ဖနီးမောင်နှံ ကျန်းမာရွှင်လန်းနေတာက တော့ ဆေးစွမ်းတစ်လက်ကြောင့်ပဲရှင်'

'ဒါဆိုရင် လုပ်ပါဦးဗျ၊ ဘာဆေးလဲ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးလေ'

'ကိုတုန်းဝေကတော့ လုပ်ပြီ၊ ဆေးဝါးကောင်းတွေ့တာတောင် အသိမပေးဘူး'

'ဒီလိုဗျ၊ ကျွန်တော်လဲ စာဖတ်စာရေးတာနဲ့ မျက်စိ၊ မျက်ခုံး မျက်လုံးတွေ လေးလံလာတယ်။ နောက်ကြောတက်၊ ဇက်ကြော ထိုးပြီး ညောင်းညာလေးလံနေတယ်။ ဆီးဝမ်းလဲချုပ်၊ အပူလဲ ငုပ်နေပြီး ဒူလာ လိပ်ခေါင်းရောဂါပါ ဖြစ်စပြုလာနေတာဗျ။ တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ မောင်မြင့်မောင် ရောက်လာပြီး ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးတစ်ဘူး လက်ဆောင်ပေးသွားတယ်။ ဆေးညွှန်း ဖတ်ကြည့်တော့ ကျွန်တော်တို့ ဇနီးမောင်နှံဖြစ်နေတဲ့ ရောဂါ လက္ခဏာတွေနဲ့ တစ်ထပ်တည်း တွေ့ရလို့ သုံးစွဲလိုက်တာ ဖြစ်ပေါ်ခံစားနေရတဲ့ ရောဂါတွေဟာ ကင်းစင်သွားပြီး အခုလို စိတ်ရောကိုယ်ပါ ကျန်းမာလန်းဆန်းနေတာပါ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးရဲ့ အာနိသင်လေး ပြောပြပါဦး'

'သမားတော် ဆရာကြီး ဆရာမြင့်ကတော့ ဤဆေးဟာ တိုင်းရင်းဆေးစစ်စစ်ဖြစ်ပြီး သဘာဝဆေးဖက်ဝင် ဆေးပစ္စည်းများနဲ့ စနစ်တကျ စီမံဖော်စပ်ထားတဲ့ ဆေးဖြစ်လို့ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်လို့ ဆိုပါတယ်။

သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့ မျက်စိမှုန်ဝေခြင်း၊ မျက်စိ အာရုံကြောများအားနည်းခြင်း၊ ခေါင်းမူး၊ ခေါင်းအုံ့၊ ခေါင်းကိုက်ခြင်း၊ မျက်ခုံး၊ မျက်လုံးများ လေး၍ မျက်ရိုးကိုက်ခြင်း၊ နောက်ကြော တက် ဇက်ကြောထိုးခြင်း၊ ကိုယ်လက်များ ညောင်းညာကိုက်ခဲ၍ မအီ မသာ ထိုင်းမှိုင်းလေးလံနေခြင်း၊ သွေးတက်၊ သွေးတိုးဖြစ်ခြင်း၊ သွေးမသန့်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပြင်လိပ်ဖြစ် ခြင်း၊ ဒူလာကိုက် ညောင်းညာ ချည့်နဲ့ခြင်း၊ အပူခိုး အပုပ်ခိုးများ အပေါ်သို့တက်၍ မျက်ရည်ပူကျခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ တိမ်သလာဖြစ်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ လည်ချောင်းနာခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဆီးချုပ်ဆီးကျန်ဖြစ်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန် စမြင်းခံခြင်း၊ လေချုပ်လေပွဖြစ်ခြင်း၊ အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူ၍ အဆီပိုများ ပွားများနေခြင်း အသားအရေ မွဲခြောက် ညစ်ထေးနေခြင်း စသော ရောဂါများကို သက်သာ ပျောက်ကင်းလို့ မျက်စိကြည် အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေတဲ့ အဆီများကို ကျဆင်းစေပြီး ဆီး၊ ဝမ်း၊ လေတို့ကို မှန်၍ ကျန်းမာပေါ့ပါး သွက်လက်လန်းဆန်းစေ တဲ့ဆေး ဖြစ်တယ်ဗျ'

'ဒါဆို ဆရာမြင့်ရဲ့ စကြာမင်း မျက်စိကြည် အကြောပြေဆေး ဟာ မျက်စိကို အသုံးပြုပြီး အလုပ်လုပ်ရသူတွေ၊ နေ့စဉ် စာရင်း ဇယားတွေနဲ့ ရင်ဆိုင်နေရတဲ့သူတွေ၊ ရုံးမှာ မိမိတို့လုပ်ငန်းတွေ မှာ ကြာမြင့်စွာ ထိုင်ကြပြီး အလုပ်လုပ်ကြရသူတွေနဲ့ ကာယ၊ ဉာဏ အလုပ်သမားတွေအတွက် နေ့စဉ် မှီဝဲသုံးစွဲသင့်တဲ့ ဆေးပေါ့နော်'

'ပြောဖို့လိုသေးလား ကိုမျိုးမြင့်ရယ်၊ ဝမ်းတစ်လုံးကောင်းပြီး ခေါင်းမခဲဘဲ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ကျန်းမာရေး လူမှုရေး စီးပွားရေးတွေ နောက်ကျကျန်မနေခဲ့အောင် အဖော် ကောင်းဖြစ်တဲ့ ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးကို ဆောင်ထားပါလို့ သင့်ကျန်းမာရေးအတွက် အကြံပြုပါရစေ'

'ကျေးဇူးပဲ ဆရာကိုဘုန်းဝေရေ၊ ကျန်းမာပျော်ရွှင် ပြည့်စုံ ကောင်းမွန်တဲ့ မိသားစုကမ္ဘာလေးဖြစ်အောင် "စကြာမင်း မျက်စိကြည် အကြောပြေဆေး"ကို ပြေးဝယ်လိုက်ဦးမယ်ဗျာ'

ပင်ရင်း–မြန့်စျိုးရေး

**စကြာမင်း**

တိုင်းရင်းဆေးတိုက်

အမှတ်-စ/၆၆၆၊ သုဝဏ္ဏလမ်းမကြီး

သုဝဏ္ဏမှတ်တိုင်အနီး၊ ပြောက်ဥက္ကလာပမြို့နယ်။

ဖုန်း-၀၁-၆၃၀၀၃၁၊ ၇၂၂၄၉၃



www.burmeseclassic.com

www.burmeseclassic.com

သရက်မြို့ အရှေ့မြောက်စွန်းမှ

# ဇာလီတောင် သာသနာ့မြေသို့ [၁]

ပြည့်သော်တာ

သရက်မြို့၌ ဇာလီတောင်သို့ သွား ရောက်လေ့လာရန် ဆိုင်ကယ်သမား တစ်ဦးကို ခေါ်ယူ ငှားရမ်းသောအခါ သူက ဤသို့လျှင်...

'ဇာလီတောင်မသွားခင် ဆရာတော် ရှိမရှိ ဒါယကာရင်းတွေဆီမှာ စုံစမ်းကြည့်ရင် ကောင်းမယ်'

ဟု အကြံပေးသည်။ မိမိမှာ ဇာလီ တောင်ဆရာတော်၏ ထေရုပ္ပတ္တိကို လည်း စုံစမ်းလိုသဖြင့် သူ့အစီအစဉ်ကို သဘောတူလိုက်သည်။

ဦးစွာ တွေ့ရသည့် အသက်(၇၀)ခန့် အမျိုးသမီးက...

'ဆရာတော်ကအနောက်ဇာလီတောင်မှာ ရှိနေတယ်။ သူ့ဆီသွားမယ်ဆိုရင် ကြိုတင် စုံစမ်းပြီးမှ သွားသင့်တယ်။ ထေရုပ္ပတ္တိစာအုပ် ကတော့ ရပ်ဝေးက မိတ်ဆွေတစ်ယောက် ယူသွားလို့ မရှိတော့ပါဘူး'


ဟု ပြောကြား၏။

နောက်ထပ် ဒါယကာရင်းနှစ်ဦး ကလည်း အထက်ပါအတိုင်းပင် ပြော ကြားကြလေသည်။

'ဘာအတွက် စုံစမ်းတာလဲ ဦးလေး'

'ဆရာတော် အလုပ်များနေရင် တွေ့ခွင့် မရမှာစိုးလို့ပါ။ သရက်က မူလ ဇာလီတောင် အပြင် မင်းတုန်းမြို့နားမှာ အနောက်ဇာလီ တောင်တစ်ခု၊ မင်းဘူးအထက်နားမှာ တစ်ခု နဲ့ ရန်ကုန် တောင်ဥက္ကလာမှာလဲ ဇာလီ တောင် အခွဲတွေရှိသေးတယ်လေ'

'ဇာလီတောင် ပထမဆရာတော်နဲ့ ပတ်သက်ပြီး ပုဇော်မှု ဆောင်းပါးရေး



သုမင်္ဂလအောင်စေတီ

မလို့ပါ။ သရက်ဇာလီတောင်ကိုပဲ သွား ကြတာပေါ့'

သို့ဖြင့် ဇာလီတောင်ဆီသို့ ထွက်ခွာ လာခဲ့ကြသည်။ တပ်နယ်မြေအချို့ကို ဖြတ်ကျော်ကာ "ဇာလီတံတား"ကို ကူးရသည်။ တံတားအလွန်တွင် စစ်သည်ဗိမာန်တစ်ခုကို တွေ့ရ၏။

ဒုတိယကမ္ဘာစစ်အတွင်းက ကျဆုံး



www.burmeseclassic.com

www.burmeseclassic.com






◆ ဇာလီတောင်တိုက်သစ်ကျောင်း

[illegible] ▶

◆ [illegible]



ခဲ့ကြသော မဟာမိတ်စစ်သည်အချို့၏ အထိမ်းအမှတ် စစ်သည်ဗိမာန် ဖြစ်သည်။ နိုင်ငံခြားဧည့်သည်များ မကြာခဏ လာရောက်လေ့ ရှိကြောင်း သိရ၏။

ယင်းနောက် မြခဲတောင် အရှေ့ တောင်တို့ကို ကျော်ဖြတ်ကာ ဇာလီတောင်သို့ ရောက်ကြသည်။ လာရာ လမ်းမှာ ဖြောင့်ဖြူးညီညာ၍ ဇာလီတောင်ဆရာတော် ဖောက်လုပ် ခင်းကျင်းခဲ့သည်ဆို၏။

ဇာလီတောင်တိုက်သစ် ကျောင်းတွင် ကပ္ပိယဦးငြိမ်းမောင်နှင့်တွေ့၍ ပထမဆရာတော်၏ ထေရုပ္ပတ္တိစာအုပ် အကြောင်း မေးမြန်းရာ...

'ကျောင်းမှာတော့ မရှိဘူး။ သူ့ တပည့်ရင်းတွေဆီမှာ တစ်အုပ်တလေ ရှိနိုင်ပါတယ်'

'ကျွန်တော် စုံစမ်းခဲ့တဲ့ ဒါယကာရင်း သုံးယောက်ကတော့ အခြားကို ပေးလိုက်ပြီလို့ ပြောကြတယ်'

'ကျုပ်ဆီမှာလဲ မရှိတော့ပါဘူး။ ဘုရားဖူးတာကတော့ ရပါတယ် မောင်ကျော်စိုးလွင် လိုက်ပို့ပေး မယ်'

ဟူ၍ ဖြေကြားသည်။

သို့ဖြစ်လေရာ လက်လှမ်းမီရာ ဆောင်းရသမျှ ထေရုပ္ပတ္တိအကျဉ်း တင်ပြပါမည်။


## ဇာလီတောင်ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်း

ဆရာတော်လောင်းလျာကို ဝတီ မြစ်ဝကျွန်းပေါ်ဒေသ၊ ငါး ချောင်းမြို့၊ မင်းပိုင်းရပ်နေ ဦးဘိုး ဒေါ်မင်းရင်တို့မှ မြန်မာသက္က ၁၂၆၆ ခုနှစ်၊ ပြာသိုလပြည့် သော နေ့တွင် မွေးဖွားသည်။ တစ်ဦးတ သော သားဖြစ်ကာ ငယ်မည်မောင် ဟု တွင်၏။

အသက်(၁၃)နှစ်အရွယ်တွင် စစ် မြို့ တောင်ဘီလာ ကျ သယ

www.burmeseclassic.com






▲ အုတ်ဆိုက်နေရှုမည်း ကျည်းစာတန်း

ဓေတီအရိုမှ တံခွန်တိုင် ►

▼ ဓာဓိယင် ကျုံးတော်စောင့်ဗိုက်ဘို



ဆရာတော်ဦးပဏ္ဏဝံသထံ သာမဏေ
သည်။ ဆရာတော်က မိမိဘွဲ့နှင့်
တူ **"ရှင်ပဏ္ဏဝံသ"**ဟု ဘွဲ့မည်
။ ဆရာတော်ထံတွင် သုံးနှစ်နေ
ဝိနည်းနှင့် သဒ္ဒါကျမ်းများ သင်ယူ
သည်။

၁၂၈၅ ခုနှစ်၊ တန်ဆောင်မုန်း
ပြည့်နေ့တွင် ရဟန်းဘောင်သို့
ရောက်ရှိရာ ဆရာဘွဲ့နှင့် မိမိဘွဲ့ တူညီ
သဖြင့် နေ့သင့်နံသင့်ဖြစ်သော
သုမင်္ဂလသာမိတွဲ့မည်ကို ပြောင်း
ခဲ့၏။

ရဟန်းဖြစ်ပြီးနောက် မန္တလေး
အနောက်ဝိသုဒ္ဓါရုံကျောင်း၌ ပိဋကတ်
စာပေများ သင်ယူခဲ့ရာ (၅)ဝါမျှ ကြာခဲ့
သည်။ ထို့နောက် ၁၂၉၀ ပြည့်နှစ်တွင်
ရွှေစက်တော်တောဝန်းကျင်၌ တောရ
ဆောက်တည် အားထုတ်သည်။

ယင်းနောက် ရေနံချောင်းမြို့နယ်၊
နတ်မောက်မြို့နယ်နှင့် ပုပ္ပါးတောင်
ဝန်းကျင်ဒေသများ၌ လည်းကောင်း၊
မြန်မာနိုင်ငံအထက်ပိုင်း မြစ်ကြီးနား၊
ကသာ၊ မြန်မာနိုင်ငံအောက်ပိုင်း ပဲခူး၊
သထုံ၊ မော်လမြိုင်၊ မြိတ်ထားဝယ်
မြို့နယ်များနှင့် ရခိုင်ပြည်နယ်၊ ရှမ်းပြည်
နယ်ဒေသများ၌ လည်းကောင်း
တောရ ဆောက်တည် ကျင့်ကြံ အား
ထုတ်ခဲ့သည်။

၁၃၀၀ ပြည့်နှစ်တွင် သရက်မြို့
မြောက်ဘက်ရှိ ဇာလီတောင်တွင်
တောရဆောက်တည်၍ ၁၃၀၂ ခုနှစ်၌
ရွှေစက်တော်သို့ ပြောင်းရွှေ့ သီတင်း
သုံးသည်။

ထိုမှ ၁၃၁၂ ခုနှစ်အထိ ပွင့်ဖြူမြို့
နယ်နှင့် စကုမြို့နယ်အတွင်းရှိ တော
တောင်များနှင့် **မဟာမြိုင်တောတို့၌**
တောရ ဆောက်တည်ခဲ့သည်။


၁၃၁၅ ခုနှစ်တွင် ဇာလီတောင်သို့
ဒုတိယအကြိမ် ကြွရောက်ကာ ပျံတော်
မူသည်အထိ သီတင်းသုံးတော်မူခဲ့
သည်။

**စလင်းကန်လယ် ဆရာတော်
ဦးဝစီရာဝုဓ၊ မင်းဘူးကျောက်မဲ
တောင် ဆရာတော်ဦးပဏ္ဍိတ**တို့နှင့်
အထူး ရင်းနှီးကျွမ်းဝင်မှုရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



◆ တံခွန်တိုင်ထိပ်မှ နတ်ရုပ်နှင့် ဓော်ကိုရုပ်များ

ဆရာတော်သုံးပါးသည် ရွှေစက်တော် ဘုရားပွဲတော်ကျင်းပချိန်၌ အချိန်းအချက်ပြုလုပ် တွေ့ဆုံကြကာ ရွှေစက်တော်ဝန်းကျင် တောတောင်များ၌ တစ်နေရာစီ ခိုဝင် အားထုတ်ခဲ့ကြသည်။

**သုံးပါးလုံး ဝတ္ထုငွေကြေး အလှူခံ ကိုင်ဆောင်ခြင်းမရှိဘဲ ကော့ စလင်း၊ လယ်ကိုင်း၊ ရွှေစက်တော် ဝန်းကျင်ဒေသများ၌ သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်ဖြင့် ခြေဗလာဖြင့် ခြေကျင်ကြွခဲ့ကြသည်ဟု သိရ၏။**

စလင်းကန်လယ် ဆရာတော်ကြီး၏ ထေရုပ္ပတ္တိစာအုပ်တွင် ဇာလီတောင် ဆရာတော်နှင့် ပတ်သက်၍ အောက်ပါအတိုင်း တွေ့ရှိရ၏။

ကောဇာ ၁၂၉၅ ခုနှစ်တွင် ဇာလီတောင်ဆရာတော်သည် ရေနံချောင်းမြို့ မြောက်ဘက် ညသျှစ်ကုန်းရွာအနီး တောရဆောက်တည်နေရာမှ မကွေးမြို့တောင်ဘက် မြင်ကွန်းရွာ အရှေ့ဘက် တောင်တန်းသို့ ရွှေ့ပြောင်းလာပြီး တောရဆောက်တည်သည်။

၁၃၀၅ ခုနှစ်၊ ဝါကျွတ်အပြီးတွင် **ထွန်းတောင်၌** သီတင်းသုံးနေတော်မူ သော ဇာလီတောင်ဆရာတော်အား ဂျပန်ကင်ပေတိုင်များက အင်္ဂလိ သူလျှိုဟု စွပ်စွဲကာ ဖမ်းဆီးခဲ့ကြသည်

ထိုအခါ စလင်းကန်လယ် ဆရာ တော်ကြီးသည် ဇာလီတောင် ဆရာ တော် လွတ်မြောက်ရေးအတွက် ဆောင်ရွက်ရန် ရန်ကုန်သို့ ကြွတော် ရသည်။

ထိုခေတ်အခါက (ဂျပန်ခေတ် သာသနာရေးဝန်ကြီးမှာ ဗန္ဓုလဦးစိ ဖြစ်သည်။ ဗန္ဓုလဦးစိန်၏ အကူအညီ ကို ရယူပြီးလျှင် သက်ဆိုင်ရာတို့ ဆောင်ရွက်ပေးမှုကြောင့် ဇာလီတော ဆရာတော်မှာ လွတ်မြောက်လာရ သည်။

**[ဇာလီတောင်တွင် လေ့လ ကြည့်ရှုရသောအခါ သုမင် အောင်စေတီသွား လမ်းဘေ "ဗန္ဓုလဆောင်"ဟု ကမ္ပည်း ထားသည့် ကျောင်းဆောင် ဆောင်ကို တွေ့ခဲ့ရသည်၊ မှတ်တမ်းမှာ ၁၃၅၈ ဖြစ်သည်၊**

**ဇာလီတောင် ဆရာတော်သ ၁၃၄၉ ခုနှစ်၊ တန်ဆောင်မုန်းလ ခန္ဓာဝန်ချတော်မူသည်ဖြစ်ရာ ကျောင်းဆောင်၏ သက္ကရာ (၉)နှစ်ခန့် နောက်ကျနေ၏၊**

**ဖြစ်စဉ်မှာ ဆရာတော်သ ကျေးဇူးရှိဖူးသော ဗန္ဓုလဦးစိ ရည်စူး၍ ဤဗန္ဓုလအဆောင် ဆောက်လုပ် မှည့်ခေါ်စေခဲ့သ**

**မူလ ပျဉ်ထောင်ကျောင်း ယိုယွင်းသဖြင့် ၁၃၅၈ ခုနှစ် အုတ်တိုက်ဆောင်အဖြစ် မွမ်းမံ တည်လုပ်ခြင်းဖြစ်သည် ဆိုပေသည်။]**



www.burmeseclassic.com

www.burmeseclassic.com



◄ ရွှေလသောင်

▼ ဇာလီတောင်မှ ကျောင်းဆောင်အချို့



စလင်းကန်လယ် ဆရာတော်ကြီးသည် ထိုကိစ္စများ ဆောင်ရွက်ပြီးနောက် ရန်ကုန်မှ (ဇာလီတောင် ဆရာတော်နှင့်အတူ) ပြန်ကြွခဲ့သည်။ မင်းဘူးမြို့တွင် ဒုတိယကမ္ဘာစစ် ပြီးဆုံးသည်အထိ သီတင်းသုံးတော်မူခဲ့သည်။

စစ်ကြီးပြီးဆုံးသောအခါ စလင်းကန်လယ်ဆရာတော်ကြီးနှင့် ဇာလီတောင် ဆရာတော်တို့သည် မင်းဘူးကျောက်မဲတောင်ဆရာတော် ဦးပဏ္ဍိတနှင့် ရွှေစက်တော်တွင် ပြန်လည်ဆုံတွေ့ခဲ့ကြသည်။

စလင်းဆရာတော်နှင့် ကျောက်မဲတောင်ဆရာတော်တို့သည် ဇာလီတောင်ဆရာတော်အား သရက်၊ ဇာလီတောင်သို့ ပြန်လည် ပို့ဆောင်ပေးကြသည်။

ကျောက်မဲတောင် ဆရာတော် ဦးပဏ္ဍိတသည် ပျံတော်မူသည်အထိ မင်းဘူးမြို့ ကျောက်မဲတောင်တွင် သီတင်းသုံးတော်မူခဲ့လေသည်။

*(အညာကြံဘီကျွ၊ ကျွေးအလင်း၊ သံဗိဒ် ကျဉ်းနှင့် စလင်းကန်လယ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိစာအုပ်။ ရေးသူ ဦးထွန်းအောင်၊ ဒိုက်ဦး။ ၁၉၈၅ ခုနှစ်၊ စက်တင်ဘာလထုတ် ပဉ္စမအကြိမ် စာမျက်နှာ ၁၂၄ တွင် တွေ့လာနိုင်ပါသည်။)*

ဆရာတော်သည် ထိုကဲ့သို့ ဇာလီတောင်ကို ရောက်ပြီးနောက် ကြာရှည်သီတင်းသုံးခြင်း မပြုသေးဘဲ မင်းဘူး၊ စကု၊ စလင်းနယ်မြေ တောတောင်တို့၌ တောရဆောက်တည်ကာ ဆက်လက်ကျင့်ကြံအားထုတ်ပြန်သည်။

၁၃၁၅ ခုနှစ် ဒုတိယ ဝါဆိုလဆန်းတွင် စကုမြို့ ထောင်ပြည့်ဂူမှ မင်းဘူးမြို့ စက္ကိန်းတဲသို့ ကြွသည်။ ထိုမှတစ်ဆင့် သရက်၊ ဇာလီတောင်သို့ ပြန်လည်ကြွရောက်တော်မူခြင်း ဖြစ်လေသည်။

ထိုကာလများတွင် ဆရာတော်သည် ရှေ့၌ဖြစ်မည့် **အကြောင်းအရာတို့ကို ကြိုတင် မိန့်ကြား ပြင်ဆင်စေခြင်း၊ သူတစ်ပါး၏ စိတ်အကြံကို သိရှိခြင်း၊ ပရစိတ္တဝိဇာနနအဘိညာဉ်ကိုပင်** ကောင်းစွာ ပိုင်နိုင်လျက် ရှိသည်ဟု မှတ်တမ်းပြုကြလေသည်။

## ဇာလီတောင်တွင်

ကပ္ပိယကြီး တာဝန်ပေးသဖြင့် မောင်ကျော်စိုးလွင်က သော့များကိုင်၍ ရှေ့မှဦးဆောင်လျက် အရှေ့ဘက်တောင်ဦးသို့ သွားရောက်ကြသည်။

ဗောဓိညောင်ပင်ကြီး တစ်ပင်ကို တွေ့ရ၍ အနီး၌ **"ဗောဓိဆောင်"**ဟု ကမ္ပည်းတင်ထားသည့် အုတ်တိုက်တစ်ထပ်ဆောင် တည်ရှိ၏။

ရွှေလဆက်ဖတ်ပါရန်

ငြိမ်းဓေသာ်တာ



www.burmeseclassic.com

www.burmeseclassic.com



ကျော်သန့်
(ပုသိမ်ကြီး)

ထိရောက်အောင်မြင်စေမည့်

# ဓာတ်လုံးမီးတောက်နည်းများ

အချို့ရှေးဆိုသော စကားအစီရှာယ် မှာ မီးဖြင့်ဆောင်ရွက်ရသည့် အတတ် ပညာဟု ဆိုထားခြင်း ဖြစ်ပါသည်။

မိမိဓာတ်လုံး တစ်မျိုးမျိုးကို မီးဖြင့် အဆင့်ဆင့် ရင့်မာပြောင်းလဲစေပြီး ဓာတ်နုဘဝမှ ဓာတ်ရင့်ဘဝ၊ ဘော် သက်ရောက်ဘဝသို့ ပြောင်းလဲအောင် ဆောင်ရွက်လုပ်ကိုင်ရသည်။

နောက်ဆုံးတွင် ဓာတ်လုံးက ဓာတ် (၉) ပါးလုံးကို ပြာရိုက်လာနိုင်ပါသည်။ ဤသို့ ပြာရိုက်နိုင်က ဘော်၊ သံ၊ ရွှေ သတ္တုများကို ပြာရိုက်၍ ထိုပြာသုံးမျိုး အား မီးဖြင့် (၁၂)ဆင့် ထပ်မံဖုတ်ပြီး ရရှိလာသည့် (၁၂)ဆင့်ပြာနုများကို ပျားရည်တစ်ပိဿာတွင် တစ်ရွေးခန့် ထည့်ပြီး သုံးဆောင်သွားပါက အသက် ရှည်ပြီး ထွက်ရပ်ပေါက်အဆင့်သို့ ရောက်ရှိနိုင်ကြောင်း အဂ္ဂိရတ်ဆိုင်ရာ ကျမ်းအသီးသီးက ပြဆိုထားကြပါ သည်။

အထူးသဖြင့် ပြဒါးအခြေခံဓာတ်လုံး အား မီးအဆင့်ဆင့် တက်ရောက်နိုင်ရန် အတွေ့အကြုံနှင့် အသိအမြင်များစွာ လိုအပ်ပါသည်။ စာတွေ့လက်တွေ့ နှစ်ပါးလုံး ညီညွတ်မျှတနေရန် အရေး ကြီးသည်။

မိမိဓာတ်ကြီး စတည်ခါစတွင် မီးနု ဖြစ်သော မီးလျှံမီးဖြင့် လေဲဖို သို့မဟုတ် ဆွဲဖိုမှာထည့်၍ ထိုးရမည်။ တဖြည်း ဖြည်းနှင့် ဓာတ်လုံးအခြေအနေ ရင့်လာ ချိန်တွင်မှ နှုတ်ခမ်းတိုက်မီးကို အသုံးပြု ရပါသည်။

ဓာတ်လုံး ပထဝီဆိုက်ချိန်တွင်မှ ခါးတိုက်မီးဖြင့် အဆင့်ဆင့် တက်ရ ပါသည်။ မည်သည့်ဆင့်ကိုမျှ ဓာတ်လုံး ဖင်တိုက်မီး မထိုးသင့်ပါ။ ပြဒါးအငွေ့ကို ဖမ်း၍ အစိုင်အခဲဘဝသို့ရောက်အောင် ထိန်းချုပ်ထားသည့် မီးလျှံမီးနှင့် နှုတ်ခမ်းတိုက်မီးကိုသာ အကြိမ်များစွာ အသုံးပြု၍ မီးထိုးခံပြဒါးဓာတ်လုံး အဆင့်ရောက်ပြီဆိုမှ **ခါးတိုက်မီး**ကို အသုံးပြုရမည် ဖြစ်ပါသည်။

ဤသို့ ဓာတ်လုံးကို တစ်လုံးပြီး တစ်လုံး ထိုးရင်းဖြင့် မီးထိုးခံဘဝ ရောက်လာမှသာ ချော်တစ်လုံ နှစ်ရ သည်။ ချော်ဖြင့်ထိုးခြင်းအားဖြင့် ပြဒါး နှင့် ပေါင်းစပ်နေသော ဓာတ်ပေါင်းများ ပိုမို ပေါင်းစပ်မှုအားကောင်းလာပြီး ဓာတ်လုံး၏ အညစ်အကြေးများ ချော်ထဲသို့ ပျော်ဝင်လာကြကာ ဓာတ် လုံးကို ပိုမိုချောမွေ့လာစေပါသည်။

ဓာတ်လုံး စင်ကြယ်လာစေရန် အတွက် အခြောက်ခွံနှစ်လုံ၊ ချော်တစ် လုံနှုန်း ထိုးသွားရသည်။ လုံပေါင်း (၆၃)လုံထိုးပြီးပြီဆိုက **ဝက်ဆီ၊ ထော ပတ်၊ ပျားရည်**တို့တွင် ခံရည်လောင်း ရသည်။ ဤတွင် (၆၄)လုံသို့ ရောက်ပြီ ဖြစ်ပါသည်။

ခံရည်လောင်းရာတွင် ကျွမ်းကျင်မှု ရှိဖို့ လိုပါသည်။ မကျွမ်းကျင်ပါက ဓာတ်လုံးမှ ဓာတ်သားများ အငွေ့ အလွင့် ဖြစ်စေနိုင်သည်။ ဓာတ်လုံး လုံချောက်ထိုးရာတွင် ... ချောက်

www.burmeseclassic.com

www.burmeseclassic.com



မကျွတ်သေးပါက ခံရည်မလောင်းသင့်သေးပါ။ ထိုအဆင့်တွင် ခံရည်လောင်းလိုက်မိပါက ဓာတ်များ အငွေ့ပုံထွက်၍ လျော့ခြင်း၊ ဓာတ်နုများ ဗျိုင်းပျံသလို အဖြူရောင် ချွေးစက်များထွက်၍ အဖြူငွေ့များဖြစ်ပေါ်ကာ ဓာတ်များစွာ လေလွင့်စေတတ်ပါသည်။

ဓာတ်လုံး လုံခြောက်ကျွတ်ချိန် ရောက်သည့်အခါတွင်မှ ခံရည်လောင်းမည်ဆိုပါက ဓာတ်လုံးအတွင်းရှိ အညစ်အကြေးများ အထူးသန့်စင်သွား၍ အရောင်တောက်ပလာပြီး သိဒ္ဓိများ ဝင်ရောက်လာနိုင်သည်ဟု ဆရာကြီးများက လမ်းညွှန်ခဲ့ကြပါသည်။

ခံရည်လောင်းခြင်းကိုလည်း တစ်ဆက်တည်း ကြိမ်ဖန်များစွာ မလောင်းသင့်ပါ။ မိမိဓာတ်လုံးအား အခြောက်(၇)လုံ၊ ချော်(၁)လုံနှုန်းဖြင့် (၈)ကြိမ်ထိုးအပြီး (၆၃)လုံသို့ရောက်ရှိအောင် မီးဖြင့်ထိုးပြီးချိန်တွင် တစ်ကြိမ် ခံရည်လောင်းရသည်။

ဤနှုန်းထားအတိုင်း (၆၄)လုံအကြိမ်ပေါင်း(၄)ကြိမ် မီးဖြင့် ထိုးပြီးပါက လုံပေါင်း (၂၅၆)လုံ ထိုးပြီးမည်ဖြစ်ပါသည်။ ဤအဆင့်တွင် ဓာတ်လုံး၏ အစွမ်းသိဒ္ဓိများ ပြည့်ဝစွာ ရရှိလာမည်ဖြစ်ကြောင်း ပညာရှင်ကြီးများက မိန့်ကြားခဲ့ကြပါသည်။

ဤတွင် **တစ်လုံ**ဆိုသောစကားနှင့် **တစ်မီး**ဆိုသော သတ်မှတ်ချက်များကို ရှင်းလင်းစွာ သဘောပေါက်ထားဖို့ အရေးကြီးသည်။ အဂ္ဂိရတ်ကျမ်းများ အဆိုအရ မိမိ၏ **ပြဒါးဓာတ်လုံး (ရှစ်ပါးဓာတ်လုံး)ကို နံနက်(၆)နာရီ နေစထွက်ချိန်မှစ၍ ညနေ(၆)နာရီ နေဝင်ချိန်အထိ** မီးဖြင့်ထိုးပါက တစ်မီးရသည်ဟု သတ်မှတ်ပါသည်။

တစ်နည်းဆိုရသော် လုံအသစ်တစ်လုံထဲတွင် မိမိဓာတ်လုံးကို ထည့်သွင်းပြီး နံနက်(၆)နာရီမှ ညနေ(၆)နာရီအထိထိုးပါက တစ်လုံပြီးသည်ဟု ဆိုပါသည်။

ယင်းသို့ မီးထဲတွင် တစ်နေ့လျှင် (၁၂)နာရီမျှ ကြာမြင့်အောင်ထား၍ မီးပေးဆောင်ရွက်မည်ဆိုပါက တစ်ဆက်တည်းထိုး၍ လုံမခံနိုင်ပါ။

နာရီဝက်ထိုးပြီးချိန်တွင် နာရီဝက်နားခြင်း၊ တစ်နာရီဖိုဖြင့်ထိုး၍ တစ်နာရီဖိုရပ်ထားကာ မီးနုပ်ထားခြင်းမျိုး ပူလိုက်အေးလိုက် သို့မဟုတ်ဓာတ်ပျော်အောင်ထိုးလိုက်၊ ပျော်နေသောဓာတ်ကို အခဲဘဝ ရောက်သွားအောင် မီးထဲမှာပင် အအေးခံထားလိုက်နည်းဖြင့် ဆောင်ရွက်သွားနိုင်မှသာ တစ်နေကုန် မီးထဲမှာထားသော်လည်း လုံက ခံနိုင်ရည်ရှိမည်ဖြစ်ပါသည်။

ဤစနစ်မှာ သိဒ္ဓိသွင်းရာလည်း ရောက်သည်ဟု ဆိုပါသည်။ ကမ္ဘာကြီး၏ သဘာဝနိယာမအရ နေ့အချိန်မှာ နေမင်း၏ အပူချိန်ကိုရရှိပြီး ညအချိန်မှာ နေမင်းပျောက်ကွယ်ကာ အအေးဓာတ်ကို ရရှိကြောင်း တွေ့ရပါသည်။

ဤနည်းအားဖြင့် သဘာဝအလျောက် နဝရတ်(၉)ပါးဓာတ်များ ရတနာများ ဖြစ်ပေါ်လာကြောင်း ကြံဆသိမြင်နိုင်ပါသည်။ ဓာတ်လုံး မီးပေးရာတွင်လည်း အရည်ပျော်အောင် ဖိုဆွဲလိုက်၊ အရည်ပျော်ချိန်တွင် ဖိုကို ရပ်နားထား၍ အခဲဘဝသို့ ကူးပြောင်းစေလိုက်ဖြင့် အကြိမ်ကြိမ် ဆောင်ရွက်သွားပါက ဓာတ်၏ သန္ဓေသား ရင့်ကျက်လာပြီး သိဒ္ဓိ(၁၀)ပါးပေါက်မြောက်သည့် ဓာတ်လုံးဘဝသို့ တဖြည်းဖြည်း ကူးပြောင်းရောက်ရှိလာမည်ဖြစ်ကြောင်း တင်ပြလိုက်ပါသည်။

သို့ဖြစ်ပါ၍ အဂ္ဂိရတ်ဝါသနာရှင်များနှင့် အဂ္ဂိရတ်ပညာ လေ့လာနေကြသူများအနေနှင့် မိမိဆောင်ရွက်နေသော ပြဒါးဓာတ်လုံး (ရှစ်ပါးဓာတ်လုံး)အား ဖော်ပြပါ ဓာတ်လုံးမီးတက်စဉ် နည်းလမ်းများအတိုင်း စနစ်တကျတက်လှမ်းဆောင်ရွက်မည်ဆိုပါက ပေါက်မြောက်အောင်မြင်သောဓာတ်လုံး၊ သိဒ္ဓိမြောက်ဓာတ်လုံးများ အမြန်ဆုံး ရရှိလာနိုင်မည်ဖြစ်ပါကြောင်း စေတနာကောင်းဖြင့် ဖော်ပြရေးသားလိုက်ပါသည်။

**အောင်သန့် (ပုသိမ်ကြီး)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာအောင်းဝါး

•••••••• ဆေးစွမ်းထက်မြက်ကြောင်း အကြွားမဆိုတဲ့ ••••••••

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နှန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီး နောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင်ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ၏နီး ဖေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဖေါ်ခင်ခင်ဝေ့**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

## သမားအို နန်းတွင်းလိမ်းဆေးကြီး

***[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၀၅၁၀ YR ၀၀၀၉၉၇]***

***[လိုင်စင်အမှတ် ၁၁/၂၀၀၈ တဆထလ တိုး(၀၁၂၁)]***

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပဒုတ်၊ မင်သော် စသည့် ဆေးပွများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံးဝ မပါရှိဘဲ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဇက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နာစေး၊ နာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်"**အသားအရေ ဖြူနု ချောမွတ်ပြီး မကြုံဘူးအောင် အလှထူးစေသည့်**"ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူးခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျိုးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကျိုးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

## သမားအို လေးဖက်နာဆေး

***[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၀၃၀၉ YR ၃၀၆၃]***

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ်အထွန် များနေခြင်း၊ အေအက်စ်အို သီတာ ယူနစ်(၂၀၀)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအဆင့်ဆင့်တို့ကိုသိရှိနိုင်ပေသည်။

**လေးဖက်နာရောဂါ၏ ဆက်နွှယ်ရောဂါများဖြစ်သော နှလုံး၊ သွေးတိုး၊ ဆီးချိုရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။**

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး ဝမ်း လေမှန်ကာနိုင်ပြီး ကျန်းမာရေးနှင့်ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

## သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

***[တိုင်းရင်းဆေးမှတ်ပုံတင် ၀၃၁၁ YR ၀၀၃၀၆၂]***

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး**တို့ကို သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော "**သတ္တုဂုဏ်**"နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသောအခါ၌ လည်းကောင်း၊ ပရိယတ္တိ၊ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-၀၂၉၁၇) ဖုန်း-၀၉-၅၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၂၉၀၆၇၀ အပြင်မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com




◆ ကုဿာသယ မဟိဒ္ဓိစိကြ (ခေါ်) ငှက်ကြီးအန် ဘုရားကြီး

နိုမြင့်ဦး

# တိမ်မြုပ်နေရ ကုဿာသယ (၁)

[၁]

လွန်ခဲ့သော နှစ်ပေါင်း(၅၀)ကာလ တစ်ခု၌ ရပ်စောက်မြို့နှင့် (၅)မိုင်ခန့် ဝေးသည့် ကြာအင်းကျေးရွာမှ ...ချါးလူမျိုးတစ်ဦးဖြစ်သည့် နွားအုပ် ...ထိန်း ဦးမာလာကျီးဆိုသူသည် ယင်း ...ပိုင်ဆိုင်သော အကောင်(၈၀)ရှိ နွားအုပ် ...ကို ရွာတောင်ဘက် တောင်တန်းများ ...ပေါ်တွင် နေ့စဉ် တက်ရောက်၍ နွား ...ကျောင်းလေ့ရှိသည်။

တစ်နေ့ ရွာတောင်ဘက် အမြင့်ဆုံး ...တောင်ကုန်းကြီး၏ လွင်ပြင်တစ်ခုပေါ် ...၌ နွားများကို ကျောင်းရင်း သူ နေ့စဉ် ...ဆောင်ရွက်နေကျ အလုပ်တစ်ခုဖြစ် ...သည့် မြေပြင်ပေါ်မှ ကျောက်တုံး၊ ...ကျောက်ခဲလေးများဖြင့် ကျောက်ခဲ ...စေတီတည်ခြင်းအမိဌာန်ကို ကျင့်ကြံ ...အားထုတ်လေ့ရှိရာ နီးစပ်ရာ ကျောက် ...ခဲတုံးများ ကောက်ယူ စုဆောင်း၍ အမိဌာန် ပုတီးစိပ်လေတော့သည်။

ထိုသို့ အမိဌာန်မဝင်မီ မိမိအောက် ရှိ ကျောက်တုံးကလေးများကို ကောက်ယူစုဆောင်းစဉ် မိမိအောက်ရှိ ရှေးလက်ရာ ကျောက်ကြမ်းလောင်း ထားသော သမံတလင်းပုံစံ ကွက်လပ် ကြီးတစ်ခုကို မြင်တွေ့လိုက်ရသည်။

သို့သော် ရိုးသားအေးဆေးသော လူမျိုးဖြစ်သည်နှင့်အညီ စိတ်ဝင်စား မှု အလျှင်းမရှိပါဘဲ စိပ်လက်စ ပုတီးကို သာ ဆက်စိပ်ရင်းဖြင့် ထိုအကြောင်း အရာကို မေ့မေ့ပျောက် ပျောက်ထားခဲ့ ရာမှ ထိုသို့ ထူးဆန်းစွာ မြင်တွေ့ခဲ့ရ သော ကွက်လပ်ကြီးမှာ ထိုအချိန် ထို ကာလ၌ပင် တစ်ခန်းရပ်ခဲ့ပါတော့ သည်။

[၂]

ထပ်မံ၍ နောက်အနှစ်(၂၀)ကျော် ပြီးနောက် ရန်ကုန်၊ ဗဟန်းမြို့နယ်ရှိ **"ရွှေနံ့သာ ကျောင်းထိုင်ဆရာတော် ကြီး၊ ဘဒ္ဒန္တဂုဏဝန္တ"**မှ **"ဝိဇ္ဇာဓိုရ်ကြီးအဘရစ်"**၏ နိမိတ် အာရုံအရ အဆိုပါ ကျောက်ခဲစေတီခေါ် ကျောက် တုံးစေတီ၏ ပန္နက်ပေါင်းအပေါ်မှ မိုးအုပ်ကာ **"ငှက်ကြီးအန်(ခေါ်) ကုဿာသယ မဟိဒ္ဓိစိကြစေတီတော်**



www.burmeseclassic.com

www.burmeseclassic.com





◆ ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော် အရှေ့ဘက်မြင်ကွင်း

သက်တော်(၈၀)၊ ဝါတော်(၁၇) ဦးနန္ဒသိရီ ◆

◆ ကျောင်းထိုင်ဆရာတော်ကြီး ဦးနန္ဒသိရီ



ကြီး"ဟု အမည်နာမတွင်တော်ရှိသည့် ဘုရားစေတီကို လာရောက် တည်ခဲ့သည်။

ထိုအချိန်မှာ ၁၉၈၂-၈၃ ခုနှစ် ဝန်းကျင် စာရေးသူတို့ အထက်တန်း ကျောင်းသားဘဝ၌ အတန်းပိုင် ဆရာ/ ဆရာမများက ဦးဆောင်၍ သွားရောက် လုပ်အားပေးခဲ့ဖူးသည်။

ထိုသို့ သွားရောက်၍ လုပ်အားပေးခဲ့စဉ်၌ ငှက်ကြီးအန်ထားခဲ့သော အရိုးတွင်း(လူရိုးများ)၊ ငှက်ကြီးချိမ ယူဆောင်လာစဉ် ပါလာခဲ့သည့် ပုဂံအရပ်မှ ကညာပျိုများ၏ လည်ဆွဲပုတီးကုန်းများ၊ ရွှေတိုရွှေစများနှင့် အဖိုးတန် လက်ဝတ်ရတနာအချို့ကို ဒေသခံများ ရရှိဖူးကြောင်း ရှေးလူကြီးသူမများမှ ပြောဆိုပြသကြသဖြင့် စာရေးသူတို့ ကျောင်းသားဘဝ၌ အထူးပင် စိတ်ဝင်စားခဲ့ရသည့် ဇာတ်လမ်းတစ်ပုဒ် ဖြစ်ခဲ့သည်။

စာရေးသူတို့ တွေ့ရှိရသည့် အနေအထားမှာ ယခင်စေတီ နေရာဟောင်းမှာ မည်သည့်အကြောင်းကြောင့်ဟု မသိရ၊ ရှေးတည်ထားခဲ့သူက ရင်ပြင်တော်အဆင့်မှာပင် အပြီးသတ်ခဲ့သည်ကို တွေ့ရသည်။ ယခု ငှက်ကြီးအန် ဘုရားကို ယခင်ပန္နက်ချပြီးသား ရင်ပြင်တော်အတိုင်းအတာကိုပင် ငုံ၍ တည်ထားခဲ့ခြင်းဖြစ်သည်။

စေတီဟောင်း တည်ထားကိုးကွယ်ခဲ့သည်ဟု ယူဆရသည့် ရှေးပညာရှင်များ၏ လက်ရာအုတ်ချပ်များ အခြားဆက်စပ် ပန်းရန်၊ ပန်းပု၊ ပန်းတဉ်းစသည့် သက်သေ အထောက်အထားများအား ဒီကနေ့အထိ စာရေးသူတို့ မမြင်တွေ့ခဲ့ရပါ။

နွားအုပ်ပိုင်ရှင်ဖြစ်သူ ဦးမာလာကိုး တွေ့ခဲ့သည့် ပုံစံမှာလည်း အတွင်းဌာပနာထည့် တည်အပြီး အပေါ်မှ ရင်ပြင်တော်အကျယ်သာ ဖြစ်မည်ဟု ယူဆကြသည်။

[၃]


ငှက်ကြီး အန်ချထားခဲ့သည့် အရိုး များကို ငယ်စဉ် ကျောင်းသားဘဝမှ အထူး စိတ်ဝင်စားလာသည်မှာ ယနေ့





www.burmeseclassic.com

www.burmeseclassic.com



ရုက်ကြီးတန်ခိုးဘုရား အရှေ့တောင်ဘက် မြင်ကွင်း




စေတီကြီးအရှေ့ဘက်ရှိ
မနုစိတြာစေတီငယ်

ရထားတောင်



အရှေ့ဘက်မုခ်ဦး
လက်ဝဲဘက်ရှိ
ဖော်ကွန်းကျောက်စာတိုင်




တောသွားသည့် ရေထွက် ကျောက်ရေတွင်း





www.burmeseclassic.com

www.burmeseclassic.com





▲ မဇေကလှကွန်ရွာသား မှုညိုဦးဘာရ ကျောင်းတိုက်တော်

◀ လည်ပြည့်လကွယ် အခါကြီးရက်ကြီးတို့၌ ရောင်ခြည်တော်ကွန့်မြူးသော စေတီတော်ကြီး၏ အဂ္ဂိတော်ရှိ ဓာတ်တော်အိမ်

▼ ကျောက်သောင်ကြီးကို ဆေးခံတာဝင်ဦးမှ လိုက်ပြစဉ် ယခု အသံမပြည်ပြီ



တိုင်ပင်ဖြစ်သည်။ လက်လှမ်းမီသမျှ ရှာဖွေလေ့လာမိပါသည်။

နောက်ဆုံးရရှိလာသည့် အနီးစပ်ဆုံးအဖြေမှာ စာရေးသူ ၂၀၁၅ ခုနှစ်၊ မတ်လထုတ် အမှတ်(၃၄၄)၊ စာမျက်နှာ(၁၆၁) နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၌ ရေးသားဖော်ပြခဲ့သည့် **"လိုချင်ယူသုံး ဆန်းကြယ်နေတုန်း ကျောက်ပုတီးကုန်း"** ဆောင်းပါးမှ **"ကျောက်ပုတီးကုန်းအစ ပေါ်ထွန်းပြည်မှ"**ဟူသည့် ဆောင်းပါး၌ ပါရှိသော မင်းထီးခေါ် စောထီးမှ အစပြုခဲ့သည့် သမိုင်းဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်။ အဆိုပါ သမိုင်းအကျဉ်းကို ထပ်မံဖော်ပြလိုပါသည်။

မင်းထီးခေါ်စောထီး၊ မှန်နန်းရာဇဝင် (သက္ကရာဇ် ၈၄–၁၆၄) အသက်တစ်ဆယ့်ခြောက်နှစ်ပြည့်သော် ပုဂံပြည်သို့ သွားခွင့်တောင်း၏။ မင်းထီးပုဂံပြည်သို့ ရောက်စဉ်ကာလ ပုဂံပြည်သူပြည်သားတို့အား နှိပ်စက်သတ်ဖြတ်နေသော ရန်သူကြီးလေးဦး ရှိနေသည်။

အဆိုပါ ရန်သူလေးဦးမှာ အရှေ့အရပ်၌ ဝက်ကြီး၊ အနောက်အရပ်၌ ငှက်ကြီး၊ မြောက်အရပ်တွင် ရှူးပုံကြီးနှင့် တောင်အရပ်၌ ကျားကြီးတို့မှ တစ်ဖက်အရံ ငါးရာစီဖြင့် ကြီးစိုးမင်းမူလျက်ရှိရာ အဆိုပါ ရန်သူကြီးလေးဦးကို ပုဂံပြည့်ရှင် သမုတိရာဇ်မင်းကိုယ်တော်တိုင် မနှိမ်နင်းနိုင်သဖြင့် လက်မှိုင်ချနေရသော အချိန်ကာလ တစ်ခုဖြစ်သည်။

ထိုအထဲမှ ငှက်ကြီးထီးလှိုင်က[...] အဆိုးဆုံးဖြစ်သည်။ ယင်းစားသော[...] ရန် သမီးကညာ တစ်နေ့တစ်ယော[...] နှုန်းဖြင့် ဆက်သခဲ့ရသည်မှာ (၁၂[...] တိုင်တိုင်ဖြစ်သည်ဟု ဆိုသည်။

ထိုသို့ဖြင့် (၁၂)နှစ်တိုင်တိုင် ဆ[...] ခဲ့ရသည့် သမီးကညာပေါင်း(၄[...] ကျော်ကို ပေါက္ကံပြည်တွင် မ[...] ဘေးရန်အပေါင်းမှ ကွတ်ရာ[...]



www.burmeseclassic.com

www.burmeseclassic.com



◄ ကျောင်းထိုင်ဆရာတော်ကြီး တရားကျင့်ရန် ပူဇော်သည့်နေရာနှင့် သီတင်းသုံးနေထိုင်ရာ ကျောင်းဆောင်



စေတီကုန်းပေါ်သို့ စားသောက်ပြီး လူရိုးများကို လာရောက် အန်ချသည့် ပုံမှ ငှက်ကြီးစေတီကမ္ဘာ ►

◄ ဟုဏ္ဍာသယ မျှော်ရုံအလှူရှင် ဓါတ်ပုံ



ကြောင်းအရပ်ဖြစ်သည့် ပေါက္ကံပြည်ကြီး၏ အရှေ့စူးစူး ရှမ်းကုန်းမြေမြင့် တစ်နေရာ၌ လာရောက် စားသောက်လေ့ရှိကြောင်း သိရသည်။

ထိုအရပ်မှာ စာရေးသူ တင်ပြခဲ့ဖူးသည့် ရပ်စောက်(နဂါးမြို့တော်)မှ (၁၀) မိုင်ခန့် ဝေးကွာသည့် ကျောက်တောကျေးရွာအုပ်စု၊ ကျောက်တောကျေးရွာ အရှေ့တောင်ဘက် ထင်းရှူးကုန်းကြီး ပေါ်ရှိ ကျောက်ပုတီးများ ထွက်ရှိရာ အရပ်ပင် ဖြစ်ကြောင်း သိရသည်။

ထိုသို့ စားသောက်ပြီးသကာလ ထပ်မံ၍ အရှေ့စူးစူးအရပ်၌ ထင်ထင်ရှားရှား မြင်တွေ့ရသည့် ကျောက်တောင်ကြီးတစ်ခုပေါ်သို့ စားကြွင်းစားကျန် အရိုးများကို သွားရောက်အန်ချခဲ့သည်။

အဆိုပါ တောင်ကြီးမှာ ယခု စာရေးသူ ရေးသားတင်ပြသည့် **"ဟုဏ္ဍာသယ မဟိဒ္ဓိစိတြစေတီ"** တော်ကြီး တည်ထားကိုးကွယ်ခဲ့ရာ **"ငှက်ကြီးအန်တောင်တော်"** ကြီးပင်ဖြစ်ကြောင်း လေ့လာခဲ့ရပါသည်။

အဆိုပါ ငှက်ကြီးအန် စေတီကြီး တည်ရှိရာအရပ်မှာ ရပ်စောက်မြို့ တောင်ဘက်၊ ပင်းတယမြို့သွားရာ ကားလမ်းနံဘေး၌ တည်ရှိပြီး (၅)မိုင်ကျော်ခန့် ဝေးကွာသည်။ ပင်းတယ သွား လမ်းမကြီးမှ တောင်စူးစူးအရပ်ရှိ ကျောက်တောင်ကြီးတစ်ခုပေါ်၌ ဖြစ်သည်။

ထိုစေတီသို့ မရောက်မီ ကြာအင်းကျေးရွာ၊ ရွာဦးထိပ်၌ "ဝတီးချောင်း တံတား" အမည်ရှိသည့် တံတားတစ်ခုသို့ ရောက်မည်ဖြစ်ပါသည်။

ရှေ့လဆက်ဖတ်ပါရန်

နိုင်မင်းညို



www.burmeseclassic.com

www.burmeseclassic.com

[illegible]

# မဟာရွှေထီးဆောင်းကျင့်စဉ်

မောင်ဖြိုးကျော် (အိမ်မဲ)



ကျွန်ုပ်တို့၏ မြန်မာ့ဝိဇ္ဇာဓရလောကီ ပညာရပ်တို့သည် လေ့လာလိုက်စား၍ မကုန်သောက်အောင် ကျယ်ဝန်း နက်နဲလှပါသည်။

ထိုကျယ်ဝန်းနက်နဲသော ပညာရပ်များထဲမှ မိမိတို့ သိရှိလေ့လာဆည်းပူးထားသော ပညာရပ်များကို မျှဝေပေးနေသော နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် မဂ္ဂဇင်းတွင် ရေးသားနေကြသော စာရေးဆရာများကို ကျွန်ုပ်မှာ လွန်စွာမှ ကျေးဇူးဥပကာရ တင်ရှိရပါသည်။

''ပညာကို သေရွာမယူဘဲ'' ရေးသား မှတ်တမ်းတင်နေသူများကို လေးစားနေမိပါသည်။

ကျွန်ုပ်သည် နွေရာသီ အလုပ်ကလေး နားနေရသည်နှင့် စာမူလေး တစ်ပုဒ်လောက် ရေးကြည့်ရန် စိတ်ကူးကာ အိမ်ရှေ့ကုက္ကိုပင်အောက်၌ ကုလားထိုင်နှင့် စားပွဲချကာ စာရေးရန် စဉ်းစားနေမိသည်။

ဘောလ်ပင်ကိုင်၍ တကယ့်တကယ် ရေးမည်ဆိုသောအခါ မည်သည့်အကြောင်းကို ရေးရမည် မသိ ဖြစ်နေ၏။

ထိုစဉ် ကျွန်ုပ်တို့ ရပ်ကွက်ထဲရှိ ရိုးကြီး ဝိသုဒ္ဓါရုံကျောင်းမှ ရဟန်းခံရှင်ပြုအတွက် မဲပေါက်ရဟန်းလောင်းများကို ရွှေထီးများမိုး၍ လိုက်ပင့်နေသည်ကို တွေ့ရပါသည်။

ထိုအခါမှ လွန်ခဲ့သော (၁၈)နှစ်လောက်က ဖခင်ကြီးမှ သူ၏ သူငယ်ချင်းအား ပြောပြသော **''မဟာရွှေထီးဆောင်း''** ပုတီးစိပ်ကျင့်စဉ်ကို ပြန်လည်အမှတ်ရ၍ ကလောင်ကို အသော့နှင်လိုက်ရပါတော့သည်။

တစ်နေ့ ကျွန်ုပ်တို့၏အိမ်သို့ ဖခင်ကြီး၏သူငယ်ချင်း ဦးလှဖေတစ်ယောက် ညှိုးငယ်သော မျက်နှာထားဖြင့် ရောက်လာပါသည်။ ရောက်ရောက်ချင်း ဆိုသလို...

'သူငယ်ချင်းရယ် ငါ့အခက်အခဲကို ကူညီပါဦးကွာ၊ ငါတော့ ခေါင်းမီးတောက်နေပြီ'

ထိုအခါ ဖခင်ကြီးက...

'လှဖေရာ ခေါင်းမီးတောက်နေရင် ရေနဲ့ လောင်းချလိုက်ပေါ့ကွာ'

ဟု နောက်လိုက်လေ၏။

'မနောက်ပါနဲ့ကွာ၊ ငါ့မှာ ခုဆိုရင် ပွဲရုံလုပ်ငန်းကလဲ အဆင်မပြေ အရှုံးပေါ်၊ ဒီကြားထဲ အရှုပ်အရှင်းရှိတာ မသိဘဲ ဈေးသက်သာလို့ ဝယ်ထားလိုက်တဲ့ မြေကြီးကလဲ ပြဿနာတက်လို့ တရားရုံးမှာ ရုံးချိန်းကို သွားနေရသေးတယ်'

စသည်ဖြင့် ဦးလှဖေက သူ၏ ဒုက္ခများကို အိတ်သွန်ဖာမှောက် ပြောလေတော့၏။

ဖခင်ကြီးက...

'ဟော့ကောင်ကြီးရာ အနာသိဆေးရှိပါတယ်ကွာ'

ဟု ပြောကာ ယခု ကျွန်တော် ရေးသားတင်ပြမည့် ပုတီးစိပ်ကျင့်စဉ်ကြီးကို ပြောပြလေတော့၏။

တစ်လခန့် ကြာသောအခါ ကျွန်တော်တို့၏အိမ်သို့ ဦးလှဖေ မုန့်ပုံးများဆွဲ၍ ရောက်လာလေတော့၏။

ပွဲရုံလည်း အဆင်ပြေ၊ တရားတဘောင်လည်း ပြီးဆုံးအဆင်ပြေသွားကြောင်း ဝမ်းသာစွာ ကြားသိရလေတော့သည်။

**အဓိဋ္ဌာန်ကျင့်စဉ်တွင် လိုအပ်သော ပစ္စည်းများ...**

- ✦ ကနုတ္တအဏ်ထီးဖြူတစ်ချောင်း။ ရွှေထီးတစ်ချောင်း အသင့်ဆောင်ထားပါ။
- ✦ အဓိဋ္ဌာန်ကျင့်စဉ် မစတင်မီ တစ်ရက်အလိုတွင် မိမိ အဓိဋ္ဌာန်ဝင်မည့်နေရာရှိ ဘုရားကို ထီးဖြူမိုး၍ လှူဒါန်းပါ။
- ✦ အဓိဋ္ဌာန်ဝင်ရမည့်ရက်မှာ မိမိမွေးနေ့ နံနက် (၉း၃၀)နာရီမှစ၍ (၉)ရက်တိတိ ဝင်ရမည်ဖြစ်သည်။

အဓိဋ္ဌာန် စသည့်နေ့တွင် ဘုရားရှင်အား ဆွမ်း,ပန်း,ရေချမ်း အစုံကပ်လှူပါ။ ပြီးနောက် နဝင်္ဂသီလ ဆောက်တည်ပါ။

သီလဆောက်တည်ပြီး ဘုရား



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ရှေ့တွင် စားပွဲခုံတစ်ခုံကို ခင်းပြီးခင်း၍ ထိုခုံပေါ်တွင် **ငှက်ပျော (၅)ဖီး၊ အုန်း(၁)လုံး၊ လက်ဖက်၊ ချဉ်ယော** အပြည့်အစုံပါသော ပွဲတစ်ပွဲကို တင်လှူပူဇော်ပါ။

ထိုစားပွဲပေါ်တွင်ပင် **အဓိဋ္ဌာန်ဝင်သူ၏ မွေးနံ့ အညွန့်ပန်းကို ပန်းအိုးတစ်လုံးထဲတွင်ထည့်၍** လှူထားပါ။ **(၅)ညွန့်** လှူရမည် ဖြစ်ပါသည်။

ပြီးလျှင် အသင့်ဆောင်ထားသော ရွှေထီးကိုဖွင့်၍ မိမိပုတီးစိပ်မည့် နေရာအပေါ်၌ မိုးပါ။ ***(ရွှေထီးဆောင်း၍ ပုတီးစိပ်သည့် သဘောမျိုးဖြစ်သည်။)***

ပြီးနောက် ရွှေထီးအောက်သို့ဝင်၍ **မေတ္တာသုတ်(၉)ခေါက်** ရွတ်ပွားကာ နတ်ပြဟ္မာများအား ပင့်ဖိတ်ခြင်း၊ ဝိဇ္ဇာများအား ပင့်ဖိတ်ခြင်း၊ မြင်အပ်မမြင်အပ်ပုဂ္ဂိုလ်တို့အား ပင့်ဖိတ်ခြင်း ပြုပါ။

ပုဂ္ဂိုလ်အလုံးစုံတို့ကို ပင့်ဖိတ်ပြီးမှ **ပဋ္ဌာန်းကျမ်းမြတ်ဒေသနာ (ပစ္စယနိဒ္ဒေသ)**ကို ဌာန်ကရိုဏ်းကျကျ ရွတ်ဆိုပူဇော်ပါ။

ပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပြီးမှ အောက်ပါဂါထာကို တစ်ခေါက်ရွတ် ပုတီးတစ်လုံးချနှင့် (၁၀၈)လုံး ပုတီး တစ်ပတ်စိပ်ပါ။

ဧယန္တော ဓောဝိယာ မူလေ၊
သကျာန် နန္ဒိဝမ္မနော။
ဝေမေဝ ဧယော ဟောတု၊
ဧယသု ဧယမံလေ။
အ,ပရာဇိတပလ္လင်္ကေ၊
သီသေ ပုထု ဝိ,ပုက္ခလေ။
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊
အဂ္ဂ,ပ္ပတ္တော ပမောဒတိ။

ထို့နောက် ဘုရားဂုဏ်တော်(၉)ပါးကို တစ်ပါးလျှင် ပုတီးတစ်ပတ်နှင့် (၉)ပတ်စိပ်ပါ။ စုစုပေါင်း ပုတီး (၁၀) ပတ်ရှိရမည်။ ထိုနည်းအတိုင်း (၉) ရက် ပုတီးစိပ်ရမည်။

ပုတီးစိပ်ပြီးနောက် (၃၁)ဘုံသားတို့အား အမျှပေးဝေပါ။ **အလိုအပ်ဆုံး ဆုတစ်ဆုကိုသာ တောင်းပါ။** ပြီးမှ နတ်ပြဟ္မာများ၊ ပင့်ဖိတ်ထားသူများကို ပြန်ပို့ပါ။

ဤကျင့်စဉ်၏ အကျိုးသည် စီးပွားဥစ္စာများတိုးတက်ခြင်း၊ မတရား အမှုဆင်ခြင်းများမှ ကင်းလွတ်ခြင်း၊ သွားလေရာ၌ ဘေးရန်ကင်းခြင်း၊ လူနတ်ချစ်ခင်ခြင်း စသည်တို့ ဖြစ်သည်။

**အထူးသတိချပ်ရန်မှာ** ကိုးပါးသီလကို လုံခြုံစွာ စောင့်ထိန်းရမည် ဖြစ်သည်။ အဓိဋ္ဌာန်ဝင်က ပို၍ ကောင်း၏။

မည်သည့်အဓိဋ္ဌာန်မဆို အချိန်မှန်မှန် ယုံယုံကြည်ကြည်နှင့် ဆောင်ရွက်ပါက ကောင်းကျိုးများသာ ရရှိမည်ဖြစ်ပါသည်။

အဓိဋ္ဌာန်တစ်ရက်ပျက်ပါက အစမှ ပြန်ဝင်ရမည် ဖြစ်ပါသည်။

* * *

| အဓိဋ္ဌာန်ဝင်သူ၏နေ့နံ | အညွန့်ပန်း |
|---|---|
| တနင်္ဂနွေ | ကြံညွန့် |
| တနင်္လာ | သီး(ဇီး)ညွန့် |
| အင်္ဂါ | ရှက်လှညွန့် |
| ဗုဒ္ဓဟူး | ပျဉ်းမ/ဝိတောက် |
| ကြာသပတေး | သီဟိုဠ်ညွန့် |
| သောကြာ | ထိမ်၊ ထန်း၊ တမာ |
| စနေ | အုန်း၊ အင် |

***ရထနာသုံးဖြာနှင့် ဓိဘဆရာအား ရှိသေစွာ ဦးခိုက်လျက်...***

***မောင်အောင်ကျော်(အိမ်မဲ)***

# သွားနာဆေးမှတ်

## ဆေးနည်းတစ်နည်း



တစ်နေ့သော နံနက်ခင်းအချိန်တွင် စာရေးသူ နေအိမ်ရှေ့ တမာပင်ရင်းမှာ ရွှေဘိုမြို့၊ သီတဂူရပ်ကွက်မှ ကိုဇော်မင်းဦးတစ်ယောက် တမာတို တစ်ချောင်းဖြင့် ပင်စည်ကို ခြစ်ခွာနေသည်ကို စာရေးသူ သွားရောက်ကြည့် ရှုမေးမြန်းခဲ့ပါသည်။

'ကိုဇော်မင်းထွန်း ဘာတွေ ခြစ်ခွာနေတာလဲ'

ဟု မေးကြည့်တော့...

'တမာစေးခွာနေတာပါ ဆရာ'

'တမာစေးကို ဘာအတွက် အသုံးပြုမှာလဲ'

ဟု မေးတော့...

'တမာစေးကို နာနေတဲ့ သွားအခေါင်းထဲကို ထည့်ပေးပါက သွားနာ ချက်ချင်း သက်သာပျောက်ကင်းတယ်ဗျာ'

ဟု ပြန်ပြောပါသည်။

'ကျွန်တော် ကြားဖူးတာက လေးညှင်းပွင့်ကိုကြိတ်ပြီး သွားခေါင်းထဲ ထည့်ရတယ်ပဲ ကြားဖူးတယ်။ ခင်ဗျား ပြောမှ တမာစေးလို့ သိရတယ်'

ဆိုတော့...

'တမာစေးကတော့ ကျွန်တော့်ကိုယ်တွေ့ပဲဗျို့၊ ခုထည့် ခုချက်ချင်း သက်သာတယ်။ ပျောက်လဲပျောက်ပါတယ်'

ဟု ပြောပြီး တမာစေးများကို ဆုပ်ကိုင်ကာ ထွက်ခွာသွားပါတော့သည်။

***ဦးကိုလေး (ထန်းတပင်၊ စီးကုန်း)***



www.burmeseclassic.com

www.burmeseclassic.com

‘ဟော့ ကိုကြီးကောင်း အိမ်တွင်းပုန်း လုပ်နေတာလားဗျ’

‘အိမ်တွင်းပုန်းနေတာ မဟုတ်ဘူး။ စိတ်ဓာတ်ကျနေတာဗျ’

‘ကဲ ဆိုစမ်းပါဦး၊ စိတ်ဓာတ်ကျစရာ ဘယ်လိုအကြောင်းတွေများ ရှိလို့လဲ’

‘ပြောရရင်တော့ ရှက်စရာကြီးပါဗျာ၊ ဒါပေမယ့် ခင်ဗျားက ဗဟုသုတစုံသူဆိုတော့ အကြံဉာဏ်များပေးနိုင်ကောင်းရဲ့ ဆိုပြီး ရှေ့မျက်နှာ နောက်ထားပြီး ပြောမယ်ဗျာ။ ကျွန်တော့်မှာ အမျိုးသားအားနည်းရောဂါ ဖြစ်နေလို့ဗျ။ အဲဒါ လုပ်ပါဦး။ ဘယ်လိုလုပ်ရင် ကောင်းမလဲ’

‘ဆေးတွေ မသုံးစွဲဘူးလား’

‘သုံးစွဲတာမှ ရှိသမျှအားဆေးတွေ စုံနေပြီ။ ထူးခြားမှုမရှိဘူး ကိုဘုန်းရ’

‘ဒါဆိုရင် ကျွန်တော်လဲ အမျိုးသားအားနည်းရောဂါ ဖြစ်နေရလို့ ခင်ဗျားလိုပဲ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ ဆရာကြီး ဆရာမြင့် (စကြာမင်း) ရေးသားပြုစုထားတဲ့ ‘‘အမျိုးသားရောဂါ သိကောင်းစရာနဲ့ ကာကွယ်ကုသနည်းများ’’ ဆိုတဲ့ အမျိုးသားများအတွက် ကျန်းမာရေး ပညာပေးစာအုပ်ကို ဖတ်မှတ်မိရာမှ အားတက်သွားပြီး ဆရာမြင့်ထံ အပြေးကလေး သွားရောက်ဆွေးနွေးမိတယ်ဗျ။

အဲဒီမှာ ဆရာမြင့်က စကြာမင်းအားတိုးဆေးပေးပြီး တစ်နေ့ (၂)ကြိမ် မှန်မှန်သောက်ရင် မင်းရဲ့ရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းပါလိမ့်မယ်လို့ ညွှန်ကြားလိုက်တယ်။ ဒါနဲ့ ကျွန်တော်လဲ ဆရာ့ရဲ့ ညွှန်ကြားချက် ဆေးညွှန်းပါ အညွှန်းအတိုင်း သောက်သုံးလိုက်တာ အခုဆိုရင် လန်းဆန်းပြီး အကြောအားတွေ ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲဗျ’

‘ဆေးရဲ့ အစွမ်းအာနိသင်က ဘာတွေကောင်းလဲ’

‘ဘာတွေကောင်းလဲဆိုရင် ခန္ဓာကိုယ်အတွက် တစ်နေ့တာ ကုန်ခန်းသွားတဲ့ အားအင်များကို အလျှင်အမြန် ပြန်လည်ပြီး ဖြည့်တင်းပေးနိုင်တဲ့ အစွမ်းသတ္တိထူးရှိလို့ သွေးသစ်၊ အားသစ်၊ ခွန်အားသစ်၊ ဓာတ်ပစ္စည်းအသစ်များ ဖြစ်ထွန်းတည်ဆောက်ပေးနိုင်တယ်။

ပန်းသေ၊ ပန်းညိုဖြစ်ခြင်း။ အားအင်ကုန်ခန်းခြင်း၊ သုက်ဓာတ်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အိပ်နေစဉ်အလိုလို သုက်လွှတ်ခြင်း၊ ပင်ပန်းနွမ်းနယ်နေခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အကြောအားနည်းခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း၊ စားမကောင်းခြင်း၊ ကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းခြင်း၊ အာရုံကြောအားနည်းခြင်းနဲ့ အဆုတ်အား၊ နှလုံးအား၊ သွေးအားနည်းခြင်းများကို သက်သာပျောက်ကင်းစေပြီး အမောလုံး၍ စိတ်ဓာတ်အား၊ ဆန္ဒအား၊ အကြောအား၊ မန်းအားများကို တက်ကြွလန်းဆန်းစေလျက် ဆန္ဒသုခ အိမ်ထောင်ရေးရသတို့ကို ပြည့်စုံစွာ ပေးစွမ်းနိုင်သော ရသာယနဆေး ဖြစ်ပါတယ်။ ပြီးတော့ နေ့စဉ်သုံးစွဲပါက ဒါ့အပြင် ခန္ဓာကိုယ်အတွင်းရှိ ဓာတ်ပစ္စည်းများကို ညီညွတ်မျှတစေပါတယ်’

‘ကျွန်တော်လဲ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေးကို သုံးစွဲချင်လို့ ဆေးဆိုင်တွေမှာ မေးကြည့်တော့ မရှိဘူးလို့ ပြောပြောနေတော့ ခက်တယ်ဗျ’

‘မခက်ပါနဲ့ဗျာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်စေဖို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။ ခင်ဗျားလဲ နီးစပ်ရာ ဆေးမျိုးစုံဆိုင်သာ ပြေးပြီးဝယ်ပေတော့’

ဟော အခုတော့ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေး အစွမ်းထက်မှုကြောင့် စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွနေ တဲ့အပြင် အကြောအားတွေလဲ ကောင်းမှကောင်းပဲ။

အဲဒါကြောင့် ဘဝတူအမျိုးသားများ အကျိုးများပြီး အင်အား တိုးပွားကာ အမြဲတမ်းတက်ကြွလန်းဆန်း သန်မာစွာနဲ့ နေနိုင် စေဖို့ အသက်ရှည်ရာ အနာကင်းရေး သော့ချက်ဖြစ်တဲ့ စကြာ မင်း စိတ်ပျိုကိုယ်နု အားတိုးဆေးစွမ်းတစ်လက်ကို နီးစပ်ရာ ဆေးဆိုင်များမှာ ဝယ်ယူသုံးကြည့်ပါလို့ အကြံပြုပါရစေ။

အဲ ဆရာမြင့်နဲ့ ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးချင်ကြရင်တော့...

ကြော်ငြာဆောင်းပါး

အမျိုးသားများ အားအင်ကုန်ခန်း စိတ်မရွှင်လန်းရင်

# စကြာမင်း

အမှတ်တံဆိပ်

# အားတိုးဆေး

မှီဝဲပါ

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် (ဝ၃၁ YR ဝ၀၆၀၂၄)



ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း)
၅၃/ဝ၅၁၃

**ဆရာမြင့်**

**စကြာမင်းတိုင်းရင်းဆေးတိုက်**

အမှတ် (စ/၆၆၆)၊ သုဝဏ္ဏလမ်းမကြီး၊ သုဝဏ္ဏမှတ်တိုင်အနီး၊
(စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၇၂၂၈၅၀

ကိုကြီးကောင်း



www.burmeseclassic.com

www.burmeseclassic.com

ယခင်လမှ အဆက်

သက်နှန်းသုံးထည်၊ သပိတ်တစ်လုံး ...ဆောင်ဝှေးတစ်ချောင်းကို အားပြု ...ချက် ကြွတော်မူခြင်းဖြစ်သည်။ ...ကဲ့သို့ လှည့်လည်ကြွရောက်ရာ၌ ...ဝါအတွင်း သုသာန်ပေါင်း (၁၃၃)ခု ...အားထုတ်ခဲ့ကြောင်း သိရသည်။

...လှည့်လည်ကျင့်ကြံခြင်း နောက်ဆုံး ... ပဉ္စမဝါအပြီးတွင် ဘီလူးကျွန်းမှ ...ဆင့် မုဒုံမြို့နယ်၊ ကောခပုံကျေးရွာ ...လှိုင်ဆံတော်ရှင် စေတီအနီး) ...သာန်၌ သီတင်းသုံးကျင့်ကြံရာ ...ခပုံရေတံခွန်တောရ ဆရာတော် ...၏ ကမ္မဋ္ဌာန်းနည်းနာများ ခံယူ ...ရရှိလျက် ဆရာတော်ကြီးများ ...ကြပေးလမ်းညွှန်ချက်အရ ဘုန်း ...ကြီး ဦးသီလ သီတင်းသုံးခဲ့သည့် ...မောက်တောင်(ကျောက်တစ်လုံး ...တောင်)ငွေလိုဏ်ဂူတွင်းသို့ ကြွ ...ရောက် သီတင်းသုံးသည်။(ထိုစဉ်က ...ငွေလိုဏ်ဂူသို့တက်ရန် လမ်းမရှိ၊ ...တာမရှိပါ။ ကျောက်တုံးအစွန်း ...ကို လက်မောင်းရင်းအားဖြင့် ...ချိတ်၍ ကုတ်ကတ်တက်ရသော ...ခက်ခဲသည့် လမ်းသာ ရှိ၏။ ...စဉ်က တက်ကြွသော အသက် (...)ကျော်အရွယ်သာရှိသည့် ဗိုဗို ...ပင် လက်အံသေအောင် တွဲမှီ၍ ...ပြုံးဆန်ပျာ ကြိုးစားတက်ခဲ့ရ ...သည်။)

ကျောက်တစ်လုံးတောင်၌ နေစဉ် ...ဋ္ဌာန်းရှုမှတ်ပုံ နည်းနာတို့ကို ပါဠိ ...သားမပါ လူပြိန်းနားလည်အောင် ...ကြားပြသနိုင်သဖြင့် ကျောက် ...လုံးဆရာတော်ဟု လူသိများ ...ရှားခဲ့သည်။

...င်းတွင် တစ်ဝါ သီတင်းသုံးပြီး

ဆရာတော်ကြီး ဦးတေဇသနှင့်

# ဝင်းစိန်တောရ

သာသနာ့မြေ (၂)

နယ်လှည့် စာသမားတစ်ဦး



သက်တော်(၉၀)နှစ်တွင် ဓာတ်ပုံရိုက်ခဲ့သော ဦးတေဇသ

နောက် ၁၃၄၃ ခုနှစ်ကုန်ပိုင်းတွင် ဘဲလူးတောင်ကြားသို့ ကြွရောက် သည်။ ထိုနေရာသည် ကျောက်စိမ်း ဆရာတော်ခေါ် ကော့လှာဆရာတော်

www.burmeseclassic.com

အား လှူဒါန်းထားသည့် နေရာဖြစ်လေရာ ကော့လှာဆရာတော်ထံ သွားရောက်၍ ခွင့်ပန်ရသည်။

ကော့လှာဆရာတော်က ရက်ရောစွာ လှူဒါန်းတော်မူကာ...

'ဒီနေရာဟာ ဘုန်းတော်ကြီး ဦးသီလ သာသနာပြုခဲ့ဖူးတဲ့ နေရာပဲ။ နောင်အခါ ထင်ရှားတဲ့ သာသနာ့မြေကြီး ဖြစ်လာလိမ့်မယ်'

ဟု မိန့်တော်မူသည်။ **ကော့ဓမုံ ရေထံခွန်တောရ ဆရာတော်ကြီးက** လည်း...

'ယောင်ပွင့်ကြိုးစားကွယ်။ နောင်တစ်ချိန်မှာ ထင်ရှားတဲ့ သာသနာပြုဆရာတော် ဖြစ်လာလိမ့်မယ်'

ဟု အားပေး မိန့်မြွက်တော်မူလေသည်။

**(ကော့ဓမုံရေထံခွန်တောရ ဆရာတော်ကြီးသည် ကောင်းကင်တွင် ဈာန်ပျံကြွတော်မူသည်ဟု ကျော်ကြားကာ ဆရာတော်၏ မပုပ်မပျက်သော ရုပ်ကလာပ်တော်ကို ကော့ဓမုံရွာအရှေ့ လေးမိုင်ခန့်အကွာရှိ ရေထံခွန်တောင်တွင် ယနေ့တိုင် ဖူးတွေ့နိုင်၏။ နတ်တို့၏ ဘုရားရှိခိုးသံကို ကြားရသော ဆရာတော်ဟု ထင်ရှား၍ မဟာရင်ဂိုဏ်းချုပ်ဆရာတော်လည်း ဖြစ်လေသည်။)**

ဆရာတော် ဦးကေသရသည် မော်လမြိုင်-မုဒုံကားလမ်း မြိုင်ကုန်းရွာအနီးမှ အရှေ့ဘက် တစ်မိုင်နှစ်ဖာလုံအကွာရှိ ဘဲလူးတောင်ကြားကို ဝင်းစိမ်တောရဟု အမည်ပေးကာ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်တော်မူသည်။

သာသနာမြေ အကျယ်အဝန်း ဧက (၉၀၀)နီးပါး (၅၉၉.၆၂)ဧကရှိ၍ စေတီပုထိုးပေါင်း(၆၀၀)ကျော်၊ သာသနိကအဆောက်အအုံ (၃၀)ကျော်၊ ရဟန္တာ (၉၀၀)ရုပ်တုများနှင့် အတောင်(၄၀၀)ပြည့် နေရာန် လျောင်းတော်မူတစ်ဆူ၊ အတောင်(၆၀၀)ပြည့် ရှင်ပင်ပေါင်းလဲလျောင်းတော်မူတစ်ဆူ (တည်ဆောက်ဆဲ)တို့ကို ကြည်ညိုဖွယ်ရာ တွေ့မြင်နိုင်ပြီ ဖြစ်လေသည်။

## အခြား သာသနာပြုစခန်းများ

၁။ မုဒုံမြို့နယ်၊ လက်တက်ကျေးရွာ (ဆရာတော်၏ဇာတိရွာ)၏ အရှေ့ဘက် သုံးမိုင်ခန့်အကွာတွင် ၁၃၆၃ ခုနှစ်၌ စတင်တောရှင်းကာ စေတီ (၁၀)ဆူ၊ ဉာဏ်တော်အမြင့် ပေ (၁၈၀)ရှိသော တင်ပျဉ်ခွေရုပ်ပွားတော်ကြီးတစ်ဆူ **(အတွင်းလိုဏ်ဖွဲ့၍ (၁၅)ပေ အမြင့်ရှိ အထပ်ပေါင်း (၈)ထပ် ဖွဲ့စည်းတည်ဆောက်ထား၏)**တို့ကို တည်ဆောက်ပူဇော်ကာ **"ခစ်ရခစ်ယု"** သာသနာပြုစခန်းအဖြစ် ထူထောင်ခဲ့သည်။

၂။ မုဒုံမြို့နယ်၊ **ကမာဝက်ကျေးရွာ ကမာထာ** သာသနာပြုစခန်းကို ၁၃၅၀ ပြည့်နှစ်မှ စတင်၍ ဉာဏ်တော်အမြင့်(၁၂)ပေရှိ စေတီတော်တစ်ဆူ၊ ကျောင်းတစ်ဆောင်နှင့် သောက်ရေကန်တစ်ကန် တူးဖော်တည်ဆောက်၍ ထူထောင်ခဲ့သည်။

၃။ မုဒုံမြို့နယ်၊ မြို့မ(၂)ရပ်ကွက်တွင် **ကော့ဟာဘင်** သာသနာပြုစခန်း၊ မျိုးနှစ်ကောင် ကွင်းကျောင်းကို ထူထောင်၍ သာသနာပြုရဟန်းလေးပါးကို သီတင်းသုံးစေခဲ့သည်။

၄။ **မော်လမြိုင်မြို့နယ်၊ ဖားအောက်ကျေးရွာ ကော့ဇိုအနောက်ထယ်ကွင်း၌ သာမြုံစခန်း**ကို စေတီတစ်ဆူ၊ ကျောင်းတစ်ဆောင်နှင့် ရေကန်တစ်ကန်တို့ တည်ဆောက်တူးဖော်၍ သာသနာပြုရဟန်းများ စေလွှတ်သီတင်းသုံးစေခဲ့သည်။

၅။ **ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ဇာသပြင်ကျေးရွာအနီးရှိ သာသနာမြေ (၃၆)ဧကနှင့် လယ်ယာမြေ လုပ်ပိုင်ခွင့် (၇၃၄)ဧက၌ စေတီ (၆)ဆူ၊** လယ်ယာမြေ တိုးတက်ဖွံ့ဖြိုးရေးကျောင်းတို့ တည်ဆောက်၍ သာသနာပြုရဟန်းများ စေလွှတ်သီတင်းသုံးစေခဲ့သည်။

ထို့အပြင်...

✧ **ကမာဆိုက် သာသနာပြုစခန်း (ကမာဝက်ကျေးရွာ၌ရှိ၍ ၁၃၅၀ ပြည့်နှစ်တွင် ထူထောင်၏)**

✧ **ကမာကရဲ့ သာသနာပြုစခန်း** (ကမာဝက်ကျေးရွာ၌ရှိ၍ ၁၃၅၂ ပြည့်နှစ်တွင် ထူထောင်သည်။)

✧ **ကွေ့ဝင်း သာသနာပြုစခန်း ဗိုန်ဂနိန်း သာသနာပြုစခန်း** (မုဒုံမြို့နယ်တွင်း ရှိကြ၍ တည်ထောင်သော ခုနှစ်ကို မသိရပါ။)

✧ **လက်ခတ်တောင် သာသနာပြုစခန်း** (မုဒုံ-သံဖြူဇရပ် ကားလမ်းနံဘေးရှိ၍ ၁၃၅၇ ခုနှစ်တွင် တည်ထောင်သည်။)

✧ **သီဟိုဠ်သာသနာပြုစခန်း** (လက်ခတ်တောင်အနီး၌ရှိ၍ ၁၃၅ ခုနှစ်တွင် တည်ထောင်သည်။)

စသည့် သာသနာပြုစခန်းများစွာကိုလည်း တည်ထောင်တော်မူခဲ့လေသည်။

## ထူးခြားမှုအချို့

✤ကျောက်တစ်လုံး နဂါးမောက်တောင်တွင် သီတင်းသုံးစဉ်က ကျောင်းဆောင်အစွန်းတွင် အထက်





www.burmeseclassic.com

www.burmeseclassic.com

တစ်မိုက်ခန့်လွတ်လျက် တင်ပျဉ်ခွေ ထိုင်နေသည့် ဆရာတော်ကို ဖူးမြင်ရကြောင်း ဒါယကာရင်းတစ်ဦး ဖြစ်သည့် ဦးတင်ထွန်းက ပြောပြသည်။

◆ဝင်းစိန်တောရတွင် သံဃာတော်များ ပရိဝါသ်ဆောက်တည် အာပတ်ဖြေနိုင်ရန်အတွက် လိုဏ်ပါ့စေတီ (၅၅)ဆူ တည်ဆောက်ထား၏။ လိုဏ်မှာ အမြင့်(၈)ပေ၊ (၆)ပေ ပတ်လည်ရှိ၏။

၁၃၄၅ ခုနှစ်မှ စတင်၍ ပရိဝါသ် ဆောက်တည်ပွဲကို နှစ်စဉ် ပြုလုပ်ခဲ့ကြသည်။

၁၃၅၁ ခုနှစ် ပရိဝါသ် ဆောက်တည်ကြရာ မိမိတို့ သိတင်းသုံးရာ လိုဏ်စေတီအနီး၌ ဆရာတော်ကြီးကို တစ်နေ့ တစ်ချိန်တည်းတွင်ပင် ဖူးမြော်ရကြောင်း သံဃာ(၁၀)ပါးက မိန့်ကြားကြသည်။

တစ်စုံတစ်ခုကို သတိပေးလိုဟန် ရှိသည်ဟု သဘောပိုက်၍ ဝိနည်းသိက္ခာကို တင်းကျပ်စွာ ကြိုးစားကျင့်ဆောင်ကြရတော့သည်ဟု ယင်း (၁၀)ပါး၌ ပါဝင်သော အရှင်သူရိယ (ထောက်ကြန့်)က ပြန်လည်မိန့်ကြားတော်မူခဲ့သည်။

◆ဝင်းစိန်တောရ ထူထောင်ခါစ အချိန် နေ့လယ်ပိုင်း၌ မိမိနှင့် ကိုထွန်း(မုဒုံ)တို့ ဆရာတော်ထံ ဝတ်ဖြည့်ကန်တော့၍ ပြန်လာခဲ့ကြရာ နာရီဝက်ကြာမှ (မုဒုံ–မော်လမြိုင်) ကားလမ်းသို့ ရောက်ရှိကြသည်။

ထိုစဉ် မြောက်ဘက်ဆီမှ ဆရာတော် ကြွလာသည်ကို တွေ့ရသဖြင့် ဦးချမေးလျှောက်ကြည့်ရာ ကျောက်တစ်လုံးဆရာတော်ထံမှ ပြန်လာကြောင်း မိန့်ကြား၏။



◆ အထောင် (၉၀၀)ပြည့် ရေရာက်မလျှင်တော်မူ

'ဟာ ဒီလောက်မြန်အောင် ဘယ်လို ကြွသွားတာလဲ ဘုရား'

'ငါ ဖြတ်လမ်းက သွားတာ'

စိတ်တွင်း မတင်မကျ ရှိလှသဖြင့် **ကျောက်တစ်လုံးဆရာတော် (ဆရာတော် ဦးကောသလ ကျောက်တစ်ထုံးသို့မဟုတ် မရောက်မီ မူလ သိတင်းသုံးနေသော ဆရာတော်ဖြစ်၍ တောခံပုံ ရေတံခွန်တောင်ဆရာတော်နှင့် သက်တော် မတိမ်းမယိမ်းရှိ၏။ ဦးကောသလအား ဆုံးမဩဝါဒ မိန့်ကြားပေးတော်မူသော သက်ကြီးဝါကြီးဖြစ်ကာ အွဲ့တော်ကို မသိရပါ။)**ထံ သွားရောက်ဖူးမြော် မေးလျှောက်၏။

'လွန်ခဲ့တဲ့ နာရီဝက်လောက် ကတည်းက ရောက်နေတာပဲ'

ဟု မိန့်တော်မူသဖြင့် မိမိတို့ ဦးချကန်တော့၍ အပြန်ခရီး စတင်ချိန်တွင်ပင် ကျောက်တစ်လုံးသို့ ရောက်နေကြောင်း သိရ၏။

◆၁၃၆၅ ခုနှစ်ခန့်တွင် ရပ်ဝေးရောက် ဆွေမျိုးသားချင်းများ ပြန်လည်ဆုံတွေ့ကြသဖြင့် ကျိုက္ကမီ စက်ဇဲဘုရားဖူး အပန်းဖြေခရီး လိုက်ပို့ရာ အပြန် ညနေစောင်းအချိန်၌ ဝင်းစိန်တောရသို့ ဝင်ရောက်လေ့လာကြည့်ရှုကြ၏။

ဘုန်းတော်ကြီး ဦးသီလ သိတင်းသုံးခဲ့သည့်သိမ်(လက်ရှိ အဆောက်အအုံမှာ ဆရာတော် ဦးကောသလ လက်ထက် အသစ်တစ်ဖန် ဆောက်လုပ်ခြင်းဖြစ်သည်။)၌ ဆရာတော်ကို ဖူးတွေ့ရ၏။

ဦးချကန်တော့၍ ပဋိသန္ဓာရစကားအနည်းငယ် မေးလျှောက်ပြီးနောက် သိမ်အပြင် မြေကွက်လပ်သို့ ပြန်ထွက်ခဲ့သည်။ ဖူးမြော်လိုသူ ပရိသတ် များပြားလှသဖြင့် နေရာပေးသည့်သဘောလည်း ပါဝင်၏။ ထိုစဉ်...

'အဖေက ဖိုကို နှုတ်တောင်မဆက်ဘူး'

ဟု အမိပွါယ်ရသော တရုတ်ဖူထုံးစကားသံကို ကြားရသဖြင့် ဘေးဘီလှည့်ကြည့်ရာ ဆံပင်ကြက်တောင်စည်းနှင့် (၁၂)နှစ်ခန့် မွန်တိုင်းရင်းသူကလေးတစ်ဦးကိုသာ တွေ့ရ၏။ သူ၏မျက်ဝန်းမှာ မျက်ရည်ဝိုင်း၍ တောက်ပနေသည်ကိုမူ သတိပြုမိသည်။

'ဟဲ့ ဟိုကောင်မ လာစမ်း'

ဆရာတော်က အသံပြုသဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ထိုကလေးမလည်း အမောတကော ပြေးသွား၏။ ဆရာတော်က သူ၏ လည်ပင်းကို သိုင်းဖက်ကာ နဖူးပြင်ကို နမ်းရှုတ်၏။ ထို့နောက် တရုတ်ဘာသာဖြင့် တစ်စုံတစ်ရာပြောဆိုရာ ကလေးမသည် ဝမ်းသာကျေနပ်စွာဖြင့် ထွက်ခွာသွားလေသည်။

မိမိတို့၏ တတိယ အဘိုးလေးတော်သည့် အင်တင်းနားက "အင်း အရင်ဘဝက သားအဖတွေ ပြန်တွေ့ရတာပဲ"ဟု မှတ်ချက်ပေးလေသည်။**(ဆရာတော်သည် မွန်နှင့် ထိုင်းဘာသာများကို ကျွမ်းကျင်စွာ ပြောဆိုနိုင်၍ ဗမာစကား၊ အနည်းအကျဉ်း ပြောဆိုနိုင်၏။ တရုတ်ဘာသာကို လုံးဝ တတ်ကျွမ်းမှု မရှိကြောင်း သိရ၏။)**

❖တစ်ကြိမ်တွင် ဓာတ်ဆေးကန် ကျောင်းတိုက်တွင် သွားရောက်ကန်တော့ရာ...

'ဟေ့ အိမ်မှာပဲနေ ဝေးဝေးမသွားနဲ့'

ဟု တိုတောင်းစွာ မိန့်၏။

ထိုနေ့ည အိမ်၌ရှိစဉ် မဝေးလှသော ပဥ္စမဦးလေး နေအိမ်ကို ဓားပြတိုက်လေသည်။ သေနတ်သံထွက်သွားသဖြင့် လူအများ နိုးထလာကြသောကြောင့် ဓားပြများ အကြံမအောင်ဘဲ လက်လွှတ်ထွက်ပြေးကြ၏။

တိုက်ဆိုင်စွာပင် ထိုနေ့မှစ၍ လက်ပြင် အကြောညှပ်ခြင်းဝေဒနာ ခံစားရသဖြင့် တစ်လခန့် အိမ်မြဲခဲ့ရလေသည်။**(၁၉ နှစ်အရွယ်တွင် လက်ဝဲ လက်မောင်းရင်းခွဲစိတ်ကုသခံယူမှု ကြောင့် ဤကဲ့သို့ ဝေဒနာကို မကြာ ခဏ ခံစားရလေ့ရှိပါသည်။)**

❖တစ်နေ့သ၌ ပရိသတ်(၅၀)ကျော် ရှိသည့်အနက် လူတစ်ဦးအား လက်ညှိုးထိုးကာ ရှေ့တိုးစေလျက်

**"လွယ်အိတ်ထဲက လက်နက်ကို ထုတ်ပြီး ကြမ်းပေါ်ချထား"**ဟု မိန့်ကြား၏။

တစ်စုံတစ်ရာ ရေးထားသည့် စာရွက်ပိုင်းငယ်ကို ကမ်းပေး၍ အခြားသူများနှင့် အာလာပသလ္လာပ စကားများ ပြောဆိုနေ၏။ မွန်းလွဲ(၃)နာရီခွဲတွင် "မင်း သွားတော့"ဟု ဆို၏။

ထိုသူလည်း ကျောင်းမှ ပြန်ထွက်ခဲ့ရာ ကားလမ်းပေါ် ရောက်သောအခါ စာရွက်ပိုင်းကို ဖွင့်ကြည့်၏။ ထိုနေ့ (၃)နာရီခွဲအချိန်တွင် ဖွင့်လှစ်သော ထိုင်းနိုင်ငံမှ ဘတ်(၁၅)သိန်း ထီ၏ ပေါက်မဲနံပါတ် ခုနစ်လုံး ဖြစ်နေလေသည်။

ယင်းပေါက်မဲ၏ နောက်ဆုံးသုံးလုံးကို မှန်းဆ၍ အလောင်းအစားပြုသော ချဲထီလောင်းကစားမှုအတွက် ဆရာတော်အား သက်ာမကင်းသဖြင့် လာရောက်စုံစမ်းသူဖြစ်ကြောင်း သိရပေသည်။

## ဓုတင်ဆောင် ဆရာတော်

ဓုတင်ဆောင်ဆရာတော်ဟု ခေါ်ကြခြင်းမှာ ဓုတင်(၁၃)ပါးကို ဆောင်ယူကျင့်ကြံခဲ့ခြင်းကြောင့် ဖြစ်သည်။

၁။ တော၌သာနေခြင်း (အရညိက ဓုတင်)

၂။ သစ်ပင်ရင်း၌သာနေခြင်း (ရုက္ခမူလိကဓုတင်)

၃။ လွင်တီးခေါင်၌သာနေခြင်း (အဗ္ဘောကာသိကဓုတင်)

၄။ သုသာန်၌ အရဏ်တက်ခြင်း (သောသနိကဓုတင်)

၅။ ကျောင်းမရွေးဘဲ ကျရာကျောင်း၌နေခြင်း(ယထာသန္ထတိကဓုတင်)

စသည်တို့ကို အခါအားလျော်စွာ ကျင့်ကြံခဲ့၍...

၆။ ဆွမ်းခံထွက်၍ရသော ဆွမ်းကို သာ ဘုဉ်းပေးခြင်း (ပိဏ္ဍပါတိက ဓုတင်)

၇။ ရွာစဉ် အိမ်စဉ် မကျော်ဘဲ ဆွမ်း ကြွခြင်း(သပဒါနစာရိကဓုတင်)

၈။ တစ်နပ်တည်း၊ တစ်နေရာတည်း ၌ တစ်ထိုင်တည်း ဘုဉ်းပေးခြင်း (ကောသနိကဓုတင်)

၉။ သပိတ် တစ်လုံးတည်းဖြင့်သာ ဘုဉ်းပေးခြင်း(ပတ္တပိဏ္ဍိကဓုတင်)

၁၀။ တော်ပြီဆိုသည့်နောက် ဆက်၍ ဘုဉ်းမပေးခြင်း(ခလုပစ္ဆာဘတ္တိက ဓုတင်)

၁၁။ စွန့်ပစ်ထားသော အဝတ်သက်န်း ကိုသာ သုံးဆောင်ခြင်း(ပံသုကူ လိကဓုတင်)

၁၂။ ဒုကုဋ်၊ ကေသီ၊ သင်းပိုင် သုံးထည် သော သင်္ကန်းသာဝတ်ရုံခြင်း (တေစီဝရိက်ဓုတင်)

၁၃။ ကျောချလျောင်းစက်သော ဣရိယာ ပုထ်ကို ပယ်ခြင်း(နေသဇ္ဇိက ဓုတင်)

တို့ကိုမူ စွဲမြဲစွာ ဆောင်ယူကျင့်ကြံ ခဲ့ကြောင်း သိရှိရပေသည်။

## ဝင်းစိန်သာသနာမြေ၏

## ရှေ့အလား အလာ

ဝင်းစိန်တောရ ဆရာတော် ဦးကေသရသည့် ကျောက်တစ်... ငွေလိုဏ်ဂူတွင် သီတင်းသုံးနေစဉ် ... ကော့ခပုံ ရေတံခွန်တောင်တော... ဆရာတော်၊ မူလကျောက်တစ်... ဆရာတော်၊ လမ္ဘတော်ဆရာတော်... ဘင်လှိုင်ဆရာတော် (ဘင်... ဆံတော်ရှင်စေတီအနီးရှိ မူလ... ကျောင်းဆရာတော်) စသည့် ဆ... တော်လေးပါးထံမှ ... နိဿယများ ခံယူကျင့်ကြံခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုဆရာတော်များ၏ ဩဝါဒလမ်းညွှန်မှုဖြင့် ဘုန်းတော်ကြီး ဦးသီလ သာသနာမျိုးစေ့ ချပေးခဲ့သော ဘဲလူးတောင်ကြားကို ကော့လှာဆရာတော်ထံမှ လျှောက်ထားအလှူခံကာ ဝင်းစိန်တောရ သာသနာပြုစခန်းကို ၁၃၄၃ ခုနှစ် ကုန်ပိုင်းတွင် စတင် ထူထောင်ခဲ့သည်။

(၃၄)နှစ်ကြာ ၁၃၇၇ ခုနှစ်တွင် သာသနာပြုဆရာတော်ကြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောသရသည် မျက်စိတဆုံး ဖူးမြော်၍ မကုန်နိုင်သော စေတီရုပ်ပွားသာသနိကအဆောက်အအုံများကို သံယောဇဉ်ဖြတ်လျက် တစ်ဘဝ တစ်ခန္ဓာ စွန့်ခွာတော်မူလေပြီဖြစ်သည်။

ဆရာတော်ကြီး မျက်ကွယ်ပြုသော်လည်း ဝင်းစိန်တောရသာသနာပြုစခန်းသည် အရှိန်အဟုန်မပျက် ဆက်လက်တည်တံ့ စည်ကားနေပေမည်ဟု ယုံကြည်စရာ ရှိပါသည်။

တစ်ဆက်တည်း တင်ပြရသော်...

ဆရာတော်(လူ့ဘဝက) သားအထွေး မောင်ဘိုဆန်းဖြစ်၍ ၁၉၉၁ ခုနှစ်တွင် မော်လမြိုင်တက္ကသိုလ်မှ သချာအဓိကဖြင့် သိပ္ပံဘွဲ့ရရှိခဲ့သည်။

၁၃၅၃ ခုနှစ်၊ အတောင်(၄၀)ပြည့် နေရဗာန်လဲလျောင်းတော်မူ ဘုရားကြီး အုတ်မြစ်ချသောနေ့တွင် ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့ကာ ယနေ့တိုင် ဓာတ်ဆေးကန်ကျောင်းတွင် သီတင်းသုံးလျက် ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများတွင် (၂၃)ဝါကျော်မျှ လက်တွဲ ပါဝင်ဆောင်ရွက်တော်မူခဲ့သည်။

တည်ဆောက်ဆဲ ဖြစ်သော အတောင်(၆၀၀)ပြည့် ရှင်ပင်ပေါင်းလဲလျောင်းတော်မူ ရုပ်ပွားတော်ကြီးကို တာဝန်ယူဦးစီးနေသည့် ဆရာတော်လည်း ဖြစ်လေသည်။



▲ ကျောင်းတော်မှူးဘား
တစ်ဖက်တောင်ဆိပ်မှ ဖူးရစဉ်

ဘုန်းတော်ကြီးဦးသီလ မူလအစ သာသနာပြုခဲ့သော ဘဲလူးတောင်ကြားဌာနပညတ် ဗုဒ္ဓဟူးနှင့် ဘုန်းတော်ကြီး၏နံတော် သောကြာတို့ **ဝံသေ** အာပေါ်ဓာတ် မိတ်ကျ၏။ အာပေါ်၏ သဘာဝအရ ယိုစီးခြင်း၊ တစ်ဆက်တစ်သားတည်းဖြစ်ခြင်း သဘောဆောင်သဖြင့် နောင်လာနောက်သားတို့အတွက် သာသနာမြေအဖြစ် ဓာတ်ပန္နက် ချပေးခဲ့ခြင်းဖြစ်သည်။

ယင်းဌာနကို ဆရာတော်ဦးကောသရက ဝင်းစိန်တောရဟူ၍ အမည်ပညတ်ကာ သာသနာပြုတော်မူ၏။ ဌာနပညတ် အင်္ဂါနှင့် ဆရာတော်၏နံတော် တနင်္လာတို့ စံကူးဓာတ်ရန်ကျ၏။ မိတ်၏ သဘာဝကား မူလအခြေအနေ အရင်းအမြစ်တို့ မပျောက်မပျက် ဆက်လက်ပွားစည်းခြင်းဖြစ်၍ ရန်၏သဘာဝမှာ မူလအခြေအနေ အရင်းအမြစ်တို့ ပျောက်ပျက်ရွေ့လျော ပြောင်းလဲခြင်းဖြစ်သည်။

ရန်ကြိုပ်ဆောင်၍ ဥစ္စာအောင်၏။ စံကူးဓာတ်ရန် ဖြစ်သောကြောင့် ဆရာတော် အလိုရှိသည့် ဥစ္စာဖြစ်သော စေတီပုထိုး သာသနိကအဆောက်အအုံများ စည်ကားစွာ ပေါ်ပေါက်ပွင့်ထွန်း၏။ လှည့်ပြတ်လပ်၍ ဒုစရိုက်သမားတို့သာ စခန်းချ အမှိုက်ပုံရာဌာနမှ ပျောက်ပျက်ရွေ့လျော ပြောင်းလဲလာခြင်းဖြစ်၏။

**(ဆရာတော် ဦးကောသရ၏ ဖြစ်စဉ်တော်အချို့ကို (၉၁)နှစ်မြောက် မွေးနေ့၌ ထုတ်ဝေသည့် ထေရုပ္ပတ္တိစာအုပ်မှ ထုတ်နုတ်ဖော်ပြအပ်ပါသည်။)**

**နောက်ဆက်တွဲသတင်း**

(၂၉-၄-၂၀၁၅)ရက်နေ့တွင် ဆရာတော် ဦးကောသရ၏ ရုပ်တုတော်မှ မျက်ရည်များ ထွက်ပေါ်စီးကျနေကြောင်း မော်လမြိုင်နှင့် မုဒုံမြို့များမှ မိတ်ဆွေများက အကြောင်းကြားလာကြသည်။

ရုပ်ကလာပ်တော်အား ဂါရဝပြုပူဇော်ဖူးမြော်သူ ပရိသတ်မှာ နေ့ညမဟူ ကြိတ်ကြိတ်တိုး စည်ကားလျက် ဂေါပကအဖွဲ့မှ ထမင်းဟင်း အကျွေးအမွေးများဖြင့် ပြည့်စုံစွာ ဧည့်ခံကျွေးမွေးလျက်ရှိကြောင်း သိရှိရလေသည်။

ဆရာတော်၏ ရုပ်ကလာပ်တော်ကို ထင်ရှားရှိစဉ်က ကြိုတင်မှာကြားမိန့်ဆိုခဲ့သည့်အတိုင်း မီးသဂြိုဟ်ခြင်းမပြုဘဲ စံကျောင်းဗိမာန်ဖြင့် ပူဇော်ထားမည် ဖြစ်ကြောင်းလည်း ကြားသိရပေသည်။

**နယ်လှည့်စာသမားတစ်ဦး**



www.burmeseclassic.com

www.burmeseclassic.com

ထမ်းဆေးဘာ

# ထိကရုံးပင်

ဘုန်းခွမ်းအောင် သိဒ္ဓရှင်

မသိသူကျော်ကာနင်း၍ သိသူယူကာသွား၏။ လမ်းဘေးက ခူးပင်ကျော်ကာ မနင်းလေနှင့် သင့်အတွက် ဆေးသခင်အဖြစ် ပညာမြင်အတွေးကြွယ်စေရန် လိုရာသုံး ဆေးနည်းတစ်မျိုးအား မဟာမြိုင်တောမှ ဘရုဒေသ့ရှင်ပညာဒီပ ချီးမြှင့်ခဲ့၏။

မြန်မာနိုင်ငံအတွင်း တိုင်းရင်းဆေးဝါးတို့ ဖော်စပ်အသုံးပြုကြရာတွင် သိသူအဖို့ "**မြက်ပင်သစ်ပင် ဆေးဖက်ဝင်**"ဆိုသော စကားသည် မှန်ပေ၏။

ဘရုဒေသ့ ရှင်ပညာဒီပနှင့်အတူ လမ်းအတိုင်း လျှောက်လာရင်းမှ ဘရုဒေသ့ ပြောပြမိန့်ကြားနေသော ဆေးပင်ဝါးပင်များအကြောင်း သိမိသမျှ ဦးနှောက်မှ လိုက်မှတ်သားမိ၏။ သိလည်းသိလှသည်ဟု စိတ်တွင် အံ့ဩမိသည်က အမှန်ပင်။

'မောင်သွေး ဒီအပင်ကို သိလား'

'ထိကရုံးပင်ပါ ဘုရား'

'အဲဒီ ထိကရုံးပင်ဟာ ဆေးတော်မြတ်တစ်ဆူပဲကွယ့်'

'တင်ပါ့ ဘုရား'

**ဘရုဒေသ့။** ။ 'ထိကရုံးပင်ဟာ တွေ့တွေ့ထူးထူး ရှာရန်မလိုတဲ့ အာနိသင်ကြီးတဲ့ ဆေးပင်တစ်မျိုးပဲ။ လမ်းဘေးမှာ ပေါက်တယ်။

လူတော်တော်များများ တန်ဖိုးမထားကြပေမယ့် ဆေးအသုံး သိသူအတွက် ထိကရုံးဆိုတဲ့အတိုင်း ထိရောက်စွာ အသုံးပြုနိုင်တယ်။

ဝိဇ္ဇာဉာဏ်အသိအရ ပညာဉာဏ်ကြီးပါမှ ကူးလမ်းဖြောင့်က ရောက်လွယ်နိုင်တယ်လို့ မှတ်ပါ မောင်သွေး'

**မောင်သွေး။** ။ 'ထိကရုံးကို ဆေးအဖြစ် အသုံးပြုတာ တပည့်တော် မသိဘူး ဘုရား'

**ဘရုဒေသ့။** ။ 'လူမနီးတဲ့ တောတောင်ကြီးတွေထဲမှာ နေထိုင်ကာ သူတော်ကောင်းတရားရှာမှီးကြတဲ့ ပုဂ္ဂိုလ်အပေါင်းဟာ သဘာဝတရားကပေးတဲ့ စွမ်းအားတွေကို သိကြရ



တယ်။

အစာအတွက်၊ ကျန်းမာရေးအတွက်၊ အင်နီမာတ်(ဆား)အတွက် တောတောင်ထဲ ပေါက်ရောက်တဲ့ သစ်ပင်၊ သစ်သီး၊ သစ်ဥ၊ သစ်ရွက်၊ အမြစ်၊ အခေါက်နဲ့ အပွင့်ကစပြီး သိထားပေမှ ရပ်တည်လို့ ရတယ်ကွယ့်။

ထိကရုံးအကြောင်း ဘရုဒေသ့ ပြောပြမယ်။ ထိကရုံးပင်ဟာ အရွက်ကို ထိတာနဲ့ မျက်တောင်ခတ်သလို ရှုံးတွံဆီ ချက်ချင်းပြန်စုတတ်တာကြောင့် အသက်ဝင်တဲ့သဘောကို ဆောင်တယ်'

**မောင်သွေး။** ။ 'အဲဒါတော့ တပည့်တော် သိတယ် ဘုရား။ ထူးဆန်းတဲ့သဘောကို သတိမထားမိဘူး ဘုရား'

**ဘရုဒေသ့။** ။ 'ဂုဏ် မကြီးပေမယ့် အစွမ်းသတ္တိ ကြီးရာမှာ **ဆီးချို၊ သွေးချို၊ အဆိပ်ဖျက်၊ အစားဖျက်၊ ရေယုန်ပေါက်နဲ့ ဆီး**ကျောက်တည်တဲ့ ရောဂါများကို ပျောက်ကင်းစေတယ်။

သူတော်ကောင်းတရားကို ရှာမှီးကြတဲ့ သူတော်စင်တို့တွက် အထူးလိုအပ်တဲ့ ဆေးတော်မြတ်ပင်ပဲ မောင်သွေး'

**မောင်သွေး။** ။ 'ဘယ်လို အသုံးပြုလဲ ဘုရား'

**ဘရုဒေသ့။** ။ 'ထိကရုံးကို ဆေးအဖြစ် အသုံးပြုရာမှာ အရွက်သာ ယူခြင်းမဟုတ် ပညာဉာဏ်ထုတ်ပြီး ဓာတ်သဘောပါအောင် ပဉ္စငါးပါးကို အကုန်နုတ်ယူရတယ်။

ထိကရုံးပင်ကို ရေနဲ့စင်အောင် ဆေး၊ ရေမြုပ်ပြုတ် အရည်ကို ဆားအနည်းငယ်ထည့်ပြီး ရေနွေးကဲ့သို့ သောက်ရုံပါပဲ။

အနာဖြစ်ရင်လဲ အဲဒီပြုတ်ရည်နဲ့ ဖန်ရည်ဆေးလို့ရတယ်။ အခြားဆေးအသုံးလဲ မှတ်ထားပေါ့။

အရက်ဦးရေ(၁)ပုလင်း၊ ထိကရုံးပင် ပဉ္စငါးပါးကို နုပ်နုပ်စဉ်း ပုလင်းတစ်ဝက်ထည့် နောက်ဆေးရွက်တစ်မည်ကား ကင်ပွန်းချဉ်ကို ထိကရုံးပင်ရဲ့ (၃)ပုံ(၁)ပုံထည့် အဖုံးပိတ်ပြီး နေလှန်းရတယ်။

အဲဒါကြတော့ ဆေးအဖြစ်သောက်ဖို့မဟုတ် လူးရန်အတွက် သုံးတယ်။ အကြောအခြင်ကိုက်ခြင်း၊ အကြောကပ်၊ အကြောထုံ၊ ကြွက်တက်၊ ခြေဆစ်လက်ဆစ်လွဲတာတွေ ပျောက်ကင်းစေတယ် မောင်သွေး'

**မောင်သွေး။** ။ 'ဘရုဒေသ့ တပည့်တော် အများပြည်သူ သိရအောင် စာရေးချင်တယ် ခွင့်ပြုပါ ဘုရား'

**ဘရုဒေသ့။** ။ 'ဘရုဒေသ့က ခွင့်ပြုရုံသာမကဘူး ဝမ်းသာအားရ သာဓုခေါ်ပါတယ်ကွယ်'

***မဟာမောစီမြိုင် ဆရာတော်ကြီးအား အာရုံပြု၍ ဦးခိုက်လျက်...***

***ရဲမျိုးအသွေး (မောစီမြိုင်)***

***(ရွှေထမ်း-ဓေတ္တ ဘော်စဲနိုင်ငံ)***

www.burmeseclassic.com




ကြည့်ပါ။

✤ နှလုံးလမ်းကြောင်းသည် ကြာသပတေးတောင်ကုန်းနှင့် စနေတောင်ကုန်းကြားမှ စတင်ပါတယ်။(က)

ဒါကတော့...

လွှန်လွှန်ကဲကဲ အချစ်စိတ် ရှိခြင်းပါပဲ။

✤ သက်မပျော့ပျောင်းပြီး နောက်သို့ အနည်းငယ် ကော့နေတယ်။(ခ)

ဒါကတော့...

စိတ်သဘာထား နူးညံ့သိမ်မွေ့ခြင်းကို ပြပါတယ်။

✤ ကံလမ်းကြောင်းသည် အသက်လမ်းကြောင်းနဲ့ နီးကပ်နေတယ်။ (ဂ)

ဒါကတော့...

သံယောဇဉ်ကြီးမှုကို ပြပါတယ်။

ကဲ ဒါဆိုရင်...

သူသည်

အချစ်ကြီးတဲ့သူ

တစ်ယောက်လို့...

အေးပါစေ အောင်ပါစေ

သန့်ပညာ



www.burmeseclassic.com

www.burmeseclassic.com

ORGANIC PRODUCTS
FROM KANDARAWADDY ORGANIC HERB FARM

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၂/၂၀၁၂တဆဆလ/ထိုး(၁၀၂၄)

ပင်ရင်း   ကိန္နရီ အမှတ်တံဆိပ် တန္တရဝတီဆေးတိုက် အမှတ်-၇၄၁၊ ဓနသိဒ္ဓိလမ်း၊ (၈)ရပ်ကွက်
မရန်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း ၀၉ ၅၁၄၀၃၈၉၊ ၀၉ ၄၂၀၀၇၀၈၅




## ကြက်လည်ဆံ ဆီးဆေးပြား
**အပြား ၁၀၀ပါ ဗူးကြီး**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 007860 (1114)






## ကြက်လည်ဆံ ဆီးဆေးပြား
**အပြား ၄၀ပါ ဗူးငယ်**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 007860 (1114)






## မင်းမကိုင်
**သွေးချို ဆီးချိုကျဆေး**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 012254(0916)





## ရင်ငြိမ်းဆေး
**နှလုံးဆေး**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 012014(0516)



ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက(စာနယ်ဇင်း) ၆၇/၀၆၁၇



www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်တွင်း သမိုင်းဝင်စေတီများ

၏ အောင်မြေနှင့် ဗုဒ္ဓပူဇော်ဂါထာတော်များ (၃၂)

အောင်မြေမြတ်
(စစ်ကိုင်းတောင်)





◆ ဇေတဝုန်ရွှေစေတီနှင့် ပထမအသောကစေတီ
ပထမအသောကစေတီတော် အင်္ဂါတော်မှ
မာန်ရှိနေသော အုပ်ပလ္လင်း ပြာသာဒ်ကြီး ◆

ပထမအသောကစေတီ

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။** *[၃-ကြိမ်ရွတ်ဆို]*

ဓမ္မာသောကာ ဘိဓေယျေန
နိဗ္ဗိတံ ဓာတု သံယုတံ။
ပထမအသောက ထူပံ
နမာမိ သိရ သာဒရံ။

မြန်မာပြန်

**အဟံ–** "......"ဟု နာမ သမုတ် အကျွန်ုပ်သည်၊

[မှတ်ချက်။ ။"......"နေရာတွင် မိမိအမည် ထည့်ဆိုရန်]

**ဓမ္မာသောကာဘိဓေယျေန–** သိရီဓမ္မာသောကခေါ် အသောကရာဇာမင်းကြီးသည်၊

**နိဗ္ဗိတံ–** ကိုးကွယ်တည်ထားအပ်ပါသော၊

**ဓာတုသံယုတံ–** ရှင်တော်မြတ်ဘုရား၏ ဓာတ်တော်မွေတော်တို့နှင့် ယှဉ်သော၊

**ပထမ အသောကထူပံ–** ပထမ အသောက စေတီတော်မြတ်ကို၊

**သိရသာ–** ဦးခေါင်းရတနာမြတ် အင်္ဂါအားဖြင့်။

**အာဒရံ–** လေးမြတ်ကြည်ညို ရိုသေလှစွာ၊

**နမာမိ–** ရှိခိုးဦးချ ကန်တော့ပါ၏။

ဘုရားတည်နှစ်

သက္ကရာဇ် ၂၂၄ ခုနှစ်။

ဘုရားဒါယကာ

သီရိဓမ္မာသောက အသောကရာဇာမင်းကြီး။

တည်နေရာ

စစ်ကိုင်းတောင်တန်း၊ ရွှေမြင်မိတောင်၏ အနောက်မြောက် မြေပြန့်စကျင်ရွာ။

ပွဲတော်ရက်

နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော်(၈)ရက်။

အောင်မြေ

စေတီတော်၏ အရှေ့ဘက်လိုဏ် အတွင်း ရုပ်ပွားတော်ရှေ့။

အစောင့်အရှောက်

မန်ကျည်းညီနောင်ရက္ခစိုးကြီး။

ထူးခြားချက်

သီရိဓမ္မာသောက မင်းကြီးသည် ဇမ္ဗူဒိပ်ကျွန်းအနှံ့ စေတီတော်ပေါင်း ၈၄၀၀၀၊ ရေတွင်းရေကန်ပေါင်း ၈၄၀၀၀တို့ကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဗုဒ္ဓသာသနာတော်ကြီး အဓွန့်ရှည် တည်နိုင်ရန် တည်ထား

www.burmeseclassic.com



◆ ပထမအသောကစေတီတော်၏ အရှေ့ဘက်လိုဏ်အတွင်းမှာ ပူဇော်ထားရှိသည့် ကောင်းမြတ်နေရာမှ ရှာဖွေတွေ့ရှိမှုအတော်



◆ ပထမအသောကစေတီတော်အား တတိယအကြိမ် ဖုံး၍ တည်ထားခဲ့သော တတိယရွှေဂူစေတီတော်ပုံ

တော်မူလေသည်။

စစ်ကိုင်းမြို့အတွင်း၌ အတွင်း မုဒ္ဒောကိုးဆူ၊ အပြင် မုဒ္ဒောကိုးဆူ ပါဝင်လေရာ ဤစေတီတော်မှာ မုဒ္ဒော စေတီစာရင်းတွင် မပါသော စေတီဖြစ်လေ၏။

အသောကမင်းကြီး၏ ထူးခြားသော ကုသိုလ်တော်ဖြစ်လေသည်။ ဘွဲ့အမည်မှာလည်း နှစ်ကာလအလိုက် ဒေသဓလေ့ အနေအထားအရ ဘွဲ့အမည်တော် (၄)မျိုး ပေါ်ထွန်းခဲ့ရလေ၏။

၁။ ပထမအသောကရွှေဂူစေတီ၊
၂။ ဒုတိယအနုရုဒ္ဓရွှေဂူစေတီ၊
၃။ တတိယရွှေဂူစေတီ၊
၄။ စတုတ္ထရွှေဂူစေတီ

ဟူ၍ အမည်တွင်ခဲ့လေသည်။

ပထမအသောက ရွှေဂူစေတီ ဘွဲ့အမည်မှာ မူလဘွဲ့အမည် မဟုတ်ပါ၊ သက္ကရာဇ် ၂၂၄ ခုနှစ်က သီရိဓမ္မာသောကမင်းကြီး တည်ထားခဲ့စဉ်က မြေအုတ်သား လုံးဝ မပါရှိဘဲ မင်းကြီး၏ အမှတ်အသားများကြောင့်သာ ဘွဲ့တော်တွင်ခဲ့ခြင်းသာ ဖြစ်လေသည်။

စစ်ကိုင်းမြို့ ဧရာဝတီမြစ်ကမ်းအနီးမှ အောင်မြေ လောကကျောက်စေတီ၊ ဆွမ်းဦးပုညရှင် စောင်းတန်းအနောက်ဘက်မှ အဘအောင်မင်းခေါင်၏ ဓာတ်ပန္နက်ကျောက်စေတီတို့ကဲ့သို့ ကျောက်ညိုသားများဖြင့် အခိုင်အမာထုဆစ်တည်ဆောက်ထားခြင်း ဖြစ်လေ၏။

စစ်ကိုင်းမြို့တွင် ထူးထူးခြားခြား ကျောက်သားစေတီဟူ၍ ဤစေတီတော် အပါအဝင် (၃)ဆူသာ တည်ရှိပါသည်။

အဘအောင်မင်းခေါင်၏ ဓာတ်ပန္နက်စေတီတော်မှာ ပန်းတုံးတိုင် မှစ၍ ခြသေ့ရုပ်တုများပါ ကျောက်သားစ စစ် ဖြစ်လေသည်။

ဒုတိယအနုရုဒ္ဓရွှေဂူ ဘွဲ့အမည်မှာ သက္ကရာဇ် ၄၁၉ ခုနှစ်၌ အနော်ရထာ မင်းကြီး စွယ်တော်ပင့်ရာမှ အပြန်ခရီး တွင် ထပ်ပိုးမွမ်းမံ တည်ထားခဲ့ခြင်း ကြောင့် ရရှိခဲ့သော ဘွဲ့အမည်ဖြစ် ကြောင်း သက်ဝါကြီးသူများ၏ အမှတ် အသား ပါးစပ်ရာဇဝင်သမိုင်း ဖြစ်လေ ၏။

တတိယရွှေဂူစေတီတော် ဘွဲ့ အမည်တွင်ခဲ့ခြင်းမှာ သိကြားမင်းကြီး က ပေးအပ်သော **"သီရိတြိဘဝနာ ဒိတျာ ပဝရ ပဏ္ဍိတ သုဓမ္မရာဇ မဟာဓိပတိ နရပတိစည်သူ"** ဘွဲ့ရ **အလောင်းစည်သူမင်းကြီး**သည် ရွှေ မြင်မိစေတီတော် တည်ထားပြီး အပြန်



www.burmeseclassic.com

www.burmeseclassic.com



ပထမအသောကစေတီတော်၏
သမိုင်းကျောက်စာရုံ



သီဂိရိမှ အသောကမင်းကြီး၏
အထိမ်းအမှတ်ခြင်္သေ့ရုပ်




ပထမအသောကစေတီတော်မှ
လက်ရာမပျောက်လှသော
တံခွန်တိုင်ထက်မှ ခြင်္သေ့ရုပ်များ
ပြသာဒ်တော် အဓိကမြင်ကွင်း

-တွင် ကာလကြာရှည် လေမိုးဒဏ်၊ -ချင်ဒဏ် စသော ဘေးပန်းကြောင့် -ောင်းရစ်မှုသာ ကျန်ရှိနေခြင်းကြောင့် -ားလောင်းတော် ပြုပြင်ခဲ့သော ဤ -တီအား ထပ်ပိုးပြုပြင် သောကြောင့် -က္ကရာဇ် ၄၇၈ ခုနှစ်တွင် တတိယ -ဂူစေတီဟူ၍ တွင်ပြန်လေ၏။

စေတုတ္ထရွှေဂူစေတီတော်ဟူ၍ ယခု -ါ ထင်ပေါ်လာပုံမှာ သက္ကရာဇ် -၀၉ ခုနှစ်တွင် ယိုယွင်းသွားသော -စေတီတော်ကြီးအား ဆရာတော် -ရမခေါ် စကျင်ဆရာတော်ကြီးနှင့် -မင်ဆရာတော် ဦးဝိမလတို့မှ -ဆောင်၍ စကျင်ရွာသူရွာသား ဒကာ -၏ ကောင်းမှုအစုစုအားဖြင့် မွမ်းမံ -ည်ထားခဲ့လေရာ သက္ကရာဇ် ၁၃၁၃ -တွင် "**စေတုတ္ထရွှေဂူစေတီတော်**" -၍ ဘွဲ့မည်အသစ် တွင်ခဲ့လေသည်။

-စ်စဉ် ဘုရားပွဲတော်ကျင်းပလေရာ -က်လာသမျှ ဘုရားဖူး ဧည့်သည် -ကို ပဲတီချဉ်ဖြင့် ဧည့်ခံလက်ဆောင် -လေ့ရှိသောကြောင့် "**ပဲတီချဉ်ပွဲ -တော်**"ဟု ယနေ့ထက်တိုင် ရှိးရာ -က် တွင်နေလေတော့သည်။



ဗုဒ္ဓဂယာအနီးရှိ စေတီငယ်
ပထမအသောကစေတီကျောက်စာ

စေတုတ္ထရွှေဂူစေတီတော်၏ ပုံဟန်မှာ မူလက ဖိနပ်တော်အခင်း ရှစ်တောင်၊ အမြင့်(၁၃)တောင် ရှိလေသည်။

ဖိနပ်ခုံ၏ အမြင့်မှာ တစ်တောင်ရှိ၍ စေတီတော်တစ်ဆူလုံး ကျောက်ညိုသားဖြင့် စီမံတည်ထားလေရာ ပစ္စယာ (၃)ဆင့်မှ ခရေသီးတိုင်အောင် ကျောက်သားများဖြစ်လေသည်။

ကျောက်ညိုသားများကို သပ်ရပ်စွာ ထုဆစ်ပြီး အင်္ဂတေပါးပါးဖြင့် ရှေ့တိုးနောက်ဆုတ် စနစ်ကျစွာ စီထပ်ထားလေ၏။ အတွင်းသားကိုလည်း ကျောက်ညိုသားများဖြင့် တည်ဆောက်ထားလေရာ ခိုင်ခန့်လှပေသည်။

ဌာပနာတိုက်မှာ ပထမပစ္စယာအတွင်း နှစ်တောင်တစ်ထွာ ပတ်လည် ကျောက်သေတ္တာပြုလုပ်၍ အောက်ခံ



www.burmeseclassic.com

www.burmeseclassic.com





ပထမအသောကာရာမစေတီတော်မှ အသောကာရာမင်းကြီး၏ အမိဋ္ဌာန်ရာတွင်

ပထမအသောကာရာမစေတီတော်၏
ရှေးကြီးလှသော ဓါတ်ရှင်တိုင်ကြီး
ပထမအသောကာရာမစေတီကြီး၏
အနီးကပ်တည်ရှိသော
အသောကာရာမမင်းကြီး၏
ကုသိုလ်တော်ရေကန်ကြီး

တွင် စရွေးကိုက်ကျောက်သားခင်း ဖြစ်လေသည်။

သေတ္တာ၏ အဖုံးကိုလည်း စရွေးကိုက် ကျောက်ပြားဖြစ်လေသည်။ ကျောက်သေတ္တာအတွင်း၌ကား တစ်တောင်ရှိသော မူလစေတီငယ်၏ ပုံစံတော်ကို ကျောက်သားဖြင့် ပြုလုပ်ထားရှိလေ၏။

စေတီတော်ငယ်၏ ပတ်ပတ်လည်တွင် ကျောက်နီ၊ ကျောက်ပြာ၊ ကျောက်စိမ်းခဲလေးများဖြင့် ဖြန့်ခင်း ပူဇော်ထားလေသည်။

ရတနာကျောက်မျက်များဖြင့် မွှေ့ရာခင်းထားလေရာ အနီးတွင် သုမေဓာရှင်ရသေ့ ဗျာဒိတ်ခံယူဟန်နှင့် ငွေသားဗောဓိပင်၏အရင်း၌ ရွှေချထားသော ကျောက်သားဆင်းတု(၄)ဆူပါ ရှိလေ



သီရိဓမ္မာသောကာမင်းကြီး၏ တောရှဲ့ကြာကန်ကြီးသို့ အဝင်လမ်းကလေး
အရှေ့မှ သစ်ပင်တန်းမှာ ကြာကန်ကြီး ဖြစ်ပါသည်





www.burmeseclassic.com

www.burmeseclassic.com





▲ ကြာကန်ကြီးဘေးမှ ကြီးမြင့်မှုမရှိသော ရာကျော် မန်ကျည်းပင်ကြီး

စေတုတ္တရွှေဂူစေတီရင်ပြင်မှ ထူးခြားထင်ရှား မန်ကျည်းညီနောင် ▶

▼ ကြာကန်ကြီးအဝင်မှ ညောင်ပြှမ်းညီနောင်



၏။

လက်ယာဘက်တွင် ကျောက်သားဖြင့် ထုလုပ်ထားသော (၅)လက်မခန့် ပုဆစ်တုပ် လက်အုပ်ချီကန်တော့နေပုံ မောင်းနားတောင်းနှင့် မင်းကြီးပုံ ပါဝင်လေသည်။

စေတီငယ်၏ သပိတ်မှောက်တွင် အံ့ဝှက်ဖြင့် ပြုလုပ်ထားလေရာ အတွင်း၌ကား (၄×၆)လက်မ ငွေကြုတ်နှင့် (၂×၁)လက်မ ရွှေကြုတ်ငယ်တစ်ခု ပါရှိလေ၏။

ထို**ရွှေကြုတ်**အတွင်း၌ ဝင်းလက်နေသော ဘုရားရှင်ဓာတ်တော် (၁၅၉၀) ကို ဖူးတွေ့ကြရလေသည်။

**ငွေကြုတ်**အတွင်း၌ကား အဆင်းအရောင်(၃)မျိုးရှိသော ဓာတ်တော် (၁၅၈၁)ဆူကို ဖူးတွေ့ရလေ၏။ ငွေကြုတ်၏အကန့်တွင် ရွှေးငယ်၊ ရွှေးကြီးခန့် ရဟန္တာဓာတ်တော် (၁၀၀) ကို ဖူးမြင်ရလေသည်။

ရွှေကြုတ်သည်ကား လော့်ပြီးခါစ ရွှေကဲ့သို့ တဖိတ်ဖိတ် တောက်ပြောင်လျက် မြင်တွေ့ကြရလေရာ ထူးခြားလှပါပေသည်။

ငွေဗောဓိပင်၊ ငွေပန်းခိုင်များမှာ ဆွေးမြည့်လျက် သဏ္ဍာန်မပျက် တည်ရှိနေကြပါသော်လည်း ကိုင်တွယ်လိုက်သောအခါ ကြေမွ ပျက်စီးသွားလေသည်။

စေတီတော်ကြီးအား မုခ်ပေါက်လေးမျက်နှာဖြင့် ဖွဲ့စည်းထားလေရာ အရှေ့ဘက် မျက်နှာပြုထားပါသည်။

လိုဏ်အတွင်း၌ကား **"ဈာနမုဒြာ"** ပုံတော်နှစ်ဆူ စံနေတော်မူလေသည်။ လက်ယာဘက်မှ ရုပ်ပွားတော်သည် **"တတိယရွှေဂူစေတီတော်"**အား ထပ်မံပြုပြင်ရာမှ တွေ့ရှိရသော ကျောက်ညိုသား ရုပ်ပွားတော်ဖြစ်လေသည်။

လက်ဝဲဘက်မှ ရုပ်ပွားတော်မြတ်မှာ **"ဒုတိယအနုရုဒ္ဓရွှေဂူ"**အဖြစ် ပြန်လည်မွမ်းမံစဉ်က ပါဝင်သော ရုပ်ပွားတော်မြတ် ဖြစ်လေသည်။


ရုပ်ပွားတော်မြတ် နှစ်ဆူလုံးမှာ ပုံပ်တူ ဈာနမုဒြာပုံတော်များဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com





ကြာကန်တော်၏ ဆင်တောက်မှ ထေးပေါက်ဆင် မြင်ရွာနီတောကြီး ရှင်သန်နေပုံ

◆ သီးနှံစိုက်ခင်းများ စောင် ထွန်ယက် စိုက်ပျိုးမှုတွင် ဦးတိုက်ခလှူရှိသော ထူးခြား သီးပင်ကြီး

လက်ရာ အလွန်သေသပ်လှပစွာ ကြည်ညိုမဆုံး ဖူး၍မဝ ဖြစ်ကြလေသည်။

တောင်ဘက်မုခ်ဦး၊ အနောက်ဘက်မုခ်ဦးနှင့် မြောက်ဘက်မုခ်ဦးလိုဏ်များတွင် ပထမ အသောကရွှေဂူ၊ ဒုတိယ အနုရုဒ္ဓရွှေဂူနှင့် တတိယရွှေဂူစေတီတော်များ၏ ပုံစံတူစေတီစေတီပွားများကို ကြည်ညိုနိုင်ရန် စီမံထားရှိပါသည်။

မုခ်ဦးများ၏ အထက်တွင် ဘုံငါးဆင့် အထွတ်တင်၍ ဝဲယာ တစ်ဖက်စီတွင် မုခ်ပြာသာဒ် တစ်ဆောင်စီ ခြံရံ၍ ထားရှိလေသည်။

မုခ်ဦးလေးဆောင်တို့၏ ဗဟိုချက်မတွင် ပစ္စယာသုံးဆင့်တင်၍ ခေါင်းလောင်းမှောက်၏ အထက်၌ ခုနစ်ရက်သားသမီးအပေါင်း သူတော်ကောင်းတို့အတွက် အပူဇော်ခံတော်မူရာ အမှတ်လက္ခဏာအဖြစ် ဖောင်းရစ် (၇)ရစ် ထားရှိလေ၏။

ဖောင်းရစ်များ၏ အထက်တွင် ကြာခံကြာလှန် ပုလဲရွဲတို့ဖြင့် ခရေသီး၏ အပေါ်တွင် ရွှေထီးတော်ကြီးကို အထွတ်တင်ထားလေရာ အလွန်သပ္ပါယ်ခမ်းနားလှပါပေသည်။

စေတီတော်ကြီး၏ ဖိနပ်တော်ဘုံထောင့်များတွင် အုတ်ပလ္လင်မြင့် ခံ၍ မာန်ဖီနေသော ခြင်္သေ့မင်းကြီးများကို မြင်တွေ့နိုင်ကြလေသည်။

စေတီတော်ရင်ပြင် အဂ္ဂိထောင့်တွင် ကမ္ဘာကျော် သမ္မုဒ္ဒေမိုးညှင်း ဘုရားမှ ပုံပာန်များအတိုင်း ချောင်းဦး မြို့နှင့် စကျင်ရွာမှ ကျွမ်းကျင်ပညာရှင် ဆရာကြီး၏ အနုပညာပြောင်မြောက်လှသော အောင်တံခွန်တိုင်ကြီးကို ရှုမောဖွယ် တွေ့မြင်ကြရလေသည်။

စေတီတော်၏ မြောက်ဘက်ရင်ပြင် တံတိုင်းအားကျော်၍ ရှုကြည့်ပါက အသောကမင်းကြီး၏ ရေကန်တော်ကို မည်သည့် အခါကာလ၌မဆို အမှိုက်တစ်စမျှ မရှိဘဲ ကြည်လင်စိမ်းစိုစွာ တွေ့ရှိရမည် ဖြစ်လေသည်။

ရေကာသိုဏ်း အားထုတ်လိုသော သူတော်ကောင်းများအတွက် တစ်ခုတည်းသော ရှားပါးလှသည့် အဓိဋ္ဌာန်နေရာထူးဖြစ်လေ၏။

ယင်းရေကန်တော်ကြီး၏ သမသတ်ထောင့်အရပ် ဖြစ်သည့် ရင်ပြင်တော်၏ စနေထောင့်ဌာနတွင် **မင်းကြီး၏ အဓိဋ္ဌာန်ရေချိုးတွင်း** တည်ရှိလေသည်။

မိုးခေါင်ရေရှားရပ်ဝန်း ဖြစ်သော်ငြားလည်း တွင်းရေမှာ အလွန် ကြည်လင်သန့်ရှင်း၍ လက်တစ်ကမ်းအလွယ်တကူ ခပ်ယူအသုံးပြုနိုင်လေသည်။

စေတီတော်၏ တောင်ဘက်ရင်ပြင်တော်၌ သက်တမ်းရာကျော် မန်ကျည်းညီနောင်မှာ ထူးခြားလှပေ၏။ အရှေ့ဘက်မှ မန်ကျည်းပင်ကြီးမှာ ကြီးမားတုတ်ခိုင်လှသော်လည်း ပုပုဝဝ ဖြစ်လေသည်။ အနောက်ဘက်မှ ညီတော်မန်းကျည်းပင်မှာ နောင်တော်ကြီးထက် အရပ်မြင့်မားလှပေ၏။

ထူးခြားလှသော မန်ကျည်းညီနောင် ရုက္ခစိုးကြီးအား အမျှပေးဝေ ဆုတောင်း၍ အဓိဋ္ဌာန် ယူနိုင်ကြလေ

www.burmeseclassic.com



▲ ပထမအသောကစေတီတော်၏ အုံအတောင် နတ်ကွန်းလေး

▼ ကြာကန်ကြီးအား စမ်းကိုင်တောင် နောက်ခံ၍ သာယာကြည်နူးဖွယ် တည်ရှိနေပုံ



သည်။

စတုတ္ထ ရွှေဂူစေတီတော်ကြီး၏ ရာဟုထောင့်တွင် ပထမအသောက ရွှေဂူစေတီတော်၏ ကျောက်စာတိုက် ဟောင်းအသား အသစ်တစ်ဖန် တည်ဆောက်ထားလေရာ သိမ်ရိပ်မှာ သောကမင်းကြီး၏ အမှတ်လက္ခဏာ ဖြစ်သော ခြင်္သေ့ကြီး(၄)စီးနှင့် အမြိုက်ရေစင်အိုးကြီးအား အထူးပြု ထားလေသည်။

ယင်းသို့အားဖြင့် တံခွန်တိုင်ပုံဟန် ဖွဲ့စည်းထားသော မျက်နှာပြင်လေး ဖက်ပါ ဌာနများတွင် ပထမရွှေဂူမှ စ၍ စတုတ္ထရွှေဂူစေတီတော်၏ သမိုင်း မှတ်တမ်းများတိုင်း ကျောက်စာဖြင့် ထွင်းထုထားရှိလေသည်။

စေတီတော်မှ စနေထောင့်အရပ် တွင် ဘေးမဲ့ကြာကန်ကြီးသို့ သွား ရောက်ရာ၌ အလွန်ကြီးမားသော နတ်ပေး သီးပင်ကြီးအား အံ့သြဖွယ် တွေ့မြင်နိုင်ကြလေ၏။

**နတ်ပေး သီးပင်ကြီး၏ အထွတ် ရှိးကလေးတွင်** ထူးဆန်းသော ညောင်ဖြူပင်အမြွာအား အရိပ် အာဝါသ ကောင်းစွာ ဖွံ့ဖြိုးနေပုံကို လည်း မြင်တွေ့ရနိုင်လေသည်။

ညောင်ဖြူပင် အမြွာညီနောင်အား ကျော်လွန်ပါလျှင် သက်တမ်းရာကျော် ရှိနေပြီဖြစ်သော်လည်း ကြီးထွားခြင်း မရှိသော **မန်ကျည်းပင်ကြီး**ဟု အဆို ရှိသည့် **ရက္ခအိုကြီး**အား ထူးခြားစွာ ရှင်သန်နေမှုကို တွေ့ရလေသည်။

သက်ကြီး မန်ကျည်းပင်ကြီး၏ ခြေရင်းဖြစ်သော ကြာကန်ကြီး၏ တာပေါင်ပေါ်များတွင်ကား ဆေးဖက် ဝင်လှသော ဆေးမြင်းခွာနီများက ကြာကန်တော်ကြီးအား လှပဆန်း ကြယ်စွာ တယောင်တဆောင် ပေါက် ရောက်နေကြလေသည်။

ကြာဖြူ ကြာနီနှင့် ကြာပြာ (၃)မျိုး သာ ဖြစ်ထွန်းနေသော ဘေးမဲ့ကန် တော်ကြီး၌ အလွန် ချစ်စရာကောင်း သော ရွှေဟင်္သာ၊ တောဘဲငန်း၊ ကြာဖက်နင်း၊ ကြိုးကြာနှင့် ဆောင်းခို ငှက်များအား ကြည့်ရှုမေတ္တာပွားနိုင် ကြလေ၏။

စတုတ္ထ ရွှေဂူစေတီတော်ကြီးသည် ကား ဂန္ဓာရီခရီးသွား သူတော်ကောင်း များအတွက် ကြည်နူးချမ်းမြေ့စွာ အားထုတ်နိုင်သည့် ထူးခြားလှသော အောင်မြေတစ်ခုအဖြစ် လမ်းညွှန်ဒါန ပြုလိုက်ရပါသည်။

***နလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ***

**အောင်ရွှေမြတ်**
***(စစ်ကိုင်းတောင်)***

www.burmeseclassic.com



注册 商標



ရိုဝိ– ကျားရတနာဆေးသည်
တရုတ်ပြည် ရှေးခေတ် ကေရာဇ်မင်း

နန်းတွင်းတွင် အသုံးပြုသော
ဆေးတော်မြတ်ဖြစ်သည်။







龍鳳寶

ရှိုဝိ– အမျိုးသားအားဆေး
ကျားရတနာဆေး

မြန်မာတိုင်းရင်းဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။

နဂါးဘာမထီရတနာ (လုံဖုန့်ပေါင်)

(ယောကျ်ားသုံးအဆင့်မြင့်အားဆေး) မှတ်ပုံတင်အမှတ် TMR-009365 (1014)

ရိုဝိ– ကျားရတနာဆေး (မူလအမည်၊ နဂါးကျားအားမာန်ဆေးလုံး)သည် တရုတ်ပြည် ရှေးခေတ်ကေရာဇ်မင်း နန်းတွင်းတွင် အသုံးပြုသော ဆေးတော်မြတ်ဖြစ်သည်။ ၎င်းသည် ဘုရင်မှ မောင်းမမိဿံများ၊ ချောမောလှပသည့် မိဖုရားတို့နှင့် ကာမပျော်ပါးရာတွင် သီးသန့်အသုံးချရန် ဖြစ်သည်။

ဤလျှို့ဝှက်ဆေးနည်းသည် ယနေ့အထိ ပျောက်ဆုံးမသွားဘဲ ဆက်ခံလာသည်မှာ အနှစ်(၄၀၀)ကျော်ရှိပြီ ဖြစ်ပြီး လူ့လောက၏ နတ်သိကြား ဆေးဟု တင်စားခြင်းခံရပေသည်။ ဤဆေးကို ရေရှည်မှီဝဲသုံးစွဲပါက အသက်ရှည်၍ အစဉ်နုပျိုစေပါမည်။ မန်ချူးမင်းဆက် ကေရာဇ် ချန်လုံသည် ကာမစည်းစိမ်ပျော်စံ၍ အသက်(၈၉)နှစ်အထိ နေထိုင်နိုင်ခဲ့ခြင်းမှာ ရိုဝိ–ကျားရတနာဆေးကို ရေရှည်မှီဝဲသုံးစွဲခြင်းကြောင့် ဖြစ်သည်။

**အဓိကကုသမှု ။** ယောကျ်ား ကျောက်ကပ်အားချို့တဲ့၍ သုက်ရည်နည်းခြင်း။ ပန်းညှိုး၍ မထိန်းနိုင်ဘဲ သုက်လွှတ်စောခြင်း။

**အာနိသင် ။** ကာမရာဂစိတ် ပိုစေ၍ နုပျိုလာစေမည်။ ကျောက်ကပ်အားပေး၍ လူသန်စွမ်းကာ အသက်ရှည်စေသည်။

**ဖြန့်ချိရေး– ဦးမြင့်ဆွေ၏သားများ–** မြန်မာဆေးမျိုးစုံဆိုင်၊ C-264(D)ရုံ မြေအောက်ထပ်၊ သိမ်ကြီးဈေး။ ဖုန်း–၂၅၄၃၂၅၊ ၇၀၉၇၀၈။ ❖ဆိုင်အမှတ်(၂၈) ဈေးကြီး၊ မော်လမြိုင်မြို့၊ ဖုန်း ၀၃၂–၂၃၁၁၄၊ ❖ဒေါ်ဆယ်ဆေးတိုက်–အမှတ်(၆၉၉)၊တရုတ်တန်း၊ ပြည်မြို့၊ ဖုန်း–၂၁၂၆၂။ ❖မဥ္စရီမြန်မာဆေးဆိုင်–(၂၉)လမ်းနှင့်(၈၄)လမ်းထောင့်၊ မန္တလေး။ ❖မြန်နှာဆေးဆိုင်–အမှတ်(၁၀)၊မင်းလမ်း၊ ဗိုင်းကနိုင်းတောင်၊ ပဲခူးမြို့၊ ဖုန်း–၂၂၁၀၆။ ❖မောင်မျိုးဆေးဆိုင်–၄/ကျောင်းလမ်း၊ မြောက်ဥက္ကလာ၊ ❖ကန့်ကော်ရုံ၊ အမှတ်(၈၁/၈၂/၈၃)၊လားရှိုးမြို့မဈေး၊ ဖုန်း–၀၈၂–၂၂၁၁၆။ ❖နေလကြယ်ဆေးတိုက်–(၆)လမ်း၊ တောင်ငူမြို့၊ ဖုန်း–၀၅၄–၂၁၈၃၉၊ ❖အခန်း(၈) အဝေးပြေးဂိတ်ဝင်း၊ ကင်မလင်းကျွန်း၊ ပုသိမ်မြို့၊ ဖုန်း–၂၃၄၂၁။ ❖ကိုသိန်းရွှေ–အမှတ်(၁၈၇)၊ရွှေပြည်သာဈေး၊ ပုသိမ်မြို့၊ ❖ရွှေစွန်ညိုစတိုး–ဒေါ်ခင်စန်းရီ(၃၁/အေ)၊ ကုန်သည်လမ်း၊ ပုသိမ်မြို့၊ ဖုန်း–၂၁၇၁၅။ ❖ခရာစံ–အမှတ်(၅၂/၈)၊ ကုန်သည်လမ်း၊ ပုသိမ်မြို့၊ ❖ဇော်ထွန်းဦး–ည/၁၅၀၊ ဦးကြီးခမ်းလေ့လမ်း၊ ဦးကြီးခမ်း၊ တောင်ကြီးမြို့၊ ဖုန်း–၀၈၁–၂၃၀၂၅၊ ❖မြတ်မွန်ဆေးဆိုင်၊ မြစ်ကြီးနား၊ ဖုန်း–၀၇၄–၂၂၅၉၅၊ ❖ဝါးခယ်မမြို့ အမှတ်၆၂/၆၃၊ ဈေးရုံ(၈)၊ ဈေးရပ်ကွက်–ဦးကျော်လင်း။ ❖အမှတ်(၁၂၂)၊ရာဇာလမ်း၊ ပိန်းကန်ရွာ၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်း၊ ဖုန်း–၂၄၄၃၀၄၊ ❖စကားဝါဆေးနှင့် ဆေးပစ္စည်းဆိုင်–အမှတ်(၇)၊ မြင်းခြံမြို့၊ ဖုန်း–၀၆၆–၂၁၄၄၁၊ ❖Topကုန်မာဆိုင်– လားရှိုးလမ်း(နာရီစင်အနီး) ပြင်ဦးလွင်မြို့၊ ဖုန်း–၀၈၅–၂၁၂၅၆။ ❖ဒေါ်ဆယ်ဆေးတိုက်–အမှတ်(၆၉၉)၊တရုတ်တန်း၊ ပြည်မြို့၊ ဖုန်း–၂၁၂၆၂၊ ၀၈၅–၂၁၂၅၆၊ ❖ဦးစိန်သန်း+ဒေါ်နီနီဝင်း–ဆေးပဒေသာ၊ ရတနာမာရ်တောင်ရပ်၊ စိတ္တသုခဂေဟာ၊ ရတနာမာရ်တောင်ဘုရားအနီး၊ မိတ္ထီလာမြို့–ဖုန်း၂၁၃၉၂၊ ဦးအောင်မြင့်နှင့်သားသမီးများ(ဆေးပစ္စည်းဆိုင်)အမှတ် (မ/၁၂၂)၊ ဘုတာ တောင်ဘက်လမ်း၊ အရှေ့ပြင်ရပ်၊ မိတ္ထီလာ–ဖုန်း–၂၂၀၄၂၊ တက်နေဝန်းမြန်မာ့ဆေးလုပ်ငန်း–ဈေးအရှေ့ဘက်၊ နေပြည်တော်လမ်း၊ စစ်ကိုင်း၊ ဖုန်း–၀၇၂–၂၂၀၀၂၊ ထွန်းသောင်စတိုး–ဖုန်း–၂၁၆၉၇၊ ဆောင်းဟေမာန်ဆေးပစ္စည်း မြို့မ ၆၃၊ အင်းတဘက်ရွေ၊ မြစ်ကြီးနား၊ ဖုန်း–၂၂၁၀၆၊ ❖ပျဉ်းမနားမြို့၊ ပွဲကတော်ဆေးဆိုင် အမှတ်(၁၁၁) (၇)လမ်း၊ မင်္ဂလာရပ်ကွက်–ဦးထင်ဦး+ဒေါ်မြသန်း။ ❖ဦးကျော် ကွန်ပျူတာဆိုင်–ဗိုလ်ချုပ်လမ်း၊ ဝမ်ကောင်းရပ်၊ တာချီလိတ်မြို့၊ ဖုန်း–၅၁၂၂၇၊ ပဲခူးတိုင်း၊ သာယာဝတီမြို့၊ ဈေးအတွင်း–နှီညီနောင်ဆေးဆိုင်။ ❖ ကရုဏာဆေးဆိုင်–၃၂/အားကားဒေါင့်၊ သထုံတံတားလမ်း၊ မော်လမြိုင်မြို့၊ ဖုန်း–၀၃ ၂၂၅၃၂။ ❖ရောထွန်းစတိုး(မြန်မာ့ဆေးမျိုးစုံနှင့်အလှကုန်ဆိုင်)ရုံ(၁)၊ လိုင်း(အေ)၊ ❖ဆိုင်အမှတ်–(၂၈)ဈေးကြီး၊ မော်လမြိုင်မြို့၊ ဖုန်း–၀၃၂–၂၃၁၁၄၊ ❖ကို (ဆေးတိုက်) ထုံတိုလ်စိမ်း၊ ဆိပ်ငယ်ရပ်၊ မြိတ်မြို့၊ ဖုန်း–၀၃၆–၄၃၆၀၄၊

**ပင်ရင်းဖြန့်ချိရေး – ရိုဝိဆေးတိုက်အမှတ်(၁၄)၊ ပထမထပ်၊ ထီးတန်း(၂)လမ်း၊ ကမ်းနားလမ်း၊ သီရိမင်္ဂလာဈေးအနီး၊ ဟုမ်းလမ်း တိုင်ဆင် ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၇၃၀ ၉၈၆၀၆၊ ၀၉–၅၀၅ ၈၁၀၈၊ ၀၉–၂၁၀၀ ၁၈၇၂**





www.burmeseclassic.com

www.burmeseclassic.com

ကျောက်ဆည်နယ် အရှေ့ခြမ်းမှ

ထက်မင်းကျော်စွာ

# ဓာတ်တော်တောင် လိုဏ်ဂူနန်းသို့ (၃)



◆ ကျောက်ခြင်္သေ့နှင့် ဓာတ်ဝမာင်

ယခင်လမှ အဆက်

'ခြေချော်ပြီး တက်ရခက်နေတယ် ဦးလေး'

အိတ်ဆောင်ဓာတ်မီးဖြင့် လမ်းပြပြီး နောက်...

'ကိုယ်ကို မလှည့်နဲ့၊ ပက်လက် အနေအထားအတိုင်း ပြန်တက်ခဲ့'

ဟု သတိပေးလေမှ ရှောရှောရှူရှူ တက်လာနိုင်လေသည်။

**ကျောက်ရှင်များဖြစ်၍ ကြီးထွား နေရာ** ဥမင်လမ်းမှာ ကျဉ်းမြောင်းလာ၍ ခန္ဓာကိုယ်ကို မလှည့်သာပါ။ ပက်လက်အနေအထားဖြင့် ဝင်ကာ ထိုကိုယ်အနေအထားအတိုင်း ပြန်တက်လာလသည်။

ဆွမ်းစားကျောင်းသို့ ပြန်ရောက်၍ ဦးထွင်းအား လျှောက်ထားရာ...

'ကျုပ်လဲ ပြောပါတယ်။ ဆရာတော်က မူလအခြေအနေအတိုင်း ရှိစေချင်လို့ ဥမင်အဝကို မချဲ့ဖြစ်တာပါ'

ဟု မိန့်၏။ ကပ္ပိယအမယ်ကြီး ဒေါ်သိန်းထိုက်ကလည်း ဝင်ရောက်ပြောဆိုသည်။

'အမေတို့ ငယ်ငယ်က ဝင်ကြည့်ဖူးပါတယ်။ ခန္ဓာကိုယ်တော်သုံးဆူ သီတင်းသုံးတယ်။ ဆောင်ရင့်ကိုယ်လုံးနဲ့ဆိုရင် ဝင်ဆံ့မှာ မဟုတ်ဘူး'

'ဝင်ခဲ့ပြီးပြီအမေ လူနှစ်ရပ်လောက်နောက်မှာ အသက်ရှူကျပ်လို့ ပြန်တက်လာတာ'

'ဟိုတုန်းကတော့ ဖယောင်းဆီမီး ပူဇော်ခဲ့ကြတာပဲ။ အဲဒီက ဆက်ဆင်းသွားရင် ပုဂံ ပြည် လောကနန္ဒာဘုရားအောက်ဥမင်ကို ရောက်တယ်လို့ ပြောကြတယ်။ အမေတို့တော့ မသွားဖူးပါဘူး။ ဆရာတော်(ဦးအာစိဏ္ဏ)က အနေအေးတယ်။ ဘာအလိုရှိသလဲမေးရင် ပြည့်စုံပါတယ်လို့ပဲ ဖြေတယ်။ ဘာမှ အလှူမခံဘူး။

ရှေးအထောက်အထားတွေ ပျက်စီး

www.burmeseclassic.com




◆ လိုဏ်တွင်းရုပ်ပွားအချို့




◆ သူ့ရဲ့မျက်နှာ ကျောက်စက်ပန်း

◆ ကျောက်ဆည်ပန်းဆွဲအချို့



◆ လှေကားထစ်လယ်ကွက်များ




မှာစိုးလို့ ဥမင်အဝကို မချဲ့ထွင်တာပါ
နှစ်စဉ်တပေါင်းလတိုင်းမှာ ဓာတ်တော်
တောင်ဘုရားပွဲဆိုပြီး တောင်ခြေ
ကွင်းပြင်မှာ ကျင်းပတယ်။

ဆိုင်တန်းတွေ ပျော်ပွဲရွှင်ပွဲတွေ
ခြိမ့်ခြိမ့်သဲပါပဲ။ ဓာတ်တော်လိုဏ်
ဘုရားအတွက်တော့ ဘာတစ်ခု
အလှူမရောက်ဘူး။ ဆရာတော်ကလဲ
ဘာမှ မပြောဘူး။ အခုမြင်ရတဲ့
သာသနိက အဆောက်အအုံတွေက
အလှူရှင်တွေ သဒ္ဓါပေါ်လို့ ကိုယ်တိုင်
ကြပ်မတ်ဆောက်လှူတာချည်းပဲ။

ဆရာတော် ရောက်ခါစက ပြိုပျက်
နေတဲ့ လျောင်းတော်မူ ရုပ်ပွားတော်
ပြုပြင်ဖို့ ဝတ္ထုငွေတွေ လှူကြပေမယ့်
အလှူမခံဘူး။ တပည့်ဒါယကာတွေ
ဦးစီးပြီး ဆရာတော် လမ်းညွှန်မှု
မှမ်းမံခဲ့ကြလို့ အခုလို ဖူးတွေ့ကြရတာ

F.10B. October, 2015

www.burmeseclassic.com



◆ ကျောက်ကမ်းပါးယံ



◆ လိုဏ်အတွင်းမှ မြင်ရသော လိုဏ်ဂူအဝနှင့်ဆလသာဆောင်

ပုဂံသို့ သွားနိုင်သည့် ဥမင်အစ ဖြစ်၍ ပုဂံဥမင်ဟုခေါ်ကြောင်း သိရသည်။ ကျောက်ရှင်များ ကြီးထွား၍ သက်သောင့်သက်သာ မရှိလှသော်လည်း လင်းနို့ချေးကဲ့သို့ တိရစ္ဆာန် အညစ်အကြေးအနံ့များ မရှိပါ။

ဖယောင်းတိုင်ထွန်းနိုင်သည် ဆိုသဖြင့် လေဝင်လေထွက် အတန်အသင့် ရှိ၍ နဂါးငွေ့ဟုခေါ်သော ကာဗွန်မိုနောက်ဆိုက် ဓာတ်ငွေ့များ စုပုံနေခြင်း မရှိနိုင်ပါ။

မလူးသာ မလွန့်သာ အခြေအနေက အရှင်လတ်လတ် မြေမြှုပ်ခံရသည့် ပမာ ခံစားရသဖြင့်(စိတ်ခံစားမှုကြောင့်) အသက်ရှူမဝသလို ထင်မှတ်မှားခြင်း ဖြစ်နိုင်လေ သည်။

## ဆုတောင်းပြည့် ရုပ်ပွားတော်

ပုဂံဥမင်မှ ပြန်ထွက်၍ လိုဏ်ဂူခန်းမတွင်းသို့ ပြန်လည်ရောက်ရှိကာ ဦးပဥ္ဇင်းမှာ ကြားသည့်အတိုင်း ခြေတော်ရင်းသို့ သွားရောက်သည်။ ပလ္လင်စွန်းတွင် အမျိုးသမီး မတက်ရဟူသော ကမ္ပည်းရေးထိုးထားသည်။

လျောင်းတော်မူ၏ ခြေဖဝါးကို ဦးတိုက်ကာ သစ္စာပြု ဆုတောင်းပါက ဆုတောင်းပြည့်ဝသည်ဟု မှတ်သားခဲ့ရသည်။


ထို့ကြောင့် ပလ္လင်ထက်သို့ တက်၍ သစ္စာပြု ဆုပန်းခြင်းဖြစ်သည်။ အမျိုးသမီးများမှာ ခြေတော်ဦး(ခြေချောင်းတော်)ကို ဦးခိုက်ဆုပန်နိုင်သည်။

ဤသို့ ဆုပန်ပြည့်ဝသဖြင့် နောက်တစ်ကြိမ် လာရောက်ကာ ကုသိုလ်ပြု



www.burmeseclassic.com

www.burmeseclassic.com



◆ ပင်းယခေတ်ရုပ်ပွားတော်

◆ အနီးမှမြင်ရသော ကျောက်စက်မိုးမျှော်စေတီ

လှူဒါန်းကြသော ကောင်းမှုအမည် ကမ္ပည်းများစွာရှိကြောင်း သိရ၏။

## ဓာတ်တော်လိုဏ်

ဤလိုဏ်ဂူသည် ဓာတ်တော်လိုဏ်ဂူဟု တွင်ရခြင်းအကြောင်းမှာ ဘဒ္ဒကမ္ဘာတွင် ပွင့်ထွန်းပြီးသော ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပနှင့် ဂေါတမ မြတ်စွာဘုရားရှင်တို့ ကြွရောက် သီတင်းသုံးတော်မူခဲ့ကြကာ ထိုဘုရားရှင်လေးဆူ၏ ဓာတ်တော်များ ကိန်းဝပ်စံပယ်တော်မူကြသည်။

အရှင်မဟာကဿကသည် တန်ခိုးဖြင့် ဖန်ဆင်းအပ်သောအခါ ဂေါတမဘုရားရှင် လျောင်းတော်မူ ရုပ်ပွားတော်နှင့်တကွ မြတ်စွာဘုရားလေးဆူ၏ ရုပ်ပွားတော်၊ ဓာတ်တော်၊ မွေတော်များကို ရတနာပန်းတောင်းဖြင့် ပူဇော်ခဲ့ရာ နတ်သိကြားတို့က သာသနာငါးထောင် တိုင်တည်ပါစေဟု အဓိဋ္ဌာန်ပြုပြီးနောက် လိုဏ်တံခါးကို အလိုအလျောက် ပိတ်စေသည်ဟု ရှင်အရဟံမိန့်ကြောင်း ပေမူရှိသည်ကို ဦးမြင့်ဝေ ရေးသားသည့် ဓာတ်တော် တောင်ဘုရားသမိုင်းစာအုပ်တွင် ဖော် ထားလေသည်။

သီလ,သမာဓိ ပြည့်စုံသူသည် သစ္စာ အဓိဋ္ဌာန်ပြု၍ ကမ္မဋ္ဌာန်းဆောက်တည် ခြင်းဖြင့် မူလရုပ်ပွားတော်နှင့် ဓာတ် တော်စေတီတော်များကို ဖူးတွေ့ခွင့် ရကြသည်ဆို၏။

ယခု ဖူးမြင်ရသော ရုပ်ပွားတော်မှာ နောင်းခေတ်ကာသိုလ်ဖြစ်၏။ ကျောက် ဆည်ဦးငြိမ်းမောင်က ဤသို့ ရေးသား ထား၏။

'ဤလိုဏ်ဂူသည် ကကုသန်ဘုရား ပွင့်တော်မမူမီ မဇ္ဈိမဒေသမှ သူကြွ ကုန်သည်(၅၀၀)တို့ သတိသံဝေ ကမ္မဋ္ဌာန်းဘာဝနာဖြင့် မဂ်ဖိုလ်နိဗ္ဗာန် ရန် ဤဓာတ်တော်လိုဏ်တွင် ကမ္မဋ္ဌာန်း စီးပြန်းနေထိုင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com





▲ မြင်စိုင်းခေတ် ရုပ်ပွားတော်တစ်ဆူ

◀ ရှေးရုပ်ပွားတော်တစ်ဆူ

ကာလကြာသော် တောရဲတိရစ္ဆာန်တို့ နေခို့ယှက်ဖျက်ဆီးကြသဖြင့်သာ သာ လျောင်းတောင်စောင်းသို့ ပြောင်းရွှေ့နေထိုင်ကြသည်။

ကောဇာသက္ကရာဇ် ၆၆၆ ခုနှစ်တွင် မြင်စိုင်းမင်းညီနောင်သုံးဦးသည် ရဲမက်ဗိုလ်ပါများဖြင့် ထွက်စုံကြကာ ဓာတ်တော်လိုဏ်တွင် နိဗ္ဗာန်ဝင်ရုပ်ပွားတော် အတောင်(၃၀) ပြုလုပ်ပူဇော်ကြသည်။

စောင်းတန်းဦးခြသေ့နှစ်ရုပ်၊ မှန်ပြစေတီ ရေကန်၊ ရေလှည့်စေတီများ ပြုလုပ်လှူဒါန်းခဲ့သည်'

ဟု ကိုးခရိုင်သမိုင်းကို ကိုးကားဖော်ပြထားလေသည်။

ထို့ကြောင့် ဓာတ်တော်လိုဏ်ဟုခေါ်တွင်၍ လက်ရှိမြင်တွေ့ရသောလျောင်းတော်မူ ပရိနိဗ္ဗာနရုပ်ပွားတော်မှာ မြင်စိုင်းမင်းညီနောင်ကောင်းမှု ဖြစ်ကြောင်း သိရပေသည်။

## အခြားကြည်ညိုဖွယ်များ

လျောင်းတော်မူ ရုပ်ပွားတော်ထံတွင် သစ္စာပြုဆုပန်ပြီးနောက် လိုဏ်ခန်းမတွင်း လှည့်လည်ကြည်ညိုသည်။ လျောင်းတော်မူ၏ ဦးခေါင်းဘက် မြောက်ဘက်တွင် တင်ပျဉ်ခွေရုပ်ပွားတော်ကြီးအချို့ ဖူးတွေ့ရသည်။

ထုလုပ်မှုလက်ရာဟန်မှာ အတန်ပင် ရှေးကျ၍ ပင်းယခေတ်ရုပ်ပွားတော်များနှင့် ဆင်ဆင်တူ၏။

သက္ကရာဇ် ၆၆၂ ခုနှစ်တွင် မင်းညီနောင်သုံးပါး၌ အကြီးဖြစ်သော အသင်္ခယာမင်း မြင်စိုင်းမြို့၌နေ၏။ ညီတော်အလတ် ရာဇသင်္ကြန်မှာ မက္ခရာမြို့တွင် နေတော်မူ၍ ညီတော်အငယ် သီဟသူက ပင်လယ်မြို့တွင် နေတော်မူသည်။

ညီနောင်သုံးပါး အပြိုင်မင်းပြုနေကြရာ ၆၆၈ ခုနှစ်တွင် ရာဇသင်္ကြန်အနိစ္စရောက်၍ ၆၇၁ ခုနှစ်တွင် သီဟသူ

www.burmeseclassic.com



◆ ထင်ဦးကင်း ကျောက်စက်သန်း

သည် ပင်လယ်မြို့မှ နန်းသစ်တည်ရန် နေရာရှာထွက်၏။ ၆၇၂ ခုနှစ်တွင် အသင်္ချာ အနိစ္စရောက်သည်။ သီဟသူသည် ၆၇၄ ခုနှစ်တွင် ပင်းယမြို့ကို တည်ထောင်သည်ဟု မှန်နန်းရာဇဝင်၌ ဖော်ပြထား၏။

ထို့ကြောင့် မက္ခရာမင်း ရာဇသင်္ကြန် အနိစ္စမရောက်မီ တစ်နှစ်အလိုတွင် မင်းသုံးပါး ညီညွတ်စွာဖြင့် ဓာတ်တော် လိုဏ်ဂူရုပ်ပွားတော်များနှင့် သာသနိက အဆောက်အအုံများကို ကုသိုလ်ပြုခဲ့ကြသည်ဟု ယူဆရပေသည်။

သို့ဖြစ်လေရာ ရုပ်ပွားတော် အများစုမှာ ပုဂံခေတ်နှောင်းပိုင်း မြင်စိုင်းညီနောင်ခေတ်လက်ရာနှင့် နှောင်းခေတ် မွန်းမံမှုလက်ရာများ ပေါင်းစည်း ပူဇော်ထားသည်ဟု မှန်းဆမိသည်။

ကြီးမားသော ကျောက်စက်မိုးမျှော်တိုင်ကြီးတစ်ခုတွင်မူ ပတ်လည်၌ ရုပ်ပွားငယ်များ ပူဇော်ကာ အထွတ်ထီးတင်၍ ကျောက်စက်စေတီအဖြစ် ဖူးမြော်ရသည်။ အောက်ခြေ၌ ရှစ်မျက်နှာဂြိုဟ်ခွင်နှင့် ရုပ်ပွားတော်ရှစ်ဆူကို ပူဇော်ထားသည်။

အခြားသော ကျောက်စက်တိုင်ဝန်းကျင်အောက်ခြေတွင် လှေကားထစ်ယာခင်းသဖွယ် ဖြစ်တည်နေသည်။

အချို့ကား သစ်ပင်ညှိုညှို့နှင့် တောအုပ်သဏ္ဌာန်၊ ပြာသာဒ်ပုံသဏ္ဌာန် တောင်ကမ်းပါးယံပုံသဏ္ဌာန်၊ ရေတံခွန်ကျဆင်းဟန်၊ ဆင်ချည်တိုင်၊ မြင်းချည်တိုင် စသဖြင့် ပုံသဏ္ဌာန် စုံလင်စွာ ကြည်နူးဖွယ် တွေ့မြင်ရလေသည်။

လိုဏ်ဂူအတွင်း ရှိနေစဉ် မှက်,ခြင်,ယင် အန္တရာယ်များ ကင်းဝေးသည်ကို သတိပြုမိသည်။ ဆောင်းအခါတွင် နွေးထွေး၍ နွေအခါတွင် အေးမြသော ဓာတ်တော်လိုဏ်ဂူဖြစ်ကြောင်း သိရှိရပေသည်။

## ထူးခြားသည့် တောင်စောင့်နတ်

လိုဏ်ဂူအတွင်း ကြည်ညိုလေ့လာပြီးနောက် ပြန်တက်လာခဲ့ရာ ဂူဝစောင်းတန်းလှေကားအနီးတွင် တောင်စောင့်နတ်ကွန်းကို တွေ့ရသည်။

အတွင်းထဲ၌ ဝဲဒူးထောင်ကာ ဝဲလက်ဖြင့် သန်လျက် ကိုင်ထားသော တောင်စောင့်နတ်မင်းရုပ်တု ရှိသည်။

ဘီလူးမျက်နှာနှင့် ဖြစ်သော်လည်း မျောက်ကဲ့သို့ အမြီးရှည်တစ်ခု ပါဝင်နေသည်။ ဦးပဥ္စင်းအား မေးလျှောက်ကြည့်သောအခါ ဤသို့ဆို၏။

ရွှေလ ဆက်ဖတ်ပါရန်

ထက်မင်းကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com

(ကြော်ငြာဆောင်းပါး)

# အသက်ကြီး အလှပို ဆီး,ဝမ်း မှန်စေလိုလျှင်

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို မှီဝဲပါ

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေ ထက် အနာရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီးများ အနေနဲ့ အထူးအလေးပေး ဂရုတစိုက်ရှိတာကတော့ ဓမ္မတာ ခေါ် လစဉ် ၂၈ ရက်တစ်ကြိမ် ဆင်းသက်လာတဲ့ သွေးသား တိုပါ။ အဲဒီသွေးသား ဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်း ကြောင့် ရောဂါပေါင်းမြောက်မြားစွာ ဖြစ်ပေါ်ခံစားရသလို သွေးသားမှန်ကန်နေရင်လည်း အသားအရေ စိုပြေဝင်းပ ကျန်းမာပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအတွက် ပဋိသန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခု မဟုတ်တစ်ခု ဖြစ်ပေါ်ခံစားနေရတယ်လို့ သမားတော်ကြီး ဆရာမြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်း မာရေးပညာပေးစကားဖြစ်ပါတယ်။ ယင်းပဋိသန္ဓေတားဆေး များ သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် သွေးဖွားရမည့် လကျော် နှစ်ကျော်တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်းဆင်း ခြင်းမဖြစ်ဘဲ ခန္ဓာကိုယ်တွင်း ခိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း မပေါ်၊ လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီးများမှာ အသားအရေ မကြည်လင်တော့၊ ပွယောင်ယောင်နှင့် ညို ပြာရောင်သန်းလာပြီး ဗိုက်ခေါက်ထူကာ ဝ,သထက် ဝ, လာ ကြပါတော့တယ်။ ခန္ဓာကိုယ် ဝ,လာတာနှင့်အမျှ ရောဂါ ဟာလည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုးဖြစ်လာ တော့တာပေါ့ရှင်။

ကြာတော့ လှူလည်း အလှပျက်၊ အသားအရေလည်း မကြည်လင်၊ ဗိုက်ပူနံကား ငါးစီပူခါးလို ပုံကပျက်၊ ရောဂါက တက်တော့ စိတ်ပျက်ရတော့တာပေါ့။ ဒီလိုနဲ့ သင့်တော်မယ့် ဆေးကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ ရောက်သွားပါတယ်။ ဆရာ့ကို ဖြစ်ပျက်ခံစားနေရတာတွေ ကို အကုန်ပြောပြဆွေးနွေးမိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများစု သော အမျိုးသမီးတွေ ဖြစ်ပေါ်ခံစားတွေ့ကြုံနေရတဲ့ ခေတ်မီရောဂါပေါ့ဗျာ" တဲ့လေ. . ။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလည်း" ဆိုတော့ -

"မကေသီအောင်ရေ မကေသီအောင် ပြောသလို ပဋိ သန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ် စားသောက်နေ ရတဲ့ အစားအသောက်တွေကြောင့်လည်း ပါပါတယ်။ ပြီး တော့ လူနေထိုင်မှုပုံစံ၊ နောက် ပတ်ဝန်းကျင်စတဲ့ အ ကြောင်းတွေကြောင့်လည်း ဒီလိုဖြစ်တတ်ပါတယ်"

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများ အနေနဲ့ မကင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်ဓမ္မတာ မလာတာကနေစပြီး အမျိုးသမီးတွေ ဝ,လာတယ်၊ ရောဂါ တွေ ပိုထူပြောလာတယ်လို့ ခံစားရပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်ပါလဲ ဆရာ" ဆိုတော့ -

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်းပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွန့်ထုတ်ပစ္စည်းမလ ကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ်ပါတယ်။ ကျန်တာ ကတော့ ဆီး၊ ဝမ်း၊ ချွေး၊ လေ တွေဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိ သန္ဓေ တားဆေးတွေ သုံးလို့ပဲဖြစ်ဖြစ် အစားအသောက် အနေအ ထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် ထိန်ကျန်ချုပ် ငုပ်နေ တာ ကြာလာတာနဲ့အမျှ ရောဂါတစ်ခု မဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုးမှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ်တာကို ကုစားဖို့လိုပါမယ်"

"ဘယ်လိုများ ကုစားရမလဲဆရာ"

"စောစောက ဆရာပြောခဲ့သလိုပေါ့ လူသားတွေ အ နေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ် ဓာတ် တွေရှိပါတယ်။ ဒါတွေကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေးသားဓမ္မတာပေါ့။ သွေးသားဓမ္မတာကတော့ တားဆေးတွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ဖြစ်ဖြစ် လစဉ်မပေါ်ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ဝမ်း၊ လေ၊ချွေးတွေ မှန်နေဖို့လိုပါတယ်။ ဒီ မလလေးမျိုးထဲက ဆီးနဲ့ဝမ်းဟာ အဓိကဖြစ်ပါတယ်။ နေ့စဉ် ဆီး၊ ဝမ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေထိုင်ရပါ မယ်။ အဲဒီလိုတားဆေးသုံးသူတွေရော၊ တားဆေးမသုံးသူတွေ

www.burmeseclassic.com

ပါ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဗိုက်ပူခြင်း၊ ဗိုက်ခေါက်တွေထူလာခြင်း၊ အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေစိုပြည်မှု မရှိခြင်း၊ ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက် ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး၊ ခေါင်းအုံဖြစ်ခြင်း၊ ကိုယ်လက်များ လေးလံထိုင်းမှိုင်းခြင်း၊ ညောင်းညာကိုက်ခဲခြင်း၊ ပေ့ါပါးသွက်လက်မှု မရှိခြင်း၊ ဆီးချို သွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ်ပေါ်လာစေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေထိုင်စားသောက်ရပါမယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ် မကေသီအောင်"

"ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ်ရင် ဆီး၊ ဝမ်းမှန်အောင် ပြုပြင်ပေးရင် အဝလွန်ခြင်း၊ ဗိုက်ပူခြင်း၊ အသားအရေညစ်ထေခြင်း၊ အကြောတက်ညောင်းညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွားမလာအောင် တားဆီးနိုင်တာပေါ့ နော်. . . ဆရာ"

"ဟုတ်ပါ့ဗျာ. . ."




"အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ"

"ဆရာ့ဆီလာတော့လဲ ဟောဒီ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကိုပဲ ညွှန်ရမှာပဲဗျ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာတွေကောင်းလဲဆရာ"

"ဘာတွေကောင်းလဲဆိုတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့,ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေလေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်,ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးခာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်မှန်ကန်စေပြီး ကျန်းမာပေ့ါပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင်ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက်ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီးသားဖြစ်စေပါတယ်" **(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့်ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

---

ပင်ရင်း - **စကြာမင်းဆေးတိုက်**
အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁၀၉၁၊ ၀၉၇၃၁၉၇၂၄။



www.burmeseclassic.com

www.burmeseclassic.com

ဓော်ထမြိုင်နယ်မှ

# ကွမ်းယင်းအရှင်နှင့်

တောင်ဝင်လယ်ဘုရားဖူးခရီးစဉ် (၄)

ဟူကျင်ဇီ
(Hu Jin Zhi)



● သကျမုနိ(အမိတာဘ)ရုပ်ပုံတော်

**ယခင်လမှ အဆက်**

အရှေ့နေထွက် အနောက်နေဝင် ...ောက်ရှုံ တောင်တံငါကွန်အကြားရှိ ...လောကအဝန်း ဗုဒ္ဓဘုရားရှင်၏ ...တော်၊ ကံတော်၊ ဉာဏ်တော် ...၏ အရိပ်အာဝါသ၌ တည်ငြိမ် ...ချမ်း၍ သုခအပေါင်း ခံစားရ ...ည်ဟု ဖော်ပြပါရှိသည်။

...ဓာချွန်တော်များကို ကျက်သရေ ...သောဖြစ်စေသော အဝါရောင် လာဘ် ...တနှင့် ပျော်ရွှင်မှုကို ပေးစွမ်းသော ...ရောင်၊ အောက်ခံများတွင် အနက် ...ာင်စာလုံးဖြင့် ပုံနှိပ်လေ့ရှိကြသည်။

**လှည့်လည်မှုအစီအစဉ်**

...ရှုရပ်ကွက်တစ်ခုသို့ ရောက်လျှင် ...ကျက်သရေဆောင် အလံကိုင်အဖွဲ့က ...ညာမောင်းခတ်၍ ဦးစွာ ဝင်ရောက် ...ည်။

...ယင်းနောက် **အစောင့်အရှောက်** ...**များ**(ယင်းနတ်တို့၏ ဝိညာဉ် ချည်း ...ပူးယှဉ်သော နတ်ဆရာများ)က ...မှုနေ၍ အမှောင့်ပယောဂများကို ... ရှားပေးကြလေသည်။

...ထို့နောက် ကွမ်းယင်းအရှင်၏ ...ယာဉ်ကို ရှေ့ဆုံးမှ၊ နတ်မင်းများ ...ယာဉ်က နောက်မှ လိုက်ပါကြရပါ ...ည်။

...ဓါယာဉ်ကျယ်ပြီး တစ်ခုတည်းတွင် ...မ်းယင်းရုပ်တုနှင့် နတ်မင်းများ ...တကွ ပင့်ဆောင်ပါက ကွမ်းယင်း ...ကို အရှေ့ဆုံး အလယ်ဗဟိုနေရာ ၌ ပူဇော်ထားရှိရသည်။

**ပူဇော်ဖွယ်ဝတ္ထုပစ္စည်းများ**

လမ်းတွင် ပူဇော်ဖွယ် ဝတ္ထုပစ္စည်း များ တည်ခင်းကပ်လှူထားပါက အစောင့်အရှောက်နတ်များက ဦးစွာ စစ်ဆေး၍ အမှောင့်ပယောဂများကို ရှင်းလင်းပေးရသည်။


ကပ်လှူသူကသိုလ်ရှင်သည် မုန့်၊ သစ်သီး၊ ချိုချဉ်၊ အချိုရည် စသည်တို့ကို မိမိတို့ သဒ္ဓါတတ်အားသမျှ ကပ် လှူနိုင်၍ အဓိက အရေးကြီးသည်မှာ






www.burmeseclassic.com

www.burmeseclassic.com



◆ ယော်လမ္ဘိုင်၌ တောင်းပွဲတော်ခင်း

◆ နတ်ဆရာမှ အဆောင်အယောင်များ ရှင်းလင်းပြသစဉ်



ဖယောင်းနီ(၂)တိုင်၊ အမွှေးတိုင် (၃) တိုင်၊ ရေနွေးကြမ်း(၃)ခွက်(မီးရှို့ရန်) ရွှေစက္ကူ၊ ဆားအနည်းငယ် ဖြူးထားသော ဆန်တစ်ခွက်တို့ ပါဝင်ရသည်။

ဖယောင်းဆီမီးမှာ လွတ်မြောက်ခြင်း အလင်းကို ပေး၍ အနီရောင်က လာဘ်ငွေကြေး သပ္ပကာကို ရည်ညွှန်းသည်။ အမွှေးတိုင် မီးခိုးငွေ့များက လောက (ပုဖော်သူလူသား)နှင့် ကောင်းကင်ဘုံ သုခဝတီဘုံ(နိဗ္ဗာန်ဘုံ)ရှိ သိဒ္ဓိရှင်၊ တန်ခိုးရှင် မြတ်စွာဘုရားတို့ထံသို့ ဆက်သွယ်ပေးခြင်း ဖြစ်သည်။

ရေနွေးကြမ်းမှာ တရုတ်ဘာသာဖြင့် ချိုင်းချာ (Qĩng Chǎ )ဟုခေါ်၏။ ချိုင်း (Qĩng) စာလုံးသည် အပြစ်ကင်းစင်ကြည်လင်ခြင်းစာလုံးနှင့် အသံထွက်တူ ရေးထုံးတူညီသဖြင့် အလွန် ကောင်းမြတ်သော နိမိတ်ကို ဆောင်၏။

**(အချို့မှာ ရေနွေးကြမ်းလေးခွက် ကပ်လှူမိတတ်သည်။ ၄ ဂဏန်း "စီ" (Si)မှာ သေလွန်ခြင်း စာလုံး စီ (Sǐ)နှင့် အသံထွက် ဆင်တူ၍ ဒုမင်္ဂလာနိမိတ် ဆောင်လေရာ သေလွန်ပြီးသော ဆွေမျိုးသားချင်း မိဘ ဘိုးဘွားများ ပူဇော်ရာ၌ သုံးရ၏။ ဤကဲ့သို့ သုမင်္ဂလာကိစ္စတွင် နိမိတ်ကောင်းသော (၃)ဂဏန်းကို ယူ... သုံးခွက်ကပ်လှူရသည်။)**

ရေနွေးကြမ်း လောင်းငှဲ့ရာတွ... ခွက်၏ ထက်ဝက်သာ လောင်းဖြည့်... သည်။ ရေသည် "လ" ကိုယ်စားပြုသည်... ဖြစ်ရာ လထက်ဝက်ဖြစ်သော (၁၅)ရ... နေ့တွင် ပြည့်ဝဝိုင်းစက်သောပုံသဏ္ဍာ... ရှိ၍ တစ်လပြည့်တင်းသော လကွယ... နေ့တွင်ကား လပုံသဏ္ဍာန် လုံး... ပျောက်ကွယ်သွားလေသည်။

ထို့ကြောင့် မိမိလိုလားအပ်သေ... ဆန္ဒသုခအဖြာဖြာတို့ ပြည့်ဝ... ရရှိစေရန် ထက်ဝက်သာ လော... ဖြည့်ရခြင်း ဖြစ်သည်။

ရွှေစက္ကူမှာ ကပ်လှူပြီးနော... ကောင်းမှုအစုစုအတွက် နတ်ဒေဝ... တို့အား တိုင်တည်အသိပေးခြင်းဖြ... သည်။ (ငွေစက္ကူကို သေလွန်ခြ... ဒုမင်္ဂလာကိစ္စ အတွက် အသုံးပြုသည်...)

ဆန်နှင့် ဆားကား နေအိမ်ဂေဟ... မြို့ ရွာရပ်ကွက်အတွင်း အနေ... အယှက် ပယောဂများ ကင်းရှင်းစေ... အတွက် ဖြစ်သည်။

နတ်ဆရာက ထိုဆန်နှင့် ဆား... ယူ၍ အိမ်မျက်နှာစာ (အိမ်ဂေဟ... တစ်ခုလုံးကို လွှမ်းခြုံရည်ညွှန်းခြ... ဖြစ်သည်။)အနှံ့ ပက်ဖျန်းပေးသည်...

နေအိမ်တွင် သက်ကြီးရွယ်အို... ရှိပါကလည်း ရောဂါဘယ ကင်းဝေး... သက်ရှည်ကျန်းမာစေကြောင်း ... တောင်း ပက်ဖျန်းပေးသည်။

နတ်ဆရာများ စစ်ဆေးပြီးသေ... အခါ ကွမ်းယင်းနှင့် နတ်မင်းများ... အစဉ်အတိုင်း အပူဇော်ခံယူလ... ကောင်းကင် နဂါးက နောက်ဆုံး... လိုက်ပါသည်။ နဂါးမှာ အပူဇေ... ခံယူခြင်း မဟုတ်ဘဲ ကောင်းချီး... ခြင်းသာ ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

တရုတ်ပြက္ခဒိန် နောက်ဆုံးလ (၂၄) ...က်နေ့မှ (နောင်နှစ်)နှစ်ဆန်း လဆန်း ...ရက်နေ့အထိကာလအတွင်း(တရုတ် ...) ကိုးကွယ်ယုံကြည်သော နတ် ...ဝတာများသည် ကောင်းကင်၌ ...သဘင် အစည်းအဝေး ကျင်းပကြ ...သည်။

ထိုကာလတွင် နဂါးသည် နတ် ...ဝတာများကိုယ်စားကမ္ဘာမြေလောက ...စောင့်ရှောက်ပေးသည်ဟု ဒေဝတာ ...ရာဏ်များတွင် ဖော်ပြကြ၏။

ကောင်းကင်ဘုံရောက် နတ် ...ဝတာများ ကိုယ်စားဖြစ်၍ "...ဲလန်းလုန်းထွမ်" (Tián Lóng ...in) ကောင်းကင်နဂါးအဖွဲ့ဟု ...ခြင်းဖြစ်၏။ ကောင်းကင်နဂါး ...ာင်းချီးပေးခြင်းသည် မိမိတို့၏ ...ွာအိမ်ဂေဟာကို သန့်ရှင်း ...ကြယ်စေကာ ဘေးဘယာ ကင်း ...စေသည်ဟု ယုံကြည်ကြလေ ...သည်။

အချို့သော နှစ်များတွင် မင်္ဂလာ ...သေ့(အကအဖွဲ့)နှင့် ပါးရှန်း (Bā ...ng) တန်ခိုးရှင်(၈)ပါးတို့ လည်း ...ဝင်လှည့်လည်ကြသည်။

ခြင်္သေ့မှာ ကျက်သရေမင်္ဂလာကို ...ဆွမ်းခြင်းဖြစ်၍ တန်ခိုးရှင်(၈)ပါး ... ဒေဝတာပုရာဏ်က တန်ခိုး ...ရှင်(၈)ပါး ပုံသဏ္ဍာန် ခြယ်သ ...င်ယင်ကာ ကုလားမခြေထောက် ... စီးနင်း၍ သရုပ်ဆောင်ကြသည်။

တောင်ပင်လယ် ဘုရားဖူးခရီး ...င် ပါဝင်အားဖြည့်ကာ မြတ်စွာ ...ရားအား ဂါရဝပြုပူဇော်ကြခြင်း ...သည်။

## သင်္ကြန်ပြုရန်မှာ

ကျားပုံရိပ် စိုးမိုးသောနှစ်တွင် ခြင်္သေ့ (အကအဖွဲ့) မထွက်ရပါ။ ခြင်္သေ့ အကအဖွဲ့ ပါဝင်ကပြခြင်း မပြုရပါ။

ကျားနှင့် ခြင်္သေ့သည် သားရဲတို့၏ ဦးဆောင်အကြီးအမှူး သတ္တဝါချည်းဖြစ်ရာ ရန်သတ္တရု ပွားများ၍ ဆိုင်ရာအဖွဲ့အစည်း ရပ်ရွာအတွက် မလိုလားအပ်သော ပြဿနာများ ပေါ်ပေါက် စေတတ်သောကြောင့် ဖြစ်သည်။ နဂါးမှာမူ မည်သည့်နှစ်တွင်မဆို ပါဝင်ဆင်နွှဲနိုင်လေသည်။



ဖော်လည်းမြို့တွင်း လှည့်လည်စဉ်

## ကာယ်တာင်ရှင် ဖိနပ်ကလေးများ

လှည့်လည်မှုခရီးတွင် ရှေ့ဆုံးမှ ရန်အနှောင့်အယှက်များ ရှင်းလင်းပေးသော နတ်ဆရာသည် သက်ကြီးပိုင်းအရွယ် ရောက်လင့်ကစား နေပူပူ ခဲထူသော လမ်း၌ ဖိနပ်မပါ ခြေဗလာဖြင့် သွားလာလှုပ်ရှားနေသည်ကို တွေ့ရသည်။ တွဲဖက် နတ်ဆရာများလည်း ဤနည်းနှင်နှင်ပင်။

တရုတ်ထုံးဓလေ့အရ ဖိနပ်သည် အရေးပါသော ဝတ်စားတန်ဆာဖြစ်သည်။ **ဂုဏဝုဒ္ဓိ**–ဂုဏ်အားဖြင့် ကြီးမြင့်သူ၊ **ဝယဝုဒ္ဓိ**–အသက်အားဖြင့် ကြီးမြင့်သူတို့အား ဂါရဝပြုသောအခါ ဦးခေါင်းထက် အဆင်တန်ဆာ(ဦးထုပ်၊ ခမောက်၊ ထီး စသည်)ကို ဖယ်ရှားရသော်လည်း ဖိနပ် ခြေနင်း အပြည့်အစုံ ဝတ်ဆင်ရသည်။

ဖိနပ်မပါလျှင် ဝတ်တန်ဆာ မစုံလင် အဂါရဝ ဖြစ်စေသည်ဟု ယူဆကြသည်။ နတ်ဆရာများ ဖိနပ်ပယ်ရှားခြင်းသည် နတ်ဓလေ့ဆိုင်ရာ ထုံးတမ်းအစဉ်အလာ ဖြစ်သော်လည်း ကွမ်းယင်းအရှင်၏ ဖြစ်စဉ်တော်တစ်ရပ်နှင့် တိုက်ဆိုင်ညီညွတ်ကာ ကွမ်းယင်း ဗောဓိသတ်အား ဂါရဝပြုပူဇော်သကဲ့သို့ရှိ၏။

ဘုရင့်သမီးတော် "မြောက်ရှမ့်" ဘဝဖြင့် မာရ်နတ်အသင်းအပင်း အမတ်ယုတ်များ၏ ရန်မှ တိမ်းရှောင်နေရစဉ် တစ်ချိန်၌ ဘုရင့်နား ပေါက်ကြားသဖြင့် ရဲမက်အပေါင်း စေလွှတ်၍ သုတ်သင်ခြင်းကို ရင်ဆိုင်ရသည်။

"**မြောက်ရှမ့်**" မင်းသမီးကလေးသည် ဖိနပ်လုပ်ငန်းဖြင့် အသက်မွေးသည့် ကျေးရွာသို့ ရောက်ရှိကာ သိုလှောင်ထားသော ဖိနပ်ပုံအောက်တွင် ပုန်းခိုခြင်းဖြင့် အသက်ဘေးမှ လွတ်မြောက်ခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



◆ ပုံ၏သဘောသဏ္ဍာန်မှာ လောကနာထရုပ်ပုံ
ကွမ်ယင်အရှင်နှင့် သူ့အပါးတော်မြဲများ
နဲကျွဲ(သာ) တန်ချိုင်း(ခ) ◆



ထို့ကြောင့် ကယ်တင်ရှင် ဖိနပ်ကလေးများ၏ ကျေးဇူးကို အသိအမှတ်ပြုသောအားဖြင့် ကွမ်ယင်အရှင်သည် ဖိနပ်သုံးဆောင်(စီးနင်း)ခြင်းကို ပယ်ရှားတော်မူလေသည်။

## နတ်မင်းအချို့၏ ဖြစ်စဉ်တော်များ

**ကွမ်းကုံး**

ကွမ်တီဟုလည်း ခေါ်ကြသည်။ အေဒီ(၁)ရာစုခန့် သုံးပြည်ထောင်စစ်ပွဲကာလတွင် မင်းဧကရာဇ်များထက် တိုက်ရည်ခိုက်ရည် ထက်မြက်သော စစ်သူကြီးများက ပို၍ ထင်ရှားကျော်ကြားကြသည်။

**ကွမ်းကုံး**သည် ရှုံးပွဲမရှိသော တိုက်တိုင်းအောင် နာမည်ကျော် စစ်သူကြီးဖြစ်သည်။ စစ်ပရိယာယ် ကြွယ်ဝ၍ ကတိသစ္စာ တည်ကြည်သည်။ စစ်မှုထမ်းစဉ် ရှုံးပွဲ မရှိသော်လည်း အသက်အရွယ်ကြီးရင့်လာသောအခါ တာဝန်မှ အနားယူ၍ ဇာတိမြေရှိရာ အရှေ့အရပ်သို့ ပြန်ခဲ့သည်။

ပြန်ရာလမ်းတွင် ရန်သူများက ထောင်ချောက်ဆင်ဖမ်းဆီး၍ ရန်သူဘုရင်ထံပို့သည်။ ရန်သူဘုရင်က မိမိ၏ သစ္စာကို ခံယူပါက သူကောင်းပြု မြှောက်စားမည်ဟု ဆိုသော်လည်း **"လက်နှစ်ဖက်ဖြင့် ထမင်းမစားပါ"** **(အရှင်နှစ်ပါး၏ကျေးဇူးကို မခံယူပါ။)** ဟု တုံ့ပြန်၍ မိမိအရှင်၏ သစ္စာကို အသက်စွန့် စောင့်ထိန်းခဲ့သည်။

ထို့ကြောင့် ကွမ်းကုံး၏ သူရဲကောင်းစိတ်ဓာတ်ကို လေးစားလျက် နောင်လာနောက်သားတို့က ကိုးကွယ်ပူဇော်ကြခြင်းဖြစ်သည်။ စီးပွားရောင်းဝယ်မှုတွင် အထူး ကူညီစောင့်ရှောက်ပေးသည်။ အတိုက်အခံ အပြိုင်အဆိုင်ကိစ္စများတွင် အောင်မြင်စေသည်ဟု ယုံကြည်ကြလေသည်။ ကွမ်းကုံးစစ်သူကြီး နတ်မင်းကို ကုန်သည် ရောင်းဝယ်ဖောက်ကားသူများက နေအိမ်တွင် ကိုးကွယ်လေ့ရှိကြသည်။

**ထူဓါကုံး**

ဝသုန္ဒရေနတ်မင်း ဖြစ်သည်။ ဖုကျန့်နယ်သားတို့က **ထောဓီကုံး**။ မွန်း**တောင်ကုံး** စသည်ဖြင့် ခေါ်ကြ၍ ကျုံးတဲ ဘုံဘုရားကျောင်းတွင် ရှ… ကျင့်ရှဲင်းဟုလည်း ခေါ်ကြသည်…

ဘီစီ ၁၀၄၀ ပြည့်နှစ်က အခွန်… တာဝန်ယူရသော ကျုံးဖုတဲခေါ် … ပေါ့ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေ… အသက်မွေးဝမ်းကျောင်း ပြုရသေ… ခေတ်ကာလဖြစ်၍ အခွန်ဝန်သ… အလွန်ဩဇာတိက္ကမ ကြီးမားသည်…

ပြည်သူနှင့် မင်းစိုးရာဇာတို့ အကြ… တွင် အခွန်ဝန်ကသော ဆက်သွယ်ပေ… သည်။ ကျုံးဖုတဲသည် ရာထူးဂု… ငွေဂုဏ်၊ ခွေမျိုးဂုဏ် မောက်မာ… မရှိတဲ ပြည်သူအားလုံးကို ရင်ဝယ်… ကဲ့သို့ တပြေးညီ နွေးထွေးစွာ ဆက်… သည်။

မရှိနွမ်းပါးသူများအတွက် အခွန်… ကိုယ်စား ထမ်းဆောင်ပေးသည့်အ… ငွေကြေးများလည်း ထုပ်မံ ထော… ပေးတတ်သည်။

အသက်(၁၁၂)နှစ်၊ ဘီစီ၉၆၄ … တွင် အနိစ္စရောက်ကာ ဓေ့ဓေ… ဆိုသူက အခွန်ဝန်ရာထူးကို ဆ…

www.burmeseclassic.com

သည်။ ဝေ့ချောင်းမှာ မောက်မာခက်ထန်၍ ပြည်သူတို့ကို နှိပ်စက်ညှဉ်းပန်းသူဖြစ်လေရာ ယခင် အခွန်ဝန်ကျန်းဖုတဲ၏ ကောင်းမြတ်သော စိတ်နေသဘောထားနှင့် ကျေးဇူးတရားကို သတိရ အောက်မေ့ကာ **ဖုတဲနန်းဆောင်** ဆောက်လုပ်လျက် ရည်မှန်းကန်တော့ကြသည်။

ကွယ်လွန်ပြီးသော ဝိညာဉ်သည် သမ္မာဒေဝအဖြစ်သို့ ပြောင်းလဲသွားသည်ဟု ယုံကြည်စွာဖြင့် ဖုတဲကျွင့်ရှဲရှိုင်း(သမ္မာဒေဝနတ်မင်း ဖုတဲ) ခေါ်ဝေါ်ကြ၏။


**ဝသုန္ဓရေနတ်မင်းဖုတဲ**ကို ယုံကြည်စွာ ကိုးကွယ်ပူဇော်သူတို့သည် ဂျုံ, ပြောင်း, ဆန်, ဆပ်, ပဲ ဟူသည့် သီးနှံငါးမျိုး။ မြင်း, နွား, ဆိတ်, ဝက်ကြက်နှင့် အိမ်မွေးတိရစ္ဆာန် (၆)မျိုးတို့ ပါများကြွယ်ဝ၍ သုခပြည့်စုံသော ဘဝနေမှုကို ပိုင်ဆိုင်ရမည်။

ထို့ကြောင့် (ထိုစဉ်က)ပြည့်ရှင်မင်းကျိုးချင်ဝမ်းကိုယ်တိုင် ထုတိကုံး (ဝသုန္ဓရေနတ်မင်း)ဟူသော ဘွဲ့မည်နှင့် ကမ္ပည်းစာတိုင်နှစ်ခု ဂုဏ်ပြုချီးမြှင့်ခဲ့လေသည်။

ဝသုန္ဓရေနတ်မင်းအား စိုက်ပျိုးမွေးမြူရေးသမားများ။ မြေနှင့်စပ်၍ အသက်မွေးသူများက နေအိမ်တွင် ပင့်ဆောင်ပူဇော်ထားလေ့ ရှိကြသည်။ **(ထုတိကုံးနှင့် ပတ်သက်၍ နကွစ္ဆရောင်ခြည်မဂ္ဂဇင်း အမှတ်(၂၇၉) အောက်တိုဘာလ၊ ၂၀၀၉ ခုနှစ်၊ စာမျက်နှာ(၁၄၅)တွင် အကျယ်လေ့လာနိုင်ပါသည်။)**

**ကျူးရှီးကုံး**

ဖူကျန်ဘာသာဖြင့် ကြော့စုကုံးဟုခေါ်ကြသည်။ ချိုင်းရွှေကျူးရှီး(Qīng Shǔi Zǔ Shī) သိဒ္ဓိရေစင်ဘိုးဘိုးခေါ်



ဗုဒ္ဓမာ တံဆိပ်တော်



ဗုဒ္ဓအမိန့်တံဆိပ်တော်

ဆေးဝိဇ္ဇာနတ်မင်းဟု ကမ္ပည်းတင် ပူဇော်လေ့ရှိကြသည်။ ဝသုန္ဓရေနတ်မင်း ဖုတဲကုံးနှင့် ကျေးရွာတံ့တင် ရှိကြသည်။

တစ်ချိန်က တောတွင်း၌ မျက်စိလည် လမ်းမှားနေသည့် ကျန်းဖုတဲကို ဆေးဝိဇ္ဇာက လမ်းပြကူညီပေးခဲ့ဖူးသဖြင့် "ဖုတဲဆီးရဲ"ဖုတဲနန်းဆောင်တွင် ဆေးဝိဇ္ဇာနတ်မင်းရုပ်တုကို ရှေ့ဝဲဘက် (ဖူးမြော်သူ၏ လက်ယာဘက်)၌ ထားကာ ပူဇော်လေ့ ရှိကြသည်။

**(တရုတ်ထုံးစံလေ့အရ လက်ယာဘက်သည် ပိုမိုမြင့်မြတ်သည်ဟု ယူဆကြသည်။ ကွမ်းကုံး စသည့် ဘိုးဘွားစဉ်ဆက် ကိုးကွယ်ပူဇော်သည့် နတ်မင်းကွန်းဆောင်၏ လက်ဝဲဘက်တွင် ကွယ်လွန်သွားပြီဖြစ်သော မိဘများ၏ ကမ္ပည်းတိုင်(လိပ်ပြာစင်)ကို ထားရှိ ပူဇော်ကြသည်။)**

ဆေးဝိဇ္ဇာနတ်မင်းကို ခန္ဓာကိုယ်အတွင်းအပြင်၌ ဖြစ်ပေါ်ခံစားနေရသော ရောဂါဝေဒနာများ။ စိတ်တွင်းခံစားရသော သောကပရိဒေဝများနှင့် မျိုးနွယ်ဆက် သားသမီး မရရှိခြင်းတို့အတွက် တောင်းပန်လျှောက်ထားပူဇော်လေ့ ရှိကြသည်။

**နဲကျားနှင့် ဟုန်ဟိုင်း**

Né Zhā နှင့် Hǒng Hái တို့သည် ကွမ်းယင်းအရှင်အား ကူညီ၍ အနှောင့်အယှက်များကို တိုက်ခိုက်ဖယ်ရှားပေးကြသည့် နတ်သူငယ်(သူငယ်တော်နတ်)များ ဖြစ်ကြသည်။

**နဲကျား**သည် အသွားသုံးခုရှိသည့် အနက် ခက်ရင်းသဏ္ဌာန်လက်နက်ကို ကိုင်ဆောင်၍ "ဟုန်ဟိုင်း"သည် မီးကွင်းလက်နက်ကို ကိုင်စွဲထားတတ်လေသည်။


ကွမ်းယင်းအရှင်အား မင်းသမီးလေး မြောက်ရှမ့် ဘဝတွင်ပင် ကူညီပေးခဲ့ကြသူများ ဖြစ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com





◄ "ထို"မက်မွန်သီး ပုံစံခွက်

မုန့်ရှိုးပင်း ပုံစံခွက် ►

## အဆောင်အယောင်အလံများ

နတ်မင်းကြီးများကို ပင့်ဆောင်သည့် ဝေါယာဉ်နောက်ကျောတွင် တန်ဆာဆင်ပူဇော်ထားသော ရောင်စုံအလံများ ဖြစ်ကြသည်။

အဝါ၊ အနီ၊ အစိမ်း၊ အဖြူနှင့် အပြာ သို့မဟုတ် အနက်ရောင်ရှိသော အလံ(၅)ခုကို အစီအရီ ပူဇော်ထားသည်။

အရောင်များ၏ အနက်အဓိပ္ပာယ်အရ အလံများကို နေရာချ စီတန်းရသည်။ ဖူးမြော်သူ(နတ်မင်း၏ရှေ့မှ ကြည့်ပါက)ဘက်မှ လက်ယာဘက် အစွန်းတွင် အဝါရောင် ထိုမှ ဝဲဘက်သို့ အနီ၊ အစိမ်း၊ အဖြူ၊ အပြာ (သို့) အနက်ရောင် အလံများ အစဉ်အတိုင်း ထားရှိရသည်။

အဝါသည် ကျက်သရေမင်္ဂလာရှိခြင်း၊ မြင့်မြတ်ခြင်း၊ အထိမ်းအမှတ်ဖြစ်၍ မြေဓာတ် ပိုင်စိုးသည်။

အနီမှာ လာဘ်ပဝ်သကာ ပျော်ရွှင်ရယ်မောခြင်း မီးဓာတ်၊ အစိမ်းသည် စိတ်ပျက်အားလျော့ခြင်းနှင့် သစ်သားဓာတ်၊ အဖြူသည် ငိုကြွေးခြင်းနှင့် ပူပန်သောက သတ္တုဓာတ်၊ အပြာ(သို့မဟုတ်)အနက်သည် ဝမ်းနည်းပူဆွေးခြင်း၊ ထိတ်လန့်ခြင်း၊ လောဘ၊ ရေဓာတ် အသီးသီး စိုးမိုးကြသည်။

ထို့ကြောင့် အမြင့်မြတ်ဆုံးဖြစ်သော လက်ယာဘက်မှ အဝါရောင်ကို စတင်ကာ ထားရှိရသည်။ အကျဉ်းအားဖြင့် ဝါ၊ နီ၊ စိမ်း၊ ဖြူ၊ ပြာ (နက်)ဟု မှတ်ကြသည်။

နှစ်သစ်ကူးပွဲတော်ကဲ့သို့ ပွဲတော်နေ့များ နတ်မင်းကြီးများ စံမြန်းရာ ဘုံဘုရားကျောင်း မျက်နှာစာတွင်လည်း ရောင်စုံအလံကြီးများကို အထက်ပါ အစီအစဉ်အတိုင်း လွှင့်ထူလေ့ ရှိကြသည်။

ပိုက်ချဲနီး(Bài Nián) နှစ်သစ်ကူး (ဆုတောင်းလှည့်လည်ပွဲတွက်) နဂါး (သို့မဟုတ်) ခြင်္သေ့(အကအဖွဲ့) မြို့ရွာတွင်းသို့ လှည့်လည်ရာ၌လည်း ယင်းအစီအစဉ်အတိုင်း ရောင်စုံအလံများကိုင်ဆောင်၍ ရှေ့ဆုံးမှ ထွက်ခွာရသည်။

လှည့်လည်ပွဲတွင် နောက်ဆုံးအလံမှ အပြာရောင်ဖြစ်၍ ဘုံဘုရားကျောင်းတွင် လက်ဝဲအစွန်း၌ လွှင့်ထူသောအလံမှာ အပြာရောင် ဖြစ်ရပါမည်။

ထိုအလံများကို (အရောင်) အစီအစဉ် မှားယွင်းလွှင့်ထူမိပါက ဘုံဘုရားကျောင်း အဖွဲ့သားများအတွင်း မသင့်မြတ်ခြင်း၊ အကြီးအကဲ ပျက်စီးခြင်းတို့ ကြုံရတတ်သည် ဆိုလေသည်။

## ခရီးစဉ် နိဂုံး

ကျိုက္ခမီရေလယ်ဘုရား ရင်ပြင်တော်မှ ဆင်းသက်လာပြီးနောက် ကျိုက္ခမီမြို့၊ သံဖြူဇရပ်မြို့၊ မုဒုံမြို့များအတွင်း လှည့်လည်၍ အပူဇော်ခံယူကြသည်။

ယခုနှစ်တွင် မုဒုံ ကျန်းတဲ့ ဘုံဘုရားကျောင်းဝင်း၌ ဂေါပကအဖွဲ့က မုဒုံမြို့ ကိုယ်စား ပူဇော်ဖွယ်ဝတ္ထုများဖြင့် ဂါရဝပြုပူဇော်ခဲ့သည်။

ထိုမှ မော်လမြိုင်မြို့တွင်း နေရာ အချို့သို့ လှည့်လည်အပူဇော်ခံယူပြီး



www.burmeseclassic.com

www.burmeseclassic.com





အနော်ရထာမင်း၏ အုတ်ခွက် ဗုဒ္ဓဆင်းတုတော်နှင့် ဘုရားလောင်း လောကနာထ ပုံတော်များ

◆ ရေတိမ်၌ ပူဇော်ကြသော စင်သူကြီးနတ်မင်းကွမ်းကုံး

◆ အနော်ရထာမင်းလက်ထက် ကိုယ်တိုင်ပြုလုပ်ခဲ့သော ဗုဒ္ဓင် လောကနာထပုံတော် အုတ်ခွက်ဘုရား

နောက် နန်ချဲမ်းကုံး ဘုံဘုရားကျောင်း ရွှေမြေကွက်လပ်သို့ ပြန်လည်စုစည်းကြသည်။ ဝေါယာဥ်များကို ရှေ့နောက်လွန်းထိုး၍ လည်းကောင်း၊ ဝဲယာလှုပ်ယမ်း၍လည်းကောင်း အားပါးတရ ကခုန်ပူဇော်ကြသည်။

ထူးခြားသော သာသနာမြေမှ မြတ်စွာဘုရားရှင် (ကိုယ်စားစေတီတော်)အား ဂါရဝပြု ဖူးမြော်မှုခရီး ပြီးမြောက်အောင်မြင်သဖြင့် နတ်မင်းများ အားရဝမ်းမြောက်ကြည်နူးခြင်း အထိမ်းအမှတ်ဖြစ်သည်။

နဂါးအကအဖွဲ့ကလည်း ဝေဟင်မှ အစာကို ဟပ်ယူဟန်၊ တောတွင်းမှ ထွက်လာဟန်၊ ပင်လယ်ဒီလှိုင်းကြားကျော်ဖြတ်ဟန်၊ ခွေးနားဟန် စသည်ဖြင့် ကကြိုးစုံလင်စွာ ကပြဂါရဝပြုကြပြီးနောက် တောင်ပင်လယ်ဘုရားဖူး ခရီးစဉ်ကို အဆုံးသတ်ကြသည်။

နတ်မင်းကြီးများ ဝမ်းမြောက်ကြည်နူးစွာဖြင့် နိဂုံးကမွတ် အဆုံးသတ်ခြင်းဖြင့် (စိတ်အား ငွေအား လူအား) အားသုံးရပ်ဖြင့် ပါဝင်ခဲ့ကြသူ ဒါယကာ၊ ဒါယိကာမ၊ ဥပါသကာ၊ ဥပါသိကာ အပေါင်းသည်လည်း အိမ်ပြန်ခရီးတွင် မကာ ရှေ့ဆက်ရမည့် လောကီမျက်နှာစာ အသီးသီးတွင်လည်း သောကဗျာပါဒ ကင်းကွာ၍ ဝမ်းမြောက်ကြည်နူးစွာ လှုပ်ရှားဆောင်ရွက်နိုင်ကြသည်ဟု ယုံကြည်ကြပေသည်။

ထို့နောက်တွင်ကား ကွင်းယင်းရုပ်တုနှင့် နတ်မင်းရုပ်တုများကို မူလသီတင်းသုံး စံမြန်းရာ ဘုံဘုရားကျောင်းများသို့ ပြန်လည် ပို့ဆောင်ကြလေရာ ကျွန်ုပ်တို့သည်လည်း ဝသုန္ဓရေနတ်မင်းရုပ်တုကို ပင့်ဆောင်ကာ ကောင်းကင်နဂါးအဖွဲ့နှင့်အတူ ပေါင်မြို့သို့ ပြန်ခဲ့ကြလေသည်တော့သည်။

***မြတ်ဗုဒ္ဓ၏ ကရုဏာတော် ကမ္ဘာလွှမ်းပတ် တည်ပါစေ။***

**ဟူကျင်းစီ** ***(Hu Jin Zhi)***

နဂ္ဂဏ္ဍာရောင်ခြည်မဂ္ဂဇင်း ဓရ

www.burmeseclassic.com

www.burmeseclassic.com

နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး

အမှတ်တံဆိပ်

## အမောလုံ နှလုံးအားဆေးကိုဆောင်

“ ဆရာကိုယဥ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဥ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး ”




“ ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥ တု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွှမ်းကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ ”

“ နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး ”

“ နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္နိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း။ မူးခြင်း။ မောခြင်း။ အစားအသောက်ပျက်ခြင်း၊ ပူခြင်း။ အသက်ရှူကျပ်မောခြင်း။ နှလုံးနေရာမှ အောင့်ခြင်း။ ခြေဖျားလက်ဖျားအေးခြင်း။ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ဆွသလို နာကျင်ခြင်း။ လက်သည်းခွံအရောင်မမှန်ခြင်း။ လက်သည်းများပြာ နှမ်းလာခြင်း။ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း။ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း။ နှလုံးနေရာ အောင့်နေခြင်း။ တစ်ကိုယ်လုံး အေးစက်နေခြင်း။ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ ”

“ ကိုယဥ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ ”

“ ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာမကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ ”

“ ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် ”

“ ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် ”

“ သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဥ်တင့် ညွှန်ပြပေးပါဦး ”

“ သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် ”

“ ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ ”

“ ကဲ ကိုချစ်ဆွေ နားထောင် ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွန့်၌ ရှူး၍အောင့်ခြင်း။ အသက်ရှူမဝခြင်း။ အသက်ရှူကျပ်ခြင်း။ သွေးတိုးခြင်း။ ကျောနှင့်ရင် ညှပ်အောင့်ခြင်း။ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း။ နှလုံးအားနည်းခြင်း။ ရောင်ခြင်း။ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း။ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း၊ မူးဝေခြင်း။ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း။ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ ”

“ ကိုယဥ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ ”

“ အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် ”

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

အမှတ်-(၅၂/၃၅၆)သောင်းလမ်းကြီး ကျောက်ဥဂ္ဂလာမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၁၀၇၉ ၊ ၀၉-၅၁၀၀၆၄၂

ကြော်ငြာ မောင်သင်းကင်း



www.burmeseclassic.com

www.burmeseclassic.com

ယခင်လမှ အဆက်

စပါးတောင်ရိုး

# သာသနာ့အောင်စကြာ ရုပ်ပုံတောင် (၂)

မောင်မြမောင် (ထားဝယ်)

ဘုရားဖူးနေစဉ် ဘုရားဖူးကားများ၊ စကြာရှင်ဘုရားစေတီ တည်နေသည့် စကြာတောင်ကုန်းသို့ ကျော်ကာ သဲသယ်ယူနေသည့် ကားများသည် စပါးတောင်ရိုးတစ်လျှောက် ကားလမ်းမပေါ်တွင် အတက်အဆင်းပြုနေကြ၏။

မီကျောင်းစေတီ ဘုရားမှ ပြန်လည်ထွက်ခွာကာ တောင်ဘက် ကားလမ်းမအတိုင်း ကိုက်(၁၅၀)ခန့် အကွာအဝေးရှိသော ခရီးကို ဆက်၍ ဆိုင်ကယ်စီးထွက် လာခဲ့ရ၏။

ကားလမ်းမ၏ အနောက်ဘက်ခြမ်းတောင်ကုန်းပေါ်တွင် အောင်စကြာနဝင်း အောင်တော်မူဘုရားကို ဖူးမြော်ရ၏။


အောင်စကြာ နဝင်းအောင်တော်မူဘုရား (၁၀၈)ဆူ ဂန္ဓကုဋိတိုက်အလယ်ဗဟို၌ စကြာဝတေးမင်းဝတ်တန်ဆာဖြင့် ဗုဒ္ဓကျောက်ဆင်းတုတော်တစ်ဆူ ကိန်းဝပ်လျက်ရှိ၏။

မင်းဝတ်တန်ဆာ ဆင်ထားသော ရုပ်ပွားတော်မြတ်ကို ဇမ္ဗူပတိဆင်းတုတော်ဟု ခေါ်ကြောင်း သိရှိရ၏။

အိန္ဒိယနိုင်ငံ ဘင်ဂေါ(လ်)ဘီယာနယ်၌ ဗုဒ္ဓဘာသာဝင် ပါလမင်းတို့ လက်ထက် အေဒီ(၈)ရာစုနှစ်၊ (၁၂)ရာစုနှစ်အတွင်း ထင်ရှားစွာ တွေ့ရကြောင်း လေ့လာသိရှိရပါသည်။


ဘုရား၌ မင်းဝတ်တန်ဆာဆင် ပေးထားခြင်းဖြင့် ပြည်သူများ အမြင်တွင်မင်းနှင့် ဘုရား တစ်ထပ်တည်းဖြစ်သည်ဟု မြင်လာကာ ပိုမို၍ ကြည်ညိုလေးစားမည်ဟု ယူဆဟန် ဆွဲဆောင်ခန်တူပါသည်။

ဖူးမြင်ရသူတို့၏ မြင်ချင်၊ ကြားချင်သောအာရုံကို လိုက်၍ မင်းကဲ့သို့ တင့်တယ်ခြင်း၊ ကြီးကြာသကဲ့သို့ သာယာခြင်းများ ဖြစ်လာသည်ဟု ဆိုကြသည်။



◆ အောင်စကြာသာသနာ့အောက်မှုံ ထံတော်ရှင်ဘုရား ကြည့်ညိုဖွယ်မြင်ကွင်း

◆ အောင်စကြာ သာသနာ့အောက်မှုံ ထံတော်ရှင်ဘုရား မြောက်ဘက်မျက်နှာစာမှ မြင်ကွင်း



ကုန်းဘောင်ခေတ်တွင် မင်းဝတ်တန်ဆာဖြင့် ဘုရားရုပ်ပွားအများဆုံး ပေါ်ပေါက်ခဲ့သည်ဟု လေ့လာသိရှိရပြန်ပါသည်။

ဇမ္ဗူပတိဆင်းတုတော်၏ နံဘေးတစ်ဖက်တစ်ချက်တို့တွင် ဉာဏ်တော်အမြင့် (၁)ပေခန့်ရှိ ရပ်တော်မူဘုရား





www.burmeseclassic.com

www.burmeseclassic.com

များ ကိန်းဝပ်လျက်ရှိ၏။ ထိုရပ်တော်မူဘုရား စုစုပေါင်း(၁၀၈)ဆူရှိ၏။ (၁၀၈) ကိန်းဂဏန်းကို ပေါင်းလိုက်ခြင်းအားဖြင့် (၉)ဂဏန်းရ၏။

ထို့ကြောင့် နဝင်းဘုရားဟု အမည်တွင်စေ၏။ တစ်ဖန် အောင်စကြာစခန်းတွင် ကိန်းဝပ်၍ **အောင်စကြာနဝင်း အောင်တော်မူဘုရား**ဟု ခေါ်ဆိုမှုပြုကြောင်းသိရ၏။

(၁၀၈)ဆူသောဘုရားများ ကိန်းဝပ်တော်မူသည့် ဂန္ဓကုဋိတိုက်၏ မြောက်ဘက်မျက်နှာစာ အရှေ့ဘက်၌ နဂါးရုံဘုရားတစ်ဆူနှင့် ရှင်ဥပဂုတ္တမထေရ်မြတ်သည် စံကျောင်းတော်အတွင်း စံပယ်နေသည်ကို ဖူးတွေ့ရ၏။

အောင်စကြာစခန်း ဣန္ဒာသယကုန်းမြောက်ဘက်တွင် **အောင်စကြာသာသနာဓာတ်ဖွင့် ဆံတော်ရှင်** စေတီကို ကြည်ညိုဖွယ်သပ္ပာယ်စွာ ဖူးမြော်ရ၏။

ထိုစေတီ၏ အရှေ့ဘက် မျက်နှာစာ တောင်ကုန်းထိပ်တွင် "**အောင်စကြာစခန်း**"ဟူ၍ နီညိုရောင်သန်းနေပြီဖြစ်သော ဆိုင်းဘုတ်ငယ်တစ်ခုကို တွေ့ရလေသည်။

အောင်စကြာစခန်းမှ တောင်ဘက်ကိုက်(၅၀)ခန့် ခရီး၌ စုပုံတောင် တောင်ကုန်းပေါ်တွင် ရပ်တော်မူဘုရားကြီးတစ်ဆူကို အဝေးမှပင် လှမ်း၍ ကြည်နူးချမ်းမြေ့စွာ ကြည်ညိုဖူးမြော်နေရပါပြီ။

ဤသို့ မြင်နေရသော စုပုံတောင်ကုန်းသည် မြင့်မားမတ်စောက်လျက်ရှိ၏။ ဆိုင်ကယ်စီး၍ တောင်ကုန်းပေါ် တက်ရောက်ရန် မဖြစ်နိုင်ပါ။ တောင်ခြေ၌ ဆိုင်ကယ်ကို ထားခဲ့ရ၏။

ခြေကျင် လမ်းလျှောက်လာခဲ့ရာ ကားလမ်း၏ အနောက်ဘက်ခြမ်း



▲ တောင်ဘက်မုခ်ဘုရားရှေ့မျက်တွင် ပုဂ္ဂိုလ်တစ်ဦးအား စီတော်ခြည်မှုန်ဘေ တွေ့ရစဉ်



▲ မြောက်ဘက်မျက်နှာစာတွင် ပုဂ္ဂိုလ်တစ်ဦး စီတော်ကျွန်မှန်ဘေ တွေ့ရစဉ်

တောအုပ်တစ်နေရာ၌ အစိမ်းရောင် အောက်ခံအဖြူရောင်စာလုံးဖြင့် "**စုပုံတောင်**"ဟူ၍ လမ်းညွှန်ဆိုင်းဘုတ် စိုက်ထူထားသည်ကို မြင်ရ၏။

တဖြည်းဖြည်းနှင့် လမ်းလျှောက်လာရာ စုပုံတောင်ဘုရားသိမ်နှင့် နီးလာ၏။ မြောက်ဘက်သို့ မျက်နှာမူထားသော ဘုရားသိမ်ကြီး၏ တောင်ဘက်(ကျောဘက်)တွင် ရွှေရောင်တပြောင်ပြောင် ဝင်းပသပ္ပာယ်စွာဖြင့် စုပုံတောင်စေတီကို ဖူးရ၏။

စုပုံတောင်စေတီသည် ပုထိုးစေတီဖြစ်၏။ ပုထိုးဟူသည် သက္ကတဝေါဟာရ "**ဒ္ဓူပ**"မှ ရွေ့လျားဆင်းသက်လာသည်ဟု ဆို၏။ **ဒ္ဓူပ**မှ "**သတ**"ကို "**ထ**"သို့ ပြောင်း၍ ပါဠိဘာသာအားဖြင့်"**ထူပ**" ဖြစ်လာသည်ဟု ဆိုသည်။

"**ထူပ**"ဟူသည့် ပုဒ်ကို အပါဒါန အဌကထာ၌ "**ထူပီယာတိ ရာသိကရိယ တီတီထူပေါ်**"ဟု အဓိပ္ပာယ်ရကြောင်း သိရှိရသည်။

ယင်းပါဠိဘာသာ **ထူပ**မှ **ပူ**[...] ယင်းမှတစ်ဖန် **ပုထိုး**သို့ ပြောင်းလဲ[...] သည်ဟု ယူဆကြသည်။

တစ်နည်း "**ပုထိုး**"ဟူသော[...] ဝေါဟာရမှာ **ဗုဒ္ဓေါ်**၊ ဗုဒ္ဓိုး၊ ပုထိုး[...] **ဘုရား** ဟူ၍ "**ဘုရား**"ကို အဆင့်ဆ[...] ပြောင်းလဲခေါ်ဝေါ်လာသော ပါဠိမှ[...] ဝေါဟာရဖြစ်သည်၊ **ဗုဒ္ဓိုး**၊ ကျော[...] စာထိုး၊ ပုထိုး ၃ ခေါ်မြွက် (**သတ်**[...] **ကျမ်း**)


အဘိဓာန်ဋီကာ၌ မှန်လိုဏ်[...] သောအရာကို စေတီဟု လည်း[...] ကောင်း၊ မှန်လိုဏ်ရှိသော အရာ[...] ပုထိုးဟု လည်းကောင်း အဓိပ္ပာ[...] ဖွင့်ဆိုထားကြောင်း မှတ်သားသိရှိ[...] သည်။

မတ်စောက်သော တောင်ကုန်း[...] သို့ တက်ရောက်ကြရ၏။ စုပုံတော[...] စေတီသည် ကုလားကျောင်းပေါ်တွ[...] စေတီပေါက်ထားရ၏။ ဘုရားသိမ်မှ[...]



www.burmeseclassic.com

www.burmeseclassic.com






ည် မြောက်ဘက်သို့ မျက်နှာစာပြု ား၏။ ဘုရားသိမ်လိုဏ်မုခ်အတွင်း မြောက်ဘက်သို့ပင် မျက်နှာမူ၍ ထိုင် ာ်မူ ရုပ်ပွားတော်မြတ်ကြီးတစ်ဆူ နေးဝပ်လျက်ရှိ၏။

ထိုစေတီ ထိုဘုရားကို စုပုံတောင် ရားစေတီဟု ဘွဲ့အမည်တွင် စေ၏။ စ်နည်းအားဖြင့် ရန်အောင်မာရ်အောင် ုံတောင်စေတီဘုရားဟုလည်း ခေါ် ကြ၏။

ဆရာတော်ဦးသုဒဿနသည် နမ ောင်စေတီ ပြုပြင်နေဆဲအချိန်တွင် စုပုံတောင်မှာ ဘုရားငုတ်တို တစ်တိုကို ဓာတ်ပုံသတင်းထောက် ဦးစိန်တင် (အနောက်ရပ်)နှင့်အတူ ထောင်မှူး ဦးလှအောင်တို့ တွေ့ရှိ၍ ထိုစေတီကို ပြုပြင်လိုကြောင်း လျှောက်ထားကြ၏။

ဆရာတော် ဦးသုဒဿနသည် နှစ်ဆူ တစ်ပြိုင်တည်း ပြုပြင်ရ၏။ စုပုံတောင်၌ စေတီတည်ရန် အရိုး တောင်ကျောင်းတွင် အုတ်များ စုဆောင်း ရ၏။ ရှမ်းတွင်းရွာနှင့် ကူးတို့ရွာသား တွေက အုတ်၊ သဲ သယ်ယူကာ လုပ်အားဒါနလှူကြ၏။

နမတောင်စေတီ ပြုပြင်ခြင်း မပြီးမီ မှာပင် စုပုံတောင်စေတီက အရင်ပြီး မြောက်၏။

ကောဇာသက္ကရာဇ် ၁၃၁၈ ခုနှစ်၊ နတ်တော်လဆန်း(၁၂)ရက်၊ သောကြာ နေ့တွင် လှူဒါန်းမှု ပြုခဲ့ကြောင်း လိုဏ် မုခ်အဝင်ဝ မျက်နှာစာထိပ်မှ မှတ်တမ်း တင်ထားသည်ကို တွေ့ရှိရလေသည်။


ထို့နောက် ကောဇာသက္ကရာဇ် ၁၃၅၃ ခုနှစ်၊ တန်ခူးလပြည့်နေ့၊ သောကြာနေ့တွင် ဒေါ်ရှုကြည်(ငါးမုန့် လုပ်ငန်း)အနောက်ရပ် ထားဝယ်မြို့က ထပ်မံပြုပြင်ခဲ့ကြောင်း လေ့လာမှုပြု ရ၏။

စုပုံတောင်စေတီတော်၏ အနောက် မြောက်ထောင့် တောင်ကုန်းစောင်း ထိပ်တွင် လက်တစ်ဖက်ကို အနည်း ငယ်ထောင်၍ ကွေးထားပြီးလျှင် လက်ဖဝါးကို အပြင်ဘက်သို့လှန်ကာ လက်ချောင်းများကို အပေါ်သို့ ထောင် ဖြန့် ပုံသဏ္ဌာန် အဘယမုဒြာဗျာကိတ်



www.burmeseclassic.com

www.burmeseclassic.com





▲ စုပုံတောင်ဘုရားသိမ်ကို မြင်ရစဉ်

◀ စုပုံတောင်စေတီကို အနောက်တောင်ထောင့်မှ မြင်ရစဉ်

ရပ်တော်မူဘုရားကြီးကို ကြည်ညိုဖွယ် ဖူးရ၍ စိတ်ကြည်နူးရ၏။

ဘုရားသမိုင်းနှင့် ယှဉ်တွဲလေ့လာသောအခါတွင် ဗျာဒိတ်ပေး ဆုတောင်းပြည့်ဘုရားမှာ ဂေါတမဘုရား အလောင်းတော်သည် ပါရမီများ ဖြည့်ကျင့်ကာ ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရားရှင် (၃)ဆူလုံးထံမှောက်တွင် ဗျာဒိတ်တော်ကိုခံယူကာ သံသရာတစ်လျှောက် ရဟန်းဘဝ(၉)ဘဝတွင် နောက်ဆုံး (၃)ဘဝ ရဟန်းတရားကျင့်သုံးခဲ့ပါသည်။

ကကုသန်ဘုရားရှင် လက်ထက်တော်အခါက ခေမဝတီမည်သော တိုင်းပြည်ဖြစ်၍ (ဂေါတမဗုဒ္ဓ)အလောင်းတော်ခေမမင်းကြီးသည် ဘုရားကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းကာ ကကုသန်ဘုရားရှင်နှင့် သံဃာတော်များကို ရှိသေစွာ ပင့်ဖိတ်ပြီး ဆွမ်း၊ သင်္ကန်း၊ ပရိက္ခရာတို့ကို လည်းကောင်း၊ ဆေးပစ္စည်းအမျိုးမျိုးတို့ကို လည်းကောင်း အားပါးတရ ဝမ်းပန်းတသာ လှူဒါန်းတော်မူခဲ့ပါသည်။

ကကုသန် ဘုရားရှင်သည်လည်း ခေမမင်းကြီး၏ ကျောင်းတော်ကြီးနှင့်တကွ ပစ္စည်း(၄)ပါး အလှူတို့ကိုခံယူကာ မင်းနှင့်တကွ ပရိသတ်များကို တရားဟောကြားသည်။

ထိုအခါ ခေမမင်းကြီးသည် ထီးနန်းစည်းစိမ်ကိုစွန့်၍ ရဟန်းပြုပြီး ဤကျောင်းတော်ကြီး၌ပင် ရဟန်းတရားကို ပွားများအားထုတ်ကာ ပါရမီထူးကို လေးသင်္ချေ ကမ္ဘာတစ်သိန်းတွင် သတ္တမအကြိမ် ရဟန်းပြုခြင်းပင်ဖြစ်ပါသည်။

တစ်နေ့သောအခါတွင် ခေမမင်းကြီးတစ်ဖြစ်လဲ အလောင်းတော်ရဟန်းကို ကကုသန်မြတ်စွာဘုရားရှင်က...

'ဤဘဒ္ဒကမ္ဘာ၌ လေးဆူမြောက် ဂေါတမအမည်တော်နှင့် သဗ္ဗညုတဘုရားစင်စစ် ဧကန်ဖြစ်သည်'

ဟု ဗျာဒိတ်တော်စကား မြွက်ကြားတော်မူခဲ့ပါသည်။

ဤသို့ ဘုရားသမိုင်းကို လေ့...
သိရှိရသောအခါ ထားဝယ်ဇာတိသ...
ဖြစ်သော စာရေးသူမှာ မိမိ နယ်...
ဒေသ၌ ဗျာဒိတ်တော်ဘုရား...
တည်ထား ကိုးကွယ်ထားသ...
အတွက် ဂုဏ်ယူမိပါ၏။

စာရေးသူ၏ အမိဌာန်ဘုရား...
ခရီးစဉ်မှာလည်း ထူးမြတ်သော ပါ...
ထူးများကို ဆည်းပူးဖြည့်ကျင့်...
လမ်းစပင်ဖြစ်သည်ဟု သက်...
ယုံကြည်ကာ ကြည်နူးဝမ်းသာ...
ဖြစ်ရလေသည်။

ထို့ပြင် အိန္ဒိယနှင့်နီပေါ(မဇ္ဈိမဒေ...
တွင် ပွင့်တော်မူသော မြတ်ဗု...
သာသနာတော်သည် မြန်မာနိုင်...
ထူးခြားစွာ အဘယ်ကြောင့် ...
လလို ထွန်းလင်းတောက်ပလာရသ...
ကိုလည်း သဘာဝယုတ္တိရှိနိုင်လုံစွာ...
နားလည်ရပါတော့သည်။

စာရေးသူတို့ ရောက်ရှိနေသ...
စုပုံတောင်ထိပ် ရင်ပြင်တော်...
သိပ်တော့ မကျယ်လှပါ။ သ...
အလျောက်ပေါက်နေကြသည့် သ...
ကြီးတွေကတော့ တောင်မ...



www.burmeseclassic.com

www.burmeseclassic.com



◆ ရှုံတောင်ထိုင်တော်မူဘုရားကြီးအား
လိုဏ်မှန်အတွင်းအမိုးကာပ်မှုဖူးမြော်ရစဉ်



◆ ဗျာဒိတ်ရပ်တော်မူ ဘုရားကြီးအား
အမိုးမြင့်ကွင်းပြင် မှဖူးမြော်ကြည်ညိုစဉ်

တစ်ပတ်လည်လုံးမှာ နေရာလပ်မရှိပါ။ တောကြီးသစ်ပင်တို့သာ အုပ်ဆိုင်းလျက် ရှိလေသည်။

ဗျာဒိတ်ရပ်တော်မူ ဘုရားကြီးမှာ တောင်ကုန်းစောင်းထိပ်တွင် ကိန်းဝပ်နေသည်ဖြစ်၍ ဓာတ်ပုံမှတ်တမ်းကို အထူးကြိုးစားကာ ရိုက်ကူးသမျှ ပြုရပြန်ပါသည်။

အနောက်ဘက် တောင်ကုန်းစောင်း တောင်ချိုင့်လျှိုအတွင်း တောင်ကမ်းပါးယံထက်၌ အနောက်ဘက်သို့ မျက်နှာပြုကာ ကိန်းဝပ်လျက်ရှိသော ထိုင်တော်မူ **အဘယမုဒြာဒိတ်ဘုရားကြီး**ကို ဖူးမြော်ကြည်ညိုရ၏။

အဘယမုဒြာ၏ အနက်သဘော မှာ မကြောက်ရွံ့စေရန် ဘေးအန္တရာယ်များမှ အသင်အား ကာကွယ်ပေးနေပါသည်ဟူ၍လည်းကောင်း...

ဗုဒ္ဓမြတ်စွာကိုယ်တိုင်မှာ ကိလေသာကင်းစင်တော်မူသော အနန္တဂိုဏ်နဖြစ်တော်မူသောကြောင့် (နကုတောဘယံ) ကြောက်ရွံ့ထိတ်လန့်ဖွယ် တစ်စုံတစ်ရာ မရှိတော့ပြီဟူသော ဗုဒ္ဓဂုဏ်တော်ကို သိစေလို၍ လည်းကောင်း လက်တော်ဖြင့် ပြထားခြင်းဖြစ်ပေသည်။

မစိုးရိမ်လင့်၊ မကြောက်ကြလင့် ကြက်သီးမွေးညှင်းထခြင်း၊ ထိတ်လန့်တုန်လှုပ်ခြင်း၊ တစ်စုံတစ်ရာ မဖြစ်လင့် ကိုးကွယ်အားထားစရာ ဗုဒ္ဓမြတ်စွာ ရှိနေပါပြီဟူသော ဓမ္မသုတ်ပရိတ်တော်ဒေသနာကို ဟောကြားနေဟန်ဖြစ်သည်ဟု သုတေသီများက မိန့်ဆိုထားကြလေသည်။

တစ်နည်းအားဖြင့်ဆိုသော် လောကဓံတရားများနှင့် ရင်ဆိုင်နေကြရသူများအား မတုန်လှုပ်ခြင်း၊ သောကကင်းခြင်း၊ ကိလေသာမြူကင်းခြင်း၊ ဘေးရန်ကင်းခြင်းတည်းဟူသော မင်္ဂလာများကို ရရှိစေရန် သရုပ်ဆောင်ပြထားခြင်း ဖြစ်ပေသည်။

အဘယမုဒြာသည် ဝီရိယသပေါ်လွင် စေခြင်း သတ္တိရှိလေသည်။ ပညာ ပါရမီ၊ အဓိဋ္ဌာန်ပါရမီနှင့် ဝီရိယပါရမီ တို့သို့ အနှစ်သာရများဖြင့်

www.burmeseclassic.com





◆ အဘယ ဗျာဒိတ်ထိုင်တော်မူဘုရားကြီးအား ဖူးရစဉ်

◆ စုံတောင်ဂိုက်မှန်ရှေ့ မှတ်တမ်းများတွေ့ရစဉ်

ဖော်ညွှန်း ပြထားခြင်း ဖြစ်လေသည်။

အဘယဗျာဒိတ် ထိုင်တော်မူဘုရားကြီး ရွှေမှောက်တောင်စောင်း ရင်ပြင်တော်နေရာမှ စပါးတောင်ရိုး၏ အနောက်ဘက်ရပ်ဝန်းသို့ လှမ်း၍ ကြည့်မိသည်။

ထားဝယ်မြစ်ထဲသို့ စီးဆင်းနေသော ပေါက်တိုင်းချောင်း၊ ရေပြင်ပေါ်ဝယ် ဘော်ငွေရောင်အလှဆင် နေအလင်းရောင်ခြည်ဖြာဟပ်ကာ ကျဆင်းနေသည်မှာ အလှပန်းချီကား တစ်ချပ် အဖြစ် ရှုမြင်ရသည်။

စပါးတောင်ရိုး စုံတောင်ဘုရား စေတီထံပါးသို့ သိုက်ပေါင်းစုံ၊ နတ်ပေါင်းစုံ ရောက်လာကြ၏။ ထွက်ရပ်ပေါက်လိုက်စားသူတွေလည်း ရောက်လာကြ၏။ မိမိတို့ စိတ်အားထက်သန်ရာ တရားဓမ္မကို ကျင့်ကြံအားထုတ်ပွားများကြ၏။

**ဆရာတော် ဦးသုနာသနည်းလည်း**

**စပါးတောင်ရိုး စုံတောင်ဘုရားတောင်ပေါ်၌ သိုက်၊ နတ်ဓိဗ္ဗာတွေနှင့် ပူးပေါင်းကာ စပါးတောင် သာသနာလမ်းမှုနှင့် ပေါက်ခဲ့သဖြင့် ပေါက်စမြွှာန တစ်ခုအဖြစ် ထင်ရှားလျှက် ရှိလေသည်။**

စာရေးသူ အပါအဝင် ဗုဒ္ဓဘာသာဝင်အားလုံးတို့အတွက် မိမိတို့၏ ကိုးကွယ်ရာဖြစ်သော ဗုဒ္ဓဘုရားရှင်၏ နေရာထူး နေရာမြတ်များ မိမိတိုင်းဒေသကြီး မိမိနေထိုင်ရာ ထားဝယ်မြို့နယ်အတွင်း တည်ရှိနေသည်ကို တွေ့ရှိရ၍ များစွာကျေနပ် ဝမ်းသာကြည်ညိုမိပါတော့သည်။

**[ဤဆောင်းပါး ဖြစ်မြောက်ရေးအတွက် စပါးတောင်ရိုးတစ်လျှောက် ဘုရားဖူးပို့ခြင်းဖြင့် ကူညီပေးပါသော ထားဝယ်မြို့၊ ကရပ်ပြင် (တောင်ရပ်)နေ ဦးကြည်ရှိန်အား အထူးကျေးဇူး တင်ရှိပါကြောင်း…]**

***သတ္တဝါ ဝေနေယျအပေါင်း ကျန်းမာချမ်းသာကြပါစေ***

## မောင်မောင်စိုး(ထားဝယ်)

ကိုးကားချက်

၁။ ရှင်ကိုးရှင်နှင့် သမိုင်းဝင် ထားဝယ်ဘုရားများ။
(မောင်သန်းဆွေ–ထားဝယ်)

၂။ သာဂရမြို့ဟောင်း တစေ့တစောင်း။
(ဦးဘမြင့်–ထားဝယ်)

၃။ အရှေ့ပုပ္ပါး(စပါးတောင်) လက်ကမ်းစာစောင်၊ (နေမင်းရာဇာ–ထားဝယ်)

၄။ ဆရာတော် ဦးကောဝိဒ(စပါးတောင် သာသနာပြုတောင် ပုပ္ပါးကျောင်း)၏ မိန့်ကြားချက်များ၊

၅။ ဦးကြည်ရှိန်၊ ထားဝယ်မြို့၊ ကရပ်ပြင်(တောင်)ရပ်နေ၏ ပြောပြချက်များ။

၆။ မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာ မုဒြာများ၊
(စစ်ထွန်းမှတ်ဝင်း – မဟာဝိဇ္ဇာ (ရန်ကုန်)၊ ၁၉၇၇ ခုနှစ်)

၇။ ကိုယ်တိုင်ဘုရားဖူး သွားရောက်ခြင်း၊ မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခြင်း။ (၃၀–၁၁–၂၀၁၄)



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး

# အသည်းရောဂါအတွက်ကိုယ်တိုင်ကုသထုတ်လုပ်ထားတဲ့

# မင်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၈၁၃ ၊ ၁၁၀၆၇

ဦးအိုက်စံ(လားရှိုး)


ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည်ခေတ်နှင့်အပြိုင်လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍လာပေသည်။ ထိုကဲ့သို့ ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက်လွယ်ကူစွာ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး လုံးဝပျောက်ကင်းသက်သာအောင်ကုသမရဘဲလျက်သက်သာရုံ ရောဂါကို ထိန်းချုပ်ထားရုံမျှသာ တတ်နိုင်သော ရောဂါများလည်းရှိ၏။

ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသောရောဂါများအနက်မှ အသည်းနှင့်ပတ်သက်သောရောဂါသည်လည်း ယနေ့အချိန်အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ်သည်။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်းနိုင်ပြီး ဖြစ်ပေါ်လာခဲ့လျှင် လုံးဝပျောက်ကင်းအောင်ကုသမှုခံယူရန် မဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင်သောရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ဝမ်းဗိုက်အထူးသဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်။ ရင်ခေါင်းတောင့်၏။ ပို့အန်၏။ အစားအစာများစားချင်သောက်ချင်စိတ်မရှိ ဝမ်းဗိုက်ထဲမှလေသံများ တဂျိုးဂျိုး ကြားနေရ၏။ မျက်စိနှင့်အသားအရေများ ဝါဖျော့လာ၏။ ဆီးနည်းလာ၏။ ရံခါဝမ်းချုပ်၍ ရံခါ အပူဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင်ဆုတ်လာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက်ကာ ပိန်ချုံးလာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက်ကလေးကတော့ ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကို ကျွန်တော်ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက် ဖြစ်လာတော့ အစာအိမ်ရောဂါလို့ထင်ခဲ့၏။ သည့်လိုနှင့် ကျွမ်းကျင်သော အထူးကုသမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ်သော ဆေးစစ်ဆေးမှုများခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကို နှစ်လကျော်ကျော်နှိပ်စက်နေသော အနီးရန်သူသည် B-ပိုး ဖြစ်နေ၏။ ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာခြောက်နေ၏ဟု ဆရာဝန်ကြီးကမိန့်ကြား၏။ ထိုခဏမှာပင် ကျွန်တော်နှင့် ဇနီးဖြစ်သူတို့မှာ နွေခေါင်ခေါင် မိုးကြိုးပစ်ခံလိုက်ရသလို ခံစားလိုက်ရ၏။

ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေသော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက်သည် B-ပိုးနှင့် အသည်းမာခြောက်သောရောဂါကို လုံးဝကင်းစင်သွားအောင် ကုသနိုင်သောဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်စီးမှုကို မြန်မြန်မပျက်စီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေ လျှော့ချရုံမျှသာစွမ်းနိုင်၏ဟု သမားတော်ကြီးက ဆိုလာလေတော့ ဆောက်တည်ရာမရခံစားရပြန်သည်။

သည့်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာ သည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကို ရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်းအောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှုကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည်လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါ အထူးကုပေးနေသကဲ့သို့ ဆေးကျမ်းများစွာလည်း ရေးသားနေသော သမားတော်ဆရာမြင့်ရှိရာ စကြာမင်း တိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော် ဆရာမြင့်ထံရောက်တော့ ဆရာက "ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိက ကုသပေးနေတာပါ။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါတုန်းကလိုပဲ ယနေ့ခေတ်မှာအဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်းရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်





www.burmeseclassic.com

www.burmeseclassic.com

ကုသရင်း သုတေသနပြုနေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲဒါ ဦးအိုက်စံ ယူသွားပြီး တစ်ကြိမ် ဆေး ၅ ပြား တစ်နေ့ ၃ ကြိမ် သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ "ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီး တင်ပါတယ်"ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူးဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော် စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန် အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက် နံရိုး အဆုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကို သောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာဝဖြိုးလာသည်။ ပုံမှန် အသားအရေနှင့် နဂိုအတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင် သမားတော်ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီရာ မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်။ ဆရာထံရောက်တော့ "ဆရာရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး"လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ "ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား။ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာ ပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီ ဆရာ"ဆိုမှ "ဪ် မှတ်မိပြီ ဦးအိုက်စံကိုး အခုလို ကြားရတာ ဝမ်းသာပါတယ်ဗျာ" "ဆရာ့ကို ကျွန်တော် တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ" "ပြောပါ၊ ကျွန်တော် ဘာကူညီရမလဲ" "ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလားဆရာ" "အင်း...ဦးအိုက်စံအနေနဲ့ အသည်းရောဂါသည်တွေအပေါ်ထားတဲ့ စိတ်စေတနာကို ကျွန်တော်လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကုခန်းကတစ်ဖက်၊ အခြား ထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေကတစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွယ်ကူသေးပါဘူး"

"ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်လို စိတ်ရောကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်တွေအတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေးကို ကျွန်တော် ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရောဂါဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။" "ဟာ... ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံထုတ်လုပ်ချင်ရင် ထုတ်ပါ" "ဖော်မြူလာဆရာက ပေးမှာလား၊" "ပေးပါ့ဗျာ၊ ပေးပါ့။ ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူညီပေးပါ့မယ်" "မြင့်မြတ်တဲ့ ဆရာ့စိတ်ထားကို အရမ်းလေးစားပါတယ် ဆရာ"

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံစားနေကြရသော အသည်းရောဂါရှင်များ...သမားတော် ဆရာမြင့်ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့ နှိပ်စက်မှုကို ခံစားခဲ့ရသည်မှလွတ်မြောက်၍ ရရှိခဲ့သော ပျော်ရွှင်မှုအရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလိုက်ပါသည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခမှ လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော့ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသည်။ ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသင်ကတော့ အသည်းအားနည်းခြင်း။ အသည်းရောင်အသားဝါရောဂါဖြစ်ခြင်း။ အသည်းအဆီဖုံးခြင်း။ အသည်းမာ၊ အသည်းကြီး။ အသည်းခြောက် ရောဂါဖြစ်ခြင်း။ အသည်းတစ်ဝိုက်အောင့်နာနေခြင်း၊ ပျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သောရောဂါများအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ကို အသည်းရောဂါအမျိုးမျိုးခံစားနေရသူများ။ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာနှင့်မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူများမဖြစ်မနေသုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံဆိပ် အသည်းအားဆေး**ပဲဖြစ်၏ ဟူ၍ သတင်းကောင်းလေး ပါးလိုက်ပါသည်။

**ဦးအိုက်စံ (လားရှိုး)**


ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြောင့် အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။

**ပင်ရင်း-မန်းရာဇာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**
**အမှတ်(ဆ/၃၆၀)၊ သုနန္ဒာ(ဂ)လမ်း၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁၆၉၁၀၉၁၊ ၀၉၇၃၂ ၄၃၀၉၄**

**ရှမ်းပြည်နယ်ဖြန့်ချိရေး-**
**အမှတ်(ည/၉)၊ ဘူတာလမ်း၊ ရပ်ကွက်-၁၀၊ လားရှိုးမြို့**
**ဖုန်း-၀၈၂ ၂၆၂၉၁၊ ၀၉၄၇၃ ၂၂၂၁၃။**




www.burmeseclassic.com

www.burmeseclassic.com



◆ ဦးနန္ဒသီရိ၏ ဓာတ်ပုံများ

ခရီးသည်ဘဝတေသီ

# ဦးပါဒဖြူ ဆရာတော်

## အရှင်နန္ဒသီရိနှင့် ကုသိုလ်တော် စေတီနှစ်ဆူ (၃)

ယခင်လမှ အဆက်

စံကျောင်းတည်ရာ ကုန်းမြေမှ ...ဖြူရှင်လှစေတီတော် အထက်ပိုင်း ... အနီးကပ် ဖူးမြော်ရသည်။ ရှင်ဖြူ ...လှစေတီမှာ ထုလုံးပုံ အုတ်တိုက်မြင့် ...၍ အထက်တွင် ပစ္စယံသုံးဆင့်နှင့် ...င်းလောင်းမှောက်စေတီ ပေါက် ...ခြင်းဖြစ်သည်။

စံကျောင်းတော်မှ ရှင်ဖြူရှင်လှစေတီ ...ထံသို့ သစ်သားပေါင်းကူးတံတား တည်ဆောက် ဆက်သွယ်ထားပါသည်။

### ရှင်ဖြူရှင်လှစေတီ

ဆရာတော် ဦးနန္ဒာသီရိသည် ၁၃၂၄ ခုနှစ်တွင် အုတ်ပုံအတိ ဖြစ်နေသော ရှင်ဖြူရှင်လှစေတီတော်ကို အသစ်တစ်ဖန် ပြုပြင် တည်ဆောက်ခဲ့သည်။ ဆရာတော်၏ သာသနာပြုသက်တမ်း (၂၁)နှစ်တွင် အစဦးဆုံး ပြုပြင် တည်ဆောက်သောစေတီ ဖြစ်သည်။

ဤစေတီကို ၄၇၄ ခုနှစ်တွင် အလောင်းစည်သူမင်းကြီးက တည်ထားခဲ့ခြင်းဖြစ်သည်။ ဇမ္ဗူဒိပ်သို့ ဖောင်စကြာဖြင့် လှည့်လည်ရာတွင် သိကြားမင်း ဆက်သသည့် ဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်က သီတင်းသုံးတော်မူသည့် မြကျောက်ဖျာကို ဖဲ့၍ ထုလုပ်ထားသော "ရှင်ဖြူ"ရုပ်ပွားတော်နှင့် ဇမ္ဗူသပြေပင် တောင်ကိုင်းကို ဖြတ်၍ ထုလုပ်ထားသော "ရှင်လှ"

www.burmeseclassic.com



▲ ကျွဲခွာနံရိုက်ဂူ



▲ စင်္ကြံဆောင်

▼ စံကျောင်းစီးမာရှိုကြာ ကျုံးတော်




▼ ဦးနန္ဒသီရိ၏ ဂုဏ်ကလာပ်မှုတော်ရာ ပလ္လင်





www.burmeseclassic.com

www.burmeseclassic.com





ရုပ်ပွားတော်တို့ကို ဌာပနာပြု ပူဇော်ထားသောစေတီ ဖြစ်သည်။

လျှင်ဒဏ် အကြိမ်ကြိမ် ခံရသဖြင့် ပြိုပျက်နေရာမှ ဒီပါမြေဆရာတော်မှ ပြုပြင် တည်ဆောက်ခဲ့ခြင်း ဖြစ်လေသည်။ စစ်ကိုင်းဝါစဉ် ဘုရား(၁၄)ဆူ စာရင်းဝင်ဖြစ်၍ **ဆွမ်းတော်ကပ်ပွဲတော်မှာ တော်သလင်းလကွယ်နေ့ ဖြစ်သည်။**

စေတီလိုဏ်အတွင်း၌ အလယ်ဗဟိုတိုင်ပြု၍ ပတ်လည် လေးမျက်နှာတွင် ရုပ်ပွားတော်(၄)ဆူ ပူဇော်ထားသည်။

ပေါင်းကူးတံတား၏ အဆုံးတွင် ခြေတော်ရာ၊ ထိုမှ လက်ယာရစ် အတိုင်း တင်ပျဉ်ခွေ မင်းဝတ်ဘုရား၊ ဆင်ခံပလ္လင်နှင့် ဗောဓိရိုးဘုရား၊ ဗောဓိရိုးဘုရားတို့ကို အသီးသီး ဖူးမြင်ရသည်။ **(ဗောဓိရိုးဘုရားဟူသည် မကိုင်မိုလွယ် စသည့် အဆင်တန်ဆာ မပါဝင်ဘဲ ဗောဓိပင်အောက်တွင် တင်ပျဉ်ခွေ စံပယ်တော်မူသော ရုပ်ပွားပုံတော် ဖြစ်သည်။)**

စေတီလိုဏ်တွင်း ကြည်ညိုဖူးမြော်နေစဉ် အင်းစပ်ခွေးကြီး တစ်အုပ်က တစ်ဟုန်ထိုး ပြေးဝင်လာ၏။ ဆရာတော် ဦးတေဇက...

'ဘာမှ မဟုတ်ဘူး ကျုပ်ကိုမြင်လို့ မုန့်လာတောင်းကြတာပါ။ သွားကြ မုန့်ဆိုင်နားမှာ စောင့်ချေ။ ငါ ဆင်းလာတော့ ဝယ်ကျွေးမယ်'

ဟု မိန့်ကြား၍ ခွေးများကိုလည်း လှမ်းပြောလိုက်ရာ စောင်းတန်းလှေကားမှ ပြေးဆင်းသွားကြလေသည်။


စေတီလိုဏ်နံရံတွင် ရှင်ဖြူရှင်လှ ဘုရားသမိုင်း သရုပ်ဖော် ပန်းချီကားများ ချိတ်ဆွဲထားသည်ကို တွေ့ရသည်။

**အလောင်းစည်သူမင်း ဖောင်စကြာ မြင့်လှည်းလှည်ပုံ ပျော်ပွဲတွင် သိကြား ...**



www.burmeseclassic.com

www.burmeseclassic.com



ဝံကျောင်းအနီးမှ မြင်ရသော ရှင်မြွက်လှစေတီအထက်ပိုင်း



ရှင်မြွက်လှစေတီလိုဏ်ဂူတွင်းမှ မတ်ရပ်တော်

**ရုပ်ပွားတော် ထက်သပ်၊ ဆင်မယဉ်သာဖေါ်တပ်၍ ကိန်းဝပ်လိုရာသို့ အချိန်မရွှေ့ ဧရာဝတီဖုံ သော်ည ဖိတ်ကြ လေသည်။**

စောင်းတန်းလှေကားရင်းသို့ရောက်သော် ဆရာတော်ဦးတေဇက မုန့်ခြောက်များ ဝယ်၍ ခွေးများကို မျှဝေကျွေးပြီးနောက် အနီးရှိ ပြာသာဒ်မှ သစ်ထွင်းပန်းပုလက်ရာများကို ညွှန်ပြပေးသည်။

လက်ရာမြောက်လှသော မြန်မာမှုပန်းပု၊ ပန်းနွယ်များဖြစ်ရာ နိုင်ငံခြားဧည့်သည်များ စိတ်ဝင်တစား လေ့လာမှတ်တမ်းပြုတတ်ကြသည်ဟု သိရသည်။

ထိုမှ လက်ဝဲဘက်သို့ လျှောက်လာကြရာ **သဒ္ဓမ္မဇောတိက သိမ်တော်ကြီး**ကို တွေ့ရသည်။ ၁၃၁၀ ပြည့်နှစ်တွင် တည်ဆောက်၍ ၁၃၄၀ ပြည့်နှစ်တွင် ပြန်လည် မွမ်းမံကြောင်း အလျှုရှင်နှစ်ဦး၏ ကမ္ပည်းကျောက်စာများ စိုက်ထူထားသည်။

သိမ်အနီးတွင် အညွန့်အရွက်များ မရှိတော့သော်လည်း ရှင်သန်နေဆဲဖြစ်သည့် သစ်ပင်အိုကြီး တစ်ပင်ကို ကွေးကောက်နေသော ပုံစံဖြင့် တွေ့ရသည်။ ဦးတေဇက...

'ဒီအပင်ကြီးက နှစ်လဲကြာပြီး ပုံပန်းလဲ မကျလို့ ခုတ်လှဲပစ်ဖို့ ပြောကြတယ်၊ ဒါပေမယ့် ကုန်းတော်စောင့် ရုက္ခစိုးနတ်မင်းက ပထမဆရာတော် ရှိကတည်းက ခွင့်တောင်းပြီး နေခဲ့တာမို့ မခုတ်ဖြစ်တူး'

ဟူ၍ ရှင်းပြတော်မူသည်။

ထိုမှ ဆက်၍လာခဲ့ရာ **ဘုံကျောင်း**ကို တွေ့ရသည်။ ဘုံကျောင်းဆိုသော

လည်း ပစောက်ပုံအခန်းဖွဲ့ ထ
ဆောက်ထားသည့် တစ်ထပ်တ
ဆောင်သာဖြစ်သည်။ "**၁၃၃၂ ခု**
**နယုန်လ**"ဟူသော ကမ္ပည်းကို တွေ
၏။

ဆရာတော်ဦးနန္ဒသီရိ ထူပါရုံ
တော် ပြုပြင် တည်ဆောက်ပြီး
တစ်နှစ်အကြာတွင် ရန်ကုန်
တရုတ်အနွယ်ဖွား ဒါယကာတ
ဆောက်လုပ် လှူဒါန်းခြင်းဖြစ်
မုတ်ဆိတ်ဖွားဖွားနှင့် တရုတ်နတ်
ရုပ်တုတစ်ခု ရှိသည်။

မြတ်စွာဘုရား ရုပ်ပွားတော်တစ်
ကိုလည်း ပူဇော်ထားကြောင်း သိ
သည်။ သော့မှာ ထိုဒကာထံ၌သာ
သည်ဆိုသဖြင့် ဘုံကျောင်းတွင်း
ဝင်ရောက် လေ့လာနိုင်ခြင်း မရှိခဲ့




www.burmeseclassic.com

www.burmeseclassic.com



◆ မကိုဋ်စလွယ်ဆင် မင်းဝတ်ဘုရား



◆ ထင်းခံပလ္လင်နှင့် ရုပ်ပွားတော်

ထို့နောက် ရှင်ဖြူရှင်လှစေတီ လိုဏ်အပြင် တစ်ပတ်ပြည့်၍ မုခ်ဦးအနီးသို့ ပြန်ရောက်လာရာ စေတီဝင်း အုတ်တံတိုင်းထက်တွင် မဟာဗောဓိပုံစံ စေတီကိုးဆူ ဖူးတွေ့ရသည်။

၁၃၄၀ ပြည့်နှစ်တွင် တည်ဆောက်ကြောင်းနှင့် အလှူရှင် အမည်နေရပ်တို့ကို ရေးထိုးထားရာ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ စစ်ကိုင်း၊ မတ္တရာ၊ ကြို့ပင်ကောက် စသည်ဖြင့် နေရာစုံလင်သည့်အပြင် အနည်းငယ် ထူးခြားသော ကမ္ပည်းများကိုလည်း တွေ့ရ၏။

◎ အနန္တငါးပါးဦးထိပ်ထား၍ ဤအလှူကို လှူနတ် ပြုပွာ ဝိဇ္ဇာ ဇော်ဂျီ တပယီ မိခင်ဖခင် ဆွေမျိုးအပေါင်းတို့အား အမျှပေးဝေပါ၏။

◎ ဝိဇ္ဇာကတ်သုံးပုံဆောင့် သုရဿတီကောင်းမှု၊

◎ မင်းမဟာဂီရိ အိမ်တွင်းခုနစ်ဖော် ကောင်းမှု၊ စသဖြင့် ရေးထိုးထားကြလေသည်။

## ထူပါရုံစေတီတွင်

ထို့နောက်တွင် စစ်ကိုင်းတောင်ရိုးမှ ပြန်ဆင်းကာ **ထူပါရုံစေတီ**သို့ သွားရောက် ကြည့်ညိုသည်။ ဒီပါမြေ ဆရာတော် မွမ်းမံတည်ဆောက်သော စေတီတစ်ဆူဖြစ်သည်။

မကြာသေးမီက ပြင်းထန်စွာ လှုပ်ခတ်သွားသည့် ငလျင်ဒဏ်ကြောင့် စေတီတော်ကြီး အက်ကွဲနေရာ သီတဂူဆရာတော် ဦးဉာဏိဿရ ဦးဆောင်၍ ပြန်လည် မွမ်းမံနေကြသည်။

ဆရာတော်က သီဟိုဠ်(သီရိလင်္ကာ)မှ ထူပါပုံစံ၊ အပြင်ပတ်ငုံ၍ တည်ဆောက်မည်ဖြစ်ကာ ငွေကျပ် သိန်းပေါင်း ငါးထောင်မျှ ကုန်ကျနိုင်ကြောင်း ခန့်မှန်း မိန့်ကြားတော်မူခဲ့သည်။

ဒီပါမြေဆရာတော် ပြုပြင်တည်ဆောက်ခဲ့သော ထူပါရုံစေတီ၏ ခေါင်းလောင်းမှောက် အောက်အနားတွင် ဘီလူးလက်ယှက်များနှင့် အထက်တွင် တောင်ဝှေးထမ်း ဇော်ဂျီရုပ်များ ပတ်လည် သရုပ်ဖော်ထားသည်။

စေတီ တည်ဆောက်ရာတွင် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ထူးများ ကူညီခဲ့ကြသည်ကို ရည်ညွှန်းသရုပ်ဖော်ခဲ့ကြောင်း သိရသည်။

**ရွှေလ ဆက်ဖတ်ပါရန်**

**ခရီးသည်သုတေသီ**



www.burmeseclassic.com

www.burmeseclassic.com

# ကြွေးတောင်း ယတြာအစီအရင်

ဂါမဏိဇော်
(ဦးဗွာရေ၊ စစ်ကိုင်း)

တချို့သော ဈေးဆိုင်တို့တွင် **"မည်သည့်အရာမှ အကြွေးမရပါ"** ဟူသော စာတန်းကို ချိတ်ထားတတ်ကြ၏။

တချို့နေရာ၌ **"ယနေ့ အကြွေး မရောင်းပါ"** ဟူ၍ လည်းကောင်း...

တချို့တွင် **"ယနေ့အမြတ်သည် မနက်ဖန်အတွက် အရင်းဖြစ်သည်"** ဟူ၍လည်းကောင်း၊ **"ကြွေးယူမြို့မြို့။ ကြွေးတောင်းမုန်း"** စသည်ဖြင့် လည်းကောင်း ချိတ်ထားတတ်ကြပေသည်။

ဤသည်တို့ကား စားဝတ်နေရေးတို့နှင့် လည်ပတ်နေရသော လူ့ဘဝတွင် ကြုံတွေ့ရတတ်သော ကြွေးယူကြွေးတောင်း ပြဿနာတို့ကြောင့် ဆင့်ကဲဖြစ်ပေါ်လာသော စာတန်းလေးများပင် ဖြစ်ပါသည်။

မည်သို့ပင်ဆိုပါစေ လူတို့၏ ပတ်ဝန်းကျင်၌ ကြွေးယူခြင်း၊ ကြွေးတောင်းခြင်းတို့ကား ရှိနေမည်သာပင် ဖြစ်လေ၏။

ယခုလည်း မောင်လူမော်သည် ကျွန်ုပ်အား အကူအညီ တောင်းလျက်ရှိချေ၏။

ရစရာရှိသော အကြွေးများ မရနိုင်သောကြောင့်ဟူ၏။

ဤမည်သော ကြွေးမြီပြဿနာကား လွယ်မယောင်နှင့် ခက်၏။ တိမ်မယောင်နှင့် နက်လှပေ၏။

ထို့ကြောင့် မောင်လူမော်အား သေချာဂဏ ပြောရလေ၏။

'ဒီမယ် ကိုလူမော်ရဲ့ ခင်ဗျား ရစရာရှိတဲ့ အကြွေးကို တောင်းယူတဲ့အခါမှာ တစ်ဖက်သားရဲ့ လက္ခဏာကို သေချာသိမှ ဖြစ်လိမ့်မယ်ဗျ။

ဆိုပါစို့ဗျာ ပေးစရာ လုံးဝမရှိသေးတဲ့ အခါမျိုး ဆင်းရဲဒုက္ခ ကြုံတွေ့နေတဲ့အခါမျိုး အလုပ်လက်မဲ့ဖြစ်နေတဲ့အခါမျိုး စသည်တွေမှာ ခင်ဗျားရဲ့အကြွေးကို ဆပ်ဖို့နေနေသာသာ သူ့ကိုယ်သူတောင် မနည်းအသက်ရှူနေရမှာဗျ'

'ကျွန်တော် သိပါတယ် အစ်ကိုရာ၊ ကျွန်တော်က ဖွတ်တောင်းနေတာမျိုး မဟုတ်ပါဘူး။ ခုဟာက သူတို့မှာ ပေးနိုင်တဲ့လက္ခဏာ ရှိနေပါလျက်နဲ့ မပေးဆပ်လိုကြတာမျိုးဗျ။ ဒါကြောင့် အကူအညီတောင်းတာပါ'

ဟု မောင်လူမော်မှ ပြောလျှင်...


'အေးဗျာ မဖြစ်မနေ ယတြာအစီအရင် လုပ်ကြမယ်ဆိုရင်တော့လဲ အစီအရင်တွေကို စနစ်တကျနဲ့ ယုံကြည်စွာ ပြုလုပ်ရလိမ့်မယ်ဗျ။

နို့မဟုတ်ရင် အစီအရင် မအောင်မြင်ကြတဲ့အခါမှာ ပညာရပ်တွေလဲ ဂုဏ်ယုတ်၊ ဆရာတွေမှာလဲ နာမည်ပျက်တာမျိုး ဖြစ်လိမ့်မယ်'

ဟု ကျွန်ုပ်မှ ပြောသောအခါ...

'အစ်ကိုခိုင်းတဲ့အတိုင်း ဤသည်မလွဲ လုပ်ပါ့မယ် ကူညီစမ်းပါ'

ဟု ကိုလူမော်မှ ပြောသဖြင့် ကျွန်ုပ်သည် အကြွေးတောင်းယတြာ အစီအရင်အား ပြုလုပ်၍ ပေးလိုက်



ရပါတော့သည်။

အစီအရင်များ

၁။ တနင်္လာနေ့ နံနက်ပိုင်း (၆)နာရီ အချိန်တွင် ကြာသပတေးနံ့ဘုရား သို့မဟုတ် ဘုရားစေတီ၏ ကြာသပတေးအရပ်တွင် ဆီးယို၊ ဖရုံယို ရရာတစ်ခုကို မိမိသက်စေ့ယူ၍ ဖက်ခွက်တစ်ခု ပြုလုပ်၍ ထည့်ပြီး လှူဒါန်းပါ။ လိုရာဆု တောင်းမှုပြုပါ။ *(မည်သူ့ထံမှ ရလိုသော ငွေကြေးစသည် အမြန် ပြန်လည် ရရှိပါလိုကြောင်း စသည်)*

၂။ တနင်္လာနေ့ ညနေ (၃)နာရီမှ (၄)နာရီ (၃၀)မိနစ်အချိန်အတွင်း၌ **သနပ်သား (၆)လက်မ**ကို အဖျားချွန်၍ လိုရာစာ ရေးပြီးလျှင် မိမိတို့၏ လှေကားရင်း အိမ်ဝတို့တွင် မိမိအလိုရှိသော ဆုတောင်းကို လေးနက်စွာ အာရုံပြုလျက် ရှိုက်နက်၍ ဆုတောင်းမှုပြုပါ။ ငွေကြေး ထဲဝင်အောင် ရိုက်ရပါမည်။



www.burmeseclassic.com

www.burmeseclassic.com

သနပ်သား

မ
ဖြူ
ထံမှ
အကြွေး
အမြန်ပြန်ရ
ရှိပါစေ

အထက်ပါအစီအရင်နှစ်ခု ပြုလုပ်သည့် နေ့မှစ၍ အောက်ဖော်ပြပါဂါထာကို နေ့စဉ် တစ်နေ့(၅)ခေါက် ရွတ်ဆို၍ ဆုတောင်းမှု ပြုရပါမည်။

ကြွေးတောင်းဂါထာ

...ဆေ မဟာဝီရာ၊ သဒ္ဓမ္မေန တထာဂတာ ... နယမာနာနံ ကာ ဥဿူယန္တိ ဝိဇာနတံ။

ခက်ခဲသော အသံထွက်များ

| | |
|---|---|
| **နယန္တိ** | =နယန်တိ |
| **သဒ္ဓမ္မေန** | =သတ်ဓမ်မေန |
| ဥဿူယန္တိ | =အုတ်သူယန်တိ |
| **ဓမ္မေန** | =ဓမ်မေန |

**အနက်**

**မဟာဝီရာ**– ကြီးမြတ်သော လုံ့လရှိကုန်သော၊ **တထာဂတာ**–ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူကုန်သော မြတ်စွာဘုရားတို့သည်၊ **ဓဝ**–စင်စစ်၊ **သဒ္ဓမ္မေန**– သူတော်ကောင်းတရားဖြင့်၊ **နယန္တိ**–ဆောင်တော်မူကြကုန်၏၊ **ဓမ္မေန**–တရားဖြင့်၊ **နယမာနာနံ** – ဆောင်တော်မူကြကုန်၏၊ **ဝိဇာနတံ** – ပညာရှိတို့အား၊ **ဥဿူယန္တိ** – ငြူစူကြကုန်၏။(သာ–ထိုသို့ ငြူစူခြင်းသည်)၊ **ကာ**–အဘယ် အကျိုးရှိအံ့နည်း။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ မွှာစရိယ(မဟာဝဏ္ဏိမြန်မာဂုဏ်ထူး)၊ ဓိယဘာဆက–ဓိယနိကာယကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]*

အကြွေးတောင်းလျှင် လွယ်ကူ အောင်မြင်ပါလိမ့်မည်။

**ဂါမဏီဇော်**
*(ဝိဇ္ဇာဓရ စစ်ကိုင်း)*

# မျိုးစေ့မမှန် ပင်မသန်

ကျွန်တော်သည် ငယ်စဉ်ကပင် ဂမ္ဘီရ ပညာရပ်များကို ...လာခဲ့ပါသည်။ ဝန်ထမ်းဘဝ ရောက်ရာအရပ်ဒေသ ...ရှိ ဆရာတော်ကြီးများ၊ ဆရာကြီးများကို တွေ့ဆုံဖူးမြော်၍ ...ဝါဒများ ခံယူခဲ့ပါသည်။

၁၉၆၇–၆၈ ခုနှစ် မင်းဘူးမြို့သို့ တာဝန်ဖြင့် ရောက်ရှိစဉ် ...အောက် ကျောင်းဆရာတော်ကြီးကို သွားရောက် ဖူးမြော်ခဲ့...သည်၊ အသက်မှာလည်း ငယ်ငယ်ဖြစ်ရာ အင်္ဂါရပ်လုပ်ငန်း... အထူး ကြိုးစားလုပ်နေသောအချိန် ဖြစ်ပါသည်။ **(မင်းဘူးမြို့၏ မြောက်ဘက်(၂)မိုင်ခန့် အကွာတွင် ...အောက် ကျောင်းဆရာတော်ကြီး၏ တိုက်ကျောင်းကြီး ...ည်ရှိခဲ့ပါသည်။)**

သွားရောက်ဖူးမြော်စဉ်က ဆရာတော်ကြီးမှာ အသက် (...၀၀)ကျော် နေပြီဖြစ်ပါသည်။ အင်္ဂါရပ်လမ်းကောင်းများ ...ပါက လမ်းညွှန်ပေးပါရန် လျှောက်ထားခဲ့ပါသည်။ ...ဆရာတော်ကြီးက **"မျိုးစေ့မမှန် ပင်မသန်ပါ။ သို့ပါ၍ ...ကန်သော မျိုးစေ့များ ရရှိရန် လိုအပ်ကြောင်း"** ...မှာကြားပါသည်။

သံလမ်းကိုလိုက်မည်ဆိုပါက **(၁)ခြသံ၊ (၂)ရေသယံသံ၊ (၃)ဖိုဦး သံ**များကို ရအောင်ရှာရန် မိန့်ကြားခဲ့ပါသည်။ ...သံနှင့် ပတ်သက်သော မျိုးစေ့ကောင်းများဖြစ်ပါသည်။ ...အခြားသံများကို အသုံးပြု၍မရပါ။ **(ဖိုဦးသံမှာ ပန်းပဲဖို...များ၏ ဖိုဦးများကို ဖျက်သောအခါ ဖိုနှာဝအောက်တွင် သံလုံးလေးများ ရတတ်ပါသည်။ သံထဲရှိ ပြဒါးများ ဝပ်သောနေရာ ဖြစ်ပါသည်။)**



ကျွန်တော် တွေ့ကြုံခဲ့သော ဩဝါဒခံယူခဲ့သော ဆရာတော်ကြီးများ၊ ဆရာကြီးများ၏ မိန့်ကြားချက်များ ဖြစ်သည့် အင်္ဂါရပ်လမ်းစဉ်တွင် အာစရိယဝါဒနှင့် နည်းမှန်လမ်းမှန်များ "ဆရာမပြနည်းမကျ"သည့် အကြောင်းများကို ဆက်လက် ဆွေးနွေးသွားပါမည်။

**တင်လှ(ဆည်မြောင်း–ငြိမ်း)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အာရုံကြောနှင့် အကြောအားနည်းသူများအတွက်

# စကြာမင်း
အမှတ်တံဆိပ်
# အကြောအားဆေး



(ယာယီ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ဝ၇၁၁YR ဝ၀၆၀ ၂၅)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၂/ဝ၅၁၃

'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါဗျာ။ ဘယ်သူတွေများလဲ မှတ်တယ် ရှေ့နေကြီး ဦးအောင်ဝင်းနိုင်တို့ကိုး။ ဘယ်က လှည့်လာကြတုံး'

'ဆရာ့ဆီ သက်သက်လာတာပါ။ ဒီ ကျွန်တော့်မိတ်ဆွေ ဦးဇော်ထွန်းက ရုံးဝန်ထမ်းဆိုတော့ အလုပ်များ၊ အထိုင်များလို့နဲ့ တူတယ်။ ထိုင်းမှိုင်းလေးလံနေပြီး အမြဲတမ်း ညောင်းညာကိုက်ခဲကာ အကြောတွေတက်နေလို့ ညတိုင်းလိုလို နင်းခိုင်း၊ နှိပ်ခိုင်းနေတာ တွေ့တာနဲ့ ဆရာ့ဆီ ခေါ်လာတာ'

'ဒါဆိုရင် ဦးဇော်ထွန်းရဲ့ ညာဘက်လက် တစ်ချက်လောက် ပြပါဦး။ ကျွန်တော် သွေးစမ်း အဖြေရှာကြည့်မယ်'

'ဟုတ်ကဲ့ ဆရာ။ လိုအပ်သလိုသာ ကုသပေးပါ'

'သြော်... ဦးဇော်ထွန်းမှာ အာရုံကြောအားတွေ၊ အကြောအားတွေ နည်းလာလို့ အခုလို ဖြစ်လာတာပါ'

'အာရုံကြောအားနည်းရင် ဒီလိုမျိုး ခံစားရသလား ဆရာ'

'အာရုံကြောတွေ၊ အကြောတွေ အားနည်းလာရင် နောက်ကြောတက်, ဇက်ကြောထိုးခြင်း၊ ခြေလက်တွေ အားမရှိသလိုဖြစ်ခြင်း၊ ခြေလက်တွေ တုန်ယင်လာတတ်ခြင်း၊ အမြဲတမ်း လေးလံထိုင်းမှိုင်းနေခြင်း၊ ခြေကုန်လက်ပန်းကျသလို ခံစားရခြင်း၊ အမြဲတမ်းလိုလို ခြေလက်တွေ ညောင်းညာတောင့်တင်းခြင်း၊ ခြေလက်တွေ ကပ်ခြင်း၊ လုပ်ချင်ကိုင်ချင်စိတ်တွေ လျော့နည်းလာပြီး နုံးချည့်သလိုမျိုး ခံစားရတတ်ပါတယ်။

အာရုံကြောနဲ့ အကြောတွေ အားနည်းတော့ ကြွက်သားတွေ အဆစ်အဆက်အရွတ်တွေပါ အားနည်းသွားစေပါတယ်။ ဒီအခါမှာ လေးလံထိုင်းမှိုင်း ကိုက်ခဲခြင်း၊ အားမရှိသလိုမျိုး ခံစားရခြင်း၊ အကြောတက် ညောင်းညာခြင်း၊ လေဖြန်း, လေဖြတ်, သွက်ချာပါဒ ရောဂါတွေ ဖြစ်ပေါ်ခြင်း၊ ခြေတုန်,လက်တုန်၊ လည်ပင်း,ဦးခေါင်းတွေ၊ တုန်ယင်ခြင်းတွေ ဖြစ်ပေါ်ခံစားရတတ်ပါတယ်'

'ဟုတ်လား ဆရာ။ ကျွန်တော့်ကို အကောင်းဆုံးဆေးတွေ လမ်းညွှန်ပေးပါ'

'ဦးဇော်ထွန်းအတွက် အကောင်းဆုံးဆေး ပေးရမယ်ဆိုရင် အာရုံကြောနဲ့ အကြောအား အဆစ်အရွတ် ကြွက်သားအားတွေ အထူးကောင်းမွန်စေတဲ့ စကြာမင်း အကြောအားဆေးကိုသာ မှီဝဲပါ'

'စကြာမင်း အကြောအားဆေးက ဘာတွေကောင်းလဲ ဆရာ'

'ဘာတွေကောင်းလဲဆိုရင်တော့ အာရုံကြောနဲ့ အကြောများ ပိတ်ဆို့ရောင်ရမ်းပြီး နောက်ကြောတက် ဇက်ကြောထိုးခြင်း၊ သတိမှတ်ဉာဏ်နည်းခြင်း၊ အာရုံကြောများ၊ အကြောများ၊ ကြွက်သားများ အားနည်းရောင်ရမ်းခြင်း၊ အရိုးကျီးပေါင်းတက်ခြင်း၊ လက်ခြေများ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ ခြေကပ်လက်ကပ်ဖြစ်ခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ အောက်ပိုင်းများ ထုံကျဉ်လေးလံညောင်းညာကိုက်ခဲခြင်း၊ ခြေလက်မသယ်နိုင်ခြင်း၊ အထိုင်အထလေးလံခြင်း၊ အမျိုးသားများ ပန်းသေ ပန်းညှိုး ဖြစ်ခြင်း၊ အကြောသေခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးရောင်ခြင်း၊ ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အဆစ်ရောင်၊ အဆစ်နာ၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ အတက်စာနည်း နည်းစားရုံနဲ့ အကြောတက် ညောင်းညာလာခြင်း တစ်ကိုယ်လုံး သွက်လက် ပေါ့ပါးမှုမရှိခြင်းများကို သက်သာပျောက်ကင်းပြီး ကျန်းမာသန့်စွမ်းကာ သွက်လက်ပေါ့ပါးစေတဲ့ဆေး ဖြစ်ပါတယ်။ ဒါ့အပြင် လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါများအတွက်လဲ ကာကွယ် ဆေးအဖြစ် တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား မှီဝဲပြီး ကြိုတင် ကာကွယ်နိုင်ပါတယ်'

'ဒီဆေးဟာ ဆရာ့ဆေးတိုက်မှာပဲ ရသလား ဆရာ'

'ကျွန်တော့်ဆေးတိုက်အပြင် အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံ ဆိုင်တိုင်းမှာ ရနိုင်ပါတယ်'

'အခုဆိုရင် ကျွန်တော့်မှာ စကြာမင်း အကြောအားဆေးအစွမ်းကြောင့် ကျန်းမာသန့်စွမ်းပြီး သွက်လက်ပေါ့ပါးနေပါပြီ။ အာရုံကြော အားနည်းနေသူများ၊ အကြောအားနည်းသူများ၊ အဆစ်အရွတ် ကြွက်သားအားနည်းသူများ၊ အသက်(၄၀)ကျော်သူများနဲ့ အာရုံကြောအားနည်းတဲ့ ကလေးလူကြီး၊ အမျိုးသား၊ အမျိုးသမီးများအတွက် အကောင်းဆုံး အဖော်မွန်ဖြစ်တဲ့ စကြာမင်း အကြောအားဆေးကို အိမ်တိုင်းဆောင်ထားပြီး မှီဝဲကြပါလို့ အကြံပြုပါရစေ'


ဆရာမြင့်
စကြာမင်းဆေးတိုက်
အမှတ်-စ/၆၆၆၊ သုဝဏ္ဏလမ်းမကြီး၊ သုဝဏ္ဏမှတ်တိုင်အနီး
မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၇၂၂၅၄၁

ဦးဇော်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



သဘာဝရွှေဂူလိုဏ်ဂူတော်ကြီး ကျိုက်တော်အထက်မှ သက်တော်ရှည် ကိုးနဝင်းစေတီတော်ကြီးအား ရှုမြင်ရပုံ

ကျွန်ုပ်နှင့်

အောင်ရွှေမြတ် (စစ်ကိုင်းတောင်)

# ဆရာအရှင်ပုဂ္ဂိုလ်ထူးများ (၂)

ယခင်လမှ အဆက်

…အရိုးစုမှာ အပျက်အစီးမရှိပါ။ …ရသောနေရာမှာ ပုဏ္ဏားသင်္ချိုင်း …ဖြစ်သောကြောင့် ပုဏ္ဏားအရိုး …ထင်ပါသည်။ သို့ရာတွင် ဆရာ …ကြီးက **သူ့အမျိုး**ဟု ပြောပါ …ည်။

…အရိုးစုအား ဆေးကြောသန့်စင် …ကောင်ပေါ်အောင် သံနန်းကြိုး …တွဲဆက်ပြုပြင်ပေးလိုက်ရာ (၅) …ကျော်ကျော် ပြည့်စုံသည့် အရိုးကြီး …လေတော့၏။

အရိုးစုကြီးအား သဲဂူကြီးလိုဏ် အဆုံးနေရာတွင် ကျောမှီ၍ ထိုင်နေ ဟန် ကျွန်ုပ်က ပြုလုပ်ထားရှိလေရာ ဦးဝင်းမောင်က သဘောကျလျက် ရှိလေ၏။ သို့ရာတွင် ဆရာတော်ကြီး က…

'ဟဲ့ ငလီ နင်ဟာလေ သောက်တလွဲ လုပ်ပြန်ပြီ နင့်ဆွေမျိုးမို့လို့ ထည့်ခံထားတာ လား'

ဟု ငေါက်ငမ်းခြင်း ခံရလေ၏။

'သဲခုံကို နည်းနည်းတူးပြီး မြေညီညီမှာ တောင်မြောက် လှည်းသိပ်ထား'


ဟု အမိန့်ရှိသောကြောင့် ကျွန်ုပ်တို့မှာ တူးကြ ယက်ကြရပြန်လေ၏။

သဲပြင်အား ညီညာသပ်ရပ်အောင် ပြုလုပ်နေကြစဉ် အလယ်ကောင်တွင် မြေအိုးကြီးတစ်လုံးအား အဖုံးနှင့် တကွ တွေ့ရှိရလေ၏။

ဆရာတော်ကြီးက **"အိုးအဖုံးကို မဖွင့်လိုက်နဲ့"**ဟု ကမန်းကတန်း တားမြစ်လေ၏။ **"အဲဒီအိုးကို သေချာ ကိုင် အပြင်ထုတ်ခဲ့"**ဟု တစ်ဆက် တည်း ခိုင်းသောကြောင့် ကျွန်ုပ်တို့ သည် အိုးကြီးကို ဂူအပြင် ထုတ်ခဲ့ကြ ရလေ၏။

**"နင်တို့နစ်ယောက် နောက်ဆုတ် နေကြ"**ဟုပြော၍ အိုးကြီးကို ကလော်

www.burmeseclassic.com





◆ သဘာဝဗျူဟာရေးတော်ကြီး မကျန်းမာချိန်က ကျွန်ုပ်တို့ ရှေယ်ချွန်တစ်စု စောင့်ကိုင်ခဲ့သော ကျောင်းဆောင်ကြီးအား ယနေ့မြင်တွေ့ရပုံ

◆ သဘာဝဗျူဟာရေးတော်ကြီး၏ သက်တော်ရှည် ကိုးနဝင်းစေတီတော်အား အမိုးကပ် ပူဇော်ခွင့်ရပုံ

ဖွင့်လိုက်သောအခါ အိုးအတွင်းမှ နီညို ရောင်မြွေကြီးက ခေါင်းပြူထွက်လျက် ကျွန်ုပ်တို့အား တောက်ပသော မျက်လုံးများဖြင့် စူးစူးဝါးဝါး ကြည့်နေ လေ၏။

လျှာနှစ်ခွမှာ အပြင်သို့ ထွက်ကျ လှုပ်ရှားလျက် ရှိနေလေ၏။ ထိုအခိုက် မှာပင် ဆရာတော်ကြီး ဦးမေဃိယ သည် မြွေကြီးအား လက်ဖြင့် အုပ်ကိုင် ၍ ဆွဲထုတ်လိုက်လေ၏။

မြွေကြီး၏ ကိုယ်လုံးမှာ ပြာများဖြင့် ပေကျံလျက်ရှိလေရာ လေအနည်း တိုက်နေချိန် ဖြစ်သောကြောင့် မြွေကြီး ထံမှ ပြာမှုန့်အချို့သည် ကျွန်ုပ်၏ ပါးစပ်အတွင်းသို့ ဝင်သွားလေ၏။

ဆရာတော်ကြီးက **"ပေလီ နင်က တော့ မြွေကိုက်လို့ မသေတော့ဘူး"** ဟု ပြောဆိုလေ၏။ ထို့နောက် မြွေကြီး အား ကိုင်တွယ်၍ ဂူကြီး၏အထက်သို့ သယ်ယူသွားလေသည်။

ကျွန်ုပ်တို့မှာ အရိုးစုကောင်အား နေရာတကျ ပြုပြင်၍ မြေအိုးကြီးအား ဆရာတော်ထံ အပ်လိုက်ကြလေ၏။ မြေအိုးအတွင်း ပြာများ တွေ့ရှိလေရာ **"ဒါ ဆံရှည်ကိုယ်တော်ကြီးရဲ့ ဓာတ် ပြာ"**တွေပဲဟု ပြော၍ ပုလင်းလွတ် များတွင် ထည့်ခိုင်းလေ၏။

တစ်နေ့သ၌ ဦးမေဃိယထံ ခဏ တိုင်း ရောက်ရောက်လာတတ်သော စစ်ကိုင်းမြို့၊ ရိုင်တန်းရပ်မှ ပင်စင်စား အတွင်းဝန်ဟောင်းကြီး ရောက်ရှိလာ လေသည်။

ထိုဒကာကြီးမှာ အူကိုဖြတ်၍ ပြန် ဆက်ထားရသောကြောင့် အစားအစာ များကို စားချင်သလောက် စားသောက် နိုင်ခြင်းမရှိပါ။ ဝမ်းဗိုက်အတွင်း၌ အစဉ်အမြဲလိုလို နာကျင်ခြင်းကို ခံစား နေရရှာသူ ဖြစ်လေသည်။

ဆရာတော်ကြီးအား အလွန် ကြည်ညိုလှသောကြောင့် နာကျင်ခြင်း ရောဂါဆိုးကြီးကို သည်းခံ၍ ဆရာ တော်ကြီးကဲ့သို့ အသုဘကမ္မဋ္ဌာန်းကို ကြိုးစားအားထုတ်နေလေ၏။

ဒကာကြီးအား...

'အဲလို နာဒုက္ခ ခံစားနေရတာ ကောင်း[...]
ပေါ့ဟ၊ အိုမှ နာမှ အိုဒုက္ခ နာဒုက္ခကို [...]
သိပြီး ဝင့်ကျွတ်တာပေါ့ လူရ'

'အိုနာဒုက္ခကြီးက ရက်စက်လှ[...]
တယ် ဘုန်းတော်ကြီးရယ်။ နာ[...]
မြန်မြန်ပျောက်ပြီး မရဏနောက် လိုက်[...]
ချင်လှပါပြီ ဘုရား'

ဟု လျှောက်ထားလေ၏။

'အေး မစားချင်နေ မအိပ်ချင်နေ မသေ[...]
လို့ မနေရဘူး၊ အိုတာမရပ်၊ နာတာမ[...]
အသေဆတ်က နင့်ကုပ်ပိုးပေါ် ခွနေပြီ'

ဟု ပြောဆိုကာ ဖီးကြမ်းငှက်ပျော[...]
သီးမှည့်တစ်လုံးကို အရင်းဘက်[...]
နှာ၍ ဓာတ်ပြာ အနည်းငယ်တို့[...]
ကျွေးလေ၏။

ဒကာကြီးက...

'တပည့်တော် ဒါစားပြီး ပျောက်[...]
လား ဘုရား'

ဟု မေးရင်းက စားနေတော့[...]
ဆရာတော်ကြီးက...






www.burmeseclassic.com

www.burmeseclassic.com





သာသနာ့ဝေဠုဝဆရာတော်ကြီး ဦးမေဃိယ ပေါက်ပြောက်အောင်မြင်တော်မူခဲ့သော
လိုဏ်ဂူတော်အား ယနေ့ပြန်လည် ပြုပြင်ထားသည့် တွေ့မြင်ရပုံ

သာသနာ့ဝေဠုဝဆရာတော်ကြီးအား ယာဉ်ရှင်မှ လှူဒါန်းထားသော
မြေကွက်မှ ကျွန်တော်နေထိုင်ခဲ့သောတဲကလေး ▶

'ဟဲ့ လူရဲ့ နင် ရောက်ချင်တဲ့ဌာန ...သွားဖို့ပဲ'

ဟု မိန့်လေ၏။

အမှန်ပင် ဒကာကြီးသည် နေ့စဉ် ...မရပ်နိုင်အောင် ခံစားနေရသော ...ဝင်ရောဂါကို လုံးဝ မခံစားရတော့ဘဲ ...မကြာမီ ရက်ပိုင်းအတွင်းမှာပင် ...ငြိမ်သာစွာ ဘဝကူးသွားလေတော့ ...သည်။

တစ်နေ့သ၌ ကျောင်းရှိ ခွေးပေါက် ...တစ်ကောင်မှာ ခါးကျိုး၍ နောက်ခြေ ...ထောက်နှစ်ချောင်းကို တရွတ်ဆွဲသွား ...နေလေ၏။ ညွှန့်ဦးပိုင်းက ကျောင်း ...ဆီး ကျားသစ်လာကြောင်းနှင့် ယနေ့ ...နက်တွင် ခွေးကလေး ခါးကျိုးသွား ...ကြောင်းသာ သိရလေ၏။

ခွေးခါးကျိုးအား ဓာတ်ပြာကို ဆီနှင့် ...ရောသမ်၍ လိမ်းကျံပြီး သက်နန်းစုတ်ဖြင့် ...ပတ်စည်း ပေးထားခိုင်းသောကြောင့် ...ကျွန်ုပ်က လုပ်ကိုင်ပေးရလေ၏။ ...နောက်နေ့နံနက်တွင် ခွေးခါးကျိုးလေး ...မှာ ပြေးလွှားဆော့ကစားလျက် ရှိနေ ...သေ၏။

ကျွန်ုပ်က ထိုဓာတ်ပြာကို တောင်း ယူထားရန် အကြံဖြစ်လာလေ၏။ ကျွန်ုပ် မတောင်းမီမှာပင် ဆရာတော်ကြီးက ဆွမ်းဟင်းဝတ်ခွက်ဖြင့် ထည့်ထားသော ဓာတ်ပြာကို စွန့်လေ၏။ ထိုဓာတ်ပြာကို ယနေ့တိုင် သိမ်းဆည်းထားပါသည်။

## ဆရာတော်ကြီး ဝမ်းလျှောခြင်း

တစ်ရက်သောအခါ ဆရာတော်ကြီးသည် ဝမ်းလျှောလေတော့၏။ ဝမ်းမှာ ဘာဆေးတိုက်တိုက် မရပ်ပါ။ ဆရာဝန်ကြီး ဒေါက်တာ ချန်ဒရားအား ပင့်၍ ဆေးထိုးပေးပါသော်လည်း လုံးဝ ရပ်တန့်သွားခြင်း မရှိပါ။

ကုဋီသို့ တက်လိုက်ရ ဆင်းလိုက်ရနှင့် ရေတွက်၍ပင် မမှတ်မိတော့ပါ။ ဆရာတော်ကြီးအား သံဃာ့ဆေးရုံသို့ ပို့ရန် စီစဉ်ကြပါသော်လည်း ဦးမေဃိယက လက်ကာပြ၍ တားပါလေ၏။ ထိုစဉ်မှာပင် ကုဋီပေါ်သို့ တွဲပို့ကြရလေ၏။

ကုဋီပေါ်မှာပင် ကျောမှီထိုင်ချ၍ အိမ်သာပေါ်မှ မဆင်းတော့ပါ။ ကျွန်ုပ်တို့မှာ အိမ်သာ စောင့်သူကစောင့်၊ သက်နန်းလျှော်သူက လျှော်နှင့် ဗျာများလျက် ရှိကြလေ၏။

ညနေပိုင်းရောက်သောအခါ ဆရာတော်ကြီးအား ရေမိုးသန့်စင်ပေးပြီးနောက် တစ်ပါးနေ ကျောင်းတိုက်ကလေးသို့ တွဲပို့ကြရလေသည်။ ထိုကျောင်းတိုက်ကလေးမှာ ဆရာမကြီးတို့ မောင်နှမ လှူထားသော တိုက်သေးသေးလေး ဖြစ်ပါသည်။


တိုက်ကလေး၏ ကျောဘက်တွင် လေဝင်ပေါက် သေးသေးကို သံဆန်ခါဖြင့် ပိတ်ထားပါသည်။ မျက်နှာစာတွင် တံခါးမကြီးတစ်ခုသာ ရှိပါသည်။ တံခါးအား သံတိုင်များဖြင့် ပြုလုပ်ထား၍ အတွင်းမှာ အသားတံခါး တစ်ချပ်ဖြင့် ပြုလုပ်ထားသောကြောင့် တံခါးနှစ်ထပ် ဖြစ်ပါ၏။

ဦးမေဃိယအား ခုတင်လေးပေါ်တွင် တွဲတင်ပေး၍ ကျွန်ုပ်တို့အား



www.burmeseclassic.com

www.burmeseclassic.com





◆ ဆရာတော်ကြီး ဦးမေဃိယအား ဦးသူတော်မှ လှူဒါန်းခဲ့သော ယာခင်းတွင် ယခုအခါ [illegible] ထောက်လုပ်မှုတော်ထားပုံ သဘာဝရှေ့ရှုရိုက်ပူဇော်အထောက်မှ ထွန်းပေါ်လာသော [illegible] ◆

အပြင်တံခါးကို သော့ခတ်စေပါသည်။ သော့ခတ်ပြီး သော့ကို အတွင်းသို့ ပစ်ချပေး၍ အတွင်းအသားတံခါးအား ကန့်လန့်ချကာ ပိတ်ပေးကြရလေ၏။

ကျွန်ုပ်တို့ (၃)ယောက်မှာ အိမ်ပြန်ကြရန် မဖြစ်သောကြောင့် ရေမိုးချိုးထမင်းချက်၍ စားသောက်ကြကာ သဘာဝရှေ့ရှုကျောင်းမှာပင် စောင့်အိပ်ကြရလေတော့သည်။

## ထူးခြားဖြစ်စဉ်လေး

ဦးမေဃိယမှာ တစ်ပါးနေ တိုက်ကလေးအတွင်း ကျိန်းစက်နေသည်မှာ (၇)ရက်ရှိနေပြီ ဖြစ်သော်လည်း ပြန်ထွက်မလာပါ။ ဆွမ်းစားခြင်း၊ ရေသောက်ခြင်း၊ ကုဋီတက်ခြင်းများအတွက် ဘယ်လိုဖြစ်နေကြောင်း နားမလည်နိုင်ကြပါ။

ကျွန်ုပ်တို့မှာ ရက်ကြာလာပြီဖြစ်သောကြောင့် စိုးရိမ်စိတ်များ လွန်ကဲလာကြလေပြီ။ ဒကာ၊ ဒကာမများကိုလည်း သင့်သလို ဖြေကြားနေကြရပါသည်။

သို့နှင့် (၈)ရက်မြောက် ညပိုင်းတွင် ဦးဝင်းမောင်က...

'ဟေ့ မောင်အောင် အသံလေး ဘာလေး သွားနားထောင်ကြည့်ဦးဟ'

ဟု ပြောလေ၏။ ကျွန်ုပ်မှာ ဆရာတော်ကြီး၏ တံခါးဝတွင် ညတိုင်းအမြဲတိုင်၊ ဖယောင်းထွန်း၍ ပူဇော်မြဲဖြစ်သည့်အတိုင်း ယနေ့ညတွင်မူ ဘာကြောင့်ဟူ၍မသိ တုန်လှုပ်လျက်ရှိနေလေ၏။

ထို့ကြောင့် ဦးဝင်းမောင်နှင့် ကိုစိန်မောင်တို့အား...

'မင်းတို့ပဲ သွားကြည့်လိုက်ကြပါကွာ၊ ပြီးတော့ အနံ့လေး ဘာလေးလဲ ခံကြည့်ကြဦး၊ တော်ကြာ ပုပ်ပွနေရင် မကိုင်ရဲဘူးဟ'

ဟု ပြောလိုက်ရလေတော့၏။

'ဘာအနံ့မှလဲ မရဘူး။ အသက်ရှူသံတောင် မကြားရဘူး'

ဟု ပြောပါသည်။

လပြည့်ည ဖြစ်သောကြောင့် ကျောင်းဝင်းတစ်ပြင်လုံး လင်းထိန်လျက် ရှိနေပါသည်။ ကျွန်ုပ်မှာ ကြောက်ရွံ့စိတ် ဖြစ်ပေါ်နေ[…]ကြောင့် တံခါးမကြီးအား ကန့်လ[…] ခြင်း၊ အသားမင်းတုံးကြီးဖြင့် ကန့်[…] ထိုး၍ ပိတ်လိုက်လေ၏။

ညဉ့်သန်းခေါင် ရောက်သော[…] ဆွမ်းစားကျောင်းအား လှည့်[…] ခြေသံတဒုန်းဒုန်းဖြင့် ပြေးလွှား[…] ကြောင့် လန့်နိုးကြလေ၏။ ဦးဝင်း[…] က...

'မြင်းခြေသံတော့ မဟုတ်ဘူး။ [...] အကောင်ကြီးရဲ့ခြေသံ ဖြစ်လောက်[…]'

ဟု ပြောနေစဉ်မှာပင် အသား[…] တုံးကြီး ပြုတ်ထွက်သွားလေ၏။ [...] မောင်က ပြန်ကောက်၍ သော့[…] ထိုးပိတ်လိုက်ပါသည်။

သို့ရာတွင် ကျောင်းတစ်ကျောင်[…] မှာ တဂျောင်းဂျောင်းမြည်လျက်[…] လေ၏။ ကျွန်ုပ်တို့မှာ ကျောင်းအ[…] မထွက်ဝံ့ကြ၍ ထရံပေါက်များမှ[…] ကြည့်ကြသော်လည်း ဘာအ[…] ကိုမှ မြင်တွေ့ရခြင်း [...]ရှိပါ။

www.burmeseclassic.com

ဆရာတော်ကြီး၏ တစ်ပါးနေ တိုက်ကလေးကိုသာ လရောင်အောက်တွင် အထီးတည်း ရှိနေလေသည်။ ဦးမေဃိယအား စိတ်မချကြသော်လည်း ထိတ်လန့်နေကြသောကြောင့် နံနက်စောစော ထကြည့်ကြဖို့ အိပ်ကြလေ၏။

ကောင်းစွာ အိပ်မပျော်ကြပါ။ ဦးဝင်းမောင်ကမူ ပရိတ်တော်များကို တိုးတိုးရွတ်ဆိုနေသော်လည်း ကိုစိန်မောင်ကား တခေါခေါ အိပ်နေလေပြီ။

(၉)ရက်မြောက် နံနက်(၈)နာရီမှသာ အိပ်ရာက ထကြ၍ ရေကန်တွင် မျက်နှာသစ်နေကြလေ၏။ ထိုစဉ်မှာပင် ကျွန်ုပ်တို့၏ နောက်ကျောဘက်မှ ချောင်းဟန့်သံကြီး ကြားရသောကြောင့် ပြိုင်တူပင် လှည့်ကြည့်လိုက်ကြလေ၏။

ဆရာတော်ကြီး ဦးမေဃိယသည် ကျွန်ုပ်တို့အား ယခင်က ဘယ်လိုမှ မမြင်ခဲ့ဘူးသော ပြုံးရွှင်ချိုမြနေသော မျက်နှာတော်ဖြင့် ရပ်ကြည့်နေလေတော့သည်။

ကျွန်ုပ်တို့မှာ မယုံကြည်နိုင်လောက်အောင် တွေ့မြင်ကြရသောကြောင့် စကားပင် လုံးဝ မပြောနိုင်အောင် ပါးစပ်အဟောင်းသား ဖြစ်သွားကြရလေ၏။

## ငွေစက္ကူထုပ်များ စွန့်ကြဲခြင်း

အဖိတ်နေ့တစ်ရက်တွင် ဦးဝင်းမောင်၏ မိသားစုများနှင့် ကျွန်ုပ်တို့ လူစုသည် မြို့မစားသောက်ဆိုင်မှ ကပ်လှူသော ဆွမ်းဟင်းချိုင့်နှင့် ဆွမ်းဘောဇဉ်များကို ဆရာတော်ကြီးအား ကပ်လှူရန် ပြင်ဆင်လျက် ရှိကြလေ၏။

ဆရာတော်ကြီးသည် အဝတ်အိတ်ကြီး တစ်အိတ်ကို ပွေ့လျက် ဆွမ်းစားပွဲသို့ ကြွလာလေ၏။ ဦးဝင်းမောင် မိသားစုက ဆွမ်းကပ်ကြလေသည်။



✦ သဘာဝထွန်းဆရာတော်ကြီး ဦးမေဃိယ

ဂုဏ်တော်ဘာဝ စံပွဲ့သော ရာဇာ့ဗိမာန် ကျောင်းဝင်းမုခ်ဦးပုံ

ဆွမ်းစားပြီးသောအခါ ဦးမေဃိယက ဦးဝင်းမောင်နှင့် မိသားစုတို့အား အဝတ်အိတ်ထဲမှ ငွေထုပ်များကို ယူကြ ယူကြဟု ပြော၍စွန့်လေ၏။

ကျွန်ုပ်နှင့် ကိုစိန်မောင်အားလည်း ငွေထုပ်များကို ပစ်ပေးလိုက်လေရာ ဖမ်းယူလိုက်ကြရလေ၏။ ငွေစက္ကူများမှာ အသစ်ချပ်ချွတ်များဖြစ်၍ ကြက်ပေါင်ကွင်းများဖြင့် စည်းထားပါသည်။

'ပင်းတို့ တစ်ထုပ်စီ မြန်မြန်ကုန်အောင် သုံးလိုက်ကြ၊ ကျန်တဲ့ တစ်ထုပ်စီကို ကောင်းမှုတော်ဘုရားကြီး သွားလှူလိုက်'

ဟု အမိန့်ရှိလေ၏။ ထို့နောက်…

'ရွှေ၊ ငွေ၊ ရတနာတွေ သယ်လာတဲ့ ဗိုလ်သေဘော်ကြီးများ၊ သူဌေးသူကြွယ်တွေ စီးလာတဲ့ လေယာဉ်ပျံကြီးတွေဟာ ရေအောက် ဘာမြူဒါတြိဂံပြည်က အကုန်ဆွဲနစ်လိုက်တာ အကုန် သေကုန်ကြရော။ အလောင်းကောင်တောင် ရှာမရဘူး'

ဟု ပြောပြလေ၏။

ကိုစိန်မောင်က **"အဲဒီ ဘာမြူဒါ လူသားတွေက ဒီလောက်တောင် စွမ်းလို့လား"**ဟု မေးလေရာ ဆရာတော်ကြီးက **"ဒီကောင်တွေက နင်တို့လို ကီကောင်တွေ(ကီလေသာကောင်)မဟုတ်ဘူး"**ဟု ပြောလိုက်လေ၏။ ကျွန်ုပ်က ကိုစိန်မောင်အား လက်ကုတ် ထားရလေသည်။

'ပြီးတော့ ဟိမဝန္တာတောပိုကြားက ရေအိုင်ကြီးထဲက ကြာပင်ကြီးတွေက လူတွေတက်ပြီး ထိုင်တာတောင် မြုပ်မသွားဘူး။ ကြာရွက်ပေါ်ထိုင်ပြီး တရားအားထုတ်တဲ့ လူတွေဟာ ထမင်းစားဖို့ ရေသောက်ဖို့ ဘာမှ မလိုဘူး။ မအိုမနာဘဲ နေနိုင်ကြတယ်'

ဟု ပြောလေ၏။

သို့နှင့် ရက်(၂၀)ခန့်ကြာသောအခါ နိုင်ငံတော်အစိုးရမှ ငွေစက္ကူများကို ဖျက်သိမ်းလိုက်ကြောင်း ရေဒီယိုမှ ကြေညာလေ၏။

ဦးဝင်းမောင်တို့ မိသားစုမှာ သင်္ကန်း၊ သပိတ်များ ဝယ်ယူ၍ ကထိန်ပွဲတွင် လှူဒါန်းခြင်းနှင့် ကောင်းမှုတော်ဘုရားကြီးအား လှူလိုက်နိုင်ကြလေသည်။

ကျွန်ုပ်နှင့် ကိုစိန်မောင်မှာကား နှမြောသောကြောင့် သိမ်းဆည်းထားမိလေရာ စားလည်းမစားရ၊ လှူလည်း မလှူလိုက်ရဘဲ အကျိုးနစ်မျိုးငပုံး ဆုံးရှုံးရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီး ဦးမေဃိယသည် ကား ဝမ်းလျှောပြီးမှ အသုဘကမ္မဋ္ဌာန်း ပေါက်မြောက် အောင်မြင်သွားပြီလား ဟု မဆီမဆိုင် ပြောဆိုမိကြလေသည်။

## ကြိုတင်သတိပေးခြင်း

နောက်တစ်နေ့နံနက် ကျွန်ုပ်တို့ လူစုသည် အိုးခွက်ပန်းကန်များ၊ သပိတ် များ စသည်တို့ကို ဆေးကြောသန့်စင် နေကြလေ၏။

ဆရာတော်ကြီး ရောက်ရှိလာပြီး...

'ကနေ့ နင်တို့သုံးယောက် ဂူထဲ မဝင်ကြနဲ့ ဂူပေါက်တွေကို ဝါးနဲ့ကာပြီး သစ်ခက်နဲ့ ပိတ်ထားလိုက်၊ အခု သွားလုပ်ကြ'

ဟု အမိန့်ရှိသောကြောင့် ထသွား ကြရလေ၏။ ကျွန်ုပ်သာလျှင် အိုးခွက် များ ဆေးကြောလျက် ကျန်ရစ်ခဲ့လေ ၏။

ဆရာတော်ကြီးအား ဆွမ်းကပ်ပြီး နောက် ကျွန်ုပ်တို့အဖွဲ့ နေ့လယ်စာ စားသောက်နေချိန်တွင် တောင်ဘက် ဆုံးဂူနှင့် အလယ်ဗဟိုဂူကြီးသည် ဝုန်းခနဲ အသံမြည်ဟည်းကာ ပြိုကျ သွားလေတော့သည်။

ခါတိုင်းကဲ့သို့ ကျွန်ုပ်တို့ ပုတီးစိပ် နေကြမည်ဆိုပါလျှင် အရှင်လတ်လတ် မြေမြှုပ်ပြီးသား ဖြစ်သွားပေလိမ့်မည်။

ထို့နောက် ကျွန်ုပ်မှာ ညောင်ပင်ဝန်း ကျေးရွာသို့ တာဝန်ဖြင့် ရောက်ရှိနေ ခဲ့လေရာ တစ်နှစ်မျှ ကြာလွန်သော အခါမှ သစ္စာစေတီတွင် တိပိဋကဓမ္မ ဘဏ္ဍာဂါရိက မင်းကွန်းဆရာတော် ကြီး ဦးဝိစိတ္တသာရ၏ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပရန်ကိစ္စဖြင့် စစ်ကိုင်းသို့ ပြန်လည်ရောက်ရှိလေ၏။

ရောက်ရောက်ချင်းပင် ဦးဝင်း မောင်၊ ကိုဝင်းသောင်နှင့် ကိုစိန်မောင် တို့ ကျွန်ုပ်ထံသို့ ရောက်လာကြလေ



သဘာဝရွှေဂူကျောင်းတော်ကြီးမှ အာရုဏ်ဦးတက်လာအချိန် ကြွေးကြော်သံ လှမ်းမြင်ရသော စေတီတော်ကြီး

သည်။ ဦးဝင်းမောင်က...

'ဆရာတော်ကြီး ဦးမေဃိယ ဘယ်ရောက် သွားမှန်း မသိပါဘူး။ သေတ္တာကြီးတွေကို TE.II ကားကြီးနဲ့ သယ်သွားတာပဲ။ ကား ကလဲ စစ်ကားကြီး'

ဟု ပြောပြလေ၏။

၁၉၉၃ ခုနှစ်၊ မေလ(၁)ရက်နေ့ တွင် အကြီးအကဲများ၏ ဆန္ဒအား လျော်စွာ စစ်ကိုင်းတောင်ရိုး ဆွမ်းဦး ပုညရှင်စေတီတော်ကြီးအား ပြန်လည် မွမ်းမံရန် ရုံးအဖွဲ့မှူးတာဝန်ဖြင့် ရောက်ရှိရလေ၏။

တစ်နေ့သောအခါ ကျွန်ုပ်တို့သည် ရွှေမုဋ္ဌောဘုရားပွဲတွင် ပဋ္ဌာန်းရွတ်ဖတ် ရန် ဆွေးနွေးလျက် ရှိကြလေ၏။ ထိုအခိုက်မှာပင် ကျွန်ုပ်တို့၏အနီးသို့ အထုပ်ကြီးတစ်ထုပ် ဗုန်းခနဲ ကျလာ လေ၏။

လှည့်ကြည့် လိုက်သောအခါ သဘာဝရွှေဂူ ဆရာတော်ကြီး ဦးမေဃိယအား အံ့ဩဝမ်းသာစွာ ဖူးမြင်ကန်တော့လိုက်ကြရလေ၏။

## ပြောင်းရွှေ့သီတင်းသုံးခြင်း

တွေ့လျှင်တွေ့ချင်းမှာပင်...

'ဟဲ့ ဗလီ နင့်တာဝန် ကျေအောင်လုပ် ဘုရားမစူးစေနဲ့ ကျန်တာ နင့်ကိစ္စပဲ'

ဟု အဆက်အစပ်မရှိ မိန့်ကြားလေ သည်။ ထို့နောက် ဇရပ်တိုင်အား မှီ ထိုင်နေလေ၏။

ဆရာတော်ကြီးတွင် ပစ်ချထား သော သက်နူးထုပ်ကြီးနှင့် တောင်ဝှေး တစ်ချောင်းသာ ပါရှိလေသည်။ ဦးဝင်း မောင်က "**ဘုန်းတော်ကြီး သဘာဝ ရွှေဂူကို ပို့ရမလားဘုရား**" ဟု လျှောက်သောအခါ "**ငါ ရွှေမုဋ္ဌောပဲ သေမယ်**"ဟု တုံးတိတိ အမိန့်ရှိလေ ၏။

ဆရာတော်ကြီး ရောက်ရှိလာချိန် မှာ နံနက်(၇)နာရီခွဲမျှသာ ဖြစ်သော ကြောင့် အဘိုး၏ အောင်မင်္ဂလာကဖေး သို့ သုတ်ခြေတင် ပြေးသွားပြီး အဘိုး အား သတင်းပို့လေရာ အဘိုးသည် လက်ဖက်ရည်နှင့် ကြက်ဥပလာတာ စသည်တို့အား ယူဆောင်၍ ကပ်လှူ လေသည်။

ထိုနေ့မှာပင် အဘိုး ဦးသောင်းညွန့် က တစ်ထိုင်လွတ် တစ်ပါးနေ ပျဉ် ထောင်ကျောင်းလေး တစ်ကျောင်း ရက်မရွေးဘဲ ဆောက်လုပ်လှူဒါန်း လေ၏။

## ပထမဆုံး ဓာတ်ပုံအရိုက်ခံခြင်း

ဆရာတော်ကြီးအတွက် တစ်ပါးနေ ပျဉ်ထောင် ပျဉ်ခင်းကျောင်းလေးမှာ



www.burmeseclassic.com

www.burmeseclassic.com

တစ်ရက်နှင့် နေ့တစ်ဝက်ခန့် အချိန်အတွင်း အောင်မြင်ပြီးစီးသွားလေတော့သည်။ အဘိုး၏စေတနာ၊ လက်သမားဆရာ၏ မေတ္တာဖြင့် ဤမျှအချိန်အတွင်း ပြီးစီးခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

ကျောင်းကလေးပြီး၍ ရေစက်ချသောအခါ ဘာအခမ်းအနားမျှ မပါ။ ညှိပရိသတ် မဖိတ်ခေါ်ဘဲ အဘိုး၊ အဘွားနှင့် ကျွန်ုပ်တို့ တစ်စုသာ ဖြစ်လေတော့သည်။

အဘိုး၏ဆန္ဒအရ ဆရာတော်ကြီးက ဓာတ်ပုံရိုက်ခွင့်ပေးခဲ့လေ၏။ ဆရာတော်ကြီး၏ဘဝတွင် မှတ်ပုံတင်ကတ်ကိုတောင် မရိုက်ဘူးခဲ့လေရာ ထူးထူးခြားခြား တစ်ပုံတည်းသော မှတ်တမ်းဓာတ်ပုံသာ ဖြစ်လေသည်။ **ထိုဓာတ်ပုံကို ပိုင်ဆိုင်ရရှိသူမှာ အဘိုးနှင့် ကျွန်ုပ် သာ ဖြစ်ပါလေတော့သည်။**

## ပျံလွန်တော်မူခြင်းနှင့် ထူးခြားဖြစ်စဉ်

အဘိုး၏ ရွှေမုဋ္ဌော အသားကျောင်းငယ်လေးမှာပင် သဘာဝရွှေဂူဆရာတော်ကြီး ဦးမေဃိယသည် သူ မိန့်ကြားခဲ့သည့်အတိုင်း ပျံလွန်တော်မူလေသည်။

ထိုနှစ်မှာ **၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း** ဖြစ်ပါသည်။ ပျံလွန်သည့်အချိန်တွင် **သက်တော်(၈၅)နှစ်၊ ဝါတော်(၄၀)ဝါရှိပြီ** ဖြစ်လေ၏။

ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို မရှိခဏသုသာန်မှာပင် အဂ္ဂိ ရျာပန ပူဇော်ကြရလေတော့သည်။ အဘိုးနှင့် ကျွန်ုပ်မှာ မီးပူဇော်၍ ပြာကျသွားပြီးမှသာ ပြန်ခဲ့ကြပါသည်။

ထိုနေ့ည သန်းခေါင်ယံတွင် အဘိုးသည် အိပ်စက်နေကြ ဂုန်နီအိတ်အခင်း ကားပေါင်ပေါ်တွင် ပက်လက်အိပ်လျက် တရားမှတ်နေလေ၏။ နံနက်(၁)နာရီခန့်၌ တောင်ဝှေးထောက်သံ တဒေါက်ဒေါက်ဖြင့် ဆရာတော်ကြီး ဦးမေဃိယ ရောက်ရှိလာလေ၏။

နံနက်လင်းသောအခါ အဘိုးက ကျွန်ုပ်အား **"မင်း လိုတာရှိရင် ပြာပုံထဲသွားရှာ"**ဟု ပြောသွားကြောင်း အသိပေးလေ၏။

ကျွန်ုပ်နှင့်အဘိုးသည် မရှိခဏသုသာန်သို့ သွားရောက်ကြလေ၏။ အဂ္ဂိရျာပနပူဇော်ရာဌာနမှာ တိုက်ဆိုင်စွာပင် ကျွန်ုပ်၏ အဖေနှင့် အမေတို့ မြှုပ်နှံရာ ဂူ(၂)ဂူ၏အလယ် ဖြစ်နေလေသည်။

ဆရာတော်ကြီးအား ရည်မှန်း၍ အမွှေးတိုင်များ ထွန်းညှိပူဇော်ကြပြီး ပြာပုံအတွင်း မြေးအဘိုးနှစ်ယောက်သား လက်ဖြင့်နှိုက်၍ ရှာဖွေကြလေ၏။

ထူးဆန်းသည်လား ထူးခြားသည်လားမသိပါ။ အဘိုးမှာ အရိုးဓာတ်(၅)ဆူ ရရှိ၍ ကျွန်ုပ်မှာ (၄)ဆူသာ ရရှိပါသည်။ အရိုးဓာတ်များကို အုန်းရည်ဘူးတွင်ထည့်ပြီး ကြိုးစားရှာဖွေကြလေ၏။

ဘာကြောင့်ဟူ၍ မသိပါ။ အေးစက်နေသော ပြာပုံမှာ လက်ဖြင့်နှိုက်၍ မရအောင် အပူဓာတ်များ လွှန်ကဲလာသောကြောင့် အဘိုးက **"ကဲ တော်ကြပါစို့ကွာ၊ သူက ဒါပဲပေးတာ"**ဟု မချိတင်ကဲ ပြော၍ ကန်တော့ခဲ့ကြပါသည်။

ယခုအခါ အဘိုး၊ အဘွားနှင့် ကိုစိန်မောင်တို့သည် ဆရာတော်ကြီးထံ ရောက်နေပေရော့မည်။

***အဝေရာ ဘေးမဲ့ အေးမြကြပါစေ။***

**အောင်ရွှေမြတ်**
***(စစ်ကိုင်းတောင်)***

**စာရှုသူ... သုတေသီ...ပညာရှင်များနှင့် သဘာဝရွှေဂူဆရာတော်ကြီး ဦးမေဃိယ၏ တပည့်ဒါယကာများသို့...**

ဆရာတော်ကြီးအကြောင်း သိရှိသူတပည့် ဒါယကာများမှ ဆက်လက်ရေးသားပေးပို့ မှတ်တမ်းတင်ခြင်းပြုပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**လေးစားစွာဖြင့်...**

**ဦးကျော်မိုးသိန်း**
**စာတည်းမှူး**
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

www.burmeseclassic.com

လေးဖက်နာရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေး

"မမမျိုးရေ မမမျိုး"

"ဟဲ့ ဘယ်သူတုံး"

"ညီမလေး ခင်ခင်ပါ"

"သြော် ညီမလေး လာ အထဲကို ဝင်ခဲ့ဟယ်"

"မမမျိုး အပြင်တောင် မထွက်နိုင်အောင် ဘာရောဂါတွေ ဖြစ်နေလို့လဲ"

"အခန်းပြင်ထွက်ဖို့ နေနေသာသာ လက်ဆစ်ခြေဆစ်တွေ ရောင်ရမ်း နာကျင်ကိုက်ခဲနေလို့ အိပ်ရာထဲ ဟိုဘက်၊ ဒီဘက် လှည့်တာတောင် မချိမဆံ့ ခံစားရပြီး အမယ်လေး တ,နေရတယ်"

"ဒီလောက်ဖြစ်နေတာ ဆေးခန်းမပြဘူးလား"

"ဆေးခန်းလဲပြတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေလဲ ခံယူတယ်"

"မမမျိုးဖြစ်တာ ဘာရောဂါတဲ့လဲ"

"ဆေးပညာရှင်တွေ ကတော့ လေးဖက်နာရောဂါတဲ့။ ဆေးမတွေ့ဘူး ဖြစ်နေတယ်။ အဲဒါကြောင့် ဟိုတစ်ခါ ညီမလေး အစ်မလို လေးဖက်နာရောဂါ ဖြစ်တုန်းက သောက်သုံးပြီး သက်သာပျောက်ကင်းသွားတဲ့ဆေးက ဘာဆေးလဲလို့ သိချင်လို့ ခေါ်ခိုင်းလိုက်ရတာပဲ"




(ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ်-ဝ၇၁၁ YR ၀၀၆၀ ၂၇)




(ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ်-ဝ၆၁၃ Y ၀၀၀၅၀၉)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၇/၀၅၁၃

"သြော် ဟုတ်ပါရဲ့။ အဲဒီဆေးကတော့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးပဲ အစ်မရဲ့"

"ဟုတ်လား ဒီဆေးက ဒီလောက်တောင် စွမ်းသလား"

"စွမ်းဆို စကြာမင်း လေးဖက်နာဆေး ထုတ်လုပ်ဖြန့်ချိတဲ့ ဆရာမြင့်ဆိုတာ အရိုးကြီးပေါင်းရောဂါ၊ လေးဖက်နာရောဂါတို့ကို ကိုယ်တိုင် စနစ်တကျ ကုသမှုတွေပေးနေတဲ့ ဆရာလေ။

ဆေးခန်းကို လာရောက် မကုသနိုင်တဲ့ လေးဖက်နာရောဂါရှင်တွေအတွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပါပြီ"

"အဲဒီ စကြာမင်း လေးဖက်နာဆေးရဲ့ အညွှန်းလေးလဲ ပြောပြပါဦး"

"စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေးရဲ့ အစွမ်းအာနိသင်ကတော့ သွေးအနည်ထိုင်၍ဖြစ်တဲ့ အဆစ်နာ၊ အဆစ်ရောင်၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ လက်ဖဝါး၊ ခြေဖဝါးများ တင်းခြင်း၊ ကျိန်းခြင်း၊ အဆစ်အမျက်များ ကိုက်ခဲနာကျင်ခြင်း၊ ခြေဆစ်၊ လက်ဆစ်များ ရောင်ပွပြီး ကြီးနေခြင်း၊ နံနက်အိပ်ရာထနဲ့ ကြာကြာထိုင်ပြီး ပြန်အထများတွင် လက်ဖဝါး၊ ခြေဖဝါး ပို၍ တင်းခြင်း၊ ကျိန်းခြင်း၊ နာကျင်မှုပိုများခြင်း။

အဆစ်အမျက်များ အနည်းငယ် လှုပ်ရှားရုံဖြင့် နာကျင်ခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ တင်ပါးခွက်ကြောနှင့် ပေါင်တွင်းကြောများ ထုံကျဉ်ကိုက်ခဲခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးဆစ်ရောင်ခြင်း၊ တံကောက်ခွက်ကြော တင်းခြင်း။

ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အောက်ပိုင်းများ လေးလံ ညောင်းညာ ကိုက်ခဲနေခြင်း၊ လက်ခြေများ မသယ်နိုင်ခြင်း၊ အာရုံကြောနဲ့ အကြောများ အားနည်းခြင်း၊ လေအားနည်းခြင်း၊ လေဖြတ်၊ လေငန်း၊ သွက်ချာပါဒဖြစ်ခြင်း၊ အရိုးကြီးပေါင်းရောဂါ အမျိုးမျိုးဖြစ်ခြင်းနဲ့ အရိုးအဆစ်အကြောနဲ့ လေးဖက်နာရောဂါများကို သက်သာပျောက်ကင်းစေတဲ့ဆေးဖြစ်ပါတယ်"

ကဲ စာဖတ်ပရိသတ်များ ညီမလေး ခင်ခင် အညွှန်းကောင်းတာနဲ့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို သုံးစွဲလိုက်တာဟာ အခု ကျွန်မ ခံစားဖြစ်ပေါ်နေတဲ့ လေးဖက်နာရောဂါဟာ သက်သာပျောက်ကင်းသွားပါပြီ။ အဲဒါကြောင့် ဆေးစွမ်းကောင်းတစ်လက်ကို သတင်းကောင်းလေး ပါးရတာလေ။

"မှတ်ထားနော် လေးဖက်နာရောဂါဖြစ်ရင် စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို မမေ့နဲ့နော်"

**ဆရာမြင့်**

**စကြာမင်းတိုင်းရင်းဆေးတိုက်**

**အမှတ်-စ/၆၆၆၊ သုမင်္ဂလာလမ်းမကြီး၊**


**သန္တာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်**

**ဖုန်း-၅၂၂၅၄၁**



www.burmeseclassic.com

www.burmeseclassic.com



လောကတိတ္ထာအမတာစေတီ

စွန်းလွန်းဆရာတော်ကြီးနှင့် အတိတ်ဘဝ ကျေးညီနောင်ဖြစ်ခဲ့သည့်

# သတိပဋ္ဌာန်ဆရာတော် ဦးလောကတိတ္ထ

ထက်မြက်ကျော်စွာ

၏ ဘဝပုံရိပ်များ (၆)

ယခင်လမှ အဆက်

ပြီးစီးသောအခါ မဲဇလီဖူးများကို ညှိယောဂီတို့အား ဝေငှပေးသည်။ ...ားမပါဘဲ ဆေးဝါးအဖြစ် အသုံးပြု ...ကြောင်း မိန့်တော်မူလေသည်။

ဆရာတော် စီမံသည့် ပန်းပေါင်း ...းတွင် နက္ခသဘင်မှ ဆေးပေါင်းခ ...ည့် မဲဇလီဖူးများကို ထည့်သွင်း ...တ်မူသည်။*(မြတ်ထေရ်မွန်၊ စာ-၆၈)*

## ခမည်းတော်ကို ကယ်တင်ခြင်း


ခမည်းတော် ဦးပေါသည် သားဖြစ်သူ ရိုးသားအေးဆေးစွာ နေထိုင်ခြင်းကို အားရလေ့မရှိ၊ ဘုရားဖြစ်မယ့် အုတ်နီခဲဟု ပြောလေ့ ရှိသည်။

ဦးမူ ရဟန်းဘဝ ရောက်သောအခါ ခမည်းတော်ဦးပေါ ကွယ်လွန်သွားပြီ ဖြစ်သည်။ ဆရာတော်သည် မိဘ ကျေးဇူးကို ဆပ်လိုသဖြင့် ရှာဖွေကြည့်သောအခါ ခားခုတ်ကောင်ဘဝ ရောက်နေသည်ကို တွေ့ရသည်။

ထို့ကြောင့် ကယ်တင်နိုင်ရန် ခားခုတ်ကောင်သက်တမ်း ကုန်ဆုံးမည့်နေ့ကိုကြည့်၍ ထိုနေ့ရောက်သောအခါ ဆွမ်းပင်မစားဘဲ အချိန်ပြည့် အာရုံပြုနေ၏။

ငှက်တစ်ကောင် ရောက်လာကာ ထိုးဆိတ်သုတ်ချီသွားသည်ကို အာရုံ မပြတ် လိုက်လေရာ ခားခုတ်ကောင်

www.burmeseclassic.com





◄ လောကတိရွှေအမတေစေတီ အဝင်မုခ်

လိုက်အထက် စေတီပုံသဏ္ဍာန် ►

ဘဝမှ ပြိတ္တာဖြစ်သွားသည်။

ထိုအချိန်မှ ကယ်ချွတ်ရန်အတွက် သူ့ကို ခေါ်ယူသည်။ ပြိတ္တာမှာ ဆရာတော်ကို ကြောက်၍ပြေး၏။ ထက်ကြပ်မကွာ လိုက်သော်လည်း အနားကပ်မခံချေ။

ငယ်စဉ်က သာမဏေ ပြုပေးခဲ့သည်ကို မြင်က သတိရကောင်းရဲ့ဟု စဉ်းစားမိကာ သာမဏေ ဝတ်စဉ်ကပုံကို ဖန်တီးပြလိုက်သည်။ ထိုအခါမှ ပြိတ္တာကြီး မှတ်မိသွားကာ အတိတ်ကုသိုလ်များကို သတိရလာသည်။

ဆရာတော် ကယ်ချွတ်ပေးသဖြင့် ပြိတ္တာဘဝမှ လူ့ဘဝသို့ ရောက်ရှိလာသည်။ ထိုပုဂ္ဂိုလ်သည် ယခုဘဝတွင် ဆရာတော်နှင့် မလှမ်းမကမ်းသို့ ရောက်လာရသည်။ ***(မြတ်ထေရ်မှန်၊ တ-၉၈)***

## သာသနာပြုလုပ်ငန်းနှင့် သတ္တဝါကယ်တင်စောင့်ရှောက်ခြင်း

ဆရာတော်သည် (၂၄-၃-၁၉၇၈) ရက်နေ့ လားရှိုးမြို့၊ ဗိုလ်မှူးသန်းရွှေ အိမ်တွင် ယောဂီများအား တရားပြသပြီး နောက်တစ်နေ့တွင် **"ဒီနေ့ ပရိသတ်တွေ များလိမ့်မည်၊ မရောက်သေးတဲ့သူတွေ ရောက်လာလိမ့်မယ်"**ဟု မိန့်ကြား၍ အိမ်ကို သန့်ရှင်းရေး လုပ်ခိုင်းသည်။

ညအချိန် တရားထိုင်ကြရာ နယ်ရှင်ပယ်ရှင်နတ်များက ပရိသတ်အား တတ်စီး၍ ဆရာတော်၏ မေတ္တာတော် ခံယူလိုပါကြောင်း လျှောက်ထားကြသည်။

ဆရာတော်က မေတ္တာ အထူးပြုပေးကာ ယောဂီများ တရားအားထုတ်နေသည်ကို အနှောင့်အယှက် မဖြစ်စေရန် နောင်မလာရောက်ကြပါနှင့်ဟု မိန့်မှာသည်။

လားရှိုးမှ ရထားဖြင့် ပြန်ကြသောတစ်ခေါက်တွင် ဒကာ ဦးစံတင်အား...

'မောင်စံတင် မင်းတို့ မြင်နိုင်မယ်ဆိုရင် ငါတို့ကို လိုက်ပို့တဲ့ ပုဂ္ဂိုလ်တွေကို တွေ့ရင် အံ့ဩသွားလိမ့်မယ်'

ဟု မိန့်ကြားသည်။ ကြည့်လိုက်ရာ မီးရထားဝဲယာတွင် ကိုးမြို့ရှင်၊ ပုလဲရှင်၊ ကြေးစံနီ နတ်မင်းကြီးတို့ အမှူးပြုသော နယ်ရှင်ပယ်ရှင် နတ်အပေါင်းတို့ လိုက်ပါပို့ဆောင်ကြသည်မှာ ရှ... မဆုံးအောင် များပြားလှသည်ဆို...

၁၃၁၈ ခုနှစ်က နေပြည်တော်... တပ်ကုန်းမြို့နေ ဦးဘကျော် ပင့်ဆော... သဖြင့် ကြွရောက်၍ ယောဂီများ... တရားပြသပြီး မြို့အရှေ့ဘက်ရှိ ရွှေ... **တောင်ခေါ် ဝွေးခါးတောင်...** သာသနာပြုကြွရောက်သည်။

ပါလာသည့် ယောဂီများအ... တောင်ပေါ်တွင် ဆက်လက်၍ တရား... ပေးကာ ပုဂ္ဂိုလ်အပေါင်းအား မေတ္တာ... အမျှပေးဝေသည်။ နာမ်လော... ပုဂ္ဂိုလ်များ မေးလျှောက်ရာ ဆ... တော်က နှုတ်မှပင် လိုအပ်သည်... ကို မိန့်ကြားသည်။

ဆရာတော် ခွင့်ပြုသဖြင့် အ... ပုဂ္ဂိုလ်များသည် လူပုဂ္ဂိုလ်... တစ်ဆင့် သက်နန်းကပ်လှူခွင့် ... သည်။


မုဆိုးတောင်မှ ...နှုံးတ...





www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် သုံးပါးရုပ်တု

သ်တော်မှာ သက်န်းကပ်စဉ် သင်္ကန်း
ကို ထိကိုင်နိုင်စွမ်း မရှိသော်လည်း
ကပ်လှူပြီးနောက် တန်ခိုးကြာဒ္ဒိပါဒ်များ
သွားလေသည်။

ဓမ္မပါလမင်း လက်ထက်က နန်းဦး
သုကြီး ပညာဗလနှင့် သားတော်
များ ဤတောင်သို့ သာသနာပြု ရောက်
ရာ ယခုအခါ ပညာဗလ ရသေ့သည်
ပညာဗလဇော်ဂျီဝိဇ္ဇာအဖြစ် သီတင်း
သုံးနေထိုင်သည်။

ဝိဇ္ဇာကြီးက ဆရာတော်အား...

'တပည့်တော် သာသနာပြုဖို့ ရည်ရွယ်ပြီး
ရှေ့ပိဿာချိန်(၃၀) လုပ်ခဲ့ပါသည်။ ဒီတောင်
မှာ ရှိပါသည်။ ဆရာတော်ယူ၍ သာသနာ
ပြုတော်မူပါ'

ဟု လျှောက်၏။

ဆရာတော်က ထိုနေရာကို ကြည့်
ရာ အမှန်ပင်ရှိ၍ ဘီလူးတစ်ကောင်
စောင့်ကြောင်း သိရသည်။ မိမိနှင့်
ပါလာသူတို့မှာ ပုထုဇဉ်များ ဖြစ်ကြ၍
မသင့်လျော်သည်တို့ ဖြစ်မည် စိုးရိမ်
လျက် လက်မခံခဲ့ချေ။

နေပြည်တော် တပ်ကုန်းမြို့ အရှေ့
ဘက်တောင်များတွင် သာသနာပြုခဲ့
ရာ၌ တောစောင့်တောင်စောင့် နတ်
အပေါင်း လာရောက်၍ မေတ္တာခံယူကြ
ရာ တန်ခိုးမရှိသေးသူတို့ တန်ခိုးကြာဒ္ဒိပါဒ်
များ ရသွားကြ၍ မကျွတ်လွတ်သေးသူ
တို့ ကျွတ်လွတ်သွားကြသည်။

ကမ္ဘာအရပ်ရပ်တွင် ဘေးဆိုး
ကပ်ဆိုးများ ကျရောက်နေပါက မေတ္တာ
တော်ဖြင့် နေ့မအား ညမအား စောင့်
ရှောက်တော်မူ၏။

ဦးဘိကျော်သည် ရင်းနှီးသည့်
အလျောက် ဆရာတော်ကြီးအား
**"ဘာလို့ လောကီအလုပ်တွေ လုပ်
ချင်ရတာလဲ"**ဟု လျှောက်သော
အခါ...

'ပြတ်စွာဘုရားတောင် သတ္တဝါတွေအပေါ်
မှာ ကျေးဇူးသားရင်သား မခွဲခြားတဲ့ မေတ္တာ
တော်အနန္တ ထားရှိခဲ့တာပဲ။ ဒီသတ္တဝါတွေကို
မိမိတို့မှ မစောင့်ရှောက်ရင် ဘယ်သူက
စောင့်ရှောက်မှာလဲ'

ဟု မိန့်တော်မူလေသည်။ ဆရာ
တော်က...

'သာသနာပြုတယ်ဆိုတာ မိမိကိုယ်တိုင်
ကလဲ နိဗ္ဗာန်ရောက်ကြောင်း တရားကို
အားထုတ်ကြိုးစားမှသာ သာသနာပြုတယ်
လို့ မည်တယ်'

ဟု မိန့်တော်မူလေ့ ရှိလေသည်။


## နိဗ္ဗာန်ရောက်မှာ ကြောက်သူ

နေပြည်တော် တပ်ကုန်းမြို့ အရှေ့
ဘက် ကြက်တောင်တွင် ဆရာတော်
ဦးလောကတိဿ သာသနာပြုတော်မူ
စဉ် မတင်မြင့်ဆိုသူ မိန်းကလေးသည်
လည်း ကြက်တောင်တွင် ဘုရားတည်



www.burmeseclassic.com

www.burmeseclassic.com



◆ ဦးလောကတိဿအုတ်ဂူ



◆ ရွှေကျွန်းဆရာတော်ကြီး ရှေးဘဝကို ရည်ညွှန်းသည့် မြတ်စွာဘုရားနှင့် ကျွဲသားရုပ်

ကျောင်းဆောက် လုပ်အားဒါနပြုခဲ့သည်။

နံနက်ခင်း အရှေ့ကောင်းကင်တွင် ကြယ်နီပေါ်ခါစ လေးနာရီခန့်တွင် ထ၍ ဆွမ်းချက်ကြရာ မျက်လုံးတွင် ဝင်းခနဲဖြစ်သွားသဖြင့် မော့ကြည့်လိုက်သောအခါ လဝန်းအောက်တွင် ရွှေရောင်ဝင်းဝါနေသည့် ဆရာတော်တစ်ပါးကို ဖူးမြင်ရသည်။

**"ရဟန္တာတစ်ပါး ရောက်ကြွလာတာပဲ"**ဟု ရှိခိုးဦးချရာမှ တစ်စုံတစ်ခုကို တွေးမိသဖြင့် တစ်ဖက်ကို လှည့်နေလိုက်၏။

နောင်တွင် မိတ်ဆွေများနှင့်အတူ သတိပဋ္ဌာန်ဆရာတော်အား သွားရောက် ဖူးမြော်ကြသောအခါ စိတ်ထဲ၌ ရင်းနှီးသကဲ့သို့ ထင်မိသည်။

'ဒကာမကြီး ကျုပ်ကို တွေ့ဖူးသလား'

'အင်း တွေ့ဖူးပါတယ်ဘုရား'

အတန်ကြာ စဉ်းစားပြီးမှ လျှောက်၏။

'ဘယ်မှာ တွေ့ဖူးတာလဲ'

ဟု မေးလေမှ ကြက်တောင်၌ ဖူးတွေ့ရပုံကို လျှောက်ထားလေသည်။

'အဲဒီတုန်းက ဒကာမကြီး ဘာလုပ်လိုက်တာလဲ'

'တပည့်တော် အဲဒီတုန်းက ဖို့ကို နို့စွာန်ဆော်တော့မှာပဲလို့ ကြောက်ပြီး တစ်ဖက်လှည့်နေလိုက်ပါတယ် ဘုရား'

ဆရာတော်ကြီးက ပြုံး၍ ကြည့်နေတော်မူလေသည်။

ထိုမတင်မြင့်သည် နောင်တွင် ဆ[...] တော်ကြီး၏ ဒါယကာရင်းတစ်ဦး[...] သော တောင်သာ ဦးဘကျော်၏[...] မောင်ကိုလေးနှင့် အိမ်ထောင်ကျ[...] ဆရာတော်၏ ဒါယိကာမတစ်ဦး [...] လာခဲ့လေသည်။

သတိပဋ္ဌာန်ဆရာတော် ဦးလော[...] တိဿအကြောင်း ပြုစုထားသေ[...] မြတ်ထေရ်မွန်၏ ဘဝဖြစ်စဉ် သာသ[...] ဝင် စာအုပ်မှ ထူးခြားမှုအချို့[...] ကောက်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။

အပြည့်အစုံ ကြည်ညိုသိမှတ်လို[...] က ထိုစာအုပ်တွင် လေ့လာကြည့်[...] နိုင်ပါသည်။

**ထက်မင်းကျော်စွာ**

www.burmeseclassic.com

# ရွက်လှပင် မျိုးပွားနည်း



မိုးသန်းမိုး
(ချောင်းနက်)

၂၀၁၃ ခုနှစ်၊ ဧပြီလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ်(၃၂၁) စာမျက်နှာ(၁၉၂)တွင် **"ကိုမောင်ကျော်လှိုင်(မအူပင်)၏ ရွက်လှပန်းပင်စိုက်မည်ဆိုလျှင်"** ဟူသော စိုက်ပျိုးရေး ဆောင်းပါးကို ဖတ်ရပါသည်။

ကောင်းမွန် မှန်ကန်ပါသည်။ ကောင်းသထက် ကောင်းအောင် စာရေးသူ၏ ရွက်လှပန်းပင် စိုက်ပျိုးနည်းကိုလည်း ရေးသား ဖော်ပြလိုက်ပါသည်။

## ရွက်လှပင် မျိုးပွားပုံ

အဓိက ရွက်လှပင်မျိုးပွားပုံကို ဖော်ပြပါမည်။ ရွက်လှမျိုးက မျိုးပွားရန် လွယ်ကူသောမျိုးဖြစ်ပါသည်။ ထို့ကြောင့် လှပသော၊ ရှားပါးသော၊ တန်ဖိုးရှိသော ရွက်လှများကို ဤနည်း အသုံးပြု မျိုးပွားပါဟု ပြောချင်ပါသည်။

အခြားပေါများသော ရွက်လှမျိုးများက ကိုင်းချိုး မြေကြီးထဲ ထိုးထားရုံဖြင့် ရှင်သန်နိုင်ပါသည်။ **"မယ်တော်ဆံထိုး၊ ပတ္တမြားရွက်လှ၊ ပတ္တမြားရွက်လိမ်"** စသော မျိုးများမှာ တန်ဖိုးကြီး ရှားပါးသဖြင့် ပေါပေါများများ ကိုင်းချိုး၍ မရပါ။

ထို့ကြောင့် ရသမျှ ကိုင်းများ အပင်ဖြစ် ရှင်သန်နိုင်ရန် ဤနည်းဖြင့် မျိုးပွားပါ။

## ကိုင်းထစ် မြေကာတုတ်နည်း

*** →

ပုံ(၁)တွင် ပြထားသည့်အတိုင်း ဖြောင့်ဖြူး၍ အတက်၊ အခက်အရွက်များသော ရွက်လှကိုင်းကို ရွေးပါ။

ထို့နောက် **ပုံ(၂)**တွင် ပြထားသည့် အတိုင်း ကိုင်းပေါ်တွင် (½)လက်မခန့် အပေါ်ယံအခွံကို ခွာပါ။


ကိုင်းကူး ကတ်ကြေး သို့မဟုတ် ဓားထက်ထက်ဖြင့် လှီး၍ ခွာပါ။ အတွင်း အသားမာကို မထိခိုက်ပါစေနှင့်၊ ပြီးပါက ပုံ(၃)တွင် ပြထားသည့် အတိုင်း **စပ်မြေ[နွားချေး၊ ဖွဲပြာ၊ သဲနှင့် ရွှံ့စေး(မြေစေး)]**ကို ရေနှင့် သင့်တင့်အောင်၊ ဆုပ်ကောင်းအောင် နယ်ပါ။

*** →

ပြီးပါက လက်တစ်ဆုပ်စာခန့်ကို အခွံခွာထားသော နေရာတွင် ပတ်မိအောင်မံပါ။

ပြီးပါက အပေါ်မှ ပလတ်စတစ်စဖြင့် နှစ်ထပ်၊ သုံးထပ်ရအောင် ပတ်ပါ။ ပြီးပါက အထုပ် အထက်အောက်ကစ်၍ နီး(ကြိုး)နှင့် ချည်နှောင်ထားပါ။

ပလတ်စတစ်စဖြင့် ထုပ်ပိုးထား၍ ရေလောင်းစရာမလိုပါ။ ရက်(၂၀)နှင့် တစ်လအကြာမှာ အမြစ်များ ထွက်



ပုံ(၃)



ပုံ(၁)



ပုံ(၂)



www.burmeseclassic.com

www.burmeseclassic.com

လာသည်ကို တွေ့ရပါမည်။

အမြစ်များ ဖွေးနေအောင် ထွက်လာပါက မြေထုပ်အောက်ခြေမှ ဖြတ်ယူ၍ မြေအိုးစဉ့်အိုး၊ ကျောက်အိုးများတွင် ထည့်စိုက် ရေလောင်းပါ။ ဖြတ်သော ကိုင်းတွင်ပါလာသော အရွက်များ မကြွေကျပါ၊ မညှိုးပါ၊ အညွန့်သစ်များ ထွက်၍ ရှင်ပါမည်။

မြေထုပ် ပြုလုပ်ရာတွင် ဟိုးယခင် ပလတ်စတစ်မပေါ်မီကာလက အဝတ်စုတ်၊ စွပ်ကျယ်စုတ်များဖြင့် စည်းဖူးပါသည်။ ရေလောင်းပေးရပါသည်။

အမြစ်များက အဝတ်စုတ်ကို ထိုးဖောက်ထွက်လာပါသည်။ ကိုင်းဖြတ်၍ အဝတ်မခွာဘဲ ဒီအတိုင်း မြေမြှုပ်စိုက်ဖူးပါသည်။

**စာကြွင်း။ ။ အထက်နားတွင် မြေထုပ်ကိုင်းဖြတ်ပါက ပလတ်စတစ်ဖြစ်၍ ဖြည်းဖြည်းသာသာ ပလတ်စတစ်စကို ခွာပြီးမှ စိုက်ပါ။**

မြေထုပ်စည်းကိုင်းကူးရာတွင် ရက်၊ လကြာမှ အမြစ်ထွက်နိုင်သော ဥပမာ သရက်လို အပင်မျိုးများတွင် **မြေစိုင်ခဲကြီးထား၍ အပေါ်မှ အုန်းခွံများ ပတ်စည်းပါသည်။** အစိုဓာတ်ထိန်းထားရန် ဖြစ်ပါသည်။ ပလတ်စတစ် မသုံးပါ။

### ရှက်လှမျိုးစေ့

**"ရှက်လှပင်မှာ အပွင့်မရှိ"**ဟု ငယ်ငယ်က ဆိုခဲ့ရပါသည်။ သို့သော် ရှက်လှပင်ကြီး ပင်အိုများကတော့ အပွင့်ပွင့်၍ အသီးသီးတာ တွေ့ရပါသည်။

တွေ့ရပုံကတော့ ကိုင်းကူးခံ ရှက်လှပင်ကြီးများမှာ အပွင့်ပွင့်ပါသည်။

များမကြာမီ သပျစ်သီးသေးသေးခန့် အသီးကလေးများ တွေ့ရပါသည်။

ထိုအသီးများမှာ ပထမ အစိမ်းရောင်ဖြစ်၍ ရင့်မှည့်လာပါက အညိုရောင်ဖြစ်ပါသည်။

အသီးကို ခွဲကြည့်ပါက အစေ့သေးသေးလေးများ တွေ့ရပါသည်။ ဘိန်းစေ့၊ ဆေးစေ့ခန့်ရှိပါသည်။ ထိုအသီးရင့်မှည့်ကြွေကျကာ မြေဩဇာကောင်း၊ မြေပွနေရာများတွင် အပင်ငယ်များ ပေါက်လာပါသည်။

### စာရေးသူ လက်တွေ့

ပြီးခဲ့တဲ့ (၄,၅)နှစ်ခန့်ကပါ။ ရှက်လှပင်ကြီးအောက်အရိပ်တွင် ပျိုးအိတ်များထားကာ ကော်ဖီစေ့များ ထည့်ပျိုးထားပါသည်။

ကော်ဖီစေ့ အပင်ပေါက်လာတော့ ကော်ဖီပင်အဖြစ် အခြားပင်(၃,၄)ပင်ပါ ပေါက်လာတာ တွေ့ရပါသည်။

ကော်ဖီပင်နှင့် ဆင်တူနေသဖြင့် စောင့်ကြည့်နေပါသည်။ (၂)လခန့်အကြာတွင် ရှက်လှပင်များ၏ ဒုတိယအရွက်တွင် အဝိုကွက်များ တွေ့ရမှ ရှက်လှပင်ဟု သိရပါသည်။

ဤနည်းမှာ ရှက်လှပျိုးပင်များများ စားစားတော့ ရပါသည်။ အပင်ကြီးရန် နှစ်ပတ်လည်ခန့် စောင့်ဆိုင်းရပါသည်။ ကိုင်းကူးလောက် အကြီးမမြန်ပါ။

ထို့ကြောင့် ရှက်လှမျိုးပွားမည်ဆိုပါက ကိုင်းကူး၍ သော်လည်းကောင်း၊ အစေ့မှ မျိုးပွား၍သော်လည်းကောင်း ရရှိနိုင်ပါကြောင်း စာရေးသူ၏ လက်တွေ့ အသုံးပြုပုံများကို ဖော်ပြလိုက်ပါသည်။

***အားလုံး ကျန်းမာချမ်းသာကြပါစေ။***

**ဦးသန်းစိုး(ချောင်းနက်)**

**စာမူရှင်များသို့...**

**ပေးပို့သော စာမူများကို မူပွား ထားကြပါရန်နှင့် မရွေးချယ်ပါက ပြန်လည်ပေးပို့မည် မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။**

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com

(ကြော်ငြာဆောင်းပါး)

# ဝမ်းတစ်လုံးကောင်း ခေါင်းမခဲရအောင်

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို ဆောင်

"ဆရာကို တွေ့မှတွေ့ပါ့မလားလို့"

"အော် အင်ဂျင်နီယာကြီး ကိုနိုင်ဦးပါလား၊ လာဗျာ ထိုင်"

"ဆရာကို အကူအညီလေး တောင်းချင်လို့"

"ရပ့်ါဗျာ. . . ပြောလေ"

"ဒီလိုပါ ဆရာ၊ ကျွန်တော် ကိုယ်လက်တွေလေးလံ ညောင်းညာပြီး ဦးခေါင်းတွေလည်း အုံခဲနေတယ် ဆရာ။ အဲဒါ ဘာဖြစ်လို့များလည်းလို့ပါ"

"ကိုနိုင်ဦး ညာဘက်လက်လေးခဏပြဗျာ၊ သွေးစမ်းကြည့်ရအောင်"

"ဟုတ်ကဲ့ ဆရာ"

"တွေ့ပြီကိုနိုင်ဦးရေ- ခင်ဗျားပြောသလို ခေါင်းတွေအုံခဲနေမယ်။ မျက်လုံးမျက်ခွံတွေ လေးနေမယ်။ တစ်ကိုယ်လုံး လေးလံညောင်းညာနေတာတွေဟာ ဝမ်းတစ်လုံးမကောင်းလို့ဗျ"

"ဆရာပြောတာ ကျွန်တော်နားမရှင်းဘူးဖြစ်နေတယ်"

"ဒီလိုလေ ကိုနိုင်ဦးရဲ့၊ လူတစ်ဦးဟာ ကျန်းမာတယ် မကျန်းမာဘူးဆိုတာကို သိချင်ရင် ဆီး,ဝမ်း,လေ, ချွေးလို့ ပြောတဲ့ မလကြီးလေးပါးကို စိစစ်ရမယ်ဗျ။ ခင်ဗျားမှာက အဲ့ဒီမလကြီးလေးပါးထဲက အဓိကအကျဆုံးဖြစ်တဲ့ ဝမ်းလို့ ခေါ်တဲ့ ဓာတ်ချုပ်တတ်တဲ့ လက္ခဏာတွေ့ရတယ်လေ"

"အော် ဟုတ်တယ်၊ ဟုတ်တယ်။ ကျွန်တော်က Construction လုပ်ငန်းကို လုပ်ကိုင်တာဆိုတော့ Site ထဲမှာ အလေးအပေါ့သွားချင်တဲ့အခါ အဆင်မပြေတာနဲ့ မသွားဖြစ်ဘူး၊ ဒီတော့ ဝမ်းကချုပ်တတ်တဲ့ အလေ့အကျင့်ဖြစ်နေပြီ ဆရာ"

"အင်းပေါ့ဗျာ. . . မတားအပ်တဲ့အဟုန်ထဲမှာ ဆီး၊ဝမ်း၊ လေတို့ပါနေတော့ ဒီထဲက အထူးသဖြင့် ဝမ်းကို တားဆီးလိုက်တော့ မကောင်းတဲ့ ဆီးအဆိပ်၊ ဝမ်းအဆိပ်၊ လေအဆိပ်တွေဟာ ခန္ဓာကိုယ်အပြင်ကို မရောက်တော့ပဲ ခန္ဓာကိုယ်ထဲ ပြန်လည်ပြီး စီးဆင်းပျံ့နှံ့ရာက ဦးခေါင်းပိုင်းရောက်ရင် ခေါင်းကိုက်တာ၊ ခေါင်းအုံတာ၊ ဇက်ကြောတက်၊ နောက်ကြောဆွဲတာ၊ မျက်လုံးမျက်ခုံးများလေးတာတွေ ဖြစ်စေတဲ့အပြင် ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့ပါက ကိုယ်လက်တွေ လေးလံ ညောင်းညာတာတို့၊ ထုံကျဉ်ကိုက်ခဲတာတို့၊ မအီမသာ ဖြစ်ပေါ်ခံစားရတတ်ပါတယ်"

"ဟုတ်ကဲ့ဆရာ၊ အခုလို ဆရာပြောပြတော့မှ ဆီး, ဝမ်း, လေတွေနဲ့ ကျန်းမာရေးဟာ ဆက်စပ်နေတယ်ဆိုတာ သိရတော့တယ်"

"ဟုတ်တယ် ကိုနိုင်ဦးရေ၊ ဒါကြောင့် ရှေးကသမားတော်ကြီးတွေက ဝမ်းတစ်လုံးကောင်း၊ ခေါင်းမခဲဘူးလို့ မိန့်ခဲ့တာပေါ့ဗျ"

"ဟုတ်ကဲ့ ဆရာပြောမှ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲ ဆိုတဲ့ ဆိုရိုးစကားရဲ့ အဓိပ္ပာယ်ကို သိရတော့တယ်။ လူသားတွေရဲ့ ကျန်းမာရေးဟာ ဒီ ဆီး,ဝမ်း,လေတွေနဲ့ ဆက်စပ်နေတယ်နော် ဆရာ"

"သိပ်ပြီး ဆက်စပ်နေတာပေါ့၊ လူတစ်ယောက်ဟာ မကျန်းမမာဖြစ်တော့မယ်ဆိုရင် အရင်ဆုံး Sign ပြတာက ဆီးနီနည်းတာတို့၊ ဒါမှမဟုတ် ဆီးဖြူများတာတို့ ဝမ်းချုပ်တာ၊ ဝမ်းပျက်တာ၊ စမြင်းခံတာ၊ ဝမ်းကိုက်တာ၊ အပူဝမ်းသွားတာ၊ လေချုပ်တာ၊ ချွေးငုပ်တာတို့ဆိုတဲ့ လက္ခဏာတွေ ပြတတ်တယ်ဗျ"

"ဟုတ်ကဲ့ ဆရာ"

"အဲ. . . အဲ့ဒီထဲမှာ ဝမ်းပျက်ဝမ်းလျှောတာ၊ ဝမ်းကိုက်တာတွေက ထင်ရှားတဲ့လက္ခဏာ ချက်ချင်းကုသရတဲ့ ရောဂါအဆင့်ပေါ်လွင်နေတော့ အများက သတိထားမိကြတယ်ဗျ၊ ဝမ်းချုပ်၊ စမြင်းခံတဲ့အခြေအနေကိုတော့ အမှုမဲ့၊ အမှတ်မဲ့နေတတ်ကြတယ်။ ဒီလိုဖြစ်တာ ကြာလာတာနဲ့အမျှ အဆိပ်အတောက် အဆင့်ရောက်နေတဲ့ ဆီး,ဝမ်း,လေ ဆိုတဲ့ မလအညစ် အကြေးတွေဟာ ခန္ဓာကိုယ်အတွင်းမှာ ပျံ့နှံ့စီးဆင်းကာ ကိုယ်တွင်းရှိ အတွင်းအင်္ဂါစုများဖြစ်တဲ့ ဦးနှောက်၊ နှလုံး၊ အသည်း၊ အဆုတ်၊ ကျောက်ကပ်၊ အစာအိမ်၊ ပန်ကရိယစတဲ့ ခန္ဓာကိုယ်အတွက် အရေးကြီးဆုံး အင်္ဂါစုများသို့ စုဝင်ရောက်ရှိ ခိုအောင်းအပြစ်ပြု ရာကစလို့ စောစောကပြောခဲ့တဲ့ သာမန်ရောဂါလေးမှစပြီး ကင်ဆာလိုမျိုးရောဂါများအပြင် အိုသ



www.burmeseclassic.com

www.burmeseclassic.com

## ဆီးဝမ်းမှန်၍ လေလည်းရ
## အဆီကျလို့ အကြောလည်းပြေတဲ့
## မြင့်မြန်မာ ဝမ်းမှန်ဆေး . . .

ရခက်ခဲတဲ့ရောဂါတွေ စွဲကပ်ဖြစ်ပေါ်စေပါတယ်"

"ဟာ . . ဟုတ်လားဆရာ၊ ကျွန်တော်တို့က ပေါ့ပေါ့တန်တန်ထားတဲ့ ဒီဝမ်းချုပ်ခြင်း၊ ဆီးနည်းခြင်းတွေဟာ အလွန် မတန်ကြောက်စရာကောင်းတဲ့ ရောဂါကြီးတွေရဲ့ ရှေ့ပြေးလက္ခဏာတွေပေါ့နော်"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့"

"ဒါဆို နေ့စဉ် ဆီး၊ ဝမ်း၊ လေ၊ ချွေးတွေ မှန်နေအောင် ကျွန်တော်ဘာဆေးတွေ စားသင့်လဲဆရာ"

"ဆီး၊ ဝမ်းမှန်လို့လေရ အဆီပိုများကျပြီး ခန္ဓာကိုယ်ပေါ့ပါးကျန်းမာအောင်အတွက်ကတော့ ရော့. . ဒီမှာ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေးကို** သုံးစွဲပေးပေါ့ဗျာ"




"ဒီမြင့်မြန်မာအကြောပြေဝမ်းမှန်ဆေးရဲ့ အာနိသင်ကိုလည်း ပြောပါဦးဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးရဲ့ အစွမ်းကတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့, ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာ ကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်, ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အုပူခိုး၊ အပုပ်ခိုးများ အပေါ်ကိုဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးဖာက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးခာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ် မှန်ကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက် ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီး သားဖြစ်စေပါတယ်"

**(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့ စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေ ရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့် ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"


ပင်ရင်း - **စကြာမင်းဆေးတိုက်**


အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုမင်္ဂလာလမ်း၊

မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁၀၉၁၊ ၀၉၇၃၁၉၉၅၂၄။




www.burmeseclassic.com

www.burmeseclassic.com





သန်းသန်းခင်
(ပျဉ်းမနား)

မြို့နှတ်ဆောက်မှ ဖူးမဝနိုင်သည့်

# ရွှေနတ်ကယ် (၂)

ယခင်လမှ အဆက်

ကျွန်မတို့အဖွဲ့ကို တစ်ဦးလျှင် ထိုင်
တော်မူဘုရား၊ လျောင်းတော်မူဘုရား
စ်ဆူစီကို ပင့်ဆောင်စေပါသည်။
ဘုရားများတွင် အလှူရှင်အမည်
များနှင့် လိပ်စာ ဖုန်းနံပါတ်များကို
ရေးထားပါသည်။

အလှူရှင်များက ယင်းတို့လှူထား
သော ဘုရားများ မည်သူထံ ကြွသွား
သည်ကို သိရန် ဖုန်းဖြင့် ဆက်သွယ်
ကြပါသည်။ အလှူ လှူရ၍ ဝမ်းသာ
ပီတိဖြစ်ရကြောင်း၊ တစ်ဦးနှင့် တစ်ဦး
သာကြောင်းမာကြောင်းဖြင့် ဘုရားဖူး
အချင်းချင်း မိတ်ဆွေဖြစ်အောင်
ဆရာတော်ကြီး စီမံထားသည်မှာ
အံ့ဖွယ်ပင် ဖြစ်သည်။

ထို ရွှေဖီးကွက်ကျောင်းတော်
အတွင်း၌ ဇမ္ဗူပတိဘုရားကြီးကို
ဖူးရသည်မှာ ဖူးမဝနိုင်ပါ။ ဘုရားကြီး
အပြင် ကျောင်းတိုက်တွင်း၌ ပထမံ
ဘိုးဘိုးအောင်၊ ဘိုးတော်အောင်မင်း
ခေါင်၊ အစ်မတော်မြနန်းနွယ်၊ မမြစိမ်း၊
နဂါးမယ်ရုပ်တုများကို ပန်းနုံသာ
အမွှေးများဖြင့် ပူဇော်ထားသည်ကို
တွေ့ခဲ့ရပါသည်။


ဘုရားပရိဝုဏ်အတွင်းရှိ စေတီ၊
ဘုရားများမှာလည်း အရောင်စုံများဖြင့်
တည်ထားသည်မှာ ဟိန္ဒူနှင့် ထိုင်း
အနုပညာလက်ရာများနှင့် ခပ်ဆင်ဆင်
တူသည်ကို တွေ့ရပါသည်။

ကုန်သည်ညီနောင်တို့ မြတ်စွာ
ဘုရားထံမှ ဆံတော်ကို ပူဇော်ရန်
ခံယူနေသည့်ပုံ၊ ရှမ်းမောင်နှမများ၏
ရုပ်တုများ၊ နဂါးနှစ်ကောင် ပတ်ထား
သည့် ရေကန်ငယ်ထဲ၌ နဂါးမယ်တော်



www.burmeseclassic.com

www.burmeseclassic.com





◆ နဂါးမယ်တော်ပုံ

◆ ဆော်ဂျီရှင်တုပ် ကျောင်း



◆ ဇီးကွက်ကျောင်းတော်

◆ အဘတိုးမင်းဆောင်



◆ ရှမ်းဆောင်းနမျာပုံ








www.burmeseclassic.com

www.burmeseclassic.com



◆ မြတ်စွာဘုရားဆံတော်ရှင့်ပုံ



တံခွန်တိုင် ◆

…တုတို့ကိုလည်း တွေ့ခဲ့ရပါသည်။
…ဒီဆိုလပြည့်နေ့၌ ဘုရားဖူးပရိသတ် …ပြည့်နေ၍ အခြားဘုရားစေတီများ …တ္တကိန်းဝပ်သည့် စံကျောင်းတော် …ဆွင်းများတွင်လည်း သံဃာတော် …က ဘုရားဖူးလာ ဧည့်ပရိသတ်များ … ကိုးပါးသီလများ ပေးကြပါသည်။ …ဘက်လက်စ ကျောင်းတော်ကြီးများ …သည်း တွေ့မြင်ခဲ့ရပါသည်။
…ဒုတိယဆရာတော် ဦးမာနိတသည် …ကိုရုပ်တုများရှိသည့် ကျောင်းတော် …၌ ဘုရားဖူး ဧည့်ပရိသတ်အချို့ကို …သပေးပြီး ရွှေနတ်ကယ်တောင်၏ …ခြားသည့် အချက်သုံးချက်ကို မိန့်ပါ…ည်။
…မြန်မာနိုင်ငံတွင် အကြီးဆုံးပေပေါင်း …၀၀)ကျော်ရှိသည့် လျောင်းတော်မူ …ားတည်မှာဖြစ်၍ နံပါတ်(၁)က …ား ထူးခြားပါသည်။
(၃)ရက်သားသမီးတွေ ဘေးဥပဒ် …ရာယ်များ ကင်းရှင်းစေလို၍ ဘုရား …ဟောကြားခဲ့သည့် သုတ်၊ ဝိနည်း၊ …ဓမ္မာကျမ်းစာအုပ်ပေါင်း (၁၂၀) …ကို နေ့ည အသံမစဲ ရွေး မိုး…

ဆောင်း ရွတ်ဖတ်လာခဲ့သည်မှာ ရက်ပေါင်း (၂၄၀၀)ကျော်သွားပြီဖြစ်၍ မြန်မာနိုင်ငံတွင် အရှည်ဆုံး တရားပွဲကြီးဟု သတ်မှတ်ခံရ၍ နံပါတ်(၂) တရား ထူးခြားပါသည်။
ရွှေနတ်ကယ်တောင် ဆရာတော်ကြီးသည် ဆွမ်း မဘုဉ်းပေးတာ နှစ်ပေါင်း နှစ်ဆယ်ကျော်ပါပြီ။ အသီးအရွက်၊ အသုပ်များသာ ဘုဉ်းပေး…



◆ နဂါးမယ်တော်စေတီမှန်လှ

…တတ်ပါသည်။ ထို့ကြောင့် နံပါတ်(၃)က သံဃာ ထူးခြားချက်ဖြစ်သည်ဟု မိန့်ပါသည်။




◆ ဇီးကွက်ကျောင်းတော်ထဲတွင် တွေ့ရှိထားသော အင်းမတော်ပြုရန်မှုယ်း မပြိုမ်း

www.burmeseclassic.com



လေးမျက်နှာဘုရား



လွှမ်းစေတီ

ထိုဇော်ဂျီရုပ်တုရှိ ကျောင်းတိုက်အတွင်း၌ ဘုရားဆင်းတုတော်လေးများကို ထုလုပ်ပူဇော်နေသည်ကိုလည်း တွေ့ခဲ့ရပါသည်။ ကျွန်မတို့လည်း ဆရာတော် ဦးမာနိတအား ဦးချပြီး ဘုရား သာသနာ့နယ်မြေအတွင်း လှည့်လည် ပူဇော်ကန်တော့ကြပါသည်။

ပြည်တော်သာ ဆုတောင်းပြည့် လျောင်းတော်မူဘုရားကြီး၏ အလျား ပေ(၁၈၀)ရှိသည့် ခြေဖဝါးတော် အကြမ်းထည်မှာ ပြီးစီးသလောက် ရှိနေပြီ ဖြစ်ပါသည်။ ရွှေနတ်ကာယ်တောင် ဆရာတော်ကြီးသည် ရွှေနတ်ကာယ်တောင်တော်မှာ စေတီပုထိုးပေါင်း ခြောက်ထောင်ကျော် တည်နိုင်ခဲ့ပါသည်။

ယခု လျောင်းတော်မူဘုရားကြီးသည် ပေ(၁၅၀)မြင့်သည့် တောင်ပေါ်တွင် တည်ရှိပြီး အလျားပေ(၁၅၀၀)၊ (အတောင်အားဖြင့် ၉၉၉ တောင်)၊ အမြင့်ပေ(၁၅၀)၊ ခြေဖဝါးတော် အလျား ပေ(၁၈၀)ရှိသည်ဟု သိရပါသည်။

ဤဘုရားကြီးကို (၂၀၁၃)ခုနှစ်မှ စတင်တည်ခဲ့ကြောင်း သိရပါသည်။ ရွှေနတ်ကာယ်တောင် ဆရာတော်သည် အောင်လံထူဘုရား၊ ရွှေကံကောင်းဘုရား၊ လေးမျက်နှာဘုရား၊ အောင်ချမ်းသာဘုရား၊ ငါးမျက်နှာဘုရား၊ ဗူးဘုရား၊ ကမ္ဘာအေးဘုရား၊ ကျိုက်ထီးရိုးဘုရား၊ လွှမ်းစေတီ၊ ပန်းစေတီ ဘုရားများအပြင် ဆွမ်းခံကြွနေသည့် မြတ်စွာဘုရားနှင့် ရဟန္တာရုပ်တုတော်များကိုလည်း တည်ထားပါသည်။

အောင်မြေဖြစ်သည့် ဗောဓိပင်သို့ ကျိုက်ထီးရိုးဘုရားစေတီ၏ အနောက်ဘက်ရှိ မုခ်ဦးမှ ဆင်းသွားရပါသည်။ ထိုစေတီနှင့် ဗောဓိပင်ကြားတွင် ကြာပန်းစုံသည့် နတ်ရေကန်ကိုလည်း ကြည်လင်စွာ မြင်တွေ့နိုင်ပါသည်။ တောင်တက်တောင်ဆင်းနှင့် ဘုရားဖူး

များမှာ မမောနိုင်မပယ်...
ပျော်ရွှင်နေကြသည်ကိုကြ...
၍ စိတ်ထဲ အေးချမ်း...
သည်။

ရွှေနတ်ကာယ်တော...
သာသနာ့နယ်မြေတွင်သ...
တော်အပါး (၆၅)ပါး။ ...
တော်စင်၊ သီလရှ...
ယောဂီပေါင်း(၅၀)ကျော်...
သာသနာ့ အကျိုး၊ ဘာ...
အကျိုးကို နေ့ည...
သာသနာပြုလျက် ...
သည်ကို ရှိသေ ဦးခို...
ပါသည်။

အုံ့ညို့ဖွယ် စေတီ...
များကို လက်ညှိုးထိုး...
အောင် အနှစ် နှစ်...
အတွင်း တည်ထားသ...
ရွှေနတ်ကာယ်တောင် ဆရာတော်...
နှင့်အတူ သာသနာပြုနေကြ...
သံဃာတော်များ၊ သူတော်...
သီလရှင်များ၊ ယောဂီများ၊ အလ...
များကို သည်ထက်မက သာ...
အကျိုး၊ ဘာသာအကျိုးကို သ...
ရွက်ဆောင်နိုင်ပါစေဟု မေတ္တာ...
သာဓုအနုမောဒနာ ခေါ်ဆိုပါသ...

**"ရွှေနတ်ကာယ်မ ချမ်းသာ...**
သည့်အတိုင်း မကွေးတိုင်းဒေသ...
နတ်မောက်မြို့နယ်အတွင်းရှိ ရွှေ...
ကာယ်တောင် သာသနာ့နယ်...
မြန်မာနိုင်ငံအရပ်ရပ်မှ လာ...
ဖူးမြော်ကြည်ညို လှူဒါန်းနိုင်ရန် ...
အကျိုးမျှော်၍ နှိုးဆော် တိုက်...
လိုက်ပါသည်။

**သန်းသန်းဆင့်(ပျဉ်းမ...)**

www.burmeseclassic.com

# နာမည်က ဖော်ပြသော ကံကြမ္မာ

ဆွေနိုင်နွယ်
(ကျိုက်လတ်)



တစ်နေ့တွင် ကျွန်ုပ်ထံသို့ ညီငယ် တစ်ဦးကဲ့သို့ ခင်မင်ရသော၊ ကျွန်ုပ်နှင့် ဗေဒင်သင်ဖော်သင်ဖက်လည်း ဖြစ်ခဲ့ဖူးသော ညီငယ် မောင်အောင်မိုး တစ်ယောက် ရောက်ချလာပါသည်။

သူသည် အနောက်တိုင်း ဂဏန်းဗေဒင် နျူမရယ်လော်ဂျီကို ခရေဇီဖြစ်ပြီး အလွန်အားသန်သူ ဖြစ်လေရာ ရောက်တုန်းရောက်ခိုက် ကျွန်ုပ်နှင့်အတူ ဗေဒင်ပညာရပ်များအကြောင်း အပြန်အလှန် ဆွေးနွေးပြောဆိုကြပါသည်။

ထိုသို့ ပြောဆိုနေရင်းမှ လူတစ်ယောက်နာမည်ကို အင်္ဂလိပ်လိုရေးကာ ဂဏန်းဗေဒင်ဖြင့် တွက်၍ ထွက်လာသော ဟောချက်များသည် အလွန်မှန်ကန်လွန်းကြောင်း၊ သွေးထွက်အောင်မှန်ကြောင်း အာပေါင်အာရင်း သန်သန်ဖြင့် ပြောဆိုနေရာမှ ကျွန်ုပ်အား…

'ကိုဇော်သန့်ရေ ကျွန်တော်တို့ မြန်မာဗေဒင်မှာလည်း နာမည်စာလုံးတွေကို ဂဏန်းတွေနဲ့ တွက်ချက်ပြီး ဟောချက်ထုတ်တဲ့ ပညာရပ်ရှိလား'

ဟု ကောက်ကာငင်ကာဖြင့် မေးလာရာ ကျွန်ုပ်က…

'ဟာ…ရှိတာပေါ့ အောင်မိုးရေ၊ အခု မင်းကို ငါ လက်တွေ့တွက်ပြမယ်။ မင်းနာမည်က "အောင်မိုး"၊ "အောင်"က တနင်္ဂနွေဆိုတော့(၁)၊ "မိုး"က ကြာသပတေးဆိုတော့ (၅)ဂဏန်း (၂)လုံးကို တစ်လုံးတည်းကျန်အောင် ပေါင်းလိုက်ရင် (၆)ဂဏန်းရတယ်။ (၆)ဂဏန်းရရင်…'

ဟု ဆိုကာ ကျွန်ုပ်သည် မှတ်စုစာအုပ်ထူကြီးကိုလှမ်းယူ၍ နာမည်ဟောချက်များကို ရှာဖွေပြီး (၆)ဂဏန်း ဟောချက်ကို ဖတ်ပြလိုက်ပါသည်။

ဖတ်ပြီးသောအခါ ဟောချက်များကို ငြိမ်သက်စွာ စိတ်ဝင်တစား နားစိုက်ထောင်နေသော မောင်အောင်မိုးသည် လှုပ်လှုပ်ရှားရှား ဖြစ်လာကာ တအံ့တသြဖြင့်…

'ဟာ…ဒီမြန်မာဂဏန်းဗေဒင်က လဲ တယ်မှန်လှချည်လား၊ တွက်ရတာ လဲ လွယ်လိုက်တာ'

ဟု ဆိုပြီး…

'ဟဲ…ဟဲ… ကိုဇော်သန့်ရယ်၊ ဒီလောက်မှန်တဲ့ ပညာခန်းဖြစ်တဲ့အတွက် ကျွန်တော် ကိုဇော်သန့်ဆီက တစ်ခါတည်း ကူးသွားမယ်နော်'

ဟု မျက်နှာချိုသွေးကာ ပြောပြောဆိုဆိုဖြင့် ကျွန်ုပ်ထံမှ ဘောလ်ပင်နှင့် စာရွက်ကို တောင်းယူပြီး ဟောချက်အားလုံးကို ကူးယူသွားပါတော့သည်။

* * *

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|
| အ | က | စ | ယ | ပ | သ | ၎ တ | ရ |
| | ခ | ဆ | လ | ဖ | ဟ | ဌ ထ | ဋ |
| | ဂ | ဇ | ဝ | ဗ | | ဍ ဒ | |
| | ဃ | ဈ | | ဘ | | ဎ ဓ | |
| | င | ည | | မ | | ဏ န | |

ဥပမာ ။ ။ **ထွန်းထွန်း**

၇ + ၇ = ၁၄ = ၁၅

**၁–ဂဏန်း**

ဘဝကို အောက်ခြေမှ စသူများဖြစ်သည်။ လောကဓံကို ကြံ့ကြံ့ခိုင်ရပ်တည် တွန်းလှန်နိုင်စွမ်းရှိသည်။ အခက်အခဲ မည်မျှပင် ရှိစေကာမူ ရည်ရွယ်ချက်ကို မဖြစ်မနေ အကောင်အထည်ဖော် လုပ်ဆောင်တတ်သည်။

မိမိ၏ နှံ့စပ်ကျွမ်းကျင်လိမ္မာမှုကြောင့် အရာရာ အောင်မြင်တတ်သော်လည်း ထို အောင်မြင်ကျော်ကြားမှုကြောင့် မနာလိုမုန်းထားသူ ပေါ်များသည်။

သို့သော် ထိုအတိုက်အခံများကို ခေါင်းအေးအေးဖြင့် အပြုံးမပျက် အနိုင်ယူတတ်သူ ဖြစ်သည်။

**၂–ဂဏန်း**

ဟန်ဆောင် လျှို့ဝှက်မှုများကို ပြုလုပ်တတ်သည်။ ဟိုစပ်စပ် ဒီစပ်စပ် ယောင်ခြောက်ဆယ် ပြုလုပ်တတ်သည်။ စကားကြီး စကားကျယ် အမြဲပြောပြီး ဟောဟောဒိုင်းဒိုင်း ပြုမူတတ်သည်။

မိမိ မိတ်ဆွေအပေါင်းအသင်းတို့၏ အထင်ကြီးလေးစားမှုကို ခံရမည်ဖြစ်သော်လည်း မိမိ၏ မာယာများခြင်းကြောင့် ထိုသူတို့၏ ဝေးဝေးရှောင်သွားခြင်းကိုလည်း တစ်ဖန် ပြန်လည်ခံစားရမည်ဖြစ်သည်။

**၃–ဂဏန်း**

စိတ်ကူးစိတ်သန်းကောင်းပြီး အနုပညာ အဆို၊ အက၊ အရေး၊ အတီးဘက်တွင် ဝါသနာထုံသည်။ အောင်မြင်မှုများစွာ ကြုံတွေ့ရမည်။ ဘဝတွင်

www.burmeseclassic.com

စံချိန်သစ်တစ်ခုခုတော့ ကျန်ရစ်ခဲ့မြဲဖြစ်သည်။

ပေါင်းသင်းဆက်ဆံရေး ကောင်းသဖြင့် လူချစ်လူချင် ပေါမည်။ ကူညီဖေးမမယ့်သူ ပေါမည်။ အသက် ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ကျတတ်သည်။

## ၄–ဂဏန်း

အမြင့်ဆုံးနေရာတွင် နေရတတ်သည်။ ဘဝတစ်လျှောက်လုံး အေးအေးတည်ငြိမ်စွာ နေရမည့် နာမည်ဖြစ်သည်။ ဆင်းရဲ ဆင်းရဲ ချမ်းသာ ချမ်းသာ မပူမပင် မတောင့်မတ မကြောင့်မကြ နေရမည်။

သို့ရာတွင် နိုင်ငံရေး၊ ဘာသာရေး စိတ်ဝင်စားပါက နာမည်၏ အကျိုးပေး ပြောင်းလဲတတ်ပါသည်။

ဤဂဏန်းသည် စင်စစ်အားဖြင့် အဆိုးနှင့်အကောင်း တစ်ဖက်စီ ရပ်တည်နေသောကြောင့် မိမိ၏ အကင်းပါးမှုအပေါ်တွင် များစွာ မူတည်နေပါလိမ့်မည်။

## ၅–ဂဏန်း

အောင်မြင် ထွန်းတောက်မည့် နာမည်မျိုးပင်ဖြစ်သည်။ သို့သော် အောင်မြင်မှုနှင့် ကျဆုံးမှုသည် အစွန်းတစ်ဖက်စီတွင်ရှိသည်။ အောင်မြင်လျှင် အစွန်ဆုံး အောင်မြင်တတ်ပြီး ကျရှုံးလျှင် အစွန်ဆုံး ကျရှုံးတတ်ပါသည်။

တစ်ခါတစ်ရံတွင် အောင်မြင်မှုနှင့် ကျရှုံးမှု တစ်မျိုးစီ ရှိတတ်ပြီး တစ်ခါတစ်ရံတွင် တစ်လှည့်စီ ရှိတတ်သည်။ သို့သော် ဘဝ၏ တစ်စိတ်တစ်ပိုင်းမျှသာ အများဆုံး ဖြစ်တတ်ပါသည်။

**ဥပမာ** ။ ။ နှလုံးသားရေးရာ (သို့မဟုတ်) ပညာရေး၊ စီးပွားရေး အစိတ်အပိုင်းများထဲက တစ်ခု။

## ၆–ဂဏန်း

အနုပညာနှင့် ပတ်သက်၍ အောင်မြင်မှုရရှိမည်။ အချုပ်အနှောင် ခံရတတ်သည်။ လူချစ်လူခင်ပေါများမည်။ သို့သော် နှလုံးသားရေးရာနှင့် ပတ်သက်၍ အရှုပ်အထွေး ပြဿနာတို့ ပေါ်တတ်ခြင်း၊ ကံအကျိုးမပေးဖြစ်တတ်ခြင်းတို့ ကြုံတွေ့ရတတ်သည်။

ဤနာမည်သချ်ာသည် နိုင်ငံရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး ကိစ္စများတွင် အရှုပ်အထွေးအမျိုးမျိုး၊ ပြဿနာအမျိုးမျိုး ကြုံတွေ့ရတတ်သောသဘော ရှိပါသည်။

## ၇–ဂဏန်း

တစ်ဖွတ်ထိုး တစ်ယူသန် မှန်တာလုပ် ဟုတ်တာပြောသော အမည်ပင်ဖြစ်သည်။ အများက လေးစားကြည်ညိုသော်လည်း ဘဝတူချင်းက ရှုတ်ချတတ်သည်။ လောကဓံကိုကား ခံနိုင်ရည်မရှိ၊ အားငယ်ပျော့ညံ့သည်။

အချစ်ရေး၊ အိမ်ထောင်ရေး၌ မသိနားမလည်စွာ ရင်ဆိုင်ရတတ်၏။ မိမိကပင်စ၍ သူတစ်ပါးကို မနာလိုမုန်းထားစိတ် ဖြစ်ပေါ်တတ်သည်။ ဤအမည်ဖြင့် အောင်မြင်ပေါက်မြောက်သူ အလွန်ရှားသည်။

## ၈–ဂဏန်း

ဘဝကို ခက်ခက်ခဲခဲ ဖြတ်သန်းပြီးမှ ပန်းတိုင်သို့ရောက်ရသည်။ သို့သော် မိမိ၏ ကြိုးပမ်းမှုအတွက် အများတကာ၏ အားပေးလက်ခုပ်သံကား မရပ်မနား ကြားရမည်ဖြစ်သည်။

လောကဓံကို ခံနိုင်ရည် ရှိသည့်အတွက် ရည်ရွယ်မျှော်မှန်းချက် ပြည့်စုံပြီး တစ်ချိန်မှာ စိတ်အေးချမ်းသာစွာ ပျော်ပျော်ရွှင်ရွှင် နေထိုင်ရမည်ဖြစ်၏။

သို့သော်ထိုနံသင့်သချ်ာ (၈)ဂဏန်း ပိုင်ဆိုင်သူများသည် (၈)ဂဏန်းရစေသော မွေးရက်,မွေးလနှင့် တိုက်ဆိုင်ပါက အကောင်းဆုံး (သို့မဟုတ်) အဆိုးဆုံး ကံကြမ္မာကို ဖြစ်စေတတ်ပါသည်။

အနောက်ပိုင်း ဝေဒသုတေသီများက အဆိုပါ (၈)ဂဏန်းကို များသောအားဖြင့် (UN LUCKY)ဂဏန်းဟု ဝိသေသ ပြုထားပါသည်။

သို့သော် သင် ဒိုင်ယာရီရေးလေ့ရှိပါက (၈)ဂဏန်းရစေသော **၈, ၁၇, ၂၆** စသော ရက်များကို ပြန်ဖတ်ကြည့်ပါ။ ဆိုးကျိုးဖြစ်စေသော အကြောင်းမတွေ့ပါက သင်၏ ကံကြမ္မာ ထာဝစဉ် ကောင်းမွန်ပြီဟု မှတ်ယူလိုက်ပါ။

## ၉–ဂဏန်း

ဤအမည်သည်လည်း ယေဘုယျအားဖြင့် ကောင်းမွန်သည်ဟု သတ်မှတ်နိုင်ပါသည်။ သို့သော် အတိုက်အခံ အတားအဆီး အပိတ်အဆို့တို့ဖြင့် ထာဝစဉ် ဝန်းရံနေတတ်ပါသည်။

မိမိလုပ်ဆောင်မှုများ အားလုံးသည် အောင်မြင်မှုနှင့် လက်တစ်ကမ်း အကွာမှာ အမြဲတမ်း ရှိနေတတ်ပါသည်။ သို့ရာတွင် စွန့်လွှတ်စွန့်စားလိုစိတ်များခြင်း၊ ဖွဲကောင်းကောင်းဖြင့် ပန်းတိုင်ကို အရောက်လှမ်းလိုစိတ်ကြီးမားခြင်း၊ အနိုင်မခံ အရှုံးမပေး စိတ်ဓာတ် မြင့်မားခြင်းတို့ကြောင့် နောက်ဆုံးမှာ မိမိကပင် ထိုက်တန်သော အောင်မြင်ကျော်ကြားမှုကို လက်ဝယ် ပိုင်ဆိုင်ရတတ်ပါသည်။

**ဘဝအစစ လှကြပါစေ။**

**အောင်နန္ဒစံ(ကျိုက်လတ်)**

www.burmeseclassic.com



◆ သစ်ပင်ခေါ်နွယ်တက်၍ အသီးများ ဖြိုးဖြိုးဖြိုးဖြိုးဆိုင်ဆိုင် သီးနေသော ဂ္ဂုသသရမှုလီနွယ်ပင်



◆ ဂ္ဂုသသရမှုလီနွယ်ပင်မှ အသီးများ အနီးကပ်ပုံ

ဆေးဖက်ဝင်

# ဂ္ဂုသသရမှုလီနွယ်ပင်

ပုံတွင် ဖော်ပြထားသည်မှာ **နတ်မောက်မြို့နယ်၊ အင်းကန်ရွာ၊ အုတ်ဖိုကျောင်းတိုက်အတွင်း ဆရာတော် ဦးတေဇနိယ** စိုက်ထားသော **"ဂ္ဂုသသရမှုလီနွယ်ပင်"** ဖြစ်ပါသည်။ အလွန်ရှားပါးပြီး ဖြစ်ခဲ့ပါသည်။

'ဂ္ဂုသသရမှုလီနွယ်ပင်ဟာ ကင်ဆာရောဂါ၊ တီဘီရောဂါတွေကို ကုသနိုင်တယ်၊ ပျောက်ကင်းစေတယ်လို့ သိရတယ်။ ဆယ်ပင်စိုက်လို့ တစ်ပင် ဖြစ်ခဲ၊ ရှင်သန်ခဲတယ်။

ဆေးဖက်အလွန်ဝင်ပြီး တန်ဖိုးကြီး ရှားပါးပင်ဖြစ်လို့ ထိန်းသိမ်း စိုက်ပျိုးထားတာပါ'

ဟု ဆရာတော်ဦးတေဇနိယမှ မိန့်ကြားပါသည်။

**နတ်မောက် လှမြင့်သစ်**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး



# သွေးတိုးရောဂါရှင်များ . .

# စကြာမင်း
အမှတ်တံဆိပ်

# သွေးတိုးကျဆေး
# ကိုဆောင်ထား ကိုရဲ



တိုင်းရင်းဆေးဝါးမှတ်ပုံအမှတ်–0112 YR 007991

"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ့, မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲ စားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင် ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား။ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအုံ့သြနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့သြဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားများတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက် ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား။ တစ်ယောက်ထဲ ကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်းသလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့ မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီးတာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရောမယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီဟေ့၊ များများသာထည့်" "ဟား ဟား။ ဟင်း ဟင်း ဟင်း"

"မြတ်တို့ဖနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေးကိုး**"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထား သင့်တဲ့ ဆေးကတော့ **ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်ရဲ့ စကြာမင်း သွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့အခြား ဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်းစတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင် ကျော်ပါပေါ့လား။ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး။ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲ ယူသွားအုန်းမှပဲ" "ဒီမှာ မမမြင့်ရေ အဆင်သင့်ထည့်ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး** ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာမေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရာရခဲ့ပါပြီ။ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်း ဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ့...**စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့ လိုလိမ့်မယ်..."

**ကိုရဲ**

---

ပင်ရင်း – **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း – ၆၉၁၀၉၁၊ ၇၂၂၅၄၁။

---



www.burmeseclassic.com

www.burmeseclassic.com

တောလင်းမြို့ အနောက်တောင်ခွင်မှ

# နတ်သျှင်တောင် သဘာဝသနာစခန်းသို့ (၆)

စံလွင်နီးသာ

**ယခင်လမှ အဆက်**


သို့သော် ထုံးကျောက်များမှာ သိပ်သည်းဆ နည်းပါးသဖြင့် ရွှေ့လျောပြောင်းရန် လွယ်ကူပါသည်။ ယခုမြင်ရသော ကျောက်ဖျာကြီးမှာ တောင်စိမ်လွင်ပြင်ဖြစ်၍ မာကျောကျစ်လျစ်သည့် သက်ရင့်ကျောက်များ ဖြစ်လေရာ လယ်ကွက်ပုံဖြစ်နေခြင်းကား ထူးခြားသည် ဆိုရပေမည်။

## ဆင်ချည်တိုင်၊ မြင်းချည်တိုင်များ

ကျောက်လယ်ကွက်များကို ကျော်လာ ဗောဓိဘုရား၊ နေစကြာဘုရားများ ဖူးမြော်ပြီးနောက် တောင်ကြောဆင်ခြေလျှောအတိုင်း ဆင်းခဲ့ရာ ကျောက်သားတိုင်များပမာ ထိုးထိုးထောင်ထောင်ရှိနေသည့် ကျောက်ဆောင်ကြီးများကို တွေ့ရသည်။

ချောက်ကမ်းပါးအစွန်းတွင် ပြူတ်ကျလုတဲတဲ မြင်တွေ့ရကာ ဆင်ချည်တိုင်၊ မြင်းချည်များဟု ခေါ်ဝေါ်ကြသည်။ ဆင်းတို့အနီး စောင်းလျက်ရှိသော ကျောက်လုံး ကျောက်တိုင်များကိုမူ ကျောက်အမြောက်ဟု ခေါ်လေသည်။

ကုန်းဘောင်မင်းဆက် နောက်ဆုံးသီပေါမင်းလက်ထက် အင်္ဂလိပ်ကျူးကျော်စစ်ပွဲတွင် ဤကျောက်အမြောက်များမှ ပကတိအမြောက်များပမာ အသံများ မြည်ဟည်းထွက်ပေါ်လေ့ရှိသဖြင့် အင်္ဂလိပ်




◆ ဆင်ချည်တိုင် မြင်းချည်တိုင်





www.burmeseclassic.com





◆ တောဦးဘုရား

◆ ဓမ္မစကြာဘုရား

တို့ ချောက်ချား၍ စိတ်ဓာတ်စစ်ဆင်ရေး အနိုင်ရခဲ့သည် ဆိုသည်။

## နိဗ္ဗာန်တံခါးနှင့် ရာဇပလ္လင်

ထိုမှဆက်၍ ဆင်းခဲ့ရာ ကျောက်တုံးကြီးများ စုဝေး၍ လက်ချောင်းများထောင်ထားသကဲ့သို့ရှိသော နေရာသို့ရောက်သည်။

**"အဓိဋ္ဌာန်နိဗ္ဗာန်တံခါး"**ဟု အမည်ပေးထားသော ကျောက်တံခါးမှာ ကျောက်တိုင်ကြီး နှစ်ခုအကြား ကျဉ်းကျဉ်းကျပ်ကျပ် လစ်လပ်ရုံမျှရှိသည်။ ဦးအောင်ဆန်းက...

'ဆရာ့ကိုယ်လုံးနဲ့ ဝင်ဆံ့မယ်မထင်ဘူး ဒါပေမယ့် နိဗ္ဗာန်လမ်းညွှန် ဆောင်းပါးရေးဖို့ ဒီလောက် အဝေးကြီးကနေ ရောက်လာတာ ပါရမီရှိလို့ ဆိုရမှာပဲ။ အဓိဋ္ဌာန်ပြုပြီး ဝင်ကြည့်ပါ'

ဟု တိုက်တွန်းသဖြင့် ကင်မရာအိတ်ကို ခေါင်းပေါ် တင်မြှောက်ကာ အလျားတိုက်ဝင်ကြည့်သည်။ အထက်ပိုင်းကား၍ အနည်းငယ်ကျယ်သောကြောင့် ဖြစ်သည်။ ဝမ်းဗိုက်ကို ရှပ်၍ ကြိုးစား တိုးကြည့်သောခဏ ထက်ဝက်ခန့်ရောက်၍ ကျောက်စွန်းကရင်ချိုင့်သို့ ထောက်လေသည်။

ဆက်တိုးသော်လည်းမရ ပြန်ထွက်လည်းမရနှင့် မျက်ဖြူဆိုက်ချိန်တွင် ဦးအောင်ဆန်းက **"အစ်မတော်တို့ကို တိုင်တည်လိုက်ရင် ရပါတယ်"**ဟု အားပေးသည်။

ကိုယ်ကို အတတ်နိုင်ဆုံး ရှပ်၍ အားစိုက်ရုန်းလိုက်သည်တွင် တစ်ဖက်သို့ ရောက်တော့သည်။ အတွင်း၌ ကျောက်ဖျာတစ်ချပ်ရှိသည်။ **"အတွင်းရာဇပလ္လင်"**ဟု ခေါ်တွင်ကြောင်း သိရသည်။

ပဋ္ဌာန်းဂုဏ်တော် ပူဇော်ပြီး အနီးရှိ ကျောက်တုံးထက် တက်ကြည့်ရာ ကျယ်ဝန်းသောလမ်းကြား (ကျောက်ကြား)ကို တွေ့ရသဖြင့် ထိုနေရာမှ ပြန်ထွက်ခဲ့သည်။ ဤနေရာမှ ဝင်၍ ရသော်လည်း စိတ်ခံစားချက်ကား မတူနိုင်ပေ။

ထို့နောက် ဦးဝင်းရွှေက ဝင်ရော[...] ၍ ဝင်သည့်လမ်းမှပင် ပြန်ထွက်လာ[...]

'ဦးနီ ဝင်စမ်းကြည့်ပါဦး'

'ခင်ဗျားက ကိုယ်လုံး သေးတာကို[...]'

'ဆရာလဲ ဝင်ပြီးပြီ'

'ဗျာ ဒီလိုဆိုရင် ကျွန်တော်လဲ ဝ[...] ပါတယ်'

ဦးနီလည်း လက်ဆွဲအိတ်ကို ဘေး[...] ၍ ဝင်ကြည့်သည်။

'အဟဲ ကျွန်တော်က အရိုးခွင်[...] တယ်ဗျ'

ဟု ဆိုလျက် လက်လျှော့ဆုတ်[...] လေသည်။

'တောင်သမိုင်း စာအုပ်တွေအတွ[...] စိတ်စောနေတယ်။ နဂ္ဂတ္တရောင်ခြ[...] မဂ္ဂဇင်းက ကိုယ်တိုင်ရောက်လာတာ[...] နယ်ခံစာရေးဆရာတွေ တာဝန် မ[...] ဘူးဖြစ်မှာစိုးလို့ စိတ်ကို စုစည်[...] မရဘူး ဖြစ်နေတယ်'

'အလုပ်ပျက်ခံပြီး လိုက်လာ[...] တာကိုက ခင်ဗျားရဲ့စိတ်ရင်း ပေါ်[...] ပါတယ်။ ရှာတွေ့တာတွေ ရှိရင်[...] ကိုယ်ပိုင်အမြင်နဲ့ ရေးပို့ပါဦး'


**ဥမင်ဂူနံရံသည် [illegible]**
**စုစည်း၍ သမာဓိ [illegible]**

www.burmeseclassic.com



◆ ကျောက်အစမြောက်

◆ ရှိခွာနံတံဆိ





www.burmeseclassic.com

www.burmeseclassic.com



◆ ကူညီပေးသည့် ဦးအောင်သန်း

**ကိုယ်ချော မည်မျှ ကြီးမားသောကာမှ ဖြတ်ကျော်နိုင်ကြောင်း သိရှိရလေသည်။ သမ္မာသမာဓိဖြင့် အောင်မြင်နိုင်သည် ဆိုလေသည်။**

ယင်းမှ အောက်တစ်ဆင့် ချောက်ကမ်းပါးအစွန်းတွင် ကျောက်ရာဇပလ္လင်ကို တွေ့ရသည်။ ဤရာဇပလ္လင်ထက် ဝယ် ရာဇဓာတ်ယူ၍ မိမိတို့ စီမံအုပ်ချုပ်ရသည့်စီမံကိန်း၊ အဖွဲ့အစည်း လုပ်ငန်းဆောင်တာများ အောင်မြင်ဖြစ်ထွန်း အကျိုးထူး ခံစားနိုင်သည်ဟု သိရသည်။ အပြင်ရာဇပလ္လင် ဖြစ်သည်။

ရေညီမျဉ်းအောက်သို့ (၃၅)ဒီဂရီမျှ နိမ့်လျှောနေသည့်အပြင် "လေးနှစ်"တန်းကလေးဖြင့် ထိရုံမျှ သွယ်တန်းထားသဖြင့် သွားရောက်စူးစမ်းခြင်း မပြုဖြစ်ခဲ့ချေ။

## အောင်စည်အောင်မောင်းများ

ထို့နောက်တွင် လစကြာစေတီတော်ဆီသို့ တောင်ခါးပန်းတစ်ဖက်စောင်းမှ ကွေ့ဝိုက်၍ ပြန်လာကာ အောင်စည်အောင်မောင်း တီးခတ်အမှုပေးဝေသည်။

စေတီရင်ပြင်တော်၏ အရှေ့မြောက်ထောင့်ယွန်းယွန်း ကုန်းတော်စွန်းတွင် ခေါင်းလောင်းတစ်လုံး၊ အောင်မောင်းကြီးတစ်လုံးရှိကာ သားရေကျက် သစ်သား စည်ကြီးကို လေးတိုင်စင်မြင့်ထိုး၍ ထားရှိသည်။

ခေါင်းလောင်းကား မိမိတို့ ပြုပြီးသမျှ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်အစုစု၏ အဖို့ဘာဂကို ခေါင်းလောင်းသံကြားသမျှ ဝေနေယျအားလုံးတို့ အမျှအတူ ရယူကြပါဟု ပတ္တာနုမောဒန ကုသိုလ်ပေးဝေ ထိုးနှက်ခြင်းဖြစ်သည်။

ဤသို့ ထိုးနှက်တီးခတ်၍ ဝေမျှပေးရာ လူသာမက နတ်ပြဟ္မာများအတွက်လည်း ရည်ရွယ်သဖြင့် နတ်အဝင်အပါ ကျွတ်မည့်ပြိတ္တာ၊ ဝိနိပါတိက၊ အသူရာ၊ တစ္ဆေများလည်း ပါဝင်ကြောင်း မှုံရှာမြို့၊ အရှေ့လယ်တီဆရာတော်ကြီး ဦးကုဏ္ဍလက ကျီးသဲလေးထပ်ဆရာတော်၏ ခေါင်းလောင်းသံပိုင်းစာကို ညွှန်း၍ မိန့်တော်မူသည်။

**[ယင်းသို့ ကိုယ်ကြွစ်စနံ့တီးခတ်သော မွေသောရီယထုိနတ်မောင်းမြတ် ခေါင်းလောင်းကို အစေါင်း**

**လူနတ် ပရိသတ်အများ ဗိုလ်တ**

**တို့ ခြောက်ပါးနတ်ဌာန် ဗြဟ္မာစံ**

**မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ရည်**

**ကံကြွေမူ၍ အလှူသီလ ပြုသမျှ**

**ပတ္တိဒါန ပုညဘာဂ များဝေ**

**အား မျှဝေမပြတ် တီးခတ်ပူဇော်**

**စေခြင်း အကျိုးငှာ ကောသာတော်**

**ရှင်ချစ်ဘုန်းခေါင် ငါးမာရ်အော**

**သခင် ရွှေတော်ပြင်၌ ထားတင်သ**

**မြန်း ရေစက်သွန်း၍ လှူဒါန်းဆက်**

**ပါသတည်း။] *(ကျီးသဲလေးထပ် ဆ***

***တော်၏ ခေါင်းလောင်းသံပိုင်းကျ***

***စာ-၃၅၄)***

သားရေကျက်သစ်သားစည် အောင်စည်နှင့် အောင်မောင်းတို့ အောင်မြင်ခြင်း နိမိတ်ဆောင်၍ ကားခြင်း၊ အနှောင့်အတား ပြ များ၊ မကောင်းသော အညစ်အကြေ များကို မောင်းနှင်ခြင်း ရည် တီးခတ်ကြလေသည်။

ထို့ကြောင့် ခေါင်းလောင်းထို အမျှဝေပြီးနောက် အောင်စည်အော မောင်း တီးခတ်ကာ ကုန်းတော် ပြန်လည် ဆင်းသက်ခဲ့ကြသည်။

## ကျောက်လုံးပေါ်သည့် တောင်

နတ်သျှင်တောင်ပေါ်မှ ပြန် ဆင်းသက်သောအခါ တောင်တ ကားလမ်းမှ လှည့်၍ ဆင်းကြသ ကားလမ်းတစ်လျှောက်တွင် လုံး သောကျောက်လုံးကြီးများကို မလပ် တွေ့ရသည်။

**ရွှေလ ဆက်ဖတ်ပါရန်**

**စံထွန်းသာ**

www.burmeseclassic.com

အမြဲရှိခဲ့ရပါသည်

အကြံ့အစည်များ အောင်မြင်နိုင်ပါ့မလား။
ကြည့်ပါ။

- **ရည်ရွယ်ချက် လမ်းကြောင်း** ကြာသပတေးဂြိုဟ်ခုံတွင် ပါရှိပါတယ်။ (က)

ဒါကတော့...

ရည်ရွယ်ထားသမျှတွေ အောင်မြင်စေတဲ့ အမှတ်အသားပါပဲ။

- **တနင်္ဂနွေဂြိုဟ်ခုံ** (လက်သူကြွယ်) တွင် **မျဉ်းမတ်(၂)ကြောင်း** တွေ့ရပါတယ်။ (ခ)

ဒါကတော့...

အောင်မြင်ပြီးမြောက်စေခြင်းရဲ့ အမှတ်အသားပါပဲ။



- **အသက် လမ်းကြောင်းပေါ်တွင် မျဉ်းမတ်များ** တွေ့ရပါတယ်။ (ဂ)

ဒါကတော့...

တိုးတက်အောင်မြင်စေတတ်တဲ့ သင်္ကေတပါပဲ။

ကဲ...ဒါဆိုရင်တော့...
အဖြေက ရှင်းလောက်ပါပြီ။

သာယာချမ်းမြေ့ပါစေ။

ဆရာဦးခင်မောင်လင်း (B.Sc၊ ရွှေဘို)
(လက္ခဏာ–မဟာဗုဒ်သုတေသီ)



www.burmeseclassic.com

www.burmeseclassic.com

# မဟာဘုတ်ချိန်ခွင်နှင့်



## လက်ဆောင်ယတြာ(၆)

**မဟာဘုတ်အရ...**

လက်ဆောင်ယတြာ (၆)သည် **ချစ်သူရည်းစားအတွက်** ဖြစ်ပါတယ်။ **မဟာဘုတ်ပုတီးပြုဟ်ရဲ့ နံသင့်ပစ္စည်းတစ်ခုခုကို** လက်ဆောင်အဖြစ်ပေးရန် ဖြစ်ပါတယ်။

**၁–ကြွင်းမဟာဘုတ်အရ...**

❖ အဖြူရောင် ပစ္စည်းတစ်ခုခုပေးပါ။

❖ ကံ့ကော်ပန်းပေးပါ။

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၁ | (၂) |

၁–ကြွင်း မဟာဘုတ်

**၂–ကြွင်းမဟာဘုတ်အရ...**

❖ အစိမ်းရောင် ပစ္စည်းတစ်ခုခုကို ပေးပါ။

❖ စွယ်တော်ပန်းပေးပါ။ စံပယ်ပန်း ပေးပါ။

| | | |
|---|---|---|
| | ၆ | |
| ၁ | ၄ | ၀ |
| ၅ | ၂ | (၃) |

၂–ကြွင်း မဟာဘုတ်

**၃–ကြွင်းမဟာဘုတ်အရ...**

❖ အဝါရောင် ပစ္စည်းတစ်ခုခုပေးပါ။

❖ ခရေပန်းပေးပါ။

| | | |
|---|---|---|
| | ၀ | |
| ၂ | ၅ | ၁ |
| ၆ | ၃ | (၄) |

၃–ကြွင်း မဟာဘုတ်

**၄–ကြွင်းမဟာဘုတ်အရ...**

❖ ပန်းရောင် ပစ္စည်းတစ်ခုခုပေးပါ။

❖ ပုန်းညက်ပန်းပေးပါ။

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | ၄ | (၅) |

၄–ကြွင်း မဟာဘုတ်

**၅–ကြွင်းမဟာဘုတ်အရ...**

❖ အပြာရောင် ပစ္စည်းတစ်ခုခုပေး ပါ။

❖ သရဖီ၊ သဇင်ပန်း ပေးပါ။

| | | |
|---|---|---|
| | ၂ | |
| ၄ | ၀ | ၃ |
| ၁ | ၅ | (၆) |

၅–ကြွင်း မဟာဘုတ်

**၆–ကြွင်းမဟာဘုတ်အရ...**

❖ အနက်ရောင် ပစ္စည်းတစ်ခုခုပေး ပါ။

❖ နှင်းဆီပန်းပေးပါ။

| | | |
|---|---|---|
| | ၃ | |
| ၅ | ၁ | ၄ |
| ၂ | ၆ | (၀) |

၆–ကြွင်း မဟာဘုတ်

**၀–ကြွင်းမဟာဘုတ်အရ...**

❖ လိမ္မော်ရောင် ပစ္စည်းတစ်ခုခုပေး ပါ။

❖ အင်ကြင်းပန်းပေးပါ။

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | ၀ | (၁) |

၀–ကြွင်း မဟာဘုတ်

*အေးပါစေ အောင်ပါစေ။*

**သန်းပညာ**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အရိုးကျီးပေါင်းရောဂါအတွက် စကြာမင်း

အမှတ်တံဆိပ်

## ဆေးစွမ်းကောင်းနှစ်လက်

ဦးညာဏ်ထွန်းရှိန် (စက်မှု-၁)

'ဟော့... ကိုညာဏ်ထွန်းရှိန် ရုံးမတက်ဘူးလား'

'ဪ... စာရေးဆရာကြီး မောင်ကိုဇော် (ဥက္ကလာ)ပါလား။ အထိုင်ဗျာ၊ ကျွန်တော် ခွင့်ယူထားရတယ်ဗျ။ နေမကောင်းလို့'

'ကိုညာဏ်ထွန်းရှိန်က ဘာရောဂါတွေ ဖြစ်နေလို့တုံး'

'မသိပါဘူးဗျာ။ ဓာတ်မှန်ရိုက်ပြီး ဆေးစစ်ချက်အရကတော့ ကျွန်တော် ကုပ်ဆက်ရိုးအဆစ် (၄ + ၅ + ၆ + ၇)မှာနဲ့ ခါးဆက်ရိုး (၄ + ၅) အဆစ်တွေမှာ အရိုးကျီးပေါင်းတက်တဲ့ရောဂါလို့ ပြောကြတာပဲ'

'ဆေး မကုဘူးလား'

'ကုတာမှ စုံနေတာပဲ။ လေ့ကျင့်ခန်းတွေလဲ လုပ်တယ်။ ဒါပေမယ့် အရိုးကျီးပေါင်းရောဂါကတော့ ကျွန်တော့်ကို နှိပ်စက်နေတုန်းပဲ'

'ဒါဆို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ကျွန်တော် ဖတ်လိုက်ရတဲ့ ကိုယ်တိုင် အရိုးကျီးပေါင်းရောဂါ သက်သာပျောက်ကင်းသွားကြတဲ့ ကိုဘုန်းဝေ၊ ပြီးတော့ ရှေ့နေကြီး ဦးညွန့်လှိုင် (ညောင်ပင်)တို့ ကုသကြ၊ သုံးစွဲကြတဲ့ ဆရာမြင့် ကိုယ်တိုင်ကု၊ ထုတ်လုပ်ထားတဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါအတွက် သောက်ဆေး၊ လိမ်းဆေးတစ်စုံကို သုံးစွဲကြည့်ပါလား။

ဒီဆေးဟာဆိုရင် အရိုးကျီးပေါင်းရောဂါရှင်တွေကို စနစ်တကျ ကုသပေးရာမှ စနစ်တကျ ဖော်စပ်ထုတ်လုပ်ထားတဲ့ ဆေးဖြစ်လို့ ခင်ဗျားအတွက် အကျိုးမယုတ်နိုင်ပါဘူး'

'ဒါဖြင့် အဲဒီဆရာကြီး ဆရာမြင့်ဆီ ကျွန်တော့်ကို လိုက်ပို့ပေးဗျာ'

'ကဲ... လာ သွားကြမယ်'

* * * * * *

'သိပ်လဲ မစိုးရိမ်ပါနဲ့ ကိုညာဏ်ထွန်းရှိန်ရယ်။ အနာရှိရင် ဆေးရှိပါတယ်။ ဒီခေတ်မှာတော့ ဇက်ကျီးပေါင်းတို့၊ ခါးကျီးပေါင်း၊ ဒူးဆစ်ကျီးပေါင်းတို့၊ ခြေဖနောင့် အတက်ထွက်တာတို့ ဆိုတဲ့ အရိုးဓာတ် ပျက်စီးရာမှ အရွတ်တွေ၊ အကြောတွေ၊ အာရုံကြောတွေ ရှန်းပြန်ကြွက်သားတွေ ချို့ယွင်းပျက်စီးတဲ့ အရိုးကျီးပေါင်းရောဂါဟာ တော်တော် အဖြစ်များနေတဲ့ ရောဂါတစ်ခု ဖြစ်ပါတယ်။ ကျွန်တော့်ဆေးကုခန်းမှာလဲ အရိုးကျီးပေါင်းရောဂါ အမျိုးမျိုးကို နေ့စဉ် ကုသပေးနေရပါတယ်'

'ဇက်ရိုးကျီးပေါင်းနဲ့ ခါးရိုးကျီးပေါင်း လက္ခဏာတွေက ဘယ်လို ရှိပါသလဲ ဆရာ'




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -၀၅၁၃ YR ၀၀၅၃၆၉

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၆/၀၅၁၃

'ကုပ်ဆက်မှာ ကျီးပေါင်းတက်လာရင်တော့ ဇက်ကြောတွေ တက်ခြင်း၊ ထုံးခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ နားထင်ကြောတွေ မျက်ကြောတွေထိုးခြင်း၊ ကိုက်ခြင်း၊ ခေါင်းငုံ့ရင် နောက်ကြော တက်ခြင်း၊ ဆွဲထားသလိုဖြစ်ခြင်း၊ မိုက်ခနဲမူးခြင်း၊ ချာချာလည် အောင်မူးခြင်း၊ ဟိုဘက်ဒီဘက် ခေါင်းလှည့်ရခက်ခြင်း၊ ဇက်ခိုင် ခြင်း၊ ခေါင်းငုံ့မရခြင်း၊ လက်ပြင်ကြော မကြာခဏ ငုပ်တတ်ခြင်း၊ မကြာခဏ အုံးလွဲခြင်း၊ လက်ကြောများကိုက်ခြင်း၊ လက်ဖျားများ ထုံကျဉ်ခြင်း၊ ကြာလာတဲ့အခါ လက်တွေ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ စိတ်ကြည်လင်မှုမရှိခြင်း၊ ဗဟို အာရုံ ကြောကြီးတွေကို အရိုးကျီးပေါင်းများမှ ဖိတောက်ပိတ်ဆို့မှုပြု နေရင် အောက်ပိုင်းလေးခြင်း၊ ဆွဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်းများကို ဖြစ်ပေါ် ခံစားရတတ်ပါတယ်။

ခါးဆစ်မှာ ကျီးပေါင်းတက်နေရင်တော့ ခါး မကြာခဏနာခြင်း၊ တောင့်တင်းကိုက်ခဲခြင်း၊ တင်ပါးဆုံထဲက အောင့်ခြင်း၊ ကိုက်ခြင်း၊ ခြေထောက်အကြောတွေ ကိုက်ခြင်း၊ တင်းခြင်း၊ ခြေဖျားတွေ ထုံကျဉ်လေးလံတတ်ခြင်း၊ ကြာလာပါက ခြေထောက်တွေဟာ သွားရလာရ အားမရှိသလိုဖြစ်ခြင်း စတဲ့ လက္ခဏာတွေကို

www.burmeseclassic.com






ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-ဝ၆၁၂YR ဝဝ၆၇၀၈

ခံစားရတတ်ပါတယ်။ ပြင်းထန်လာပါက အောက်ပိုင်းတွေ ချည့်သွားစေနိုင်သလို အကြော လုံးဝ သေသွားတဲ့အထိလဲ ဖြစ်ပေါ်စေနိုင်ပါတယ်'

'ဟုတ်ကဲ့ပါဆရာ ကျွန်တော်ဖြစ်နေတာတွေနဲ့ တစ်ထပ်တည်းပါပဲ။ ကျွန်တော့်ကို လိုအပ်တဲ့ အကောင်းဆုံး ကုသမှုတွေ ပေးပါဆရာ'

'လိုအပ်တဲ့ ကုသမှုတွေ ပေးရမယ်ဆိုရင် ကျွန်တော့်ရဲ့ ကုထုံးစနစ်က နှစ်မျိုးရှိတယ်ဗျ။ ပထမစနစ်က စကြာမင်း အရိုးကျိုးပေါင်းပျောက်သောက်ဆေး။ လိမ်းဆေးနဲ့ ကုသတဲ့နည်း။ ဒီနည်းစနစ်က ကျွန်တော်တို့ရဲ့ဆေးခန်းမှာ အရိုးကျိုးပေါင်းရောဂါရှင်ပေါင်းများစွာကို သုတေသနပြု ကုသရင်းမှ အရိုးကျိုးပေါင်းရောဂါကို ထိရောက်ပျောက်ကင်းတဲ့အတွက် ကျွန်တော့်ဆေးတိုက်က ထုတ်လုပ်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် (သောက်ဆေး)နဲ့ လိမ်းဆေးကို ဝယ်ယူပြီး ဆေးညွှန်းအတိုင်း သုံးစွဲတဲ့နည်း ဖြစ်ပါတယ်။

ဒုတိယနည်းကတော့ အစွမ်းထက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်ဆေး (သောက်ဆေး) လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး အနာရောက်ရာ၊ ဆေးရောက်ရာဆိုတဲ့ ရောဂါကို အလျင်အမြန် နှိမ်နင်းတဲ့ ကုထုံးစနစ် ဖြစ်ပါတယ်။

ဒီနည်းစနစ်ကုထုံးကတော့ အရိုးကျိုးပေါင်းဖြစ်ရာ အစိတ်အပိုင်းကို ဆေးကြပ်ထုပ်တွေထိုးပေးခြင်း။ ကျိုးပေါင်းဖြစ်ရာ နေရာရှိ ပျက်စီးနေတဲ့ အရွတ်တွေနဲ့ ပိုလျှံ အရိုးကျိုးပေါင်းတွေကို ခြေဖျက်ပေးနိုင်ပြီး အာရုံကြောတွေ အကြောတွေကို အားရှိပွင့်လန်းစေတဲ့ ဆေးတွေ အုံပြီး စည်းပေးတဲ့စနစ် ဖြစ်ပါတယ်။

ဒီကုထုံးစနစ်နဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်သောက်ဆေး။ လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး ကုသမှုခံယူရင်တော့ နှစ်ပတ်အတွင်း သက်သာပြီး လေးပတ်မှ ခြောက်ပတ်အတွင်း သက်သာ ပျောက်ကင်းစေပါတယ်'

ကျွန်တော်လဲ အားတက်သွားပြီး စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေးရော လိမ်းဆေးပါ သောက်,လိမ်းပြီး ဆရာမြင့်ရဲ့ ဒုတိယကုထုံးစနစ်နဲ့လဲ ကုသမှု ခံယူလိုက်တာ နှစ်ပတ်အတွင်းမှာ သိသိသာသာ သက်သာလာပြီး တစ်လအတွင်းမှာ ကျွန်တော် ခံစားနေရတဲ့ အရိုးကျိုးပေါင်းရောဂါဟာ သက်သာ ပျောက်ကင်းချမ်းသာမှု ရခဲ့ပါပြီ။

'ဆရာ့ကို အရမ်း ကျေးဇူးတင်တာပဲခင်ဗျာ။ ကျွန်တော်ကတော့ တစ်သက်လုံး မပျောက်တဲ့ရောဂါမှ ငါ့ကို လာဖြစ်ရတယ်လို့ စိတ်ဓာတ်ကျနေတာ အခု ဆရာရဲ့ စကြာမင်းဆေးစွမ်းကောင်းနှစ်လက်ကြောင့် ဇက်ကျိုးပေါင်းရောဂါ၊ ခါးရိုးကျိုးပေါင်းရောဂါဘေးမှ စိတ်ရောကိုယ်ပါ လွတ်မြောက်ခဲ့တာပါ ဆရာ'

'ဒီလိုပေါ့ဗျာ အနာမသိတော့ ဆေးမရှိ၊ အနာသိရင် ဆေးရှိတယ်ဆိုတဲ့ ရှေးတိုင်းရင်း ဆေးပညာရှင်ကြီးတွေရဲ့ အဆိုအမိန့်အတိုင်းပေါ့လေ။ အရိုးကျိုးပေါင်းရောဂါလို့ သိရတော့ ဆေးတွေပြီး ဦးလေးရဲ့ရောဂါဟာ သက်သာ ပျောက်ကင်းသွားတာပေါ့'

'ကျွန်တော့်လို ဆရာ့ဆီလာရောက်ပြီး မကုသနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအတွက် ကိုယ်ချင်းစာမိတယ်ဆရာ'

'ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့ ကိုညာဏ်ထွန်းရှိန်ခင်ဗျားလိုပဲ အများရဲ့ တောင်းဆိုတိုက်တွန်းချက်ကြောင့် ကိုယ်တိုင်ကုပြီး လက်တွေ့ပျောက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေးကို ဗဟို တိုင်းရင်းဆေးဝါး မှတ်ပုံတင်ဌာနသို့ မှတ်ပုံတင်စစ်ဆေးမှု ခံယူပြီး ဗဟိုတိုင်းရင်းဆေးဝါးမှတ်ပုံတင်နဲ့ ထုတ်လုပ်ဖြန့်ဖြူးခွင့် ရရှိထားလို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။

ကျွန်တော့်ဆေးခန်းကို လာရောက်ပြီး ကုသမှု မခံယူနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအနေနဲ့ အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်ကြီးများနဲ့ မိမိတို့ရဲ့ လက်တစ်ကမ်းရှိ ဆေးမျိုးစုံဆိုင်များမှာ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေး၊ သောက်ဆေး။ လိမ်းဆေးတစ်စုံကို လွယ်လင့်တကူ ဝယ်ယူပြီး ဆေးညွှန်းအတိုင်း စနစ်တကျ သောက်ကြလိမ်းကြရင် အရိုးကျိုးပေါင်းရောဂါဘေးဒုက္ခမှ ကင်းဝေးကြပါလိမ့်မယ်'

'ကဲ... အရိုးကျိုးပေါင်းရောဂါရှင်များ ပေါ့ပေါ့ဆဆ မနေကြပါနဲ့။ ကျွန်တော်ရဲ့ ဇက်ကျိုးပေါင်း၊ ခါးရိုးဆစ်ကျိုးပေါင်းရောဂါကတော့ ဆရာကြီး ဆရာမြင့်ရဲ့ ကုသမှုနဲ့ ကိုယ်တိုင်ကု လက်တွေ့ပျောက်ကင်းတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်ဆေး သောက်ဆေး၊ လိမ်းဆေး ဆေးစွမ်းကောင်းနှစ်လက်ကြောင့် ကင်းဝေးခဲ့ပါပြီ။

ကျွန်တော့်လို ဘဝတူ အရိုးကျိုးပေါင်းရောဂါရှင်များအနေနဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး။ လိမ်းဆေး တစ်စုံလောက်ကို သုံးစွဲကြည့်လိုက်ပါ။ အရိုးကျိုးပေါင်းရောဂါဘေးမှ ကင်းဝေးကြမှာ အမှန်ပဲ ဖြစ်ပါတယ်။

မှတ်ထားနော် "စကြာမင်း" လို့ မေးဝယ်ပါ။

**ဆရာမြင့်**
**စကြာမင်းဆေးတိုက်**
**အမှတ်-၈/၆၆၆ သုဓမ္မာလမ်းမကြီး**
**သန္တာမှတ်တိုင်အနီး**
**မြောက်ဥက္ကလာပမြို့နယ်။**

**ဦးညာဏ်ထွန်းရှိန် (စက်မှု-၁)**




www.burmeseclassic.com

www.burmeseclassic.com

ရွာမြို့ကို ရောက်တိုင်း ကိုကိုထွန်း
နေအိမ်တွင် တည်းခိုနေကျဖြစ်
သည်။ ကိုကိုထွန်းတို့အိမ်မှာ သဘော်
နှင့် နီးသည်။ ကျွန်တော် သွားရ
သမှာ မင်းကင်းမြို့ ဖြစ်သဖြင့်
မြစ်တစ်လျှောက် သဘော်စီး
သွားရ၏။
ထိုစဉ်က အမြန်ယာဉ်မော်တော်
များ စထွက်ခါစ ဖြစ်သည်။
ရေယာဉ်မှာ နံနက်(၆း၀၀)နာရီ
မြို့မှ စထွက်လျှင် မင်းကင်းမြို့သို့
ယ်(၃း၀၀)နာရီ ရောက်၏။
သာကဲ့သို့သော ရေကြောင်း
င်ရေး ဦးစီးဌာနမှ ပြေးဆွဲသည့်
ကြီး ဆန်သဘော်များစီးပါက
၀၀)နာရီထွက်ပါက တစ်နေ့
(၁၁း၀၀)နာရီမှ မင်းကင်းကို
သည်။
ရွာမြို့တွင် ဆွေမျိုးများရှိသော်
ကိုကိုထွန်းအိမ်သို့သာ
က်များသည်။ ကိုကိုထွန်းတို့
မှာ သဘောကောင်းကြ၏။
ကိုကိုထွန်းတွင် ဇနီးသည်
နှင့် သားငယ် အောင်ပြည့်စုံတို့
သာရှိသည်။ တည်းခိုရမည်မှာ
လ်သည့်အပြင် ဝါသနာချင်းတူ
လည်း ဖြစ်ကြသည်။
ထိုစဉ်က ကျွန်တော်သည် ကဗျာ
သီချင်းများရေးသည်။ မြန်မာ့
တွင် အသံသွင်း၍ အသံလွှင့်ရန်
ပေါ်လာတိုင်း ကိုကိုထွန်းကို
၍ မှာရသည်။
ကိုထွန်းက ပုံတီးသမား၊ ခြောက်
တ်၊ စခွန့်နှင့် ပတ်မကြီးကို
ကျင်စွာ တီးနိုင်သည်။ ချင်းတွင်း
ခွဲများတွင် ကိုကိုထွန်း မပါ၍
ချ။
ကိုကိုထွန်း၏ အသက်မွေးဝမ်း





တက္ကသိုလ်ဘုန်းနိုင်

# ထူးခြားသော ရုပ်တုနှင့်

## အစွမ်းထက်ဂါထာ

ကျောင်း စီးပွားရေးလုပ်ငန်းမှာ ပန်းချီဆွဲ၏။ ရှခင်းပုံ၊ ပုံတူ၊ ဆိုင်းဘုတ်ရေးနှင့် နေအိမ်ဆေးသုတ်ခြင်း လုပ်ငန်းအားလုံးလုပ်၏။ မိသားစု သုံးယောက်အတွက် စားဝတ်နေရေး ဖူလုံရုံမျှသာရှိသည်။

ကိုကိုထွန်းက ကြိုးစား၍ အလုပ်လုပ်သည်။ စိတ်စေတနာ ကောင်းပေမယ့် မူးလာလျှင် သွေးဆိုး၏။ ရတနာသုံးပါးကို ကြည်ညိုတတ်သူ ဖြစ်သဖြင့် ပြဿနာ သိပ်မရှာ။ လူချစ်လူခင်တော့ ပေါပါ၏။

ကျွန်တော်သည် မင်းကင်းမြို့မှာ တာဝန်ကျနေသဖြင့် ရန်ကုန်မြို့ရှိ မိသားစုထံ (၆)လတစ်ကြိမ် ပြန်ရသည်။ နေအိမ်မှ မင်းကင်းမြို့သို့အပြန်တွင် ကိုကိုထွန်း၏ နေအိမ်သို့ မဝင်မဖြစ် ဝင်ရသည်။

မင်းကင်းမြို့တွင် သုံးနှစ်ကြာ တာဝန်ထမ်းဆောင်ပြီးနောက် ရန်ကုန်မြို့ရှိ ရုံးချုပ်သို့ ပြန်ပြောင်းရ၏။ ကိုကိုထွန်းနှင့် မတွေ့ကြတာကြာပြီ ဖြစ်ပါသည်။

ရန်ကုန်ပြန်ရောက်၍ (၇)နှစ်ခန့်



www.burmeseclassic.com

www.burmeseclassic.com

ကြာပြီးနောက် မြေးကလေးကို ရှင်ပြုပေးပါသည်။ ကျွန်တော်တို့ မိသားစုအားလုံးမှာ ဂီတဝါသနာအိုးများ ဖြစ်ကြသဖြင့် အလှူတွင် တီးဝိုင်းဖြင့် ဧည့်ခံပေးရန် ဆုံးဖြတ်ကြသည်။

မတွေ့ရတာ ကြာပြီဖြစ်သော ကိုကိုထွန်းကိုလည်း လူကြုံဖြင့် မှာလိုက်ကြ၏။ ကိုကိုထွန်းမိသားစုလည်း ဘုရားစုံဖူးရန် ရည်ရွယ်ပြီး လိုက်ပါလာကြသည်။

မတွေ့ရတာကြာပြီဖြစ်သော ကိုကိုထွန်း၏ မိသားစုကို ပြန်တွေ့လိုက်ရလျှင်ပဲ မယုံကြည်နိုင်လောက်အောင် ဖြစ်ခဲ့ရသည်။

မိသားစုမှာ ယခင်ကလို ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့ မဟုတ်တော့။ သစ်သစ်လွင်လွင် သားသားနားနားနှင့် ရုပ်ဆင်းအင်္ဂါများမှာ ကျက်သရေအပေါင်း ပြည့်စုံနေ၏။

ကိုယ်ပိုင်နေအိမ်၊ ကိုယ်ပိုင်ကားနှင့် ကိုယ်ပိုင်လုပ်ငန်းများဖြင့် ကြီးပွားချမ်းသာနေပြီ ဖြစ်သည်။ သားကြီးမှာ တက္ကသိုလ်သို့ပင် ရောက်နေပေပြီ။

ထိုသို့ များစွာ ပြောင်းလဲသွားသဖြင့် ကျွန်တော်တို့ မိသားစုမှာ ဝမ်းသာအံ့သြ ဖြစ်ခဲ့ရသည်။ ကျွန်တော်တို့နည်းတူ ဂီအပေါင်းအသင်းများက ဝမ်းသာမဆုံးပါ။

အကျိုးအကြောင်းကို မေးကြည့်ကြသော်အခါ ကိုကိုထွန်းက ဘဝအကွေ့အပြောင်းဖြစ်စဉ်ကို စိတ်ရှည်စွာ အောက်ပါအတိုင်း ပြန်ပြောပြပါတော့သည်။

* * *

နွေဦးကာလတွင်ဖြစ်သည်။ မုံရွာမြို့ သစ်ထုတ်လုပ်ရေးဒေသမှ ဝန်ထမ်းဖြစ်သူ ဦးကျော်မြင့် ကိုကိုထွန်းဆီသို့ ရောက်လာပြီး...

'ကိုကိုထွန်း အလုပ်အားနေတယ် မဟုတ်လား'

'အားပါ့ဗျာ၊ အလုပ်က သိပ်မရှိသေးဘူး။ အလှူတွေမှာ ဒိုးပတ်လိုက်တီးနေရတာပဲရှိတယ်။ ဘာကိစ္စရှိလို့လဲ'

'မင်းကို အလုပ်တစ်ခု အပ်ချင်လို့ပါ။ လုပ်ရမယ့် အလုပ်က ကုသိုလ်လဲရ ဝမ်းလဲဝပေါ့'

'ဟာ တယ်ဟုတ်ပါလား။ ဘာအလုပ်များလဲ အာစရိ'

'မင်းကင်းနဲ့ ကလေးဝမြို့ကြားမှာ ကြွေကျေးရွာဆိုတာ ရှိတယ်။ ကျေးရွာက ဘုရားတစ်ဆူမှာ ထုံးသင်္ကန်း ကပ်ပေးရမယ်။ အဖော်နှစ်ယောက်တော့ ခေါ်သွားရလိမ့်မယ်'

'ရပါတယ် ကျုပ်မှာ အဖွဲ့ရှိပြီးသားပါ။ ဘယ်တော့ သွားရမှာလဲ'

'သုံးရက်လောက်ကြာရင် တို့ဌာနက မော်တော်တစ်စီး ထွက်လိမ့်မယ်။ ကြွေကျေးရွာက သစ်ဖောင်တွေ သွားဆွဲရမယ်။ အဲဒီမော်တော်နဲ့ လိုက်ခဲ့ကြပေါ့'

ကိုကိုထွန်းအတွက် ဘုရားမှာ ထုံးသင်္ကန်း ကပ်လှူပူဇော်ရသည့် အလုပ်မှာ အသစ်အဆန်းမဟုတ်ပါ။ စစ်ကိုင်းတိုင်းဒေသကြီး ချင်းတွင်းမြစ်ကမ်းနံဘေးရှိ ဖောင်းပြင်၊ မော်လိုက်၊ မင်းကင်းနှင့် ကနီမြို့များမှ စေတီများကို မကြာခဏ ထုံးသင်္ကန်း ကပ်လှူပေးရသည်။

လုပ်နေကျအလုပ်ဖြစ်၍ အပန်းမကြီးလှ။ ကုသိုလ်လည်းရ ဝမ်းလည်းဝသဖြင့် လိုလိုချင်ချင်ပင် အလုပ်ကို လက်ခံလိုက်သည်။ လုပ်ဖော်ကိုင်ဖက်နှစ်ဦးကို အကြောင်းကြားထားပြီး လိုအပ်မည့် ပစ္စည်းများကို ကြိုတင် စုဆောင်းထားလိုက်၏။

သုံးရက်မြောက်နေ့တွင် ကိုကိုထွ[...] တို့အဖွဲ့ မုံရွာဖောင်ဖွဲ့ရေးဂိုင် မော်တော်[...] နှင့် ချင်းတွင်းမြစ်ကို ဆန်တက်လာ[...] သည်။

ယခင်အခါက ထိုခရီးကို အညာ[...] ဆန်သင်္ဘောနှင့် သွားလာဖူးရာ ယခု[...] မော်တော်လေးဖြင့် သက်သ[...] သာသာ သီးသန့်သွားရသဖြင့် ကြည်[...] ဝမ်းသာမဆုံး ဖြစ်ရသည်။

အလုပ်လုပ်ရမည့် ကြွေကျေးရွာ[...] နောက်တစ်နေ့ ညနေပိုင်းတွင် ရော[...] သည်။ ကိုကိုထွန်းတို့အဖွဲ့ကို ဘု[...] ပရိဝုဏ်အတွင်းရှိ ဇရပ်တစ်ခု၌ [...] ချထားပေးသည်။ ဘုရားမှာ [...] တော်(၇)တောင်မျှမြင့်ပြီး ရှစ်မျက်[...] စေတီ ဖြစ်သည်။

စေတီကို သုံးပေအမြင့်ရှိ အ[...] တံတိုင်း ကာရံထားပြီး မုခ်လေ[...] တည်ဆောက်ထား၏။ ဘုရား[...] အရံစေတီလေး(၈)ဆူ တည်[...] သည်။

စေတီမှာ ကြွေကျေးရွာမှ သုံး[...] ကျော်မျှ အလှမ်းဝေးပါသည်။ [...] မြင်တောကြီးသို့ရောက်ရန် နှစ်[...] သာ လိုတော့သည်။ ပတ်ဝန်း[...] တွင် လူနေအိမ်ခြေမှာ ငါးလုံး[...] ရှိ၏။

ကိုကိုထွန်းတို့အဖွဲ့ နောက်တ[...] နံနက် စောစောကပင် အလုပ်စ[...] အောက်ခံထုံးများကို ဓားမနှင့် [...] သည်။ ပြောင်စင်သွားအောင် [...] ဖြင့် တိုက်ရသည်။ စင်ကြယ်[...] အောင် လှည်းကျင်းပေးရသေး[...]

စေတီမှာ အပြင်ကာရံထား[...] အုတ်တံတိုင်းများကိုပါ သန့်[...] လုပ်ပေးကြသည်။ နှစ်ရက်[...] အခါ ကပ်လှူထားပြီးသော [...] အားလုံး သန့်စင်သွား၏။



www.burmeseclassic.com

www.burmeseclassic.com

နောက်နေ့တွင် ထုံးသင်္ကန်းကို ...င်ကပ်လှူကြသည်။ မကပ်လှူမီ ...ကိုထွန်းတို့အဖွဲ့ ဘုရားရှိခိုးပြီး သီလ ...ာက်တည်ကြသည်။ ထိုညတွင် ...ကိုထွန်းတစ်ယောက် မောမောနှင့် ...ရားရင်ပြင်ပေါ်တွင် ဖျာခင်း၍အိပ် ...က်၏။

...တည်းခိုရန် ပေးထားသော ဇရပ်နှင့် ...နစ်ဆယ်မျှ ဝေးမည်ထင်ပါသည်။ ...ကိုထွန်း နှစ်နှစ်ခြိုက်ခြိုက် အိပ်မော ...သွားပြီး နံနက် ကျေးငှက်များ ...ိတန်းမှ မထမီအချိန်တွင် ခေါ်သံ ...၍ လန့်နိုးလာသည်။

'အကာလေး အကာလေး'

ကိုကိုထွန်း အိပ်ရာမှ အလူးအလဲ ...ိုက်သောအခါ နံဘေးတွင် ရပ်နေ ...ော ဘုန်းကြီးတစ်ပါးကို ဖူးတွေ့ ...က်ရသည်။

ဘုန်းတော်ကြီးမှာ အသားညို၍ ...စ်ခေါက်ဆိုးသင်္ကန်းကို ဝတ်ရုံထား ... သက်တော်(၇၀)နီးပါး ရှိမည်ထင် ...သည်။ ကိုကိုထွန်းက အိပ်ချင်မူးတူး ... ဦးချလိုက်သောအခါ ဘုန်းတော် ...က...

'ဘုရားရင်ပြင်ပေါ်မှာ ခြင်ကိုက် ...ယ်။ ဒီဒေသမှာ ငှက်ဖျားရောဂါ ...ပြောပါဘိ။ အတင့်မရဲရဘူး ဒကာ ...'

'တင်ပ့ါ တပည့်တော် မောမောနဲ့ ...ပျော်သွားတာပါ။ ဘာကိစ္စ ...ရောက်ရှိလို့လဲ ဘုရား'

'ခိုင်းစရာ မရှိပါဘူး။ ဒကာလေးကို ...ရောက်ရှိလို့ လာတာပါ'

'ဘာပေးမလို့လဲ ဘုရား။ ဦးပဉ္ဇင်း ... ဒီနားကပဲလား'

'ဦးပဉ္ဇင်းက မဟာမြိုင်တောထဲကပါ။ ...ဘုရားတွေ လျှောက်ဖူးရင်း လမ်းကြုံလို့ ဒီကိုရောက်လာတာ၊ ကဲ ရော့ အကာလေး



ပူဇော်ထားဖို့ ရဟန္တာကြီးသုံးပါး'

ဟု ပြော၍ ရဟန္တာကြီးသုံးပါး၏ ရုပ်တုတော်များကို ပေးပါသည်။ ရဟန္တာမြတ်များမှာ **ရှင်သီဝလိ၊ ရှင်ဥပဂုတ္တ၊ ရှင်ကစ္စည်းမထေရ်**တို့ ဖြစ်သည်။ ရဟန္တာသုံးပါးကိုတွဲ၍ ထုလုပ်ထားသည်။

ကိုကိုထွန်းသည် မကြာခဏ ဘုရားတွေမှာ ရွှေမင်သင်္ကန်း၊ ထုံးသင်္ကန်းများ ကပ်လှူနေကျဖြစ်၍ ရဟန္တာသုံးပါး၏ အတ္ထုပ္ပတ္တိများကို သိရှိနားလည်ထားပြီးဖြစ်သည်။

**ရှင်သီဝလိမထေရ်မြတ်**မှာ သပိတ်ကို ဘယ်ဘက်တွင် လွယ်ထားပြီး ဘယ်လက်ဖြင့် ယပ်တော်ကို ကိုင်ထား၏။ ညာလက်ဖြင့် တောင်ဝှေးကို ကိုင်၍ ထောက်ထားပြီး အလယ်၌ရပ်နေသည်။

**ရှင်ဥပဂုတ္တထေရ်မြတ်** အား ကောင်းကင်သို့ မော့ကြည့်ပြီး ညာလက်ဖြင့် ဆွမ်းစားနေဟန်ကို ဘယ်ဘက်နံဘေးတွင် ထုလုပ်ထား၏။

ညာအစွန်တွင်မူ **ရှင်ကစ္စည်းရဟန္တာမြတ်ကြီး**အား ထိုင်လျက်အနေအထား ထုလုပ်ထားသည်။ ရှင်သီဝလိရဟန္တာမြတ်၏ ညာဏ်တော်မှာ လေးလက်မရှိပြီး ကျန်ထိုင်လျက်ရဟန္တာနှစ်ပါး၏ ညာဏ်တော်များမှာ နှစ်လက်မစီ ရှိကြသည်။

ကိုကိုထွန်းသည် လက်နှစ်ဖက်ဖြင့် ပင့်ဆောင်ထားသော ရုပ်တုတော်များကို စူးစမ်းလေ့လာ ကြည့်ရှုနေစဉ် ဘုန်းတော်ကြီးက ဆက်ပြီး...

'ဦးပဉ္ဇင်း ဒီရဟန္တာသုံးပါး ရုပ်တုတော်တွေကို မဟာမြိုင်တောထဲ တစ်နေရာက ရလာတာ။ ဒီရဟန္တာကြီးတွေကို ပူဇော်ထိုက်တဲ့ လူကိုပေးဖို့ ဦးပဉ္ဇင်း စောင့်နေတာကြာပြီ။ အခုမှပဲ တိုက်တိုက်ဆိုင်ဆိုင် လာတွေ့တော့တယ်။

အကာလေးက စနေသားမဟုတ်လား။ ပူဇော်ထိုက်သူမို့ ဦးပဉ္ဇင်းက လာပေးတာ၊ ပူဇော်ဖို့ ယူထားလိုက်ပါ။ ရဟန္တာမြတ်ကြီးတွေကို နေ့စဉ် သီး၊ ပန်း၊ ဆွမ်းတော်ဖြင့်နဲ့ သောက်တော်ရေချမ်းများ ကပ်လှူပေးပါ။ အကျိုးထူး ပေးပါလိမ့်မယ်'

ကိုကိုထွန်းသည် ရဟန္တာရုပ်တုတော်များကို လက်ဖဝါးပေါ်မှ ဘုရားရင်ပြင်ပေါ်သို့ချပြီး ရှိသေစွာ ကန်တော့လိုက်သည်။

ရဟန္တာသုံးပါးကို ရွှေသင်္ကန်းများ ကပ်လှူထားသော်လည်း အချို့နေရာများတွင် သစ်စေးအရောင်များ ပေါ်နေပြီဖြစ်သည်။

ထိုအချိန်တွင် စေတီတော် ပတ်ဝန်းကျင်ရှိ သစ်ပင်ကြီးများမှ ငှက်အုပ်ကြီးသည် အိပ်တန်းဝင်နေရာမှ ထ၍ပျံသွားကြ၏။ ဘုန်းတော်ကြီးသည် ကျောပေးထွက်သွားပြီး သစ်ပင်ချုံနွယ်များအကြားသို့ တိုးဝင်သွား၍ ပျောက်ကွယ်သွားသည်။

ပတ်ဝန်းကျင်တွင် မည်သည့်ဘုန်းကြီးကျောင်းမှမရှိ နံနက်မိုးသောက်ယံအချိန်ကျမှ ရဟန္တာရုပ်တုတော်များကို ပူဇော်ဖို့ လာပေးသဖြင့် ထူးဆန်းနေသည်ဟု ကိုကိုထွန်း ထင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

လုပ်ငန်းများ ပြီးစီးသွားသောအခါ မုံရွာမြို့သို့ ပြန်ရောက်လာပြီး ရဟန္တာရုပ်တုတော်များကို ဘုရားဆင်းတုတော်၏ ညာဘက်နံဘေးတွင် တင်လှူပူဇော်ထားလိုက်သည်။

တစ်နေ့တွင် မုံရွာဒေသ ဖောင်ဖွဲ့ရေးမန်နေဂျာကြီး နေအိမ်သို့ ရောက်လာသည်။ မန်နေဂျာကြီးသည် ရွှေပေါင်း ဘုရားပျက်များကို ပြင်ဆင်၍ နေအိမ်တွင် ပူဇော်ထားသူဖြစ်၏။ ရဟန္တာရုပ်တုတော်များကို ဖူးတွေ့လိုက်ရသောအခါ...

'ဒီပုံစံမျိုး ရဟန္တာရုပ်တုများကို ကနီမြို့ ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ ဖူးတွေ့ခဲ့ဖူးတယ်။ ဉာဏ်တော် နှစ်တောင်လောက်ရှိမယ် ထင်တယ်။ ဆရာတော်ကလဲ မဟာမြိုင်တောထဲက ရလာတာလို့ ပြောတယ်။

အဲဒီရဟန္တာကြီးတွေ ကြွလာပြီးမှ ဘုန်းကြီးလဲ သာသနာပြုလုပ်ငန်းတွေ အများကြီး လုပ်ဖြစ်တယ်လို့ မိန့်တော်မူတယ်'

'ဒါဆို ဘုန်းကြီးကို အကျိုးပေးတယ် ဆိုပါတော့'

'ဟုတ်တယ် ဒါပေမယ့် ရုပ်တုတော်တွေချည်း ပူဇော်လို့ မရဘူး။ သက်ဆိုင်တဲ့ ဂါထာတွေကို ရွတ်ဖတ်ပူဇော်ပေးရတယ်လို့ မိန့်တော်မူတယ်။

ဘယ်လို ဂါထာမျိုးလဲလို့ လျှောက်ထားတော့ လက်ရေးနဲ့ ရေးထားတဲ့ ဂါထာစာပိုဒ်ကို ဓမ္မဒါန ပြုလိုက်တယ်။ အဲဒီဂါထာ အိမ်မှာရှိတယ်။ ကိုထွန်းလိုချင်ရင် လာယူလေ'

ဟု ပြောပြီး ရဟန္တာကြီးများကို ဦးချပြီး ပြန်သွားသည်။ ဘုန်းတော်ကြီးမှာကြားသည့်အတိုင်း ပန်း၊ ဆီမီး၊ ဆွမ်း၊ သောက်တော်ရေချမ်းများကို နေ့စဉ် ဆက်ကပ်လှူဒါန်း၏။ မန်နေဂျာကြီးပေးသော ဂါထာကို နေ့စဉ်(၇) ခေါက် ရွတ်ဖတ်ပူဇော်လိုက်သည်။

မကြာမီ ဆိုင်းဘုတ်ရေး၊ ဆေးသုတ်လုပ်ငန်းများ တွင်ကျယ်လာသည်။ တပည့်သုံးယောက်ကိုပင် ခေါ်ထားရ၏။ ချင်းတွင်းမြစ်တစ်လျှောက် ကိုကိုထွန်း၏ လုပ်ငန်းများ မနိုင်မနင်းဖြစ်လာသည်။

လုပ်ငန်းချဲ့ထွင်ပြီး တစ်နှစ်ခန့်ကြာသောအခါ ကိုယ်ပိုင်အိမ်နှင့် ဖြစ်လာသည်။ ဘုရားပေါင်း ဘုရားပျက်များကို မိမိကိုယ်ပိုင်ငွေဖြင့် ပြင်ဆင်နိုင်ခွင့်ရှိလာ၏။

ကားပိုင်၊ အိမ်ပိုင်နှင့် လုပ်ငန်းကြီးတစ်ခုကို ပိုင်ပြီး ယခုလို အခြေအနေရောက်ရှိခဲ့သည်မှာ ရဟန္တာကြီးသုံးပါး၏ ကျေးဇူးတော်ကြောင့်ဖြစ်ကြောင်း ပြန်ပြောပြပါသည်။

ကျွန်တော့်အား နေအိမ်တွင် ပူဇော်ထားရန် ရဟန္တာကြီးသုံးပါး၏ ဓာတ်ပုံတစ်ပုံကို ဓမ္မဒါန ပြုပါသည်။ ရွတ်ဖတ်ပူဇော်ရန် ဂါထာကိုလည်း ရေးပေးသွားပါသည်။

သူ့ဘဝ၏ အလှည့်အပြောင်း ဖြစ်ရပ်မှန်မှာ ရဟန္တာကြီးများ၏ ဆောင်မမှုကြောင့်သာဖြစ်ကြောင်း အလေးအနက် ခံယူထားသည်။

ကိုကိုထွန်း ရွတ်ဖတ်ပူဇော်လျက်ရှိသော ဂါထာကို အောက်တွင် ဖော်ပြလိုက်ပါသည်။

* * *

ခက်ခဲသော ပါဠိအသံထွက်

၁။ ယေစဗုဒ္ဓါ = ယေစဗုတ်ဓါ
ပစ္စုပ္ပန္နာစ = ပစုပ်ပန်နာစ
ယေဗုဒ္ဓါ = ယေဗုတ်ဓါ
ဝန္ဒာမိ = ဝန်ဒါမိ
သဗ္ဗဒါ = သပ်ဗဒါ
၂။ ယေစဓမ္မာ = ယေစဓမ်မာ
၄။ သဗ္ဗ = သပ်ဗ
ဘာဝိသသတိ = ဘာဝိတ်သတိ
ထေရသာ = ထေရတ်သ
သဗ္ဗပေဟာန္တု = သပ်ပေဟွန်တု
၅။ ပဿန္တု = ပတ်သန်တု
ပူဇယန္တု = ပူဇယန်တု
၆။ ဌပေတွာန = ထပေ်တွာန
ဓမ္မဒီပ = ဓမ်မဒီပ
မန္ဒလေန = မန်ဒလေန
ဇယောမန္တာ = ဇယောမန်တ
၇။ ဣန္ဒာဒေဝါ = အိန်ဒါဒေဝါ
သမြဟ္မကာ = သမြန်မကာ
မနုဿာ = မနုတ်သ
ပုရိသော = ပုရိသော
ဣဿိ = အိတ်ထိ
ဘာဝိသသတိ = ဘာဝိတ်သတိ
၈။ ဣဒမ္ပိ = အိဒမ်ပိ
၉။ ဝန္ဒွံဒန္တံ = ဝန်နံ ဒန်တံ
ကိတ္တိ = ကိတ်တိ
တဝရှဓေ္ဓ = တဝရှတ်ခေ
ဝိနဿန္တု = ဝိနတ်သန်တ
၁၁။ ထေရသာ = ထေရတ်သ
ပူဇယန္တု = ပူဇယန်တု
၁၂။ ဌာပေတွာန = ထပစ်တဝါ
မန္တိတေန = မန်တိတေ
ဇယောမန္တံ = ဇယောမန်
အဟံဝန္ဒာမိ = အဟံဝန်ဒါ
သဗ္ဗဒါ = သပ်ဗဒါ
၁၃။ ဒေဝမနုဿာ = ဒေဝမနုတ်
ပစ္စယာဒိနံ = ပစ်စယာဒိ
၁၄။ ဥပဂုတ္တော = အုပဂုတ်တော
မဟိဒ္ဓိကော = မဟိတ်ဓိ
သမ္ပုဒ္ဒေန = သမ်ဗုတ်
ဝိညာဂဓေတော = ဝိန်ညာဂ
မာရဉ္စ = မာရင်စ
မာရဗလဉ္စ = မာရဗလင်
ဒမေသာတိ = ဒမစ်သတိ
၁၅။ ပတိဋ္ဌိတော = ပတိတ်ထိ
သုဏိတံ = သုဏိတံ
ကတွာ = ကတ်တဝါ
အန္တရာယာ = အန်တရာ
ဝိနဿန္တု = ဝိနတ်သ
ဝန္ဒိတ္ဘာဒိနေဝ = ဝန်ဒအိ
၁၆။ ဥပဂုတ္တံ = အုဂုတ်
မဟိဒ္ဓိကံ = မဟိတ်ဓိ
အဂ္ဂိတောဝါ = အက်ဂိ



www.burmeseclassic.com

www.burmeseclassic.com

၁။ ယေစဗုဒ္ဓါ အတီတာစ၊ ယေစဗုဒ္ဓါ အနာဂတာ၊
ပစ္စုပ္ပန္နာစယေဗုဒ္ဓါ၊ အဟံဝန္ဒာမိ သဗ္ဗဒါ။
၂။ ယေစဓမ္မာ အတီတာစ၊ ယေစဓမ္မာ အနာဂတာ၊
ပစ္စုပ္ပန္နာစ ယေဓမ္မာ၊ အဟံဝန္ဒာမိ သဗ္ဗဒါ။
၃။ ယေစသံဃာ အတီတာစ၊ ယေစသံဃာ အနာဂတာ၊
ပစ္စုပ္ပန္နာစ ယေသံဃာ၊ အဟံဝန္ဒာမိ သဗ္ဗဒါ။
၄။ သီဝလိစမဟာနာမော၊ သဗ္ဗလာဘော ဘဝိဿတိ၊
ထေရဿ အာနုဘာဝေန၊ သဗ္ဗေဟောန္တု ပိယံမမ။
၅။ သီဝလိစ မဟာဝီရော၊ ယေယေ ပဿန္တု ပံပိယံ၊
တေတေ ပဿန္တု ပရမံ၊ ဝန္ဒပဒါ ပူဇယန္တု။
၆။ သီဝလိ နာမထေရေန၊ မမ သီသေ ဌပေတွာန၊
ဗျဉ္ဇိပ မဏ္ဍလေန၊ ဗေယာမန္တာ သုခါဝဟံ။
၇။ သီဝလိစ မဟာနာမံ၊ ကုန္တာဒေဝိ သဗြဟ္မကာ၊
မနုဿပုရိသော ကုဏ္ဍိ၊ မဟာလာဘံ ဘဝိဿတိ။
၈။ သီဝလိစ မဟာလာဘံ၊ နာနာဒေဝိ ဝရံ ဝရံ၊
ကုဒ္ဓိ ပူဇိတံဒေဝီ၊ မဟာသုခံ ဘဝိဿတိ။
၉။ ဝဏ္ဏံ ဒန္တံ သုခံ ကိတ္တိ၊ အနာမယံ ဘဝေ ဘဝေ၊
တဝရက္ခေ ဒေဝီတာ၊ သဗ္ဗကောဓံ ဝိနဿန္တု။
၁၀။ သီဝလိစမဟာလာဘော၊ သဗ္ဗလာဘံ ဘဝိဿတိ၊
ထေရဿ အာနုဘာဝေန၊ သဒါဟောတု ပိယံမမ။
၁၁။ သီဝလိစ မဟာထေရော၊ ယေယေ ပဿန္တု ပံပိယံ၊
တေတေ ပဿန္တု ပံပိယံ၊ ဝန္ဒပဒါ ပူဇယန္တု။
၁၂။ သီဝလိစ မဟာထေရော၊ မမသီသေ ဌပေတွာန၊
မန္တိတေန ဗေယာမန္တံ၊ အဟံဝန္ဒာမိ သဗ္ဗဒါ။
၁၃။ သီဝလိစ မဟာထေရော၊ ဒေဝမနုဿ ပူဇိတော၊
သော ရဟော ပစ္စယာဒီနံ၊ မဟာလာဘံ ကရောတုမေ။
၁၄။ ဥပဂုတ္တော မဟိဒ္ဓိကော၊ သမ္ဗုဒ္ဓေန ဝိညာဂတော၊
မာရဉ္စ မာရဗလဉ္စ၊ အဝေဿတိ အနာဂတေ။
၁၅။ မမ သီသေ ပတိဋ္ဌိတော၊ မာရေန သုဘိတံကတွာ၊
အန္တရာယာ ဝိနဿန္တု၊ အဟံ ဝန္ဒကုဒ္ဒိနေဝ။
၁၆။ ဥပဂုတ္တံ မဟိဒ္ဓိကံ၊ ရာဇတောဝါ၊ အဂ္ဂိတောဝါ၊
အမနုဿတောဝါ၊ သဗ္ဗုပဒ္ဒဝါ၊ သောကရောဂါ ဝိရောဓယာ၊
ပရိတ္တံ ဇယမင်္ဂလံ။
၁၇။ ဥပဂုတ္တော မဟာဝီရော၊ သမ္ဗုဒ္ဓေန ဝိညာဂတော၊
မာရဉ္စ မရဗလဉ္စ၊ အနာဂတေ အာဂတံ။
၁၈။ တာဒိသောထေရော၊ မာရေနာ ဝိနတံကတွာ၊
သဗ္ဗေအန္တရာယာ ဝိနဿန္တု၊ ကုဒ္ဒိနေဝ ဥပဂုတ္တော၊
ယံယံ ဥပဒ္ဒဝါဇာတံ၊ ဝိဒ္ဓံသေတု အသေသတော။

**အမနုဿ** = အမနုတ်သ
**တောဝါ** = တောဝါ
**သဗ္ဗုပဒ္ဒဝါ** = သဗ်ဗအုပတ်ဒဝါ
**ပရိတ္တံ** = ပရိတ်တံ
**ဇယမင်္ဂလံ** = ဇယမင်ဂလံ
၁၇။ **ဥပဂုတ္တော** = အုပဂုတ်တော
**သမ္ဗုဒ္ဓေ** = သမ်ဗုတ်ဓေ
**နုဝိညာဂတော** = နုဝိန်ညာဂတော
**မာရဉ္စ** = မာရင်စ
**မရဗလဉ္စ** = မရဗလင်စ
၁၈။ **ဝိနတံကတွာ** = ဝိနတံကတ်တဝါ
**သဗ္ဗေ** = သပ်ဗေ
**အန္တရာယာ** = အန်တရာယာ
**ဝိနဿန္တု** = ဝိနတ်သန်တု
**ကုဒ္ဒိနေဝ** = ဒိဒိနေဝ
**ဥပဒ္ဒဝါဇာတံ** = ဥပတ်ဒဝါဇာတံ
**ဝိဒ္ဓံသေတု** = ဝိတ်ဓံသေတု

အနက်

၁။ **အတီတာ** – လွန်ခဲ့ပြီးကုန်သော၊ **ယေစ ဗုဒ္ဓါ**–အကြင် ဘုရားရှင်တို့သည်လည်းကောင်း။ **အနာဂတာ** –အနာဂတ်၌ ဖြစ်ကုန်သော၊ **ယေ ဗုဒ္ဓါစ**– အကြင် ဘုရားရှင်တို့သည် လည်းကောင်း။ **ပစ္စုပ္ပန္နာ** – ပစ္စုပ္ပန်ဖြစ်ကုန်သော၊ **ယေဗုဒ္ဓါစ**– အကြင် ဘုရားရှင်တို့သည် လည်းကောင်း။ **သန္တိ**–ရှိကြကုန်၏။ **တေ** – ထို ဘုရားရှင်တို့ကို၊ **အဟံ**–အကျွန်ုပ်သည်၊ **သဗ္ဗဒါ**– အခါခပ်သိမ်း။ **ဝန္ဒာမိ**–ရှိခိုးပါ၏။

၂။ **အတီတာ** – လွန်ခဲ့ပြီးကုန်သော၊ **ယေစဓမ္မာ**–အကြင်တရားတော်မြတ်တို့သည် လည်းကောင်း။ **အနာဂတာ**–အနာဂတ်၌ ဖြစ်ကုန်သော၊ **ယေစဓမ္မာ**–အကြင် တရားတော်မြတ်တို့သည် လည်းကောင်း။ **ပစ္စုပ္ပန္နာ** – ပစ္စုပ္ပန်ဖြစ်ကုန်သော၊ **ယေဓမ္မာစ**–အကြင် တရားတော်မြတ်တို့သည် လည်းကောင်း။ **သန္တိ**–ရှိကြကုန်၏။ **တေ**–ထို



www.burmeseclassic.com

www.burmeseclassic.com

တရားတော်မြတ်တို့ကို၊ **အဟံ**–အကျွန်ုပ်သည်၊ **သဗ္ဗဒါ**–အခါခပ်သိမ်း၊ **ဝန္ဒာမိ**–ရှိခိုးပါ၏။

၃။ **အတီတာ**–လွန်ခဲ့ပြီးကုန်သော၊ **ယေစသံဃာ**–အကြင်သံဃာတို့သည်လည်း။ **အနာဂတာ**–အနာဂတ်၌ဖြစ်ကုန်သော၊ **ယေသံဃာစ**–အကြင် သံဃာတို့သည်လည်း။ **ပစ္စုပ္ပန္နာ**–ပစ္စုပ္ပန်ဖြစ်ကုန်သော၊ **ယေသံဃာစ**–အကြင်သံဃာတို့သည်လည်းကောင်း။ **သန္တိ**–ရှိကြကုန်၏။ **တေ**–ထိုသံဃာတော်တို့ကို၊ **အဟံ**–အကျွန်ုပ်သည်၊ **သဗ္ဗဒါ**–အခါခပ်သိမ်း၊ **ဝန္ဒာမိ**–ရှိခိုးပါ၏။

၄။ **မဟာနာမော**–ကြီးမြတ်သော အမည်တော် ရှိတော်မူသော၊ **သီဝလိစ**–သီဝလိမထေရ်သည်လည်း။ **သဗ္ဗလာဘော**–အလုံးစုံသော လာဘ်လာဘသည်၊ **ဘဝိဿတိ**–ဖြစ်ပေလတ္တံ့။

**ထေရဿ**–မထေရ်မြတ်၏၊ **အာနုဘာဝေန**–အာနုဘော်တော်ကြောင့်၊ **သဗ္ဗေ**–ခပ်သိမ်းကုန်သော သူတို့သည်၊ **မမ**–အကျွန်ုပ်အား၊ **ပီယံ**–ချစ်ခင်ခြင်းသည်၊ **ဟောန္တု**–ဖြစ်စေကုန်သတည်း။

၅။ **သီဝလိစ**–အရှင်သီဝလိမထေရ်မြတ်သည်ကား၊ **မဟာဝီရော**–ကြီးမြတ်သော လုံ့လရှိတော်မူ၏။ **ယေယေ**–အကြင် ကြင်သူတို့သည်၊ **မံ**–အကျွန်ုပ်ကို၊ **ပီယံ**–ချစ်ခင်စွာ၊ **ပဿန္တု**–ကြည့်ရှုပါစေကုန်သတည်း။ **တေတေ**–ထိုထိုသူတို့သည်၊ **ပရမံ**–လွန်ကဲစွာ၊ **ပဿန္တု**–ကြည့်ရှုပါစေကုန်သတည်း။ **ဇနပဒါ**–ဇနပုဒ်နေလူတို့သည်၊ **ပူဇယန္တု**–ပူဇော်ကြ



စေကုန်သတည်း။

၆။ **သီဝလိနာမထေရေန**–သီဝလိမည်တော်မူသော မထေရ်မြတ်သည်၊ **မမသီသေ**–အကျွန်ုပ်၏ဦးခေါင်းထက်၌၊ **ဌပေတ္ဗာန**–တည်တော်မူ၍၊ **ဇမ္ဗူဒီပမဏ္ဍလေန**–ဇမ္ဗူဒိပ်ကျွန်း အဝန်းအဝိုင်းဖြင့်၊ **ဇယော**–အောင်မြင်သည်ဖြစ်၍၊ **မန္တာ**–ရွတ်ဆိုအပ်သော မန္တန်တို့သည်၊ **သုခါဝဟံ**–ချမ်းသာခြင်းကို ဆောင်၏။

၇။ **သီဝလိစ မဟာနာမံ**–သီဝလိဟူ၍ ကြီးမြတ်သော အမည်တော်ရှိသည့် မထေရ်မြတ်ကို၊ **သဗြဟ္မကာ**–ဗြဟ္မာနှင့်တကွ ဖြစ်ကုန်သော၊ **ဣန္ဒာဒေဝါ**–သိကြားနတ်တို့သည် လည်းကောင်း။ **မနုဿပုရိသောဣတ္ထီ**–လူယောကျ်ား၊ မိန်းမတို့သည် လည်းကောင်း။ (**နမဿန္တိ**–ရှိခိုးကြကုန်၏။)၊ **မဟာလာဘံ**–ကြီးမြတ်သော လာဘ်လာဘသည်၊ **ဘဝိဿတိ**–ဖြစ်ပေလတ္တံ့၊

၈။ **သီဝလိစ မဟာလာဘံ**–လာဘ်လာဘ ကြီးမားတော်မူသော သီဝလိမထေရ်မြတ်ကို၊ **ဝရံ ဝရံ**–မွန်မွန်မြတ်မြတ်၊ **နာနာဒေဝါ**–အထူးထူးအပြားပြား လှူဒါန်းလေ၏။

**ဣဒမ္ပိ**–ဤအထူးထူး အပြားပြား လှူဒါန်းခြင်းသည်လည်း။ **ပူဇိတံ**–ပူဇော်အပ်သည်ကို၊ **ဒေတိ**–ပေးလှူ၏။ **မဟာသုခံ**–ချမ်းသာကြီးမားသည်၊ **ဘဝဿတိ**–ဖြစ်ပေလတ္တံ့။

၉။ **ဘဝေ ဘဝေ**–ဘဝတိုင်း ဘဝတိုင်း၌၊ **ဝဏ္ဏံ ဒန္တံ သုခံ ကိတ္တိ**–အဆင်းလှခြင်း, ယဉ်ကျေးသိမ်မွေ့ခြင်း, ချမ်းသာခြင်း, သတင်းကျော်စောခြင်းသည် လည်းကောင်း။ **အနာမယံ**–ရောဂါအနာ မရှိသည်လည်းကောင်း။ (**ဘဝေယျုံ**–ဖြစ်ရပါလို၏။) **တဝရုက္ခေ**–သင်၏ သစ်ပင်၌၊ **ဒေဝဝီတာ**–နတ်သမီးသည်၊ **သဗ္ဗကောခံ**–အလုံးစုံသော အမျက်ဒေါသကို၊ **ဝိနာသန္တု**–ပယ်ဖျောက်စေကုန်သတည်း။

၁၀။ **သီဝလိစ မဟာလာဘော**–လာဘ်လာဘများသော သီဝလိမထေရ်မြတ်သည်၊ **သဗ္ဗလာဘံ**–အလုံးစုံသော လာဘ်လာဘကို၊ **ဘဝိဿတိ**–ဖြစ်စေလတ္တံ့၊

**ထေရဿ**–မထေရ်မြတ်၏၊ **အာနုဘာဝေန**–အာနုဘော်တော်ကြောင့်၊ **သဒါ**–အခါခပ်သိမ်း၊ **မမ**–အကျွန်ုပ်အား၊ **ပီယံ**–ချစ်ခင်ခြင်းသည်၊ **ဟောတု**–ဖြစ်စေသတည်း။

၁၁။ **သီဝလိစ**–အရှင် သီဝလိသည်ကား၊ **မဟာထေရော**–ကြီးမြတ်သောမထေရ် ဖြစ်ပါပေ၏။ **ယေယေ**–အကြင် အကြင်သူတို့သည်၊ **မံ**–အကျွန်ုပ်ကို၊ **ပီယံ**–ချစ်ခင်စွာ၊ **ပဿန္တု**–ကြည့်ရှုစေကုန်သတည်း။ **တေတေ**–ထိုထိုလူတို့သည်၊ **မံ**–အကျွန်ုပ်ကို၊ **ပီယံ**–ချစ်ခင်စွာ၊ **ပဿန္တု**–ကြည့်ရှုစေကုန်သတည်း။



www.burmeseclassic.com

www.burmeseclassic.com

**နုပဒါ**–ဖနပ်ဒ်နေသူ လူတို့သည်၊ **ပူဇယန္တု**–ပူဇော်စေကုန်သတည်း။

၁၂။ **သီဝလိစ မဟာထေရော**–အရှင်သီဝလိ မထေရ်မြတ်ကြီးသည်ကား။ **မမသီသေ**–အကျွန်ုပ်၏ ဦးခေါင်းထက်၌၊ **ဌမေပတ္တာန**–တည်တော်မူ၍၊ **မန္တိတေန**–ရွတ်ဆိုအပ်သောမန္တန်ဖြင့်၊ **မန္တံ**–သူတစ်ပါးရွတ်အပ်သော မန္တန်ကို၊ **ဇယော**–အောင်၏၊ **အဟံ**–အကျွန်ုပ်သည်၊ **သဗ္ဗဒါ**–အခါခပ်သိမ်း၊ **ဝန္ဒာမိ**–ရှိခိုးပါ၏။

၁၃။ **သီဝလိစ မဟာထေရော**–သီဝလိမည်သော မထေရ်မြတ်ကို၊ **ဒေဝမနုဿပူဇိတော** – နတ်လူတို့သည် ကြည်ညိုမပြတ် ပူဇော်အပ်ပါပေ၏။

**သော**–ထိုအရှင်သီဝလိ မထေရ်မြတ်သည်၊ **ပစ္စယာဒိ**–ဆွမ်းသင်္ကန်းကျောင်း ဆေးပစ္စည်း စသည်တို့ကို၊ **အရဟော**–ခံယူတော်မူထိုက်ပါပေ၏။

**သော**–ထိုအရှင်မြတ်သည်၊ **မေ**–အကျွန်ုပ်အား၊ **မဟာလာဘံ**–ကြီးမြတ်သော လာဘ်လာဘကို၊ **ကရောတု**–ပြုတော်မူပါစေသတည်း။

၁၄။ **ဥပဂုတ္တော**–ဥပဂုတ္တမထေရ်မြတ်သည်၊ **မဟိဒ္ဓိကော**–ကြီးမားသော တန်ခိုးရှိတော်မူပါပေ၏။ **အနာဂတေ** – သာသနာတော်နှစ်ရာကျော်လာ နောင်အခါ၌၊ **မာရဥ္စ** – မာရ်နတ်ကိုလည်းကောင်း၊ **မာရဗလဥ္စ**–မာရ်နတ်၏ ဗိုလ်ထု အပေါင်းကိုလည်းကောင်း **ဒမေဿတိ** – တန်ခိုးတော်သုံး အနှုန်းမက အရှုံးရစေ ဆုံးမပေလတ္တံ့၊ (**ဣတိ**–ဤသို့) **သမ္ဗုဒ္ဓေန** – မြတ်စွာဘုရားသည်၊ **ဝိညာဂတော**–သိတော်မူအပ်၏။



၁၅။ **မမသီသေ**–အကျွန်ုပ်၏ ဦးခေါင်းထက်၌၊ **ဠိတော**– တည်တော်မူလျက်၊ **မာရသေနာသုဓံသိတံ ကတ္တာ** – မာရ်နတ်ကြားအောင် ပြုတော်မူလျက်၊ **အန္တရာယာ**–အန္တရာယ်တို့ကို၊ **ဝိနဿန္တု**–ဖျက်ဆီးပါစေသတည်း။ **အဟံ**–အကျွန်ုပ်သည်၊ **ဣဒါနေဝ**–ယခုပင်လျှင်၊ **ဝန္ဒ ဝန္ဒာမိ**–ရှိခိုးပါ၏။

၁၆။ **မဟိဒ္ဓိကံ**–တန်ခိုးတော်ကြီးမားသော၊ **ဥပဂုတ္တံ**–ဥပဂုတ္တ မထေရ်မြတ်ကို၊ **ရာဇတောဝါ**–မင်းဘေးမှ လည်းကောင်း၊ **ဥဒကတော**–ရေလွှမ်းမိုးခြင်းဘေးမှ လည်းကောင်း၊ **အဂ္ဂိတောဝါ**–အိုးအိမ်တက်ပြောင် ကုန်အောင် လောင်သော မီးဘေးမှ လည်းကောင်း၊ **အမနုဿတောဝါ**–လူမဟုတ်ပေ တစ္ဆေသရဲ ဆီခဲစားကျူး ဘီလူးဘေးမှလည်းကောင်း၊ **သဗ္ဗဥပဒ္ဒဝါ**–ကပ်၍ နှိပ်စက်တတ် အလုံးစုံသော ဘေးဥပဒ်မှ လည်းကောင်း၊ **သောကရောဂါဝါ** – စိုးရိမ်ခြင်းဘေး ရောဂါဘေးမှ လည်းကောင်း၊ **ပရိတ္တံ** – အရံအတားကို ပြုပါ၏၊ **ဇယမင်္ဂလံ** –အောင်ခြင်းမင်္ဂလာဖြစ်ပါစေ။

၁၇။ **မဟာဝီရော** – ကြီးမြတ်သော လုံ့လရှိတော်မူသော၊ **ဥပဂုတ္တော** – ဥပဂုတ္တမထေရ်မြတ်သည်၊ **အနာဂတေ** – သာသနာတော် နှစ်ရာကျော်ထ နောင်ကာလ၌၊ **အာဂတံ**–လာလတ္တံ့သော၊ **မာရဥ္စ** –မာရ်နတ်ကို လည်းကောင်း၊ **မာရဗလဥ္စ**–မာရ်နတ်၏ ဗိုလ်ထု အပေါင်းကို လည်းကောင်း (**ဒမေဿတိ**–ဆုံးမလတ္တံ့) **ဣတိ** –ဤသို့၊ **သမ္ဗုဒ္ဓေန**–မြတ်စွာဘုရားသည်၊ **ဝိညာဂတော**–သိတော်မူအပ်၏။

၁၈။ **တာဒိသော ထေရော** – ထိုသို့သဘောရှိသော မထေရ်မြတ်သည်၊ **မာရေန**–မာရ်နတ်မင်းက၊ **အဓိနတံ**–မိမိအပေါ်၌ မအောင်နိုင်သည်ကို၊ **ကတ္တာ**–ပြုတော်မူ၍၊ **သဗ္ဗအန္တရာယာ**– အလုံးစုံသော အန္တရာယ်တို့သည်၊ **ဝိနဿန္တု**–ကယောက်ကယက် ပျောက်ပျက်စေကုန်သတည်း။ **ယံယံဥပဒ္ဒဝါဇာတံ**–အကြင် အကြင် ဘေးဥပဒ်တို့ ဖြစ်ပေါ်လာ၏။ (**တံ တံ**–ထိုဖြစ်ပေါ်လာသော ဘေးဥပဒ်ကို) **ဥပဂုတ္တော**–ဥပဂုတ္တမထေရ်မြတ်သည်၊ **ဣဒါနေဝ**–ယခုပင်လျှင်၊ **ဝိဒ္ဓံသေတု**–ဖရိုဖရဲ ပြိုကွဲလေအောင် ဖြိုခွဲတော်မူပါစေသတည်း။

*[ဤဂါထာတော်များ ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဗျော့စရိယ(မဟာဝဂ္ဂါဒိမြန်မာ ဂုဏ်ထူး)၊ ဓီယဘာဓက–ဓီယနိကာယ ကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။]*

တက္ကသိုလ် အပန်ငယ်



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအတွက်

# ကျန်းမာရေး အတွက် အကြံပေးချက်

ဤလတွင်...

✦ **မိဿရာသီဖွား(မတ်လ ၂၁ ရက်မှ ဧပြီလ ၂၀ရက်အတွင်း မွေးဖွားသူ)**တို့သည် အာပေါဓာတ်စာများကို အားပြုစားသုံး၍ ပထဝီဓာတ်စာများကို လျှော့ပေါ့ရှောင်ကြဉ်သင့်သည်။

**အာပေါဓာတ်စာ ။ ။** ကျွဲသား၊ ကြံ့သား၊ ရေမြွေသား၊ ရေကြက်သား၊ ဝက်သား၊ လိပ်သား၊ ခရု၊ ကဏန်း၊ ကနကမာ၊ ဖျိုင်းသား၊ ဘဲသား၊ ငန်းသား၊ ငါးလင်ပန်း၊ ငါးပတ်၊ ငါးဖယ်၊ ငါးသိုင်း၊ ငါးခူ၊ ငါးကျည်း၊ ငါးရံ့၊ ငါးဝက်မ၊ ငါးသင်းအုံ၊ ကကူရံ၊ ကသပေါင်၊ ကသပို၊ ငါးသလဲတို့။

စပျစ်သီး၊ ဆီးချိုသီး၊ စရို၊ ရှောက်ချိုသီး၊ လိမ္မော်သီး၊ သရက်သီး၊ သခွားသီး၊ ဘူးသီး၊ ကျောက်ဖရုံသီး၊ ဖရဲသီး၊ ကြက်မောက်သီး၊ နာနတ်သီး၊ ပုံလုံသီး၊ သင်္ဘောသီးမှည့်၊ ဇီးကြမ်း၊ ငှက်ပျော၊ ကနဖော့၊ မန်ကျည်းသီးစိမ်း။

လယ်ပတူ၊ ခဝဲ၊ အောင်မဲညို၊ သပွတ်၊ မင်းဂွတ်သီး၊ ကြက်သွန်နီ၊ ကြံရည်၊ ကျောက်ပွင့်၊ ရေညှိ၊ စားတော်ပဲ၊ တော်သလင်းဖူး၊ ဂေါ်ဖီထုပ်၊

ဆိတ်ဖူး၊ နံနံ၊ မုန်ညင်းဖြူ၊ ပုန်းရည်ကြီး၊ အုန်းရည်၊ မဲဇကြီး(သင်္ဘောမဲဇလီ)၊ ဖလံတောင်ဝှေး။

ဤတွင် ငါးပတ်၊ ငါးခူနှင့် စားတော်ပဲတို့သည် ပထဝီဓာတ်လည်း ပါဝင်သဖြင့် လျှော့ပေါ့စားသုံးရန် ဖြစ်သည်။

**ပထဝီဓာတ်စာ ။ ။** ကြက်သား၊ ချိုးသား၊ ခါသား၊ ဆတ်သား၊ ဖွတ်သား၊ ပုတတ်သား၊ သမင်ဒရယ်သား၊ ဆိတ်သား၊ ဝက်ပေါင်သား၊ အမဲ(နွား)သား၊ ဖွတ်၊ ပုတတ်၊ လင်းမြွေ၊ စပါးကြီးမြွေသား။

ငါးခူ၊ ငါးကြင်း၊ ငါးစင်ရိုင်း၊ ငါးစင်စစ်၊ ပုစွန်၊ ငါးသလောက်၊ ငါးပတ်၊ ငါးရှဉ့်၊ ငါးမြွေထိုး၊ ဆိတ်နို့၊ ကျွဲနို့၊ နွားနို့၊ ထောပတ်။

ပိန်းဥ၊ ကိုင်းဥ၊ မျောက်ဥ၊ ကန်စွန်းဥ၊ ဥသျှစ်၊ တညင်းသီး၊ မာလကာသီး၊ ဒူးရင်းသီး၊ မန်ကျည်းသီးမှည့်၊ ပိုးစာရွက်၊ ကောက်ညှင်း၊ ရွှေဖရုံသီး၊ မြေပဲ၊ ပဲလွန်း၊ ပဲကြီး၊ အုန်းသီး၊ သစ်ကြားသီး၊ စားတော်ပဲ၊ ဒန့်သလွန်သီး၊ ဒန့်သလွန်ရွက်။

✦ **ပြိဿရာသီဖွား (ဧပြီလ ၂၁ရက်မှ မေလ ၂၀ရက်အတွင်း မွေးသူ)**တို့သည် တေဇောဓာတ်စာများကို အားပြုစားသုံး၍ ဝါယောဓာတ်စာများကို ရှောင်သင့်ပါသည်။

**တေဇောဓာတ်စာ ။ ။** မြွေပွေး၊ မြွေဟောက်၊ ငါးပြေမ၊ ငါးဖမ်းမ၊ ငါးတန်၊ ကကတစ်၊ ကြက်သား၊ ငါးကြင်း၊ ငါးသလောက်၊ ကြောင်သား၊ ကြွက်သား၊ ရှဉ့်။

ဒူးရင်းသီး၊ ရဲယိုသီး၊ ရဲယိုရွက်၊ သင်္ဘောသီးမှည့်၊ ဩဇာသီး၊ စောင်းလျားသီး၊ မရန်းသီး၊ သံပရာသီး၊ ရှောက်ချဉ်သီး၊ ဆီးချဉ်သီး၊ ကနစိုးသီး၊ လက်လုပ်ချဉ်မျိုးစုံ၊ မုန်လာဥ၊ မို့၊ မျှစ်၊ ကြက်သွန်ဖြူ၊ ချင်း၊ ပိတ်ချင်း၊ ငရုတ်ကောင်း။

ငရုတ်သီး၊ကရဝေး၊သစ်ကြံပိုး၊ လေးညှင်း၊ ပတဲကော၊ ကန့်ချွပ်နီ၊ ပင်စိမ်း၊ ဒန့်သလွန်ရွက်၊ တောင်သလဲရွက်၊ ပေါက်ပန်းနီ။

ပေါက်ပန်းဖြူ၊ ကြိတ်မှန်ရွက်၊ လဲလုရွက်၊ ဝါရွက်၊ ချဉ်ပေါင်ရွက်၊ ကင်ပွန်းရွက်၊ ကြာဟင်း၊ ကုက္ကိုရွက်၊ သက်ရင်း၊ ကနစိုငှ၊ ထန်းရည်၊ ဝဥ၊ အင်ဥ၊ ပီလောပီနံဥ၊ ဤတွင် ကကတစ်၊ ကင်ပွန်းရွက်တို့မှာ ဝါယောဓာတ်လည်း ပါဝင်သဖြင့် ချင့်ချိန်စားသုံးရန်ဖြစ်သည်။

**ဝါယောဓာတ်စာ ။ ။** ငါးခုံးမ၊ ငါးမြင်း၊ ငါးမြစ်ချင်း၊ ကကတစ်၊ ကြက်ဥ၊ ဘဲဥ၊ လိပ်ဥ၊ ငှက်ဥ၊ ကင်ပွန်းရွက်၊ မာလာဖူး၊ ပုတတ်စာ၊ သရက်ကင်းဖူး၊ ခွေးတောက်။

ကြောင်လျှာ၊ သပွတ်ခါး၊ ဆေးပုလဲ၊ ဆင်တုံးမနွယ်၊ ဆင်သမနွယ်၊ သင်္ဘောသီးရင့်၊ တမာ၊ ယင်းပြား၊ ရှားစောင်းခါး၊ လက်ဖက်၊ ကန့်ဂလာ၊ ကြက်ဟင်းခါး၊ မဲဇလီ၊ ဆီးဖြူသီး၊ ဖန်ခါးသီး။

မုန်လာရွက်၊ သခွတ်ပွင့်၊ လက်ပန်းပွင့်၊ ဆူးပုပ်ရွက်၊ ကစော့ခါး၊ ကြောင်ပန်းရွက်၊ စပါးလင်၊ မန်ကျည်းမှည့်၊ ဟင်းနုနယ်၊ ထန်းလျက်၊ မုန်ညင်းခါး။

✦ **မေထုန်ရာသီဖွား(မေလ ၂၁ရက် မှ ဇွန်လ ၂၀ရက်အတွင်း မွေးဖွားသူ)**တို့သည် ပထဝီဓာတ်စာကို အားပြုစားသုံး၍ အာပေါဓာတ်စာများကို ရှောင်ကြဉ် လျှော့ပေါ့သင့်သည်။

✦ **ကရကဋ်ရာသီဖွား(ဇွန်လ ၂၁ ရက်မှ ဇူလိုင်လ ၂၁ရက်အတွင်း မွေးဖွားသူ)**တို့သည် ဝါယောဓာတ်စာကို အားပြုစားသုံး၍ တေဇောဓာတ်စာကို လျှော့ပေါ့ရှောင်ကြဉ်သင့်သည်။

✦ **သိဟ်ရာသီဖွား(ဇူလိုင်လ ၂၂ရက်မှ ဩဂုတ်လ ၂၁ ရက်အတွင်း မွေးသူ)**တို့သည် အာပေါဓာတ်စာကို အားပြုစားသုံး၍ ပထဝီဓာတ်စာများကို ရှောင်ကြဉ်သင့်သည်။



✦ **ကန်ရာသီဖွား (ဩဂုတ် ၂၂ရက်မှ စက်တင်ဘာ ၂၁ရက် အတွင်း မွေးသူ)**များသည် တေဇောဓာတ်စာကို အားပြု၍ ဝါယောဓာတ်စာများကို ရှောင်ကြဉ်သင့်သည်။

✦ **တူရာသီဖွား(စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၂၂ရက်အတွင်း မွေးသူ)**တို့သည် ပထဝီဓာတ်စာများကို အားပြုစားသုံး၍ အာပေါဓာတ်စာများ လျှော့ပေါ့စားသုံးပါ။

✦ **ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၃ ရက်မှ နိုဝင်ဘာလ ၂၁ရက် အတွင်း မွေးသူ)**တို့သည် ဝါယောဓာတ်စာကို အားပြုစားသုံး၍ တေဇောဓာတ်စာများကို လျှော့ပေါ့ရှောင်ကြဉ်ပါ။

✦ **ဓနုရာသီဖွား(နိုဝင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၂၀ရက်အတွင်း မွေးသူ)**တို့ အာပေါဓာတ်စာကို အားပြုစားသုံး၍ ပထဝီဓာတ်စာများကို ရှောင်ကြဉ်သင့်သည်။

✦ **မကာရရာသီဖွား (ဒီဇင်ဘာ ၂၁ရက်မှ ဇန်နဝါရီ ၁၉ရက်အတွင်း မွေးဖွားသူ)**တို့သည် တေဇောဓာတ်စာကို အားပြု၍ ဝါယောဓာတ်စာများကို လျှော့ပေါ့စားသုံးသင့်သည်။

✦ **ကုံရာသီဖွား (ဇန်နဝါရီ ၂၀ရက်မှ ဖေဖော်ဝါရီ ၁၈ရက် အတွင်းမွေးဖွားသူ)**တို့သည် ပထဝီဓာတ်စာကို ပို၍ စားသုံး၍ အာပေါဓာတ်စာများကို လျှော့ပေါ့စားသုံးပါ။

✦ **မိန်ရာသီ(ဖေဖော်ဝါရီလ ၁၉ ရက်မှ မတ် ၂၀ရက်အတွင်း မွေးသူ)**တို့သည် ဝါယောဓာတ်စာကို အားပြုစားသုံး၍ တေဇောဓာတ်စာများကို ရှောင်ကြဉ်သင့်ပါသည်။

*အာရောဂျဆုလာဘ်နှင့် ပြည့်စုံ… ပါစေ။*

**ဆေးသုဓေတာသီ**

www.burmeseclassic.com

www.burmeseclassic.com

[ကျွန်]တော် ငယ်ငယ်က ရရှိခဲ့သော "[မိုး]ရွာစေ အင်း" ဖြစ်ပါသည်။ [ကျွန်]တော့်ဘဘ (အဖေကြီး)ဖြစ်သူက [ကျွန်]တော့်ကို သင်ကြားပေးခဲ့သော [အင်း] ဖြစ်ပါသည်။

[ကျွန်]တော့်ဘဘနာမည်မှာ ဦးညွှန့် [...] ရွှေဘိုမြို့နယ် ပလိုင်းရွာမှ [...]ရင်းဆေးဆရာကြီး ဖြစ်ပါသည်။ [...]အခါ ကွယ်လွန်ခဲ့ပါပြီ။

[ကျွန်]တော် ကျောင်းသားဘဝ [...]က်တန်းကျောင်းပညာသင်ကြား [...] "မိုးရွာစေ အင်း"ကို အင်းချ [...]ရာ မိုးများရွာသွန်းသည်ကို [...]မြင်ကိုယ်တွေ့ ဖြစ်ပါသည်။

[...]ကြီးပြင်းလာသောအခါ သီလ၊ [...]ဓိ ထုထောင်နေစဉ် မိုးများ ပို၍ [...]သွန်းသည်ကို ဤ "မိုးရွာစေအင်း" [...] အစွမ်းသတ္တိဖြင့် ထင်ထင်ရှားရှား [...]တွေ့ရပါသည်။

အင်းချပုံချနည်းမှာ ညီညာသော [...]ယ်အဝန်းတူစတုရန်းပုံ(၉)ကွက် [...]ပုံ ဖြစ်ပါသည်။

အင်းချစဉ်မျဉ်းများ (၂)ကြိမ် ထပ် [...]ရပါ။ မျဉ်းပိုခြင်း၊ မှင်စက်၊ အစွန်း [...]ပြာက်များ မရှိစေရပါ။ ဖျက်ရာများ [...]ရမည်။

အင်းချနေစဉ် သရဏဂုံသုံးပါးကို [...]မှုဖြစ်စေ ရွတ်ဆိုနေရမည်။ စိတ် [...]ဖြစ်စေ နှလုံးသွင်းနေရမည်။ အင်း [...] ငါးပါးသီလခံယူရမည်။ **မေတ္တာ [...]ဝနာပွားရမည်။**

**အင်းချလင်္ကာမှာ**...

"တေသ"ကိုတည် "နရ"နဲ့စား ဖွေမှုပေါ်
"နဂို"ရောက်လျှင် ထွန်းတောက်စေသား။

ထိုသို့ ရွတ်ဆိုပြီးလျှင် အောက်ပါ [...]တိုင်း အင်းကိုချပါ။

**"မိုးရွာစေ"**ဟု စာဖြင့် ထောင် [...]က်ရေးပြီး အကွက်ရာနံသင့်ဂဏန်း



# မိုးရွာစေ အင်း...

များကို ထောင်လိုက်ပေါင်းပါ။ ပေါင်းရကိန်းကို **နရ(၈)ဖြင့်**စားပါ။

အကြွင်းကို အင်း၏ ဘယ်ဘက် ထောင့်မှစ၍ မြင်းကွက်(၄)ကွက်ဖြင့် ချပါ။ အင်း၏ အလယ်ဗဟိုကွက်တွင် **ပေါင်းရကိန်း (တေသ)**ရောက်ရှိလျှင် အင်းကွက် မှန်ကန်ပါသည်။

အထူးသဖြင့် သီလ၊ သမာဓိ ရှိသူများ ပြုလုပ်လျှင် မိုးများ ဆက်တိုက် ရွာသွန်းတတ်ပါသည်။

အကြောင်းအကျိုး မှန်ကန်သော၊ ကောင်းမြတ်သော စိတ်ဆန္ဒဖြင့် ဆောင်ရွက်ရမည်ဟု "မိုးရွာစေအင်း" ဖြင့် ပတ်သက်၍ ကျွန်တော့်ဘဘ ဖြစ်သူက မှာကြားခဲ့ပါသည်။

**မိုးရွာသွန်းပြီး ကောက်ပဲသီးနှံများ ဖြစ်ထွန်းကြပါစေ...**

အများပြည်သူ အကျိုးအတွက် မေတ္တာရှေ့ထားပြီး စေတနာမှန်ဖြင့် ဤဆောင်းပါးကို ရေးသားလိုက်ရပါသည်။

**"မိုးရွာစေ အင်း"**

မိုး = ၅
ရွာ = ၄
စေ = ၃

၈ ) ၁၂ ( ၁
၈
၄ ကြွင်း

* * *

| | | |
|---|---|---|
| ၄ | ၇ | ၁၀ |
| ၉ | ၁၂ | ၅ |
| ၆ | ၁၀ | ၈ |

ထက်မြက်မြင့် (ဝက်လက်)





www.burmeseclassic.com

www.burmeseclassic.com

# ကြေးကိုသေစေသော

## ဂန္ဓမာမြစ်

ရဲမျိုးသူ (ဗောဓိမြိုင်)

မြန်မာတို့၏ ဝိဇ္ဇာရေအတတ်မှလာသော အင်္ဂါရတ်(မီးအတတ်)တွင် ဓာတုဗေဒအမြင်အရ သတ္တုဓာတ်တို့ ဓာတ်ပြုခြင်းသဘောအမှန် ရှိနေပေသည်။

တင်ပြလိုသည်မှာ မီးကစားခြင်းသာ မဟုတ်ဘဲ သတ္တုဓာတ်သားတို့အား အစွမ်းသတ္တိရှိသော အမြစ်၊ အခေါက်၊ အသီး၊ အရွက်တို့နှင့် ရောကာစိမ်ထားရာမှ သတ္တုဓာတ်သား ပြောင်းလဲသွားသော ဖြစ်စဉ်သာ ဖြစ်ပါသည်။

ထူးထူးခြားခြား ပန်းတစ်မျိုးကား ကြေးကိုသေစေနိုင်သော ဂန္ဓမာပန်း၏ အမြစ်အစွမ်းပင် ဖြစ်လေသည်။

လက်တွေ့သိစေရန် ပညာဉာဏ် ချန်မထား နည်းလမ်း(၁)ပါးအား မဟာမြိုင်တောမှ **ဘရသေ့ ရှင်ပညာဒီပ** သင်ကြားပြခဲ့ပါသည်။ ဘဝတူ၊ ဝါသနာတူ စိတ်ဝင်စားသူတို့ လွယ်ကူစွာ စမ်းသပ်နိုင်ပါရန် ရည်ရွယ်မိပါသည်။

သံနှင့် သံလိုက်တို့သဘောက ထိသည်နှင့် ဆွဲကပ်စေသော စွမ်းအားရှိ၏။ ထိုကဲ့သို့ပင် ရွှေနှင့်ပြဒါးရည်တို့သည်လည်း သံလိုက်သည့်နှယ် ပတ်သက်နေကြောင်း လူအများသိရှိပြီး ဖြစ်ပေလိမ့်မည်။

စမ်းသပ်လိုသော ဝါသနာကြောင့် ဒုက္ခသိကာ အလျော်ပေးခဲ့ရခြင်းမျိုး ကြုံရဖူးပါသည်။ ပြဒါးခဲရန်အတွက် **ပြဒါးရည်(၂)ကျပ်သားအား** ကလေးမြို့ဈေးမှ ဝယ်ခဲ့၏။ အကြောင်းကား မိမိထံလာလည်သော မိတ်ဆွေက ပြဒါးကိုမသိ၊ ထိုမိတ်ဆွေ၏ လက်စွပ်မောင်းကွင်းနှင့် ထိမိလေတော့ခြင်းသာ...။



ရွှေနှင့် ပြဒါးရည်ထိပါမှ **"ပြဒါးသည် ရွှေကိုစားသည်"**ဟု ဆိုသော်လည်း မိတ်ဆွေက လက်မခံ၊ သံနှင့် သံလိုက်အသွင် ပြဒါးနှင့် ရွှေမောင်းကွင်း လက်စွပ် ပြေးတိုင်းလိုက်တိုင်း လုပ်သလို ဆော့ပြီး ထူးထူးဆန်းဆန်း လုပ်ချေတော့သည်။

လက်စွပ်တစ်ခုလုံး ပြဒါးစွဲ၍ ငွေဖြူရောင် ဖြစ်သွားလေတော့သည်။ အချိန်တန်၍ မိတ်ဆွေအိမ်ပြန် သွားရာမှ နောက်တစ်နေ့ နံနက် မျက်စိမျက်နှာ ပျက်စွာ မိတ်ဆွေရောက်လာ၏။

**"မင်းပြဒါးကြောင့် လက်စွပ်ကျိုးလေပြီ"**ဆိုစကားနှင့် လင်မယားချင်းပြဿနာတတ်ကြသဖြင့် ပန်းထိမ်ဆိုင်တွင် ပြင်ဆင်ကာ အလျော်ပေးခဲ့ရဖူးသည်ကို သတိရနေမိပါသေးသည်။

ဘရသေ့ပညာဒီပမှ...

'ဓာတ်အတတ်ဟာ စိတ်အတတ်နဲ့တူတယ်။ ဘာကြောင့်လဲဆိုတော့ နားလည်ရခက်ခဲလို့ပဲ'

ဟု ပညာစကား မိန့်ကြားဖူး၏။

ရိုးသားစွာ ဝန်ခံရပါမူ လူသားသဘာဝ ချမ်းသာချင်လှ၏။ ရွှေဖြစ်သည်ဟုလည်း အင်္ဂါရတ်အတတ် စိတ်ဝင်စားခဲ့ဖူး၏။ ဒါကြောင့် ဘရသေ့က "နက်နဲလှတယ်"ဆို တာ ဖြစ်လေသည်။

ဝါသနာကြောင့် ဆရာမရှိ မသိ၊ ထင်မိထင်ရာ လုပ်မိ လူပန်း၊ စိတ်ပန်း၊ ငွေကုန် မျက်နှာမလှခဲ့ရသည့် အဖြစ်မျိုး လည်း ကြုံခဲ့ဖူးပါသည်။

မိမိပါရမီအရ ထွက်ရပ် အစွမ်းထက်သော ဓာတ်ကြီး အား မမျှော်မှန်းရဲတော့ လမ်းတို့က ပါရမီရှိသော ပညာ





www.burmeseclassic.com

www.burmeseclassic.com

...တွက်သော ဖြစ်နိုင်ဖွယ်ရှိပေလိမ့်
...
...ခြားလွယ်ကူလှသော ဂန္ဓမာ မြစ်
...သမ်းလေးအား ဘရသေ့ မှ
"...ကြေးနီမှည့်လို့ သပြေသေ"ဟု
...တို့ဖြင့် မိန့်ဆိုပြဖူးပါသည်။
...သင်းလွယ်ကူစွာ စမ်းသပ်လိုပါက
...မြစ်(၁၀)မြစ်ကို အိုး၊ ခွက်၊ အင်တုံ
...ရှုထဲသို့ ရေနှင့်စိမ်ထားပြီး မိမိလိုအပ်
... ကြေးနီတုံးစဉ်းချ ကြေးနီမှုန့်များအား
...၍ ရောစိမ်ထားခြင်းသာ ဖြစ်ပါသည်။
...ရက်တိတိစိမ်ပြီးနောက် အမည်းရောင်
...မြစ်စိမ်ရည်နှင့် သပြေသီးမှည့်ကဲ့သို့
...နေသော ကြေးနီမှုန့်များအဖြစ် တတ်
...ခြင်းလဲကာ ကြေးသေလေပြီဟု သိနိုင်
...ပိမ့်မည်။
...ကြောင့် ရှေ့ဆရာရှင်တို့ ကြေးနီ
...ခြင်းကို သပြေသီးမှည့်သလိုဟု
...သားဘဲ ကြေးသေခြင်း လွယ်ကူ
...ခြင်း"ကြေးနီမှည့်လို့သပြေသေ"
ပြောင်းပြန်မှတ်သားခဲ့သည်ဟု ဆိုပါသည်။

သပြေသီးမှည့်ကဲ့သို့ ညိုမည်းနေသော ကြေးနီမှုန့်များအား ကြေးဟိတ်မကျန် သန့်စင်စေရန် ဇရဲမီးဖြင့် ချွတ်ရန် ကျန်နေပေသည်။

ခေတ်အဆက်ဆက် အဂ္ဂိရတ်ပညာရှင်ကြီးတို့ အက်စစ်စပ်ခြင်းကို ပင်ပန်းကြီးစွာ ရှာဖွေလုပ်ကိုင်ခဲ့ရသော်လည်း တိုးတက်ပြောင်းလဲလာသော ခေတ်ကာလအရ သွပ်စား၊ ဘော်စား ဇရဲမီးများ လိုသလို လွယ်ကူစွာ ဝယ်ယူနိုင်ခဲ့လေပြီ ဖြစ်ပါသည်။

ထို့ကြောင့် သပြေသီးရောင် ကြေးသေမှုန့်များအား သွပ်စားဇရဲမီးဖြင့် (၂)ကြိမ် ချွတ်ယူရပါမည်။ ကြေးနီမှုန့်များအား သင့်လျော်သည့် စတီးဇွန်းပေါ်တင်ပြီး ချွတ်ယူခြင်းသာ ဖြစ်လေသည်။

သွပ်စားဇရဲမီးနှင့် ချွတ်ယူပြီးနောက် ကြေးနီမှုန့်တို့အား ရေဖြင့် စင်ကြယ်စွာဆေးပြီးပါက အလေးချိန် လျော့ကျသွားသော်လည်း **"ကြေးသေမှုန့်အနှစ်သား"**ကို ထူးခြားစွာ ရရှိပါလိမ့်မည်။

စမ်းသပ်ရန် နည်းတစ်ပါး တင်ပြရပါမူ စင်ပြီးသော ကြေးမှုန့်တို့ ပြဒါးရည်စွဲနေကြောင်း အံ့သြဖွယ် မြင်ရခြင်းဖြင့် **"ကြေးသေရွှေဖြစ်"**စကားနှင့် ကိုက်ညီနေပြီဖြစ်၍ မိမိတို့ လိုအပ်သလို အသုံးပြုနိုင်ပါတော့မည်။

အဂ္ဂိရတ်ဝါသနာရှင်အပေါင်း အဖိုးအခအကုန်အကျနည်းစွာ အလွန်လွယ်ကူပြီး ဖြစ်နိုင်ဖွယ်ရှိသော ဂန္ဓမာမြစ်နည်းကောင်းလေးအား ရေးသားတင်ပြလိုက်ပါသည်။

*ကျေးဇူးတော်ရှင်*
*မဟာမောဓိမြိုင်ဆရာတော်ကြီးအား*
*အာရုံပြု၍ ဦးခိုက်လျက်...*

**ရဲမျိုးသူ (မောဓိမြိုင်)**

**စာမျက်နှာ (၁၄၈)မှ အဆက်**

...ကိုစေသး= ဖုံရှိန်ဒေါ်ဝေတာပင်စိမ်း သေနံ့သေရည်နဲ့တိုက်။
...သေး= လောက်သေတစ်ခေး မန်းသုံးစွ သုံးဆပြုတ်
...သေး။
...စိမ်းသေး= ဆေးရွက်ကြီးပြာချ အုန်းသီးနဲ့ လိမ်း။
...သေး= တောသချက်ဥ (၁၀) ကျပ်သား မဖောက်ထုံး(၃)
...ကျပ်သား၊ ဆား(၁)ကျပ်သား အမှုန့်ပြုတဲ့။
...ယ်ခဲ့လဲ ကိုယ့်ဆရာကြီး ကြိုက်လား၊ ဆေးတွေကိုက်ဆဲ
...တွေ၊ ရှာဖွေရ မခက်ဘူး၊ မဝေးဘူး၊ ဘာများ ဈေးကြီးမလဲ'
...တွေ [illegible]
...ဘဲ...ခါလား၊ လွယ်လွယ်လေး အပင်ကို ကျပ်က
...က်တွေ့ ပြမယ်၊ ဆရာကြီးက ကျောင်းဆရာပီပီ ပုံဆွဲ
...ကို'
...မှိုင်း(ဒေါ်)တောပင်စိမ်း= တားတဲ့ ပင်စိမ်းမျိုးပါပဲ။
...မှာ ပိုပြီး နံတယ်၊ ဆေးစွမ်းတယ်ဗျ။

၂။ မန်းသုံးစွ=(၂)မျိုးရှိတယ်၊ အရွက်သေးသေးနဲ့ မန်းသုံးစွလေးရယ်၊ အရွက်ကြီးကြီးနဲ့ မန်းသုံးစွကြီးရယ်။ အဲဒါကျတော့ ဟင်္သာတနယ်မှာ (ရင်ခေါင်း)လို့ ခေါ်ပါတယ်။ လိမ်း၊ သောက်၊မန်းနိုင်ပါသတဲ့။
၃။ လောက်သေ=လုံ့သွားပုံ၊ ဒါကြင့်ကြင်း၊ အရွက်ပါးပါး၊ ပန်းရှာရင်ကျပ်သမားတွေ ဆေးသုံးလေ့ရှိပါတယ်။
၄။ ဆေးရွက်ကြီး= ဆေးလိပ်သောက် သုံးတာပါ။
၅။ တောသချက်=(ပုံတွင်) သပွတ်ရွက်နဲ့ တူတယ်၊ ဥပါတယ်။
၆။ မဖောက်ထုံး= ရေနဲ့ မဖောက်ဘဲ ထုံးကျောက်ခဲမှုန့်။
* * *
○'ရှင်းရဲ့လား ဆရာကြီး'
▲'ရှင်းရှင်းကြီးပါ ကျေးဇူးပဲ'

**ရတနာဆင်မင်း**
*(တုံရွာ၊ ဆားလင်းကြီး)*



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးဦးထွန်းသိန်း ချီးမြှင့်သော

# ကျွဲနွား ကာလမှုရောဂါကုန

ရတနာသင်းမြင့်
(တုံရွာ၊ ဆားလင်းကြီး)

▲'ဟော... တို့ဆရာကြီး မပေါ်လာ အတော်ကြာ'

○'အောက်၊ ဟသ်ာတ သမီးဆီ (၆) လကြာခဲ့တယ်ဗျ။ ကျုပ်နားက နဂိုကတည်းက လေးတဲ့အထဲ ပိတ်နေလို့ "**နားသန့်ဆေး**" လာဝယ်တာလေဗျာ'

▲'ဆရာကြီးက ကာလမှုရောဂါ ရှိသလား'

○'ဗျာ...ကာလမှု...နွား...နွား'

▲'တောင်းပန်ပါတယ် ဆရာကြီး ချမ်းလို့ ခင်လို့ပါဗျာ'

▲'ကဲ...နွားပညာ ပါမောက္ခကြီးရယ် "ကျွဲနွား ကာလမှုရောဂါကုထုံး" သာ ပြောပြပါတော့...

○'ကျုပ်ကုထုံး မဟုတ်ဘူးဗျနော်... ကျုပ်ဆရာကြီး ဦးဘခင်(ဗဒွေးခင်) ရဲ့နည်းဗျ။

ဗဒွေးခင်က ငါတူတဲ့...ဘာရောဂါ ဖြစ်လိမ့်မယ် သိချင်ရင် "**လက္ခဏာ**" ကို အရင်ကြည့်ရတယ်ကွတဲ့။

**ကာလမှု**ဆိုတော့ "**နား**"အရင်ကြည့် စိုနေမယ်၊ သွေးပြည်ရှိမယ်။ အနီးပါးမှာ "**ကျီးကန်း**"ရှိမယ်ဆိုရင် "**ပွင့်**"နေတာကွ၊ မဆိုးလှသေးဘူး။

အဲ...ခြောက်နေရင် "ငုပ်"နေတာ၊ ခေါင်းငိုက်ဆိုက်နဲ့ ဖြစ်တဲ့ဘက်မှာ လှည့်ပတ်သွားနေတာ(**ညာနားဖြစ်ရင် ညာဘက်၊ ဘယ်နားဖြစ်ရင် ဘယ်ဘက်၊ လှည့်ပတ်သွားနေတာ**)ငုပ်၊ မပွင့်တော့ ဖျားတယ်။ မစားနိုင်ဘူး။ စားမြို့မလွှမ်းဘူး။ အဲဒါ လက္ခဏာတွေပဲ။

ဖြစ်တဲ့အကြောင်းရင်းကတော့ သိမ်ဖြူဆရာတော် မိန့်သလို ဝေးသောအကြောင်းရင်းက "**ဂျုံရှီး**"ကျွေးလို့၊ မျိုးရိုးရှိလို့၊ ကူးစက်လို့ကွယ့် ငါတူရဲ့။ နီးသောအကြောင်းရင်းကတော့ ညှော်မိလို့ ဖြစ်ရတာ။ သစ်ရွက်စိမ်းမီးက ပိုဆိုးတယ်ကွ။


ဘာကြောင့်ပဲဖြစ်ဖြစ် "က... ကတော့ အတူတူပါပဲ။ ရောဂါ... ချင့်ချိန်ပြီး ဆေးကို သင့်မြတ်... ပေးရတာပေါ့ကွ။ ဆေးချက်က... (၄)မျိုး (၄)ကဏ္ဍရှိတယ်။

၁။ ဆေးတိုက်ခြင်း။

၂။ ဖန်ဆေးခြင်း။

၃။ ဆေးလိမ်းခြင်း။

၄။ နှာမှုတ်ခြင်း အစီအစဉ်တိုင်း... တယ်။ ဆေးဖော်နည်းပြော...








www.burmeseclassic.com

www.burmeseclassic.com

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်မှ (၃၁)ရက်နေ့အထိ ခုနစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာရောင်ခြည်

## တနင်္ဂနွေ

**စီးပွားရေး** ။ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများ၊ ဆေးပစ္စည်း၊ ဆေးအရောင်းအဝယ်လုပ်ငန်းများ အမြတ်အစွန်းများမည်။ စစ်ဖက်ဆိုင်ရာဌာနများနှင့် တွဲဖက်လုပ်ကိုင်ခွင့်ရလိမ့်မည်။

**ရာထူးအရေးရာ** ။တစ်ရပ်တစ်ကျေးတွင် သွားရောက် လုပ်ကိုင်ရလိမ့်မည်။ ငွေဝင်လမ်း ဖြောင့်မည်။

**အိမ်တွင်းရေး** ။ အိမ်တွင်းရေး အေးချမ်းမည်။ သားသမီးများ၏ လိမ္မာရေးခြားရှိမှုကြောင့် မိဘတို့ စိတ်ချမ်းသာရမည်။ သားသမီးများ၏ ပညာရေး၊ ကျန်းမာရေးကောင်းမည်။

**အချစ်ရေး** ။ ချစ်သူမရှိသေးသူများ ချစ်သူနှင့် တွေ့မည်။ ချစ်သူရှိပြီးသူများ ချစ်သူ ထပ်တွေ့ရတတ်၍ အထူးဆင်ခြင်ပါ။

**ပညာရေး** ။ အခက်အခဲ အတားအဆီးများကြားမှ ပညာသင်ခွင့်ရမည်။ စိတ်မပျက်ပါနှင့်။ အားမငယ်ပါနှင့်။

**ကျန်းမာရေး** ။ လေထိုးလေအောင့် ဖြစ်တတ်၍ လေပွစာများကို မစားပါနှင့်။ ညဘက် ရေမချိုးပါနှင့်။

**ဆောင်ရန်ရက်များ** ။ ၃၊ ၆၊ ၈၊ ၁၁၊ ၁၄၊ ၁၆၊ ၁၉၊ ၂၂၊ ၂၄၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ၄၊ ၇၊ ၉၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၃၊ ၂၅၊ ၂၈၊ ၃၁။

**ထီထိုးရန်ရက်များ** ။ ၂၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ၃၊ ၅၊ ၆၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ပေါင်မုန့်(၆)ချပ်ကို (သို့မဟုတ်) (၁၂)ချပ်ကို ထောပတ်သုတ် သကြားဖြူး၍ ကလေးများကို ကျွေးမွေးပါ။

## တနင်္လာ

**စီးပွားရေး** ။ ဆောက်လုပ်ရေး ကန်ထရိုက်လုပ်ငန်းများ၊ အကျိုးအမြတ်များမည်။ အမျိုးသမီး အသုံးအဆောင်ပစ္စည်းများ၊ အဝတ်အထည်များ အရောင်းအဝယ်ကောင်းမည်။

**ရာထူးအရေးရာ** ။ လုပ်ငန်းတာဝန်များ၊ အချိန်မီပြီးစီးမည်။ လူကြီးများ၏ ချီးကျူးမြှောက်စားခြင်းကို ခံရမည်။ လုပ်ငန်းသစ်၊ တာဝန်သစ်များကို လက်ခံရရှိလိမ့်မည်။

**အိမ်တွင်းရေး** ။ သားသမီးတို့၏ လိမ္မာသိတတ်မှုကြောင့် အိမ်တွင်းရေး သာယာမည်။ ဆွေမျိုးကြောင့် ငွေကုန်ကြေးကျများမည်။

**အချစ်ရေး** ။ အချစ်ရေးသာယာဖြောင့်ဖြူးမည်။ လက်ထပ်ရမည့်ကိန်းရှိသည်။ ပြင်ဆင်ထားပါ။

**ပညာရေး** ။ ပညာရေးကံဇာတာ တက်နေသောကာလ ဖြစ်ပါသည်။ အချစ်ရေးကြောင့် ပညာရေးကို မထိခိုက်ပါစေနှင့်။

**ကျန်းမာရေး** ။ ရောဂါကြီးများ မဖြစ်ပွားနိုင်ပါ။ အပရိကရောဂါ အသေးအဖွဲ့လောက်တော့ ဖြစ်မည်။

**ဆောင်ရန်ရက်များ** ။ ၃၊ ၅၊ ၈၊ ၁၁၊ ၁၃၊ ၁၆၊ ၁၉၊ ၂၁၊ ၂၄၊ ၂၇၊ ၂၉၊ ၃၁။

**ရှောင်ရန်ရက်များ** ။ ၄၊ ၆၊ ၉၊ ၁၂၊ ၁၄၊ ၁၇၊ ၂၀၊ ၂၂၊ ၂၅၊ ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ** ။ ၂၊ ၅၊ ၇၊ ၁၀၊ ၁၅၊ ၁၈၊ ၂၃၊ ၂၆၊ ၂၉၊ ၃၁။

**ထီထိုးရန်ဂဏန်းများ** ။ ၃၊ ၅၊ ၇၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ဘုန်းတော်ကြီးတစ်ပါးပါးအား ဆီမျှော်ရည် တစ်ပုလင်း









ကပ်လှူပါ။

## အင်္ဂါ

**စီးပွားရေး** ။လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေး၊ ရောင်းဝယ်ရေး ပလတ် စတစ်ပစ္စည်းထုတ်လုပ်ရေး၊ ရောင်းဝယ်ရေး လုပ်ငန်းများ အကျိုးအမြတ် များမည်။ ကြွေးကျန်များမည်။

**ရာထူးအရေးရာ** ။လုပ်ဖော်ကိုင်ဖက်များ၏ ကူညီရိုင်းပင်းမှုကြောင့် လုပ်ငန်းတာဝန်များ ပြီးမြောက်အောင်မြင်မည်။ ဆုကြေး(သို့မဟုတ်) ဂုဏ်ပြုလက်မှတ်ရရှိမည်။

**အိမ်တွင်းရေး** ။ အိမ်တွင်းရေး သာယာမည်။ မိသားတစ်စု စည်းစည်းလုံးလုံး ပျော်ပျော်ရွှင်ရွှင်ရှိမည်။ အိမ်ပြင်ဆင်ရခြင်း(သို့မဟုတ်) အိမ်သစ်၊ တိုက်ခန်းသစ်တွင် နေထိုင်ကြရမည်။

**အချစ်ရေး** ။ အပြောအဆို၊ အနေအထိုင်၊ အပြုအမူများကို သတိထားပါ။ အထင်အမြင် လွဲမှားခံရတတ်သည်။

**ပညာရေး** ။ ပညာရေးကံဇာတာကောင်းပါသည်။ နိုင်ငံခြား ပညာတော်သင် လျှောက်နိုင်သည်။

**ကျန်းမာရေး** ။ ချော်လဲပြီး ခြေနာတတ်၍ သတိဖြင့် လှုပ်ရှားသွားလာပါ။ သတိထားလျှင် အမှားနည်းနိုင်ပါသည်။

**ဆောင်ရန်ရက်များ** ။ ၂၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉၊ ၃၁။

**ရှောင်ရန်ရက်များ** ။ ၃၊ ၆၊ ၉၊ ၁၁၊ ၁၄၊ ၁၇၊ ၁၉၊ ၂၂၊ ၂၅၊ ၂၇၊ ၃၀။

**ထီထိုးရန်ရက်များ** ။ ၄၊ ၇၊ ၁၀၊ ၁၂၊ ၁၅၊ ၂၀၊ ၂၃၊ ၂၆၊ ၂၈၊ ၃၁။

**ထီထိုးရန်ဂဏန်းများ** ။ ၂၊ ၅၊ ၈၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ဆောင်ရွက်စီးပွားရန်၊ ပြောဆိုရန်၊ ပြိုင်ဆိုင်ရန် ကိစ္စရှိပါက အိမ်ရှိဘုရားတွင် ဒေါနယန်း(၁၀)ခက် ကပ်လှူပါ။ လိုရာဆုတောင်းပါ။

## ဗုဒ္ဓဟူး

**စီးပွားရေး** ။ကိုယ်စားလှယ်လုပ်ငန်း၊ ရေ့နေလုပ်ငန်း၊ ပွဲစားလုပ်ငန်း၊ ကန်ထရိုက်လုပ်ငန်းတို့ အလုပ်ဖြစ်မည်။ ငွေဝင်ကောင်းမည်။ လုပ်ငန်းသစ် ဖောက်သည်သစ်များရရှိမည်။

**ရာထူးအရေးရာ** ။ အထက်လူကြီးများ၏ ကူညီမှုကြောင့် လုပ်ငန်းတာဝန်များ အောင်မြင်ပြီးမြောက်မည်။

**အိမ်တွင်းရေး** ။ အိမ်တွင်းရေးသာယာမည်။ သားသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကောင်းမည်။

**အချစ်ရေး** ။ အချစ်ရေး အဆင်ပြေမည်။ လက်ထပ်ဖို့အရေး ပြင်ဆင်ပါတော့။

**ပညာရေး** ။ ပညာရေး ကံဇာတာတက်နေသော ကာလဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံခြားတွင်ပညာသင်ရန် ဆန္ဒရှိပါက အောင်မြင်မည့်ကာလ၊ ပညာသွားရောက် သင်နိုင်မည့်ကာလ ဖြစ်ပါသည်။
**ကျန်းမာရေး။** ။သွေးတိုးရောဂါ ဖြစ်တတ်၍ အစားအသောက် အနေအထိုင် အလုပ်အကိုင် လျှော့ပါ။ စိတ်ရောကိုယ်ပါ အနား ယူပေးပါ။
**အောင်ရက်များ။** ။ ၃၊ ၅၊ ၉၊ ၁၂၊ ၁၄၊ ၁၈၊ ၂၁၊ ၂၃၊ ၂၇၊ ၃၀။
**ကျောင်းရက်များ။** ။ ၄၊ ၆၊ ၁၀၊ ၁၃၊ ၁၅၊ ၁၉၊ ၂၂၊ ၂၄၊ ၂၈၊ ၃၁။
**ထီထိုးရက်များ။** ။ ၂၊ ၅၊ ၇၊ ၈၊ ၁၁၊ ၁၆၊ ၁၇၊ ၂၀၊ ၂၅၊ ၂၆၊ ၂၉၊ ၃၀။
**ထီထိုးရန်ဂဏန်းများ။** ။ ၃၊ ၅၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အထောက်အပံ့ ယတြာ။** ။ အုန်းနို့ထမင်း(သို့မဟုတ်)နွားနို့ထမင်းကို ကလေးရော လူကြီးပါ အနည်းဆုံး (၁၇)ယောက်ကို ကျွေးပါ။







## ကြာသပတေး

**စီးပွားရေး။** ။ ငွေကြေးရောင်းဝယ်ရေး၊ လဲလှယ်ရေးလုပ်ငန်းများ အမြတ်များမည်။ ငွေပန်းထိမ်လုပ်ငန်း၊ ငွေထည်ပစ္စည်းများ ရောင်းဝယ် ရေးလုပ်ငန်းများ လုပ်ငန်းကောင်းမည်။
**ခရီးသွားရေး။** ။ လူကြီး အထင်မလွဲအောင်၊ သံသယမဝင်အောင် နေထိုင်ပါ။ လုပ်ငန်းခွင်အတွင်း ကြိုးစားပါ။
**အိမ်တွင်းရေး။** ။ငွေကြေးသုံးစွဲမှု လွန်ကဲခြင်းကြောင့် အိမ်ထောင်ဖက် နှင့် စကားများရတတ်သည်။ သားသမီးများ၏ နိုင်ငံခြားခရီး အဆင် ပြေမည်။
**အချစ်ရေး။** ။ ချစ်သူသစ်နှင့် ထပ်တွေ့ရတတ်၍ အထူး ဆင်ခြင်ပါ။ ချစ်သူမရှိသေးသူများ ချစ်သူနှင့်တွေ့ရမည်။
**ပညာရေး။** ။ ပညာရေး ကံကောင်းနေသည်။ မတက်ဘူးသေးသော သင်တန်း၊ ပညာရပ်တို့ကို ထူးချွန်စွာ တက်ရောက်သင်ယူ တတ်မြောက် လိမ့်မည်။
**ကျန်းမာရေး။** ။ ရုတ်တရက် ခေါင်းမူးတတ်၍ အိပ်ရေးပျက်မခံပါနှင့်။
**အောင်ရက်များ။** ။ ၂၊ ၅၊ ၉၊ ၁၁၊ ၁၄၊ ၁၈၊ ၂၀၊ ၂၃၊ ၂၇၊ ၂၉၊ ၃၁။
**ကျောင်းရက်များ။** ။ ၃၊ ၆၊ ၁၀၊ ၁၂၊ ၁၅၊ ၁၉၊ ၂၁၊ ၂၄၊ ၂၈၊ ၃၀။
**ထီထိုးရက်များ။** ။ ၄၊ ၇၊ ၈၊ ၁၃၊ ၁၆၊ ၁၇၊ ၂၂၊ ၂၅၊ ၂၆၊ ၂၉၊ ၃၁။
**ထီထိုးရန်ဂဏန်းများ။** ။ ၂၊ ၅၊ ၇၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အထောက်အပံ့ ယတြာ။** ။ သွားလာလုပ်ကိုင် ဆောင်ရွက်ပြောဆို ယှဉ်ပြိုင်ရန်ကိစ္စ ရှိလျှင် ကြာသပတေးနေ့သား ကဿပဘုရားရှင်အား ရည်စူး၍ ယန်းသီးတစ်လုံး ကပ်လှူဆုတောင်းပါ။

## သောကြာ

**စီးပွားရေး။** ။ ဆေးဝါးထုတ်လုပ် ရောင်းဝယ်ရေးလုပ်ငန်းများ အကျိုး အမြတ်များမည်။ ဆန်စက်များ ငွေဝင်ငွေကောင်းမည်။ နိုင်ငံခြားနှင့် ဆက်သွယ်ရောင်းချရမည်။
**ခရီးသွားရေး။** ။ အလုပ်နေရာ ပြောင်းရွှေ့ခြင်း သို့မဟုတ် ကောင်း သောခရီး၊ လုပ်ငန်းဆိုင်ရာ ခရီးထွက်ကိန်းရှိသည်။
**အိမ်တွင်းရေး။** ။ သားသမီးများ ကျန်းမာရေး၊ စီးပွားရေးကောင်းမည်။ သားသမီးအတွက် အိမ်ထောင်ချပေးရမည့်ကိန်းရှိနေသည်။
**အချစ်ရေး။** ။ ချစ်သူရှိပြီးသူများ ရုတ်တရက် လက်ထပ်ရကိန်း ရှိသည်။ အစစအရာရာ အဆင်သင့်ရှိမှုရမည်။
**ပညာရေး။** ။ အခက်အခဲရှိမှ ထူးချွန်ထက်မြက်မည်။ မစိုး ရိမ်ပါနှင့်။ မိမိ၏ဉာဏ်၊ ဝီရိယအားဖြင့် အောင်မြင်သွားပါလိမ့် မည်။
**ကျန်းမာရေး။** ။ ဝမ်းပျက်တတ်၍ အချဉ်များ၊ ဝမ်းနှုတ်ဆေးရာများကို မစားပါနှင့်။ သတိထားစားပါ။
**အောင်ရက်များ။** ။ ၃၊ ၇၊ ၉၊ ၁၂၊ ၁၆၊ ၁၈၊ ၂၁၊ ၂၅၊ ၂၇၊ ၃၀။
**ကျောင်းရက်များ။** ။ ၄၊ ၈၊ ၁၀၊ ၁၃၊ ၁၇၊ ၁၉၊ ၂၂၊ ၂၆၊ ၂၈၊ ၃၁။
**ထီထိုးရက်များ။** ။ ၂၅၊ ၆၊ ၁၁၊ ၁၄၊ ၁၅၊ ၂၀၊ ၂၃၊ ၂၄၊ ၂၇၊ ၂၉။
**ထီထိုးရန်ဂဏန်းများ။** ။ ၃၊ ၆၊ ၇၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အထောက်အပံ့ ယတြာ။** ။ အိမ်ရှိ ပိသာစုဝင်အားလုံးကို နွားနို့တစ်ဖန်ခွက်စီ (သကြားထည့်၍)တိုက်ပါ။

## စနေ

**စီးပွားရေး။** ။ လုပ်ငန်းများ တိုးချဲ့ခြင်း၊ လုပ်ငန်းသစ်များ စတင်ခြင်း ပြုလုပ်နိုင်သောကာလဖြစ်သည်။ နိုင်ငံခြားကုမ္ပဏီများနှင့် ပူးတွဲလုပ် ဆောင်ခွင့်ရရှိမည်။
**ခရီးသွားရေး။** ။လုပ်ငန်းဆိုင်ရာ ခရီးထွက်ရလိမ့်မည်။ ငွေစုမိမည့်ခရီး၊ အောင်မြင်မည့်ခရီးဖြစ်သည်။
**အိမ်တွင်းရေး။** ။ဆွေမျိုးများ၏ အလိုက်မသိမှုကြောင့် အိမ်ထောင်ဖက်နှင့် သဘောထား ကွဲလွဲတတ်သည်။ အဝေးရှိ သားသမီးများထံမှ သတင်း ကောင်းကြားရမည်။
**အချစ်ရေး။** ။ ချစ်သူရှိသူများ လူကြီးမိဘများနှင့် အဆင်ပြေအောင် နေပါ။ လက်ထပ်ရကိန်းရှိနေသည်။
**ပညာရေး။** ။ ပညာရေးကံဇာတာတက်နေသော ကာလဖြစ်သည်။ ပညာတစ်ပိုင်းတစ်စနှင့် အိမ်ထောင်မပြုပါနှင့်။
**ကျန်းမာရေး။** ။ သွေးတိုးရောဂါ အခံရှိလျှင် အစားအသောက် အအိပ်အနေ သတိထားပါ။ ဆေးကြိုသောက်ပါ။
**အောင်ရက်များ။** ။ ၂၊ ၄၊ ၆၊ ၁၀၊ ၁၄၊ ၁၆၊ ၂၀၊ ၂၄၊ ၂၆၊ ၃၁။
**ကျောင်းရက်များ။** ။ ၃၊ ၅၊ ၇၊ ၁၁၊ ၁၅၊ ၁၇၊ ၂၁၊ ၂၅၊ ၂၇၊ ၂၉။
**ထီထိုးရက်များ။** ။ ၄၊ ၈၊ ၉၊ ၁၂၊ ၁၃၊ ၁၆၊ ၁၈၊ ၁၉၊ ၂၂၊ ၂၃၊ ၂၈၊ ၃၀။
**ထီထိုးရန်ဂဏန်းများ။** ။ ၂၊ ၄၊ ၆၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အထောက်အပံ့ ယတြာ။** ။ အိမ်ရှိအတူနေများ ပိသာစုဝင်များကို တစ်ယောက်လျှင် လိမ္မော်သီးနှစ်လုံးစီပေးပါ။

*ကျန်းမာ ချမ်းသာကြပါစေ။*

ဆရာ ရောင်ခြည်



www.burmeseclassic.com

www.burmeseclassic.com

# ပျားအုံကို

မဖျက်ဆီးရာ

ဗြောင်သန်းလင်း
(ဘီ-အေ)



ကျွန်ုပ်သည် တောရပ်ဒေသမှာ မွေးဖွားခဲ့ပြီးနောက် အသက်အရွယ်ကြီးမှ ရန်ကုန်မြို့မှာ လာရောက် အခြေစိုက် နေထိုင်သူဖြစ်သဖြင့် တိုက်ခန်းများနှင့် မနေတတ်ပါ။ မြေကြီးကို တွေ့မြင်နေရသော နေရာတွင် နေထိုင်ခြင်းကို နှစ်သက်ပြီး စားပင်သီးပင် အမျိုးမျိုးကို အိမ်အနီးဝန်းကျင်မြေမှာ တူးဆွစိုက်ပျိုးထားရှိရသည်ကို နှစ်သက်သဘောတွေ့ပါသည်။

ကျွန်ုပ်၏ ဇနီးသည်ကလည်း အသွင်တူ၍ အိမ်သူဖြစ်ရကား ကျွန်ုပ်၏ စိတ်နေသဘောထားနှင့် ဤနေရာမှာ တစ်ထပ်တည်း ကျလေသည်။

အိမ်ဝန်းကျင်ခြံမြေပြင်မှာ အလေ့ကျပေါက်ရောက်သော ကန့်ကလာပင် ငယ်လေးများပင်လျှင် အလဟဿဖြစ်မသွားပေ။ ချဉ်ရည်ဟင်းချက်သည်၊ ဟင်းခါးချက်သည်၊ ပြုတ်လိုက်ပြီးနောက် ငါးပိရည်နှင့် တို့စရာဖြစ်သွားအောင် ကောင်းစွာ ဖန်တီးတတ်လေသည်။

သို့သော် မိုးရာသီတွင် မိုးကောင်းလေ့ရှိတတ်သော အောက်ပြည်အောက်ရွာဒေသတွင် စားပင်သီးပင် စိုက်ပျိုးရသည်မှာ သိပ်တော့ မလွယ်ကူလှပေ။ ပေါင်းမြက်ကလည်း ထူပြောလှသဖြင့် ရေမချိုးသေးမီ ပေါင်းမြက်ရှင်းလင်းရခြင်းသည် ကျွန်ုပ်၏ နိစ္စဓူဝ လုပ်ရိုးလုပ်စဉ် တာဝန်တစ်ခုဖြစ်လေသည်။

တစ်နေ့နံနက်ပိုင်းတွင် အိမ်အနီးမှာ ယိုင်လဲနေသော ငှေပန်းပင်တချို့ကို ရေမချိုးသေးမီ အကျီချွတ်၍ ကျွန်ုပ် ရှင်းလင်းလုပ်ဆောင်နေစဉ် အပင်အောက်ခြေတွင် စွဲနေသော ပျားအုံမှ ပျားကောင်များ ရုတ်တရက် ထွက်ပေါ်လာပြီး တုပ်လွှတ်လိုက်တာ ခံရ၍ အသားလည်း နာကျင်ဒေါသလည်း အတော်ထွက်သွားခဲ့သည်။

လူကို ဒေါသစိတ်က ဦးဆောင်နေသဖြင့် အမှားအမှန်ကို ချင့်ချိန်ခွဲခြားနိုင်စွမ်း ပျောက်ကွယ်သွားပြီးနောက် အနီးအနားရှိ အမှိုက်အိတ်ကို ဆွဲယူမီးမြှိုက်ကာ ပျားအုံ၏ အောက်ကို ရောက်အောင် တုတ်နှင့် ထိုးထည့်ထားလိုက်၏။

မီးခိုးများ အူတက်လာခဲ့ပြီးနောက် ပျားအုံမှ ပျားကောင်များ မနေနိုင်တော့ဘဲ လေထဲမှာ ပျံဝဲနေကြလေသည်။ ကျွန်ုပ်၏လုပ်ရပ်ကို ရေချိုးနေသော သားဖြစ်သူက တွေ့မြင်သွားပြီး အော်ဟစ် အပြစ်တင်စကား ပြောလေသည်။

သား၏စကားပြောသံကြောင့် မီးဖိုချောင်မှ ဇနီးက ကြားသိလျှင် အိမ်ရှေ့ထွက်လာပြီး ဆူပူငေါက်ငမ်းလေသည်။

ကျွန်ုပ်၏လုပ်ရပ်ကို အမြန်ရပ်ဆိုင်းရန် ပြောနေ၍ ရပ်လိုက်ရသော်လည်း ပျားကောင်များ ထိုနေရာတွင် ဆက်လက် အုံဖွဲ့မနေဝံ့တော့ဘဲ နေရာပြောင်းရွှေ့သွားကြရလေသည်။

လူတို့နေထိုင်ရာ အိမ်နှင့် ဝန်းကျင်ကို ပျားအုံလာရောက်စွဲလျှင် အကောင်းအဆိုးနိမိတ်ကို အမျိုးမျိုး သတ်မှတ်ပြီး ယုံကြည်မှုရှိကြလေသည်။ ပျားများ ပိုင်းတုပ်ခံရသဖြင့် အသားနာကျင်ပြီး ဒေါသရှေ့ထား လုပ်မိသော ကျွန်ုပ်အတွက် မိုက်နောင်တက အချိန်လွန်မှ ရခဲ့သည်။ ပြန်ပြင်ချင်၍ မရတော့လေပြီ။

ပျားအုံကို ဆိုးရွားစွာ လုပ်ကိုင်မိခြင်းကြောင့် ဖြစ်ပေါ်လာမည့် ကောင်းကျိုးဆိုးပြစ်ကို စောင့်မျှော်ကြည့်ရှုံသာ ရှိတော့၏။ အချိန်ကာလ သိပ်ကြာမြင့်အောင် မစောင့်လိုက်ရပါ။ ရက်ပိုင်းအတွင်း သိသာထင်ရှားသော ဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာခဲ့ပါသည်။

ကျွန်ုပ်ပိုင်ဆိုင်သော ပုလဲမြို့သစ်ရှိ မြေကွက်အား ရောင်းချလို၍ ပွဲစားနှင့် ဆက်သွယ်ကြော်ငြာထားရာ သေချာပေါက် အရောင်းအဝယ်ဖြစ်တော့မည့် အနေအထားတွင် ငွေပေးချေတော့မည့်ဆဲဆဲမှာ အကြောင်းအရာ ခိုင်ခိုင်လုံလုံ မရှိဘဲ ပွဲပျက်သွားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဝင်မည့်လာဘ် ပိတ်ဆို့သွားခြင်းတည်း။(ထိုအကြောင်းကို ၂၀၁၅ ခုနှစ်၊ မေလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ဆောင်းပါးရေးသားခဲ့ပြီး ဖြစ်သည်။)

ဤမှုဖြင့် အဆိုးနိဒါန်း ပြီးစီးသွားလျှင် ကောင်းလေစွ၊ သို့သော် မျှော်လင့်သလို ဖြစ်မလာပါ။ သိုးဆောင်း စကားပုံတွင် Misfortune Never Come Alone ဟု ရှိထားသည်။ ဘာသာပြန်ဆိုရသော် **"ကံဆိုးမိုးမှောင် ဟူသည် တစ်ခုတည်း လာလေ့မရှိ"**ဟု ဆိုရမည် ထင်ပါသည်။

အမှန်ပင် ကံဆိုးမိုးမှောင်ကျခြင်းသည်တစ်ခုတည်း မလာခဲ့ဘဲ အဖော်ခေါ်လာပါသည်။

**၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၅)ရက်...**

ထိုနေ့သည် တနင်္ဂနွေနေ့ဖြစ်သည်။ ယခုနှစ်ပိုင်းအတွင်း လျှပ်စစ်မီးများ အတော် မှန်မှန် လင်းလာနေသည်ကို မြို့ရွာများ ခံစားနေရပြီဖြစ်သည်။

သို့သော် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက် နေ့များတွင်တော့ နေ့ခင်းပိုင်းတွင် မီးပျက်လေ့ ရှိတတ်ပြန်သည်။ ထိုသို့ မီးပျက်ခြင်းသည် လျှပ်စစ်မီးကြိုးလိုင်းများပြုပြင်ခြင်း၊ ဓာတ်ကြိုးနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင် ရှင်းလင်းနေရခြင်းကြောင့် မီးဖြတ်ထားခြင်း ဖြစ်လေ့ရှိပါသည်။

ယခုလည်း ရုံးပိတ်ရက်နှင့် ကြုံကြိုက်ပြီး လျှပ်စစ်မီး မလာသဖြင့် ဇနီးဖြစ်သူသည် ထင်းမီးသုံးစွဲ၍ နံနက်စာ ချက်ပြုတ်နေကြောင်း အိမ်ရှေ့သို့ လေနှင့်ပါလာသော မီးခိုးနံ့ကြောင့် သိနေပါသည်။

ထင်းမီးဖို သုံးစွဲမှုမှာ တစ်ခါတစ်ရံသာ ဖြစ်တတ်၍ အိမ်နောက်ဘက် မြေပြင်မှာ ဆင်း၍ ပြုလုပ်မြဲ ဖြစ်ပါသည်။

နံနက်ပိုင်း ရေချိုးချိန်မှာ ကျွန်ုပ်တို့ ဇနီးမောင်နှံသည် အိမ်ရှေ့တွင် အဝတ်အစားများ လျှော်ဖွပ်ရင်း စကားပြောနေကြစဉ် အိမ်ဝင်းတံခါးပေါက်မှ မိန်းမတစ်ယောက် အပြေးတစ်ပိုင်းနှင့် အရေးတကြီး ဝင်လာရင်းမှ...

'အစ်မရေ... အိမ်နောက်ဘက် မီးဖိုမှာ ဘာတွေ ချက်ပြုတ်ထားခဲ့လဲ မသိဘူး။ အိမ်ကို မီးလောင်နေပြီ'

ဟု အော်သွားပါသည်။

လေတိုက်ခတ်နေသဖြင့် မီးဖိုမှ တစ်ဆင့် နံဘေး ဝါးထရံကို မီးစွဲလောင်ခဲ့ခြင်းဖြစ်ပြီး မီးတောက်သည် ခေါင်မိုးထိ ရောက်ရှိသွားခဲ့သော်လည်း လူအများ အချိန်မီ ဝိုင်းဝန်းငြိမ်းသတ်လိုက်နိုင်သဖြင့် မီးငြိမ်းသွားသည်။ ကျွန်ုပ် ရောက်ရှိသွားချိန် မီးတောက်နေခြင်းကိုပင် မမြင်တွေ့လိုက်ခဲ့ရပါ။

ယနေ့ခေတ် လူတိုင်းလက်ထဲတွင် လက်ကိုင်ဖုန်းများ ကိုယ်စီလိုလို ရှိနေကြချိန်တွင် တစ်စုံတစ်ဦးက မီးသတ်ဌာနကို ဖုန်းဆက်အကြောင်းကြားလိုက်သဖြင့် မိုင်ဝက်ခန့်မျှသာ ကွာဝေးမည့် မီးသတ်ဌာနမှ မီးသတ်ကားကြီး (၃)စီး ရောက်ရှိလာခဲ့လေသည်။

မီးသတ်ကားများ ရောက်ရှိလာခဲ့ခြင်းကြောင့် ပြဿနာက ဖုံး၍ဖိ၍ မရတော့ဘဲ မီးသတ်ဥပဒေအရ မီးပေါ့ဆမှုဖြင့် အရေးယူခံခဲ့ရရာ ရဲစခန်းရောက်၊ တရားရုံးရောက် ဖြစ်သွား၏။ ဆုံးရှုံးမှုတန်ဖိုး နစ်ထောင်ကျပ် မီးလောင်ချိန် တစ်မိနစ်ကြာ မီးလောင်မှုသည် သတင်းစာများတွင် သတင်းအဖြစ် ရေးသားရသည်အထိ ကြီးကျယ်သွားလေသည်။

မည်သူကမျှ ပြဿနာလုပ်၍ မပြောသော်လည်း ပျားတို့၏နေအိမ်(ပျားအုံ)ကို မဆင်မခြင် အောက်မှ မီးခိုးမှိုင်းတိုက်ပြီး ဒုက္ခပေး နှောင့်ယှက်ခဲ့သူကို တူညီထိုက်တန်သော တုံ့ပြန်မှုဖြင့် သဘာဝတရားက ဆုံးမခဲ့ကြောင်း ကိုယ်တိုင်ကျူးလွန်သူ ကျွန်ုပ်က ကောင်းစွာ သဘောပေါက် နားလည်သွားပါသည်။

ကျွန်ုပ်၏စိတ်ကို ခြောက်လှန့်နေဆဲရှိသည်က တတိယမြောက်ဆိုးကျိုးနှင့် ဘေးအန္တရာယ်ထပ်မံ ပေါ်ပေါက်လာလေဦးမလားဟူသော စိုးရိမ်မှုပင် ဖြစ်လေသည်။ စင်စစ်**"ကိုယ်ပြုသည့်ကံ ပဲ့တင်သံ၊ ကိုယ်ထံပြန်လာခြင်း"** ဖြစ်တော့သည်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာရှုသူများအနေဖြင့် ကျွန်ုပ်ကဲ့သို့ မှားယွင်းစွာ ပြုမူခြင်းမှ ရှောင်ရှားနိုင်ရေးအတွက် မေတ္တာရှေ့ထား ရေးသားလိုက်ရပါသည်။

**စာကြွင်း ။ ။ မိမိနေအိမ်ဝန်းကျင်ကို ပျားအုံစွဲကပ်ခြင်းခံရပါက ပျားအုံ အနီးအနားတွင် ရေခွက်ကြီးကြီးဖြင့် ရေထည့်ပေးထားပြီး ပျားများကို ကြိုဆိုမေတ္တာပို့ပေးပါ၊ ကောင်းကျိုးကို သယ်ဆောင်၊ မကောင်းကျိုးကို ဖယ် ရှောင်စေဖို့ ဆုတောင်းပေးနိုင်ပါသည်။**

ဇနိတံ ပါကံ ဇနေတိ

*(ကုသောအကျိုးကို ပေးတတ်၏)*

**အောင်ဆန်းလင်း(ဘီ-ဓော)**



www.burmeseclassic.com

www.burmeseclassic.com



◆ ကျောက်ဖားသွား


အိုးသွားသုတေသီ

သာစည်ရွာမှ

# ရှေးပစ္စည်း နှင့် ထေးနှုန်းအချို့

ကုန်–အထက်မင်းလှသွား အဝေး
ဘာဥ်ပေါ်တွင် တွေ့ဆုံခင်မင်ခဲ့ရ
မောင်ထွန်းလင်းအောင်က သူ
သာစည်ရွာကလေးသို့ အလည်
ခဲ့ပါရန် ဖိတ်ခေါ်သည်။ မင်းလှမြို့
တစ်ဖက်ကမ်းတွင်ရှိ၍ စက်တပ်
တော်ကလေးများဖြင့် ကူးသန်း
သွားနိုင်သည်။

သာစည်ရွာ အနီးဝန်းကျင်၌
အောင်ခေတ်နှောင်း၌ ထင်ရှား
ည် မြင်ကွန်းမြို့ပေါင်း အဂ်လိပ်
မှာ နောက်ဆုံးစစ်ပွဲ၌ အရေးပါခဲ့
ည် တွေ့ချောင်းခံတပ်၊ သီပေါမင်း
ခဲ့သော သာသနာပိုင် တာဝန်
ဘွဲ့တံဆိပ်များကို ငြင်းပယ်၍
ခုမိုသော ရွှေကျင်ဆရာတော်



◆ ကျောက်ဖားသွား၏ အရွယ်ပမာဏ

ဦးဇာဂရ၏ တောရဥမင် စသည်
သမိုင်းဝင် နေရာထူးများစွာရှိကြောင်း
ကြားသိရသဖြင့် သာစည်ရွာကလေး
သို့ အလည်အပတ် လိုက်ပါဖြစ်ခဲ့
သည်။

မင်းလှခံတပ်အနီး ကမ်းခြေမှ
ရောဝတီမြစ်ကူးကာ တစ်ဖက် မျက်နှာ
ချင်းဆိုင်ရှိ သာစည်ရွာသို့ သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



● ရှယ်နက်

စက်လှေခုတ်မောင်းချိန် (၁၀)မိနစ်ခန့် သာကြာ၍ သောင်ပြင်ကို မိနစ်(၂၀)ခန့် ဖြတ်သန်းလေမှ သာစည်ရွာသို့ ရောက်လေသည်။

မောင်ထွန်းလင်းအောင်၏ ဖခင် ဦးမင်းနိုင်ခေါ် ဦးကြီးမောင်သည် တိုင်းရင်းဆေးဆရာမျိုးဆက်ဖြစ်ကာ တပ်မတော်မှ ဆေးပင်စင်ဖြင့် အနားယူသောအခါ သာစည်ရွာ၌ အခြေချလျက် မိရိုးဖလာတိုင်းရင်း ဆေးပညာဖြင့် ဗိဝိတဒါနပြုခဲ့သည်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို စွဲမြဲစွာ ဖတ်မှတ်လေ့ရှိကြောင်း သိရ၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာအုပ်များစွာကို ထုတ်ပြသည်။

ဦးမင်းနိုင်မှာ လွန်ခဲ့သော သုံးနှစ်ခန့်က ကွယ်လွန်သွားပြီ ဖြစ်သော်လည်း ဇနီးဒေါ်လှကြည်က သူ သိရ မှတ်မိထားရသမျှ ဆေးနည်းများကို ပြန်လည်ပြော၍ ဆေးပစ္စည်းအချို့ကို လည်း ထုတ်ပြပေးသည်။

## ကျောက်အံသွား

အလျား (၄)စင်တီမီတာ၊ အနံ(၂) စင်တီမီတာရှိသော အံသွားနှစ်ချောင်းနှင့် မေးရိုးတစ်ဖက်ပုံသဏ္ဍာန် ဖြစ်သည်။ ရှေးသတ္တဝါတစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်း ဖြစ်ဖွယ်ရှိ၏။

အထက်မင်းလှ သာစည်ရွာ နေရာတစ်ဝိုက်သည် ရှေးပျူခေတ်ကာလ ဗိဿနိုးပြည်ရှင် ပန်ထွာမင်းသမီး စခန်းချနေထိုင်ရာ အရပ်ဖြစ်ကြောင်း ရှေးသမိုင်းရှိသည့်အပြင် သာစည်မင်းလှတို့မှ ရောဝတီမြစ်ကြောင်းအတိုင်း (၆)မိုင်ခန့်အကွာ မြစ်အကြေ မြစ်လယ်တွင် စောလူးမင်း ဂူသချိုင်း သောင်ကျွန်း ရှိသည်ဟုလည်း ကြားသိရသည်။

ဤသို့လျှင် မြန်မာ့သမိုင်းဦး ဆက်စပ်ရာ နေရာဖြစ်သဖြင့် ကျောက်အံသွားမှာ သာစည်ရွာ မြေပြင်မှရသော ပစ္စည်းဖြစ်ရာ တကျ လေ့လာဖော်ထုတ်နိုင် မြန်မာ့သမိုင်းဦး အခြေအနေအ များစွာ တန်ဖိုးရှိပေလိမ့်မည်။


ဆေးသုံးအဖြစ် မြေကိုင် မြေတွင် လဲပြိုကျခြင်း၊ ခလုတ် ခြင်း စသည့်ကြောင့် နာတာရှည် ဝေဒနာများ ခံစားရပါက ထိုကျော သွားကို သွေးလိမ်း၊ သွေးသော ဖြင့် ပျောက်ကင်းသက်သာသည်

[illegible]

ရင်တွင်း ကိုယ်တွင်း ဒဏ် အတွက် မြေကို မီးဖုတ်စား

www.burmeseclassic.com





◆ လဲဝရှုးကျောက်

◀ နွယ်နဂါး တစ်ပက်ခြမ်းကွင်း

…ခြင်းဖြစ်ရာ နှစ်ကြာရှည် အပူလွန် …ကျောက်ဖြစ်သွားသော ဤ …ကျောက်အံသွားသည်လည်း ရင်တွင်း …ကိုယ်တွင်း ဝေဒနာများကို သက်သာ …ပျောက်ကင်းစေနိုင်သည်ဟု ယူဆဖွယ် …၏။

## နွယ်နဂါး

အထပ်ထပ် ရစ်ပတ်ကွင်းထိုးနေ …သော နွယ်လိမ်ကွင်းထိုး ဖြစ်သည်။ …ခွေကာ ပါးပျဉ်းထောင်နေသည့် …ပုံသဏ္ဌာန်ရှိ၏။

…မှုလက နဂါးခေါင်းနှင့် အလွန်တူ …ဆရာဦးမင်းနိုင်က မည်သူ့ကိုမှ …ကိုင်တွယ်ခွင့် မပေးခဲ့ပေ။

ဝိဇ္ဇာရေနယဆိုင်ရာ ဝေဒနာရှင် …များ ကြုံတွေ့ရပါက ထို နွယ်နဂါးဖြင့် …သကယ်မပေးတတ်သည်။ သူ …ကွယ်လွန်ပြီးနောက် ထုပ်ပိုးသိမ်း …ဆည်းထားရာ နဂါးအမောက်သဏ္ဌာန် …ကြွေသွားသည်ဟု ဆို၏။

မြွေဖို၊ မြွေမ သံဝါသပြုရာ နေရာမှ ရခဲ့သော သိဒ္ဓိဝင် နွယ်ကွင်းထိုးဖြစ်ကာ စွပ်စွဲပြောဆိုခံရခြင်း၊ ဆေးမလိုက်ခြင်း (ရောဂါဝေဒနာ သက်သာစေမည့် ဆေးဝါးမတွေ့ခြင်း) စသည် ကြုံရပါက နွယ်နဂါးကို (စွန့်ထားသော) ဘုရားသောက်တော်ရေဖြင့် စိမ်ကာ နဖူးတွင် မှန်ကူခြင်း(**စိမ်ရေကို လက်ဖြင့်တို့ကာ ဝေဒနာရှင်၏နဖူးအလယ်မျက်မှောင်တွင် ဆန့်ငါးမကင်းကွက် ◊ လေးထောင့် ချွန်းပုံသဏ္ဌာန်ကို စတီသဘောအရ ရေးခြစ်ခြင်း**)

နေအိမ် ဥရုတိုင် (**နေအိမ်တွင် အရှေ့တောင်ထောင့် အရပ်ရှိတိုင်**) ကို ပက်ဖျန်းခြင်း ပြုပေးရသည်။

[**နဂါးသည် စနေနံရုပ်ပုံဖြစ်၏။ "နွယ်"သည် စနေနံ ဦးစီးပညတ် ဖြစ်ရာ နွယ်နဂါးသည် စနေအားကောင်းသော ပညတ်ဖြစ်သည်။ နမ္မိသေနတုံးအရ "တေဇ"အင်္ဂါကို အောင်နိုင်သည်ဖြစ်ရာ အင်္ဂါဂြိုဟ်ဆိုင်ရာ စုန်း၊ အစွပ်အစွဲ၊ ဆေးစသည် ပရိယာယ်များဆိုင်ရာ အနိုင်ရတတ် ဆောင်နေသည်ကို တွေ့ရ၏။**

**နောက်ခံဖြစ်စဉ်အရ ထူးခြားသော သိဒ္ဓိကို ကာရက ထောက်ပံ့ပေးထားခြင်းဖြစ်၏။ ထို့ကြောင့် ဆီ၊ ဆန်၊ ဆား၊ ဂက်ပစ္စည်း၊ အစားအစာ၊ စကား၊ အငြင်းအခုံ၊ မုဆိုးဖို၊ မုဆိုးမ၊ လက်အောက်ငယ်သား၊ တအုပ်၊ လက်စွပ်၊ မျက်စိ၊ ကိုယ်အင်္ဂါ ချွတ်ယွင်းမှု စသည့် အင်္ဂါပရိယာယ်ဆိုင်ရာ ကိစ္စများအတွက်လည်း အောင်မြင်နိုင်သည်ဟု ယူဆဖွယ် ရှိပေသည်။**]

## မြေဆေးတံ

ရှေးခေတ် မြေဖုတ်ဆေးတံများ ဖြစ်သည်။ မြေမီးဖုတ် ဆေးတံများကို ရှေးခေတ် မြို့ပြနိုင်ငံများ ထွန်းကားခဲ့သည့် နေရာအချို့၌ တွေ့မြင်ခဲ့ရ၏။

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ စမ္မာနဂိုရ်မြို့ဟောင်း။ အလောင်းတော်ကဿပကြိုးဝိုင်း။ မင်းတုန်းချောင်း။ စစ်ကိုင်းမြို့၊ ပြည်မြို့၊ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ဝါခရုရှေးဟောင်းမြို့ စသည်ဖြင့် နေရာဒေသ ခေတ်ကာလ



www.burmeseclassic.com



မိုးကြိုးသွား သို့မဟုတ် ရှေးခေတ်ကျောက်ပုဆိန်များ

အလှမ်းကွာကြသော်လည်း သွန်းလုပ်သော ကနုတ်ပန်းလက်ရာများမှာ တူညီနေသည်ကို တွေ့ရ၏။

ယခု သာစည်ရွာ (မကွေးမြို့နယ်) ၌ တွေ့ရသော မြေဆေးတံမှာ ပျူခေတ်လက်ရာဖြစ်ဟန် ရှိသည်။

ဆေးအသုံး မသိရှိရပါ။ ဈေးအရောင်းအဝယ် ကောင်းမွန်စေရန် **ဆေးတံတွင် ထီးစိုက်ထူကာ ဆိုင်များ၌ အဆောင်ယတြာ ပြုကြကြောင်း သိရ၏။**

ဆေးတံမှ 'တေဇ' အောင်ဓာတ်ဆောင်၍ စနေက အင်္ဂါကို အောင်နိုင်၏။ ထို့ကြောင့် စနေနံ 'ထီး' ကို အားဖြည့်ကာ ဈေးဆိုင်အတွက် အရောင်းအဝယ် သွက်လက်စေရန် ယတြာပြုကြခြင်း ဖြစ်သည်။

ထီးကို စနေနံ ပိုင်ဆိုင်သည့် အနက်ရောင် ညိုမှောင်သော အရောင်ဖြင့် အသုံးပြုပါကပို၍ထိရောက်နိုင်ပေသည်။

ဤမြေဆေးတံများက နှစ်ကာလရှည်ကြာ၍ ပရမတ်အားကောင်းသဖြင့် ခေတ်ပေါ်ဆေးတံများကို အသုံးပြုခြင်းထက် ပို၍ ခရီးရောက်ခြင်းဖြစ်သည်။

## ကျောက်ပုဆိန်

ကျောက်မိုးကြိုးသွားဟု ခေါ်ကြသည်။ မိုးကြိုးပစ်ခြင်းသည် ကောင်းကင်နှင့် မြေကြီးတို့အကြားရှိ လျှပ်စစ်ဓာတ်(ဗို့မ) အစွမ်းနှစ်ခု ထိစပ်ပေါင်းစည်းခြင်းဖြစ်သည်။

ထိုသို့ ထိစပ်ရာ (မိုးကြိုးပစ်ရာ) နေရာရှိ အစိတ်အပိုင်းကို **မိုးကြိုးသွား** ဟု ခေါ်ဝေါ်သုံးစွဲ၏။ သစ်ပင်၊ ကျောက်၊ သံသတ္တု စသည် အမျိုးမျိုး ဖြစ်နိုင်ပါသည်။

ဤ ကျောက်ပုဆိန်ကလေးများမှာ **မိုးကြိုးသွား**(မိုးကြိုးထိမှန်ခြင်း) ဖြစ်နိုင် သကဲ့သို့ သာမန်(မိုးကြိုးမခသော) ပစ္စည်းလည်း ဖြစ်နိုင်၏။

သို့သော် ရှေးခေတ်၊ ကျောက်ခေတ်ကာလက အသုံးအဆောင်ပစ္စည်းဖြစ်သောကြောင့် ပရမတ် ပြည့်ဝ၏။ ဤကျောက်ပုဆိန်ဖြင့် ခန္ဓာကိုယ်ရှိ အကြောအခြင်များကို ထုရိုက်ဖြေလျှော့ပေးနိုင်၏။

ကျွန်ုပ်၏ ဆေးပညာ ဆရာတစ်ဦးဖြစ်သော ဦးကျော်ညွန့်(ပျော်ဘွယ်) ဤသို့ ပြောပြခဲ့၏။

'ခန္ဓာကိုယ်မှာရှိတဲ့ အကြောအ... တွေကို နှိပ်နယ်ကုသခြင်းဟာ ပ... ဓာတ် ဖြည့်ဆည်းပေးတာ... အနောက်တိုင်းကတော့ ထုထော... ပေးတယ်။ တရုတ်ဆေးပညာမှာ... အပ်စိုက်တယ်။ ဆေးရွက်အပု... တယ်။ ဒါတွေဟာ ဝေဒနာသက်... အောင် ကုသတဲ့ ပထဝီအာ... ကုထုံးချင်း အတူတူပါပဲ။

ဆိုင်ရာအကြောဆုံ နေရာတွေ... နှိပ်နယ်ပေးခြင်း၊ ရွှေသွင်း... မိုးကြိုးသွားလို့ခေါ်တဲ့ ရှေး... ကျောက်ပုဆိန်တွေနဲ့ အသာအ... ထုထောင်းခြင်းတို့က အခြေခံ... တူတယ်။ အပ်စိုက်ခြင်း၊ နှိပ်နယ်... အကြောပြင်ခြင်းက ကျွမ်းကျင်... တယ်။

ငါးတစ်ကောင်ကို ကျွမ်းကျ... တံငါက မှိန်းနဲ့ ပစ်ဖမ်းတာနဲ့တူတ... ရွှေသွင်းကုထုံး၊ မိုးကြိုးသွားကုထုံ... ပိုက်ကွန်ပစ်ဖမ်းတာနဲ့ တူတယ်။

ရှေးခေတ်ကတည်းက အသုံ... ကြပေမယ့် ထီးသုံး နန်းသုံးအ... လျှို့ဝှက်ထားရာက ပုံ့ပွားမှု အား... လာရတာပါ။ ပြန်လည် ဖော်ထုတ်... အခါ တရုတ်အပ်စိုက် ကုထုံးတွေ... အဆင်ပြေ အသုံးတည့်တာ တွေ့... ရတယ်။

အပ်စိုက်ကုထုံးမှာ "လေ" လေ... ခွဲထားတယ်။ (၁)ကျုံးချိ၊ (၂)ယ... (၃)ဝေ့ချိ၊ (၄)ယွယ်ချိတဲ့။ မြ... တိုင်းရင်းဆေးပညာမှာ (၁)ပါန... (၂)ဥဒါနလေ၊ (၃)သမာလေ၊ ... အပါနလေဆိုပြီး ခွဲခြားပုံနဲ့တူပါ...

မြန်မာ့တိုင်းရင်းဆေး အလို... လေ၊ သည်းခြေနဲ့ သလိပ် သုံး...

www.burmeseclassic.com

ဒေါသသုံးပါးလို့ခေါ်တယ်။ ဒီသည်းခြေ၊ လေ၊ သလိပ်တို့ ဖောက်ပြန်တဲ့အခါ လူ့ခန္ဓာကိုယ်ကို ဖျက်ဆီးတတ်တဲ့အတွက် **ဒေါသလို့** အမည်ပေးထားခြင်းဖြစ်တယ်။

ဒီဒေါသသုံးပါး ဖောက်ပြန်တဲ့အတွက် ခန္ဓာကိုယ်မှာ ရောဂါဝေဒနာတွေ ဖြစ်ပေါ်ခံစားရတယ်။

ဒေါသသုံးပါးဆိုင်ရာ အကြောဆုံနေရာတွေကို မြန်မာ**ခန္ဓာဗေဒပညာ** (anatomy)မှာ အတိအကျ ဖော်ပြထားခြင်း မရှိဘူး။ ရှိခဲ့ရင်လဲ လူအများအသုံးပြုနိုင်အောင် ပျံ့နှံ့ခြင်း မရှိခဲ့ဘူး။

တရုတ်အပ်စိုက် ကုထုံးမှာတော့ အတိအကျ ဖော်ပြထားတယ်။ အပ်စိုက်ကွက် ''ရှဲ''တွေဟာ ဒေါသသုံးပါးဖြစ်တဲ့ လေ,သည်းခြေ,သလိပ်တို့ တည်ရာအကွက် အခင်းတွေပါပဲ။

အဲဒီ အကွက်အခင်းတွေကို ရွှေသွင်းခြင်း၊ မိုးကြိုးသွားနဲ့ ထုရိုက်ပေးခြင်း၊ ပိုမို တတ်ကျွမ်းနားလည်သူက လက်နှိပ် အကြောပြင်ပေးခြင်းအား ဖြင့် ရောဂါဝေဒနာကို လျင်မြန်ထိရောက်စွာ ကုသပေးနိုင်ပါတယ်။

**(ဆရာဦးကျော်ညွန့်သည် လဝကခုဦးစီးမှူး တာဝန်ဖြင့် ပေါင်မြို့၌ ၁၉၇၆ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း မိုးကြိုးသွားကုထုံးနှင့် ရွှေသွင်းကုထုံးများကို မခြွင်းမချန်ဘဲ သင်ကြားပေးခဲ့သည့် ကျေးဇူးရှင် သင်ဆရာတစ်ဦး ဖြစ်သည်။)**

အကြောင်းတိုက်ဆိုင်စွာပင် ကျွန်ုပ်မှာ လက်ဝဲခြေဖနောင့် အသားနာခြင်း၊ လက်ဝဲလက်ဖျံ ကိုက်ခဲခြင်း၊ ခါးနာခြင်း၊ လက်ယာလက်ချောင်းများ ထုံကျဉ်ခြင်း စသည့် အာဂန္တု ဝေဒနာများစွာ ခံစားရချိန်ဖြစ်ရာ (ကျောက်ပုဆိန်) မိုးကြိုးသွားကုထုံးဖြင့် ကုသ(ထုထောင်း)ကြည့်ရာ ဝေဒနာများ သက်သာပျောက်ကင်းသည်ကို ဝမ်းမြောက်ဖွယ် တွေ့ကြုံရသည်။ ခါးနာခြင်း ဝေဒနာသာ တချို့တစ်ဝက် ကျန်ရစ်၏။

**(ခါးနာခြင်း အကြောင်းရင်းများစွာရှိရာ အဓိကအကြောင်းရင်းကို ရှာဖွေကုသနိုင်မှသာ သက်သာပျောက်ကင်းနိုင်ပေသည်။**

**အကြောပြင်နှိပ်နယ်ခြင်း၊ ရွှေသွင်းခြင်း၊ မိုးကြိုးသွားဖြင့်ထုထောင်းခြင်း စသည်တို့က အမိုက်အတန့် သက်သာရာရစေရန် စွမ်းဆောင်နိုင်လေသည်။)**

## လချေးကျောက်

ရွာအနီးဝန်းကျင်ရှိ တောင်ကမူများမှ တူးဖော်ရရှိသည်။ သာစည်ရွာ၏ တောင်ဘက် တစ်မိုင်သာသာခန့်တွင် ရှိသော ဘုရားကုန်းကျေးရွာတွင်မူ ပေါများစွာ ရရှိနိုင်သည်။

ဆေးအသုံးကို မသိကြပေ။ ယာမြေများ၌ လချေးအမှုန့်ပြု၍ ကြဲပက်ပေးထားပါက သီးနှံအတွက် ကောင်းစေသည်။ မိုးနည်းပါးသော ကာလများ၌ အစိုဓာတ်ကို ထိန်းပေးသည်။

နေအိမ်ရှိ အလှစိုက်ပန်းပင်များအတွက် ပန်းအိုးမြေတွင် လချေးမှုန့်ရောထည့်ထားခြင်းဖြင့် ပန်းပင်များ ရေမရ (ရေမလောင်း)သော်လည်း ညှိုးနွမ်းမှုမရှိဘဲ ကြာရှည်ခံ၏။ လချေးကျောက်ကိုမီးဖုတ်၍ နောက်ကျိနေသော ရေအိုးတွင် ထည့်ပါက ရေများ ကြည်လင်သွားစေသည်ဟု ပြောပြကြသည်။

## အစာဆိပ်ဖြေဆေး

မြစ်ကမ်းနားတွင် ပေါက်လေ့ရှိသော အလေ့ကျ ပဒိုင်းပင်များမှ ပဒိုင်းသီးများကို အစေ့များထုတ်ကာ သီးခွံအတွင်း အိမ်သုံးဆား အပြည့်ဖြည့်ရသည်။ ဝါးတုတ်ချောင်းငယ်များဖြင့် အလုံးမပျက်စေရန် သီထိုးကာ မီးဖုတ်ပြာချရသည်။

အစာတောက်ခြင်း၊ မသင့်သော မတည့်သော အစာစားမိခြင်း၊ အစာမကြေလေအောင့်ခြင်း၊ ပျို့အန်ခြင်းများအတွက် ယင်းပြာ အနည်းငယ်ကို လျက်ပေးခြင်းဖြင့် လျင်မြန်စွာ သက်သာ ပျောက်ကင်းစေသည်ဆို၏။

## အဆုတ်နာပျောက်ဆေး

လောက်သေရွက်နှင့် မုယားကြီးရွက်ကို ရောကျို၍ အရည်ကို သောက်ပေးခြင်းဖြင့် အဆုတ်နှင့် ပတ်သက်သော ရောဂါမှန်သမျှ သက်သာပျောက်ကင်း၏။

## ကလေးရင်လူးဆေး

စမုန်နက်ကို နေလှန်း အမှုန့်ပြုကာ ဆေးရွက်ကြီးပြာနှင့် ဆတူရောလျက် အုန်းဆီဖြင့် ဖျော်ရသည်။

ကလေးရင်လူးဆေး ဖြစ်သည်။ ကလေးသူငယ်များ ပျို့အန်ခြင်း၊ တက်ခြင်း၊ ဗိုက်နာဗိုက်အောင့်ခြင်းတို့ကို သက်သာပျောက်ကင်းစေသည်။

## မိတ်ပျောက်ဆေး

မန်ကျည်းရွက်နုနှင့် ဩဇာရွက်နုကို ချဉ်ရည်ဟင်းချက်သောက်ခြင်းဖြင့် ရာသီဥတု ပူပြင်းမှုကြောင့်ဖြစ်သော ယားနာ၊ မိတ်၊ အဖုအပိမ့်များ သက်သာ ပျောက်ကင်းစေလေသည်။

**(ရှင်းလင်း ပြောပြပေးကြသော ဆရာဦးမင်းနိုင်၏ ဇနီးနှင့် သားသမီးတို့အား ကျေးဇူးတင်ရှိပါသည်။)**

**ခရီးသွားသုတေသီ**

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ ဇူလိုင်လ အမှတ် (၃၂၄) နက္ခတ္တရောင်ခြည်မဂ္ဂဇင်း (၂၇)နှစ်ပြည့်အမှတ်တရ အထူးထုတ် စာမျက်နှာ (၁၄၀,၁၄၁) "ထူးခြား ဆန်းပြား ဝါးနဂါး" ရေးသားသူ ဒဏ္ဍာရီ (စက်မှုလယ်ယာ-ဆင်ဖြူကျွန်း)မှ ဝါးမင်းနှင့်ပတ်သက်၍ ဗဟုသုတကြွယ်ဝလှသော သုတေသီများ အနေနှင့် ဝါးမင်းပင်စိုက်ခြင်း၏ ကောင်းကျိုးဆိုးကျိုးများကို စာဖတ်သူများ ဗဟုသုတတိုးပွားစေခြင်းငှာ တစ်ဆင့် ရေးသားဖော်ပြပေးပါရန် မေတ္တာရပ်ခံပါသည်ဟု ပါရှိလာပါသည်။

ကျွန်ုပ်သည် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကို ဖတ်လာခဲ့သည်မှာ (၁၅)နှစ် ကျော်ခဲ့ပါပြီ။ သို့သော် စာရေးဖို့ မရည်ရွယ်ဖြစ်ခဲ့ပါ။

သို့ရာတွင် အထက်ပါစာကို ဖတ်လိုက်ရ၍ ဝါးမင်းနှင့်ပတ်သက်၍ အသုံးဝင်ပုံများနှင့် အစွမ်းရှိပုံများကို ဗဟုသုတ ဖြစ်ကြစေရန် ကျွန်ုပ် သိရသရွေ့ ရေးသားလိုက်ပါသည်။

ကျွန်ုပ်နှင့် ခင်မင်သော ဓမ္မမိတ်ဆွေ ယောဂီ ဦးမြဆိုသူနှင့် တရားဓမ္မ ဆွေးနွေးစကားပြောဆိုရင်း စကားလက်ဆုံကြနေပါသည်။

နောက်ဆုံး ဦးမြကို ဝါးမင်း အကြောင်းကို မေးမိပါသည်။ ဦးမြ ပြောကြားချက်များကို ကျွန်ုပ်မှတ်စု စာအုပ်ထဲ ရေးမှတ်ထားလိုက်ပါသည်။

ဤကဲ့သို့ ရေးမှတ်ထားသော စာသားအတိုင်း ပြန်လည် ရေးသားလိုက်ပါသည်။

ဝါးမင်းပင်အား နေအိမ်တိုက်တာဝင်းအတွင်း စိုက်ထားခြင်း၊ လုပ်ငန်းခွင် စားပွဲအနီးတွင် ဆောင်ယူထားခြင်းဖြင့် အလုပ်အကိုင်များ အဆင်ပြေ ချောမွေ့



# ဝါးမင်း နှင့်ပတ်သက်၍

## အသုံးဝင်ပုံများနှင့် အစွမ်းရှိပုံများ

စေပြီး ဥစ္စာစီးပွားလာဘ်လာဘများနှင့် ကြီးပွားတိုးတက်စေကြောင်း...

မိမိအား မကောင်းကြံလို၍ စုန်း၊ ကဝေ အမှောင့်ပယောဂ အတိုက်အခိုက်တို့ကို တန်ပြန်စေနိုင်သည်။

ဖိုက်နာခြင်း၊ ဖိုက်အောင့်ခြင်း ဝေဒနာရှိသူများအားလည်း ဝါးမင်းပင် သို့မဟုတ် အဆစ်တို့နှင့် ဖိုက်နာ၊ ဖိုက်အောင့်သည့် နေရာတို့တွင် ထောက်ပေးခြင်းဖြင့် ပျောက်ကင်းစေနိုင်သည်။ အဆိပ်ရှိ သတ္တဝါများ မနေနိုင်။

**ဝါးမင်းပင်၏ အရှည်တစ်တောင်အတွင်း အဆစ်(၇)ဆစ်မှ အထက်ရှိလျှင် ထောက်တွင်ပိုမိုအစွမ်းထက်မြက်သည်။**

နေရာတိုင်းတွင် မပေါက်ပါ။ မထိုက်တန်ပါက ရွှေ့ပြောင်းသွားတတ်ပါသည်။

ဝါးမင်းဆောင်သူများသည် ဘာသာရေးကို အမြဲ ဂရုစိုက် ပြုလုပ်ရမည်။ ဂုဏ်တော်ကို ပုတီးစိပ်ခြင်း၊ ဝိပဿနာပွားများခြင်း ပြုလုပ်ရသည့် ကာမေသုကံ၊ သုရာကံနှစ်ပါးကို ထိန်းနိုင်လျှင် ပိုပြီး အစွမ်းပြပါသည်။

**သုခိနော ဝ ခေမိနော ဟောန္တု သဗ္ဗ သတ္တာ ဘဝန္တု သုခိတတ္တာ။**

**ဆရာစိန်-ဝေဒသုတေး**



www.burmeseclassic.com

www.burmeseclassic.com



# တောစခန်းမှ ညဉ့်အိပ်

## (၇)ခေါက်ရွတ်ဂါထာ

ယုံချင်ယုံ မယုံချင်နေ စာရေးသူ အဖို့က အိပ်ရာထဲရောက်ပြီဆိုလျှင် အောက်ဖော်ပြပါ ဂါထာလေးကို (၇) ခေါက်ရွတ်ပြီး အိပ်ပါသည်။ တောထဲ တောင်ထဲသွားသည့်အခါများ၌လည်း ရွတ်ပါသည်။

ယုတ်စွအဆုံး ဂူဗ္ဗာသယဆည်ကြီး တောင် တရားစခန်း ညဉ့်အိပ်ညဉ့်နေ သွားလျှင်လည်း နှုတ်ဖျားက အမြဲ တစေ ရွတ်လေ့ရှိသဖြင့် ရွတ်ပြီးမှ အိပ်ပါသည်။

သည်ဂါထာလေး ရခဲ့ပုံမှာ နားနောင်ကျောင်း မဟာသကြိန် ကာလ ဥပုသ်စောင့် ညဉ့်အိပ်သွားစဉ် က ဆရာတော် ဦးကလျာဏထံမှ ရခဲ့ပါသည်။

ဆရာတော်သည်ပင်လျှင် ဂျပန် ခေတ် စစ်ပြေး တိမ်းရှောင်ရစဉ်က မဟူရာတောသို့ တိုင်းပြည်အခြေအနေ အရ ပြောင်းရွှေ့ခဲ့ရသည်။

ဆရာတော်၏ အပြောကတော့ လက်ဆင့်ကမ်းဆရာများ၏ ပေးခဲ့ သည့် ဂါထာဟူ၍လည်း ဖြစ်ပါသည်။ အညွှန်းတွေများသွားပါသည်။ စာဖတ် ပရိသတ်များအား အောက်ပါအတိုင်း တင်ပြလိုက်ရပါသည်။

‘ဥုံ အရှေ့မှာတုရား။ အနောက်မှာတရား။
မြောက်မှာ ရှင်မွေးကဿပ တောင်မှာရဟန္တာ
အလယ်ကောင်မှာ စက်လေးပြား ကာဆရာ
ကား ကွယ်ဆရာကွယ်’

ဆိုပြီး (၇)အုပ်ရွတ်ပါ။ ဘေးရန် အန္တရာယ်များ ကင်းရှင်းပါသည်။

တောစခန်းမှသာမဟုတ် နေအိမ်၌ ဖြစ်စေ၊ မီးရထားဖြင့် ခရီးသွားသူများ ဖြစ်စေ ယုံကြည်လျှင် အသုံးပြုနိုင်ပါ သည်။

စေတနာမှန်လျှင် ကံသည် ကိုယ့်ထံ ရောက်လာတတ်ပါသည်။

အာယု ဝဏ္ဏော သုခံ ဗလံ

**မောင်ဗဟိန်း(အင်းတော်)**




www.burmeseclassic.com

www.burmeseclassic.com

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအတွင်း ပုံရိပ်ရှင်တို့နှင့်

# ကံကြမ္မာ



အောက်တိုဘာလတွင်...

✣ ကြွက်နှစ်ဖွား



ဒေါသကြောင့် အများကြိုရတတ်သဖြင့် ဆင်ခြင်သင့်သည်။ စိတ်မချမ်းမြေ့ဖွယ် အနိဋ္ဌာရုံမြင်ကွင်းများ မြင်တွေ့ရဖွယ် ရှိသည်။

ပညာရေးတွင် လစ်ဟင်းနေလိမ့်မည်။ သစ်တောထွက်ပစ္စည်းများနှင့် ပတ်သက်၍ အကျိုးအမြတ်ရရှိနိုင်သည်။

✣ နွားနှစ်ဖွား



အကြံအစည်အချို့ အောင်မြင်သောကာလ ဖြစ်သည်။ အိမ်ခြံမြေ ပြုပြင်မွမ်းမံ ရတတ်သည်။

အစာအိမ်နှင့် ပတ်သက်သော ဝေဒနာများ သတိထားကာကွယ်ပါ။ လွင်ပြင်ကျယ်ဒေသများသို့ အလည်အပတ် သွားရကိန်း ရှိသည်။

✣ ကျားနှစ်ဖွား



တန်ခိုးသြဇာ မြင့်မား ထက်မြက်မည်။ ရာထူးအလုပ်အကိုင် တိုးတက်နိုင်သည်။ ကောင်းသတင်းများ ကြားရဖွယ်ရှိသည်။

ဆိုးဆေးအဖျော်ယမကာ သောက်သုံးဖွယ် သောက်သုံးဖွယ် ပစ္စည်းတို့နှင့် ပတ်သက်၍ ငွေကြေးအကျိုးအမြတ် ရရှိမည်။ တစ်ကိုယ်တော် အမျိုးသမီးများ ခင်ပွန်းရကိန်း ကြုံလိမ့်မည်။

✣ ယုန်နှစ်ဖွား



ဝန်းကျင်နှင့် ဆွေမျိုး သားချင်းများအကြား အားကိုး လေးစားခြင်းခံရမည်။ ဆီးနှင့် ကျောက်ကပ်ဆိုင်ရာ ရောဂါဝေဒနာများ သတိထားပါ။

ငါးပိ၊ ငါးခြောက်၊ ခရု စသည် ရေထွက် ပင်လယ်ထွက်ပစ္စည်းများနှင့် ပတ်သက်၍ အကျိုးပေး ကောင်းမွန်သောကာလ ဖြစ်သည်။

✣ နဂါးနှစ်ဖွား



ဈေးကွက်သစ်၊ လုပ်ငန်း စီးပွားအသစ်ကြောင့် ငွေကြေးဆုံးရှုံးရတတ်သည်။ မြေစမ်း ခရမ်းပျိုးရသော မရေရာသည့် အလုပ်များကို ရပ်ဆိုင်းထားသင့်သည်။

ဓာတုဗေဒပစ္စည်းကြောင့် ဘေးဥပဒ်ရောက်ရတတ်သည်။ မိတ်ဆွေပေါင်းများနှင့် ပြန်လည်ဆုံတွေ့ရဖွယ်ရှိသည်။

✣ မြွေနှစ်ဖွား



တတ်သိပညာရပ်များကြောင့် ငွေကြေး လာဘ်လာဘများ တိုတိုတိတိ ဝင်လာနိုင်သည်။ ကြေး၊ သံ၊ စတီး၊ သတ္တုများနှင့် ဆက်စပ်၍ ငွေကြေးအမြတ်အစွန်း ရရှိသည်။ စည်သွပ်စားဖွယ်များ လက်ဆောင်ရတတ်သည်။ အသက်ရှူလမ်းဆိုင်ရာ ရောဂါများ သတိထားပါ။

✣ မြင်းနှစ်ဖွား



ရတနာပုံဆိုက်သော ကာလ ဖြစ်သည်။ ငွေကြေးလာဘ်လာဘ ရွှင်လန်းသွက်လက်မည်။

ယာဉ်ရထားဝင်နိုင်သည်။ ကံတိုက် လုပ်ငန်းများ အကျိုးပေးသော ကာလဖြစ်သည်။ အမျိုးသား ဇတာရှင်တို့မှာ ဖနီးမယားရကိန်း ရှိသည်။

✣ ဆိတ်နှစ်ဖွား



မရွေ့မပြောင်းနိုင်သော ပစ္စည်းများဝင်တတ်သည်။ သွားနှင့် ခံတွင်းဆိုင်ရာ ဝေဒနာများ သတိပြုကာကွယ်ပါ။

တွင်းထွက်ပစ္စည်းများနှင့် စပ်လျဉ်း၍ ငွေကြေးအကျိုးအမြတ် ဖြစ်ထွန်းနိုင်သည်။ ပျို့ရွယ်သူတို့ နှလုံးရေးရာကိစ္စများတွင် စန်းပွင့်သောကာလဖြစ်သည်။

✣ မျောက်နှစ်ဖွား



ကြုံဆုံရင်ဆိုင်နေရသော အခက်အခဲ ပြဿနာများ ပြေလည်ပပျောက်သွားမည်။

ရပ်ဝေးမြေခြားတွင် စီးပွားရှာဖွေနေသူများ ပြည်တော်ပြန်ရကိန်းရှိသည်။ လျှပ်စစ် အသုံးအဆောင် ပစ္စည်းများနှင့် ဆက်စပ်၍ ငွေကြေးအကျိုးအမြတ် ဖြစ်ထွန်းနိုင်သည်။

✣ ကြက်နှစ်ဖွား



ယာဉ်ရထား မတော်တဆ ဖြစ်မှုဘေးကို သတိထားကာကွယ်ပါ။ ခင်မင်ရင်းချာသည့် မိတ်ဆွေရင်းများကြောင့် ဒုက္ခရောက်ရကိန်း ရှိသည်။

ဖန်ထည်၊ မှန်ထည် ပစ္စည်းများနှင့် ပတ်သက်၍ ငွေကြေးအမြတ်အစွန်း ရရှိနိုင်သည်။

✣ ခွေးနှစ်ဖွား



အကြံအစည် အောင်မြင်၍ လုပ်ငန်းဆောင်တာများ သွက်လက်ဖြစ်ထွန်းမည်။

စိန်၊ ကျောက်မျက်၊ တွင်းထွက်ပစ္စည်းများ ဝင်ကိန်းရှိသည်။ အမျိုးသမီးဇတာရှင်များ သားအိမ်နှင့် ပတ်သက်သော ရောဂါ သတိထား ကာကွယ်ပါ။

✣ ဝက်နှစ်ဖွား



ငွေကြေးများစွာ ဝင်နိုင်ခြေ မရှိသော်လည်း အခက်အခဲ အကျပ်အတည်း ကြုံရပါက အားပေးကူညီမှုများ အဆင်ပြေစွာ ခံစားရရှိနိုင်ကြသည်။

စက္ကူ၊ အထည်အလိပ်နှင့် ပတ်သက်၍ အကျိုးပေးသောကာလ ဖြစ်သည်။ မျက်စိရောဂါ သတိထားပါ။

**ဤလတွင် ကံကြမ္မာ နိမ့်ပါးနေသူတို့သည်** တနင်္ဂနွေနေ့တွင် သက်ကြီးပိုင်း အမျိုးသားတစ်ဦးအား အဖြူရောင်ရှိသော အသုံးအဆောင်ပစ္စည်းတစ်ခု လက်ဆောင် ပေးလှူပါနိုင်ပါ။ ကံအဆိုး ပါပအကျိုးများ ပြေလျော့ပျောက်ကွယ်၍ ကြံစည်ဆောင်ရွက်သမျှ အောင်မြင်လာပါလိမ့်မည်။

***ကြံဆောင်သမျှ အောင်မြင်ကြပါစေ***

**ဟူကျင်းဇီ(*Hu Jin Zhi*)**

www.burmeseclassic.com

www.burmeseclassic.com

...ဘူဘာန်

...င်ငယ်မျိုးဖြစ်၍ အရွက်များ ရိုးတံ ...အပြိုင်ထွက်ကြသည်။ အရင်းအဖျား ...သော လုံ့သွားပုံအရွက်များမှာ လေး ...က်မခန့် ရှည်လျားကြသည်။

နွေနှောင်းကာလ၌ ရိုးတံဖျားမှ ...တံထွက်ကာ အဝါရောင်နှင့် နီညို ...င် အပွင့်များ ပွင့်လေ့ရှိကြသည်။

ပွင့်တံရှိ အဖူးများတည်ရှိပုံမှာ စပါး ... စပါးစေ့များသဖွယ် ဝဲယာတစ် ...င့်စီ ဆင့်ထပ်၍ နေကြသည်။ ...ဆုံးမှ သုံးပွင့်စီပြိုင်ပွင့်ကာ အဖူး ...ကုန်သည်အထိ ဆက်ကာဆက်ကာ ...လေ့ရှိကြသည်။

**တစ်ပွင့်ညှိုးမှိန်တွင် နောက်တစ်ဖူး ... ပွင့်သည်ဖြစ်ရာ ပွင့်တံထိပ်တွင် ...သုံးပွင့်စီဖြင်တွေ့ရမြဲဖြစ်လေသည်။**

နီညိုရောင်ပန်းပွင့်သော ပွင့်တံတွင် ...များစွာ ပါရှိ၍ အဝါရောင်ပန်း ...သည့် ပွင့်တံသည် အဖူးနည်းပါးကြ ...ည်။

တစ်ပင်တည်းမှ အဝါနှင့် နီညို ...င်ပွင့်တံ နှစ်ခွဲထွက်ဖူးပွင့်ကြခြင်း ...သည်။

* * *



ပွင့်တံ၌အဖူးတည်ရှိပုံ


**နေအိမ်ဂေဟာအတွက်**

**...ကောင်းဆောင်သော ဂမုန်း**

အရွက်များ အပြိုင်ထွက်ရှိ၍ အဖူး ... ဝဲယာတစ်ဆင့်စီ တည်ရှိနေခြင်း ...ကြောင့် နေအိမ်ဂေဟာများ၏ မျက်နှာ ...တွင် စိုက်ပျိုးထားပါက အိမ်တွင်းရှိ



▲ ဖိုးစိန်ကြီးခေါင်းပေါင်းအပင်ပုံသဏ္ဌာန်





# ဖိုးစိန်ကြီး ခေါင်းပေါင်း

**ဂမုန်းဝင်**

အိမ်သားမိသားစုဝင်တို့ ချစ်ခင် စည်းလုံး၍ အသက်အရွယ် ဝါစဉ်အလိုက် ဂါရဝတရား၊ နိဝါတတရားဖြင့်မိသားစု သာယာဝပြောစေသည်ဟု ယူဆကြသည်။

နွေနှောင်းကာလတွင် စတင်ဖူးပွင့်ကြလေရာ ပွင့်လင်းခြောက်သွေ့၍ ပွဲလမ်းသဘင် ကျင်းပကြသည့်၌ အထူးကျော်ကြား လူကြိုက်များခဲ့သော မင်းသားဖိုးစိန်နှင့် နှိုင်းယှဉ်တင်စားကာ **ဖိုးစိန်ကြီးခေါင်းပေါင်း** ဟု ခေါ်ကြခြင်းဖြစ်သည်ဆို၏။

ဤဂမုန်းပင်ရှင်သန်၍ အဖူးအပွင့်ထွက်သောအခါ ရန်ဘယာနည်းပါး၍

နဂါးမြွေရောင်ခြည်မဂ္ဂဇင်း ...၁



www.burmeseclassic.com

www.burmeseclassic.com



◆ အပူးနှင့်အပွင့်များတည်ရှိပုံ

လူအများစုနှင့် သင့်မြတ်အဆင်ပြေစေသည်။ အများစု လေးစားကြည်ညိုခြင်းကို ခံစားရသည်ဟု သိရ၏။

ဤဂမုန်းကို အဆောင်ပြုစိုက်ပျိုးပါက ဘုရားတရားသံဃာ ရတနာသုံးပါးကို မပြတ်မီှဝဲဆည်းကပ်ရ၏။ ဤဂမုန်းပင်မှ အပွင့်သုံးပွင့်ပြိုင်၍ မပြတ်ပွင့်သကဲ့သို့ ရတနာသုံးပါးကိုလည်း ပူဇော်ရခြင်းဖြစ်သည်။

သရဏဂုံသုံးပါးတည်၍ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်တို့အား မပြတ်ရွတ်ဖတ်ပူဇော်ပါက အကျိုးသက်ရောက်မှု မြန်ဆန်ကောင်းမွန်စေသည် ဆိုလေသည်။

ဖိုးစိန်ကြီးခေါင်းပေါင်း ဂမုန်းပင်ကို **မကွေးမြို့နယ်၊ မြင်ကွန်းကျေးရွာအုပ်စု၊ မြစ်သာစည်ရွာနေ တိုင်းရင်းဆေးပညာဖြင့် လူအများ လေးစားအားကိုးခြင်းခံရသည့် ဦးကြီးမောင် (ကွယ်လွန်)နှင့် ဒေါ်လှကြည်တို့၏ နေအိမ်မျက်နှာစာတွင် တွေ့ရှိမှတ်တမ်းတင်ခဲ့ခြင်း ဖြစ်ပါသည်။**

ထက်မင်းကျော်စွာ

**စာမျက်နှာ (၁၆၄)မှ အဆက်**

အများပြည်သူသိရှိအောင်၊ အသုံး[...]
နိုင်အောင် ဖြန့်ဝေမှု ပြုတာပါပဲ'

ဆရာ၏ မေတ္တာ၊ စေတနာ၊ သဒ္ဓါ[...]
ပညာမှာ ကြီးမားထူးခြားမှု တွေ့[...]
လေ့လာခဲ့ရသည်။ စာတွေ့[...]
ရေးသားဖော်ပြခြင်းဖြင့် ပညာရပ်တ[...]
အတိမ်အနက် ပြီးပြည့်စုံပြီဟု မယူ[...]
နိုင်ပါ။ "လျှို့ဝှက် ဂမ္ဘီရ ဝိဇ္ဇာမယ[...]"
ပညာရပ်ဖြစ်၍ လက်တွေ့ သွားရော[...]
ကသ၊ သင်ကြား၊ လေ့လာမှု ပြုနိုင်[...]
ထိမ်းညွှန်ရေးသား ဖော်ပြလိုက်[...]
သည်။

**ဆရာနှင့် တွေ့ဆုံလိုပါလျှင်...**

ဆရာ ဦးသန့်ဇင်
(အတွေးအခေါ်သုတေသီ)
အမှတ်(၁၈၃၅) ပြည်တော်သာလမ်း
အလယ်ကုန်း မဟာရပ်ကွက်၊ ပဲခူးမြို့

**မြင့်မြတ်မောင်**

**စာရှုသူများသို့**

**အသိပေးလွှာ...**

လွန်ခဲ့သော ၂၀၀၀ ပြည့်နှစ်ခန့်[...]
စာမူဖြစ်ပါတယ်။ အကြောင်းကြော[...]
ကြောင့် မဖော်ပြနိုင်ခဲ့ပါ။ ယခု ဖော်[...]
ပေးလိုက်ပါတယ်။ သုတေသီပညာ[...]
နှင့် ဤပညာရပ်ကို သိရှိသူမျာ[...]
ပြန်လည်ထုတ်ဖော်၍ နက္ခတ္တရေ[...]
ခြည် မဂ္ဂဇင်းသို့ ရေးသားပေးပို့ကြပါ[...]
မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

**လေးစားစွာဖြင့်...**

**ဦးကျော်မိုးသိန်း**
**စာတည်းရေ[...]**
**နက္ခတ္တရောင်ခြည်မဂ္ဂ[...]**





www.burmeseclassic.com

www.burmeseclassic.com

ရောဂါဝေဒနာများအတွက်

# သိုင်းဝင် ဆေးအိုး အစ်ဆရင်

မြင့်မြတ်အောင်



● သိုင်းဝင်အိုးတွင် အင်း ရေးဆွဲစဉ်

'နက္ခတ္တဗေဒင်နဲ့ ပတ်သက်ပြီး ...ုပ် ခုနှစ်က စပြီး စတင် ဟောပြော ...တယ်။

အရင်ဆုံး အဂ္ဂိရတ်ပညာကို ...လာလိုက်စား ဖိုထိုးခဲ့တယ်။အဲဒီ ...မှ နက္ခတ်ပညာ၊ ဗေဒင်ပညာတွေ ...င်နေတော့ အဲဒီ ပညာရပ်တွေကို ...လာသင်ယူ အသုံးချခဲ့တယ်။

ကျွမ်းကျင်မှု ရှိလာတဲ့အခါမှာ ...ရတ်ကို အထောက်အကူ ပြုသလို ...က်တွေ့လဲ ဟောပြောခဲ့တယ်။

ကိုယ်ဆီရောက်လာတဲ့ ဗေဒင် ...သနာရှင်တွေ၊ ဗေဒင်ကို ယုံကြည်သူ ...အတွက် ကြိုဟ်စီးကြိုဟ်နင်းနဲ့ ...ကြာအဆောင်တွေကို ပေးခဲ့တယ်။ ...အထိပါ။ ထိရောက်မှု အကျိုး ...က်တွေ့ သိခဲ့ရပါတယ်။

ဒီလို ဗေဒင် နက္ခတ်ပညာတွေ ...ဟောပြောခဲ့ရင်းနဲ့ ထူးခြားဆန်းကြယ် ...ရပညာ၊ ဝိဇ္ဇာမယ ကွင်းဆက်တွေ ...လာခဲ့တယ်။ အခု **"အိုးလှော် ...ညာရပ်"**နဲ့ ရောဂါမျိုးစုံ ကုသနည်း ... ရှင်းပြလိုပါတယ်။

(၇)ရက်သားသမီး ဘယ်သူမဆို၊ ...ယ်အရပ် ဘယ်ဒေသမှာရှိရှိ၊ လူနာ ...ယ်တိုင် လာလာ မလာလာ ဒီနည်း ...ညာနဲ့ ကုသ ပျောက်ကင်းနိုင်ခဲ့ပါ ...တယ်။

မြေအိုးအစ်တစ်လုံးမှာ ကျွန်းသား ပီးသွေးနဲ့ အိုးဖင်မှာ စမအင်း(၃)ကွက်ချပြီး အလယ်မှာ လူနာရဲ့ နေ့နံသွင်းပြီး အိုးအတွင်းမှာ ရောဂါပြောင်းသွင်းတယ်။ ပြီးမှ သိဒ္ဓိတင်ပေးတယ်။

အဲဒီအိုးကို လူနာရှင်က နေ့ညမပြတ် မီးထိုးပေးပြီး အိုးမီးကင် (သို့မဟုတ်) အိုးလှော်ရပါတယ်။

ရောဂါဝေဒနာ တိုးလာရင် ပူတယ်။ အဲဒီအခါ မီးလျှော့ပေးရမယ်။ ရောဂါဝေဒနာ လျော့လာမယ်။ သက်သာမယ်ဆိုရင် ရောဂါပျောက်တဲ့အထိ အိုးလှော်ရုံ၊ အိုးမီးဖုတ်ရုံ နဲ့ အစွမ်းထက်စွာ ပျောက်ကင်းစေပါတယ်။

ဒီနေ့လက်ရှိ ဆရာ့အနေနဲ့ ဒီပညာရပ်နဲ့ ဝေဒနာရှင်အများအပြားလက်တွေ့ ကုသပျောက်ကင်းစေခဲ့ပါတယ်။ လက်တွေ့လဲ ကုသပေးနေဆဲပါ'

'အဲဒီပညာရပ်ကို စိတ်ဝင်စားမိပါတယ်။ ရှင်းလင်းပြောကြားပေးပါဆရာ'

### အိုးစီရင် စီမံပုံနှင့်

### ရွတ်ဖတ်ရသော ဂါထာ

'မိမိကုသမယ့် လူနာအတွက် မြေအိုးသစ်တစ်လုံး ရှာရပါတယ်။ အိုးဖင်မှာ ကျွန်းသားမီးသွေးနဲ့ စမကွက်(၃)ကွက် ရေးရတယ်။ စမကွက်တစ်ကွက်မှာ အကွက်(၉)ကွက်ပါတယ်။ အဲဒီ(၉)ကွက်ထဲမှာ...

"ဉုံ သရာ သရေ လောပံ ကြေ"

ဆိုတဲ့ ဂါထာစမကို **မြင်းခုန်မြင်းသွား** ထည့်သွင်းရတယ်။ ဒီဂါထာနဲ့ပဲ ရွတ်ဆိုပြီး (၉)ကြိမ်ရေး၊ (၉)ကြိမ်ဖျက်ရတယ်။ နောက်ဆုံးရေးတဲ့ အင်းကွက် ချန်ထားရတယ်။

အင်းကွင်းရဲ့ ထောင့်လေးထောင့်မှာ မွေးနံရေးရသလို၊ အလယ်ကွက်မှာလဲ မွေးနံသွင်းရတယ်။ လူနာရဲ့ ရော...



www.burmeseclassic.com

www.burmeseclassic.com

ဒေဝနာတွေကို ကုသတဲ့ ဆရာက သီလ၊ သမာဓိ၊ ပညာ၊ စိတ်စွမ်းအင်နဲ့ အိုးအတွင်း ပြောင်းရွှေ့ ကူးပြောင်းပေးရတယ်။ ပြီးမှ အိုးကို သိဒ္ဓိတင်ရတယ်။ ပြီးရင် အိုးကို မီးဖိုပေါ်တင် မီးဖုတ် အိုးလှော်ပေးရမှာပါ။

အိုးအင်းကွက်ဘေးမှာ လူနာရဲ့ နာမည်နဲ့ ရောဂါကို ရေးရပါတယ်။ ဥပမာ ဆိုပါစို့ **"မောင်... တနင်္လာသား၊ အဖုအကျိတ်၊ သွေးတိုးရောဂါ ပျောက်စေ"**လို့ ရေးရမယ်'

'အင်းကွက် နမူနာရေးပြပါဆရာ'

| | | |
|---|---|---|
| ဦ ၁ | သ ၄ | ပံ ၇ |
| လော ၆ | ၉ | သ ၂ |
| ရာ ၃ | ကြေ ၈ | ရေ ၅ |

အင်းကွက်နမူနာ

'ဒီအင်းကွက်ပါပဲ။ အိုးကို စီရင် သိဒ္ဓိတင်ပြီး လာကုတဲ့သူကို ပေးလိုက်တယ်။ ဘယ်နေရာ ဘယ်ဒေသနေနေ နီးနီးဝေးဝေး မိမိအိမ်မှာ ပြန်ပြီး အိုးလှော်ပေးရမှာ ဖြစ်တယ်။ ဒါပေမယ့် ဒီသိဒ္ဓိဝင်အိုး ကုသမှုမှာ ခြွင်းချက် တစ်ခု ရှိတယ်။ အဲဒီ ခြွင်းချက်ကိုတော့ မကုပါဘူး ပျောက်ဖို့ ခက်ခဲလို့ပါ။

ခြွင်းချက်သတိပြုရန်

ဓာတ်ရောင်ခြည် ကင်ထားပြီးတဲ့ ဝေဒနာတွေကို လုံးဝ မကုခဲ့ပါဘူး။ ကုသရင် ခက်ခဲလို့ပါ။ ဓာတ်ရောင်ခြည် ကင်ထားမှု မရှိတဲ့ ရောဂါတွေကို ကုသ ပေးနိုင်ပါတယ်။

လူနာကိုယ်တိုင် မလာနိုင်လဲ မွေးနံ၊



ဆရာဦးသန့်ဇင် ရှင်းပြနေစဉ်

နာမည်၊ အသက် သိဖို့လိုပါတယ်။ လူနာကိုယ်တိုင် လာနိုင်ရင် ပိုကောင်းပါတယ်'

'ဟုတ်ကဲ့ ဆရာ သိဒ္ဓိတင်ပုံ သိပါရစေ'

သိဒ္ဓိတင်ရန်ဂါထာ

'ဦ ဗျူဒိပါ ကျွန်းလုံးအမျှ စောင့်ကြပ်နေကြကုန်သော ဒေဝဒေဝါ နတ်တကာတို့ မြတ်စွာဗုဒ္ဓါ စက်အာဏာနဲ့ မကြာချက်ချင်း ရောက်စေသော(၆)။ ရောက်လျှင်ရောက်က ငါ၏အင်းအား အင်းသက် ဆေးသက်ဝင်စေသော၊ အောင်စေသော။

ဦ...သိဒ္ဓိ...သိဒ္ဓိ မဟာသိဒ္ဓိ ဗီယသိဒ္ဓိ သဗ္ဗသိဒ္ဓိ ဓနသိဒ္ဓိ အာရောဂျသိဒ္ဓိ အာယုသိဒ္ဓိ သိဒ္ဓိအပေါင်း၊ ထောင်သောင်းမက ဝင်ဆရာဝင်၊ ချွဲးဆရာချွဲး၊ ကပ်ဆရာကပ်'

ဆိုတဲ့ သိဒ္ဓိတင်ဂါထာ၊ သိဒ္ဓိသွင်းဂါထာနဲ့ သိဒ္ဓိတင်ရတယ်။

အင်းအစွမ်း၊ ဂါထာအစွမ်း ပေါင်းစပ်ပြီး ထူးခြားစွာ အံ့ဩဖွယ် သိဒ္ဓိဝင် ရောဂါပျောက်စေတဲ့ ဆေးကုသအိုး တစ်ခု ဖြစ်လာတာပါပဲ။

အိုးကို ရောဂါဝေဒနာ ကုသဖို့ မီးဖိုပေါ်တင်ပြီး ရင်**အမြင့်တစ်နေရာ** **မှာ ထားရပါမယ်။ ကြမ်းပေါ်၊** [illegible] **ပေါ် မချရပါဘူး။** ချမိရင် အ[illegible] သတ္တိ၊ သိဒ္ဓိ ပျက်ပြယ်စေနိုင်ပါတ[illegible] သတိပြုရမယ်။

ချမိရင် အသစ်ပြန်စီရင်မှ ပြ[illegible] တယ်။ ဒီပညာရပ်ဟာ ခက်ခဲ[illegible] "ဂန္ဓာရီ-ဝိဇ္ဇာမယ ကွင်းဆက်" ပ[illegible] ရပ်ပါ။ ဒါကြောင့် ထူးခြားစွာအံ့ဩ[illegible] ဘယ်ရောဂါဝေဒနာမဆို သက်[illegible] ပျောက်ကင်းနိုင်တာပါပဲ'

'ဒီပညာရပ်ကို စိတ်ဝင်စား[illegible] သူတေသီတွေအတွက် သင်ပြပေး[illegible] ပညာလှူနိုင်ပါသလား'

'အခု ပြောပြတာ အမှန်တွေပါ။ ဆ[illegible] မချန်ပါဘူး။ ဝါသနာပါ စိတ်ဝင်စ[illegible] ပညာကို တန်ဖိုးထား မြတ်နိုးသူတွေအ[illegible] ပညာကို သေချာ မယူစတမ်း ဆရာစ[illegible] ဘဲ အချိန်မရွေး ပြသသင်ကြားပေ[illegible] ကုသပေးနိုင်ပါတယ်။

(၇)ရက် သားသမီးအားလုံးအ[illegible] စေတနာမေတ္တာ သစ္စာတရားသာ ကြီး[illegible] ပါစေ။ ထိုက်တန်တဲ့သူအတွက် [illegible] ပျောက်စေနိုင်ပါတယ်'

'ဒီပညာရပ်နဲ့ ဝေဒနာအမျိုး[illegible] လက်တွေ့ ကုသပျောက်ကင်းခဲ့[illegible]



စာမျက်နှာ (၁၆၂)

www.burmeseclassic.com

www.burmeseclassic.com



မောင်ဖြင့်မြွေး
(မအူပင်)

သက်ဦး၊ သက်နှောင်း

# လက်ထပ်ကြမည်ဆိုလျှင်

လူသားအများစုသည် အရွယ်ရောက်ကြသည်နှင့် အိမ်ထောင်ပြု၍ အိမ်ရာ တည်ထောင်ကြသည်မှာ ဓမ္မတာ ဖြစ်ပါသည်။

ထိုသို့ အိမ်ထောင်ပြု လက်ထပ်ထိမ်းမြားကြရာတွင် မိမိနှစ်သက်သဘောကျသူနှင့် လက်ထပ်ထိမ်းမြားကြရသလို မိဘတို့၏ သဘောကျရာသူနှင့် လက်ထပ်ထိမ်းမြားကြရသူတို့လည်း ရှိကြပါသည်။

အိမ်ထောင်ပြု လက်ထပ်ထိမ်းမြားရာတွင် ရှေး လောကီပညာရှင်ဆရာတို့၏ နည်းများဖြစ်သော...

'မြွှာ၊ သောက၊ အင်းဝ၊ ရာဇာ၊ ဦးညို၊ ခေမာ၊ သုတ၊ ဝေရီ'

'အောင်ပ၊ ကုလား၊ ဆွေသား၊ တော်ရင်း၊ ဥသာ၊ စိန်ပန်း၊ ဒုန်းလှ၊ ကိုရှာ'

ဆိုသည့် ရန်ဘက်၊ မိတ်ဖက်များကို အသုံးပြုရသလို အိမ်ထောင်ပျက်မည့် အရေးများ မရှိစေဖို့ကိုလည်း စဉ်းစား ချင့်ချိန် ချိန်ဆ၍ အိမ်ထောင်ပြု လက်ထပ်ကြရပါသည်။

ယခု ကျွန်တော် တင်ပြမည့် အကြောင်းအရာသည် ကျွန်တော် ခရီးသွားလာရင်း ရွာတစ်ရွာမှ လောကီပညာ လိုက်စားသော အသက်(၈၀)ခန့်ရှိ ဘကြီးဦးစံမြထံမှ ရရှိခဲ့ခြင်း ဖြစ်ပါသည်။

ဘကြီးစံမြထံမှ ကျွန်တော်ရရှိခဲ့သောနည်းမှာ အရွယ်ရောက်သူတို့ အိမ်ထောင်ပြုရာတွင် အိမ်ထောင်ရေး သာယာစေဖို့နှင့် အိမ်ထောင်ပြုပြီးသူတို့၏ မိသားစုဘဝ သာယာစေဖို့ လောကီနည်းတစ်ခု ဖြစ်ပါသည်။

ထိုလောကီနည်းကို ဘကြီးစံမြ ပြောပြသည်မှာ အိမ်ထောင်ပြု လက်ထပ်ရာ၌ "**သက်ဦးသက်နှောင်း မယူကောင်း**" ဆိုသော ထူးခြားသည့် အကြောင်းအရာ ဖြစ်ပါသည်။

ကျွန်တော်က ဘကြီးစံမြကို...

'သက်ဦးသက်နှောင်း ဘာကြောင့် မယူကောင်းတာလဲ၊ ယူမိရင် ဘယ်လို အကျိုးမဲ့တာတွေဖြစ်တတ်သလဲ'

ဟု မေးရာတွင် ဘကြီးစံမြက...

'ကောင်လေး... မှတ်ထားကွ၊ သက်ဦးနဲ့သက်နှောင်း ဘာကြောင့် မယူကောင်းလဲဆိုတာကို ဘကြီး အရင်ရှင်းပြမယ်။ အိမ်ထောင်ပြုတော့ မယ့် သတို့သားလောင်း၊ သတို့သမီးလောင်းတွေက တစ်ဦးက သက်ဦးဖြစ်ပြီး တစ်ဦးက သက်နှောင်းဖြစ်နေရင် လက်မထပ်သင့်ဘူး။

သက်ဦးဆိုတဲ့ အခေါ်ရဲ့ နောက်စာလုံး "**ဦး**" ရယ်၊ သက်နှောင်းဆိုတဲ့ အခေါ်ရဲ့ နောက်ဆုံးစာလုံး "**နှောင်း**" ရယ်က "**ဦးနှောင်း**" **အခေါ်**ဆိုတဲ့ မီးတောက်ကျတယ်ကွ။

မီးရဲ့သဘာဝက ပူမယ်၊ လောင်မြိုက်မယ်ဆိုတဲ့ သဘာတရားပဲကွ၊ သက်ဦးနဲ့သက်နှောင်း လက်ထပ်ယူလိုက်ရင် ဘယ်လိုအကျိုးမဲ့တာတွေ ဖြစ်တတ်သလဲဆိုတော့ အိမ်ထောင်ရေးဟာ သာယာမှု မရှိဘဲ အမြဲ ပူလောင်နေတတ်တယ်။

နောက်ဆုံး လောင်မြိုက်ပြီး သေကွဲ၊ ရှင်ကွဲ စတာတွေနဲ့ အိမ်ထောင်ပျက်တတ်တဲ့ အကျိုးမဲ့တာတွေ ဖြစ်တတ်တယ်ကွ'

'ဘကြီး... ဒါဆို လက်ထပ်ပြီးသား သက်ဦးသက်နှောင်း အိမ်ထောင်တွေ၊ အိမ်ထောင်ပြု လက်ထပ်ရတော့မယ့် သက်ဦးသက်နှောင်း သတို့သားလောင်း၊ သတို့သမီးလောင်းတွေတော့ ဒုက္ခတွေနဲ့ ရင်ဆိုင်ရတော့မှာပဲနော်'

ကျွန်တော်၏ စိုးရိမ်စိတ်မကင်းသော စကားများကို ကြားလိုက်ရသော ဘကြီးစံမြက ပြုံးလျက်...

'ကောင်လေးရာ... ဒီလောက်လဲ စိုးရိမ်မနေပါနဲ့၊ အနာရှိရင် ဆေးရှိတယ်ဆိုသလို ဒုက္ခရှိရင်လဲ ဒုက္ခကို ပြေ

www.burmeseclassic.com

ပျောက်စေမယ့်၊ သုခနဲ့တွေ့မယ့် နည်းလမ်းလဲ ကျိန်းသေရှိရမယ်ကွ။

သက်ဦးသက်နှောင်း လက်ထပ်ပြီး အိမ်ထောင်သည်တွေနဲ့ လက်ထပ်ထိမ်းမြားရမယ့် သတို့သားလောင်း၊ သတို့သမီးလောင်းတွေ ဒုက္ခနဲ့ မတွေ့ရဖို့ နည်းလမ်းအစီအရင်တစ်ခု ရှိတယ်ကွ'

အဘဦးစံမြ ပြောလာသော ဒုက္ခနှင့်လွတ်ကင်းရာ သုခဖြင့်တွေ့မည့် အစီအရင် နည်းလမ်းကောင်းကို သိလိုဇောဖြင့် ကျွန်တော်က...

'အဘရာ... ဒီ သက်ဦးသက်နှောင်း မယူကောင်းဆိုတဲ့ လူမှုကိစ္စကို ယူလို့ရအောင် ဘယ်လိုအစီအစဉ် လုပ်လို့ရလဲ ပြောပါဦးအဘရဲ့'

'ကောင်လေးက သိချင်စိတ်က လောလှချည်လားကွ၊ ကဲ...ကဲ မင်းက ဒီလောက်သိချင်စိတ် အားကြီးနေတော့ သေချာမှတ်ထားပေတော့...

ဒီလိုကွ... သက်ဦးသက်နှောင်း လက်ထပ်ယူရတော့မယ့် သတို့သား၊ သတို့သမီးလောင်းတွေကို "စတီအနေနဲ့ စီရင်ပြီး လုပ်ထားတဲ့ ဝါးခင်း၊ သွပ်ကား၊ သက်ကယ်(သက်ငယ်)ပျစ် မိုးထားတဲ့နေရာမှာ ထမင်းလက်ဆုံစားပြီး ခေတ္တနေနိုင်းလိုက်ရင် ဒုက္ခတွေကင်းပြီး လက်ထပ်ထိမ်းမြား အိမ်ထောင်ပြုလို့ရပြီကွ"...

အိမ်ထောင်ပြုပြီးသား သက်ဦးသက်နှောင်း ဇနီးမောင်နှံတွေကတော့ "သက်ကယ်(သက်ငယ်)ပျစ် စတီလောက်ကို အိမ်အမိုးကနေ တွဲလောင်း ချိတ်ဆွဲထားရင်" အိမ်ထောင်ရေး ပူပင်သောကတွေ ကင်းဝေးသွားလိမ့်မယ်ကွ'

'အဘပြောတဲ့ ဝါးခင်း၊ သွပ်ကား၊ သက်ငယ်မိုးထားတဲ့ နေထိုင်ရာ နေရာမှာ ဘာကြောင့် ခေတ္တနေနိုင်းတာလဲ အဘ၊ နောက် သက်ကယ်(သက်ငယ်)ပျစ်ကို အိမ်ခေါင်ကနေ တွဲလောင်းဆွဲနိုင်းထားတာ ဘာသဘောတွေလဲဗျ'

ကျွန်တော့် အမေးစကားများကြောင့် အဘဦးစံမြက အဖန်ရည်တစ်ခွက် မော့သောက်လိုက်ပြီးမှ...

'အဲဒါက ပညတ်သွားရာ ဓာတ်သက်ပါဆိုတဲ့ သဘောတရားတွေပဲကွ၊ တချို့လူတွေ ပညာရေး၊ စီးပွားရေး စတာတွေမှာ ပေါက်ပေါက်ပြောက်ပြောက်ဖြစ်ဖို့ အတွက် ဘုရားမှာ ပေါက်ပေါက်လှူတဲ့သဘောမျိုးပေါ့ကွ။

သက်ကယ်(သက်ငယ်)ဆိုတာ အသက်ကယ်စေဆိုတဲ့ သဘောနဲ့ စီရင်ထားတာကွ၊ အဲ...ဝါးနဲ့ သွပ်ကတော့ ဓာတ်သဘောအရ "ဝံသေ"ဓာတ်ကို ယူထားတာကွ၊ "ဦးနှောင်း"ဆိုတဲ့ "အရှေ့"ပီးဓာတ်ကို ရေဓာတ်နဲ့ ကာလိုက်တဲ့သဘောပေါ့။

ဒါ...အဘစီစဉ်တဲ့ အစီအရင်မဟုတ်ဘူး၊ ရှေးလောကီနည်းပဲကွ၊ "ရှေးထုံးလဲ မပယ်နဲ့၊ ရှေးသုံးလဲ မလွယ်နဲ့"ဆိုတဲ့ ဆိုရိုးစကားမင်း ကြားဖူးပါတယ်ကွာ'

အဘဦးစံမြပြောစကားတို့ ဆုံးသွားသည်နှင့် ကျွန်တော်တို့ ရှေးထုံးလောကီပညာရပ်တွေကို မပယ်ရှားသင့်ကြောင်း သိလိုက်ရသလို လက်ထပ်ထိမ်းမြား အိမ်ထောင်ပြုကြမည့်သူတို့အတွက် အိမ်ထောင်ရေးဒုက္ခနှင့်ဝေးပြီး အိမ်ထောင်ရေး ချမ်းသာသုခ ရရှိစေမည့် အစီအရင်ကောင်းတစ်လက်ကို ရရှိလိုက်၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်အတွက် စေတနာရှေ့ထား ရေးသား တင်ပြလိုက်မိပါတော့သည်။

**မောင်ရင်တွေး(မအူပင်)**

**မည်သူမဆို ပါဝင် ရေးသား နိုင်ပါသည်...**

*စာမူပို့ရန်...*
**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**
**အမှတ်-၂၀၄(မြေညီ)**
**၂၉-လမ်း(အထက်)**
**ပန်းဘဲတန်းစာတိုက်၊**
**ရန်ကုန်မြို့**
**ဖုန်း-၀၁ ၂၄၂၂၈၄**



www.burmeseclassic.com

www.burmeseclassic.com

# မဟာဘုတ်ချိန်ခွင်နှင့်

## ကျေးဇူးရှင်ဆရာတော်ကြီးများ



◆ ဆရာတော်အရှင်သာသန
(မေတ္တာရောင်ခြည်)

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်
ညောင်သုံးခွ ဝိပဿနာဓမ္မရိပ်သာ
ဦးစီးပဓာန နာယက ဆရာတော်
အရှင်သာသန(မေတ္တာရောင်ခြည်)
အား ဂါရဝပြု ပူဇော်ခြင်း

**ဆရာတော် အရှင်သာသန (မေတ္တာရောင်ခြည်)သည်...**

၁၃၃၈ ခုနှစ်၊ ဝါဆိုလဆန်း(၁၄)ရက် သောကြာနေ့တွင် ဖွားမြင်တော်မူရာ မဟာဘုတ်အရ (၁)ကြွင်း မဟာဘုတ် ပိုင်ရှင် ဖြစ်ပါတယ်။

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၁ | ၂ |

ကြည့်ပါ။

❖ စနေဂြိုဟ်(၀–နေ)သည် အထွန်းအိမ်၌ ရပ်တည်နေသောကြောင့်...

- ◎ မွေးရာ ဇာတိတွင် မတိုးတက် မကြီးပွားတတ်ခြင်း။
- ◎ ပရဟိတလုပ်ငန်း၊ ဘာသာ သာသနာရေး လုပ်ငန်းများ အကျိုးပေးခြင်း။
- ◎ ဓရွေ့ပြောင်းမြန်ပြား နိုင်ငံခြားခရီးများ အကျိုးပေးခြင်း။
- ◎ လောဘနည်းခြင်း။
- ◎ လူမျိုးခြားများနှင့် အကျိုးပေးခြင်း။
- ◎ ထိပေါက်တတ်ခြင်း။
- ◎ ဘာသာရေးဆိုင်ရာ အလှူကြီးပေးရခြင်း။
- ◎ မိုးရိုသူ ပေါ်များတတ်ခြင်း။
- ◎ ပုပ်သောက ကိုယ်တိုင်ငြိမ်းစေသလို တစ်ပါးသောသူများကိုလည်း ငြိမ်းစေတတ်ခြင်း။
- ◎ မင်းစိုးရာဇာများရဲ့ ဆည်းကပ်မှုကို ခံရခြင်း။
- ◎ ဘာသာရေးဆိုင်ရာ ဘွဲ့တံဆိပ်များ ရရှိတတ်ခြင်း။
- ◎ ငွေကြေး အလုံးအရင်းနှင့်ရတတ်ခြင်း။
- ◎ ဩဇာတိက္ကမ ကြီးမားစေခြင်း

စသည်တို့ပါပဲ။

တစ်ဖန်...

**❖ အင်္ဂါ(၃–ဂါ)သည် သိုက်အိမ်၌ ရပ်တည်နေသဖြင့်...**

- ✱ စိတ်နှလုံးကောင်းခြင်း။
- ✱ စိတ်ဓာတ်ကြံ့ခိုင်ခြင်း။
- ✱ ယုံကြည်မှုရှိခြင်း။
- ✱ ဆုံးဖြတ်ချက်တိုင်း ပြီးဆုံးအောင် ဆောင်ရွက်နိုင်ခြင်း။
- ✱ ဆေးဝါးဆိုင်ရာ လုပ်ငန်းများ အကျိုးပေးခြင်း။
- ✱ ရန်အတိုက်အခံများကို အောင်မြင်ခြင်း။
- ✱ စာရေးခြင်း၊ စာသင်ခြင်းလုပ်ငန်းများလည်း အကျိုးပြုခြင်း။
- ✱ ရဲရင့်ခြင်း။
- ✱ ဌလုံ့ ဝီရိယကောင်းခြင်း

စသည်တို့ပါပဲ။

ဒါ့ပြင်...

**❁ သောကြာဂြိုဟ် (၆–ကြာ)သည် ရာဇအိမ်၌ ရာဇအိမ်၌ ရပ်တည်နေသဖြင့်...**

- ✱ စကားအပြောအဆို ပြတ်သားခြင်း။
- ✱ ခရီး မကြာခဏသွားရခြင်း။
- ✱ ဝိပဿနာ ပြည့်စုံစေခြင်း။
- ✱ ပစ္စည်းလေးပါး မရှားပါးခြင်း။
- ✱ ခြွေရံပရိသတ်ပေါ်များစေခြင်း။
- ✱ တရားဟောလုပ်ငန်းများနှင့် အကျိုးပေးခြင်း။
- ✱ စည်းရုံးရေးကောင်းခြင်း

တို့ပါပဲ။

၁–နေ့(တနင်္ဂနွေဂြိုဟ်)သည် ဘင်္ဂ အပျက်အိမ်၌ ရှိနေသဖြင့်...

အလုပ်အကိုင်၊ နေရာ၊ ဌာန အပြောင်းအလဲများတတ်ခြင်းနဲ့ ဣန္ဒြေ လုပ်ငန်းများထက် အနိဋ္ဌလုပ်ငန်းများ ဖြင့် ပို၍ အောင်မြင်ကျော်ကြားရာတတ်ကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။

**[ဥပမာ။ ။ ဆင်းရဲဒုက္ခရောက်သူများကို ကူညီပံ့ပိုးရသည့် ပရဟိတလုပ်ငန်း စသည်ဖြင့် (ပညာရပ်အရ ထိုလုပ်ငန်းများကို အနိဋ္ဌဟု သတ်မှတ်ကြောင်း။)]**

***အေးပါစေ အောင်ပါစေ။***


**သန်းပညာ**



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် ထီ ဆုကြီးများ ဆွတ်ခူးနိုင်ဖို့



ယခုလတွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဆုကြီးများနှင့် နီးစပ်ကံကောင်းနိုင်ကြစေရန် **၂၊ ၁၊ ၅၊ ၃** ဂဏန်းခြေများကို အဓိကထား၍ ရွေးချယ်ပါ။

ဂဏန်းတူ ဂဏန်းထပ်များ အလိုရှိပါက ယင်းတို့အနက် (၂)လုံးထက်ပို၍ပါဝင်သော ထီလက်မှတ်ကိုရွေးယူရန် ဖြစ်သည်။ တွဲဖက်သော အက္ခရာများကား **ခ၊ ဌ၊ ဖ၊ ဠ**တို့ ဖြစ်ကြသည်။

မိမိတို့မွေးလရာသီအလိုက် ကံအခွင့်အလမ်းများကို အသုံးပြုလိုပါက အောက်တွင်ကြည့်ပါ။

* * *

| မွေးလရာသီ | ဂဏန်း | အရောင် | အရပ် | လာဘ်ပွင့်နေ့ | အရသာ | ကျောက်မျက် | စပ်တူထိုးလျှင် | ရှောင်ရန် |
|---|---|---|---|---|---|---|---|---|
| မိဿ မတ်၂၁မှဧပြီ၂၀ | ၂ | အဖြူ | အနောက်မြောက် | အင်္ဂါ | ငန် | ပုလဲ | ဗုဒ္ဓဟူး | ကြာသပတေး |
| ပြိဿ ဧပြီ၂၁မှမေ၂၀ | ၁ | အနီ | အရှေ့ | ဗုဒ္ဓဟူး | စပ် | ပတ္တမြား | ကြာသပတေး | အင်္ဂါ |
| မေထုန် မေ၂၁မှဇွန်၂၀ | ၄ | အစိမ်း | မြောက် | တနင်္ဂနွေ | ရောနှော | မြ | တနင်္လာ | ဗုဒ္ဓဟူး |
| ကရကဋ် ဇွန်၂၁မှဇူ၂၀ | ၆ | အပြာ | အရှေ့တောင် | စနေ | ချို | နီလာ | အင်္ဂါ | စနေ |
| သိဟ် ဇူ၂၂မှဩ၂၀ | ၃ | ပန်း | တောင် | တနင်္လာ | ခါး | သန္တာ | သောကြာ | တနင်္ဂနွေ |
| ကန် ဩ၂၂မှစက်၂၀ | ၉ | အဖြူ | အရှေ့မြောက် | အင်္ဂါ | ငန် | ကြောင် | ဗုဒ္ဓဟူး | ကြာသပတေး |
| တူ စက်၂၂မှအောက်၂၂ | ၇ | အနက် | အနောက် | သောကြာ | ဖန် | နီလာ | ဗုဒ္ဓဟူး | သောကြာ |
| ဗြိစ္ဆာ အောက်၂၃မှနို၂၀ | ၀ | အနက် | အနောက် | သောကြာ | ဖန် | နီလာ | ဗုဒ္ဓဟူး | သောကြာ |
| ဓနု နို၂၂မှဒီ၂၀ | ၅ | အဝါ | အရှေ့မြောက် | ဗုဒ္ဓဟူး | ချိုဆိမ့် | ဥဿဖရား | တနင်္ဂနွေ | တနင်္လာ |
| မကာရ ဒီ၂၁မှဇန်၁၉ | ၃ | ပန်း | တောင် | တနင်္လာ | ခါး | သန္တာ | သောကြာ | တနင်္ဂနွေ |
| ကုံ ဇန်၂၀မှဖေ၁၈ | ၆ | အပြာ | အရှေ့တောင် | စနေ | ချို | နီလာ | အင်္ဂါ | စနေ |
| မိန် ဖေ၁၉မှမတ်၂၀ | ၈ | မြောက်ကျား | အနောက်တောင် | ကြာသပတေး | ပုပ်သိုး | ဂေါမိတ် | စနေ | ဗုဒ္ဓဟူး |

**ဥပမာ ။ ။ မိဿရာသီဖွား (မတ်လ ၂၁ ရက်မှ ဧပြီလ ၂၀ ရက်အတွင်း မွေးဖွားသူ)**တို့သည် (၂) ဂဏန်း၊ အဖြူရောင် အနောက်မြောက်ထောင့် အရပ်၊ အင်္ဂါနေ့တို့သည် လာဘ်ပွင့်စေသည်။ အဆောင်ပြုလိုက ငန်သော အရသာ စားသုံးခြင်း၊ ပုလဲကို ဆောင်ခြင်းတို့ ပြုနိုင်သည်။

စပ်တူထိုးလျှင် ဗုဒ္ဓဟူးသားသမီးနှင့် ကံစပ်ပါ။ ကြာသပတေးသားသမီးကို ရှောင်ရန်ဖြစ်သည်။ အခြားရာသီဖွားတို့သည် ဤပုံစံအတိုင်း ရွေးခြယ်နိုင်ကြသည်။

ဤလတွင် ကြာသပတေးသားသမီး၊ သောကြာသားသမီးနှင့် စနေသားသမီးတို့ ငွေကြေးကံကောင်း၍ ထီပေါက်ကိန်းရှိသည်။

ဆိုင်တည်နေရာအရ ရွေးချယ်ကံစမ်းလိုပါလျှင် လမ်းထောင့် ကြက်လျှာစွန်း၊ ပြာသာဒ်ကဲ့သို့ အချွန်အတက်များပါသော အဆောက်အအုံတို့၌ ဖွင့်လှစ်ရောင်းချသောဆိုင်။

ရေစက်၊ ရေလှောင်ကန်၊ ရေဘုံဘိုင်၊ ရေပေးဝေရာဌာန၊ မြစ်ချောင်း ပင်လယ်ကမ်းစပ်၊ သဘော်ဆိပ် ရေထွက်ပစ္စည်း အရောင်းဆိုင် စသည်တို့အနီး ဖွင့်လှစ်ထားသော ဆိုင်များက ဆုကြီးများကို ဆွတ်ခူး ပေးနိုင်ပါလိမ့်မည်။

**ထီကံမြှင့်ယတြာ ပြုလိုပါက ။ ။** အဝါရောင်ပိတ်စ အခင်းစပေါ်တွင် ထိုင်၍ ခါးသောအရသာရှိသည့် စား ဖွယ်တစ်ခုခုစားပြီးမှ ထီကံစမ်းပါ။

နက်မှောင်သော အရောင်ရှိ ဝတ္ထုပစ္စည်းတစ်ခုခုကို ဦးခေါင်း အထက် ဆင်မြန်းသွားခြင်းဖြင့် ပိုမို ကံပွင့်နိုင်ပါသည်။

**ဥပမာ။ ။** ထီးအနက်ဆောင်းသွားခြင်း သို့မဟုတ် အနက်ရောင် ဖဲပြားကြိုး ပန်ဆင်သွားခြင်း ပြုနိုင်ပေသည်။

***ထီဆုကြီးများ ဆွတ်ခူးနိုင်ကြပါစေ။***

**ထက်မင်းကျော်စွာ**




www.burmeseclassic.com

ယခုဖော်ပြပေးလိုက်သော ဘယ်၊ လက်ဖဝါးပုံစံမှာ ယခုအခါ **သက်တော်(၇၃)နှစ်ရှိပြီဖြစ်သော ဆရာတော်ကြီးတစ်ပါး၏** လက်ဖဝါးပုံစံဖြစ်ပါသည်။

"**က**"**အက္ခရာနှင့်** ညွှန်ပြထားသည်မှာ လက္ခဏာပညာကျမ်းများတွင် "**သောကြာခါးပတ်လမ်း**" ဟုသည့်တပ်ထားသော လမ်းကြောင်းအမျိုးအစားဖြစ်ပါသည်။

ကျွန်ုပ်အတွေ့အကြုံအရ ဤကဲ့သို့ လမ်းကြောင်း တစ်ကြောင်းတည်းရှိသူများမှာ စာပေဝါသနာပါကြသည်။ ... တတ်အားကောင်းပြီး စာပေကျမ်းဂန်များ ရေးသားပြုစုနိုင်သူများ ဖြစ်ကြသည်။

ထိုလမ်းကြောင်းသည် **လက်ဘယ်အောက် စနေဂြိုဟ်ခုံမှာ ... ထင်ရှား အပေါ်လွှင်ဆုံးဖြစ်ရာ** ... လကြီးမားစွာ ကြိုးစားတတ်သော ... ကိုဗီဇမျိုး ရှိမည်ဖြစ်ပါသည်။




"**ခ**"**အက္ခရာနှင့်** ညွှန်ပြထားသည်မှာ နှလုံးလမ်းကြောင်းအဖျားနှင့် ဦးခေါင်းလမ်းကြောင်း အလယ်ပိုင်း ... တွေ့ပြီး "**တောင်**"**သင်္ကေတ** ဖြစ်ပေါ်နေခြင်းဖြစ်ပါသည်။

လက္ခဏာပညာဆိုင်ရာ ရှေးဟောင်းကျမ်းများတွင် "တောင်" သင်္ကေတ ... မင်္ဂလာအခြေအရံသည် "**အမှုကိစ္စပြီးစီးခြင်း**"ကို အကျိုးပြုကြောင်း ... ပြထားပါသည်။

ဦးခေါင်းလမ်းကြောင်း (ဉာဏ်လမ်းကြောင်း)ပေါ်တွင် ဖြစ်ပေါ်နေသဖြင့်



ခေတ်သစ်

[illegible] (LL.B)

# ဦးကျည်ပေ့ ၏

## လက္ခဏာတော်ကို ပူဇော်ခြင်း



◆ ဆရာတော် [illegible]

ဉာဏ်ပညာနှင့် ဆိုင်သော အမှုကိစ္စများ ပြီးစီးအောင်မြင်နိုင်ခြင်း ရှိမည်ဖြစ်ပါသည်။

"**ဂ**"**အက္ခရာဖြင့်** ညွှန်ပြထားသည်မှာ ဦးခေါင်းလမ်းကြောင်း အဆုံးပိုင်းရှိ တြိဂံထိပ်မှ အပေါ်ထောင်ထွက်နေ




www.burmeseclassic.com


www.burmeseclassic.com

သော ခက်ရင်းခွကြီးပုံရှိပြီး တစ်ခွက လက်သူကြွယ်အောက် တနင်္ဂနွေဂြိုဟ်ခုံဘက်သို့ ရောက်ရှိကာ ကျန်တစ်ခွက လက်သန်းအောက် ဗုဒ္ဓဟူးဂြိုဟ်ခုံတွင် ခက်ရင်းခွငယ်ပုံဖြင့် အဆုံးသတ်နေခြင်း ဖြစ်ပါသည်။

ထိုသင်္ကေတကြောင့် ဉာဏ်ပညာဖြင့် ဂုဏ်သတင်းကြီးခြင်း၊ ဂုဏ်သိက္ခာမြင့်မားခြင်းကို ဖြစ်စေပါသည်။

***





**"ဃ"အက္ခရာဖြင့်** ညွှန်ပြထားသည်မှာ အောက်ခြေပိုင်းမှန်၍ အပေါ်ပိုင်း ပိုထင်ရှားသော ကံလမ်းထီးရိုး ခပ်ကွေးကွေး ထောင်တက်နေခြင်း ဖြစ်ပါသည်။

ထိုကံလမ်းကြောင်းကြောင့် ငယ်စဉ်အခါသာမန်ဘဝ အခြေနေမျိုးဖြစ်သော်လည်း သက်လတ်ပိုင်းမှစ၍ ကိုယ့်အားကိုယ်ကိုးကြိုးစားအောင်မြင် တိုးတက်ခြင်းကို ဖြစ်စေပါသည်။

**"င"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ ကံလမ်း၊ အသက်လမ်းကြောင်း အောက်ခြေမှ ခွဲတက်သော တိုးတက်မှုလမ်း၊ နိုင်ငံခြားသွားလမ်း၊ သံတမန်လမ်းတို့ ပေါင်းဆုံပြီး **ငါးကြင်းမြီး မင်္ဂလာအမြီးအရံ** ဖြစ်ပေါ်နေခြင်း ဖြစ်ပါသည်။

*** ———→

ထိုသင်္ကေတကြောင့် အသက်ကြီးပိုင်းမှာ ကံကောင်းခြင်း၊ တိုးတက်ခြင်း၊ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အဆင်ပြေခြင်း ဖြစ်စေသည်။






www.burmeseclassic.com




“**စ**”**အက္ခရာဖြင့်** ညွှန်ပြထား
...ည်မှာ ဦးခေါင်းလမ်းကြောင်းအဆုံး
...း လက်ဖဝါးစောင်းတွင် **ငါးမိသားစု**
**...သင်္ကေတရှိခြင်း** ဖြစ်သည်။




ထိုသင်္ကေတကြောင့် ဘွဲ့ထူး ဂုဏ်ထူးများ ဆွတ်ခူးရရှိခြင်း၊ ဘဝမှာ အေးချမ်းသာယာစွာ နေထိုင်ရခြင်း၊ ထူးခြားကံကောင်းခြင်းများ ဖြစ်စေပါသည်။

အထက်တွင် ဖော်ပြထားသော လက္ခဏာရှင်ကို **လှည်းကူးမြို့နယ်၊ ဇီးပင်ဝဲကျေးရွာတွင် ခမည်းတော် ဦးဘိုးသန်း၊ မယ်တော်ဒေါ်ဖွားစိန်**
တို့မှ **(၁၇–၆–၁၉၄၂) ဗုဒ္ဓဟူးနေ့**တွင် ဖွားမြင်ခဲ့ပြီး ငယ်နာမည်မှာ “**မောင်ဝင်းရွှေ**”ဖြစ်သည်။

အသက် (၁၆)နှစ်အရွယ်တွင် လှည်းကူးမြို့နယ်၊ ပိုက်ကြီးဝဲရွာ အရှေ့ကျောင်းဆရာတော်ကြီး ဘဒ္ဒန္တ ပညာသာရကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဝတ်ခဲ့သည်။

(၁–၃–၁၉၆၂)တွင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်သည်။ လောကီအတန်းပညာ (၇)တန်း အောင်သည်အထိ သင်ယူခဲ့ပြီး...

ရှင်သာမဏေဘဝ၊ ရဟန်းဘဝတို့မှာ ပဲခူးမြို့ ဝိနယာဓိက ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းများ အောင်မြင်ခဲ့သည်။

ထို့ပြင် နိုင်ငံတော် အစိုးရပထမပြန် စာမေးပွဲ၊ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းတို့ အောင်မြင်ခဲ့သည်။

၁၃၃၅ ခုနှစ်တွင် **သာသနဓဇ ဓမ္မာစရိယဘွဲ့**ရခဲ့ပြီး ၁၃၃၀ပြည့်နှစ် **ပဏ္ဍိတ မြန်မာဂုဏ်ထူးဘွဲ့၊** ၁၃၃၃ခုနှစ် **အမျိုးသားပါဠိပါရဂူဘွဲ့**များ ရရှိခဲ့သည်။ ထူးခြားချက်မှာ...

အိန္ဒိယပြည် မာဂဓ တက္ကသိုလ်တွင် ပညာသွားသင်ပြီး M.A(မဟာဝိဇ္ဇာဘွဲ့)ကို (၂၀၀၀)ပြည့်နှစ်၊ သက်တော်(၅၈)နှစ်မှာ ရရှိခဲ့ပြီး၊ P.hD(ပါရဂူဘွဲ့)ကို (၂၀၀၄)ခုနှစ်၊ သက်တော်(၆၂)နှစ် အရွယ်တွင်မှ ဆွတ်ခူးရရှိခဲ့ခြင်း ဖြစ်ပါသည်။

ပုဂံခေတ် ကျစွာမင်းလက်ထက်က သက်တော်(၆၀)တွင်မှ စာသင်ပြီး စာပေကျွန်းဂန် တတ်မြောက်ခဲ့သော “**ရှင်ဒိသာပါမောက်**” မထေရ်ကို ရဟန်းကြီး “ဦးကျည်ပွေ့”ဟု တင်စားခေါ်ခဲ့ကြသဖြင့် သက်တော်(၆၂)နှစ်



www.burmeseclassic.com

www.burmeseclassic.com





◆ ထောင်မိကျွယ်သစေတီတော်

သိမ်တော်ကြီးအတွင်းပူဇော်ထားသော

ရှေးဟောင်းရုပ်ပွားတော်(မြမြင်ထားသည်) ◆

◆ မဟာဝိဇိတာရာမစာသင်တိုက်မုခ်ဦး



ရောက်မှ ပါရဂူဘွဲ့ရအောင် သက်တော် (၅၇)နှစ်ရောက်မှ အိန္ဒိယသို့ ထွက်ခွာ ပညာသင်ယူကြိုးစားခဲ့သော ဤ လက္ခဏာရှင်ကို **"ခေတ်သစ် ဦးကျည်မွေ့"**ဟူ၍ တပည့်ဒကာများက ခေါ်ကြခြင်းဖြစ်ပါသည်။

ဤလက္ခဏာရှင် ပြုစုရေးသားခဲ့သော ကျမ်းစာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ✪ အဘိဓာယနာဒီရှုပ်ယ်ကျမ်း(၁၉၉၂)၊ *[ရိုက်နှိပ်ဖြန့်ဝေပြီး]*
- ✪ ကာဒီရှုပ်ယ်ကျမ်း(၁၉၉၅)၊ *[လက်နှိပ်စက်မှု]*
- ✪ ပဋ္ဌာန်းပူဇော်ပွဲ ကဗျာ၊ လင်္ကာ၊ အောင်ဂါထာများ။ *[လက်ရေးမှု]*
- ✪ မြို့နယ်တွင်း မထေရ်ကြီးပါးပါး၏ ထေရဂုဏ်ရည်ဂါထာများ။ *[လက်ရေးမှု]*
- ✪ ယမိုက်(၁၀)ကျမ်း မှတ်စု၊ *[လက်ရေးမှု]*
- ✪ မာတိကာဓာတုကထာမှတ်စု၊ *[လက်ရေးမှု]*
- ✪ လောကနီတိကဗျာများ။ *[လက်ရေးမှု]*
- ✪ A Study of Theravada Buddhism in Srikshetra the An
Myanmar City. *[ရိုက်နှိပ်ပြီး]*

ဤလက္ခဏာရှင်၏ သာသနာ
လူမှုရေး ဆောင်ရွက်ချက်အ
အောက်ပါအတိုင်း ဖြစ်ပါသည်။

- ❖ (၁၃၃၃)ခုနှစ်မှစ၍ ပိုက်
ကျေးရွာရှိ လူငယ်မောင်မယ်
အား ဗုဒ္ဓဘာသာ၊ ယဉ်ကျေး
အင်္ဂလိပ်စာတို့ကို သင်ကြား
သည်။
- ❖ (၁၃၃၄)ခုနှစ်မှစ၍ မဟာဝိ
ရာမစာသင်တိုက် တည်ထော
ပြီး၊ စာပေပရိယတ္တိကို ပို့
လယ်တီဆရာတော်ကြီး၏
နိဿယအတိုင်း ဝိပဿနာ
များကို ဟောပြောပြသပေးခဲ့
- ❖ (၁၃၄၂)ခုနှစ်မှ စတင်၍
သမ္မုတိရ ကိုယ်စားလှယ်
တာဝန်ထမ်းဆောင်ခဲ့ပြီး
ဝိနိစ္ဆယတာဝန်၊ မြို့နယ် သာ

www.burmeseclassic.com





◆ သိမ်တော်ကြီးအဝင်ဝ မျက်နှာကြက်အနီးမှ သိကြားမင်းရုပ်တု

◆ ရှေးဟောင်းပစ္စည်းအချို့ပုံ

◆ ဆောက်လုပ်ဆဲ မပြီးနိုင်သေးသော ရှေးဟောင်းပစ္စည်းများပြတိုက်နှင့် စာကြည့်တိုက်အဆောက်အအုံ

ရေး ဘာသာရေး အဖွဲ့အစည်းများတွင် အတွင်းရေးမှူးတာဝန်၊ ကျေးရွာအုပ်စု သံဃနာယက ဥက္ကဋ္ဌ။

ရန်ကုန်တိုင်းဒေသကြီး၊ ပထမပြန် စာမေးပွဲ ပုစ္ဆကတာဝန်၊ မြို့နယ်အတွင်းရှိ ရှေးဟောင်းစေတီတော်များ၏ ဩဝါဒစရိယ၊ **နိုင်ငံတော် ဗဟိုသံဃ ဝန်ဆောင်တာဝန်၊ နိုင်ငံတော်ဝိနည်းဓိုရ်တာဝန်...**

လှည်းကူးမြို့နယ် သမိုင်းပြုစုရေးနှင့် ရှေးဟောင်းအမွေအနှစ် လက်ဆင့်ကမ်း ထိန်းသိမ်းရေးအဖွဲ့ ဦးဆောင်ဆရာတော် စသည်ဖြင့် ယခုအချိန်ထိ ဆောင်ရွက်နေဆဲဖြစ်ပါသည်။ တာဝန်များကို အဆင့်ဆင့် နှစ်ပေါင်းများစွာ တိုးတက်ဆောင်ရွက်ခဲ့သည်။

လက်ရှိဘာရှင် ဆရာတော်မှာ **ဒေါက်တာ ဘဒ္ဒန္တရေဝတာလင်္ကာရ** (M.A,Ph.D)၊ **အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ၊ သာသနဓဇ ဓမ္မစရိယ(ပါဠိပါရဂူ)**ဖြစ်ပါသည်။



**လှည်းကူးမြို့နယ်၊ ပိုက်ကြီးမဲ့ကျေးရွာ၊ မဟာဝိဇိတာရာမ စာသင်တိုက်တွင် သီတင်းသုံးတော်မူလျက်ရှိပါသည်။**

ကျွန်ုပ် သွားရောက်ဖူးမြော်သောအခါ လှည်းကူးတာဆုံမှ ကတ္တရာလမ်းအတိုင်း တစ်မိုင်ခန့်သွားသောအခါ ကတ္တရာလမ်းဘေးမှာပင် **"မဟာဝိဇိတာရာမ စာသင်တိုက်၊ ပိုက်ကြီးမဲ့ရွာ၊ လှည်းကူးမြို့"**ဟူသော ကျောင်းမုခ်ဦးကြီးကို တွေ့ရသည်။

လှည်းကူးတာဆုံမှ တောင်ဘက်သို့ သွားရခြင်း ဖြစ်သည်။ ကျောင်းဝင်းအတွင်း အရှေ့တောင်ယွန်း ခေါင်းရင်းဘက်၊ အင်ကြင်းပင်၏ တောင်ဘက်မှာ ဆရာတော်ဦးဆောင်မှုဖြင့် တည်ထားသော ဗောဓိပက္ခိယစေတီတော်ကို သပ္ပါယ်စွာ ဖူးမြင်ရသည်။

ကျောင်းဝင်းအတွင်း၌ ပြန့်ပြည် ပြုပြင်ထားသော သိမ်တော်အဝင်ဝ



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာကြက်အနီးမှာ ရှေးခေတ်လက်ရာ သိကြားမင်းရုပ်တုကို ထူးခြားသောပုံဖြင့် တွေ့ရှိရသည်။

သိမ်တော်ကြီးအတွင်း ပြန်လည်ပြုပြင် ပူဇော်ခံထားသော ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ကြည်ညိုဖွယ် ဖူးတွေ့ရသည်။

ဆရာတော်ကြီးကို စံကျောင်းတော်အတွင်းမှာပင် ဖူးမြင်ရသည်။ သက်တော် (၇၃)နှစ်ရှိပြီးဖြစ်သော်လည်း တက်တက်ကြွကြွ ဖြစ်နေသေးသည်။

ထူးခြားမှုမှာ စကားသံကြည်လင်အေးဆေးပြီး မာန်မာနလုံးဝ ကင်းစင်ခြင်း၊ ဆက်ဆံရေးကောင်းခြင်းဖြစ်ပါသည်။

ဆရာတော်ကျောင်းခန်းတွင်း နံရံတွင် ဗီနိုင်းစဖြင့် ဆိုင်းဘုတ်တစ်ခု ချိတ်ဆွဲထားသဖြင့် ဖတ်ကြည့်ရာ(၂၇-၃-၂၀၁၄)ရက်နေ့က ကျင်းပပြုလုပ်ပြီးစီးခဲ့သော လှည်းကူးမြို့နယ် သမိုင်းပြုစုရေးနှင့် ရှေးဟောင်းအမွေအနှစ်လက်ဆင့်ကမ်းထိန်းသိမ်းရေး ပြပွဲနှင့် စာတမ်းဖတ်ပွဲ ပိုစတာဖြစ်ကြောင်း သိရသည်။

အခန်းထောင့် ကျမ်းပြင်တွင်လည်း စားပွဲ၊ ခုံများဖြင့် ခင်းကျင်းထားသော ရှေးဟောင်းပစ္စည်းများကို တွေ့ရှိရသည်။

ထိုပစ္စည်းများမှာ လှည်းကူးမြို့နယ်အတွင်းရှိ ကျေးရွာများ၊ ရှေးဟောင်းသာသနာ့ပရိဝုဏ်များမှ ရှာဖွေစုဆောင်းထားခြင်းဖြစ်ကြောင်း သိရသည်။

ရှေးဟောင်းအုတ်ခဲများ၊ ပွဲတော်အုပ်၊ ရှေးခေတ်အိုးအမျိုးမျိုး လူ့အသုံးအဆောင် အကောင်းရော၊ အကျိုးအပဲ့များရော၊ ဆေးတံများ၊ ရုပ်ပွားရုပ်တုများ စသည်ဖြင့် စုံလင်လှပါ




◆ ရှေးဟောင်းပစ္စည်းအချို့ပုံ

◆ ရှေးဟောင်းပစ္စည်းအချို့ပုံ



◆ လှည်းကူးမြို့နယ် သမိုင်းပြုစုရေးအဖွဲ့၏ စာတမ်းဖတ်ပွဲ လှုံ့ဆော်ရေးပိုစတာ






www.burmeseclassic.com

www.burmeseclassic.com

သည်။

ထို့ပြင်စုဆောင်းထားသော စာအုပ်စာတမ်းမျိုးစုံကိုလည်း တွေ့ရှိရသည်။

ကျောင်းခြံဝင်းအတွင်း အရှေ့မြောက်ယွန်းယွန်းတွင် ဆောက်လုပ်ဆဲ သုံးထပ်ကျောင်းဆောင်သစ်ကို တွေ့သဖြင့် မေးကြည့်ရာ...

'အရင် စုဆောင်းထားတဲ့ ရှေးဟောင်းပစ္စည်းတွေကို စနစ်တကျ ခင်းကျင်းပြသဖို့ ပြတိုက်တည်ဆောက်နေတာပါ။ တစ်ထပ်က ပြတိုက်၊ တစ်ထပ်က စာကြည့်တိုက်၊ တစ်ထပ်က စာသင်တိုက်လုပ်ဖို့ ရည်မှန်းထားပါတယ်။ အဓိကမှာတော့ ပြတိုက်ပါပဲ။ မြန်မာနိုင်ငံမှာ လက်ရှိစာရင်းဝင်ထားတဲ့ ရှေးဟောင်းပစ္စည်းပြတိုက် (၃၀)ထဲမှာ ဒီပြတိုက်လဲ အပါအဝင်အဖြစ် သတ်မှတ်ခံထားရပြီးဖြစ်ပါတယ်။

ဒီပြတိုက်ကြီးကို အမြန်ဆုံး ပြီးစီးအောင် ပံ့ပိုးကူညီနိုင်မယ့် အလှူရှင်များကို ဖိတ်ခေါ်ပါတယ်။ နောက်ပြီး စာကြည့်တိုက်အတွက် စာအုပ်စာတမ်းမျိုးစုံ လှူဒါန်းမယ့်သူတွေကိုလဲ ဖိတ်ခေါ်ပါတယ်'

ဆရာတော်၏ တပည့်တစ်ပါးဖြစ်သော ဦးပညာနန္ဒမှ ရှင်းပြခြင်းဖြစ်ပါသည်။

ယခု လက်ရှိ ခင်းကျင်းပြသထားသော ယာယီပြတိုက်မှာ ဆရာတော်၏ စံကျောင်းဖြစ်ပါသည်။ မြန်မာနိုင်ငံမှ ထင်ရှားသော သမိုင်းသုတေသနပညာရှင်များ၊ စာရေးဆရာများ၊ ပြည်ပနိုင်ငံခြားသားများပါ လာရောက်ကြည့်ရှုလေ့လာကြောင်း မှတ်တမ်းစာအုပ်တွင် တွေ့ရှိရပါသည်။


စာဖတ်သူများ တစ်ခါတစ်ခေါက် သွားရောက် နိုင်ကြစေရန် လမ်းညွှန် ဖော်ပြပေးလိုက်ပါသည်။

***

*စေတနာမှန်လျှင် ကံကောင်းမည်။*

**အောင်ဇ** *(LL.B)*

ပိုက်ကြီးဝဲရွာသို့ လမ်းညွှန်မြေပုံကြမ်း




# အပူကျိတ်

## အပူလုံးအတွက်



လူ၏ ခန္ဓာကိုယ်တွင်းတွင် အပူခိုး၊ အပုပ်ခိုးများသည် ဖြစ်ပေါ်တတ်ပါသည်။

ထို အပူခိုး၊ အပုပ်ခိုးတို့သည် ဒွါရကိုးပေါက်မှ အမျိုးမျိုးသောနည်းဖြင့် တွန်းကန် ထိုးထွက်ကြပါသည်။

ထိုသို့ အပူခိုး၊ အပုပ်ခိုးသည်အပေါက်ထွက်လိုက်၊ အသစ်ဖြစ်ပေါ်လိုက် ပုံမှန်သံသရာလည်ပတ်နေပါသည်။

ယင်းကဲ့သို့ အပူခိုး၊ အပုပ်ခိုးများ ပုံမှန်လည်ပတ်မှု မဖြစ်ဘဲ ခန္ဓာကိုယ်အတွင်းအပူခိုးအပုပ်ခိုးတို့ စုဖွဲ့ကာ **အပူကျိတ်၊ အပူလုံး (အနာကျိတ်၊ အနာလုံး)**အဖြစ် ခန္ဓာကိုယ်ပေါ်တွင် ထိုးထွက်ဖြစ်ပေါ်လာပါသည်။ အပူကျိတ်၊ အပူလုံးကို အချို့သူများမှာစိုးရိမ်ကြီးစွာဖြင့် ကင်ဆာအကျိတ်ထင်တတ်ပါသည်။

**ကင်ဆာအကျိတ် ဟုတ်၊ မဟုတ် အလွယ်တကူ သိနိုင်ရန် ထိုအကျိတ်နှင့်အလုံးကို ဖိကြည့်အနည်းငယ် ဖျစ်ညှစ်ကြည့်ပါ။ နာလျှင် ရိုးရိုး အပူကျိတ်၊ အပူလုံးသာ ဖြစ်ပါသည်။**

မနာလျှင် ဆေးစစ်ဆေးမှု ပြုသင့်ပါသည်။ အနာမှန်လျှင် နာရမည်။ မနာလျှင် အခြားရောဂါဟု အလွယ်မှတ်နိုင်ပါသည်။

ရိုးရိုး အပူကျိတ်၊ အပူလုံးအတွက် **အပူငြိမ်း၊ အခိုးငြိမ်းစေသည့် ဆေးပြုတ်ရည်** ပြုလုပ်သောက်ရပါသည်။ ထိုဆေးပြုတ်ရည်မှာ မခက်ခဲပါ။

ကျွန်တော်တို့ အညာဒေသ လယ်ကွက်များထဲတွင် သဘာဝအတိုင်း အလေ့ကျပေါ်များစွာ ပေါက်ရောက်သော"**လယ်ကန စွန်းရိုး၊ မှို့စွယ်ပင်**"များ ခူးယူပါ။

လက်တွင်းတစ်ဆုပ်ခန့်ရလျှင် ခပ်နုပ်နုပ် လှီးဖြတ်ပြီး ထန်းလျက် သုံးလုံး၊ ငယ်လျှင် ငါးလုံးထည့်၍ ရေပက်ခွက် သုံးခွက်နှင့် ပြုတ်ကျိုပါ။ နှစ်ခွက်စာ ကျန်လျှင် ဆေးအိုးချ အအေးခံပြီး တဖြည်းဖြည်း သောက်ပေးပါ။

ငါးရက်မျှ ဆက်တိုက် သောက်ပေးပါ။ အပူငြိမ်းပြီး အပူကျိတ်၊ အပူလုံး သက်သာပျောက်ကင်းသွားပါမည်။

အကယ်၍သောက်ဆေးအပြင်**လိမ်းဆေး လိမ်းလိုပါက ဓာတ်ပွိုလ်သီးအတွင်းဆန်ကို ဆား၊ ရေတို့နှင့် သွေးပြီး တစ်နေ့သုံးကြိမ်မှ ငါးကြိမ်ထိ** လိမ်းပေးနိုင်ပါသည်။

**မြေမှိုးချစ်(နတ်မောက်)**

www.burmeseclassic.com




တိုင်းရင်းဆေးဝါးမှတ်ပုံတင် **0412 YR 004687**
လိုင်စင် ၇/၂၀၀၈၊ တဆထလ (တိုး)-၁၃၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့
# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (တနယ်ဖင်း) ၁၃၀/၀၀၀၁

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ၊ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ အသားတွေလည်း ကျစ်လျစ်လာတယ်၊ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်၊ ဆေးကောင်းရှိရင် လက်တို့သတင်းပေ ပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ၊ ကျန်းမာရေးရှုထောင့် ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ် ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်၊ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား"

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာ လား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်း လေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်း မှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက် ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေ မက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင် ကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်း တစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေး က ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်း ကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါ

ပင်ရင်း - **မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်-၅၂/၁၅၆၊ ပေမာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၃

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၁၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၁၄၇)



www.burmeseclassic.com


www.burmeseclassic.com

'ဦးလေး ပျားစွဲတာကို လာဘ်
ကောင်းတယ်လို့ ပြောကြတယ်နော်'
'စားရက်ကြုံလို့ မှတ်ဆိတ်ပျားစွဲ
တယ်လို့တော့ ပြောစမှတ် ရှိပါရဲ့၊
ခွင့်အခါကောင်း ကြုံကြိုက်တဲ့
အခါပွာယ်ပါ။ ပျားဆိုတာက အုပ်စုဖွဲ့
နေတတ်ပြီး ချိုမြိန်တဲ့ ပျားရည်ကြောင့်
ပျားများစည်ပင်ခြင်း၊ လာဘ်ကောင်း
ခြင်းလို့ ယူဆတာ ဖြစ်ပါလိမ့်မယ်'
'မြွေကျတော့ကော'
'မြွေလဲ လာဘ်လာဘ ဆောင်ပါ
တယ်။ အသွားလက်ယာ၊ အလာ(အပြန်)
လက်ဝဲ လာဘ်မလွဲလို့ ဆိုပါတယ်။
နေ့တစ်ခုကို စတင် ထွက်ခွာတဲ့အခါ
လက်ယာဘက်၊ ကိစ္စပြီးလို့ မူရင်းအရပ်
ကို ပြန်လာတဲ့အခါ လက်ဝဲဘက်မှာ
မြွေကို ကြုံရရင် လာဘ်ကောင်းတယ်
ဆိုတာပါ'
'ပျားအုံက မြွေပုံစံ ဖြစ်နေရင်ကော'
'(ဓာတ်တူနံတူ ဆေးဖက်ယူ) ဓာတ်
သဘောတူ အချင်းချင်း ဂုဏ်တူထပ်
ပြီး ရောဂါဘယ ကိစ္စပြဿနာတွေ
ရှင်းလင်းစေသတဲ့။ ပျားအုံနဲ့ မြွေက
လာဘ်လာဘချင်းတူလို့ ဆောင်ရွက်ဆဲ
ကိစ္စ ရောဂါဘယတွေ ကင်းပျောက်
ပြီးစီးစေတယ်။
**(နံတူထပ်မှုအသေရ)** ကိစ္စ ပြီးစီး
အောင်မြင်ခြင်းကို ဆိုပါတယ်။ ဒါထက်
အဲဒီမြွေပုံစံပျားအုံက ဘယ်မှာ တွေ့ခဲ့
တာလဲ'
'ကျွန်တော့်မိတ်ဆွေ အိမ်မှာပါ။ ဒီက
အပြန်မှာ လိုက်ပို့ပေးပါမယ်'
ကျောက်ဆည်မြို့ ဓာတ်တော်
ဆောင်ကို လေ့လာကြည့်ရှု၍ အပြန်
တွင် ဆိုင်ကယ်လုလင်က ဤသို့
စကားဆက်စပ်ကာ မြို့လယ် မင်းရဲ
ကျော်နံ့ဘေးတွင် ဖွင့်လှစ်ထားသေ
အဝီတွန်းအလှပြင်ဆိုင်သို့ ခေါ်ဆောင်

မြွေပုံစံ

# ပျားအုံနှစ်မိတ်

ဟူကျင်ဇီ *(Hu Jin Zhi)*



◄ မြွေသဏ္ဍာန် ဖြစ်နေသည့်ပျားအုံ (ဓာတ်တော်ရှင်းစ်)


သွားသည်။
အကျိုးအကြောင်း သိရသောအခါ
ဆိုင်ရှင် ကိုအောင်စိုးနှင့် မတင်အေးမြင့်
ဇနီးမောင်နှံက လိုက်လံပြစွာ ကြိုဆို
ရှင်းပြပေးသည်။ နက္ခတ္တရောင်ခြည်
မဂ္ဂဇင်းကို အစဉ်ဖတ်ရှုအားပေး
ကြောင်း သိရသည်။ သူတို့က တယ်လီ
ဖုန်းကင်မရာကို ဖွင့်ပြလျက်...
'၂၀၁၄ ခုနှစ် ဧပြီလလောက် အိမ်မှာသုံးတဲ့
စဉ့်အိုးထဲ ပျားဝင်စွဲတယ်။ ပျားအုံက





www.burmeseclassic.com

www.burmeseclassic.com



◆ ယခုမြင်ရသောပျားအုံ



◆ မင်းရဲမြောင်းမှ ရရှိသည့်
ပုံတော်ကားချပ်

◆ ထင်သပ္ပာရှိခြင်းရသည့် ဓာတ်မြစ်



မြွေတစ်ကောင် ရစ်ခွေနေသလို အရစ်ရစ် အထပ်ထပ် ဖြစ်နေတယ်'

ဟု ပြောပြသည်။

'အဲဒီနောက်ပိုင်းမှာ ထူးခြားတာတွေ ရှိသလား'

'ဟာ ရှိတာပေါ့ ဦးလေးရယ်၊ ပျားအုံ ရောက်ပြီးမှ သမီးတို့ ဆောက်နေတဲ့ အိမ်ကလေး ပြီးသွားတယ်။ အိမ်မပြီး မချင်း စိတ်ဖိစီးမှုတွေနဲ့ အလုပ် လုပ်ရတာ မဖြောင့်ဘူး။ ဒါတင်မကသေးဘူး။ တစ်လလောက်အကြာမှာ သားလေးက မင်းရဲမြောင်းထဲက ဆယ်လာတာတဲ့။ တင်ပျဉ်ခွေဗုဒ္ဓရုပ်ပွားတော်(ပုံတော်ကားချပ်)တစ်ခု ရလာတယ်။ တစ်ခါမှ မတွေ့ဖူးဘူး။

ရုပ်ကြွပြီး ကြာပလ္လင်နဲ့ အင်မတန် သပ္ပါယ်တယ်။ သမီးတို့ ကိုးကွယ်... ငြိမ်းချမ်းရေးကျောင်း ဆရာတော်... ဦးကောဝိဒ္ဒူညကို ပြကြည့်တော့ ဆ... တော်က အနေကဇာ တင်ပေးပါတယ်... အဲဒီအခါ ထူးခြားတာက မျက်လုံးတော်... တွေ ပွင့်လာတယ်။ ဦးလေး အိ... လိုက်ကြည့်ပါလား'

သို့နှင့် ဝေဘူချောင်အနီးရှိ သူ... အိမ်ခြံမြေသို့ သွားရောက်ဖြစ်သည်...

'ဒီအိမ်ပေါ့ ပျားအုံရောက်လာမှ အ... သတ်ပြီးတာ'

မကျဉ်းမကျယ် ခြံမြေအလယ်တွ... နှစ်ထပ်တိုက် အိမ်သစ်ကလေးကို တွေ... ရသည်။ သူတို့က ဘုရားခေါင်း... ခေါ်သွား၍ ပျားအုံရှိသော စဉ့်အိုး... ပြပေးသည်။

'ပျားအုံပေါ်မှာ ပိုးကောင်လေးတွေ ... သေဖြူပြီး ရေလောင်းလိုက်တာ ... ဖြစ်သွားတယ်။ မြွေပုံစံ ပ... ရေလောင်းပြီးမှ ပျားမှန်း...တယ်'

www.burmeseclassic.com





◆ ပျားအုံဝင်ပြီးနောက် ပိုင်ရှင်စွန့်ခွာသော အိမ်ကလေး

◆ ရင်းရဲမြောင်းနံဘေးမှ အလှပြင်ဆိုင်

◆ ကိုအောင်မိုး၊ မောင်အောင်မြင့်



ငွဲ့အိုးအတွင်း ပျားအိမ်အချပ်လေးများကို တွေ့ရသည်။ ဖုန်းင်မရာ၌ မြင်ရသော စတင်တွေ့ရှိစဥ် ပုံနှင့် မတူတော့ပေ။

'အိမ်ပြီးသွားပြီဆိုတော့ လိုချင်တဲ့တ်ရပြီပဲ။ စိတ်မကောင်း မဖြစ်ပါနဲ့'

## သုံးဖက်မြင် ရုပ်ကြွရုပ်ပုံတော်

မင်းရဲမြောင်းမှ ရရှိသော ရုပ်ပွားပုံတ်ကား တရုတ်နိုင်ငံတွင် ပုံနှိပ်ထုတ်သော သုံးဖက်မြင်ရုပ်ကြွဓာတ်ပုံလေသည်။

'ဒါ 3D Three Dimensions သုံးဖက်ဓာတ်ပုံပဲ'

'3Dပုံ မဟုတ်ဘူးရှင့်၊ ပုံကို သမီးတို့ပါတယ်'

'ညြာ် ဟုတ်ပါပြီ၊ ဂျာနယ်တွေမှာ ဖော်ပြဖူးတဲ့ အားစိုက်ကြည့်မှတဲ့ ပုံတော့ မဟုတ်ဘူး။ သာမန်နဲ့ သုံးဖက်မြင် ရုပ်ကြွလာင် ခေတ်မီနည်းပညာနဲ့ ထပ်ပြီး ရိုက်နှိပ်ထားတဲ့3Dပါ။ ကျောက်ဆည်မှာ ဒီလို ပုံတော်တွေ အရောက်နည်းသေးလို့ပါ'

ရုပ်ပွားတော်၏ရင်မှာ **လက်ယာရစ်စကြာ**ပါသည်။ ဒါက သကျမုနိမြတ်စွာဘုရားပုံတော်ပါ။ တရုတ်ဗုဒ္ဓဘာသာဝင်တွေ အယူအဆအရ သကျမုနိမြတ်စွာဘုရားပုံတော်တွေမှာ လက်ယာရစ်စကြာကို တန်ဆာဆင် ပူဇော်လေ့ရှိပါသည်။ အောင်မြင်ခြင်း မင်္ဂလာ အထိမ်းအမှတ်ပါ။

ပုံတော်၌ မျက်လုံးတော် အနည်းငယ် ဖွင့်ဟလျက် အပူဇော် ခံယူတော်မူသည်။ မူလပင့်ဆောင်ခါစက မျက်လုံးတော်မှိတ်လျက် ရှိသည်ဆိုလေသည်။

## ဆေးဆင်ရုပ်ကလေး

'ပျားအုံနဲ့ ဘုရားပုံတော်တွေ မရောက်ခင် ဖေဖော်ဝါရီလလောက်က အိမ်မှ ဆောင်ထားတဲ့ ဆေးမြစ်ကလေးကို ဘုရားစင်ပေါ် တင်ထားတုန်း အမှတ်တမဲ့ ကြည့်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်ကို နှာမောင်းချီ ပူဇော်နေပုံ ဖြစ်နေလို့ ဆေးမသုံးတော့ဘဲ ဘုရားပူဇော်တဲ့ အနေနဲ့ သီးခြားထားလိုက်ပါတယ်'

'အခု မိသားစုရဲ့ ကျန်းမာရေး စီးပွားရေး စတဲ့ အခြေအနေတွေ အဆင်ပြေရဲ့လား'

'ကောင်းပါတယ် ပိုပြီးတော့ လှူဖြစ်တန်းဖြစ်တယ်။ သမီးတို့တော့ မြတ်စွာဘုရားရှင်ကို သဒ္ဓါယုံကြည်မှု အပြည့်နဲ့ ကိုးကွယ်ပူဇော်လို့ အခုလို နိမိတ်ကောင်းတွေရပြီး အကျိုးထူး ခံစားရတယ်လို့ပဲ ထင်မိပါတယ်'

ထိုဆေးမြစ်ကား (သူတို့အခေါ်) **တပင်တိုင်မြနန်းဖြစ်၍** အဖုအပိန့် အကျိတ်များအတွက် ဆန်ခေးရည်နှင့် သွေးလူးလေ့ရှိသည်ဟု ပြောပြကြသည်။ ရှမ်းပြည်နယ်မှ ယူလာသည်ဆို၏။

ကျောက်ဆည်နှင့် မဝေးလှသော ပြကွဲရွှေတောင်တွင်လည်း များစွာတွေ့ရှိရသည်။ ဒေသအခေါ် **"စာကလေးဦးနှောက်"**ဟု တွင်လျက် ဆေးကျမ်းမှာ ယင်းပြားမြစ်ဟု ဖော်ပြကြသည်။ အဖုအကျိတ်များအတွက် ဆေးစွမ်းထက်ပါသည်။

---

**မှန်းဆချက်**

---

ကိုအောင်စိုး၊ မတင်အေးမြင့်တို့၏ နေအိမ်ရှိ စဥ့်အိုးတွင် ဝင်ရောက်အိမ်ဖွဲ့သော ပျားအိမ်က မြွေအရစ်အခွေပုံစံ ဖြစ်နေခြင်းကား လာဘ်ရခြင်း နိမိတ်ဖြစ်သည်။

လာဘ်ရကြောင်း နိမိတ်နှစ်ခုထပ်၍ အမြတ်ပြုထားခြင်းဖြစ်သည်။ နိမိတ်အပေါ်အရပင် သူတို့ လိုလားတောင့်တသော နေအိမ်ကလေး အောင်မြင်ပြီးစီးကာ စိတ္တသုခကို ခံစားရရှိ၏။

ဝေဒအမြင်ဖြင့် တွက်ဆသောအခါ ကိုအောင်စိုးမှာ ၁၃၃၁ ခုနှစ် ကြက်ရိပ်ရှင်စိုးမိုးသောနှစ်တွင် ဖွားမြင်သ ကြက်နှစ်ဖွားဇာတာရှင်ဖြစ်၏။

ကြက်၊ နွားနှင့်မြွေ ပုံရိပ်ရှင်များ တစ်ခုနှင့်တစ်ခု ထောက်ပံ့ ကူညီ ကြသည့် မိတ်ဖက်ပုံရိပ်များ ဖြစ် လေရာ ပျားအုံမြွေပုံစံနိမိတ်သ အိမ်ထောင်ဦးစီးဖြစ်သူ ကြက်နှစ် အတွက် ကာရကအား ဖြစ်ပေါ် လျက် မိသားစု အကျိုးထူး ခံစာ သည်ဟု ယူဆမိသည်။

မြွေမှာ ပကတိမြွေမဟုတ်ဘဲ 'ယ သဘောဆောင် ပုံရိပ် ပုံသဏ္ဌာန်ဖြစ် ဣတ္ထိလင် အမသရုပ် ဖြစ်သောကြ အမျိုးသမီးထုကို အားပြုရ အလုပ်ပြုပြင်ဖန်တီးမှု လုပ်ငန်းအတွ အထူးကောင်းမွန်စေသည်။

**ဟူကျင်းဇီ(Hu Jin Zhi)**

**စာမျက်နှာ (၁၈၁)မှ အဆက်**

အစည်းဝေးပဲ့နော်။ ဓာတ် ၄ ပါးရဲ့ ဦးစီး ဦးဆောင်က တေဇော ဓါတ်ကြောင့် တေဇောဓာတ်ကို အရင်ဦးဆုံး ရေးရမယ်။ ပြီး ဝါယော၊ အာပေါ၊ ပထဝီ အဝင်မကို ရေးပါ။ ပုံသဏ္ဌာန်က တေဇော ဦးစီးတဲ့ ထပ်စမှုံ့ပေါ့။

===



အဲဒီပုံစံ တေဇောဦးစီးတဲ့ ထပ်စကော့ တရားတခေါင်နိုင်ရန်၊ အပြိုင်အဆိုင်နိုင်ရန်၊ ကြွေးတောင်းခွဲရန်၊ ကျန်းမာ ညွှန်နေလျှင် ကြေးပြားတွင် စနေနေ့ မွန်းတည့်ချိန်တွင် ရေးပြီး ဆောင်ပါ။

(၂)ရက်သားသမီး ချစ်ခင်စေဖို့ ချက်ချင်းလိုချင်ရန်၊ အရောင်းအဝယ် ကောင်းရန်၊ ခရီးဝေးသွား အန္တရာယ်ကင်း လာဘ်လာဘကောင်းရန်၊ ငွေပြားငွေနှင့် ဖျားနာအောင်ရန်၊ ငွေပြားတွင် တနင်္ဂနွေနေ့ မွန်းတည့်ချိန်တွင် ရေးပြီးဆောင်

ရေးရင် ခဲတံကိုသာ သုံးရမယ်။ အသက်ရှူသွင်းတဲ့လေကို အောင့်ပြီး ရေးမှ အောင်မြင်ပြီး အစွမ်းသတ္တိတွေ စမ်းနိုင်မယ်။

ကိုင်း... ဒီလောက်ဆို ဝဲဒတ်ကား ယခုက်လောက်ပါပြီ၊ နိုးတဲ့ ထိတ်လွှားပြီးမှ သွားလိုက်ပါဦးမယ်၊ ဆရာနေမျိုး ရောင်ရောက်ချိန် ကျွန် ဆီဝင်ခဲ့ဦးပေါ့

[ဆေးကျွန်းပါးတောင်မှ ဦးဝင်းအောင် ပြောပြချက်များကို ရေးသားတင်ပြချင်း...]

ဆရာစိုးမျိုး(ထီး-ချေ)




www.burmeseclassic.com

# [illegible]

## လောကီအစီအရင် ဓာတ်လေးပါးပညာ

ဆရာစနေ့ဘိုး (ဘီ-အေ)



မိုးသည်းထန်စွာ ရွာနေသော ဝါဆိုလပြည့်နေ့ နံနက်ပိုင်းအချိန်လောက်တွင် ပဲခူးမြို့၊ ရှင်စောပုလမ်းမတန်းရှိ ကျွန်တော်၏ ဗေဒင်ဟောခန်းရှေ့သို့ ခုံညားသပ်ရပ်သော လူကြီးတစ်ယောက် ရောက်ရှိလာပြီး "ဆရာ... မိုးခဏလောက် ခိုပါရစေ"ဟု ခွင့်တောင်းလာပါသည်။

"ရပါတယ်ဦးကြီး။ လာ၊ ထိုင်ပါ"ဟု ပြောပြီး ထိုင်ခုံတစ်လုံး ပေးလိုက်ပါသည်။

'အလုပ်အကိုင် အဆင်ပြေရဲ့လား ဆရာ'

'မိုးများတော့လဲ အလုပ်ပါးပါတယ်'

ဟု ကျွန်တော် ပြန်ဖြေပြီး သူနှင့် မျက်လုံးချင်း ဆုံမိလိုက်စဉ် ကျွန်တော့်တစ်ကိုယ်လုံး ရှိန်းတိန်းဖိန်းတိန်းဖြစ်သွားတာကို သတိထားလိုက်မိပြီး စိတ်ထဲမှ "တစ်မျိုးကြီးပါလား"ဟု တွေးထင်နေမိသည်။

ဦးကြီးသည် သူပါလာသော စီးကရက်ဘူးကို ဖောက်ပြီး အေးဆေးတည်ငြိမ်စွာ သောက်နေလေသည်။ ကျွန်တော်သူ့အကြောင်း မေးမည်ပြုစဉ်...

'ကျုပ်နာမည်က ဝင်းအောင်ပါ၊ ဒေးစွန်းပါတောင် ပုတီးကျောင်းကြီးရဲ့ အရှေ့ဘက် နားမှာနေပါတယ်။ အခု ရွှေမော်ဓောဘုရား သောကြာအရပ်မှာ အဓိဋ္ဌာန်လာဝင်တာပါ'

'ဒါဆို ကြုံတုန်း ဓာတ်ပွင့်၊ လာဘ်ပွင့် ကျင့်စဉ်လေးများရှိရင် ချီးမြှင့်ပါ'

ဟု ကျွန်တော် တောင်းဆိုလိုက်ပါသည်။

'ကျုပ်က မချီးမြှင့်နိုင်ပါဘူး။ သိချင်တယ်ဆိုရင်တော့ ကျုပ်ဆရာ သင်ပေးခဲ့တဲ့ ပညာရပ်တစ်ခုကို ပြောပြပါ့မယ်။ သေသေချာချာမှတ်ပြီး လေ့ကျင့်ကြည့်ပါ။ လောကီကိစ္စမှန်သမျှ အောင်မြင်ပါလိမ့်မယ်'

| | | | | | |
|---|---|---|---|---|---|
| | **ကကုသန်ဘုရား** | **ဗျွှအက္ခရာ** | = | ၈ | |
| | **ကောဏဂုံဘုရား** | **ဗျွှအက္ခရာ** | = | ၆ | |
| | **ကဿပဘုရား** | **ဗျွှအက္ခရာ** | = | ၅ | |
| | **ဂေါတမဘုရား** | **ဗျွှအက္ခရာ** | = | ၀ | |
| ၈= | ဝါယောဓာတ် | = | ထောက်ကန်လှုပ်ရှားမှု | = | တဖို |
| ၆= | တေဇောဓာတ် | = | ပူမှု၊အေးမှု | = | တမ |
| ၅= | ပထဝီဓာတ် | = | မာမှု၊ပျော့မှု | = | တဖို |
| ၀= | အာပေါဓာတ် | = | ယိုစီးမှု၊ဖွဲ့စည်းမှု | = | တမ |

ဟု ပြောပြီး ဦးဝင်းအောင်သည် မျက်လုံးကို မှိတ်ထားပြီး အေးဆေးတည်ငြိမ်စွာ တစ်လုံးချင်း ပြောပြလေသည်။

'၃၃ စီးသော ဆင်ကို ကြိုး ၈ ချောင်းနဲ့ တိုင် ၄ တိုင်တွင် ချည်ပါ။

**၃၃ စီးသော ဆင်ဆိုတာ** မြန်မာဗျည်းအက္ခရာ က မှ အ အထိ ၃၃ လုံး။ **ကြိုး ၈ ချောင်းဆိုတာ** သရ ၈ လုံး။ **တိုင် ၄ တိုင်ဆိုတာက (ဝါယော၊ တေဇော၊ ပထဝီ၊ အာပေါ)**လို့ခေါ်တဲ့ ဓာတ် ၄ ပါး။ **ဗျည်းအက္ခရာ ၃၃ လုံး**မှာ တဖိုအုပ်စု၊ တမအုပ်စု ဆိုပြီး အုပ်စု ၂ စုရှိတယ်။

**တဖိုအုပ်စုတွေက**–က, ဂ, င, စ, ဇ, ည, ဍ, ဎ, ဏ, တ, ဒ, န, ပ, ဗ, မ, လ, ယ, သ, ဠ။

**တမအုပ်စုတွေက**–ခ, ဃ, ဆ, ဈ, ဋ, ဌ, ထ, ဓ, ဖ, ဘ, ရ, ဝ, ဟ, အ တို့ပဲ ဖြစ်တယ်။ ဓာတ်စမကောက်ယူပုံကတော့...

*** .

ဆိုတဲ့ သဘောတရားတွေကို သိထားရပါမယ်။

တချို့ကတော့ **"တဖို၊ တမ နေလစုံလျှင် နေကိုအဖို၊ လကို အမ ဆိုထားရောယှက် ဓာတ်ကိုတွက်က အချက်ကြလျှင် ပြီးအောင်မြင်လိမ့်"** ဆိုတဲ့အတိုင်း ကမ္ဘာတည်တာလဲ ဓာတ် ၄ ပါး။ ကမ္ဘာပျက်တာလဲ ဓာတ် ၄ ပါးပါပဲ။

ဒီဓာတ် ၄ ပါးမှာ ကျုပ်တို့က ဖြစ်ဖို့၊တည်ဖို့၊အောင်ဖို့၊ ပွင့်လန်းဖို့ လောကီအစီအရင် သဘောတရားအရ မိတ်ဓာတ်တွေကို သုံးရမယ်။ အဲဒီတော့ ကမ္ဘာ့မိတ်ကြီးဖြစ်တဲ့ တေဇော၊ဝါယော၊အာပေါ၊ ပထဝီပေါ့။

ဓာတ်စမတွေက ၆,၈,၀,၅ တေဇောဦးစီးတဲ့ ဓာတ် ၄ ပါးအဖွဲ့

www.burmeseclassic.com

# မိုးခေါင်ရေရှားဖြစ်ပါက

## မိုးရွာစေရန် ပြုလုပ်သော အစီအရင်

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် မိုးခေါင်၍ ရေရှားသောနှစ်များကို မြန်မာလူမျိုးများ ကြုံတတ်ပါသည်။ ထိုသို့ နှစ်များ ကြုံတွေ့သောအခါ မြန်မာ့ရိုးရာ(လွန်) ဆွဲပွဲများ ကျင်းပ၍ မိုးရွာစေရန် ပြုလုပ်ကြပါသည်။

အချို့သောဒေသများတွင် ရဟန်းသံဃာတော်များကို ပင့်လျှောက်၍ **ငါးရံ့မင်းပရိတ်တော်** ရွတ်ဖတ်ပြီး မိုးရွာစေရန် ပြုလုပ် ဆောင်ရွက်ကြပါသည်။



ကျွန်ုပ်အနေဖြင့် ယခု ရေးသားဖော်ပြမည့် မိုးကို ရွာစေသော ယတြာနည်းမှာ **အိန္ဒိယနိုင်ငံ၊ အဝကျွန်းဒေသတွင် နေထိုင်ခဲ့သော တိုင်းရင်းဆေးဆရာကြီး အဘဦးသိန်းထွန်းပြောပြသောနည်း** ဖြစ်ပါသည်။

ဆေးဆရာကြီး အဘဦးသိန်းထွန်းတို့ဒေသတွင် မိုးခေါင်၍ ရေရှားသော နှစ် ကြုံတွေ့ရလျှင် ဤယတြာနည်းကို ပြုလုပ်ကြပြီး မိုးရွာသည်ဟု ဆိုပါသည်။

ယတြာနည်းမှာ...

မိုးခေါင်ရေရှားဖြစ်ပေါ်သော ဒေသတွင် အများနှင့်ဆိုင်သော လမ်းဆုံ၊ လမ်းခွ တစ်နေရာတွင် လူတွေကို မင်္ဂလာဆောင် မဏ္ဍပ်ထိုးသကဲ့သို့ မဏ္ဍပ်တစ်ခုကို ဆောက်လုပ်ရပါမည်။

မဏ္ဍပ်၏ ဗဟိုအလယ် တည့်တည့်တွင် ဒေသထွက် ပန်းမျိုးစုံကို ပန်းကုံးပြု၍ ချိတ်ဆွဲထားရပါမည်။ ပန်းကုံးများ ချိတ်ဆွဲထားသော အောက်တွင် (ထမင်းစား) စားပွဲ တစ်လုံး ပိတ်ဖြူခင်း၍ ထားရပါမည်။ ယင်းစားပွဲပေါ်တွင် ငွေဖလားတစ်လုံးကို ရေအပြည့် ထည့်ပြီး ထားရပါမည်။

နီးစပ်ရာနေရာမှ (ဖား) အထီး၊အမ(၂) ကောင်ကို ရှာဖွေ၍ ယူလာရပါမည်။ ရက်ကောင်းရက်မြတ် ရွေးချယ်ပြီးလျှင် မင်္ဂလာဆောင်ပေးသည့် သဘောသဘာဝပုံစံ ပြုလုပ်ပေးရပါမည်။

လူတွေကို မင်္ဂလာဆောင်ပေးသကဲ့သို့ (ဖား)အထီးအမ(၂)ကောင်ကို ပြုလုပ်ပေးရပါမည်။

မင်္ဂလာဆောင်ရန်မှာ မိုးခေါင်သော ဒေသ၏ (ဓလေ့)အတိုင်း ဆောင်ရွက်ပေးရန် ဖြစ်ပါသည်။

မင်္ဂလာညဘာနိမိတ် ပြုလုပ်ချိန်တွင် (ဖား)အထီးအမကို ငွေဖလားထဲရှိ ရေထဲတွင် လွှတ်ထားရပါမည်။ ပြီးလျှင် ဖားအထီး၊အမရှိသော ငွေဖလားကို အမွှေးနံ့သာ ထွန်းခြင်း၊ ပက်ဖျန်းခြင်းများ ပြုလုပ်ပြီးလျှင်...

'ဤရပ် ဤဒေသ၌ မိုးခေါင်ရေရှား ဖြစ်ပေါ်လျက်ရှိပါသည်။ မိုး အမြန်ရွာသွန်းစေရန် ဖားလင်မယားမှ မိုးခေါ်၍ မိုးရွာပါစေသတည်း'

ဟူ၍ ပြောဆိုဆုတောင်းပြီးလျှင်ဖားထီး+ဖားမကို အများသုံး (ကန်)၊(ချောင်း) တစ်ခုခုသို့ လွှတ်ပေးရပါမည်။ ယတြာနည်းက ဤမျှသာ ဖြစ်ပါသည်။

ဆေးဆရာကြီး အဘဦးသိန်းထွန်းနှင့် ကျွန်ုပ်တို့ တွေ့ဆုံခဲ့သည်မှာ နှစ်ပေါင်း သုံးဆယ်ကျော်ခန့် ရှိခဲ့ပြီ ဖြစ်ပါသည်။ ဆေးဆရာကြီးသည် ကိုယ်တွေ့ကြုံခဲ့သည့် အကြောင်းအရာများစွာ ကျွန်ုပ်အား ပြောပြခဲ့ပါသည်။

တစ်ရွာတစ်ပုဒ်ဆန်း ဆိုသလို ဗဟုသုတတိုးပွားစေခြင်းငှာ မိုးခေါင်ရေရှားဖြစ်ပါက မိုးရွာစေသော ယတြာအစီအရင်နည်းအား နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှတစ်ဆင့် ရေးသား ဖော်ပြအပ်ပါသည်။

**[အိန္ဒိယနိုင်ငံမှ ဆေးဆရာကြီး ဦးသိန်းထွန်းအား ဤဆောင်းပါးဖြင့် ဂါရဝပြုအပ်ပါသည်။]**

**မိုလ်မင်း(မင်းလှ)**



www.burmeseclassic.com

www.burmeseclassic.com

ဦးပုညတေးထပ်ထဲက

# လက်ဆန်းဟောနည်းတစ်ခု

**မောင်ဖယ်ဖိုး (အင်းတော်)**



စာရေးသူ နားနောင်ဆရာတော် ဦးကလျာဏထံ ဗေဒင်ပညာ သင်ယူစဉ်က ပထမဦးဆုံး စလေဆရာကြီး ဦးပုည၏ တေးထပ်ပင်ဖြစ်ပါသည်။

ကဗျာဝါသနာပါသူ ဖြစ်၍လည်း ဦးပုည၏ တေးထပ်များကို တစ်ရှိက်မက်မက်ဖြစ်ခဲ့ရပါသည်။

ဆရာတော်ဦးကလျာဏ သင်ပေးသည့် စလေဆရာကြီးဦးပုည၏ တေးထပ်မှာ မြန်မာ့ရိုးရာလက်ဆန်းနည်းထဲက တစ်ခုပင်ဖြစ်ပါသည်။

တေးထပ်ကို ဦးစွာ တင်ပြလိုပါသည်။

'ဂေါ်ငံမှာ နှောင်းနေ့ နှောခံ၍ဖြစ်ချေ ဟောရန်ဖေ့ စတွေ့မှာ၊ ခေတ်ကြောအောင်ကျော်သဲတြမှာ ဝန်ကြွယ်၊ မြန်မာ့နယ်ငြိမ်းလိမ့်ပျော်ပွဲ ကျန်ငါးတန်၊ လုံ့တားရုံ၊ စံစားရန်ပေါ်ကဲ၊ ကဲအားသန်တော်ဆဲမို့ စော်ကဲတို့ကိန်းနှယ်၊ သုညာမှာဆုံလာငြား မင်းသားဖြင့် မင်းဖြစ်ရမယ်။

ဆင်းရဲသားတစ်သွယ်မှာ၊ အနွယ်ပါ ကျော်ဟိုးလို့ တန်ခိုးဖြင့် ကြီးကျယ်၊ ဂုဏ်မျိုးဆွေလုံးစုံ၊ ပွားနေ့ကစ၍ ကြံ့လျှင်၊ ဝန်ကုံလုံကြွယ်ဦးမယ်ကွယ့်လေး'

တေးထပ်အဓိပ္ပာယ်ကို ရှင်းရမည်ဆိုရင်…

**မူလသက္ကရာဇ်ကိုတည်၊ မိမိတို့၏ မွေးနံပေါင်း၊ (၉)ဖြင့်စား။**

◎ **တစ်ခုကြွင်းမူ** ပုံ့မွှေးသော ဂုဏ်ဒြပ်နှင့် ဖမ္ဗူမှာ ကျော်စော ထင်ရှားစွာဖြစ်တတ်၏။

◎ **သုံးခုကြွင်းမူ** ဓနငွေကြေး ဆန်ရေစပါး လွှန်တိုးပွားသဖြင့် စိတ်အာရုံရှိသမျှ ခံစားရတတ်၏။

◎ **သုညကြွင်းမူ** မင်းမျိုးမင်းသားဖြစ်က မင်းဖြစ်ရတတ်၏။ မိမိတို့ မွေးနံပြန်ကြွင်းမူ ဥစ္စာဓနပြည့်ဝ စုံလင်၍ ဂုဏ်အင်ကြီးမားသော သမီးသားစသော အခြွေအရံတို့နှင့် ပြည့်စုံတတ်၏။

တစ်ခု၊ သုံးခု၊ သုညကြွင်း မွေးနံ ဤလေးပါးမှ တစ်ပါးအကြွင်း **ငါးခုသည် ကျန်ငါးတန် မည်၏။**

**ထိုကြွင်းကျန်သော ငါးပါးတို့တွင် တစ်ပါးပါးကြွင်းမူ** မရွယ်ဘဲနှင့် စော်ကဲမင်းဖြစ်သည်နှင့်အညီ ရေးဘဝကုသိုလ်ကံ အင်မတန် အားကြီးသဖြင့် တားဆီး၍ မရနိုင်အောင်၊ ဗလဝ အကျိုး၊ အမျိုးမျိုးပေးလတ္တံ့သော ကံပါသော်ငြားလည်း အလျင်အမြန် မပေးဘဲ တဖြည်းဖြည်း အသက်အရွယ်ကြီးမှ ဗလဝအကျိုးပေးသော ရှေးကုသိုလ်ကံ ပါရှိပါသည်ဟု ဆိုလိုပါသည်။

ဗေဒင်ပညာ လေ့လာစဉ်က ကိုယ့်သက္ကရာဇ်၊ သူများသက္ကရာဇ်တို့ကို လက်တည့်စမ်းပြီး တွက်ကြည့်ခဲ့ဖူးပါသည်။ ထင်ရှားသောပုဂ္ဂိုလ်တို့၏ မွေးသက္ကရာဇ်ကို စာဖတ်ပရိသတ်အား တွက်ပြလိုပါသည်။

ကုန်းဘောင်မင်းဆက်ထဲက **ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်းကြီး၏ မွေးသက္ကရာဇ်ကို** ဥပမာအဖြစ်တွက်ပြသွားပါမည်။

မင်းတုန်းမင်း၏ **သက္ကရာဇ်မှာ ၁၁၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၄)ရက် အင်္ဂါနေ့ဖြစ်ပါသည်။**

တွက်နည်းအရ…

**မွေးသက္ကရာဇ်** ၁၁၇၆
**မွေးနံ(အင်္ဂါသား)** ၃+
**ပေါင်းကိန်းအရ** ၁၁၇၉

၉ | ၁၁၇၉ | ၁၃၁
−၉
၂၇
၂၇
၉
−၉
ဝကြွင်း


သုညကြွင်း…မို့ ဦးပုညတေးထပ်အရ **သုညာမှာ ဆုံလာငြား** မင်းသားဖြင့် မင်းဖြစ်ရမယ့် ဆင်းရဲသားတစ်သွယ်မှာ အနွယ်ပါ ကျော်ဟိုးလို့ တန်ခိုးဖြင့် ကြီးကျယ်ဖြစ်ပါသည်။

သုညအကြွင်းမှာ မင်းမျိုးနွယ်ဆိုလျှင် မင်းဖြစ်မည်။ ဆင်းရဲသားဖြစ်က အနွယ်ပါကျော်ကြားလို့ တန်ခိုး အာနိုး တန်ခိုးရှိမည်ဟု ဆိုခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မြင်ကွန်း မြင်းခုန်တိုင်အရေးကိစ္စ ဖြစ်စဉ်က မင်းတုန်းမင်းကြီး စိုးရိမ်ပူပန်စဉ်က စကြာဒေဝီမိဖုရားကြီးက မင်းတုန်းမင်းကြီးအား လျှောက်တင်သည်မှာ **'မောင်တော်လည်း ဥပစ္ဆေဒကကံမပါ။ သားတော်များလည်း မင်းဖြစ်မယ့် ဇာတာမဟုတ်'** ဟု ဆိုခဲ့ဖူးသည်။ မြင်ကွန်းနှင့် မြင်းခုန်တိုင်သည် သုညကြွင်းမဟုတ်မှာ သေချာမည် ဖြစ်ပါသည်။

နောက်တစ်ဦးမှာ **အင်းတော်မြို့နယ် မန်လည်ရွာက မကာရလောပအကျော် မန်လည်ဆရာတော်ဦးဇဝန** ဖြစ်ပါသည်။ ဆရာတော်၏ မွေးသက္ကရာဇ်မှာ ၁၂၀၃ ခုနှစ်၊ အင်္ဂါသား ဖြစ်ပါသည်။

တွက်နည်းအရ တွက်ပြပါမည်။

မွေးသက္ကရာဇ် ၁၂၀၃
မွေးနံ(အင်္ဂါသား) ၃+
ပေါင်းကိန်းအရ ၁၂၀၆

၉ | ၁၂၀၆ | ၁၃၄
၉
၃၀
၂၇
၃၆
၃၆
ကြွင်း ၀

မန်လည်ဆရာတော်မှာ မင်းမျိုးမင်းနွယ်မဟုတ်သော်လည်း ဆင်းရဲသားတစ်သွယ်မှာ အနွယ်ပါ ကျော်ဟိုးလို့ တန်ခိုးဖြင့် ကြီးကျယ် ဖြစ်ခဲ့ရပါသည်။

မန်လည်ဆရာတော်၏ မဃဒေဝလင်္ကာသစ်မှာ ယနေ့ထက်တိုင်ပင် ဖြစ်ပါသည်။

နောက်ပုဂ္ဂိုလ်တစ်ဦးမှာ အများသိကြသည့် **စာရေးဆရာကြီးပါရဂူပင်** ဖြစ်ပါသည်။

ဆရာကြီးပါရဂူ၏ အမိအဖတို့မှာ ဦးဘစော၊ ဒေါ်မေတုတ်တို့ဖြစ်သည်။ မွေးဇာတိမှာ ဟင်္သာတခရိုင်၊ သနွှဲသနော့ရွာတွင် ၁၂၈၃ ခုနှစ်၊ **တန်ဆောင်မုန်းလဆန်း (၁၁)ရက် ကြာသပတေးနေ့**တွင် မွေးဖွားသူ ဖြစ်ပါသည်။ အမည်ရင်းမှာ ဦးလှကြိုင် ဖြစ်သည်။

တွက်ပြပါမည်။

မွေးသက္ကရာဇ် ၁၂၈၃
မွေးနံ(ကြာသပတေးသား) ၅+
ပေါင်းကိန်းအရ ၁၂၈၈

၉ | ၁၂၈၈ | ၁၄၃
-၉
၃၈
၃၆
၂၈
-၂၇
ကြွင်း ၁

**ကြွင်းစကား"စက္ကူမှာ ခေတ်ကြေအောင် ကျော်သဲ"**ဆိုသည့်ကိန်း ရပါသည်။ မြန်မာ့စာပေနယ်တွင် ဆရာကြီးပါရဂူ၏ စာပေများ မြန်မာစာပေနယ်၌ အကျော်ဒေးယျကျော်ကြားသည့်ပုဂ္ဂိုလ်ပင် ဖြစ်ပါသည်။

စာဖတ်ပရိသတ်များ ဦးပုညတေးထပ် လက်ဆန်းတွက်နည်းမှာ လွန်စွာ လွယ်ကူသဖြင့် အကဲဖြတ်လေ့လာကြည့်နိုင်ရန် ရေးသားတင်ပြလိုက်ရပါသည်။

**အာယု ဝဏ္ဏော သုခံ ဗလံ**

**မောင်မဟိန်း(အင်းတော်)**

**စာမူရှင်များသို့...**

**ပေးပို့သော**
**စာမူများကို**
**မူပွား**
**ထားကြပါရန်နှင့်**
**မရွေးချယ်ပါက**
**ပြန်လည်ပေးပို့မည်**
**မဟုတ်ပါကြောင်း**
**အသိ**
**ပေးအပ်ပါသည်။**

**စာတည်းအဖွဲ့**
**နဂါးရွှေရောင်မြည်းမဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com

ထူးထူးခြားခြား

# ကက်ကင်းဘုရားနှင့်

ပရိဘောဂစေတီများ

'ဒီလိုဗျ ကိုလှမြင့်ရေ၊ လွန်ခဲ့တဲ့ခုနစ်နှစ်လောက်က ကျွန်တော်တို့ ဇနီးမောင်နှံမှာ အတော်ကြီး စီးပွားရေးလုပ်ငန်းကိုင်ငန်း အကျပ်ရိုက်ခဲ့တယ်ဗျ။ လိုရင်းတိုရှင်းပြောရရင် ပေးထားတဲ့ ကုန်ကြွေးတွေက တောင်းမရ၊ ကိုယ်ကပေးစရာ ကြွေးရှင်တွေက ခွတ်အတင်းတောင်းပေါ့ဗျာ။

စီးပွားရေး အကျပ်ရိုက်ပါတယ်ဆိုမှပဲ ကျွန်တော့်သား သုံးယောက်မှာ အကြီးဆုံးကောင်က တက္ကသိုလ်နောက်ဆုံးနှစ် စာမေးပွဲကျ၊ အငယ်ဆုံးကောင်က ဆယ်တန်းမအောင်၊ အလတ်ကောင်တစ်ယောက်ပဲ ဒုတိယနှစ် အောင်တယ်။

တစ်မိသားစုလုံး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ၊ အိပ်တောင်မပျော်ဘူးဗျာ။ တစ်မိသားစုလုံး လုပ်ကိုင်နိုင်ပြီး ကျန်းမာရေး ဒေါင်ဒေါင်မြည်နေလို့သာတော်သေးတာပေါ့ဗျာ။

တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေ ဦးအောင်လှဆိုတာ ကျွန်တော့်ဆီရောက်လာတယ်ဗျ။ သူက...

"ငါ မင်းဆီ အာရုံရလို့လာတာကွ၊ မင်းဘုရားစင်မှာ အလိုတော်ပြည့်ဘုရားရုပ်ပွားတော် ပူဇော်ကွာ။ ပြီးတော့ ဒီ ကက်ကင်းဘုရား၊ ပရိဘောဂစေတီနဲ့ အေးစေတီ ပုံတော်ပါ ပူဇော်။

မင်းတို့ တစ်မိသားစုလုံးရဲ့ အခက်အခဲ အကျပ်အတည်း အပူအပင်တွေ ပိန်းကြာရွက် ရေမတင်သလို လျော့သွားလိမ့်မယ်" ဆိုပြီး ပြောတယ်ဗျ။



ကက်ကင်းဘုရား

အောင်လှက ကျွန်တော်နဲ့ ရွာမှာ တုန်းက လေးတန်းအောင်အထိ အတူကျောင်းနေဖက် ခင်ဗျ။ နောက် သူ ဘုန်းကြီးဝတ်သွားတယ်။

တစ်ခါ ဘုန်းကြီးကနေထွက်ပြီး အိမ်ထောင်ပြု၊ တောင်သူလုပ်ရင်းကနေ သူ့ရွာ သူ့နယ်မှာတော့ ဗေဒင်ဆရာကြီး ဘိုးတော်အောင်လှဆိုပြီး





www.burmeseclassic.com

www.burmeseclassic.com



▲ အေးစေတီဘုရား



▲ ပရိဘောဂစေတီ
မဟာဗောဓိရွှေညောင်ပင်



▲ ပရိဘောဂစေတီ
လင်းလွန်းပင်

နာမည်ကြီးပေါ့။

အဲဒီမှာ ကျွန်တော်နားလည်တာက ပရိဘောဂစေတီဖြစ်တဲ့ မဟာဗောဓိရွှေညောင်ပင်၊ လင်းလွန်းပင်၊ နောက် အေးစေတီ မြေပေါက်ဘုရားတွေ နားလည်ပါတယ်။ ကက်ကင်းဘုရားပုံတော်ကို နားမလည်ဘူး ကိုလှမြင့်ရဲ့၊ အောင်လှကတော့…

ရေသံကို မြေပေါက်ဘုရားပုံထုပြီး ထီးတော်တင်ထားတာ၊ ဘေးက ဆင်ရုပ်တုတွေဘုရားအနေကဇာတင်ထားပြီးသားလို့ ပြောတယ်။ ဒါလောက်ပဲ သူပြောတယ်။

ကဲ ဘာပဲဖြစ်ဖြစ် ကောင်းတာလုပ်တာပဲလေဆိုပြီး နောက်နေ့မှာ မကွေးသွားပြီး အလိုတော်ပြည့်ရုပ်ပွားတော်ဝယ်ပြီး ကက်ကင်းဘုရား၊ ပရိဘောဂစေတီ၊ အေးစေတီဘုရားပုံတော်တွေ ကျွန်တော့်ဘုရားစင်မှာ ပူဇော်ကိုးကွယ်ခဲ့ပါတယ်။

ဘုရားတန်ခိုးလို့ပဲ ခြုံပြီး ပြောရတော့မှာပဲဗျ။ ခုနစ်လအတွင်းမှာ အကြွေးတွေ အကုန်ရ၊ အကြွေးတွေ အကုန်ကြေ၊ သားတွေလဲ စာမေးပွဲ ပြန်ဖြေတာ ထူးချွန်စွာ အောင်မြင်ပါတယ်။ (၉)လလောက်ရှိတော့ အောင်လှ ရောက်လာတယ်။

"ငါ အာရုံရလို့ လာခဲ့တာ။မင်းသားကြီး တမြေဇာစ်ရှာ နိုင်ငံခြား ငါးလအတွင်းသွားရမယ်။ ဒီ ကက်ကင်းဘုရားပုံတော်ပွားပြီး ဆောင်သွားဖို့ လာသတိပေးတာလို့ ပြောသွားတယ်။ အဆက်အစပ်မရှိ ပြောသွားတာ။

တကယ်ပဲ ကျွန်တော့်သားကြီး စင်္ကာပူ သွားပြီး အလုပ်လုပ်ရတယ်။ ကက်ကင်းဘုရားပုံတော်လဲ ပွားပြီး ဆောင်ယူကိုးကွယ်ပါတယ်။ အလုပ်အဆင်ပြေပါတယ်။ အခု သုံးနှစ်အတွင်းမှာ အခုလို ကျွန်တော် တိုက်နဲ့ ကားနဲ့ ဖြစ်လာတာပါပဲ။

ကိုလှမြင့် ဖြေနိုင်မယ်ဆိုရင် ဒီ ရေသံနဲ့၊ ထီးတော်နဲ့ ဆင်ရုပ်ကနုတ်များနဲ့ ကက်ကင်းဘုရားအကြောင်း သိသမျှ ဗဟုသုတ ပြောပြစေချင်တာပါပဲဗျာ'

ကျွန်ုပ်မိတ်ဆွေ ကိုဝင်းထွန်းပြောပြသမျှ မခြွင်းမချန် ရေးလိုက်ခြင်းဖြစ်ပါသည်။ "အမေး ကျွဲကျောင်း အဖြေ ဘုရားလောင်း"ဟု ဆိုရိုးစကားရှိပါသည်။

ကိုဝင်းထွန်းလည်း ကျွဲကျောင်းသားမဟုတ်၊ ကျွန်ုပ်လည်း ဘုရားလောင်း မဟုတ်ပါ။

သို့အတွက် သူ့အမေးကို ကျွန်တော် ဉာဏ်မမီ၍ မဖြေနိုင်ခဲ့ပါ။ အနီးစပ်ဆုံး ရေသံသည် ဗုဒ္ဓဟူးနံ ဆင်သည် ဗုဒ္ဓဟူးဂြိုဟ်လောက်သာ ခပ်ရေးရေး တွေးနေမိပါသည်။

**ဤ ကက်ကင်းဘုရားပုံတော်နှင့် ပတ်သက်ပြီး သိရှိသူပညာရှင်များ ဆရာသမားတို့အနေဖြင့် ရေးသား တင်ပြပေးမည်ဆိုလျှင် စာရှုသူများ** များစွာ အကျိုးရှိနိုင်သဖြင့် ရေးသား တင်ပြပေးကြပါရန် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှတစ်ဆင့် လေးစားစွာ မေတ္တာ ရပ်ခံ ပန်ကြားအပ်ပါသည်။

နတ်မောက်လှမြင့်ဒဘ

F.24B. October, 2015

www.burmeseclassic.com



ရွှေတောင် ခင်မောင်ကြည်

# ပြူး တက် ရှု ကြေး (၁)

ကိုကျော်က ပြည်မြို့ ခေတ္တရာမြို့သစ်မှာနေတယ်။ အဓိကလုပ်ငန်းက ကျောက်မျက်ရတနာ သွေးတယ်။ အင်္ဂရုတ်လဲ ထိုးတယ်။ ဖိုးဟန်က ကိုကျော်ကို တစ်သက်တာ တစ်ခါပဲ မြင်ဖူးတယ်။ တွေ့ချိန်ကလဲ တစ်ရက်မပြည့်၊ တစ်နေ့တည်း။

စကားနည်းတဲ့ ကိုကျော်၊ တခြားသူတွေပြောတာပဲ နားထောင်တယ်။ ပြုံးပြုံးလေးပဲ။ ဘယ်တော့မှ သူများပြောတဲ့စကား ကြားဝင် မထောက်ဘူး။ တစ်ဖက်သားစကားဆုံးမှ သူ ဝင်ပြောတယ်။

ဝတ်ထားတဲ့ အဝတ်အစားကလဲ ရိုးရိုးလေး။ သဘောဖြူအင်္ကျီ၊ မနော ဘဝင်မှာ အနှောင့်ကင်းတယ်။ ကောက်ကျစ်ခြင်း အလျဉ်းမရှိ၊ ပကတိဖြူစင်၊ သူ့ရင်ထဲအထိ လှမ်းမြင်ရ၊ အတုယူ အားကျစရာ။ မာနဆိုတာဝေး၊ အင်္ဂရုတ်ဆရာလေး။

မောင်ဖိုးဟန် သူ့ဆီက အင်္ဂရုတ်ပညာတစ်ရပ် ရလိုက်ပါတယ်။ ပေးချင်လို့လဲ ပြည်မြို့ကနေ အလုပ်အကိုင်ဖျက်ပြီး တရုတ်မော်ကို လာတာ။ ဖိုးဟန်နဲ့တော့ အရင်က မသိခဲ့ဘူး။ တရုတ်မော်ရောက်မှ သိတာ။

မောင်ဖိုးဟန်က စနေ၊တနင်္ဂနွေဆိုရင် ဘကြီးဦးတက်တိုးအိမ်မှာ စတည်းချတယ်။ ဗိုထိုးတယ်။ စနေ၊ တနင်္ဂနွေက မောင်ဖိုးဟန်အတွက် ဗိုထိုးရက်။ သတ်မှတ်ချက် ရှိပြီးသား။ ကျန်ရက်တွေကတော့ ဘကြီးနဲ့ ဦးညွန့်မောင်တို့ မီးကစားကြတယ်။

www.burmeseclassic.com

ဖိုးဟန်က ကျောင်းတက်။ ရက်တခြား စီ။

'ဟေ့ စနေ့တနင်္ဂနွေက ဖိုးဟန် ဖိုထိုးရက်။ အဲဒီရက် ဘယ်သူမှ ဖို တစ်ချက်မဆွဲနဲ့'

ဘကြီးရဲ့ တစ်ချက်လွှတ်စကား။ ဦးအုန်းရွှေပါ နားထောင်ရတယ်။ ဝိုင်းတော်သားတို့ ညီကြပါပေ့။ စေ့စေ့တွေး တိုင်း တရေးရေးပေါ်။ ကျေးဇူးတော်က အနန္တ။

ဘကြီးဦးတက်တိုးရဲ့ ဖနီးက ဒေါ်ငွေခင်။ ဒေါ်ငွေခင့် မောင်အငယ်က ဦးညွန့်မောင်။ ကြခင်းမြို့နယ်၊ ရေလယ်ကျွန်းရွာမှာ နေတယ်။ ဖိုးဟန်ကတော့ ဦးလေးညွန့်လို့ ခေါ်တယ်။

အဲဒီတော့ ဦးညွန့်မောင်က နှစ်ယောက် ဖြစ်နေပြီ။ ရေလယ်ကျွန်းက ဦးညွန့်မောင်နဲ့ တရုတ်မှော်က ဦးညွန့်မောင်။

တရုတ်မှော် ဦးညွန့်မောင်က အငြိမ်းစားဗိုလ်မှူး။ ကာနယ်ညွန့်မောင်။ ဖိုးဟန်က ဗိုလ်ညွန့်လို့ ခေါ်တယ်။ ချစ်စနီးနဲ့ ခေါ်တာပါ။ ကွဲကွဲပြားပြား။ ခြားခြားနားနား။

ရေလယ်ကျွန်းက ဦးညွန့်မောင်ကြီးက တစ်လမှ တစ်ခါ၊ နှစ်လမှ တစ်ခါ တရုတ်မှော်ကို လာတယ်။ တစ်ခါလာရင် (၅)ရက်၊ (၆)ရက်နေတယ်။ မလာတာကြာမှ (၃)လလောက် တစ်ခေါက်တော့ ရောက်ရောက်လာတယ်။

ဦးညွန့်မောင်ကြီးက ရောက်လာလို့တော့ အချိန်ပြည့် ဖိုခွင်ထဲမှာ။ ဖိုခွင်ထဲက မထွက်။ ရက်ဆက်။

မနက်မိုးလင်းတာနဲ့ ဖိုခွင်ဝင်။ နေဝင်လို့ မိုးချုပ်မှ ဖိုခွင်က ထွက်။ စားချိန်သောက်ချိန်ကလေးလောက်ပဲ နားတယ်။ တစ်နေ့လုံး မနားတမ်း မီးတင်တာ။ အုံ့သြစရာတော့မဟုတ်။



အဂ္ဂိရတ်ဆိုတာက ကြီးကျယ်တဲ့ အလုပ်။

ဖိုးဟန်တို့က နောက်ဆုတ်။ ခပ်ကုပ်ကုပ်ကလေးနေ၊ သူ လုပ်ပါစေ...လုပ်ပါစေ။

ရေနွေးဝိုင်းမှာတော့ ဘကြီးရယ်၊ ဗိုလ်ညွန့်ရယ်၊ ဖိုးဟန်ရယ်။ တစ်ခါတစ်ရံ ဦးအုန်းရွှေ ရောက်လာတယ်။ ပြောမဆုံးအောင် လေတွေချ။ အဂ္ဂိရတ်။ ဘာမှတော့မဖြစ်။ စိတ်ကညစ်...

တစ်နေ့တော့ ဦးလေးညွန့်က ပြောတယ်။ သူနဲ့ သွေးသားရင်းချာ တူသားလိုခင်တဲ့သူတစ်ယောက် တရုတ်မှော်ကို ခေါ်လာမယ်။ သဘောကောင်းတယ်။ အဂ္ဂိရတ်ထိုးတယ်။ ပညာပေးမယ် ပြောတယ်။ ခေါ်ခဲ့ရမလား...တဲ့။

ဒီစကားအတိုင်းဆို ဖိုးဟန်တို့က ဖိုးကျိုင်းတုတ်ပေါ့။ အဟုတ်ကို မဖြစ်သေးတော့ လက်တွေ့လေး မြင်ချင်တယ်။ ဘယ်ငြင်းလိမ့်မတုံး။ လာစမ်းပါစေ...လာပါစေ။

'ဦးလေးညွန့်ရယ် ခေါ်ခဲ့ပါဗျာ။ ခပ်မြန်မြန်လေး'

ဖိုးဟန်စကားကို အားလုံးက ထောက်ခံ။ ကန့်ကွက်မှုမရှိ။ ကိုယ့်အကျိုးစီးပွားရှိမယ့်ကိစ္စ။ ကိုယ်ကျိုးကြည့်ကြပြီ။

'ဟ...ဖိုးဟန်ရ စကားဆုံးအောင် နားထောင်ပါဦး။ သူက အလုပ်အားတာ မဟုတ်ဘူး။ မရအရတော့ ခေါ်လာမယ်။ သူ့လမ်းက လမ်းတိုတယ်ကွ။ တစ်နေ့တည်းနဲ့ ပြီးတာ'

ဖိုးဟန်တို့မှာတော့ အံ့သြခြင်းကြီးစွာ။ တစ်နေ့တည်းနဲ့ ရွှေဖြစ်တာ ဟုတ်မှ ဟုတ်ရဲ့လား။ တစ်လနဲ့လဲ မဖြစ်၊ နှစ်လနဲ့လဲ မဖြစ်။ စိတ်ညစ်ပြီး မဖြစ်တာက ဖိုးဟန်တို့မှာ။ ဖြစ်နေတာက ကိုကျော်။ တော်လိုက်တဲ့ ပုဂ္ဂိုလ်။ ညွှန်းဆိုတဲ့ ဒီလမ်း...မှန်း။

'**ညရှေးမီလမ်းတဲ့ကွ**။ သူ့အပြောကြားရတာ။ ငါမြင်တာတော့ မဟုတ်ဘူး'

မဟုတ်...ဟုတ်ဟုတ်။ ဟုတ်...ဟုတ်ဟုတ်။ ဖိုးဟန်တို့ကတော့ ဟုတ်ချင်ပြီ။ ညီညီညာညာ ဝိုင်းတိုက်တွန်း ညွှန်းချက်ကိုလဲ သဘောကျ။ နှေးညှ မဆိုင်း။ ဝုန်းဒိုင်းနဲ့ ကိုကျော် ရောက်လာစေချင်။

သီတင်းကျွတ်လမှာ ပြောတဲ့ စကား။ စောင့်လိုက်ရတာဗျာ။ တစ်လနဲ့လဲ မလာ၊ နှစ်လနဲ့လဲ မလာ။ ဦးညွန့်မောင်ကြီး ပေါ်မလာ၊ ပေါ်လာတော့လဲ ကိုကျော် မပါ။ ကြာလှချည် ကိုကျော်။

ပေါ်လာပါပြီ...ကိုကျော်လာပြီ။

၁၃၃၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၅)ရက်။ ၁၉၇၇ ခုနှစ်၊ မေလ(၆)ရက် သောကြာနေ့။

တိုင်းအေး တိုင်းအောင် မော်တော်နဲ့ ကိုကျော် လာပါချေပြီ။ ပြည်မြို့က လာကြတာ နာရီပြန်(၂)ချက်ခွဲ တရုတ်မှော်ကို ရောက်လာကြတာ ဖိုးဟန်က ကျောင်းတက်နေတုန်း...

ကျောင်းဆင်းတော့ ဘကြီးအိမ် ရောက်သွားတယ်။ တွေ့ရပြီ ကိုကျော်။ ဖိုးဟန်က ကိုကျော် တွေ့တွေ့ချင်း "ကိုကြီးကျော်" လို့ ခေါ် လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီအချိန်မှာ ဖိုးဟန်က အသက် (၃၀)။ ကိုကျော်က (၃၅)နှစ်။ ကိုယ့်ဆက် တစ်နေ့၊ တစ်ရက်၊ တစ်မနက် ကြီးသူကို လေးစား... စကားအရ။ ယဉ်ကျေးလိမ္မာ။ ပညာလိုချင်။ ဖိုးဟန်ဖြစ်အင်။

ကိုကျော်ကလဲ ခင်တယ်။ မြင်မြင်ချင်း''ညီလေး''တဲ့။ ဘဝင်အေးစရာ။ ခေါ်သံသာ။ ခဏကြာတော့ ဘကြီးက ပြောတယ်။

'အတော်ပဲကွ။ မနက်ဖြန် မင်းလဲကျောင်းအား။ မီးကစားမယ်'

ပညာပေးမယ့် ကိုကြီးကျော်ကို ဖိုးဟန်က မေးလိုက်တယ်။

'မီးကစားမယ့် ပစ္စည်းအစုံရှိတယ်။ လိုတာ ပြောပါ။ အခုချက်ချင်း ပြန်ယူပေးမယ်'

ကိုကြီးကျော်က ပြုံးတယ်။ တိုးတိုးညင်သာ စကားပြန်တယ်။

'ပစ္စည်းအစုံပါတယ်'

ဒါပဲပြောတယ်။ ရှေ့မဆက်။ ဖိုးဟန်မှာတော့ သိချင်လျက် အခက်တွေ့။

အို... မနက်ဖြန်ပစ္စည်းအစုံ ကေန်တွေ့ရမယ်။ စောင့်နိုင်မှ အကျိုးရှိမယ်။ အချိန်မတန်ခင် မသိချင်နဲ့။

* * *

နောက်တစ်နေ့ စနေမနက်မှာတော့ ဖိုးဟန် ထမင်းကြမ်းစားပြီးတာနဲ့ ဘကြီးအိမ်ကို သွားတယ်။ သူတို့လဲ စားသောက်ပြီးကြလို့ ရေနွေးပွဲ ဆက်ထိုင်နေကြတယ်။ ဖိုးဟန်ရောက်လို့မှ (၁၀)မိနစ်တောင် မကြာဘူး။ ကိုကျော်က ပါလာတဲ့ ပစ္စည်းလေးတွေ ထုတ်တယ်။ ကြည့်လိုက်ပါချေတော့...

မီးလင်းဘော် ပေါက်ပေါက်ပွင့်။ ကြေးနီအိုးကွဲ။ ပြဒါးပုလင်းလေးနဲ့ အခေါက်ရွှေတစ်စ။ (၄)နံပါတ် ဖောက်လုံကြီးတစ်လုံး။ နံပါတ်(၂)



ဖောက်လုံကလေးက တစ်လုံး။

ဘကြီးက ရွှေချိန်တဲ့ ချိန်ခွင် သေတ္တာလေး ထုတ်ပေးတယ်။ ကိုကျော်က ကြည့်တောင်မကြည့်ဘူး။ ကောက်ကိုင်ဖို့တော့ ဝေးရော။ စက္ကူနဲ့ ပတ်ထားတဲ့ ရှည်ရှည်အချောင်းလေးကို ထုတ်တယ်။ ဖြေလိုက်တော့...

တံစဉ်းကလေး။ သေးသေးလေး။ အညစ်အကြေးကင်း... ဝင်း...

ကိုကျော်က ဘကြီးကို ကြွေတိုက် ပန်းကန်ပြားတစ်ချပ် တောင်းတယ်။ ကြွေပန်းကန်ကို အဝတ်နဲ့ သုတ်လိုက်တာ၊ အကြိမ်ကြိမ်။ စိတ်ကျေနပ်တော့... ရွှေစလေးကို ဘယ်လက်ညှိုးနဲ့ လက်မ ညှပ်ပြီးကိုင်၊ ညာလက်ထဲက တံစဉ်းနဲ့ တိုက်တာပဲ။ တိုက်လိုက်တာ... တိုက်လိုက်တာ၊ ရွှေမှုန့်လေးတွေ ကျ ကျလာ... တဖွဲ့ဖွဲ့။ အခေါက်ရွှေတွေပဲ။

ဘကြီးပေးတဲ့ ရွှေချိန်ခွင်ခွက်ကလေးထဲမှာ **ရွှေးနီရွှေးကြီး(၄)ရွေး** ကိုထည့်။ ကျန်တစ်ဖက် ချိန်ခွင်ခွက်ကလေးထဲမှာ ရွှေမှုန့်လေးတွေကို ထည့်။ ချိန်ခွင်ပေါင် မြောက်လိုက်တော့... ဖိုးဟန်က လိုနေသေးလားအောက်မေ့မိ။ ကွက်တိဗျာ...။

ကိုကျော်ရဲ့ အဂ္ဂိရတ်သမ္မာက ဒီနေရာမှာ ပေါ်နေပြီ။

ကြွေလက်ဖက်ရည် ပန်းကန်တစ်လုံးတောင်း။ **ပြဒါး(၂)ရွေး**ကို ချိန်။ ကြွေ လက်ဖက်ရည်ပန်းကန်ထဲကို လောင်းထည့်တယ်။ နောက် နံပါတ်(၄) ဖောက်လုံထဲကို ပြောင်းထည့်တယ်။

ရွှေမှုန့်လေးတွေကို စက္ကူဖြူဖြူထဲ ထည့်။ ခေါက်။ လုံးကိုင်ပြီး ဖောက်လုံနံပါတ်(၄)ရဲ့ ထိပ်ဝမှာတော့၊ ဖြည်းဖြည်း ...ဖြည်းဖြည်း လှုပ်လှုပ်ချတယ်။ ရွှေမှုန့်လေးတွေက လုံးထွေးပြီး မြုပ်လိုက် ပေါ်လိုက်။ နောက်တော့ ပြဒါးရည် ငုပ်သွားတယ်။ မြုပ်သွားတယ်။

ကိုကျော် မီးလင်းဘော်ကို ကိုင်ပြန်ပြီ။ တံစဉ်းစာချပြန်ပြီ။ ရွှေးကြီး(၃)ရွေးသား။ လက်ဖက်ရည်ပန်းကန်ထဲမှာ ပုံထား။

ကြေးနီအိုးကွဲလေးကို တံစဉ်းစာ ချပြန်တယ်။ ရွှေးကြီး(၅)ရွေးသား။

အလို... **ပြဒါး ဘော် ရွှေ ကြေး (၂) (၃) (၄) (၅)**...

ရွှေငုပ်ပြဒါးရည် ထည့်ထားတဲ့ နံပါတ်(၄)ဖောက်လုံကို သဲခွက်ထဲမှာ ထည့်။ ငြိမ်အောက်တည်။ လုံငြိမ်အောင် ဘယ်လက်ဝါးနဲ့ဖိ။ ဖောက်လုံနံပါတ်(၄)ထဲက ရွှေငုပ်နေတဲ့ ပြဒါးရည်ပေါ်ကို ဘော်(၃)ရွေး တံစဉ်းစာကို တင်။ ဖြူးဖြူးပြီး ချ ချပေး။ ပြဒါးရည်ပေါ်မှာ ဖုံးနေအောင်ကို တင်တာ။ ဖြည်းဖြည်းလေး... နွေးနွေးလေး။ ဘော်ကဝုံ။

ဘော်တံစဉ်းစာပေါ်ကို ကြေးနီ(၅)ရွေးသား တံစဉ်းစာ ထပ်တင်တယ်။ ဖြူးတယ်။ ဘော်မျက်နှာပြင် လုံသွားအောင်ကို တင်တာ။ သေချာလိုက်တာများ...ပညာ။

နောက်ဆုံးမှာ လက်ချားမီးပေါက် ဖြူးထည့်ပြန်တယ်။ ဖြူး ဖြူး ထည့်လိုက်တာ လုံတစ်ဝက်ကျော်။ ညာ



www.burmeseclassic.com

www.burmeseclassic.com

လက်ညှိုးလေး လုံထဲထည့်။ သာသာ လေးဖိ။ သိပ်။

နောက်ထပ် လက်ချားမီးပေါက်ထပ် ထည့်။ ဖြည်းဖြည်းသိပ်။ လက်ညှိုးနဲ့ အဖိ။ လက်ချားမီးပေါက်က အိခနဲ အိခနဲ။ လုံနှုတ်ခမ်းအောက် စပါးလုံး တစ်ထောက်အထိပဲ။ ရပ်။



နံပါတ်(၃) ဖောက်လုံအသစ် တစ်လုံး တောင်းတယ်။ ဖိုးဟန်က ဘာလုပ်မလို့ပါလိမ့်လို့ တွေးတယ်။ သံဖြတ် ဒိုင်းလွှတောင်းတယ်။ လုံဖင် အထက် လက်တစ်လုံးအကွာမှာ သံ ဖြတ်လွှတင်ပြီး ဖြတ်ချလိုက်တာ။ နမြောစရာကြီး...လုံတစ်လုံးမှ (၁၅) ပြား... ပြား(၂၀)ပဲလေ။

လုံဖုံးတဲ့။ လုံဖုံးအသစ်ကို သုံးမယ် တဲ့။ လုံအထက်ပိုင်း အပြတ်ကို ကိုင်ပြီး လုံတင်ဖို့ ရတာပေါ့...တဲ့။

လုပ်ရင်းကိုင်ရင်း စကားစမြည် ပြောနေကြရင်း ကိုကျော် ဖိုရုံဆီကို ထသွားတယ်။ ဖိုခွင်ထဲမှာ မီးမွှေးတယ်။ မီးသွေး အနေတော်လေးတွေထည့်။ တစ်လက်မ ပတ်လည်စီ လောက်တော့ ရှိမယ်။ မီး ရဲခနဲ တက်လာတော့ ဖိုခွင် မီးပိုင်းတဲ့အထိ ဆက်ဆွဲတယ်။ မီးပိုင်း တော့ ခဏရပ်ထားတယ်။ မီးသွေး ထိပ်ဖြူတော့ ဖိုပြန်ဆွဲတယ်။

အဲဒီအချိန် ကိုကျော်က ဆား တောင်းတယ်။ ဘကြီးက အထုပ်လိုက် ချပေးတယ်။ ဘယ်လက်နဲ့ ဖိုကြိုးဆွဲ။ ညာလက်က ဆားတွေကိုယူ။ ဖိုခွင်ထဲ ပက်ပက်ထည့်တယ်။ ဖိုခွင်ထဲ ရောက် သွားတဲ့ ဆားတွေက ဖျောက်... ဖျောက်မြည်ပြီး ပြန်ကန် ထွက်လာ တယ်။ ဖိုဆွဲချက် မရပ်ဘူး။ ဆက်ဆွဲ တာပဲ။ ပက်တာပဲ။

ဖိုခွင်ထဲမှာ အဝါမီးတောက်ကြားက အဝါရောင် အစိမ်းရောင်တွေ မှိုင်းပြီး တက်လာတယ်။ ဖိုရုံတစ်ခုလုံး ဆား ညှော်နံ့ ဖုံးသွားတယ်။ မွှန်နေတာပဲ။ အနံ့မခံနိုင်ဘူး။

ဆားပက်လိုက်...ဖိုဆွဲလိုက် ဆွဲ လိုက်တာ မီးရောင်ပြောင်းသွားတယ်။ အဝါရောင် အနေနောက်။ နောက်တော့ ကြည်။ အဝါဖျော့။

အဝါဖျော့ကို ဆက်ဆွဲတယ်။ မီးသွေးထပ်ထည့်တယ်။ ဆားတော့ မပက်တော့ဘူး။

'ဘကြီး အဲဒါ ဘာလုပ်တာလဲဗျ'

'ဓာတ်အသစ်ထိုးမှာမို့ ဖိုခွင်သန့်တာ။ တို့ထိုးတာတဲ့ဓာတ်တွေ ဖိုခွင်ထဲ ကျန်နေရင် သူ့ဓာတ်ကို ထိခိုက်မှာစိုးလို့'

ဩော်... ဟုတ်ပေသား။ ပညာသား တစ်ရပ်။ မှတ်လိုက်ရပြီ။ ဘကြီးက သူသာ မဖြစ်မြောက်တာ အဂ္ဂိရတ် ကျမ်းတော့ တော်တော် ကျေတယ်။

ဘယ်လိုပင် ကျမ်းတွေ ကျေသော် လည်း တဝဲဝဲလည်...တဝဲဝဲလည်။ ချာလည်...။

ဘကြီးက အမှားတစ်ရပ်ကို စကား မစပ် ပြောဖူးတယ်။

'ဖိုးဟန်ရေ... လွန်ခဲ့တဲ့ (၁၀)နှစ် လောက်က ကျော်စိန်တို့ မောင်အေး တို့နဲ့ ဖိုထိုးကြသကွ။ မီးက ပူသကိုး။ မီးပူခံလေးဆိုပြီး မောင်အေးက ထန်း ရည်ခါးနဲ့ ကြက်သားကြော်စီမံသကွဲ့။

ထန်းရည်ခါးလေး သောက်လိုက်။ ကြက်သားကြော်လေး ဝါးလိုက်။ ဖို လေး ဆွဲလိုက်။ နည်းတဲ့ စည်းစိမ်လား။ ခံစားနေလိုက်ကြတာ... ထိုးနေ ဓာတ်က...သွပ်။ အပွင့်...

ကျော်စိန် ဖိုထိုးနေတဲ့အချိန် သွပ်က ဗျစ်ခနဲ ထွက်တာမဟုတ် လုံဖုံးကို ဖွင့်မယ်လို့ ခေါင်းအငုံ့ "ဒိုင် ခနဲ မြည်ဟည်းပြီး ထွက်လာတ ကံကောင်းလို့ပေါ့ ကျော်စိန် ခေါ လိုက်လို့။ ဖိုရုံအမိုး သွပ်ပြာ အပေါက်က တညိုလောက် စုတ်ပြ ထွက်သွားတယ်'

ကျမ်းကျေသော်လည်း လက် ဆရာ မသင်ပါမူ ဘယ်သူမဆို ခက်ခဲ။ မွဲပြီးရင်း မွဲကြမယ်။ အဂ္ဂိ ဘာမှတ်သလဲ... တစ်ဘဝဓာတ် သိမ်းသွားမယ်။ ဖြစ်ကိန်းရယ်တဲ့ မမြင်။ သောင်မတင် ရေမ စကောစက...

ကိုကျော် ဖိုခွင်ကထ။ အိမ်မကြီ ခြေလှမ်းပြီ၊ ရေနွေးဝိုင်းဆီ။ ဖိုခွင်တ သူတခြား၊ ပစ်ထားခဲ့ပြီ။ ကိုင်း...

ရေနွေးဝိုင်းမှာ အာလာပသလ္လာ စကားတွေပြော၊ တဝေဝေနဲ့ ပွဲ ကျ။ ရယ်လိုက်ကြ၊ မောလိုက်ကြ

နေ့မြင့်ပြီ။ မွန်းတည့်တော့ သူတို့ ထမင်းစားလို့ ခက်ချိန် ညှိသည် ညဦးနက် အအိပ်ခက် မဟုတ်ဘူး။ ညှိသည့်မပြန် နေ လွှဲပြန်တော့မယ်။ ဖိုလ်ညွှန်က မျက် ပြ။ ဖိုးဟန်တို့ ထ ပြန်ခဲ့ကြ။

ဖိုးဟန်မှာ အိမ်ကို ပြန်သာပြန် စိတ်ကတော့ ဘကြီးအိမ်မှာ။ ရေ ဝိုင်းလေးမှာ ပြောခဲ့ကြ၊ ဆိုခဲ့ မေးခဲ့မြန်းခဲ့သမျှတွေကို တန့်နဲ့ လာတယ်။ ရေနွေးဝိုင်းမှာ ဖိုးဟ ကိုကြီးကျော်ကို မေးတယ်၊ ကို ကျော်က စိတ်ရှည်လက်ရှည် လိုက်တာ၊ ဥပမာတွေနဲ့။

'ဒီနဲ့ ကိုကြီးကျော် ဘော်နဲ့ အန်ကို ဘာ



www.burmeseclassic.com

www.burmeseclassic.com

တံစဉ်းစာချရတာလဲဗျ။ တန်းထည့်လို့ မရဘူးလား'

ကိုကျော်က ဖိုးဟာန်ကို သနားစရာကောင်းတဲ့ ကောင်လေးလို့ တွေးပုံရတယ်။

'ကလာပ်စည်းနဲ့ သယံကို မင်း သိတယ်မဟုတ်လား။ ကလာပ်စည်းစိပ်တယ်၊ သယံစိပ်တယ်ဆိုတာလဲ သိမှာပေါ့။ ကလာပ်စည်းစိပ်လွန်းတဲ့ ဂိတ်အဆုံးက ရွှေပဲကွ။

ကြေးတံစဉ်းစာချတယ်ဆိုတာ ကလာပ်စည်းစိပ်နေတဲ့ ဒန်ကို ကျဲသွားအောင် ခွဲလိုက်တာပဲ။ ကြေးတုံးကို ထိုးရတာနဲ့ ကြေးတံစဉ်းစာထိုးရတာ ဘယ်ဟာက အပူကူးမြန်မလဲ၊ အပူစုးမြန်မလဲ၊ အရည်ပျော်ဘယ်လှုမြန်မလဲမင်း စဉ်းစားကြည့်လေ...

မြဒါးဆိုတာက ရွှေဖြစ်မယ့် တတ်ပစ္စည်း။ မြဒါးကအရည် ရွှေကအခဲ ကွဲပြားပေမယ့် ဓါတ်က တူတယ်။ တတ်ပြုပြီး ပေါင်းစည်းမယ်။ သော်နဲ့ ကြေးက ရွှေဗီဇမျိုးစေ့ ချကြဦးမယ်။ "မတော(အမြုတေ)ရှိရာ မတောလာ(အမြုတေ)လာ" ဟုတ်ပလား။ မြင်ပလား။ ခပ်ကြမ်းကြမ်းလေး ပြောမယ်ကွာ...

'သမဏောန သမဏော၊ ဂေါဏောန ဂေါဏော'

အရပ်စကားပြောမယ်ကွာ။ သူခိုး သူခိုးချင်း ပေါင်းလို့ရတယ်။ ဓားပြ ဓားပြချင်း ပေါင်းလို့ရတယ်။ သူခိုးနဲ့ ဓားပြ အတူတူပဲကွ။ သူတို့ချင်း သဘောထားညှိလို့ ညှိကြရင် တစ်နေ့ကျ သူခိုးနဲ့ဓားပြ ပေါင်းသွားကြတာပဲ။ တစ်ယောက်လည်ပင်း တစ်ယောက်ဖက်ကြတယ်ပေါ့ကွာ။ ဟဲ...ဟဲ...ဟဲ။

ဓာတ်မှာတော့ "**သူတော်ချင်းချင်း သီတင်းလွှေ့လွှေ့**"လို့ ဆိုရမယ်။

""သူတော်ကောင်း သူမြတ်လောင်း"

လောကုတ္တရာစကားကွ။ တော်တဲ့သူတွေ စိတ်ကောင်းမွေးကြရင် မြင့်မြတ်တဲ့ အဆင့်ကို ရောက်သွားမှာပဲ။ နိဗ္ဗာန်ဆိုတာ သူတို့အတွက်တော့ လက်တစ်ကမ်း။ ထွက်ရပ်လမ်းလဲ ဒီလိုပဲ။ ကြမ်းတမ်းတဲ့ လူယုတ်မာတွေအဖို့ကတော့ အဝီစိ၊ မင်း မြင်အောင်ကြည့်...'

မောင်ဖိုးဟာန် မနက်စာစားပြီး ဘကြီးအိမ်ကို ပြန်သွားတယ်။ ဗိုလ်ညွှန့်က ဦးတယ်။ ရောက်နေပြီ။ ဖိုခွင်မဝင်ဘူးလား မေးတော့ ဆားပက်ထားတဲ့ ဖိုခွင် မီးဝင်နေတုန်း ဓာတ်မထိုးရဘူးလို့ ပြောတယ်။ တွေ့ရာလေးပါး စကားပြောပြီး ညနေ(၄)နာရီ မထိုးခင် ဖိုးဟာန် အိမ်ပြန်လာခဲ့တယ်။

* * *

**ရွှေလ ဆက်မတ်ပါရန်**

**ရွှေတောင် ခင်မောင်ကြည်**

စာမျက်နှာ (၁၉၂)မှ အဆက်

စပြီး ရေးစဉ်နှင့် ဆုံးသွားသော်လည်း လက်ညှိုးကို မ,မရပါ။ (၃)ကြိမ်မြည့်မှ လက်ညှိုးကို မ,ပါ။

ထိုသို့ ပြုလုပ်ပေးခြင်းဖြင့် သွားလေရာတွင် အန္တရာယ်ကင်းပြီး လုချစ်လုခင်ပေးများ၍ လိုရာသန့်ပြည့်ဝကြောင်း၊ ကိုယ့်နောက်တက်မှ ရန်သူအား ကာကွယ်နိုင်ရန် နောက်ချေကိုလည်း ရေးရမည်ဟု ဆိုပါသည်။

နင်္ဂယ်အသုံးနှင့်ပတ်သက်၍ အသုံးဝင်ပုံများမှာ ထို့ထက်မက ရှိနေဦးမည်ဟု ထင်မြင်မိပါသည်။ သို့သော်လည်း ချို့သောပုဂ္ဂိုလ်ကြီးများမှာ တတ်သိထားသော ပညာအား အထူးလျှို့ဝှက်ထားတတ်ကြ၏။ ယင်းတို့ ကွယ်လွန် သွားသည့်အခါ အဖိုးတန်ပညာများပါ တစ်ပါတည်း ကွယ်ပျောက်သွားကြသည်မှာ လွန်စွာ ဝမ်းနည်းဖွယ် ကောင်းလှပါသည်။

ထို့ကြောင့် နောင်လာနောက်သား ပညာလိုလားသူများ အကျိုးမျှော်ကိုး၍ လည်းကောင်း၊ မြန်မာများသည် အစဉ်လာ ကြီးမားပြီး လျှို့ဝှက်နက်နဲသော ဂမ္ဘီရပညာများအား ရှေးနှစ်ပေါင်းများစွာကပင် ကိုယ်ပိုင်နည်း ကိုယ်ပိုင်ဟန်ဖြင့် တတ်မြောက်ထားသော လူမျိုးများ ဖြစ်ကြောင်း ပြသရန်အတွက် လည်းကောင်း...

မိမိတို့ တတ်ကျွမ်းထားသည့် နင်္ဂယ်အသုံးပြုပညာ အပါအဝင် အခြားအခြားသော လောကီပညာများအား အထူးဖော်ထုတ်လျက်ရှိသော နက္ခတ္တရောင်ခြည်မဂ္ဂဇင်းသို့ ရေးသားပေးပို့ကြပါရန်နှင့် အမျိုးမျိုးသော ပညာရပ်များ ဖြန့်ဝေလျက်ရှိသည့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီးအားလည်း အထူးကျေးဇူးတင်ရှိပါကြောင်း...

**သခြေပြ(မင်းလှ)**



www.burmeseclassic.com

www.burmeseclassic.com

# နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီးအား

## အထူးကျေးဇူးတင်ရှိသည်

၁၁၆၉ (မင်းလှ)



**နငယ်အသုံး လိုရာသုံး၊ သူ၏**

**စွမ်းအင်သိစေချင်**

ကျွန်မငယ်ငယ် မွေးဇာတိဖြစ်သော တောစပ်တောင်ခြေ အင်ကြင်းမြိုင်ရွာကလေးတွင်နေစဉ်က ဖြစ်ပါသည်။ ကျောင်းပိတ်ရက်ရောက်တိုင်း ရွာအရှေ့ဘက် သုံး,လေးဖာလုံမျှသာ ကွာဝေးသည့် ပဲခူးရိုးမတောစပ်သို့ အဒေါ်များ၊ အစ်မဝမ်းကွဲများနှင့်အတူ မှိုရှာ၊ မျှစ်ချိုး၊ အင်ဥတိုးရန် လိုက်ပါလေ့ရှိ၏။

မှိုရှာမျှစ်ချိုးဟု ဆိုသော်လည်း ဖြစ်ဖြစ်မြောက်မြောက်မဟုတ်၊ အပျော်သဘော လိုက်ပါသွားခြင်းသာ ဖြစ်ပါသည်။

ထိုသို့ တောထဲသို့ သွားမည့်အခါတိုင်း အမေက သူ့အနီးကို ခေါ်၍...

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ နဘယံ ဘေးမရှိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ နဘယံ ဘေးမရှိ။
သံဃံ သရဏံ ဂစ္ဆာမိ နဘယံ ဘေးမရှိ။

ဟု နှုတ်မှ ရွတ်ကာ **ကျွန်မ၏ နဖူးနှင့် နောက်စေ့တို့အား ညာလက်ညှိုးဖြင့် (န ငယ်)ပုံသဏ္ဌာန်** ရေးပေးလေ့ရှိပါသည်။ ကျွန်မက...

'အမေ... အဲဒါဘာဖြစ်လို့ လုပ်တာလဲ'

မေးရာ...

'အန္တရာယ် ကင်းအောင်ပေါ့ လုံမရဲ့ တောအနက်ကြီး မဟုတ်ပေမယ့် အနည်းဆုံး မြွေတို့ ကင်းတို့လောက်တော့ တွေ့နိုင်တယ် မို့လား။

အမေတို့ ငယ်ငယ်ကလဲ ဒီအတိုင်းပဲ ခရီးသွားခါနီးတိုင်း အမေတို့အမေ လုံမတို့အဘွားက အဲဒီလိုပဲ လုပ်ပေးလေ့ရှိတယ်'

ဟု ဆိုပါသည်။ ယခု စာရေးနေချိန်မှာပင် အမေနှင့် အမေ့စကားသံများကို လည်းကောင်း၊ မွေးရပ်မြေတောင်ခြေ ရွာကလေးကို လည်းကောင်း အထူးသတိရမိပါသည်။ ဆိုရလျှင် အမေနှင့် ရွာကို လွမ်းပါသည်။

နောက်တော့ အကြောင်းအမျိုးမျိုးကြောင့် ယခုနေထိုင်ရာ မြို့သို့ ပြောင်းရွှေ့ခဲ့၏။ နှစ်ပေါင်း သုံးဆယ်ကျော်ခဲ့လေပြီ။ အဖေနှင့် အမေလည်း ကျွန်မအား စိတ်ချလက်ချထား၍ သံသရာခရီးထွက်သွားသည်မှာ ကြာပြီဖြစ်၏။

သို့သော် သားတို့သမီးတို့ ခရီးထွက်ခါနီးတိုင်း သူတို့လေးတွေ၏ နဖူးနှင့် နောက်စေ့ကို သရဏဂုံရွတ်ရင်း နငယ် ရေးပေးလေ့ရှိသည့် အကျင့်က ကျွန်မထံ စွဲမြဲစွာ ကျန်ခဲ့၏။ အမေပေးခဲ့သောအမွေ ဖြစ်ပါသည်။

ကျွန်မ နှစ်ပေါင်းများစွာ သိမ်းဆည်းထားခဲ့သော ထိုအမွေကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီးက မြဲမြဲသထက် မြဲမြဲအောင် ပံ့ပိုးပေးလိုက်ပြန်သည်။

**၂၀၁၅ ခုနှစ် မတ်လထုတ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ အမှတ်(၃၄၄)တွင် ဆရာဗိုလ်မင်း(မင်းလှ)မှ** နှမ်းဆီစစ်စစ်အား **"ဉုံ နဘယံ ဘေးမရှိ"** ဟု (၇)ခေါက်စီ ရွတ်၍ နဖူး၊ နှာခေါင်း၊ နား၊ နောက်စေ့၊ နှုတ်ခမ်း၊ နလုံးနေရာတို့အား လိမ်းပြီး အန္တရာယ်အမျိုးမျိုးမှ ကင်းဝေးအောင် လိုသလို အသုံးပြုနိုင်ကြောင်း ရေးသားထားရာ ဖတ်ရှုရသဖြင့် ပိုမိုအားတက်[illegible] ခါတိုင်းထက် ပို၍ အလေး ဂရုပြု[illegible] သည်။

ထို့အတူ ရှေးပဝေသဏီကတ[illegible] က ပညာရှိကြီးများ အသုံးပြုခဲ့[illegible] အဖိုးတန် နည်းလမ်းကောင်း ဖြစ်[illegible] မည်ဟု ယုံကြည်မိပါသည်။

တစ်ဖန် **၂၀၁၅ ခုနှစ်၊** ဇူလိုင်[illegible] **အထူးထုတ်၊ နက္ခတ္တရောင်[illegible] မဂ္ဂဇင်း၊ အမှတ်(၃၄၈) စာမျက်[illegible]** (၁၆၈)တွင် **ဆရာ ကသာသင်း[illegible] ရေးသည့် နငယ်အသုံးနှင့်** ပတ်[illegible] သည့် ဆောင်းပါးတစ်ပုဒ်ကို ဖတ်[illegible] ပြန်ပါသည်။

အဆိုပါ ဆောင်းပါးတွင်[illegible] နငယ်ကို အသုံးပြု၍ သွားလေ[illegible] အန္တရာယ်ကင်းအောင် ဆောင်[illegible] ခြင်းအကြောင်း ရေးသားထာ[illegible] သည်။

ဆောင်ရွက်ပုံ...

သွားလေရာအရပ်ကို မျက်နှာမူပါ[illegible] နောက် နဖူး၊ နားထင် နှစ်ဖက်၊ နားနှ[illegible] နှာခေါင်း၊ နှုတ်ခမ်းနှစ်ခုတို့ကို စေ့ထား[illegible] လက်ညှိုးဖြင့် နငယ်ကိုရေးပါ။ ရေး[illegible] "နဘယံ ဘေးမရှိ"ဟု စိတ်[illegible] မဟုတ်) နှုတ်က တိုးတိုး [illegible]





www.burmeseclassic.com

# သိမွိဝင် အနက်ကိုပေါ်

ရှာဖွေခြင်းမှသည်(၅)

ဒင်ခင်ဝင်း
(မော်ရဝတီ)

ကျောက်မျက်ရတနာ ပညာဟူ
ည့် ကျယ်ဝန်းနက်ရှိုင်း စုံလင်လှပါ
ည်။ ပတ္တမြား၊ နီလာ၊ မြ၊ ပုလဲ၊
ျောက်စိမ်း၊ စိန် စသည်ဖြင့် တန်ဖိုး
ြီးမား ရတနာများသည် အမျိုး
စားအလိုက် ခွဲခြားစိတ်ဖြာ သိရမည့်
ညာများကလည်း ကျမ်းကြီးကျမ်းငယ်
တွေ့ လက်တွေ့ ခက်ခဲလှပါဘိ။

'ကျောက်ဆိုတာမျိုးက ကျောက်ဟောင်း တွေ၊ အိမ်ထုတ်တွေထဲက ကံပေးရင် ချက်ချင်းဘဝပြောင်းနိုင်တာ'

'အခြေခံ အမျိုးအစားသိဖို့ပဲလို ယ်'

'အမျိုးအစားကောင်းကိုသိရင် တွေ့ ာနဲ့ ကော်စားလိုက်ရုံပဲ'

'အတုအစစ်မှန်း ခွဲခြားကြည့်တတ် တော့ လေ့ကျင့်ထားဦး'

ဝါရင့် သမ္မာရင့် ကျောက်ဆရာကြီး ၏ ဩဝါဒကိုခံယူ၍ တွေ့သမျှသင်၊ ်သမျှကြည့်ဖြင့် ပညာသင်ယူခဲ့ရပါ ည်။

ဝေးသီခေါင်ဖျား ကရင်ပြည်နယ် ာင်တန်းဒေသတွင် ဆရာမလုပ်ခဲ့ ် နယ်မြေ မအေးချမ်း၍ အလုပ်မှ က်ခဲ့သော ၁၉၇၉ ခုနှစ် ကာလမှာ ပါသည်။

ဝါသနာပါသော ကျောက်မျက် ညာကို အ,သုံးလုံးသင်တန်း တက် သလို ဖြစ်နေပါသည်။ ခက်ပေမယ့် ်ဝင်စား ဝါသနာပါခြင်းကလည်း င်အားတစ်ရပ်ပင်။

ပညာပေး လက်တွေ့ သင်ကြားပေး ာ ရှေးမီနောက်မီ ဆရာကြီးများနှင့် က်တွဲခေါ်ယူကြသော မိတ်ဆွေများ သည်း မှီခိုအားထားစရာ အနီးကပ် ်တန်းများပင် ဖြစ်ပါသည်။

၁၉၉၀ ပြည့်နှစ်မှာ ပညာလည်း ောက်အသင့် စုံပြီဖြစ်၍ မော်လမြိုင်



◆ ထိပ်များ အထုတ်မျိုးပါသော ကျောက်ဆံအနက်

◆ ကျောက်ဆံအနက် အရိုင်းတုံး လက်သုံးလုံးခန့်








www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



အရောင်ပြုလိုက် ရရှိလိုက်သော ကျဲကူဆံကျောက်တုံးများ

မြို့ စတုတ္ထသမီးတော် ကျောင်းရှေ့ဆိုင်ခန်းလေးတွင် ပန်းထိမ်ဆိုင်နှင့် ကျောက်ဆိုင်လေး တွဲဖွင့်ဖြစ်ခဲ့သည်။

ကျောက်မျက်ရတနာ လောကတွင် လောင်းကစားဆန်ဆန် စွန့်စားပြီး ဘဝပျက်သွားသူတွေ ရှိသလို ကျောက်မျက်ရတနာဖြင့် ကားစီး၊ တိုက်ဆောက်သွားသူတွေ အပုံအပင်။

ကံတရားနှင့် ဉာဏ်သမားများ ရောထွေးနေသော ကျောက်သမား လောကတွင် ကိုယ်က စွန့်စားဝံ့သည့် သတ္တိမရှိသည်ဖြစ်၍ တန်ဖိုးကြီးမား ရတနာများထံ အနားမသီဘဲ ဂမ္ဘီရ ဆန်သော၊ ထူးဆန်းသော၊ အဖိုးနည်း ဝန်ပါသော ကျောက်ဆန်းများကိုသာ အဓိကထား သင်ကြား စုဆောင်းလေ့လာခဲ့ပါသည်။

ကျောက်မျက်ရတနာ အဘိဓာန် စာအုပ်များကိုလည်း ဖတ်၍ စာတွေ့သင်ကြားရသည်။ လက်တွေ့မြင်ရသည်များကို စာတွေ့နှင့် တိုက်ကြည့်ရပါသည်။

တချို့ ကျောက်မျက်ရတနာများသည် ကျောက်မျက် အဘိဓာန်များနှင့် တိုက်ဆိုင်တွေ့ရှိ ရေးသားထားသည်ကို တွေ့ရှိရသော်လည်း တချို့ကျောက်မျက်ရတနာများသည် စာအုပ်ထဲတွင် လုံးဝ ရှာမတွေ့။ အမည်ဖော်မရ ဖြစ်နေတတ်ပါသည်။

နိုင်ငံခြားမှလာသော ကျောက်မျက်ရတနာများ စာအုပ်ကိုလည်း လေ့လာရပါသည်။ အမျိုးအစားစုံသော ကျောက်မျက်ရတနာများပါပေ။

ကျောက်မျက်ရတနာ အဘိဓာန်များမှ ဆရာကျီးသဲညွန့်နိုင်၊ ဆရာဦးခန့်ကျော်၊ ဆရာရှင်ဗုဒ္ဓဃောသ၊ ဦးဘသန်းနှင့် ဆရာမောင်ဇနီယ၊ ဆရာသိန်းပိုင်(M.Engg,Geol)၊ ဆရာဦးလှဝင်း(လေသရဲတစ်ဦး)၊ ဆ[illegible] သျှားထက်နိုင်(ဘူမိဗေဒ)၊ ဆ[illegible] ဦးဉာဏ်သင်း၊ ဆရာကျောက်[illegible] (ဘူမိ) စသည့် ကျောက်မျက်ပညာ[illegible] များ ရေးသားထုတ်ဝေသည့် စာအု[illegible] များ၊ ဆောင်းပါးများကိုလည်း ဖ[illegible] မှတ်ရပါသည်။

ထိုသို့ လေ့လာသင်ကြားနေသော[illegible] ဝါသနာရှင် မိတ်ဆွေတစ်ဦ[illegible] စုဆောင်းကြသော သိဒ္ဓိဝင် အနေ[illegible] ကိုးပါးတွင် **ကျဲကူဆံနက်နှင့် ဆင်စွ[illegible] နက်**တို့ကို ရှာမရသဖြင့် မအောင်မြ[illegible] သော စုဆောင်းမှုအဖြစ်နှင့် ရပ်ထ[illegible] သွားကြကြောင်း ရှေ့တွင် ရေးသား[illegible] ဖြစ်ပါသည်။


ကျွန်မအနေနှင့် အနက်ကိုး[illegible] ရှာဖွေခြင်းကို မပြီးဆုံးသေး[illegible] တာဝန်တစ်ရပ်အဖြစ် ယူ[illegible] သည်။ ထို့ကြောင့် တာဝန်တစ်ခု[illegible]





www.burmeseclassic.com

www.burmeseclassic.com



ဇလားထောင့်တံခါးမြှက် အလယ်တွင် အဝိုင်းအပေါက်ပါ ကုံကူဆံအနက်



အပေါက်ပါသော ကုံကူဆံအနက်ပုတီး

ပြီးဆုံးအောင် ထမ်းဆောင်မည်ဟု ဆုံးဖြတ်ထားပါသည်။

သွားရင်းလာရင်း လုပ်ရင်းကိုင်ရင်း မေးမြန်းစပ်စု လေ့လာရပါသည်။ ယုံကြည်စိတ်ချမှ ထုတ်ပြတတ်သော ရတနာလောကတွင် စောင့်စည်းထိန်းသိမ်းအပ်သော စည်းကမ်းကျင့်ဝတ်များအတိုင်း နေထိုင်တတ်ရပါသည်။

ဘာသာတရားကိုလည်း အထူးလေးစားကျင့်ကြံ အားထုတ်ရပါသည်။ ဆုတောင်းရပါသည်။

တိုက်ဆိုင်မှုပေလား၊ ဆုတောင်းပင်ပြည့်သည်လားမသိ။ ကျောက်မျက်ရတနာဆိုင် တည်ခဲ့သော ရှေးခေတ်ရတနာကုန်သည်ကြီးနှင့် အလှူတစ်ခုမှာဆုံဖြစ်သည်။ သူ့အမည်က ဦးလှဖြစ်သည်။

'ဆရာမ နေကောင်းတယ်နော်'

ဦးလှတွင် အလွန် ခင်စရာကောင်းသော အမူအကျင့်တစ်ခုရှိသည်။ မည်သူ့ကိုတွေ့တွေ့ ကြီးငယ်မဟူ ဆရာ၊ ဆရာမဟု လေးစားစွာ ခေါ်တတ်ပြီး ကျွန်တော်ဟု သူ့ကိုယ်သူ အမြဲပြောတတ်သည်။ ဦးလှနှင့် ကြုံဆုံခိုက် ကုံ့ကူဆံလိုချင်ကြောင်း ပြောရသည်။

'ဆရာမ ဆေးဖော်ဖို့လား၊ ကျွန်တော့်မှာ ရှိပါတယ်။ ဘယ်သူမှ ဝယ်မယ့်သူမရှိလို့ မိဘဘိုးဘွားလက်ထက်ကတည်းက ရှိခဲ့တာ'

ဦးလှတို့ ဆွေစဉ်မျိုးဆက် ရတနာရောင်းဝယ်ခဲ့ကြပြီး ဦးလှကိုယ်တိုင် အသက်ကြီး၍ အနားယူလိုက်ပြီဖြစ်သည်။ အလှူမှအပြန် ဦးလှတို့အိမ်သို့ လိုက်သွားသည်။

မှန်ပုန်းအပေါင်းမှ ကျောက်သင်ပုန်းတွင် ရေးရသော ကျောက်တံတိုလေးပမာ ရောင်စုံအချောင်းကလေးများ ယူထုတ်ပြပါသည်။

ကျောက်တံအသားတော့ မဟုတ်ပါ။ အနက်ရောင်တွေလည်း ပါသည်ဖြစ်၍ ရင်ခုန်လက်တုန်စွာ ကိုင်ကြည့်လိုက်ပါသည်။

ကုံ့ကူဆံဟု ပြော၍သာ တစ်ခါမှလည်း မတွေ့ဘူး၊ မမြင်ဘူး။ ကျောက်တံလေးများကို ထိပ်ဖျားလေးတွေ ချွန်ထားသည်။

'ဆေးဖော်ချင်လို့ပါ'

ဟု အလိုက်သင့် ချော်လဲရောထိုင်လိုက်ရပါသည်။ ကံတရားက ဆန်းကြယ်လေစွတကား။ ရှာတုန်းက မတွေ့၊ တွေ့ပြန်တော့လည်း အစုလိုက်

www.burmeseclassic.com

အပြုလိုက်။

'ဦးလှက ဘာဖြစ်လို့ ကံ့ကူဆံတွေ သိမ်းထားရတာလဲ'

'ကျွန်တော့်အဘိုးက ရှေးဟောင်းတွေ စုတာလေ၊ ဒီကံ့ကူဆံတွေက မြေကြီးထဲက တူးလို့ရတာလို့ ပြောပါတယ်။ အဖုပါတဲ့ အနက်ရောင် ကံ့ကူဆံတွေနဲ့ လက်ဖဝါး ကြွပ်ခုံတွေ၊ လက်ချောင်းလေးတွေပေါ်မှာ ထိုးနှိပ်ပြီး ကာယသိဒ္ဓိဖြည့်တယ်လို့ ပြောတာပဲ'

ဦးလှ၏ ပြောပြခြင်းကို နားထောင်ပြီး ကျွန်မ ယောဂကျင့်စဉ်များကို လေ့လာလိုက်စားခြင်း ပညာကို သတိရလိုက်မိသည်။

လက်ဖဝါးများ၊ လက်ချောင်းများ နှိပ်ခြင်းသည် ခန္ဓာကိုယ်အတွင်း ကလီစာ အသည်းနှလုံး အဆုတ်တို့ စသည်များကို ကျန်းမာစေကြောင်း သိထားမှတ်သားရပါသည်။

ကံ့ကူဆံအနက်၏ ဓာတ်နှင့် မည်သို့ဆက်သွယ် အကျိုးထူးသည်ကို လက်တွေ့ စမ်းသပ်ရပါဦးမည်။

'အရောင်ပါတဲ့ ကံ့ကူဆံတွေက တော့ ရှေးက စာရေးတဲ့ နေရာမှာ အသုံးပြုတယ်လို့ အဘိုးဆီက သိခဲ့ရ တယ်။ ဆရာမ အသုံးလိုရင် ယူလေ'

ကံ့ကူဆံ့အထုပ်တစ်ခုလုံး ဝယ် လာလိုက်ပါသည်။

ကံ့ကူဆံ့အနက် အရှိန်းတုံး တစ်တုံး ပါသည်။ လေးထောင့်တစ်ပိုင်းပြတ် အလယ်တွင် အဝိုင်းအပေါက်ပါ ကံ့ကူဆံအနက်တစ်တုံး၊ အပေါက်ပါ ပုတီးလေးထောင့်တစ်လုံး၊ ကံ့ကူဆံ အနက် အချောင်းခြောက်ချောင်း တချို့ထိပ်များတွင် အဖုကလေးပါ သည်။

သံသရာသီးငယ် တစ်လုံးလောက်ရှိ အနီရောင်ပေါ်တွင် စေတီပုံသဏ္ဍာန်



◆ ထိမ်းမှီးသော ကံ့ကူဆံအနက်

အဖြူရောင် ရိုက်နှိပ်ထားသလို သဘာဝ ကျောက်လုံးတစ်လုံးလည်း ပါလာသည်။ ကံ့ကူဆံတော့ မဟုတ်ပါ။ အချိန်ယူပြီး လေ့လာရပါဦးမည်။

ကျွန်မမှာ ကံ့ကူဆံအကြောင်း သိစေရန် မြန်မာ့အဘိဓာန်တွင် ရှာ ကြည့်ပါသည်။

ကံ့ကူဆံဆိုသည်မှာ ပုရပိုက် စသည် တို့တွင် ရေးရသော သက်နုကျောက် တစ်မျိုး။

**ကံ့ကူဆံတံ** = ကံ့ကူဆံကိုစွပ်ရန် အခေါင်းပွတံ၊ ကံ့ကူလှည့်ဆရာ။

စသည်ဖြင့် ကံ့ကူဆံနှင့် ပတ်သက် သော အကြောင်းအရာများ၊ ရေးသား ထားသော စာများကို ရှာတွေ့ခဲ့ပါ သည်။

ပုရပိုက် အစရှိသည်တို့တွင် ရေးရ သောဟု ပါရှိသဖြင့် ရှေးခေတ် ပျူခေတ်မှစ၍ ရွှေ ငွေ၊ ကြေး ပုရပိုက် များ ရှိခဲ့ကြောင်း၊ မြေမှ တူးဖော်ရရှိ သော ပျူခေတ် ရွှေပုရပိုက်များ

လက်တွေ့ရှိနေပါသဖြင့် ကံ့ကူဆံ
သည်လည်း မြေမှ တူးဖော်ရရှိကြော
သိရ၍ ဆက်စပ်မှုများ ရှိနေမလာ
တွေးကြည့်နေမိပါသည်။

ဝါသနာအရ ယနေ့ ကံ့ကူဆံမျာ
ဦးနှောက်စားလောက်အောင် လေ့
ရပါဦးမည်။

မည်သို့ပင်ဆိုစေ ယနေ့ ကံ့ကူ
များ ရရှိလိုက်ခြင်းမှာ ကွက်လပ်
ကို ဖြည့်ဆည်းရန်အတွက် ကံတ
ဆန်ဆန် ကူညီလိုက်ခြင်း ဖြစ်သည်
ဝမ်းသာပီတိ ဖြစ်ရပါသည်။

**ကံ့ကူဆံနှင့်ပတ်သက်၍ အသုံး
ပုံများ သိရှိသူ စာရှုသူ ပညာ
ဝါသနာရှင်များ ပြောပြရေးသာ
ပါရန် ပန်ကြားအပ်ပါသည်။ ဆ
နက်ကိုလည်း မကြာမီ ရရှိမည်
ယုံကြည်လျက်...။**

**ခင်ခင်ဝင်း(မောရဝတီ)**



www.burmeseclassic.com


www.burmeseclassic.com

စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များအကြောင်း


ဆရာကြီးဦးအောင်မြင့်
(ဥပဒေသွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

၁။ * * *



ယခုလအတွက် နံပါတ်(၁) နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ **"မဆွေစင်အေး"** ဖြစ်ပါတယ်။ နာမည်သုံးလုံးရဲ့ နောက်ဆုံး စာလုံးဖြစ်တဲ့ "အေး"ကို မြန်မာအက္ခရာနဲ့ လက်မှတ်ရေးထိုးထားခြင်း ဖြစ်ပါတယ်။

'ငွေမမြဲဘူး။ အိမ်ထောင်ရေး အဆင်မပြေဘူး။ ဝမ်းနည်းစရာတွေ ခဏခဏ ကြုံရတယ်။ အဲဒါ ဘာကြောင့်လဲ ဆရာ' ထိုးမြဲလက်မှတ်ပိုင်ရှင်ရဲ့ မေးခွန်းဖြစ်တယ်။




စီးပွားရေးနဲ့ အိမ်ထောင်ရေး မကောင်းရင် ကျန်းမာရေးလဲ ဘယ်ကောင်းမလဲ၊ ဒီတော့ စိတ်ညစ်စရာတွေ များတာပေါ့။

--သူမရဲ့ **မွေးသက္ကရာဇ်က ၁၃၅၂ ခုနှစ်၊ တပေါင်းလ၊ အင်္ဂါသမီး**ဖြစ်လို့ မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်စဉ်၊ ဝုဒ္ဓိတို့ ချကြည့်ရင် အောက်ပါအတိုင်း တွေ့ရှိရပါတယ်။

* * *[နံပါတ်-၁]

ဒါ့အပြင် ဘင်္ဂ(အပျက်)ဌာနက တနင်္ဂနွေနံအက္ခရာစာလုံးကို နာမည်ရွေးထိုးတာလဲ ရွေးချယ်မှု မှားပါတယ်။

ဒီနာမည်မျိုးမှာ နောက်ဆုံးစာလုံး "အေး"ကို ဖြုတ်သင့်တယ်။ **"ဆွေစင်"** နှစ်လုံးတွဲနာမည်ကို လူခေါ်များအောင်လုပ်မှ ကံကောင်းမယ်။ ထိုးမြဲလက်မှတ်ကို **"ဆွေ"**တစ်လုံးတည်း ရေးထိုးသင့်တယ်။





(မူလမဟာဘုတ်) (နာမက္ခရတိုင်) (ဝုဒ္ဓိ)

က ထိုးမြဲလက်မှတ်ပုံသဏ္ဍာန်ကို မြင်ရုံနဲ့ပင် ဖြေနိုင်ပါတယ်။ ထိပ်ဆုံးက ခွက်မှောက်သင်္ကေတက ငွေထွက်များခြင်း၊ ဝမ်းနည်းမှုခွေးရခြင်းတို့ရဲ့ နိမိတ်ဖြစ်ပြီး လက်မှတ်နောက်ဆုံးက အမြီးမျဉ်းကြောင့် အိမ်ထောင်ရေးမှာ အယှဉ်အပြိုင်တွေ ပေါ်ပေါက်ရခြင်းနိမိတ်

အင်္ဂါ သိုက်ဌာနဖွားဖြစ်သူကို အင်္ဂါအစ တနင်္ဂနွေအဆုံး နာမည်ပေးထားတော့ **သိုက်+ဘင်္ဂ=ကုဋ္ဌ+အနိဋ္ဌ** နာက္ခရတိုင်စဉ်မှား၊ ဝုဒ္ဓိမှား ဖြစ်နေတယ်။

အပြင်ရန် တတ်ကြိုဖျက်တွဲလဲ ဖြစ်လို့ နာမည်ပေးတာ လုံးဝ မှားပါတယ်။

* * *






www.burmeseclassic.com

www.burmeseclassic.com

✦ ငွေအိတ်သင်္ကေတ လှလှကြီးကြီးဆွဲပြီး
✦ အညွန့်နေရာမှာ ပွင့်ဖတ်(၆)ခုပါတဲ့ ပန်းပွင့်သင်္ကေတထည့်ရမယ်။ လက်မှတ်အောက်က မျဉ်းမသားရဘူး။

၂။ * * *



ယခုလအတွက် နံပါတ်(၂)နေရာမှာ ဖော်ပြပေးလိုက်တာကတော့ **မွန်မြတ်သန်း**ဆိုတဲ့ အမျိုးသားတစ်ဦးရဲ့ ထိုးမြဲလက်မှတ် ဖြစ်ပါတယ်။

'ငွေကြေး အကျပ်အတည်းတွေ အရမ်းဖြစ်နေတယ်။ ကိုယ့်အကြွေးလဲ ပြန်မရနိုင်၊ သူများအကြွေးမှုလဲ ပြန်မဆပ်နိုင်၊ ရောင်းချင်တဲ့ အိမ်ခြံမြေလဲ အမြန်မထွက်၊ ရောင်းထွက်ပြန်တော့လဲ ငွေအကျေမရ၊ ဘာကြောင့်ဒီလောက် ညံ့ရတာလဲဗျာ'

ထိုးမြဲလက်မှတ်ပိုင်ရှင်က ညည်းညူလိုက်ပါတယ်။ သူ့လက်မှတ် ပုံသဏ္ဌာန်က ညံ့ပါတယ်။ နာမည်နောက်ဆုံးစာလုံးကို လက်မှတ်ရွေးထိုးထားတာတဲ့။ သူ့မွေးသက္ကရာဇ်က **၁၃၃၆ ခုနှစ်၊ သီတင်းကျွတ်လ၊ ကြာသပတေးသား** ဖြစ်လို့ မူလမဟာဘုတ်ခွင်နဲ့ နာမက္ခရတိုင်စဉ် ချကြည့်ရင် အောက်ပါအတိုင်း တွေ့ရပါတယ်။

* * *[နံပါတ်- ၂]

နံပါတ်-၂

| | အဓိပတိ | |
|---|---|---|
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင် | ပုတိ |

| | ၃ | |
|---|---|---|
| ၅ | ၁ | ၄ |
| ၂ | ၆ | ၀ |

(မူလမဟာဘုတ်)

| ၅ | |
|---|---|
| ၄ | ၃ |
| ၂ | ၁ |
| ၀ | ၆ |

(နာမက္ခရတိုင်)

ကြာသပတေးသား အထွန်းဌာနမှာ ဖြစ်သူကို မွေးနံ့ကို အညွန့်အုပ်နာမည်ပေးနည်းအတိုင်း ပေးထားပေမယ့် **ဂူဠ္ဌ+အစိုဠ္ဌ** နာမည် နာမက္ခရတိုင်စဉ်များဖြစ်လို့ နာမည်ညံ့ပါတယ်။ ထိုးမြဲလက်မှတ်ရွေးထိုးတာကလဲ ဘင်အပျက်ဌာနက သောကြာနံ့အက္ခရာစာလုံးဖြစ်လို့ ယခု အသက်(၄၀) သောကြာဂြိုဟ်စားထဲ အရောက်မှာ ဒုက္ခတွေ တစ်လှေကြီး တွေ့ရတာပဲပေါ့။


ဒီနာမည်မျိုးမှာ "**သန်း**"ကို မသုံးတော့ဘဲ "**မွန်မြတ်**" နှစ်လုံးတွဲကို လူခေါ်များအောင် သုံးသင့်တယ်။ လက်မှတ်ထိုးရင်လဲ အဲဒီနှစ်လုံးတွဲထဲက "**မြတ်**"တစ်လုံးတည်းကို အင်္ဂလိပ်လို ထိုးသင့်တယ်။

* * *



✤ ငွေအိတ်သင်္ကေတ တည့်တည့်ကြီးကြီးလှလှဆွဲရမယ်။
✤ လက်မှတ်အောက်က မျဉ်းမသားရဘူး။

၃။ * * *



ယခုလအတွက် နံပါတ်(၃)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ "**မမြအေးသူ**"ဆိုတဲ့ အမျိုးသမီးဖြစ်ပါတယ်။

"**သူ**"ဆိုတဲ့ စာလုံးကို လက်မှတ်ရွေးထိုးထားကြောင်း ပြောပြတယ်။ ပုံသဏ္ဌာန်က အများသင်္ကေတတွေများနေလို့ ညံ့ပါတယ်။

သူမရဲ့ မွေးသက္ကရာဇ်က **၁၃၃၃ ခုနှစ်၊ ကဆုန်လ၊ ကြာသပတေးသမီး** ဖြစ်လို့ မူလမဟာဘုတ်နဲ့ နာမက္ခရတိုင်စဉ် ချကြည့်ရင် အောက်ပါအတိုင်း တွေ့ရတယ်။

* * *[နံပါတ်- ၃]

နံပါတ်-၃

| | အဓိပတိ | |
|---|---|---|
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင် | ပုတိ |

| | ၀ | |
|---|---|---|
| ၂ | ၅ | ၁ |
| ၆ | ၃ | ၄ |

(မူလမဟာဘုတ်)

| ၂ | |
|---|---|
| ၁ | ၀ |
| ၆ | ၅ |
| ၄ | ၃ |

(နာမက္ခရတိုင်)



www.burmeseclassic.com

www.burmeseclassic.com

ကြာသပတေး သိုက်ဌာနဖွားကို မွေးနံ့ပေါ် အညွှန်းအုပ် နာမည်ပေးမှန် ပေမယ့် **ဣဋ္ဌ+အနိဋ္ဌ**နာမည်ဖြစ်လို့ မကောင်းဘူး။ နာမက္ခရတိုင်စဥ် မှန်ပါတယ်။ သိုက်+မရဏ နာမည်ညံ့ခြင်း၊ လက်မှတ်က မရဏဌာနရှိ အက္ခရာ စာလုံးကို ရွေးထိုးမိခြင်းတွေကြောင့် ကျန်းမာရေးကို ဒုက္ခပေးရခြင်း ဖြစ်ပါတယ်။

ဒီနာမည်မျိုးမှာ နောက်ဆုံးစာလုံး "**သူ**"ကို ဖြုတ်ပစ်သင့်တယ်။ "**မမြဲအေး**"နှစ်လုံးတွဲ လူခေါ်များ အောင်လုပ်ရင် ကံပိုကောင်းပြီး ကျန်းမာလာမယ်။

ထိုးမြဲလက်မှတ်ကိုလဲ ရာဇဌာနက အပြင်ပိတ် တနင်္ဂနွေနံအက္ခရာ "အေး" ကို ရွေးထိုးသင့်ပါတယ်။

* * *



- ပွင့်ဖတ်(၅)ခုပါတဲ့ ပန်းပွင့်သင်္ကေတထည့်ပါ။
- ငွေအိတ်သင်္ကေတ တည့်တည့်လှလှကြီးကြီး ဆွဲပါ။ ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာလာလိမ့်မယ်။
- ပွင့်ဖတ်(၅)ခုက ကြာသပတေးကို ရည်ညွှန်းပါတယ်။

စီးပွားရေး မကောင်းလို့ စိတ်ညစ်ပြီး ကျန်းမာရေးတွေ ညံ့နေကြောင်း ပြောပြတာမို့ စီးပွားရေးကောင်းလာအောင် ငွေအိတ်ကြီးကြီးလှလှ ဆွဲပေးလိုက်ရခြင်း ဖြစ်ပါတယ်။

***ဒီတစ်လ ဒီမျှနဲ့သာ ကျေနပ်နိုင်ကြပါစေ။***

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
***(ဥပဒေဘွဲ့)***
**လက္ခဏာဗေဒင်ပညာသုတေသီ**

# ဆီးချိုဆေးမှာ မတက်ပါ

ယခု တင်ပြမယ့်ဆေးကို သမီးဖြစ်သူ အင်တာနက်ပေါ်မှ တွေ့သောဆေးဖြစ်လို့ ဆေးနည်း မျှဝေထားသူကို အထူးကျေးဇူးတင်ပါကြောင်း ဂါရဝပြု တင်ပြပါတယ်။



ဆေးအကြောင်း မပြောခင် ရောဂါအကြောင်း အရင်ဦးစွာ ပြောပါရစေ။ စာရေးသူရဲ့ ဇနီးဖြစ်သူမှာ လွန်ခဲ့သော (၄)နှစ်အချိန်ခန့်တွင် စာရေးသူတို့ မော်လမြိုင်မှာ နယ်စပ် ထိုင်းနိုင်ငံလုပ် အချိုရည်မျိုးစုံ သောက်လို့ ကောင်းတယ်ဆိုပြီး ကတ်လိုက် ဝယ်သောက်ခဲ့ရာမှ (၆)လခန့်ကြာသောအခါ ခေါင်းမူးဝေ၍ ဇက်ကြောတက်ခြင်း၊ ချွေးစေး ချွေးပေါက်များထွက်ခြင်း၊ အသား အရေ ယားယံခြင်း စတဲ့ ဝေဒနာများ ခံစားရတော့ပါပဲ။

ဒီလိုနဲ့ ဆရာဝန်ပြပြီး စစ်ဆေးကြည့်တော့ အဲဒီတော့မှ ဆီးချို(၃၀၀) ကျော် တက်နေတာကိုး။

ဆီးချိုရှိမှန်း သိချိန်ကစပြီး အင်္ဂလိပ်ဆေး၊ မြန်မာဆေး မျိုးစုံသွားတာပါပဲ။ ဒါပေမယ့် မပျောက်ကင်းခဲ့ပါ။ ဒီလိုနဲ့ (၂)နှစ်ကျော် (၃)နှစ် ဆေးကုခဲ့ရတယ်။

ပျောက်ချင်ပြန်တော့ ယခု ပြောမယ့်ဆေးနဲ့ တစ်လကျော်ကျော် သောက်ပြီး ဆီးချိုပြန်တိုင်းကြည့်တော့ ဆီးချို မရှိတော့ပါ။ (၉၆)သာရှိတော့ကြောင်း၊ နောက်ထပ် တစ်လလောက်ကြာတော့ တိုင်းကြည့်ရာ (၉၅)သာ ရှိသောကြောင့် ဆီးချိုမရှိတော့ကြောင်း ဆရာဝန်မှ ပြောပါတယ်။ ဒါကြောင့် ဝေဒနာရှင်များ သုံးစွဲနိုင်ရန် ဇီဝိတဒါန ပြုလိုက်ပါတယ်။

**ဆေးနည်း**

ခရေရွက် (အချို့အရပ် ခရားပင်လို့ခေါ်တယ်) အရွက်(၅၀)ခန့်ကို ရေ(၃)လီတာနဲ့ ပြုတ်ပါ။ ရွက်နုဖြစ်ရင် (၂)ခွက်ကျန် ပြုတ်ပါ။ ရွက်ရင့်ဖြစ်ရင် (၁)ခွက်ကျန်ပြုတ်ပါ။ အအေးခံ ရေစစ်ပြီး ရေသန့်ဘူးနဲ့ထည့်ထားပါ။ တစ်နေ့ (၂)ကြိမ်၊ (၃)ကြိမ် အကြမ်းပန်းကန်တစ်လုံးခန့် သောက်ပါ။

တစ်ပတ် (၇)ရက်ခန့်သောက်ပြီး စစ်ဆေးကြည့်ပါ။ မပျောက်သေးရင် ထပ်သောက်ပါ။ ပျောက်ကင်းချမ်းသာပါလိမ့်မယ်။

***ကာယစိတ္တ သုခနှစ်ဖြာ ချမ်းသာပါစေ။***

***စေတနာဖြင့်...***

**ဗိုလ်မှူး သောင်းဟန်(ငြိမ်း)**
**မော်လမြိုင်မြို့**



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့သည် နံနက် မိုးလင်းအိပ်ရာမှထ မျက်စိနှစ်လုံး စဖွင့်သည်မှစ၍ ဤနေ့ဤရက်သည် ငါ့အတွက် ကံကောင်းသော နေ့တစ်နေ့ ဖြစ်မည်လော...၊

ဤနေ့ ဤရက်သည် ငါ့အတွက် ကံမကောင်းတတ်သော နေ့တစ်နေ့ ဖြစ်မည်လော...၊ စသည်ဖြင့် မိမိတို့၏ နေ့စဉ် ကံကြမ္မာ အကောင်းအဆိုးကို လူတိုင်းလိုလိုပင် သိချင်ကြပေလိမ့်မည် ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်ုပ်သည် စာဖတ်ပရိသတ်ကြီးအား ဤနေ့ဤရက်သည် သင့်အတွက် ကံကောင်းနိုင်သည်၊ ဘာပဲလုပ်လုပ် အဆင်ပြေ အောင်မြင်နေမည်။ အရေးကြီးသောလုပ်ငန်း ဆောင်တာများကိုလုပ်ပါ။

ဤနေ့ ဤရက်သည် မကောင်း။ ပြဿနာများ တစ်ခုပြီးတစ်ခု ကြုံတွေ့ရတတ်သည်။ တတ်နိုင်သမျှ ငြိမ်ငြိမ်လေးနေပါ။ အရေးကြီးသော လုပ်ငန်းတွေ ဘာမှ မလုပ်မိပါစေနဲ့...

ဟု ထိထိရောက်ရောက် အနီးကပ် ကူညီပံ့ပိုး အကြံပေးလို၍ တစ်ဦးစီတစ်ဦးစီ၏ ကိုယ်ပိုင်ကံကောင်းသော နေ့ရက်များနှင့် ကံဆိုးသော နေ့ရက်များကို သေချာကန သိရှိစေရန် အလို့ငှာ စေတနာရှေ့ထား လက်ဆောင်ပါးကာ ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

## ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလမှာ

# နေ့ကောင်းရက်သာ ရွေးချယ်ပါ



**✤ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ✤**

| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|
| | | | | 1<br>၁ | 2<br>၂ | 3<br>၃ |
| 4<br>၄ | 5<br>၅ | 6<br>၆ | 7<br>၇ | 8<br>၈ | 9<br>၉ | 10<br>၁ |
| 11<br>၂ | 12<br>၃ | 13<br>၄ | 14<br>၅ | 15<br>၆ | 16<br>၇ | 17<br>၈ |
| 18<br>၉ | 19<br>၁ | 20<br>၂ | 21<br>၃ | 22<br>၄ | 23<br>၅ | 24<br>၆ |
| 25<br>၇ | 26<br>၈ | 27<br>၉ | 28<br>၁ | 29<br>၂ | 30<br>၃ | 31<br>၄ |

မူလပြက္ခဒိန်ရက်စွဲများကို အင်္ဂလိပ်ဂဏန်းဖြင့် ဖော်ပြထားပါသည်။ ယင်းနေ့များကို လွှမ်းမိုးနေသော စိုးမိုးဂဏန်းများကိုမူ မြန်မာဂဏန်းဖြင့် ဖော်ပြထားပါသည်။ တွက်ပုံတွက်နည်းမှာ သင်၏ အင်္ဂလိပ်မွေးရက်နှင့် တွက်လိုသော နေ့၏စိုးမိုးဂဏန်းကိုပေါင်းပါ။တစ်လုံးတည်းကျန်အောင် ပေါင်းပါ။ ဥပမာ **အင်္ဂလိပ် (၂၃)ရက်နေ့တွင် မွေးဖွားသူဆိုပါစို့။ အောက်တိုဘာလ (၂၄)ရက်နေ့ကို** တွက်လိုသည် ဆိုပါစို့။ **(၂၄)ရက်နေ့၏** စိုးမိုးဂဏန်းမှာ **(၆)**ဟု တွေ့ရပေလိမ့်မည်။ ယင်းမွေးရက်**(၂၃)**နှင့်ပေါင်းလျှင်**(၂၉)**ရ၏။ ယင်း**(၂၉)**ကို တစ်လုံးတည်းဖြစ်အောင် ပေါင်းလျှင် **၂+၉=၁၁=၂**ရ၏။ ထို့ကြောင့် ထိုသူအတွက် **အောက်တိုဘာလ (၂၄) ရက်နေ့တွင် (၂)ဂဏန်း** ကြီးစိုးနေ၏။

၁-ဂဏန်း ကြီးစိုးသောနေ့တွင် အသစ်စတင်ရခြင်း၊ တီထွင်ဖန်တီးရခြင်းများ ကြုံရတတ်၏။

၂-ဂဏန်း ကြီးစိုးသောနေ့တွင် တောင်းထားသော အကူအညီများရရှိခြင်း၊ မိမိက အကူအညီပေးရခြင်းများ ကြုံရတတ်၏။

၃-ဂဏန်း ကြီးစိုးသောနေ့တွင် ရည်မှန်းသည့်အတိုင်း အောင်မြင်မှုများ ကြုံရတတ်၏။

၄-ဂဏန်း ကြီးစိုးသောနေ့တွင် အကျပ်အတည်းများ၊ စိတ်ညစ်စရာများ ကြုံရတတ်၏။

၅-ဂဏန်း ကြီးစိုးသောနေ့တွင် ပျော်ရွှင်ကြည်နူးစရာ ကြုံရတတ်၏။

၆-ဂဏန်း ကြီးစိုးသောနေ့တွင် လွမ်းမောတသဖြစ်ဖွယ် အဖြစ်အပျက်များ၊ တိုးလိုးတန်းလန်းဖြစ်ရခြင်းများ ကြုံရတတ်၏။

၇-ဂဏန်း ကြီးစိုးသောနေ့တွင် ထူးဆန်းအံ့ဩဖွယ်များ၊ မထင်မှတ်သော ဖြစ်ရပ်များ ကြုံရတတ်၏။

၈-ဂဏန်း ကြီးစိုးသောနေ့တွင် စိတ်ညစ်ရခြင်း၊ ထွက်ပေါက်ပိတ်ခြင်း၊ ရည်ရွယ်ချက်ပျက်စီးခြင်းများ ကြုံရတတ်၏။

၉-ဂဏန်း ကြီးစိုးသောနေ့တွင် ဘာသာရေး ပညာရေး ဆရာသမားနှင့် ပတ်သက်သော ကိစ္စများ ကြုံရတတ်၏။

မိတ်ခေါ်အနေနှင့် **၄၊ ၈၊ ၆ ဂဏန်း** ရသော ရက်များကို သတိပြုရှောင်ကြဉ်သင့်ပါသည်။ အကောင်းဆုံးမှာ **၃၊ ၅** ဂဏန်းရသော ရက်များပင် ဖြစ်ပါသည်။ ဒုတိယ အကောင်းဆုံးမှာမူ **၁၊ ၂၊ ၇၊ ၉ ဂဏန်း**ရသော ရက်များပင် ဖြစ်ပေတော့သတည်း။

***မကောင်းရက်ရှောင်၊ ကောင်းရက်ဆောင်ကာ မြားမြောင်ကိစ္စ ဆောင်ရွက်ကြလျှင် ဆန္ဒပြည့်ဝ လူလုံးလှကာ လောကအလယ် ဂုဏ်ဝင့်ကြွယ်သည် လောကီပညာ အကျိုးတည်း။***

***ကောင်းမှုအကြောင်းပြု တောင်းဆုပြည့်ပါစေ။***

**သုခစုစ်(ကျိုက်လတ်)**



www.burmeseclassic.com

www.burmeseclassic.com



ဦးဥက္ကာ (ပင်းမြို့)

# ကြာနှစ်ဆင့် ပန်းတင်ပြန်ပြီ

**မကွေးတိုင်းဒေသကြီး၊ နတ်** **ာက်မြို့နယ်၊ ပင်းမြို့ဟောင်း၊** **င်းမြို့ပုဗ္ဗာရုံ ကျောင်းတိုက်တွင်** ှင်အရဟံ မဟာဗောဓိရွှေစေတီ ော် တည်ရှိတော်မူပါသည်။

ရှင်အရဟံ ရဟန္တာမထေရ်မြတ်နှင့် နော်ရထာမင်းကြီးတို့က ဗောဓိပင် ို ပင့်ဆောင်စိုက်ပျိုးသည်နှင့် တစ်ပြိုင် က် မဟာဗောဓိပင်အတွက် အဓိဋ္ဌာန် ၍ မေတ္တာကန်တော်ကိုပါ တူးဖော် ူဒါန်းတော်မူခဲ့သည်။

ထို မေတ္တာကန်တော်အတွင်းမှ **"အုံ့ဖွယ်ထူးတင့် ကြာနှစ်ဆင့်"**များ စ်စဉ်မပျက် ထွန်းပေါ်လာခဲ့သည်မှာ **ှ၁၆၈ ခုနှစ်မှသည် ယနေ့ ၁၃၇၇** **နှစ်သို့ တိုင်သည်အထိ (၁၀)နှစ်** **ဆက်တိုက် ရှိခဲ့ပါပြီ။** စတင် ထွန်း ပေါ်စဉ်ကပင်နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ အမှတ်(၂၄၇)၊ ဖေဖော်ဝါရီလ၊ ၂၀၀၇ ခုနှစ်တွင် ဤစာရေးသူ ကိုယ် တိုင် ပြည့်စုံစွာ ရေးသားဖော်ပြလျက် ပညာရှင်များထံ အကြံဉာဏ် တောင်းခံ ခဲ့ဖူးပါသည်။

ဤကဲ့သို့ အတိတ်နိမိတ်ကောင်းစွာ နှစ်တိုင်း နှစ်စဉ်မပျက် ကြာနှစ်ဆင့်များ ပန်းတင့်စွာ ဖူးပွင့်နေခြင်းသည် **"ရှင် အရဟံ မဟာဗောဓိသာသနာတော် တစ်ခေတ်ပြန်လည်ဆန်းသစ်လာပြီ"** ဟု ဆိုရလောက်အောင်ပင် မြန်မာနိုင်ငံ အနှံ့အပြား ရပ်ဝေးရပ်နီးမှ ဘုရားဖူး များ ရှင်အရဟံ မဟာဗောဓိရွှေစေတီ တော်ကို လာရောက်ဖူးမြော်လာကြချိန် နှင့် အထူးတလည် တိုက်ဆိုင်နေသည် မှာ ပိုမို၍ အံ့သြဖွယ်ရာ ကောင်းလှပါ သည်။

၁၃၆၈ ခုနှစ် မတိုင်မီအထိ အတွင်း တွင်မူ ပင်းနယ်ဒေသဝန်းကျင်နှင့် အနီးအနားမြို့နယ်များမှသာ လာ ရောက် ဖူးမြော်ကြသော်လည်း "အံ့ဖွယ်ထူးတင့် ကြာနှစ်ဆင့်"များ ထွန်းပေါ်လာခဲ့သည့် ၁၃၆၈ ခုနှစ်မှစ၍ မြန်မာနိုင်ငံအနှံ့အပြား ရပ်ဝေးရပ်နီးမှ ဘုရားဖူးများသာမကအချို့ နိုင်ငံခြား ဧည့်သည်များပင် လာရောက် လေ့လာ ဖူးမြော်လျက် ရှိပါသည်။

ဤကဲ့သို့ ဘုရားဖူးများ လာရောက် ဖူးမြော်လာကြချိန်အမီပင် ရန်ကုန်မြို့ နေ ဦးခင်မောင်ဟန်+ဒေါ်ခင်သန်းမွေ



www.burmeseclassic.com

www.burmeseclassic.com



သား မောင်ကောင်းထက်အောင် FUTURE ကုမ္ပဏီ မိသားစုတို့က ရှင်အရဟံ မဟာဗောဓိ ရွှေညောင်တော်ကို ဘက်စုံပြုပြင်မွမ်းမံ ကုသိုလ်ပြုမှုများဖြင့် (၅)ဆင့်မြောက် ပလ္လင်တော်ကြီးကို တိုးချဲ့လှူဒါန်းဖြစ်ခဲ့သည်မှာလည်း "အုံ့ဖွယ်ထူးတင့် ကြာနှစ်ဆင့်"များ စတင် ထွန်းပေါ်လာသော ထို ၁၃၆၈ ခုနှစ်ပင်ဖြစ်ကြောင်း ထပ်လောင်းနှိုင်းယှဉ် သိစေချင်လှပါသည်။

ထို ၁၃၆၈ ခုနှစ်မှ စ၍ နှစ်စဉ်မပျက် ဖူးပွင့်လျက်ရှိသော "အုံ့ဖွယ်ထူးတင့် ကြာနှစ်ဆင့်"များကို ယခင့်ယခင်နှစ်များကမူ ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်လများမှသာ တွေ့မြင်ကြရသော်လည်း ၁၃၇၅ ခုနှစ်၊ နယုန်လမှ စတင်၍ ပိုမိုထူးခြားလျက် စောစီးစွာ ဖူးပွင့်ခဲ့ကြပါသည်။ မနှစ်က ၁၃၇၆ ခုနှစ်မှာလည်း နယုန်လမှာပင် စတင်၍ ဖူးပွင့်ခဲ့ပါသည်။

ယခု ၁၃၇၇ ခုနှစ်တွင်လည်း "အုံ့ဖွယ်ထူးတင့် ကြာနှစ်ဆင့်"ကို **နယုန်လမှာပင် စတင်၍ စီစီရီရီ ဖူးပွင့်နေကြသည်တို့ကို ဘုရားဖူးကြွရောက်လာကြသော အများပြည်သူများအားလုံးတို့က အတိတ်နိမိတ်ကောင်းစွာ တွေ့မြင်သိရှိနိုင်ကြသလို** နဂ္ဂတ္တရောင်ခြည်စာဖတ်ပရိသတ်များအားလုံးနှင့် မြန်မာတစ်နိုင်ငံလုံးရှိ ရပ်နီးရပ်ဝေး ပြည်သူအပေါင်းတို့လည်း တွေ့မြင်သိရှိ နိုင်ကြစေရန် မှတ်တမ်းတင်ထားသည့် အချို့သော "အုံ့ဖွယ်ထူးတင့် ကြာနှစ်ဆင့်" ဓာတ်ပုံများကိုသာ ယခုလို ဖော်ပြပေးလိုက်ရပါသည်။

ယခု ၁၃၇၇ ခုနှစ်၊ နယုန်လပြည့် မဟာသမယနေ့ (၁-၆-၂၀၁၅ တနင်္လာနေ့မှာ စတင် ဖူးပွင့်လာသော ကြာနှစ်ဆင့်သည် ပုံမှာမြင်တွေ့ရသည့် အတိုင်း ပွင့်နေဆဲ ကြာပန်းအတွင်း ကြာဖူး(၃)ဖူး ထပ်မံ ထွက်ပေါ်လာ ကြာ(၂)ဖူးမှာ ချက်ချင်းပွင့်လာလ ကျန်သော ကြာ(၁)ဖူးမှာ ပွင့်ဖို့အား နေဆဲ ကြာဖူးကြာငုံဘဝဖြင့် လှ တိုင်းလှ နိမိတ်ပြနေကြသည်မှာ ဖ ဤဆောင်းပါး ရေးနေချိန်အ (၁၅)ရက်ကြာမျှ ရှိနေပါပြီ။

ထို့အပြင် ပွင့်နေဆဲ ကြာ အတွင်းက ကြာဖူး(၅)ဖူး ထပ်မံထွ ပေါ်လာပြီး ကြာ(၃)ဖူးမှာ ချက်ချ ပွင့်လာပါသည်။ ကျန်သော ကြာ(၂) မှာ ပွင့်ဖို့အားယူနေဆဲ ကြာဖူးကြ အသွင် အလှဆင်နေခြင်း စသ အနယ်နယ် အရပ်ရပ်မှ ရောက်ရှိလ ကြသော ဘုရားဖူးများကလည်



www.burmeseclassic.com

www.burmeseclassic.com





ဗောဓိပင်ဖူး ကုသိုလ်ထူးကြရင်း "အံ့ဖွယ်ထူးတင့် ကြာနှစ်ဆင့်"တို့ကို ကြည့်ရှုမဝ ပဟေဠိ ဖော်နေကြသည်မှာ အထင်မျိုးစုံ၊ အမြင်မျိုးစုံ ပြောကုန်နိုင်ကြအောင်ပင် ရှိနေကြပါသည်။

နောက်ထပ်တစ်ဖန် ဖော်ပြလိုသည်မှာ ပွင့်နေဆဲ ကြာပန်းအတွင်းက **ကြာဖူး(၆)ဖူး ထပ်မံ ထွက်ပေါ်လာပြီး ကြာ(၃)ဖူးမှာ ချက်ချင်းပွင့်လာပါသည်။** ကျန်နေသော ကြာ(၃)ဖူးမှာ ပွင့်ဖို့စောင့်နေရသော သဘာဝနိမိတ်ပုံများတို့မှာ ရှာဖွေလေ တွေ့ရှိလေပင် ဖြစ်ပါသည်။

ထိုသို့ လှေလာနေရင်းမှသည် ယခင် (၃)ဖူးမှာ ပွင့်ပြီးပြန်ငုံသွားလျက် ကြာသီးကြာစေ့ ဘဝ မျိုးစေ့ ရသွားကြသလို ကျန်သော ကြာ(၃)ဖူးမှာ ဆက်လက်ပွင့်မြဲ လှနေဆဲပင် ဖြစ်ပါကြောင်းတို့ကို မှတ်တမ်းဓာတ်ပုံများနှင့်တကွ ထပ်ရိုလောင်း ဖော်ပြပေးလိုက်ရပါသည်။

ဤစာရှုသူ ဓမ္မမိတ်ဆွေများ အနေနှင့်လည်း ဓာတ်ပုံများမှာ မြင်တွေ့ရသည့် "**အံ့ဖွယ်ထူးတင့် ကြာနှစ်ဆင့်**" တို့ကို ကြည့်ရှုလှေလာ သုံးသပ်ကြလျက် လောကီ လောကုတ္တရာ နှစ်ဖြာကောင်းကျိုး တိုးပွားစေရေး ကြုံတွေ့ကြည်နူးကုသိုလ်ထူးနိုင်ကြစေရန် ဤကဲ့သို့သောအကြောင်းတရား သရုပ်ကို ဆောင်းပါးတစ်ပုဒ်အဖြစ် **(၁၀) နှစ်မြောက်မှာ ပွင့်သောကြာတို့ကို "ကြာနှစ်ဆင့် ပန်းတင့်ပြန်ပြီ"**ဟူ၍သာ ဓမ္မဒါန ဓမ္မပဏ္ဏာကာရ ရေးသား ကုသိုလ်ပြုလိုက်ရပါသတည်း။

ဦးဥတ္တမ (ပင်းမြို့)



www.burmeseclassic.com

www.burmeseclassic.com

ဒူလာခြင်းသဖိုက် အတွင်းအပြင်

# လိပ်ခေါင်းရောဂါ

သတိပြု ဆင်ခြင်ဖွယ်ရာများ အပိုင်း(၁)

ဦးမင်းစင်
(ရွှေနဝင်း)





**"ဝမ်းတစ်လုံး ကောင်းလျှင် ခေါင်းမခဲ"**ဟု ဆိုသော ကျန်းမာရေး ဆိုရိုးစကားရပ်သည် လွန်စွာ အဓိပ္ပာယ် သက်ရောက်လှပါသည်။

လူသားတို့ အသက်ရှင် ရပ်တည်နိုင်စေရေးအတွက် "လျှာ"၏ အလိုကို လိုက်ပြီး စားသောက်လိုက်သမျှသော အစာအာဟာရတို့ကို ဝမ်းဗိုက်အတွင်းရှိ အစာအိမ်မှ ဝင်လာသမျှကို ဒိုင်ခံ ခြေချက်ပေးနေရသည့် ပါစကာဝမ်းမီးက အားကောင်းနေသမျှ အစာအိမ် အူလမ်းကြောင်းတစ်လျှောက် အဆင်ပြေ ချောမွေ့နေပြီး ပြဿနာ မရှိလှပါ။

သို့သော် ပါစကာဝမ်းက အကြောင်းကြောင်းကြောင့် အားနည်းလာပြီဆိုပါက... လာပါပြီ...စားခဲ့သမျှ အဝင်နှင့်အထွက်မမျှ... ဝမ်းကျန် ဝမ်းချုပ် စမြင်းခံ လေမသက် အနေခက်ရချေပြီ။

ဤသို့ ကြိမ်ဖန်များစွာ ဖြစ်လာသည့်အခါမှာတော့ **"ပါးစပ်ကမျိုသမျှ စအိုက မစံနိုင်"**ဆိုသကဲ့သို့ အပူ အစပ် အချိုစာတွေက ပါစကာဝမ်းမီးကို **"ပျက်စီးအားနည်း"**စေသည်ကြောင့် အစာအိမ်အူလမ်းကြောင်းတစ်လျှောက် ဇီဝယန္တရား လည်ပတ်မှု မမှန်တော့ပါ။

သို့ဖြစ်၍ အစာဟောင်းအိမ် စအိုဝတစ်ဝိုက်မှာ **အပူအပုပ်တို့၏ ဒဏ်ကြောင့် ယောင်ရမ်းခြင်း** (Inflammation) စတင် ဖြစ်ပေါ်လာပြီး စအိုဝပတ်လည်မှာ သွေးပြန်ကြောတွေစုဝေးပြီး ဖောင်းကြွတက်လာသည်။

ထို့နောက် ထိုသွေးပြန်ကြော အစုအဝေးနှင့် အရွတ်မျှင်များက စအိုဝကို ပိတ်ဆို့ထားခြင်းကြောင့် ဝမ်းကျန် ဝမ်းချုပ် စမြင်းခံခြင်းတို့ ဖြစ်ပေါ်လာပါသည်။

ထို့ပြင် ဝမ်းကို ညှစ်ပြီး သွားလာရသည့်အခါမှာ စအိုဝ၏ အောက်ဘက်ကို ကျွံဆင်းလာသည့် အခြေအနေကို **မြင်းသရိုက် (လိပ်ခေါင်း)ရောဂါ**ဟု ခေါ်ဆိုကြပါသည်။

ဤဖြစ်စဉ်မှာ ရောင်ရမ်း ဖောင်းကြွနေသည့် သွေးကြော အရွတ်အစိုင်အခဲမှာ အရေပြား ဖုံးအုပ်နေပြီး စအိုဝ၏ အပြင်ဘက်ကို ထွက်လာသည့် အပိုင်းကို **"အပြင်လိပ်ခေါင်းရောဂါ"**ဟု ခေါ်ကြပါသည်။

စအို၏ အတွင်းပိုင်း စအိုအမြှေးပါး အတွင်းမှ ရောင်ရမ်းဖောင်းကြွနေသည့် သွေးကြောအထုံး အစိုင်အခဲကိုမူ **"အတွင်းလိပ်ခေါင်းရောဂါ"** ဟု ခေါ်ကြပါသည်။

လူ(၁၀၀)မှာ (၅၀)ရာခိုင်နှုန်းလောက် အတွင်းလိပ်ခေါင်း အ... အနေမျိုး ဖြစ်နိုင်ခြေ ရှိတတ်... သည်။ အပြင်လိပ်ခေါင်းအနေ... (၁၅)ရာခိုင်နှုန်းအောက်သာ ရှိ... သည်။

အတွင်းနှင့်အပြင် လိပ်ခေါင်း... (၂)မျိုးမှာ... အတွင်းလိပ်ခေါ... အခြေခံရောဂါ ဖြစ်ကြသည်က ပို... သည်ကို တွေ့ရပါသည်။

ဤသို့ **အတွင်းလိပ်ခေါင်းရော... ဖြစ်ခြင်း၏ အခြေခံ အကြောင်း... မှာ...**

၁။ အညောင်းထိုင်များခြင်း၊ လှုပ်ရှားမှုနည်း...

၂။ အပူ၊အစပ်စာများ အစားများခြင်း။

၃။ ဝမ်းချုပ်စေတတ်သည့် ကောက်ညှင်း... အစာများ၊ အစားများခြင်း။

၄။ ရေသောက်နည်းပါး၍ အရည်တတ်... သော သီးနှံနှင့် အသီးအရွက်များကို စား... မရှိခြင်း၊ နည်းခြင်း။

၅။ ပင်ကိုမျိုးရိုးဗီဇမှာကိုက လိပ်ခေါင်း... အခြေခံ မျိုးဗီဇပါနေခြင်း၊ (ဥပမာ... အ... အမေ အဘိုး၊ အဘွားတို့တွင် လိပ်ခေါ... ရောဂါ ပါရှိနေတတ်ခြင်း)

၆။ လိင်တူဆက်ဆံသူ (သို့မဟုတ်) ... လိင်ဆက်ဆံတတ်ကြသူများတွင် အဖြ... သည်ကို တွေ့ရတတ်သည်။

အတွင်းလိပ်ခေါင်းရောဂါကို ... ပညာအရ အဆင့်(၄)ဆင့် ခွဲ...



www.burmeseclassic.com

www.burmeseclassic.com

သတ်မှတ်နိုင်ပါသည်။

**အဆင့်(၁) (1st Degree)မှာ...**

အတွင်းလိပ်ခေါင်း ဖြစ်ခါစ အချိန်မှာ ဝမ်းသွားရာတွင် ဝမ်းကျန်ခြင်း၊ အားမရခြင်းမှစပြီး ဝမ်းချုပ်ခြင်း၊ လွန်ကဲလာပြီး စမြင်းတုံးအဖြစ် တည်လာပြီး ဝမ်းကို ညှစ်ပြီးသွားသည့်အခါမှာ မာကျောသည့် စမြင်းတုံး၏ ပွတ်တိုက်မှုဒဏ်ကြောင့် စအိုတွင်းမြှေးပါးကို ကွဲအက်၍ သွေးယိုစီးပြီး ဝမ်းသွားလျှင် သွေးပါလာခြင်းကို တွေ့မြင်ရခြင်းမှာ **ပထမအဆင့် အတွင်းလိပ်ခေါင်းရောဂါ**(1st Degree)ဟု ခေါ်ပါသည်။

**အဆင့်(၂) (2nd Degree)မှာ...**

ဝမ်းသွားသည့် အခါများတွင် လိပ်ခေါင်းသွေးကြောထုံးက စအိုအပကနေ ပြူထွက်လာ၍ ဆို့တို့တို့ ခံစားရပြီး စအိုကြွက်သားကို ပြန်ရှုံ့သွင်းလိုက်လျှင် လိပ်ခေါင်းက သူ့အလိုလို ပြန်ဝင်သွားသည့် အနေအထားမျိုးကို **အဆင့်(၂) (2nd Degree)**ဟု ခေါ်ပါသည်။

**အဆင့်(၃) (3rd Degree)မှာ...**

ဝမ်းသွားသည့်အခါတိုင်း လိပ်ခေါင်းမှာ စအိုဝမှ အပြင်သို့ သိသိသာသာ ကျွံထွက်လာပြီး လက်နှင့် ပြန်ဖိသွင်းမှသာ အထဲသို့ ပြန်ဝင်သည့် အခြေအနေမျိုးကို **အဆင့်(၃)(3rd Degree)** ဟု သတ်မှတ်ပါသည်။

**အဆင့်(၄) (4th Degree)မှာ...**

လိပ်ခေါင်းကို လက်နှင့် ပြန်သွင်းထား၍ ဝင်သွားသော်လည်း နှာချေ၊ ချောင်းဆိုး၊ လေလည်(အီးပေါက်)လိုက်သည့် အခါများတွင် အမြဲ အပြင်သို့ ပြန်ထွက်လာတတ်သည့် အခြေအနေမျိုးကို**အဆင့်(၄) 4th Degree & Prolapsed Piles** ဟု ခေါ်ဆို သတ်မှတ်ပါသည်။



ဤအဆင့်တွင် လိပ်ခေါင်းသည် နာကျင်ကိုက်ခဲပြီး ပိုးဝင် ရောင်ရမ်းနေတတ်ကြပြီး အထဲသို့ ပြန်သွင်း၍မရဘဲ အနေရ အထိုင်ရ အလွန်ခက်တတ်သည်ကို တွေ့ကြုံခံစားတတ်ကြပါသည်။

အချို့သော သူများတွင် အတွင်းလိပ်ခေါင်းရော အပြင်လိပ်ခေါင်းပါ (၂)မျိုးလုံး ရှိနေတတ်ပါသည်။

**အထူးသဖြင့် လိပ်ခေါင်းရောဂါနှင့် စအိုတစ်ဝိုက်မှာ ဖြစ်တတ်သော အခြား ရောဂါလက္ခဏာများကို ခွဲခြား၍ သိထားရန် လိုအပ်ပါသည်။ ခြားနားချက်များမှာ...**

လိပ်ခေါင်း ရောဂါရှင်များသည် အများအားဖြင့် ဝမ်းချုပ်နေတတ်ပြီး ဝမ်းကို ညှစ်သွားသည့်အခါမှာ သွေးပါသည့်အခါ သွေးအရောင်သည် **"တာရှတ်သွေး"**သွေးစိမ်းရှင်ရှင်ဖြစ်ပြီး အစက်လိုက် (သို့) ပန်းပြီးထွက်ကျတတ်ပါသည်။ ဝမ်းသွားရာမှာ နာကျင်မှု မရှိကြပါ။

ဤအချက်များသည် လိပ်ခေါင်းသွေးပါရောဂါနှင့် ဆင်တူသော စအိုကွဲရောဂါနှင့် ခွဲခြားရာတွင် အဓိက ခြားနားချက်ဖြစ်ပါသည်။

**[စအိုကွဲရောဂါက ဝမ်းသွားလျှင် အလွန်နာကျင်စပ်ဖျဉ်းပြီး ဝမ်းနှင့်ရောကာ သွေးပါလာတတ်သည်။]**

တခြား လိပ်ခေါင်းရောဂါနှင့် လက္ခဏာဆင်တူ ဖြစ်တတ်သည့် ရောဂါတွေကတော့...

၁။ စအိုအမြှေးပါး ကျွံထွက်သည့်ရောဂါ (Mucosal Prolapse)ရောဂါ

၂။ စအိုအစာယောင်အိတ် အသားပိုရောဂါ (Polyp)

၃။ စအိုကင်ဆာ၊

၄။ ဝမ်းကိုက်သွေးပါရောဂါ

၅။ ဂရင်ဂျီရောဂါများ ဖြစ်ကြပါသည်။

ဝမ်းကိုက်ရောဂါမှာက ဝမ်းမှာ သွေးနှင့် အချွဲအချွဲတွေ ရောနှောပြီး ပါလာတတ်ကာ ဝမ်းသွားရာတွင်လည်း ဗိုက်ရစ်နာတတ်ပါသည်။

✤ **စအိုနှင့် အူမကြီး ကင်ဆာရောဂါတွေမှာကတော့...** အလားတူ ဝမ်းနှင့် သွေးရောပြီး ပါလာရာမှ သွေးအရောင်သည် ညိုမည်းပြီး အနံ့ပြင်းထန်လှပါသည်။

**ကတ္တရာစေးရောင်ကဲ့သို့ ဖြစ်ပြီး ပုပ်ညှီပေါင်းစပ်**နေပါသည်။

✤ **စအိုအတွင်းသား အသားပိုအလုံးရောဂါမှာက...**နီနီရဲရဲ အသားလုံးလေးလို ထွက်လာတတ်ပြီး သွေးပါကျတတ်ပါသည်။

✤ **စအိုအမြှေးပါး ကျွံကျသည့်ရောဂါကတော့...** ဝမ်းသွားရတာ အားမရ ဝမ်း ထပ်ထပ်ပြီး သွားနေရသလိုဖြစ်ပြီး စူထွက်လာရာမှာလည်း အကွင်းလိုက် စူထွက်လာတတ်ပါသည်။

✤ **ဂရင်ဂျီရောဂါမှာက ပြည်တည်နာလိုဖြစ်ပြီး...** အဖုပေါက်လာ၍ ပြည်နှင့်သွေး၊ သားနံ့ရည်များ ယိုစီး ထွက်ကျတတ်သည်ဖြစ်၍ လိပ်ခေါင်းရောဂါနှင့် ကွဲပြားပါသည်။

လိပ်ခေါင်းရောဂါကို အနောက်တိုင်းနည်းစနစ်မှာတော့...

✤ ခွဲစိတ်၍ ဖြတ်ထုတ်ခြင်း

✤ သားရေကွင်းပစ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com

❖ စားသေး၊ သောက်သေးများဖြင့် အရောင်လျှော့ချပြီး ကုသပေးသည့် နည်းစနစ်များ ရှိကြသည်။

စာရေးသူတို့၏ တိုင်းရင်းဆေးပညာ အမြင်ဖြင့် ညွှန်ကြားကုသမှု ပြုကြမည်ဆိုလျှင်...

ထိုလိပ်ခေါင်းရောဂါသည် ပါးစပ်ခံတွင်းအဝမှစပြီး စအိုဝအထိ ဆက်စပ်ပတ်သက်မှု ရှိနေသောကြောင့် အစားအသောက်မှစပြီး အလေ့အကျင့်နှင့် ပြုမူနေထိုင်မှုများကိုပါ ပြုပြင်တည့်မတ်ပေးရန် လိုအပ်ပါသည်။

ထို့ပြင် လိပ်ခေါင်းရောဂါနှင့် တွဲဖက်ပတ်သက် ဖြစ်ပေါ်စေတတ်သည့် ရောဂါများကိုပါ တစ်ပါတည်း ကုသပေးရသည့်နည်းစနစ်ပြည့်စုံစွာရှိပါသည်။

ဤနေရာတွင် အထူး အသိပေးချင်သည်မှာ အထက်မှာ တင်ပြခဲ့သည့် **လိပ်ခေါင်းအဆင့်(၄)**(4th Degree) အဆင့်ဖြစ်နေသောစအို အထဲသို့ ပြန်မဝင်ဘဲ အပြင်သို့ အမြဲထွက်နေသည့် လိပ်ခေါင်းအဆင့်မျိုး ခံစားနေရသော ပုဂ္ဂိုလ်များသည်...

**[အပြင်မှ တတ်ယောင်ကားလိပ်ခေါင်းအထူးကု အမည်ခံ၊ ဆရာအမည်ခံ ရမ်းကုများနှင့် ယုံကြည်ပြီး မိမိကိုယ်ကို အပ်နှံ၍ လိပ်ခေါင်းကို "အနာစားဆေးနှင့် ဖြတ်၍ ကုသခြင်း မပြုရန်" အထူး သတိပေးလိုက်ပါသည်။]**

ဤအဆင့်သည် ပိုးဝင်၍ အသက်အန္တရာယ် အမြန်ပေးတတ်ပါသောကြောင့် စနစ်တကျ ဆေးရုံတွင် တက်ရောက်ကုသမှုကို ခံယူပါမည်ဟု တိုက်တွန်းလိုက်ပါသည်။

**အမြင် အာရုံကြောများ၏ အာဝင် အာရုံသိမ်းသိမ်း ကြော်အောင် ညှာထားသည့် စကားလုံးများကို ယုံစား၍ ပုံအပ်ခဲ့သည့် လိပ်ခေါင်းဝေဒနာရှင်များ မရှုမလှ ခံစားကြရသည်ကို နားနှင့် မဆုံအောင် ကြားနေ မြင်နေရသောကြောင့် ဝေဒနာအရင်းခံမြင် သတိပေးခြင်း ဖြစ်ပါသည်။**

တိုင်းရင်းဆေးပညာ အမြင်အား



ဖြင့် လိပ်ခေါင်းရောဂါ၏ "**အစ**"သည် ပါးစပ်ခံတွင်းမှ စတင်ပြီး အစာအိမ်သည် "**အလယ်**"ဖြစ်၍ စအိုဝသည် လိပ်ခေါင်းရောဂါ၏ နောက်ဆုံးရောဂါ အကောင်အထည် ဖြစ်တည်ရာ အရပ်ဖြစ်ပေသည်။

အကြောင်းမှာ လူသားတို့၏လျှာ အလိုလိုက်မှုများကြောင့် အပူ၊ အစပ်၊ လွန်ကဲသော အစားအစာများ လွန်စွာစားသောက်ခြင်း၊ ဝမ်းတွင်းတွင် အပူ၊ အပုပ်ကို အားပေးစေသော အစားအစာများကို အစားများခြင်းကြောင့်...

ဥပမာ ငရုတ်သီး အပူအစပ်များ၊ အာဝါးသီးကဲ့သို့သော လွန်စွာပူပြင်းသော အစာများ၊ မှျစ်ချဉ်၊ ပုစွန်ချဉ်၊ ငါးချဉ်၊ ဆူးပုပ်ရွက်၊ တညင်းသီးကဲ့သို့သော ပါးစပ်မှစ၍ ပူစပ်နံဟောင်စွာဖြင့် ဝင်လာပြီး စအိုဝမှ စွန့်ထုတ်လိုက်သည်အထိ ပူစပ်နံဟောင်ပြီး ပြန်ထွက်လာသော အစားအစာများကို နှစ်သက်ခုံမင်စွာ စားသောက်မှုများသော သူများတွင် လိပ်ခေါင်းရောဂါ အဖြစ်များသည်ကို တွေ့ရပါသည်။

ဝမ်းကို ချုပ်စေတတ်သော ကောက်ညှင်း၊ ရေဓာတ်နည်းသော အမျှင်ဓာတ်နည်းသော အစားအစာများကို စားသောက်မှု လွန်ကဲခြင်းကြောင့် အစာအိမ်နှင့် အူလမ်းကြောင်းတစ်လျှောက် အရည်ဓာတ် အားနည်း၍ အပူဓာတ် လွန်ကဲပြီး ဝမ်းကျစ်၊ ဝမ်းချုပ်မှုများ ဖြစ်လာပြီး လိပ်ခေါင်းရောဂါကို ဖြစ်စေပါသည်။

ဤသို့ ပါးစပ်ခံတွင်းမှစပြီး လွဲမှားစွာ စားသောက်လာခဲ့သည်တို့မှာ အစာအိမ်ထဲသို့ ရောက်လာသောအခါ ယင်းအစားအစာများကို အစာအိမ်အတွင်းမှ ပါစကဝမ်းမီးဓာတ်က ကောင်းမွန်နိုင်နင်းစွာ ခြေချက်နိုင်ခြင်း မပြုလုပ်နိုင်သည့်အတွက်...

ထိုအစားအစာများ၏ ပင်ကိုမူလသတ္တိ ပူစပ်ခြင်း၊ နံဟောင်ခြင်း သတ္တိဆိုးတို့သည် အစာအိမ်မှ အောက်ဘက်အူလမ်းကြောင်းမှ တစ်ဆင့်....

စအို အစာဟောင်းအိမ်သို့ ရောက်လာသောအခါ အပူအပုပ် ဓာတ်သတ္တိများ ပိုမိုဖြစ်ပေါ်လာပြီး စအိုနှင့် အစာဟောင်းအိမ်တစ်ဝိုက်မှာ အမြေးပါးနှင့် သွေးကြော လေကြောလေးများ ရောင်ရမ်းမှု ဖြစ်ပေါ်လာပြီး လိပ်ခေါင်းကို ဖြစ်ပေါ်စေသည်ဟု တိုင်းရင်းဆေးပညာအရ သုံးသပ်ပါသည်။

ထို့ကြောင့် လိပ်ခေါင်းရောဂါကို ကြိုတင်ကာကွယ်မှု ပြုလုပ်ကြမည်ဆိုလျှင်...

ပါးစပ်အစ၊ အစာအိမ်အလယ်၊ စအိုဝအဆုံး အားလုံး ဆက်စပ်ပတ်သက်နေပါသောကြောင့် အထက်ဖော်ပြပါ အပူ၊ အစပ်၊ အပုပ်စာနှင့် ရေဓာတ်နည်းပါးသော အစားအစာများကို သတိပြုဆင်ခြင် စားသုံးမည်ဆိုလျှင် လိပ်ခေါင်းရောဂါကို ထိရောက်အောင် ကာကွယ်မှု ပြုနိုင်ပါသည်။

**[သုတေသန စစ်တမ်းများအရ အပူအစပ်စာကို ရှိုးရာဓလေ့ အစားအစာများတွင် အများဆုံး ပါဝင်စွာ စားသုံးတတ်ကြသည့် ရခိုင်တိုင်းရင်းသားများတွင် လိပ်ခေါင်းရောဂါ အဖြစ်များသည်ကို တွေ့ရပါသည်။]**

ထို့ကြောင့် အပူ၊ အစပ်နှင့် အပုပ်ဓာတ်ကို အားပေးသော အစားအစာများကို လတ်ဆတ်အေးမြပြီး အအေးဓာတ် ပြည့်ဝ၍ အမျှင်ဓာတ် ပေါကြွယ်သော သီးနှံ အစားအစာများကို အစားထိုးပုံမှန် စားသုံးပေးမည်ဆိုလျှင် လိပ်ခေါင်းရောဂါကို ကာကွယ်နိုင်ပါသည်။

အထက်ပါ တင်ပြခဲ့သည်တို့မှာ ရွှေမြန်မာများ အရပ်စကားဖြင့် ခေါ်

(စာမျက်နှာ (၂၀၈) သို့)



www.burmeseclassic.com

www.burmeseclassic.com

# ဆောင်ရွက်ရမယ့် ထီ



သဒ္ဒါဟိုကျိုးမြင့် (မင်းလှ)

ကျွန်ုပ် အားလပ်သောတစ်နေ့ ဗေဒင်လာရောက် မေးမြန်းကြသော ဇာတာရှင်များအတွက် ယတြာ အဆောင်လုပ်ရန် သစ်တူးအိုင် ကျေးရွာသို့ သွားရောက်ပြီး သစ်အမျိုးမျိုးကို စုဆောင်းပြီး အသိမိတ်ဆွေအိမ်သို့ ခဏတာ ဝင်ရောက်စဉ်...

'ကိုအေးမောင် မရှိဘူးလားဟေ့'

အသံပေး၍ အိမ်ပေါ်ရောက်စဉ်...

'အိမ်သားတွေ ဘာတွေ လုပ်နေတယ် မှတ်တယ်။ ထီပေါက်စဉ် တိုက်နေတာကိုး...'

'ဆရာလေး... လာ ဒီမှာထိုင်၊ ကျွန်တော်တို့က မပေါက်တဲ့ ထီနံပါတ် တိုက်နေသလိုပဲ ဆရာလေး'

'ထီထိုးတိုင်း ပေါက်ရင် အိမ်မှာ ထားစရာနေရာ ရှိမှာမဟုတ်တော့ဘူး'

'ဟုတ်ပါတယ် **ထီဆိုတာ အတိတ်ဘဝက ကံပါမှ ပေါက်တာ။** ဘယ်လောက်ပဲထိုးထိုး ပေါက်ချင်ရင် တစ်စောင်တည်းက ထပေါက်ရင် ပေါက်တာ။ ကဲ... ဆရာလေးရောက်တုန်း ကျွန်တော်တို့ကို ထီပေါက်နည်းလေး ဘာလေး ပေးပါဦး'

'ပေးပါမယ်ဗျာ ထီပေါက်တဲ့ နည်းတွေက အများကြီးရှိတယ်။

ဥပမာ တစ်ခုပြောမယ်။ အတိတ်နိမိတ်ရယ် အိပ်မက်ဆိုတာ ရှိတယ် အထူးသဖြင့် အိပ်မက်က ထူးခြားပြီဆိုရင် ထီပေါက်ကိန်း ရှိတတ်စမြဲပါလေ'

'ကဲ...ဒါဆိုရင် ဆရာလေး ကျွန်တော်တို့ နားလည်သဘောပေါက်အောင် ရှင်းပြပါ'

'ကဲ... သေချာနားထောင် ကျွန်ုပ်ပြောတာမဟုတ် စာပေကျမ်းဂန်မှာ ရှေးကဝိပညာရှင်တွေက သေချာလေ့လာမှတ်သားပြီး မှန်တယ်ဆိုမှ အိပ်မက်တိတ္ထံ့ အဟောကျမ်းမြတ်ကြီးတွေမှာ လူအများ သိအောင် ရေးသားဖော်ပြထားတယ်။

**(၁)ထီပေါက်စေမည့်အိပ်မက်များ...**

၁။ လူ၏ ရင်ကိုခွဲလျက် သွေးသောက်ရခြင်း၊ သွေးနှင့်ရေချိုးရခြင်း၊ ဥအမျိုးမျိုးကို စားသောက်ရခြင်း၊ ငါးမျှားရခြင်း၊ အစာကိုက်ချီလာသောငှက်က အစာကို ပေးလာသည် မြင်မက်ပါက ထီပေါက်စေသည်။

၂။ ပုလဲ၊ ပတ္တမြား တန်ဖိုးကြီးပစ္စည်းများကို ဝတ်ဖြူစင်ကြယ် ပုဂ္ဂိုလ်တစ်ဦးက လာပေးသည်ဟု မြင်မက်လျှင် ထီပေါက်စေမည်။

၃။ တောင်ပို့၌ရှိသော မြွေပွေးသတ်ပြီး စားရသည်ဟု မြင်မက်ပါက ထီပေါက်စေမည်။

၄။ လူသေ အူကို ထုတ်၍ စားရ၏။ ထိုသို့ မြင်မက်ပါကလည်း ထီပေါက်စေမည်။

၅။ နေ၊ လ၊ ကြယ်တို့အား ဆွတ်ပြီး ပုဂ္ဂိုလ်တစ်ယောက်က ပေးလာသည်ဟု မြင်မက်လျှင် ထီပေါက်စေမည်။

၆။ ပုဂ္ဂိုလ်တစ်ဦး ရွှေကြက်ဥ၊ ပစ္စည်း ပေးလာ မြင်မက်ပါက ထီပေါက်တတ်သည်။

၇။ ရဟန်းများ၊ နတ်ဒေဝတာများက အလိုဆန္ဒပြည့်စေသား ဆုပေးသည့် အိပ်မက် ထီပေါက်စေမည်။

၈။ သစ်ပင်ပေါ်က ပန်းသီးခူးစားရခြင်း မြင်မက်ပါက ထီပေါက်စေမည်။

၉။ မစင်ကို အားပါးတရ စားရခြင်း၊ လောက်တက်နေသော အစားစားရခြင်း မြင်မက်ပါက ထီပေါက်စေမည်။

၁၀။ နွားစီးပြီး လူစည်ကားသည်ကို မြင်မက်ပါကလည်း ထီပေါက်မည်။

ဤအချက်များနဲ့ တိုက်ဆိုင်ပါက ထီထိုးပေးပါ။ထီပေါက်စေတတ်ပါတယ်၊ ဒါက အိပ်မက်ကျမ်းက ဆိုထားတာ'

'ဟုတ်ကဲ့ ဆရာလေး'

**(၂)နောက်တစ်ခုကတော့ နေ့နံအလိုက် ဂဏန်းနဲ့ အက္ခရာတွေ ဒီမှာကြည့်...**

အောင်ဘာလေထီထိုးရင်...

* * *

| နေ့ | အက္ခရာ | ဂဏန်း |
|---|---|---|
| တနင်္ဂနွေ | ပ၊ ဖ ဗ | ၁ ၂ ၈ |
| တနင်္လာ | ယ၊ ရ လ | ၂ ၄ ၇ |
| အင်္ဂါ | သ၊ ဟ | ၃ ၆ ၇ |
| ဗုဒ္ဓဟူး | တ၊ ထ၊ ဒ | ၂ ၄ ၉ |
| ကြာသပတေး | စ ဆ ဇ | ၃ ၇ ၀ |
| သောကြာ | က၊ ခ ဂ | ၄ ၆ ၈ |
| စနေ | ၎၊ ၌ ၍ | ၅ ၈ ၀ |

www.burmeseclassic.com

**(၃)ဓိဓိမွေးဖွားတဲ့ သတ္တရာစ်ကို တည် (၇)ဖြင့် စားပြီးရင် ဒါတွေ မှတ်ထား...**

**သင်ဘယ်တော့ ချမ်းသာမလဲ...**

**◎ ဓိဓိမွေးဖွားတဲ့ သတ္တရာစ်ကို တည် (၇)ဖြင့်စား...**

၁၊ ၃၊ ၀ ကြွင်းရင် ပထမအရွယ် ချမ်းသာမည်။

၂၊ ၄၊ ၅၊ ၆ ကြွင်းရင် ပထမအရွယ် ဆင်းရဲမည်။

**◎ ဓိဓိမွေးဖွားတဲ့ သတ္တရာစ်ကို တည် (၈)ဖြင့်စား...**

၁၊ ၃၊ ၇၊ ၀ ကြွင်းရင် ဒုတိယအရွယ် ချမ်းသာမည်။

၂၊ ၄၊ ၅၊ ၆ ကြွင်းရင် ဒုတိယအရွယ် ဆင်းရဲမည်။

**◎ ဓိဓိမွေးဖွားတဲ့ သတ္တရာစ်ကို တည် (၉)ဖြင့်စား...**

၁၊ ၃၊ ၇၊ ၈၊ ၀ ကြွင်းရင် တတိယ အရွယ် ချမ်းသာမည်။

၂၊ ၄၊ ၅၊ ၆ ကြွင်းရင် တတိယအရွယ် ဆင်းရဲမည်။

**(၄) နောက်တစ်ခု လုပ်ရမှာက... အောင်ဘာလေ ထီထိုးသွားလျှင် ဆောင်ရမည့် အရောင်ပစ္စည်းများ...**

* * *

| | | |
|---|---|---|
| **၁။ တနင်္ဂနွေနေ့၌** | = | အဝါရောင်ပစ္စည်းဆောင်၍ ထီထိုးပါ။ |
| **၂။ တနင်္လာနေ့၌** | = | အဖြူရောင်ပစ္စည်းဆောင်၍ ထီထိုးပါ။ |
| **၃။ အင်္ဂါနေ့၌** | = | အနီရောင်ပစ္စည်းဆောင်၍ ထီထိုးပါ။ |
| **၄။ ဗုဒ္ဓဟူးနေ့၌** | = | ငွေရောင်ပစ္စည်းဆောင်၍ ထီထိုးပါ။ |
| **၅။ ကြာသပတေးနေ့၌** | = | အပြာ/ခရမ်းရောင် ပစ္စည်းဆောင်၍ ထီထိုးပါ။ |
| **၆။ သောကြာနေ့၌** | = | အစိမ်းရောင်ပစ္စည်းဆောင်၍ ထီထိုးပါ။ |
| **၇။ စနေနေ့၌** | = | နက်ပြာရောင်ပစ္စည်းဆောင်၍ ထီထိုးပါ။ |

ယခုပေးခဲ့တဲ့ နည်း(၃)နည်းကို လေ့လာပြီး ထီထိုးကြည့်ပေတော့။ ပေါက်မှာပါ။ အထူးသဖြင့် (၃)ချက်စလုံး ညီနေရင်တော့ ထီဆုကြီးရပြီ မှတ်ကြတော့'

'ဆရာလေးကို ကျေးဇူးတင်ပါတယ်။ ဆရာလေးအတွက် မြေပဲလက်ဆောင်'

'ရပါတယ် ကိုအေးမောင် ဒါတွေ မလိုပါဘူး'

ကျွန်ုပ် သူတို့ကို နှုတ်ဆက်၍ ထွက်ခွာခဲ့ပေသည်။

ယခုတင်ပြသည့် ထီပေါက်စေမည့် အိပ်မက်များ ရှေးသုတေသီပညာရှင်တို့ လေ့လာကောက်နုတ်ထားချက်များ စာဖတ်ပရိသတ် လေ့လာကြည့်နိုင်ရန်နှင့် ထီထိုးကံစမ်းနိုင်ရန် တင်ပြပေးလိုက်ပါသည်။

ကျွန်ုပ် အိမ်ပြန်လမ်းတစ်လျှောက် ကားပေါ်တွင် ပြန်လည် စဉ်းစားနေပါသည်က လူ့ဘဝမှာ လူဖြစ်ပြီး သေသည်တိုင်အောင် ထီမပေါက်ဘူးသည့် လူတွေ အများကြီးရှိနေပါလား။ အတိတ်က ကံ၏ အကျိုးပေးသက်ရောက်မှု နည်းနေပါလားဟု ထင်မိပါတော့သည်။

***ထီထိုးတဲ့လူတိုင်း ထီပေါက်နိုင်ကြပါစေ။***

**သမုတိမျိုးမြင့်(မင်းလှ)**

**စာမျက်နှာ (၂၀၆)မှ အဆက်**

ကြသော ရှုထောင့်မြင်သရိုက် ရောဂါ (ခေါ်)အတွင်းအမြင်လိုင်ခေါင်းရောဂါကို ဆေးပညာရပ် သဘောတရားအရ ဖြစ်ပေါ်ပုံနှင့် လိင်ခေါင်းရောဂါကို အဆင့်(Degree) သတ်မှတ်ပုံနှင့် လိင်ခေါင်းရောဂါနှင့် လာကွဲသော ဆင်တူ၍ ရောထွေးနိုင်ကြသော...

အခြားသော ခေါ်ဆိုတစ်ပိုက်တွင် ဖြစ်ပွားတတ်သည့် ရောဂါများနှင့် ကွဲပြားစွာ ခွဲခြားသိစေနိုင်သည့် အဓိက အရေးကြီး အချက်အလက်များကို စုလင်စွာ တင်ပြခဲ့ပြီး စားသောက်နေထိုင်မှု အမူအကျင့်တို့ကို ဆင်ခြင်ပြီး ကြိုတင်ကာကွယ်နိုင်သော သဘောသဘာဝ နည်းများကို ပြည့်စုံအောင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ရှေ့လတွင် လိင်ခေါင်းရောဂါကို တိုင်းရင်းဆေးဖြင့် ကုသကာကွယ်နိုင်သော နည်းစနစ်များကို ဆက်လက်တင်ပြပေးပါမည်။

***အားလုံး ဝမ်းတစ်လုံးအတွက် [illegible] ကျန်းမာကြပါစေ။***

**ဦးမင်းဇင်(ရွှေနဝင်း)**

**[illegible] သုတေသီနှင့်**

**ပညာရှင်တို့ခင်ဗျာ...**

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ် (၁၃၉)၊ ဩဂုတ်လ၊ ၂၀၁၅ ခုနှစ်ထုတ် မဂ္ဂဇင်းစာမျက်နှာ(၂၂၀)ပါ "အိမ်ဆည်းလည်းလေးများ မြည်သံသာ" ဆောင်းပါးတွင် "ငါးကွမ်းရှပ်"ဟု မှားယွင်းပါရှိသွားပါသည်။

အမှန်မှာ "**ငါးခွေးလျှာ**" ဖြစ်ပါသည်။ သို့ဖြစ်၍ "ငါးခွေးလျှာ"ဟုပြင်ဆင်ဖတ်ရှုပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိန်း**

**တာဝန်ခံ**

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com

ဤကျင့်စဉ်တော်သည်...
အာစရိယဝါဒအရ...
- အတိုက်အခံ အနှောင့်အယှက်များ ကြုံ
သည့်အခါ
- န်များသည့်အခါ
- အမှုအခင်းပြဿနာကြီးငယ် ကြုံသည့်အခါ
- စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ကြရသည့်အခါ
မျိုးတွင် ဆောင်ရွက်လေ့ ရှိကြပါ
ယ်။
အဘယစျာန ဂမ္ဘီရကျင့်စဉ်တွင်...
ထမအဆင့်အနေဖြင့်...
**အဘယမုဒြာ ရုပ်ပွားတော်ရှေ့
မှာက်တွင်**. အားထုတ်ရပါမယ်။
က်တော်ထင်ရှား မြတ်ဘုရားကို
ည်စူးပြီး...
- ဆိုပါသော အနီရောင်နှင်းဆီပန်း (၉)ပွင့်ကို
ဦးစွာလှူပါ။
ပြီးရင်...
ရေ၊ နံ့သာတိုင်၊ အလင်းတိုင်များကို
နိုင်သမျှ ဂါရဝတရား အထူးထားပြီး
ဒါန်းလိုက်ကြပါဦး။ ပြီးရင်တော့
ဂါထာတော်ဖြင့် ရှိခိုးကန်တော့ပြီး
အစ်သော ဆုကိုတောင်းရပါမယ်။
ယမိတဗ္ဗယမောဒန္တော၊ ဂမိတဗ္ဗ ဂမာမိ
ကော။
ဗလံ မာရသ ယောဇိနော၊ ဝရံသော
ဒေတု မေ ဇယံ။
ထဲသော ပါဠိအသံထွက်
မိတဗ္ဗ = ယမိတပ်ဗ
မောဒန္တော = ယမောဒန်တော
မိတဗ္ဗ = ဂမိတပ်ဗ
ရဿ = မာရတ်သ
နက်
**ယမိတဗ္ဗယမော**– စောင့်ရှောက်
သောက္ကန္ဓြေကို စောင့်ရှောက်တော်
သည် ဖြစ်၍၊
**ဒန္တော**– ယဉ်ကျေးတော်မူသော၊
**ဂမိတဗ္ဗဂမော**– ရောက်အပ် သိ



▲ မုဒြာသေးမျိုး ဘုရားဆင်းတုတွင် (၁)ရှာနမုဒြာရုပ်ပွားတော်ဖြစ်ပြီး
(၂)သည် အဘယမုဒြာရုပ်ပွားတော် ဖြစ်သည်

# အဘယစျာန

ဂမ္ဘီရအမိဋ္ဌာန်ကျင့်စဉ်

ဦးခင်မောင်ညို

အစ်သောတရားကို ရောက်တော် သိ
တော်မူသည်ဖြစ်၍၊
**အဓိကော**– လွန်ကဲထူးမြတ်တော်
မူသော၊
**ယောဇိနော**– အကြင်မြတ်စွာ
ဘုရားသည်၊
**မာရဿ**– မာရ်မင်း၏၊
**ဗလံ**– ရဲမက်ဗိုလ်ပါအားကို၊
**ဇိနော**– အောင်တော်မူ၏။
**သောဇိနော**– ထိုမြတ်စွာဘုရား
သည်၊
**မေ**– အကျွန်ုပ်အား၊
**ဝရံ**– မြတ်သော၊
**ဇယံ**–မင်္ဂလာအောင်ဆုကို၊
**ဒေတု**– ပေးသနားတော်မူပါစေ
သတည်း။
ဤဂါထာတော်အား (၉)ခေါက်၊
(၁၈)ခေါက်စသည်အားဖြင့် (၁၀၈)
ခေါက်ထိ ရွတ်ဆို ပူဇော်နိုင်ပါတယ်။
(၂၇)ခေါက်ရွတ်ဆိုရန် အကြံပြုလိုပါ
တယ်။
ဒုတိယအဆင့်အနေဖြင့်...
**ရှာနမုဒြာ ရုပ်ပွားတော်ရှေ့တွင်
အားထုတ်ရပါမယ်။** သက်တော်
ထင်ရှားမြတ်ဘုရားကို ရည်စူးပြီး
လျှင်...
ပန်း၊ ရေ၊ အလင်းတိုင်၊ နံ့သာတိုင်
များကို မိမိတို့နှစ်သက်သလို စွမ်းနိုင်
သရွေ့ လှူဒါန်းပူဇော်ပြီး ဤဂါထာ
တော်ဖြင့် ရှိခိုးကန်တော့ပြီး လိုရာ
ဆုတောင်းရမှာ ဖြစ်ပါတယ်။
ကုဿန္တော အဓိဋ္ဌဟိတွာ၊ နိရောဓံ
သမာပဇ္ဇယိ။
သမာပန္နော ဗုဒ္ဓကာယော၊ ဗိုဠ်တုံ ပရေ
န သက္ကာ။
တသော ဝစန် သစ္စံ ဝန္ဒေတံ လောက
နာယကံ။
တေန သစ္စေန ပုညေန ယောတုမေ
သုခဝမုန်။

နဂါးပွဲရောင်ခြည်ဖျန်းမှုအင်း ၂၀၉ စာမျက်နှာ (၂၁၁) သို့



www.burmeseclassic.com

www.burmeseclassic.com

ယခင်လမှ အဆက်

စပိတ် - သင်၏ ပိုင်ဆိုင်မှုများ လျော့ပါးလာလျက်ရှိသည်။ သင်၏ ကြိုးပမ်းမှုနှင့် သတိကို နှစ်ဆတိုးပါ။

၁၃။ ပျော်ရွှင်မှု

ဟတ် - မိမိမေတ္တာထားသည့် နေရာဌာနမှ ပျော်ရွှင်မှုများ ရောင်ပြန်ဟပ်လာမည်။

ညှင်း - မိမိကိုယ်တိုင်နှင့် မိတ်ဆွေများ၏ စွမ်းဆောင်ချက်ကြောင့် ပျော်ရွှင်မှုရရှိမည်။

ဒိုင်းမွန်း - မိမိကို ဆန့်ကျင်ဘက်ပြုခြင်းများကို ကျော်လွှားနိုင်သည့်အတွက် ပျော်ရွှင်ရမည်။

စပိတ် -အခြားသူများအတွက် မိမိကို အသုံးပြုသဖြင့် ပျော်ရွှင်မည်။ မိမိ အထက်လူကြီးအတွက် ဆောင်ရွက်ပေးရသဖြင့် ပျော်ရွှင်မှုရမည်။

၁၄။ အချစ်ရေး

ဟတ် - အချစ်ရေးတွင် အောင်မြင်ပျော်ရွှင်ရမည်။

ညှင်း - သစ္စာရှိသော ချစ်သူတစ်ယောက် ရရှိမည်။ မိမိကို နည်းအမျိုးမျိုးဖြင့် တိုးတက်အောင် ဆောင်ရွက်ပေးမည်။

ဒိုင်းမွန်း - မိမိ၏ မြတ်နိုးတွယ်တာခြင်း လမ်းပေါ်တွင် မနာလိုမရှုဆိတ်ခြင်းများသာ လွှမ်းမိုးနေမည်။

စပိတ် - သင့်ခရီးမှာ ပျက်စီးကိန်းရှိသည်။ စိတ်မပျက်ပါနှင့် စိတ်ရှည်မှုက အောင်နိုင်သူအဖြစ်သို့ သင့်ကို ပို့ဆောင်ပေးမည်။

၁၅။ ကံကောင်းခြင်း

ဟတ် - တရားသော နည်းများဖြင့် ဆောင်ရွက်ထားမှုများကြောင့် ဘဝ၏ တိုးတက်အောင်မြင်မှုများ ရရှိမည်။

# မိတ်ဆွေဖြစ်သွားမည့် ဖဲချပ်များ

ဟန်ဝင်းနိုင်



ညှင်း - မိမိ၏ ကိုယ်ပိုင်စိတ်ကူးများ၊ အကျင့်စာရိတ္တများ၊ မိတ်ဆွေတို့၏ ပံ့ပိုးမှုများကြောင့် ကံကောင်းမှုများ ဖြစ်ပေါ်မည်။

ဒိုင်းမွန်း - ပြိုင်ဘက်တို့၏ မနာလိုမှုကြောင့် သင်၏ ဥစ္စာပစ္စည်းများ အန္တရာယ် ရှိနိုင်သည်။

စပိတ် - အမုန်းတရားများ၊ ကြံစည်မှုများသည် သင်၏ လတ်တလော အောင်မြင်မည့် အခွင့်အလမ်းများကို ပျက်စီးစေသည်။

၁၆။ ထိမ်းမြားမှု

ဟတ် - လက်ထပ်ထိမ်းမြားမှုသည် ကောင်းသောအမှုတစ်ခု ဖြစ်မည်။ သင်၏မေတ္တာမှာ အပြန်အလှန် သဘောများ ရှိနေသည်။

ညှင်း - သင့်လက်ထပ်ထိမ်းမြားမှုကို မိတ်ဆွေများက ဆောင်ကြဉ်း... လိမ့်မည်။

ဒိုင်းမွန်း - ဒုက္ခများ၊ သောက... စိတ်အနှောင့်အယှက် ဖြစ်ရမှုများသ... ထိမ်းမြားခြင်း၏ ရလဒ်များဖြစ်သ...

စပိတ် - လက်ထပ်ခြင်းမှ ဆိုး... များ ဖြစ်ပွားနိုင်သည်။ မိမိလက်ထ... မည့်သူကို ရွေးချယ်ရာတွင် သတိ... စွာထားရမည်။

၁၇။ စိတ်ဆင်းရဲရမှု

ဟတ် - ဒုက္ခများ မကြာမီ ပပျော... မည်။ မျှော်လင့်ချက်ဖြင့် နေထိုင်...

ညှင်း - မိတ်ဆွေများနှင့် ပြန်လ... ပေါင်းစည်းရေးကို အမြန်ဆုံး အကော... အထည်ဖော်ရမည်။

ဒိုင်းမွန်း - နှုတ်ကြမ်းမှုနှင့် ဒေါ... တို့ကြောင့် ဒုက္ခဆင်းရဲ ခံစားနေရ... ယင်းတို့ စွန့်ပယ်ပြီး ငြိမ်းချမ်... နေထိုင်ပါ။

စပိတ် -လှည့်စားခြင်း၏ သ... ကောင် ဖြစ်နေသည်။

၁၈။ စိတ်ချမ်းမြေ့မှု

ဟတ် - အပြန်အလှန် မေတ္တာမျှ... ရရှိနေသည်။

ညှင်း - သတိကြီးစွာထားမှုကြော... စိတ်ချမ်းမြေ့မှု ရောင်နီသန်းနေပြီ...

ဒိုင်းမွန်း - စိတ်ချမ်းမြေ့မှုကို အသ...





www.burmeseclassic.com

www.burmeseclassic.com

ရ လိုလားနေသည်။ အကြီးအကျယ် နှံစားမှုများက ဒေါသဖြင့် နိဂုံးချုပ် သည်။

**စပိတ်** – သင်၏ စိတ်ချမ်းမြေ့မှု သည် တဒင်္ဂသာ ဖြစ်သည်။

၁၉။ အမွေဆက်ခံသူ

**ဟတ်** – အမွေများ ခံစားရခြေမှာ လွဲတမ်း ရှိနေသည်။

**ညှင်း** – မိတ်ဆွေတစ်ဦးထံမှ တရား င် ဆက်ခံခွင့်များ ရရှိပေမည်။

**နိုင်းမွန်း** – အမွေရရှိရန်ရှိသော် သည်း တရားတဘောင် ရင်ဆိုင်ရပြီး သော အမွေထက် တရားစရိတ်က ကြီးနေမည်။

**စပိတ်** – သင် အမွေဆက်ခံခွင့် နေသည်ဆိုပါက ထိုအမွေမှာ လိမ်ညာမှုကြောင့် ဆုံးရှုံးသွားနိုင်ခြေရှိ သည်။

၂၀။ အလိမ်ခံရမှု

**ဟတ်** – မိတ်ဆွေသူငယ်ချင်း များ ပွင်းပေါင်းသင်းမှုအရ သစ္စာဖောက်ခံ ခြေရှိ သည်။

**ညှင်း** – သင့်ကို ထောင်ချောက်ဆင် မ်ခြင်းမှ မကြာခဏ ကယ်တင်ရမှု ကြောင့် မိတ်ဆွေများကို ကျေးဇူးတင် ရမည်။

**နိုင်းမွန်း** – သင့်ကို လိမ်ညာနေသူ လက်မှ အချိန်က ကယ်တင်သွား ည်။ သို့ သော် သူတို့၏ အန္တရာယ်ကို င် သိရသဖြင့် ထိတ်လန့်သွားမည်။

**စပိတ်** – အရှက်တကွဲ အကျိုးနည်း ခြင်း၊ မိတ်ဆွေများ ဆုံးရှုံးခြင်းတို့ ကိန်းရှိသည်။

၂၁။ ပြိုင်ဘက်

**ဟတ်** – ပြိုင်ဘက်များကို ကျော် နိုင်သည်။ သင့်အချိန် ရောက်ပြီ၊ ကျိုးရှိအောင် အသုံးချပါ။



**ညှင်း** – သင့်ကိုယ်ပိုင် စွမ်းရည်နှင့် မိတ်ဆွေတို့၏ စုရုံးမှုများကြောင့် ပြိုင်ဘက်များကို အောင်နိုင်မည်။

**နိုင်းမွန်း** – သင့်အပေါ် လျှို့ဝှက် ကြံစည်မှုများ ရှိနေလင့်ကစား သင် အကျိုးဖြစ်ထွန်းရာကို ဆုံးဖြတ်နိုင် သည်။

**စပိတ်** – သင် ယခုလျှောက်နေ သော လမ်းသည် မအောင်မြင်နိုင်။ ပြိုင်ဘက်များက သင်မျှော်မှန်းထား ချက်များကို လက်ဦးမှု ယူထားသည်။

၂၂။ လက်ဆောင်ပဏ္ဏာ

**ဟတ်** – မျှော်မှန်းထားသည်ထက် သာလွန်သော လက်ဆောင်များ ရမည်။

**ညှင်း** – လက်ဆောင်များမှာ သင့် အကျိုးအတွက်သာ ဖြစ်သည်။

**နိုင်းမွန်း** – ငွေနှင့် အခြားနှစ်သက် ဖွယ် လက်ဆောင်ပစ္စည်းများက သင့် ကို ဂုဏ်သိက္ခာရှိသူအဖြစ်မှ ဖယ်ရှား သွားလိမ့်မည်။ သတိပြုပါ။

**စပိတ်** – လက်ဆောင်ပဏ္ဏာများကို သတိပြုပါ။ အပြုံး၏ နောက်ကွယ်တွင် အမုန်းရှိသည်။

၂၃။ ချစ်သူ

**ဟတ်** – သင့်ချစ်သူအပေါ် သင် ကျေနပ်နှစ်သက်နေမည်။

**ညှင်း** – ချစ်သူရွေးမှန်မည်။ သင် ယုံကြည်ရသူများ၊ မိတ်ဆွေများထံမှ အကျိုးခံစားရမည်။

**နိုင်းမွန်း**–သင့်ချစ်သူသည် သံသယ ဖြစ်ဖွယ် ရှိသည်။

**စပိတ်**–သင့်မေတ္တာများ ပုံအပ်ခြင်း သည် မှားယွင်းကြောင်း နောင်တရ မည်။

၂၄။ တိုးတက်မှု(ရာထူး)

**ဟတ်** – မျှော်မှန်းတားသည်ထက် မြင့်မားမည်။ လေးစားထိုက်သူများ၏ အလယ်တွင် ထင်ပေါ်မည်။

**ညှင်း**–တာဝန်ကျေမှုကြောင့် ရာထူး တိုးမည်။ မိတ်ဆွေများကို မမေ့ရ။

**နိုင်းမွန်း** – သင်၏ တိုးတက်မှုမှာ ပြိုင်ဘက်များကြောင့် နှောင့်နှေးမည်။

**စပိတ်** – ခြေထိုး၊ ချောက်တွန်းမှု ကြောင့် တက်လမ်းပိတ်မည်။ မိမိအလုပ် ကိုသာ ဆက်လုပ်ပါ။

၂၅။ အကျိုးကျေးဇူး

**ဟတ်**–သင်၏ စွမ်းရည်နှင့် အကျိုး ကျေးဇူးရသလို သင်၏ အထက်လူကြီး ထံမှလည်း အကျိုးကျေးဇူးများရရှိမည်။

**ညှင်း**–ကျေးဇူးတင်ရမည့် မိတ်ဆွေ များထံမှ အကျိုးကျေးဇူးရမည်။

**နိုင်းမွန်း**–သင်ရသင့်သည့် အကျိုး အမြတ်၏ အစိတ်အပိုင်းလောက်သာ ရမည်။

**စပိတ်** – မှားယွင်းမှုများကြောင့် သင်ရမည့် အကျိုးအမြတ်များမှာ အခြားသူလက်သို့ ရောက်ရှိသွားသည်။

၂၆။ စီးပွားရေးလုပ်ငန်းကြီးများ

**ဟတ်** – သင့်စီမံကိန်း အောင်မြင် မည်။ သင်လည်း ချီးကျူးခံရမည်။

**ညှင်း** – သင့်ကုမ္ပဏီသည် အကျိုး အမြတ်များပြီး မိတ်ဆွေများ၏ အကူ အညီရမည်။

**နိုင်းမွန်း** – လုပ်ငန်းတွင် အငြိုင်



www.burmeseclassic.com

www.burmeseclassic.com

အဆိုင်များ ရှိနေသည်။

**စပီတ်** – များစွာသော သင်၏ လုပ်ငန်းများ တိုးတက်မှုမရှိပါ။ လုပ်ငန်းများကို သတိထား ဆောင်ရွက်သင့်သည့်အချိန် ဖြစ်သည်။

၂၇။ အပြောင်းအလဲ

**ဟတ်**–တိုးတက်မှုနှင့်တွဲ၍ ပျော်ရွှင်ဖွယ်ကောင်းသော အပြောင်းအလဲ ရှိနေမည်။ ကံပါ ဆက်၍ ကောင်းလာမည်။

**ညှင်း** – အကျိုးတရားရှိသော အပြောင်းအလဲတစ်ခု ဖြစ်ခဲ့သည့်အတွက် မိတ်ဆွေတစ်ယောက်ကို ကျေးဇူးတင်ရမည်။

**ဒိုင်းမွှန်း** – ဆန့်ကျင်ဘက် လှုပ်ရှားမှုများ မပြုပါနှင့်။ ဆီမှအိုးထဲမှနေ၍ မီးဖိုထဲသို့ ရောက်သွားကိန်းရှိသည်။

**စပီတ်** – လက်ရှိအခြေအနေကို ဆုံးရှုံးသွားနိုင်ခြေရှိသည်။ လျှို့ဝှက်ရန်သူများ ရှိနေသည်။

၂၈။ အသက်အန္တရာယ်

(သေခြင်းတရား)

**ဟတ်**–တစ်စုံတစ်ယောက်၏ အနိစ္စကိစ္စမှ သင်အကျိုးဖြစ်နိုင်သည်။


**ညှင်း** – မိတ်ဆွေတစ်ယောက်ထံမှ ဆက်ခံခွင့်ရမည်။

**ဒိုင်းမွှန်း** – ရန်သူ၏ အနိစ္စသတင်း ကြားရမည်။

**စပီတ်** – သင်၏ အဆိုးဆုံးရန်သူမှာ နေဝင်ချိန်ရောက်နေပြီး သင်၏ အဆိုးဆုံး နေ့ရက်များ နိဂုံးချုပ်တော့မည်။

၂၉။ ဆုလာဘ်

**ဟတ်** – သင်၏ လုပ်အားကြောင့် ဆုလာဘ်ရမည်။ ထို့ပြင် သင်၏ ရိုးသားကျိုးနွံတတ်မှုကြောင့် မြောက်မြားစွာသောဆုနှင့် ဂုဏ်သိက္ခာများ ရရှိလာမည်။



**ညှင်း** – သင်၏ စွမ်းဆောင်မှုကြောင့် ဆုလာဘ်ရရှိမည်။ သို့သော် ထိုဆုမှာ မိတ်ဆွေ၏ ဆောင်ကြဉ်းမှုကြောင့် ရရှိသည်။

**ဒိုင်းမွှန်း** – ရသင့်ရထိုက်သော ဆုကြေးများ မရဘဲဖြစ်နေမည်။ ကြားဝင် အနှောင့်အယှက်ပေးမှုကြောင့် ဖြစ်သည်။

**စပီတ်** – ရမည်ဟု မျှော်လင့်ထားသည်များသည် မတရားလိမ်လည်မှုများကြောင့် ဆုံးရှုံးသွားနိုင်သည်။

၃၀။ ဂုဏ်သရေပျက်မှု

**ဟတ်**–သင့်တွင် ကြုံတွေ့နေရသော သေးငယ်သည့် ဂုဏ်သရေပျက်မှုသည် ပျောက်ကွယ်သွားပြီး ဤအချက်မှာ သင်၏ တိုးတက်မှုကို ဖြစ်ပေါ်စေမည်။

**ညှင်း**–သင့်မိတ်ဆွေ တစ်ယောက် ဂုဏ်သရေပျက်ရမည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသည်။ သင် အကူအညီ ပေးပါ။ ပပျောက်သွားမည်။

**ဒိုင်းမွှန်း** – နာမည်ကို ရောင်းစားခံရမည့်ကိန်းရှိသည်။ သတိပြုပါ။

**စပီတ်**–သင် မယုံကြည်ရမည့်သူကို ယုံကြည်မိလျက်သား ဖြစ်နေသည်။ ထို့အတွက်ကြောင့် ဆုံးရှုံးမှုများ ဖောက်ပြန်မှုများနှင့် ကြုံရမည်။

၃၁။ ကောင်းသောကံအကျိုး

**ဟတ်** – မမျှော်လင့်ထားသည့် ကံကောင်းမှု တစ်ချက်ကြောင့် သင်၏ အခြေအနေသည် သင့်တင့်ကောင်း လာမည်။

**ညှင်း** – မိတ်ဆွေများ၏ အကူ ကြောင့် ကံကောင်းတိုးတက်မှု ကြုံရမည်။

**ဒိုင်းမွှန်း** – မကောင်းသော ထားရှိသော မိတ်ဆွေတု ရည်မှန်းချက်များသည် သင် တို ဖို့ ဖြစ်နေမည်။

**စပီတ်** – အသက်အန္တရာယ် ခြိမ်းခြောက်သည့် အန္တရာယ်များ သည်။ သို့သော် အကာအကွယ် ပြုပေးနေသူများ ရှိနေကြပါမည်

၃၂။ ဥစ္စာဓန

**ဟတ်**–မိမိ အမြင့်မားဆုံး ရည် ထားသည့်အတိုင်း ဥစ္စာဓနများ တိ မည်။

**ညှင်း**–သင်၏အစွမ်းအစ၊ အ အသင်းများ၏ အကူအညီတို့ ပေါ ပြီး တစ်စုံတစ်ရာသော ဥစ္စာဓ ဖြစ်ထွန်းမည်။

**ဒိုင်းမွှန်း**–သင် ယုံကြည်စိတ် သောသူများက သင့်အရင်းအ အသုံးပြု၍ ကိုယ်ကျိုးရှာကြလိမ့်

**စပီတ်**–သင်၏ ဉာဏ်စွမ်း။ အ အနီးအားလုံးသည် အခြားသူ အတွက် ဖြစ်သွားနိုင်သည်။ ထို့ကြောင့် လက်ကုန်မထုတ်ဘဲ သိုသိုသိ ဆောင်ရွက်ပါ။

၃၃။ လျစ်လျူရှုခံရခြင်း

**ဟတ်**–အခြားသူတို့၏ အ များကို သင် လျစ်လျူရှုခဲ့သဖြင့် မှုများ ဆုံးရှုံးမည်။

**ညှင်း**–မိတ်ဆွေများနှင့် ပေါင်း ရာတွင် လျစ်လျူရှု ပစ်ပယ်မှု ခဲ့သည့်အတွက် စိတ်ပူပင်မှုများ မည်။

www.burmeseclassic.com

www.burmeseclassic.com

**နိုင်းမွန်း** – အခြားသူများက သင့်အကျိုး စီးပွားကို လျစ်လျူရှုသွားမည်။

**စပီတ်**–တာဝန်မသိတတ်မှု၊ မဖော်ရွေမှုတို့ကြောင့် ငွေ၊ သိက္ခာ၊ မိတ်ဆွေနှင့် ကျန်းမာရေးတို့ ဆုံးရှုံးထိခိုက်စေနိုင်သည်။

၃၄။ မျက်နှာသာပေးခံရခြင်း

**ဟာတ်** – ကြွယ်ဝချမ်းသာသူများ၏ မျက်နှာသာပေးခြင်းခံရမည်။ ထိုပုဂ္ဂိုလ်များက သင့်တိုးတက်မှုကို ဆောင်ရွက်ပေးမည်။

**ညှင်း**–သင်၏ ဖြောင့်မတ်မှန်ကန်သော အစဉ်အလာကြောင့် မိတ်ဆွေများ ရရှိမည်။

**နိုင်းမွန်း** – မျက်နှာသာပေး ခံရရန်ပင် အခက်တွေ့နေမည်။ ပြိုင်ဘက်များ ရှိနေသည်။

**စပီတ်**–ကိုယ့်အားကိုယ်ကိုး ကိုယ့်ခြေထောက်ပေါ် ရပ်နိုင်ရန်သာ ကြိုးစားပါ။

၃၅။ ရည်မှန်းချက်

**ဟာတ်**–သင့်ရည်မှန်းချက် နောက်သို့ မှန်မှန်လိုက်ပါ။ မလွဲမသွေ အောင်မြင်ရမည်။

**ညှင်း**–သင်၏ စိမ့်ကိန်း၊ လျာထားချက်များအပေါ် စိတ်ဝင်စားသော မိတ်ဆွေများကြောင့် ရည်မှန်းချက် အောင်မြင်မည်။

**နိုင်းမွန်း**–ဆွေမျိုးများနှင့် မိတ်ဆွေများကြောင့် သင့်ရည်မှန်းချက်နှင့် ဝေးနေလိမ့်မည်။

**စပီတ်**–ရန်သူများ၊ မိတ်ဆွေတုများကြောင့် သင့်ရည်မှန်းချက်ပျက်ပြီး စိတ်သောက အကြီးအကျယ် ရောက်နိုင်သည်။

၃၆။ ကျန်းမာရေး

**ဟာတ်** – သင့်မကျန်းမာမှုသည် တဒင်္ဂသာ ဖြစ်သည်။ စိုးရိမ်ရန် မလိုပါ။

**ညှင်း** – သင့်ကျန်းမာရေးသည် အန္တရာယ်ပေးလောက်သော အခြေအနေတွင် မရှိပါ။

**နိုင်းမွန်း** – အချိန်တို အပြင်းဖျားမှု ရှိ မည်။

**စပီတ် –** သင် တစ်ယောက်တည်း ခံစားနေရသည် မဟုတ်ပါ။ ရန်သူများပါ ခံစားနေရသည်။ စိတ်ရှည်ပါ။

မှတ်ချက်

ဤဟောနည်းတွင် ဟာတ်ဖဲသည် သူ ကျရောက်ရာနေရာတွင် ကောင်းကျိုးများ၊ အောင်မြင်မှုများကို ပေးသည်။

ညှင်းဖဲကလည်း မိတ်ဆွေတို့၏ အကူအညီများ၊ လမ်းညွှန်မှုများကို ပြသည်။

နိုင်းမွန်းမှာ မနှာလိုမှု၊ ကြံစည်မှုများကို ဖွင့်ဆိုပြီး စပီတ်မှာ ဆုံးရှုံးမှု၊ လိမ်လည်ခံရမှု စသည်တို့ကို ပြကြောင်း ယေဘုယျအားဖြင့် ရတွေ့ရပေမည်။

ပညာရှင် ဆီဖာရီယယ်ကမူ မေးခွန်းတစ်ခု အမှတ်စဉ်တစ်ခုကို ဟောကြားရာတွင် ထိုအမှတ်စဉ် ဖဲချပ်အပြင်ယင်းကို လေးဖက်လေးတန်မှ ထိတွေ့နေသော ဖဲ(၈)ချပ်၊ ပေါင်း(၉)ချပ်စလုံးကို ဆက်စပ်ကိုးကား ဟောသင့်ကြောင်း ဆိုထားပါသည်။

*ပြီးပါပြီ။*

**ဟန်ဝင်းနိုင်**

စာမျက်နှာ (၂၀၉)မှ အဆက်

ခက်ခဲသော ပါဠိအသံထွက်

ဇုဋ္ဌမ္ဘော = အိတ်ဆန့်တော
အဓိဋ္ဌဟိတွာ = အဓိတ်ထဟိတ်တွာ
သမာပဇ္ဇယိ = သမာပစ်ဇယိ
သမာပန္နော = သမာပန်နော
ဌိတကာယော = ထိတကာယော
ဝိဠိတုံ = ဝိလိတုံ
နသက္ကာ = နသက်ကာ
သစ္စံ = သစ်စံ
ဝန္ဒေတံ = ဝန်ဒေတံ
သစ္စေန = သစ်စေန
ပုညေန = ပုန်ညေန
သုဝတ္ထိ = သုဝတ်ထိ

အနက်

**ဓိရေနာ**– ငါးမာရ်အောင်မြင် ဘုရားရှင်သည်၊ **ဇုဋ္ဌမ္ဘော**– အလိုရှိတော်မူသည်ရှိသော်၊ **နိရောဓံ**– နိရောဓ သမာပတ် မြတ်ချမ်းသာကို၊ **အဓိဋ္ဌဟိတွာ**– ဆောက်တည်တော်မူ၍ **သမာပဇ္ဇယိ**–ဝင်စားတော်မူ၏၊ **သမာပန္နော**– ဝင်စားတော်မူလျက်၊ **ဌိတကာယော**– တည်သော ကိုယ်တော်ကို၊ **ပရေ**– တစ်ပါးသောသူတို့သည်၊ **ဝိဠိတုံ**– နှိပ်စက်ခြင်းငှာ၊ **နသက္ကာ**–မတတ်နိုင်ပါ၊ **တံဝစနံ**– ထိုစကားသည်၊ **သစ္စံဝ**– မှန်သည်သာလျှင်တည်း။ **လောကနာယက**– လောက၏ ရှေ့ဆောင်မြတ်တော်မူသော၊ **တံ**– ထိုမြတ်စွာဘုရားကို၊ (**အဟံ**– အကျွန်ုပ်သည်) **ဝန္ဒေ**– ရှိခိုးပါ၏၊ **ဧတေနသစ္စေန**– ထိုမှန်သော သစ္စာစကားကြောင့် လည်းကောင်း၊ **ဧတေနပုညေန**– ထိုသို့ ရှိခိုးရသော ကုသိုလ်ကြောင့် လည်းကောင်း၊ **မေ**– အကျွန်ုပ်အား၊ **သုဝတ္ထိ**– ချမ်းသာအများ တိုးပွားခြင်းသည် **ဟောတု**– ဖြစ်ပါစေသတည်း။

*[ဤဂါထာတော် ပါဠိအနက်ကို နကျွမ်းရောင်ခြည်မဂ္ဂဇင်း [illegible] ပါဠိအသံထွက်တို့ကို ဦးသန်း [illegible] (ဓမ္မာစရိယ) [illegible] ထံမှ ပြန်ဆိုပေးပါသည်။]*

ဤဂါထာတော်ကို ရွတ်နိုင်သမျှ ရွတ်ဆိုနိုင်ပါတယ်။ စိတ်ချမ်းသာမှု ကိုယ်ချမ်းသာမှုများနဲ့ ပြည့်ဝပါလိမ့်မယ်။

**[illegible]**

**ဦးခင်မောင်နိုင်**



www.burmeseclassic.com

www.burmeseclassic.com

# လေဖြတ်ခံထားရသူများ အတွက်

လက်နှင့်ခြေ လေ့ကျင့်ခန်းများ (၃)

တင်ထွန်းမြောက်
(ရေနံချောင်း)

ယခင်လမှ အဆက်

၁။■ လေဖြတ်ထားသော လက်မှ လက်မကို အပေါ်၊ လက်သန်းကို အောက်တွင်ထား၍ လက်နှစ်ဖက်မှ လက်ချောင်းချင်းယှက်ပြီး ဆုပ်ကိုင်ပါ။

■ လေဖြတ်ထားသော လက်ကို ဆုပ်ကိုင်ထားပါ။

၂။ သင်၏ လက်ကောက်ဝတ်ကို ရှေ့ဘက်၊ နောက်ဘက် (ဘယ်ဘက်၊ ညာဘက်သို့) ဖြည်းညင်းစွာ ကွေးညွတ်ပါ။

### လက်ကောက်ဝတ်အား

### လက်သန်းဘက်၊ လက်မဘက်သို့

### ကွေးညွတ်ခြင်း

❖ ပုံစံအနေအထား (၃)မျိုးဖြင့် လေ့ကျင့်ပါ။

❖ [၁၀–ကြိမ်] လေ့ကျင့်ပါ။

* * *

ဆုပ်ကိုင်ထားပါ။

၂။ သင်၏ လက်ကောက်ဝတ်ကို အတွင်းဘက် (သင့်ဘက်သို့)နှင့် အပြင် ဘက်(သင်နှင့်ဝေးရာဘက်သို့) ကွေးညွတ်ပါ။

### လက်ကောက်ဝတ်နှင့်

### လက်ချောင်းများ လေ့ကျင့်ခန်း

▲ လက်ချောင်းများကို ဖြောင့်ဖြောင့်ထားလျက် လက်ကောက်ဝတ်ကို နောက်ဘက်သို့လှန်၍ ကွေးလိုက်ပါ။

ထို့နောက် လက်ချောင်းများနှင့် လက်ကောက်ဝတ်ကို ရှေ့ဘက်သို့ မှောက်၍ကွေးပါ။


* * *



▲ လက်မကို လက်ဖဝါးရှေ့တွင် ဖြန့်လျက်ထားပါ။ လက်မအဆစ်နှစ်ခုလုံး ကွေးထားပါ။ လက်ညှိုးမှ (၉၀)ဒီဂရီ ထောင့်မှန်ကျသည်အထိ လက်မကို ပြန်၍ဖြောင့်ပါ။

▲ လက်ညှိုးမှ (၉၀)ဒီဂရီ ထောင့်မှန်ကျသည်အထိ လက်မကို ဖြောင့်ဖြောင့်ထားပါ။ လက်မထိပ်ကို လက်သန်းအခြေနှင့် ထိလျက် လက်ဖဝါးရှေ့တွင် လက်မကို ကွေးပါ။

* * *



### လက်ချောင်း ကွေးခြင်းနှင့်

### ဆန့်ခြင်း

**ပုံစံအနေအထား** ။ ။ လေဖြတ် သော လက်ကို စားပွဲပေါ် တင်ထားပါ။

**လေ့ကျင့်ခန်း** ။ ။ လက်ချောင်း များနှင့် လက်မကို (၁၀)ကြိမ်စီ လေ့ကျင့်ပါ။

✢ လက်ချောင်း တစ်ချောင်းစီကို





လေ့ကျင့်ခန်း

၁။✱ လေဖြတ်ထားသော လက်မှ လက်မကိုအပေါ်၊ လက်သန်းကို အောက်တွင်ထား၍ လက်နှစ်ဖက်မှ လက်ချောင်းချင်းယှက်ပြီး ဆုပ်ကိုင်ပါ။

✱ လေဖြတ်ထားသော လက်ကို

▲ လက်မကို အပြင်ဘက်မှထား၍ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပါ။ ထို့နောက် လက်ချောင်းများကို ဆန့်ထုတ်ပါ။

လက်ဖဝါးဖြန့်၍ လက်ချောင်းများကို ခွဲလိုက် စေ့လိုက် လုပ်ပါ။

* * * →




www.burmeseclassic.com

www.burmeseclassic.com

ဖြည်းညင်းစွာ ကွေးလိုက် ဆန့်လိုက် ပြုလုပ်ပါ။

* * *



လက်မကို ဆန့်ထုတ်ခြင်း


**ပုံစံအနေအထား**။။ လေဖြတ် သော လက်ကို စားပွဲ ပေါ်တွင် တင် ထားပါ။

**လေ့ကျင့်ခန်း** ။။(၁၀)ကြိမ် လေ့ ကျင့်ပါ။

၁။ လေမဖြတ်သောလက်၏ လက်မ နှင့် လက်ညှိုးကို လေဖြတ်သော လက်၏ လက်မနှင့် လက်ညှိုးကြား တွင် ထားပါ။

၂။ လေမဖြတ်သော လက်၏ လက်မ နှင့် လက်ညှိုးကို ဆန့်၍ ခွဲထုတ်ပါ။

* * *



လက်မကို မျက်နှာချင်းဆိုင် ရွှေ့စေခြင်း


**ပုံစံအနေအထား**။။ လေဖြတ် သော လက်ကို စားပွဲ ပေါ် တင်ထားပါ။

**လေ့ကျင့်ခန်း** ။။(၁၀)ကြိမ် လေ့ ကျင့်ပါ။

★ လေဖြတ်သော လက်မကို မျက်နှာ ချင်းဆိုင်ရှိနေသော လက်သန်း ထိပ်နှင့် ထိစေရန် ရွှေ့ပေးပါ။

★ ယင်းလက်မထိပ်နှင့် ကျန်လက် ချောင်းထိပ်များကိုလည်း ထိပေးပါ။

* * *



လေဖြတ်ခြေထောက်(ဘယ်ဘက်) လှုပ်ရှားနိုင်ရန်နှင့် လမ်းလျှောက်နိုင်ရန် လေ့ကျင့်ခြင်း

★ ကောင်းသော ခြေထောက်(ညာ ဘက်)ကိုပါတွဲ၍ ခြေထောက်နှစ် ချောင်းလုံးကို အောက်ပါလေ့ကျင့် ခန်း အစီအစဉ်အတိုင်း အလားတူ စွာ လေ့ကျင့်ပေးသင့်ပါသည်။

(A) ပက်လက်အိပ်လျက် လေ့ကျင့်ခြင်း

၁။ လေဖြတ်ခြေထောက် (ဘယ်ဘက်) ကို ကူညီလေ့ကျင့်ပေးသူမှ အထက် သို့ မ,၍ မြှောက်ပါ။ မိမိကလည်း စွမ်းနိုင်သမျှ အားထည့်၍ မြှောက် ပေးပါ။

သို့မှသာ ခြေထောက်ကို မ,မြှောက် ပေးနေသူ(ကူညီသူ) သက်သာ၍ မိမိ လည်း မြန်မြန်လှုပ်ရှားလာနိုင်ပါသည်။ (၁၀)ကြိမ် လေ့ကျင့်ပါ။

၂။ ကူညီလေ့ကျင့်ပေးသူမှ လေဖြတ် ခြေထောက်(ဘယ်ဘက်)ကို ညာ ခြေထောက်မှ ဘေးဘက်သို့ ဆွဲ၍ ခွဲပါ။ မိမိကလည်း ကြိုးစား၍ ဘေး တိုက်ခွဲပါ။ (၁၀)ကြိမ် လေ့ကျင့်ပါ။

၃။ လေဖြတ်ခြေထောက် (ဘယ်ဘက်) ခြေဖနောင့်ကို ကူညီလေ့ကျင့်ပေး သူ၏ လက်ဖဝါးဖြင့် ဆုပ်ကိုင်၍ ခြေဖျား(ခြေချောင်းများ)ကို ကူညီ လေ့ကျင့်ပေးသူ၏ လက်ဖျံဖြင့် ထောက်ကန့်ပြီး ယင်းခြေဖနောင့်ကို ဆွဲယူပါ။

နာကျင်မှုကို ခံနိုင်ရုံမျှသာဆွဲပါ။ တအားမဆွဲပါနှင့်၊ (၁၀)ကြိမ် လေ့ကျင့် ပါ။

၄။ လေဖြတ်ခြေထောက် (ဘယ်ဘက်) ခြေဖျားကို ကူညီလေ့ကျင့်ပေးသူက ဆုပ်ကိုင်၍ အတွင်းအပြင် လှန်ချိုး ပေးပါ။ (၁၀)ကြိမ်လေ့ကျင့်ပါ။ ခြေဖျားများကို ကိုယ်တိုင်ကော့ ကြည့်ပါ။[၁၀–ကြိမ်]

၅။ ကူညီလေ့ကျင့်ပေးသူက လေဖြတ် ခြေထောက်(ဘယ်ဘက်)ကို ဒူးဆစ် နှင့် ခြေသလုံးတို့မှ ထိန်းကိုင်ပြီး ဒူးဆစ်ထောင်၍ ကွေးအောင်တွန်း ပါ။ ထို့နောက် ဒူးဆစ်ဖြောင့်အောင် ဆွဲဆန့်ပါ။ မိမိကိုယ်တိုင်လည်း အားစိုက်၍ ဆွဲကွေးပြီး ဆန့်ထုတ် ခြင်း ပြုလုပ်ပါ။(၁၀)ကြိမ် လေ့ကျင့် ပါ။

၆။ ဒူးဆစ်နှစ်ဖက်ကို ထောင်ထားပြီး ကူညီလေ့ကျင့်ပေးသူက ဘယ် ဘက်ဒူးက ညာဘက်ဒူး အပြင် ဘက်(ဘယ်ဘက်)သို့ ဆွဲခွာပါ။ မိမိ က ဆွဲခွာသည့်အားကို ဆန့်ကျင်၍ ဘယ်ဘက်ဒူးကို အားစိုက်ပြီး ဒူး နှစ်လုံးကို စေ့ပါ။ (၁၀)ကြိမ် လေ့ကျင့် ပါ။

၇။ ဒူးနှစ်ဖက်ကို ထောင်၍ ခွာထားပြီး ကူညီလေ့ကျင့်ပေးသူက ခွာထား သော ဘယ်ဘက်ဒူးကို ညာဘက်ဒူး ဆီသို့ ဆွဲ၍စေ့ပါ။ ယင်း ဆွဲစေ့အား



www.burmeseclassic.com

www.burmeseclassic.com

ကို ဆန့်ကျင်၍ မိမိက ဘယ်ဘက်ဒူးကို အားစိုက်ပြီး ဒူးနှစ်လုံးကို ခွာပါ။ (၁၀) ကြိမ် လေ့ကျင့်ပါ။

၆။ ပက်လက်အိပ်လျက် အနေအထားတွင် တံတောင်ဆစ် နှစ်ဖက်ထောက်၍ အားပြုပြီး ခါးကို ကော့အောင် မြှောက်လျက် (၁)မှ(၁၀)အထိ ရေတွက်ကာ ခါးပြန်၍ ကြမ်းပြင်ပေါ်သို့ ချပါ။ (၁၀)ကြိမ် လေ့ကျင့်ပါ။

### (B) ဒုတ်တုတ်အထိုင်ကျင့်ခြင်း

✦ ညာဘက်သို့ စောင်း၍ ညာဘက်တံတောင်ဖြင့် ထောက်ပြီး အထိုင်ကျင့်၍ နားနားနေနေဖြင့် (၁၀)ကြိမ် လေ့ကျင့်ပါ။

### (C) (က)မတ်တတ်ရပ်ကျင့်ခြင်း

၁။ ထိုင်နိုင်ပြီဖြစ်သောအခါ လေဖြတ်ထားသော ဘယ်ဘက်ဒူးကို ညာဘက်လက်ဖြင့် ဆွဲယူထောင်ပြီး ဘယ်ဒူးကို လေဖြတ်သော ဘယ်လက်ဖြင့်ပိုက်၍ ယင်းဘယ်လက်ကို ညာလက်ဖြင့် ဆွဲလျက်ထိန်းထားပါ။

ထို့နောက် လေဖြတ်သော ဘယ်ခြေအတွင်း ဘေးဘက်(ခြေဖနောင့်ဘက်)ကို ညာခြေဖြင့်တွန်းပြီး ဘယ်ခြေဖဝါးအား ကြမ်းပြင်ပေါ်တွင် တည့်တည့် အပြားလိုက် ကျအောင်နှင့် ဘယ်ဒူးကို မတ်အောင် ထောင်ထားပါ။

၂။ ညာလက်ဖြင့် ထောက်ပြီး ညာခြေကိုခွဲ၍ ဆောင့်ကြောင့်ထိုင်ပါ။

၃။ ထို့နောက် ညာဒူးပေါ် ညာလက်တင်၊ ဘယ်ဒူးပေါ် ဘယ်လက်တင်၍ ညာလက်နှင့် ညာဒူးကို အားပြုထောက်ကန်ပြီး မတ်တတ်ရပ်ပါ။

### (C) (ခ)မတ်တတ်ရပ်ကျင့်ခြင်း

၁။ တန်းတစ်ခု (သို့မဟုတ်) တိုင်(၂)လုံးကို ကိုင်၍ ဆောင့်ကြောင့်ထိုင်ပါ။ (၁)မှ(၁၀)အထိ ရေတွက်ပါ။

၂။ တန်း (သို့မဟုတ်) တိုင်ကိုလွှတ်၍ ဆောင့်ကြောင့်ထိုင်ပါ။ (၁)မှ(၁၀) အထိ ရေတွက်ပါ။

၃။ တန်း(သို့မဟုတ်)တိုင်ကို အားပြု၍ ဆွဲပြီး မတ်တတ်ရပ်ပါ။

၄။ နောင်တွင် ညာဒူးပေါ် ညာလက်တင်၊ ဘယ်ဒူးပေါ် ဘယ်လက်တင်၍ ညာလက်နှင့် ညာဒူးကို အားပြုထောက်ကန်ပြီး မတ်တတ်ရပ်ပါ။

### (D) (က)လမ်းလျှောက် အကူကိရိယာဖြင့် လမ်းလျှောက်ကျင့်ခြင်း

၁။ လမ်းလျှောက် အကူကိရိယာ (walker aids)ဆိုသည်မှာ အသုံးပြုသူအရပ်အမောင်း အနိမ့်အမြင့်ဖြင့် လိုသလို အနိမ့်အမြင့် ညှိယူနိုင်သည့် သုံးဖက်ပိတ် တစ်ဖက်ပွင့် လေးတိုင်စင်လေး ဖြစ်ပါသည်။ သတ္တုချောင်းဖြင့် ပြုလုပ်ထားပြီး ဘေးတန်း(၂)ခုကို ခေါက်နိုင်အောင် အရှင်ပြုလုပ်ထားပါသည်။

၂။ ယင်းလမ်းလျှောက် အကူကိရိယာ (walker aids)၏ လက်ကိုင်ကို လက်နှစ်ဖက်အစုံဖြင့် ဆုပ်ကိုင်၍ မတ်တတ်ရပ်ပါ။

၃။ လေဖြတ်ထားသော ဘယ်ခြေထောက်ကို လမ်းလျှောက်အကူကိရိယာ(walker aids)၏ ရှေ့တန်းနားအထိ ကြိုးစား၍ လှမ်းထားပါ။

၄။ ထို့နောက် ညာခြေကို ဘယ်ခြေနှင့် တစ်တန်းတည်း ညီအောင်ချပါ။

၅။ လမ်းလျှောက် အကူကိရိယာ (walker aids)ကို မ,ယူ၍ ရှေ့သို့ အနည်းငယ် တိုးရွှေ့ပါ။

၆။ ထိုနည်းအတိုင်း နည်းနည်းချင်း တဖြည်းဖြည်း ဝေးရာသို့ လမ်းလျှောက် လေ့ကျင့်ပါ။

### တန်းနှစ်ချောင်းဖြင့် လမ်းလျှောက်ကျင့်ခြင်း

၁။ (Twin Bar)ခေါ် ဝါး (သို့မဟုတ်) သစ်သားတန်းနှစ်ခုကို လက်ဖြင့် ကိုင်ပါ။ ဘယ်ခြေကိုလှမ်း၍ ညာဘက်ကို ရှေ့သို့ထုတ်ပြီး တန်းကို ကိုင်ပါ။

ညာခြေလှမ်း၍ ဘယ်လက်ထုတ်ပြီး တန်းကို ကိုင်ပါ။ ဘယ်ခြေ ညာလက်၊ ညာခြေ ဘယ်လက်ဖြင့် ဟန်ချက်ညီအောင် သတိထားပြီး လမ်းလျှောက်ကျင့်ပါ။

၂။ နောင်တွင် တုတ်ကောက်ဖြင့် ကျင့်ပါ။ ဘယ်ခြေနှင့် ညာလက်မှ ကိုင်ထားသော တုတ်ကောက်ကို တစ်ညီတည်း ရှေ့သို့ ထုတ်လှမ်းပြီး ဘယ်ခြေ ညာလက် ညာခြေအားလက်အတိုင်း ဟန်ချက်ညီအောင် သတိထား၍ လမ်းလျှောက်ကျင့်ပါ။

### အဆင်းအတက် လေ့ကျင့်ခြင်း

၁။ တုတ်ကောက် (သို့မဟုတ်) လှေကားလက်ရန်းကို အားပြုလျက် အဆင်းတွင် လေဖြတ်ထားသော ဘယ်ခြေထောက်ဖြင့် စတင်ဆင်းပါ။

၂။ အတက်ကို ကောင်းသော ညာခြေထောက်ဖြင့် စတင်တက်ပြီး လေဖြတ်ထားသော ဘယ်ခြေကို ဆွဲယူတင်ပါ။

၃။ အဆင်းဘယ် အတက်ညာဖြင့် အဆင်းအတက် လေ့ကျင့်ပါ။

**တင်ထွန်းအောင်**
***(ရေနံချောင်း)***



www.burmeseclassic.com

www.burmeseclassic.com




# လက္ခဏာပဟေဠိ

## အဖြေညှိကြစို့

ဆရာကြီးဦးအောင်မြိုင်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

ယခု ဖော်ပြပေးလိုက်သော ဘယ် ...က်ဖဝါးပုံစံ ပိုင်ရှင်မှာ ရန်ကုန်တိုင်း ...သကြီးအတွင်း မွေးဖွားခဲ့သော ...ဘက်ငါးဆယ်ခန့် အမျိုးသမီးတစ်ဦး ...ပါသည်။

...ဘက်ချောင်းများနှင့် လက်ဖဝါးပြင် တို့ကို သေချာစွာ ကြည့်ရှုစစ်ဆေး လေ့လာပြီးမှ အောက်ပါမေးခွန်းတို့ကို ဖြေကြည့်ပါ။

၁။ 'က'အက္ခရာနှင့် ညွှန်ပြထားသည့် မင်္ဂလာအခြံအရံသင်္ကေတကို မည်သို့ ခေါ်နိုင်သနည်း။ မည်သို့ အကျိုးရှိ အကျိုးပျက်စေနိုင်သနည်း။

၂။ 'ခ'အက္ခရာနှင့် ညွှန်ပြထားသည့် လမ်းကြောင်းမှာ မည်သည့် လမ်းကြောင်း ဖြစ်သနည်း။ မည်ကဲ့သို့သော အကျိုး အပြစ်ကို ဖြစ်ပေါ်စေနိုင်သနည်း။

၃။ 'ဂ'အက္ခရာနှင့် ညွှန်ပြထားသည့် သင်္ကေတကို မည်သို့ခေါ်နိုင်သနည်း။ မည်သည့် အကျိုး အပြစ် ဖြစ်ပေါ်စေနိုင်သနည်း။

မိမိတို့၏ အဖြေများကို သီးခြား စာရွက်လွတ်တွင် ရေးမှတ်ပြီးမှ ပဟေဠိ အဖြေများနှင့် တိုက်ဆိုင်စစ်ဆေးကြည့်ပါရန် တိုက်တွန်းအပ်ပါသည်။ သို့မှသာ လက္ခဏာပညာသုတ ပိုမိုတိုးပွား ရရှိကြပါလိမ့်မည်။

ပဟေဠိ အဖြေများကို
စာမျက်နှာ( ၂၂၄ )တွင်
ကြည့်ရှုပါရန်



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ နှင်းဆီဒေါတိုင်းရင်းဆေးကုခန်း

# ဆရာမဒေါ်မြင့်စန်း

(တဆ-၀၁၁၅၇) နှင့် တွေ့ဆုံဆွေးနွေးခဲ့သော

# အစာအိမ်ရောဂါ

ကာကွယ် စောင့်ရှောက်နည်းများ

ဖြောင်းမြ မောင်ယဉ်ကိုင်



ဆရာမဒေါ်မြင့်စန်း(သိမ်ဖြူ) (တဆ-၀၁၁၅၇)

**"သဗ္ဗရောဂမူလံ အ,ဇီဏ္ဏံ"** အနာရောဂါအပေါင်းတို့ ဖြစ်ပေါ်စွဲကပ်လာရခြင်းဟာ အစာအိမ်ကို အကြောင်းခံပြီး ဖြစ်လာရတယ်လို့ တိုင်းရင်းဆေးပညာရှင်ကြီးများက မိန့်ဆိုထားပါတယ်။

အစာအိမ်ရောဂါဟာ ကျန်းမာရေးအသိနဲ့ ကျန်းမာရေးသတိ မရှိသူများ ဖြစ်လွယ်တဲ့ရောဂါလဲ ဖြစ်ပါတယ်။ ဒ့ါပြင် နောက်ဆက်တွဲ ဆင့်ပွားရောဂါများကို မွေးထုတ်ရာရောဂါရဲ့ ရေသောက်မြစ်လဲ ဖြစ်ပါတယ်။

ဒါကြောင့် အဲဒီ အစာအိမ်ရောဂါကို ကြိုတင် ကာကွယ်နိုင်ဖို့အတွက် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်ကို ရောက်တဲ့အခါ ဆရာမဒေါ်မြင့်စန်း(သိမ်ဖြူ)က သိမ်ဖြူဆရာတော်ကြီး ရှင်နာဂသေနာဘိဝံသနဲ့ သိမ်ဖြူဆရာကြီးဦးအောင်ကျော်တို့ရဲ့ တပည့်တစ်ဦး ဖြစ်ပါတယ်။

ဆေးကုသက် နှစ်(၃၀)ကျော်နေပြီဖြစ်တဲ့ ဆရာမဒေါ်မြင့်စန်း(သိမ်ဖြူ)နဲ့ တွေ့ဆုံဆွေးနွေး မေးမြန်းခဲ့သမျှ ပြန်လည် တင်ပြလိုက်ပါတယ်။

▲ **"ဒီတစ်ပတ် ဆရာမနဲ့ ဆွေးနွေးချင်တာကတော့ အစာအိမ်ရောဂါ ကာကွယ် စောင့်ရှောက်နည်းများကို ဆွေးနွေးချင်ပါတယ်။ ဦးဆုံးအနေနဲ့ အစာအိမ်ရောဂါဖြစ်စေတဲ့ အကြောင်းရင်းများကို ပြောပြပေးပါ"**

○ 'အစာအိမ်ရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများကတော့...

၁။ အစာကို ကြေညက်အောင် ဝါးမစားခြင်း။

၂။ အရက်,ဆေးလိပ် လွန်ကျူးစွာ သောက်သုံးခြင်း။

၃။ အချိန်အခါမဲ့ အစား စားသုံးခြင်း။

၄။ တစ်ခါတစ်ရံ အနည်းငယ်သာ စားပြီး တစ်ခါတစ်ရံ လွန်ကျူးစွာ စားသောက်ခြင်း။

၅။ အေးလွန်း,ပူလွန်းသော အစားအစာများ လွန်ကျူးစွာ စားသောက်ခြင်း။

၆။ ဝမ်းဗိုက်ဆာလျက် အစား မစားခြင်း။

၇။ ရေကို လွန်ကဲစွာသောက်ခြင်း။

၈။ နေပူ, မီးပူ, ရေအေး, လေအေးတို့ကို လွန်ကဲစွာ ခံစားခြင်း။

၉။ ကျင်ကြီး, ကျင်ငယ်, လေတို့ရဲ့ အဟုန်ကို တားမြစ်ခြင်း။

၁၀။ ဣဿာ,မစ္ဆရိယ, လောဘ,ဒေါသ, မောဟ,သောက, မာန်မာန စတဲ့ အကုသိုလ်စိတ်များ ယှဉ်တွဲ... ပေါ်နေခြင်း...

စတဲ့ အကြောင်းများကြောင့် ... ဝမ်းမီး ပျက်စီးပြီး မန္ဒ၊ ဝိသမတိ... ဘဿ စတဲ့ ဝမ်းမီးပျက်များအ... ပြောင်းလဲပြီး အစာအိမ်ရောဂါ ဖြစ်... ရခြင်း ဖြစ်ပါတယ်'

▲ **'အစာအိမ်ရောဂါဖြစ်ခဲ့ လက္ခ... များကို ဆက်ပြီး ပြောပြပေးပါဦး'**

○ 'အစာအိမ်ရောဂါ ဖြစ်ခဲ့လက္ခ... များကတော့...

၁။ ရင်ညွန့်တွင် အောင့်ခြင်း၊ ပူ... အစာတင်းနေသလို ဖြစ်ခြင်း...





www.burmeseclassic.com

www.burmeseclassic.com

၂။ လေချဉ်တက်ခြင်း၊ ဖျို့အန်ခြင်း၊
၃။ ခေါင်းကိုက် ခေါင်းမူးခြင်း၊
၄။ ဗိုက်ထဲတွင် မအီမသာဖြစ်ခြင်း၊
၅။ အစာအိမ်ထဲတွင် တစ်စုံတစ်ရာ ရှိသလို ခံစားရခြင်း၊
၆။ အကြောတက်ခြင်း၊
၇။ ဝမ်းသွားလိုစိတ်ရှိခြင်း၊
၈။ အချို့နေရာတွင် အောင့်ခြင်း၊
၉။ အစာအိမ် ရောင်ခြင်း၊ အနာဖြစ်ခြင်း၊
၁၀။ အူသိမ်ပိုင်းအနာဖြစ်ခြင်း စတဲ့ အကြောင်းအချက်များဟာ အစာအိမ်ရောဂါဖြစ်ဆဲ လက္ခဏာများ ဖြစ်ပါတယ်'

▲ **'အစာအိမ်ကို အခြေခံပြီး ဖြစ်တတ် တဲ့ လေထိုး၊ လေအောင့်၊ လေနာ ရောဂါ ဖြစ်ဆဲလက္ခဏာများကို ဆက်ပြီး ပြောပြပေးပါဦး ဆရာမ'**

○ 'အစာအိမ်ကို အခြေခံပြီး လေထိုး၊ လေအောင့်၊ လေနာရောဂါရဲ့ ဖြစ်ဆဲလက္ခဏာတွေကတော့...

၁။ အသားအရေ ခြောက်ကပ်ခြင်း၊
၂။ ခန္ဓာကိုယ်နဲ့ မျက်စိ စတဲ့ ပသာဒရုပ်တို့ ဣန္ဒြေမရခြင်း၊
၃။ အသားအရေ စမ်းကြည့်ရင် အမြဲကြမ်းပြီး အေးစက်နေခြင်း၊
၄။ ရုတ်တရက် အမျက်ဒေါသ ထွက်တတ်ခြင်း၊ ကြောက်တတ်ခြင်း၊
၅။ ရုပ်လက္ခဏာ မကြည်လင်၊ မစိုပြည်ခြင်း၊
၆။ အစာအိမ်တွင် အစာမရှိဘဲ ပူလောင်ပြီး အခိုးထခြင်း၊ တိုးဝှေ့နေခြင်းကြောင့် အလွန်အောင့်ခြင်း၊
၇။ လေတက်တဲ့အခါ အချဉ်နံ့ နံလာပြီး အခိုးတက်လာခြင်း၊ အချဉ်ပေါက်ခြင်း၊
၈။ အစာအိမ် ရောင်လာခြင်း၊
၉။ လည်ချောင်းနာပြီး အစားအစာ မျိုမရခြင်း၊
၁၀။ အန်သောအခါ သွေးစနဲ့ အမြှေးဖတ်များပါလာခြင်း စတဲ့ လက္ခဏာများဟာ အစာအိမ်ကို အခြေခံပြီးဖြစ်တဲ့ လေထိုး၊ လေအောင့် လေနာရောဂါ လက္ခဏာများ ဖြစ်ပါတယ်'

▲ **'အစာအိမ်အချဉ်ပေါက် ရောဂါရဲ့ အစာအိမ်အနာရောဂါကုထုံး အကျဉ်းကို ဆက်ပြီး ပြောပြပေးပါဦး'**

○ 'အစာအိမ် အချဉ်ပေါက်ရောဂါရဲ့ ကုထုံးကတော့ **နနွင်းမှုန့်အစစ်**(၁) ကျပ်သား၊ **နံ့သာဖြူမှုန့်**(၁)ကျပ်သား၊ **တားဆော်ဒါ**(၁)ကျပ် (၈)ပဲသား၊ **ယောက်သွားစုံးပြာ**(၁)ကျပ် (၈)ပဲသား၊ သောက်ဆေး(၅)မျိုး ဆေးချိန်(၁၂)ကျပ် (၈)ပဲသားကို သမအောင် ရောစပ်ပြီး...

တစ်ကြိမ်လျှင် ဆေးလက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် နံနက်၊ နေ့လယ်၊ ညနေ တစ်နေ့(၃)ကြိမ် ရေနွေးနဲ့ သောက်ရပါမယ်။ အဲဒီနည်းအတိုင်း သောက်သွားရင် (၇)ရက်မှ (၁၅)ရက် အတွင်း သက်သာပျောက်ကင်းသွားမှာ ဖြစ်ပါတယ်။

**အစာအိမ်အနာ ကုထုံးကတော့** အစားအစာ မစားမီ ဆေးတစ်မျိုးနဲ့ အစားအစာစားပြီး ဆေးတစ်မျိုး၊ ဆေးနည်းနှစ်မျိုးနဲ့ ကုသရပါတယ်။

အစားအစာမစားမီ ဆေးတစ်မျိုးကတော့ ပိတ်ချင်းသီး၊ ကြံစုသီး၊ သိန္ဓော စတဲ့ ဆေး(၃)မျိုးကို (၁)ကျပ်သားစီ ဆတူရောစပ်ပြီး ဆေး လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် အစာမစားမီ (၁၅) မိနစ်ခန့် ကြိုတင်ပြီး ရေနွေးနဲ့သောက်ရပါမယ်။

ဆေးစားပြီး (၁၅)မိနစ်မှ မိနစ်(၂၀) ကြာရင် ထမင်းဖြစ်စေ၊ အာဟာရဖြစ်မယ့် အစားအစာဖြစ်စေ စားနိုင်ပါတယ်။ အဲဒီအစာမစားမီ ဆေးသောက်ပြီး အစာစားပြီး (၁)နာရီခန့်ကြာရင် ဆေးအမှတ်(၂၃)မတဲ့မြင်းမိုရ်ကုန်းဆေး တစ်ဆနဲ့ ဆေးအမှတ်(၇) နွယ်ချိုကဲဆေး နှစ်ဆကို သမအောင် ရောစပ်ပြီး ဆေးလက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် ရေနွေးနဲ့ သောက်ရပါမယ်။

အဲဒီနည်းလမ်းအတိုင်း နံနက်စာ မစားမီ ဆေးတစ်ကြိမ်သောက်ပြီး၊ အစာစားပြီး တစ်နာရီခန့်အကြာ ဆေး တစ်ကြိမ်၊ ညနေ(၄)နာရီခန့်မှာလဲ အဲဒီနည်းအတိုင်း (၂)ကြိမ်၊ တစ်နေ့ (၄)ကြိမ်သောက်သွားရင် အစာအိမ် အနာဟာ (၇)ရက်မှ (၁၅)ရက်အတွင်း သက်သာပျောက်ကင်းသွားမှာ ဖြစ်ပါတယ်'

▲ **'အစာအိမ်ရောဂါ မဖြစ်အောင် ကြိုတင်ကာကွယ်နည်းများကို ဆက်ပြီး ပြောပြပေးပါဦး'**

○ 'အစာအိမ်ရောဂါ မဖြစ်အောင် ကြိုတင် ကာကွယ်ဖို့ဆိုရင် နံနက်ထမင်းစားချိန်နဲ့ ညနေထမင်းစားချိန်ကို ပုံမှန်သတ်မှတ်ပြီး စားရပါတယ်။

ဥပမာ– နံနက်(၁၀)နာရီမှ နံနက်စာ ထမင်းစားပြီး ညနေ ထမင်းစားချိန်ကို (၄)နာရီ (သို့မဟုတ်) (၅)နာရီ သတ်မှတ်ပြီး ပုံမှန် စားရပါတယ်။

ဖြည့်စာအဖြစ် စားမယ်ဆိုရင် နေ့လယ်ချိန်မှာ လက်ဖက်ရည်နဲ့ မုန့်ဖြစ်စေ အာဟာရဖြစ်မယ့် အစားအစာ တစ်မျိုးကို စားရပါမယ်။ အဆာမခံရပါဘူး။

ဆီကြော်မုန့်များ၊ ကောက်ညှင်းပါတဲ့မုန့်များ၊ လက်ဖက်၊ ဒံပေါက်၊ အုန်းထမင်း၊ ဝက်သား၊ ဘဲသား၊ အမဲသားများကို လွန်ကျူးစွာ စားသောက်ခြင်းမှ ရှောင်ကြဉ်ရမှာဖြစ်ပြီး လုံးဝ ရှောင်ကြဉ်ရင် အကောင်းဆုံး



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါတယ်။

**အထူးသဖြင့်** လူကို အကျိုးပြုတဲ့ ဓာတ် လုံးဝမပါတဲ့ တည်ငံးသီးကို လုံးဝရှောင်ကြဉ်ရပါမယ်။ ဆန်ကြမ်း မစားဘဲ ဆန်ချောကို စားရပါမယ်။

**ဥပမာ။** ။ ငစိန်ဆန်၊ ညှော်မထဆန် မစားဘဲ မီးဒုံးဆန်ဖြစ်စေ၊ ငကြွဲဆန် ဖြစ်စေ တစ်မျိုးမျိုးကို ချက်စားရပါမယ်။

ရာသီစာဖြစ်တဲ့ ပန်းသီး၊ လိမ္မော်သီး၊ ကွဲကောသီး၊ စပျစ်သီး၊ နဂါးမောက်သီး၊ သရက်သီး၊ ထောပတ်သီး စတဲ့ အသီးအနှံများကို အစာလဲဆေး၊ ဆေးလဲ အစာအဖြစ် စားသုံးရပါမယ်။

တစ်ပတ်ကို ငါးရံ့၊ ငါးကြင်း၊ ငါးမြစ်ချင်း စတဲ့ ရေချိုငါး တစ်မျိုးမျိုးကို (၂)ကြိမ် စားရပါမယ်။ ကြက်သား၊ ဆိတ်သား အသားတစ်မျိုးမျိုးကို တစ်ပတ်(၂)ကြိမ် စားသင့်ပါတယ်။

ကန်စွန်းရွက်၊ မုန်လာရွက်၊ ဂေါ်ဖီ၊ ပန်းဂေါ်ဖီ၊ ပန်းဂေါ်ဖီစိမ်း၊ မုန်လာဥ၊ မုန်လာဥနီ စတဲ့ အသီးအရွက်များကို နေ့စဉ် တစ်မျိုးမျိုးပါအောင် ချက်ပြုတ်စားသင့်ပါတယ်။

အပူ၊ အစပ် အစားအစာများ၊ တစ်ဖက်သတ် ချဉ်လွန်း၊ ချိုလွန်းသော အစားအစာများကို လုံးဝ ရှောင်ကြဉ်သင့်ပါတယ်။

အထူးသဖြင့် ဆေးလိပ်နဲ့ အရက်ကို လုံးဝ ရှောင်ကြဉ်ရပါမယ်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်တရား (၄)ပါးကို လွန်၊ ယုတ်၊ လွဲမှား နေထိုင်မှုမျိုးကို ရှောင်ကြဉ်မယ်ဆိုရင် အစာအိမ်ရောဂါသာမက ရောဂါအမျိုးမျိုးကို ကာကွယ်ပြီးသား ဖြစ်ကြောင်း ပြောပါရစေ'

▲'ကျေးဇူးတင်ပါတယ် ဆရာမ'

○'ဆရာမဒေါ်မြင့်စန်း (သိမ်ဖြူ) ဆက်သွယ်နိုင်တဲ့ လိပ်စာ တော့...

---

**ဆရာမ ဒေါ်မြင့်စန်း(သိမ်ဖြူ)**

**နန်းစန္ဒာတိုင်းရင်းဆေးကုခန်း**

အမှတ်(၂၃)၊ မင်္ဂလာလမ်း၊

စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၁ ၅၁၀၇၈၀ ၀၉-၃၀ ၉၇၂၉

၀၉-၅၀ ၈၂၄၆၂

**ဆေးခန်းဖွင့်ချိန်**

နံနက်(၇)နာရီမှ ညနေ (၅)နာရီထိ

ဥပုသ်နေ့တိုင်း ပိတ်သည်၊

---

**မြောင်းမြ မောင်ယဉ်တင့်**

---

**စာမျက်နှာ (၂၂၂)မှ အဆက်**

နောက်ပြီး ဦးအေးညွန့်က ဓာတ်တော်ကို အနိုင်အမာနဲ့ ပြောပြတော့ နောင်တစ်ချိန်မှာ ပြောပြနိုင်ပါလိမ့်မယ်'

ဟု ဆရာဦးစောမော်သည် စကားအဆုံးသတ်လိုက်သည်။ ကျွန်ုပ်တို့ နှစ်ဦးကြား၌ တအုပ်လေးသည် ပန်းကာလေကြောင့် တဖျပ်ဖျပ်လှုပ်နေ၏။

ဦးအေးညွန့်သည် သူ၏ တအုပ်လေးကို ဆွဲယူလိုက်သည်။ သူ၏ တအုပ်ထဲမှပါသောနည်းကို နှစ်ခြိုက်နေဟန်ရှိသည်။ သူက ထိုနည်းကို နှစ်ခြိုက်သော်လည်း ကျွန်ုပ်ပါနှစ်ခြိုက်မည်ဟု ထင်ထားဟန်တူသည်။ သို့သော်...

ကျွန်ုပ်အနေဖြင့် ထိုနည်းကို နှစ်ခြိုက်သည်၊ မနှစ်ခြိုက်သည်ကို ဘာမှ မပြောလိုသေးပါ။ နောင် အပင်ပန်းခံစီရင်ပြီး မီးတွန်းမှသာ ကိုယ်တွေ့များ ပြောပါဦးမည်။

ကျွန်ုပ်တို့နှစ်ယောက်သည် ပညာရပ်တစ်ခုကို ဆွေးနွေးပြီး သွားသည်။ ထိုင်နေရာမှ မထနိုင်ကြသေးပါ။

အိမ်၏ အပြင်ဘက်တွင် နေပူကျဲကျဲတောက်နေသည်။ နေပူချိန်နှင့် ခရမ်းရောင်သည် ကျွန်းမာရေးကို ထိခိုက် ကြောင်း နေ့စဉ် သတင်းထုတ်ပြန်ချက် ကြားမူ ဦးအေးညွန့်သည် တအုပ်လေးနှင့်အတူ နေရာမှ ထသွားသည်။

လွန်လွန်ကဲကဲ အပူရှိန်ကြောင့် ကျွန်ုပ်သည် လိုလားသည့်ကား၊ မှန်ပါသည်။

သို့သော် ဘာဆိုဘာမှ လုပ်ချင်စိတ် မရှိတော့ပါ။ ကိုယ်၏ စားဝတ်နေထိုင်ရေးအတွက် နံနက်အိပ် နိုးသည်နှင့် လုပ်ရမည့် အလုပ်တွေကို စဉ်းစားထားရ မလုပ်ဘဲနေလျှင် မရပါ။ ကျွန်ုပ်ရော ဦးအေးညွန့်ပါ လု ရမည်ဖြစ် သည်။

လုပ်ငန်းအားလပ်သော ရက်မှာ ရှာဖွေစုဆောင်းထား သ ရှိမည့် နည်းသစ်ကို တကယ်ဖြစ်မဖြစ် စဉ်းစားသော သုတေသန ပြုကြည့်တော့မည်ဖြစ်ရာ...။

**စော်မြင့်(မြင်းရွံ)**



www.burmeseclassic.com

www.burmeseclassic.com

# ရက္ခစိုးနတ်တင်က

## လာဘ်ရှင်မည်

ဇော်မြင့် (မြင်းခြံ)



မေလဆန်းပိုင်းက ဖြစ်သည်။

ငုတ်တုတ်လေပန်ကာမှ မြင်းခြံမြို့၏ အပူချိန်သည် (၄၃)သို့ ညွှန်းပြနေပါသည်။ အပူချိန်နှင့် ခရမ်းရောင်မြင့်တက်သောကြောင့် ကျွန်ုပ်သည် ကိုယ်,စိတ်ပင်ပန်းလျက် ငရဲပြည်သို့ အကြိုရောက်နေရော့လား မှတ်ထင်မှားနေသည်။

ထိုသို့ အပူဒဏ်ကို ခံစားနေရသော်လည်း အစပြု တွက်ထားပြီး ဆုံးခန်းတိုင် မရောက်သေးသော သူဌေးတစ်ဦး ဇာတာကို အာယုဒါယ (သက်တမ်းရှည်,မရှည်)တွက်နေ၏။ ချွေးတပြိုက်ပြိုက် ကျခံလျက်ရှိသည်။

ထိုသို့ ရှိနေစဉ်…

အမှတ်(၆)ရပ်ကွက်မှ ဗေဒင်ဆရာ ဦးဆွေညွှန့်သည် စာအုပ်တစ်အုပ်ကို ကိုင်လျက် ရောက်ရှိလာသည်။

'ချွေးတဒီးဒီးနဲ့ ဘာအလုပ်များ အရေးကြီးနေလဲ ဆရာ'

ဟု မေးလိုက်သည်။

'အာယုဒါယ တွက်နေတယ်'

ဟု ကျွန်ုပ်က စိတ်မပါဘဲ စကားကို တုံ့နှေးနှေးဖြင့် ပြောလိုက်သည်။

'အာယုဒါယဆိုလို့ ပြောစရာစကား တစ်ခု အမှတ်ရသေးတယ်'

ဟု ဦးဆွေညွှန့်က ပြောလိုက်သည်။

ကျွန်ုပ်က ခေါင်းမော့ကြည့်ပြီး…

'ဘာများတုံး'

ဟု မေးလိုက်သည်။

'ဪ သက္ကရာဇ် ၁၀၁၀ ပြည့်နှစ်၊ တော်သလင်းလဆန်း (၁၀)ရက်နေ့မှာ သာလွန်မင်းတရားကြီး အနိစ္စရောက်လိမ့်မယ်လို့ အဇာဂရုမင်းဆရာ ပုဏ္ဏားတော် ပညာရှိကြီးက မှန်ကန်စွာ ဟောပြောနိုင်ခဲ့တယ်လို့ ဆိုထားတယ်။

ဆရာ အခုတွက်နေတဲ့ အာယုဒါယ တွက်နည်းလဲ အတူတူပဲလားလို့ မေးချင်တာပါ'

ဆရာဦးဆွေညွှန့်သည် ကျွန်ုပ်တွက်နေသော ပညာရပ်ကို ချည်ပြီးတုပ်ပြီး စကားနှင့် ပြောလိုက်သည်။

'အတူတူပဲလေ'

ဟု ရယ်သွမ်းသွေးကာ ပြုံးပြုံးပျောက်ပျောက် သဘောဖြင့် ပြန်လည်ပြောလိုက်သည်။

'ကဲ ဆရာမှော် နောက်မှ ဆက်တွက်ဗျာ၊ ဆရာ့ကို ဟောဒီစာအုပ်ထဲမှာပါတဲ့ နည်းကို ပြချင်လို့ နေပူပူမှာ လာခဲ့တာ'

ဟု ပြောလိုက်သည်။

ဆရာဦးဖင်မော်က…

'ဘာနည်းများလဲ

ဟု မေးလိုက်သည်။

'ဆရာ သိရအောင် ဖတ်ကြည့်ပါဦး'

ဟု သူပြချင်သော နေရာကို စာရွက်ခေါက်ထားပြီး ရှေ့သို့ ထိုးပေးလိုက်သည်။

သူ ပြသော နေရာသို့ ကြည့်လိုက်သောအခါ အောက်ဖော်ပြပါအတိုင်း ရေးမှတ်ထားသော စာများကို မြင်တွေ့ရလေသည်။

**"ရက္ခစိုးနတ်တင်က လာဘ်ရှင်မယ်နည်း"**

ဟု နာမည်တပ်ထားသည်။

ဦးဆွေညွှန့်ကို ကျွန်ုပ်က ကြည့်လိုက်သည်။ သူက အဝေးတစ်နေရာဆီသို့ ငေးမောနေသည်။

'အင်း… ဒီစာအုပ်ထဲက နည်းက စဉ်းစားစရာပဲ'

ဟု သူ ကြားသွားအောင် ကျွန်ုပ်က ပြောလိုက်သည်။ ထိုအခါမှ သတိဝင်လာဟန်ရှိသည့် ဦးဆွေညွှန့်က…

'ဘာမှ မစဉ်းစားနေနဲ့ စာကိုဆုံးအောင် ဆက်ဖတ်ပါဆရာ'

စာကို ဆက်ဖတ်ကြည့်ရာ…

လာဘ်လာဘရှင်လိုသူ၊ ရောင်းဝယ်ကောင်းလိုသူ၊ လုပ်ငန်းလုပ်နေရသော်လည်း ငွေဝင်ခက်ခဲနေသောသူ၊ ချေးထားသော ငွေအတွက် စိတ်သောကများနေသူ…

အထက်ပါလူတို့သည် ဤအင်းကို မီးထွန်းစေလိုပါသည်။ အင်းကို မီးထွန်းရသဖြင့် လိုအင်ဆန္ဒ ပြည့်ဝမည်ဖြစ်ကြောင်း အာမခံပါသည်။

**အင်းကို စီရင်မည့်နည်းမှာ…**

သန့်ရှင်းသော မိုင်းကိုင်စက္ကူပေါ်၌ ဖော်ပြပါ ယတ်လည် ကိုယ်တိုင်ရေးပါ။



www.burmeseclassic.com

www.burmeseclassic.com

ငါးကွက်အင်း၏ ထောင့်လေးထောင့်က "ရုက္ခဒေါ"ရေး "ဒေဝတာပုဇိတောယေဝ တယာ တုဗ္ဗာဗိယမမ"ကို ပြင်းသွားရေး ထို့နောက် "စတုလာတံ"ကိုရေး၊ အလယ်ကွက်မှာ (၁) စသော (၇)နံကိုရေးပါ။

အင်းကို (၃)ရွက်ရေးပြီး ဖယောင်းတိုင်မှာ တစ်တိုင်လျှင် တစ်အင်းပတ်ရသည်။ ဖယောင်းတိုင်များကို အမွှေးနံ့သာနှင့် ပက်ဖျန်းပါ။

'ဦး ဒေဝတာ ပုဇိတောယေဝ တယာတုဗ္ဗာဗိယမမ'

ဂါထာနှင့် (၃၇)ခေါက် ရွတ်ဆိုပေးပါ။ အင်းပုံစံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ အင်းသွားနိုင်ရန် နံပါတ်စဉ်ကိုကြည့်ပြီး ရေးသွင်းပါ။

| | | | | |
|---|---|---|---|---|
| ရု<br>၁ | ဒေ<br>၅ | ဗ္ဗာ<br>၁၆ | ယေ<br>၁၁ | က္ခ<br>၂ |
| တု<br>၁၅ | တော<br>၁၀ | စ<br>၂၁ | ဝ<br>၆ | ဇိ<br>၁၇ |
| မ<br>၂၀ | ဘံ<br>၂၄ | ၂၆ | တု<br>၂၂ | ဝ<br>၁၂ |
| ဖိ<br>၉ | ယာ<br>၁၄ | လာ<br>၂၃ | ယ<br>၁၈ | တာ<br>၇ |
| ဝါ<br>၄ | မ<br>၁၉ | ပူ<br>၈ | တ<br>၁၃ | ဒေ<br>၃ |

ဤအင်းကို **နတ်ကြီးသော သစ်ပင်သို့ဖြစ်စေ၊ နတ်ကွန်း၊ နတ်စင်ရှိသော သစ်ပင်သို့ဖြစ်စေ** သွားရောက်ပူဇော်ရမည်။

မပူဇော်မီ အမွှေးနံ့သာနှင့် နတ်စင် (သို့မဟုတ်) သစ်ပင်ကို ဖျန်းပါ။ မိမိတတ်နိုင်သည့်မုန့်ကို တင်သပါ။ လှပသော ပန်းကို တင်ပါ။

ပြီးလျှင် မိမိအလိုရှိရာ ဆုတောင်းပြီး အင်းကို မီးထွန်းပါ။ သုံးရက်ဆက်တိုက် ထွန်းနိုင်ပါက ပိုမိုကောင်းပါသည်။ တစ်လအတွင်းမှာ ကောင်းကျိုးသိသာပါမည်။

မည်သည့်ဆရာ၏နည်းဟု ဖော်ပြထားခြင်းမရှိပေ။ အဘယ်ကြောင့်ဆိုလျှင် လောကီပညာရပ်တိုင်း အဆင့်ဆင့် လက်ဆင့်ကမ်းသည်က များသည်ဟု ရေးထားသည်။ စာအဆုံးမှာ...

ယုံကြည်သူလုပ်ပါ။ မယုံလျှင် မလုပ်နှင့် စာကို တုံးတိတိရေးပြီး ရပ်ထားသည်။ ကျွန်ုပ်က စာကို ဖတ်ပြီးလျှင်...

'အင်း...စဉ်းစားစရာပဲ'

နောက်တစ်ကြိမ် ပြောမိသွားသည်။

'သိဝ်ယုံကြည်မှု မရှိဘူးလို့ ပြောချင်တာလား'

ဟု အသံနေထားဖြင့် ဦးဆွေညွှန့်က မေးလိုက်သည်။ ဆရာဦးဇင်မော်သည် အားတုံ့အားနာသွားဟန်ဖြင့်...

'ယုံကြည်တယ်၊ မယုံကြည်ဘူးလို့ ပြောရမှာ စောနေသေးတယ်။ ဘာကြောင့်ဆိုတော့ ကိုယ်တိုင် မလုပ်ရသေးဘူး။ လုပ်နေကျနည်းတွေတောင်မှ ဖြစ်တဲ့အခါမှာဖြစ်၊ မဖြစ်တဲ့အခါမှာ မဖြစ်တော့ စဉ်းစားစရာပဲ။ လေ့လာသင့်တဲ့နည်းပဲလို့ ဦးဆွေညွှန့် အမေးကို ဖြေချင်တယ်'

ဟု ပြောလိုက်သည်။ ဦးဆွေညွှန့်သည် စိတ်ကျေနပ်ဟန် မရှိဘဲ တစ်စုံတစ်ခုကိုပြောရန် စဉ်းစားနေဟန်တူသည်။

'ဆရာ့ကို တစ်ခုတော့ ပြောကြည့်မယ်'

ဟု ဦးဆွေညွှန့်က ပြောသည်။

'ဘာများ ပြောဦးမှာလဲ'

ဟု ပါဝါမျက်မှန်မပြီး ဆရာဦးဇင်မော်က မေးလိုက်သည်။ ဦးဆွေညွှန့်က ဆက်ပြောသည်မှာ...

'ဆရာဖတ်ဖူးချင် ဖတ်ဖူးမယ်။ ငါးရာ့ငါးဆယ်ဇာတ်တော် ကုဏ္ဍာကပူဝဇာတ်မှာ...

"ရှာသူရှာသားများသည် မိမိတို့၏ ဆိုင်ရာ ရုက္ခစိုးနတ်များကို ပူဇော်ပွဲ အသီးသီး ကျင်းပကြစဉ် ဆင်းရဲသား တစ်ယောက်သည် အခြားသော လူများလို ဖွယ်ဖွယ်ရာရာ မပူဇော်နိုင်သဖြင့် ကြက်ဆူပင်စောင့်နတ်ကို ဆန်ကွဲဖြင့် ပြုလုပ်ထားသော မုန့်အနည်းငယ်နှင့် ရေတစ်မှုတ်မျှကို ပူဇော်သည်။

ကြက်ဆူပင်စောင့် ရုက္ခစိုးနတ်သည် ဆန်ကွဲမုန့်နှင့်ရေတစ်မှုတ် ပူဇော်သော ဆင်းရဲသားကို ကျေးဇူးဆပ်သည့်အနေဖြင့် ကြက်ဆူပင်အောက်ရှိ ရွှေအိုးများ ပေးသည်။

ဆင်းရဲသားသည် သူဌေးဘဝသို့ ရောက်သွားသည်"

ဟု ဆိုတယ်'

ဟု ဦးဆွေညွှန့်က ပြောလိုက်သည်။

'တော်လောက်ပါပြီ ဦးဆွေညွှန့်'

ဟု ဦးဇင်မော်က ပြောလိုက်သည်။

ဦးဆွေညွှန့်သည် စကားကို ရပ်ထားလိုက်သည်။ ဆရာဦးဇင်မော်က ဆက်ပြောသည်။

'ဒီ ရုက္ခစိုးနတ်တင်မှ လာဘ်ရွှင်မယ့်နည်း ကိုယ်တိုင် စမ်းသပ်ကြည့်ပါဦးမယ်'

'ဆရာ စမ်းသပ်ကြည့်ပါ။ ထူးခြားမှု ရှိမရှိကို ပြောပြပါဦး'

ဟု ဦးဆွေညွှန့်ကပြောသည်။

'အေးဗျာ သာမည စိတ်ချမ်းသာမှု ရအောင် လုပ်ပေးသော အင်းစီရင်နည်းတော့ ဖြစ်မယ်မထင်ပါဘူး။ ကတညုတ ကတဝေဒီ သဘော အကျိုးရှိနိုင်ပါတယ်။

စာမျက်နှာ (၂၂၀) သို့



www.burmeseclassic.com

မိသားစု

# ကျန်းမာရေး အတွက်

## တန်ဆေး လွန်ဘေး နှိုင်းနှိုင်းချိန်ချိန် စားသောက်ရမည့် အစားအစာများ (၁)

မပြုံချိုမြေ့ (ပုသိမ်)





**အိမ်ကြက်သား(မြန်မာကြက်သား)**ကို သုံး၍ ချက်ပြုတ်မှသာ အစွမ်းအာနိသင် ရှိပါသည်။**(မွေးမြူရေး ကြက်သားကို မသုံးရပါ။)**

မြန်မာအာဟာရ ဗေဒကျမ်းတစ်ဆူ ဖြစ်သော **ဥတုဘောဇနသင်္ဂဟကျမ်း** တွင် **တောကြက်သား** (အိမ်ကြက်)သည် ဆူ၏။ ဝစေတတ်၏။

သလိပ်ပွားစေ၍ လေ၊ သည်းခြေကိုနိုင်၏။ ခွန်အား ကုန်ခန်းသောအနာ၊ အော့အန်သော အနာ၊ ချမ်းဖျား တုန်ဖျား၊ နာလန်ထစ ရောဂါများနှင့် သင့်တော်သည်ဟု ညွှန်းဆိုထားပါသည်။

သို့သော် **ခွေးတောက်ရွက်မှာက** အစာကြေ ဝမ်းမီးတောက်၍ နှုတ်ကို မြိန်စေတတ်သော ပူခါးသော အရသာ နှင့် ကာမဂုဏ်ကို အားပေးစေတတ် သော ဟော်မုန်းကို လှုံ့ဆော်ပေးစေ သည့် အာနိသင်ထူးရှိပြီး သွေးကို ပွားစေသည်။

**အထူးသတိပြုရမည့် အချက်မှာ** ခွေးတောက်ရွက်သည် သွေးပေါင်ချိန်၊ သွေးဖိအားကို တက်စေသည်။

ထို့ကြောင့် စာရှုသူ မိတပြည်သူများ အတွက် ပထမဦးဆုံး အရပ်ထဲတွင် လူပြောများပြီး စားသုံးနေကြသည့် ကာစော်သမားများ၊ အလုပ်ကြမ်း လုပ်ကြသူများ၊ ဒူလာညောင်းကိုက် ရောဂါရှင်များအတွက်...

ဒဏ်ကြေစေသည့် **"ဆေးဖက်ဝင် ဟင်းလျာ"**အဖြစ် စားသုံးကြသော **"ခွေးတောက်ရွက်နှင့် ကြက်သား အရည်သောက်ဟင်း"**အကြောင်းကို တင်ပြပေးပါမည်။

ထိုဟင်းကို စီမံချက်ပြုတ်မည်ဆို လျှင် **(ဆေးဖက်ဝင် ဟင်းလျာအဖြစ် ချက်မည်ဆိုလျှင်)** ကြက်သားကို

### ခွေးတောက်ရွက်နှင့် ကြက်သားအရည်သောက်ဟင်း

သက်ရှိသတ္တဝါ ဟူသမျှတို့သည် **"သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ"** ဟု ဆိုအပ်သော အစာအာဟာရ အပေါ်တွင် မှီတည်၍ အသက်ရှင် လှုပ်ရှား သွားလာနေရပေသည်။

ထိုသို့ မိမိ၏ ခန္ဓာကိုယ် ကြံ့ခိုင် တည်မြဲ၍ အသက်ရှင် ရပ်တည်နိုင်စေ ရန်အတွက် စားသောက်အပ်သော အစာအာဟာရတို့တွင် စားသုံးသော ပုဂ္ဂိုလ်၏ အသက်အရွယ်(ကြီး၊ငယ်၊ လတ်) အရွယ်(၃)ပါးနှင့် ရုပ်ခန္ဓာတွင် စွဲကပ်နေသော အနာရောဂါ အမျိုး အစား၊ အနုအရင့်၊ ရာသီဥတုစက်ဝန်း က...

လူတို့အပေါ် စိုးမိုးခြယ်လှယ် မင်းမူ နေမှု စသည့် အကြောင်းတရားတို့၏ အပေါ်တွင် နှိုင်းနှိုင်းချိန်ချိန် "သတိပညာ"ဖြင့် စားသောက်သုံး ဆောင်ကြမည်ဆိုလျှင်...

လူသားတို့ စားသောက်သမျှသော အစာအာဟာရ အပေါင်းတို့သည် **"စားတတ်လျှင်...ဆေးအဖြစ်သို့"** သက်ရောက်၍ **"မစားတတ်ခဲ့လျှင် ဘေးအဖြစ်"** အပြစ်ပြု၍ အစာ အာဟာရ ခိုက်သည့်ဒဏ်ကြောင့် ရုပ်ခန္ဓာကိုယ်ကြီး ညှိုးနွမ်း၍ အနာ ရောဂါကို ဖြစ်ပေါ်စေပါသည်။

သို့ပါ၍ လူသားတိုင်း နေ့စဉ်နှင့်အမျှ မကင်းနိုင်ကြသော စားသောက်သမျှ သော အစာအာဟာရ အပေါင်းတို့ကို အာဟာရ ရသဗေဒ သိမှုအဖြာဖြာ ဆေးပညာအမြင်ဖြင့် ချင့်ချိန်၍ စားသုံး နိုင်ကြစေရန် စာရေးသူမှ စေတနာ အရင်းခံဖြင့် လစဉ် တင်ဆက်ပေးပါ မည်။

www.burmeseclassic.com

ဝါယောဓာတ်၊ လေအား များစေသည့် အသီးအရွက်မျိုး ဖြစ်ပါသောကြောင့်…

ခွေးတောက်ရွက်နှင့် ကြက်သား အရည်သောက် ဒဏ်ကြေ ဆေးဖက် ဝင်ဟင်းကို သွေးတိုးရောဂါ မရှိသော ပုံမှန် သွေးပေါင်ချိန်ဖိအားရှိသူများ အတွက် ဒဏ်ကြေ အကြောပြေ၍ အားအင်ကို ပေးစွမ်းနိုင်ပါသော် လည်း…

သွေးတိုးရောဂါ၊ နှလုံးရောဂါနှင့် ကျောက်ကပ်အားနည်းသော ရောဂါ အခံရှိသူများနှင့် သို့င်းရှိုက်ဂလင်း ပုံမှန် အလုပ်မလုပ်သော ရောဂါရှင် များအတွက်ကတော့ အန္တရာယ်ရှိစေ သည့် ဟင်းလျာ ဖြစ်နေပေသည်။

မိမိတို့ခန္ဓာကိုယ်တွင် အထက် ဖော်ပြပါ ရောဂါအခံရှိသော ပုဂ္ဂိုလ်များ သည် ခွေးတောက်ရွက်နှင့် ကြက်သား အရည်သောက်ဟင်းလျာကို စား သောက်သုံးဆောင်ခြင်းကို ရှောင်ကြဉ် မည်ဆိုလျှင် အန္တရာယ်ကင်းစေပါ သည်။

ထို့ကြောင့် **"စားတတ်လျှင်ဆေး… မစားတတ်လျှင်ဘေး"** အဖြစ် အပြစ် ပြု အန္တရာယ်ပေးစေတတ်သော အစား အစာများ စာရင်းတွင်…

ထိုခွေးတောက်ရွက်နှင့် ကြက်သား ဟင်းလျာသည် ပါဝင်နေပါ၍ စာရှုသူ မိတ်ဆွေအပေါင်းတို့ သတိပြု၍ ဆင်ခြင်စားသုံးနိုင်ကြစေရန် ရည်ရွယ် ၍ ဤဆောင်းပါးကို ရေးသားတင်ပြ လိုက်ပါသည်။

***လူသားတိုင်း စားသမျှ ဆေးဖြစ်၍ ကျန်းမာပျော်ရွှင်နိုင်ကြပါစေ။***


**မင်းချမ်းမြေ့(ပုသိမ်)**

**စာမျက်နှာ (၂၁၇)မှ အဆက်**

လက္ခဏာဗေဒ၌ အစပြုများ

၁။ 'က' အက္ခရာနှင့် ညွှန်ပြထား သည့် သင်္ကေတမှာ လက်ညှိုးနှင့် လက်ခလယ်ကြား ကြားသေးသေး ကြိုးဟ်ခုံနှင့် စနေဂြိုဟ်ခုံကြား တွင်ရှိပြီး ရှေးပဝေသဏီက ဘုရင် များ သက်ထက်က အသုံးပြု ကိုင်ဆောင်သော သန်လျက်နှင့် သဏ္ဍာန်တူသဖြင့် သန်လျက် မင်္ဂလာအမြဲအရံဟု ခေါ်နိုင်ပါ သည်။

* * *




ဤ သန်လျက်သင်္ကေတကြောင့် ဦးစီးခေါင်းဆောင် ဖြစ်ရခြင်း၊ ဩဇာ အာဏာရှိခြင်း၊ ရဲရင့်သတ္တိရှိခြင်း၊ စည်းစိမ်ချမ်းသာ ပြည့်စုံခြင်းဆိုသော အကျိုးများ ရရှိစေနိုင်သည်။

၂။ 'ခ' အက္ခရာနှင့် ညွှန်ပြထား သည်မှာ လက်သန်းအောက် ဗုဒ္ဓဟူးဂြိုဟ်ခုံမှာ အောက် ဘက်သို့ ကွေးနေသော အိမ် ထောင်ရေးလမ်းနှင့် သောကြာ ဂြိုဟ်ခုံဘက်မှ ဗုဒ္ဓဟူးဂြိုဟ်ခုံ ဘက်သို့ ထောင်တက်နေသော သံတမန်လမ်း (ခြည်ပဆက် သွယ်ရေးလမ်း)တို့ ထိတွေ့နေ ခြင်း ဖြစ်သည်။

* * *

ဤလမ်းကြောင်းကြောင့် ခင်ပွန်းနှင့် ခွဲခွာနေထိုင် လုပ်ကိုင်ရတတ်သည်။ ခင်ပွန်းဖြစ်သူမှာ နိုင်ငံခြားသင်္ဘော လိုက်သော အလုပ် (သို့မဟုတ်) နိုင်ငံ ခြားမှာ သွားရောက်လုပ်ကိုင်ရသူမျိုး ဖြစ်တတ်သည်။

၃။ 'ဂ' အက္ခရာနှင့် ညွှန်ပြထား သော သင်္ကေတမှာ အသက် လမ်းကြောင်း အောက်ခြေ ထက်စနေရာ၌ရှိ၊ သောကြာ ဂြိုဟ်ခုံနှင့် လမင်းဂြိုဟ်ခုံ ကြား၊ သောကြာဂြိုဟ်ခုံဘက် ပိုနီးသော နေရာမှာ တည်ရှိ သော ငါးကြင်းမြီး မင်္ဂလာအမြဲ အရံ ဖြစ်ပါသည်။


ဤမင်္ဂလာအမြဲအရံကြောင့် 'အိမ် တွင်းအိမ်ပြင် ဆောင်ရွက်မှုယက်ကိစ္စများ ရှာတိုင်း ကျွမ်းကျင်စွာ ဆောင်ရွက် နိုင်စွမ်းရှိခြင်း၊ သားသမီးခြွေရံနှင့် ပျော်ရွှင်စွာ ပြည့်စုံခြင်း ရှိမည်ဟု အဟောထုတ်နိုင်သည်။

[illegible]

*လက္ခဏာပညာသုတ တိုးပွားကြပါ စေ*

*အောင်မြင်ကျော်ကြား ချမ်းသာ ကြပါစေသော်…*

**ဆရာကြီး ဦးအောင်မြိုင်**
**(ဥပဒေဘွဲ့)**
**လက္ခဏာဗေဒင်ပညာသုတေသီ**






www.burmeseclassic.com

www.burmeseclassic.com



သူမြင့် (မင်းကောင်း)

# ရွာပျက်နှင့်မြိတ်

ကင်းတပ်ဆည်မှ ရွှေဘို မဟာနန္ဒာကန်သို့ သွယ်တန်း ဖောက်လုပ်ထားသော လက်ျာတူးမြောင်းနှင့် အရှေ့အနောက် စီးဆင်းနေသော အင်တောချောင်းတို့ဆုံရာ ကုန်းမြင့်မို့မို့ပေါ်မှနေ၍ အရှေ့အရပ်သို့ မျှော်ကြည့်လိုက်ပါက မြေနုကျွန်းမြေအဆုံး ဇီးဖြူကုန်းရွာလေးကို ရွာဦးထိပ်ရှိ ရွှေအင်တုံစေတီ၊ ငွေအင်တုံစေတီတို့နှင့်အတူ လှမ်းမြင်နေရသည်။

ရွာတောင်ဘက် မလှမ်းမကမ်း အင်တောရွာပျက်ကုန်းပေါ်ရှိ သက်တမ်းရင့် မန်ကျည်းပင်ကြီးနှင့်အတူ ဆတ်ကွန်းတစ်ခုကလည်း ရွာစည်းရပ်စည်းကို ကလနားသတ်ပေးသကဲ့သို့ တည်ရှိနေသည်။

လက်ရှိ ဇီးဖြူကုန်းရွာ၏ အခြေအနေသာ ရွာကြီးစာရင်းဝင် မဟုတ်ပေ။ အိမ်ခြေ သုံးဆယ်ရှိသည့် ရွာသိမ်ရွာငယ်မျှသာ။ သို့သော် ကျေးရွာအုပ်စုအမည်ပေါက် ဖြစ်သည်။ **ဇီးဖြူကုန်းကျေးရွာအုပ်စု။**

ကျေးရွာအုပ်စုထဲတွင် ဇီးဖြူကုန်းရွာ၊ မင်းကုန်း(က)ရွာ၊ မောင်းတိုင်ရွာတို့ ပါဝင်သည်။ စင်စစ် မင်းကုန်း(က)ရွာသည် အိမ်ခြေနှစ်ရာကျော်ရှိပြီး အခြေခံပညာ အထက်တန်းကျောင်းခွဲရှိသည့်အပြင် စီးပွားရေးအခြေအနေအထူးေ ကာင်းမွန်သော်လည်း အုပ်စုအမည်မပေါက်။

ခေတ်အဆက်ဆက် ဇီးဖြူကုန်းအုပ်စုသည်သာ အမည်ပေါက် တွင်နေမြဲ ဖြစ်သည်။ အတိတ်မှ သမိုင်းကောင်း အစဉ်အလာများက ရွာဂုဏ်သိက္ခာကို ယခုအချိန်ထိ လွှမ်းမိုးထားသောကြောင့် ဖြစ်မည်ထင်သည်။

**ပုဂံပြည့်ရှင် နရပတိစည်သူမင်း (၁၁၃၈-၁၁၇၃)**လက်ထက် သက္ကရာဇ် ၅၄၀ ပြည့်ခန့်တွင် ကင်းတပ်ဆည်တည်ဆောက်ရာ၌ မင်းမှုထမ်း ရဲမက်တို့အား ဒေသအလိုက် တာဝန်ခွဲဝေကြပ်မတ် ဆောင်ရွက်တော်မူစေသည်။

ထိုအခါ မင်းမှုထမ်းတို့၏ စီးတော်မြင်းတို့က ဇီးဖြူကုန်းရွာရှိ စပါးပျိုးခင်းများကို ဝင်ရောက် စားသောက်ဖျက်ဆီးသဖြင့် ဒေသခံ လယ်သမားတို့မှာ ကိုယ်စိတ်နှလုံး ညှိုးနွမ်းကာ ပူလောင်ပြင်းပြစွာ ခံစားကြရလေသည်။

ရာသီဥတု မိုးခို၍ အချိန်ကာလ တွက်ချက်ပြီး စိုက်ပျိုးရသော လယ်သမားထုအတွက် ပထမဦးဆုံး ပျိုးခင်း ဖျက်ဆီးခံရခြင်း၊ ပျက်သွားခြင်းတို့ ကြုံရပါက ဒုတိယအကြိမ် ပျိုးထပ်ထောင်ရခြင်းသည် မရေရာ မသေချာဘဲ တစ်နှစ်အတွက် သီးနှံထုတ်ကုန် ဆုံးရှုံးယုတ် ကျဆင်းသွားမည် ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

တစ်နှစ် သီးနှံအတွက်နှုန်း ဆုတ်ယုတ်သွားပါက စားဝတ်နေရေးအတွက် အကြွေးပင်လယ်တွင် နစ်မြုပ်နေရတော့မည်ကို ကြိုတင်တွေးမိသောကြောင့် ဖြစ်သည်။

သက်ဦးဆံပိုင် ပဒေသရာဇ်ခေတ်ဖြစ်သဖြင့် မည်သူမျှ ရွှေနားတော်ကြားအောင် သံတော်ဦးမတင်ရဲဘဲ ဝမ်းတွင်းလှိုက်ဆူ သည်းအူပြတ်မျှ ပူဆွေးသောကရောက်နေချိန် ရွာသူရွာသားများ၏ဒုက္ခကို မကြည့်ရက်သောသူကြီးက ခေါင်းဆောင်ကောင်းပီသစွာ နရပတိစည်သူမင်းမြတ် ရှေ့တော်မှောက် အရောက်ခစား၍ မခွင်းမချန်အဖြစ်မှန် တင်လျှောက်သည်။

ဘုရင်မင်းမြတ်လည်း အဖြစ်မှန်စုံစမ်း၍ ပြည်သူတို့ဘဝ မနစ်နာစိမ့်သောငှာ "**ရွှေအင်တုံတစ်လုံး**"ပေးသနားတော်မူလိုက်သည်။

ဘုရင်မင်းမြတ် ပေးသနားတော်မူလိုက်သော ရွှေအင်တုံကို ဇီးဖြူကုန်းရွာသားများသည် ထုခွဲဝေငှယူခြင်းမပြုဘဲ မင်းမြတ်၏ စာနာညှာတာသည့် စိတ်စေတနာကို တန်ဖိုးထားသည့်အနေဖြင့် ရွာဦး၌"**ရွှေအင်တုံစေတီ**" တည်ထားပြီး ဘုရင်မင်းမြတ်အား ကြည်ညိုပါရန် နားတော်လျှောက်၏။

ဘုရင်မင်းမြတ်လည်း နှစ်ထောင်းအားရ ရှိတော်မူကာ နောက်ထပ် "**ငွေအင်တုံတစ်လုံး**"ချီးမြှင့် ပြန်သည်။ ချီးမြှင့်ခြင်းခံရသည့် ငွေအင်တုံကို ရွှေအင်တုံစေတီအနီးမှာပင် ပုံစံတူ၊ အရွယ်အစားတူ စေတီတော်တစ်ဆူထပ်မံတည်ထား၍ ဌာပနာသွင်းကာ "**ငွေအင်တုံစေတီ**"ဘွဲ့တော်ချီ ကိုးကွယ်ကြပြန်သည်။

**(အင်တောချောင်းမှ ရွှေအင်တုံ၊**



**ငွေအင်တုံစေတီတော် နှစ်ဆူအထိ နရပတိစည်သူမင်းမြတ် ကြွချီလာရန် မင်းလမ်းအဖြစ် အသုံးပြု ခင်းထားသော ရှေးခေတ်အုတ်ချပ်များသည် မြေသားထု ဖုံးလွှမ်းသွားသော်လည်း အချို့နေရာများတွင် တူးဖော်ပါက ယနေ့ထက်တိုင် တွေ့နိုင်ပါသေးသည်။ *စာရေးသူ*)**

သမိုင်းစာမျက်နှာထက် မော်ကွန်းမတက်ခဲ့သော ဤဖြစ်ရပ်လေးက ဇီးဖြူကုန်းရွာသားများ၏ ရဲဝံ့မှု၊ သစ္စာရှိမှု၊ ကျေးဇူးသိမှုတို့ကို ဖော်ကျူးနေသကဲ့သို့ မဟာနန္ဒာကန်အထိ ဖောက်လုပ်ထားသော စည်သူတူးမြောင်း (ယခု တူးမြောင်း)ကြီးကလည်း နိုင်ငံတော် တည်ဆောက်ရာတွင် ဇီးဖြူကုန်းရွာသားများ တစ်တပ်တစ်အားပါဝင်ခဲ့မှုကို အထင်အရှား သက်သေပြနေသည်။

မင်းကေရာဇ် မြှောက်စားမှုကြောင့် ညောင်ကုန်း၊ ဇီးဖြူကုန်း၊ အင်တောစသည့် အစုသုံးစု ပေါင်းထားသော ဇီးဖြူကုန်းရွာသည် ဩဇာတိက္ကမကြီးမားလာကာ ရွာနီးချုပ်စပ်များက ရှိသေလေးစားလာရသည်။

ငြိမ့်ငြိမ့်ညောင်းညောင်း စီးဆင်းနေသော အင်တောချောင်း နှုတ်ခမ်းအထက်မှ ဇီးဖြူကုန်းရွာသည် ထင်ပေါ်ကျော်ကြားမှုနှင့်အတူ အလှကြီး လှပနေခဲ့သည်။

* * *

ဇီးဖြူကုန်း သူကြီးဦးတိုက်မောင်း မြင်းဝယ်လာသည်ဆို၍ ရှမ်းတပ်၊ ကျွန်းပင်ကုန်း၊ မင်းကုန်း၊ မင်းရွာတော၊ မောင်းတိုင်၊ ကြာဘက္ကံ စသောရွာများမှ တခုတ်တရ လာရောက်ကြည့်ရှုကြသည်။

ကိုလိုနီခေတ် နယ်ပိုင်မြို့ပိုင်များတိုင်းခန်းလှည့်လည်လာသည့် အခါမှမြင်းကောင်းမြင်းသန့်ကို မြင်ဖူးသည့်နယ်သူနယ်သားများအတွက် ၄င်းတို့တိုက်နယ်သူကြီး မြင်းကောင်းကောင်းဝယ်စီးလာသည်က ဂုဏ်ယူစရာ။ မြင်းက အုန်းခွံရောင်၊ မြင်းမ ဖြစ်သော်လည်း လည်ဆံဖွားဖွားနှင့် ပေမီဒေါက်မီ။

'မြင်းမ,ကောင်းကောင်းရချင်လို့ နယ်တကာနှံ့ကရောပဲ။ ရမယ့် ရတော့ ကသဲရွာရခဲ့တာ။ အတိုကတော့ အတွေ့ပဲ၊ ဖိုးပိုက်ဆံကို ကျုပ် မမြင်ပါဘူး။ မြင်းမက ဇီးရှိတယ်လေ။ မြင်းသားလေးပေါက်ရင် အရင်းကျေပြီလေးဘောက်ကျသေး။ စီးရတာ ကောင်းချက်ကတော့ သပ်ကျွတ်ရော'

လာရောက် ကြည့်ရှုကြသူအားလုံးကို ဆေး၊ ကွမ်း၊ လက်ဖက်တို့ဖြင့် အကျအန ဧည့်ခံကာ သူကြီးက ဤသို့ဆိုမြဲ။

ကြည့်သူအချို့က မြင်းမ,ခန္ဓာကိုယ်ကို ပွတ်သပ်ကြည့်ကြသည်။ မြင်းမကလူကို ရန်မလုပ်။ ယဉ်လှသည်။

အုပ်ချုပ်ရေးရုံးစိုက်ရာ မြို့သို့သွားသည့်အခါ ဖြစ်စေ၊ တစ်ရွာမှ တစ်ရွာသို့ အလည်အပတ် သွားသည့်အခါဖြစ်စေ ဆီရွှဲနေသည့် သျှောင်ကို သေသေသပ်သပ် တစောင်းထုံး၊ နှစ်လုံးမြီး သေနတ်ကို ကျောစလွယ် သိုင်းလွယ်လျက် အုန်းခွံရောင် မြင်းမကြီးအားအသားကျ စီးသွားသော တိုက်နယ်





www.burmeseclassic.com

www.burmeseclassic.com



သူကြီးဦးတိုက်မောင်းကို တစ်နယ်လုံး အားကျသူမရှား။

အပြစ်လွတ် မြင်းမ ကောင်းကောင်း ပိုင်ဆိုင်ခွင့်ရခြင်းပင်လျှင် တိုက်နယ်သူကြီးအတွက် ဂုဏ်ယူစရာ ဖြစ်နေသည်။ မျက်နှာ ပွင့်နေသည်။

သို့သော် အချိန်တန်၍ မြင်းမ မွေးလာသောအခါမှ သူကြီးဦးတိုက်မောင်း ရင်ကျိုးရလေတော့သည်။ **မြင်းမမှ မွေးရာပါ မျက်စိစုံလုံး မမြင်သည့် မြင်းကန်းလေး မွေးလာသောကြောင့်တည်း။**

ထိုသတင်းကို ဖုံးဖိထားသော်လည်း မရ။ တစ်ရွာလုံး လာရောက်ကြည့်ရှုကြပြီး စုတ်တသပ်သပ်နှင့် ကရုဏာ ပွားကုန်ကြတော့သည်။ လာရောက်ကြည့်ရှုသူများထဲတွင် ဦးရန်ဝေး ဆိုသော သက်ကြီးရွယ်အို ပုဂ္ဂိုလ် တစ်ဦးလည်း ပါသည်။

ဦးရန်ဝေးက နယ်နယ်ရရ ပုဂ္ဂိုလ် မဟုတ်။ လောကီရေးရာတွင် ကျွမ်းကျင်လှသည်။ လောကီရေးရာ လုပ်ငန်းမှန်သမျှ ဦးရန်ဝေး မပါလျှင် မပြီး။ သူ၏ အကြံဉာဏ်ကို ရယူရမြဲ ဖြစ်သည်။

'ဘုရား...ဘုရား ဒုက္ခတော့ များကုန်ကြတော့မှာ'

အမြင်အာရုံ လုံးဝ ချို့တဲ့နေသည့် မြင်းကလေးကို စေ့စေ့စပ်စပ် သေသေချာချာကြည့်ပြီး ဦးရန်ဝေး မျက်စိမျက်နှာပျက်နေသည်။ လာကြည့်နေသူတို့က ဦးရန်ဝေး၏ အပြုအမူကို နားမလည်။

'ဘာဖြစ်လို့လဲဗျ'

'သူကြီးမင်း မြင်းမက မြင်းကန်းလေး မွေးတယ်လေ'

'အဲဒါဘာဖြစ်သလဲ ဦးရန်ဝေးရဲ့ မြင်းကောင်းကလဲ မြင်းကျိုးထွန်းချင် ထွန်းမယ်။ မြင်းကျိုးကလဲ မြင်းကောင်း ထွန်းချင် ထွန်းမယ်။ ဒါ ကံတရားပဲလေဗျာ။ ခင်ဗျားဟာကလဲ...'

သူကြီးအသံက အလိုမကျ ဖြစ်နေသည်။

'ကံတော့ ကံတရားပေ့ါ သူကြီးရယ်။ ဒါ ကောင်းတဲ့နိမိတ် မဟုတ်ဘူး။ မြင်းကန်း တစ်ရွာ၊ ဆင်ကန်းတစ်မြို့တဲ့။ ရွာတစ်ရွာ မြင်းကန်းတစ်ကောင် မွေးလာရင် ရွာပျက်မယ်၊ အနည်းဆုံး ရွာမစည်တော့ဘူး။ ခြောက်ခန်းသွားမယ်၊

မြို့တစ်မြို့မှာ ဆင်ကန်းတစ်ကောင် မွေးလာရင် မြို့လှုဦးမယ်၊ မည်ကာ မတ္တမြို့ ရွာသာသာရှိတဲ့မြို့အဖြစ် ကျန်နေရစ်မယ်၊ ပြီးတော့ မြင်းလေးထိုင်နေတာ သေသေချာချာကြည့်ပါဦး။ **နောက်ခြေနှစ်ချောင်းကား ဖင်ချထိုင်ပြီး ရှေ့လက်နှစ်ချောင်းက ထောက်လို့ ရွာဘက်ကို ကြည့်နေတယ်။ သဘာဝတရား လွန်ဆန်ပြီးနေတာဟာ ကောင်းတဲ့နိမိတ် မဟုတ်ဘူး။ ရွာအတွက် ရင်လေးစရာပေပဲ'**

လာကြည့်သူအားလုံး ငြိမ်ကျသွားသည်။ တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သူက သူကြီးသား ငတီး။

'အခြေအမြစ်မရှိတဲ့ စကားတွေဘာလို့ လာပြောနေရတာလဲ အဘိုးကြီး။ ဒါ... အမိန့်တော်ရ တိုက်နယ်သူကြီးမင်းအိမ်။ ခင်ဗျား ဒုက္ခရောက်သွားမယ်။ ခြောက်ပေါက်ထဲ ဝင်ချင်လို့လား။ ဘာလဲ နိမိတ်မကောင်းလို့ ကျုပ်တို့ ပိုင်တဲ့မြင်းကို သတ်ပစ်ရမှာလား။ ခင်ဗျား... မြင်းမဝယ်နိုင်လို့ ဒီစကားပြောတာလား။

'ငတီး ငါ့မှာ မနာလိုစရာ ဘာအကြောင်းမှ မရှိဘူး။

ငါ့ပယောဂကြောင့် ဘယ်သူ့ကိုမှ ဒုက္ခမရောက်စေချင်ဘူး။ အခုပြောတာ တစ်ရွာလုံး အတွက် ဘေးဆိုး ရန်ဆိုးက ကာကွယ်ဖို့'

'မလိုပါဘူး ဗြိတိသျှသခင်ကြီးတွေက သူတို့အင်ပါယာကို ဘေးအန္တရာယ်က ကာကွယ်နိုင်အောင် လက်နက်တွေ တပ်ဆင်ပေးထားတာ'

'ငတီး အရေးပိုင်အိမ်သွားပြီး နှစ်လ၊ သုံးလ ကျွန်သွားခံဖူးတာနဲ့ မျက်နှာဖြူတွေကို အထင်ကြီးလွန်းနေပြီ။ မင်း သခင်ကြီးတွေက တို့ရွာကို အခွန်လာကောက်ရုံကလွဲလို့ ဘာတစ်ခုမှ လာလုပ်ပေးမှာ မဟုတ်ဘူး။

ကိုယ့်ကံကြမ္မာကို ကိုယ့်ဟာကိုယ် ဖန်တီးယူရမှာ၊ ငါ ပြောတဲ့ ဘေးဆိုး ရန်ဆိုး ဆိုရာမှာ သူခိုးဓားပြရန်တွင် မကဘူး။ သဘာဝဘေးအန္တရာယ်တွေ ပါတယ်'

သဘာဝဘေးအန္တရာယ် အိုး... မိုင်ဂေါ့... ကြံကြောက် လှည်းအောက် ဝင်မခိုချင်စမ်းပါနဲ့၊ ဒီမှာ နေလာတဲ့သူတွေမေးကြည့်၊ သဘာဝဘေးအန္တရာယ် ဆိုတာ ကြုံဖို့ဝေလာဝေး ကြားတောင် မကြားဖူးဘူး။

အဲ...အဲ...အဲ...အင်တောချောင်းလေးတော့ သတိထားရမှာပေ့ါ။ ကလေးလေးတွေ ရေထဲမှာမနစ်ရ



www.burmeseclassic.com

www.burmeseclassic.com

အောင်။ ချောင်းညှာက စီးလာတဲ့ရေတွေကို ကာသဲဆည်က ဆီးခံထားလေတော့ ရေဘေးကြုံရလဲ မစိုးရိမ်ရဘူး။ လေချွန်နေရုံပဲ။ ဟဲ...ဟဲ...ဟဲ...ဟဲ'

ငတီး အကြောင်းပြချက်က မှန်သင့်သလောက် မှန်သည်ဟု ဆိုရပေမည်။ ဘိုးတော်ဘုရားလက်ထက် မဏိပူရကို အောင်မြင်သောအခါ သုံ့ပန်းအဖြစ် ခေါ်ဆောင်လာခဲ့သော ကသဲ (ကသည်း) လူမျိုးများအား ယခု သရက်တောရွာအနီး မြေသားရေလှောင်တမံဆည် တည်နိုင်းရာမှ ကာသဲဆည်ဟု တွင်နေခြင်းဖြစ်သည်။



ယင်းဆည်တစ်ဝိုက် ကသဲလူမျိုးနွယ်များ နေထိုင်သော နေရာကို ကသဲစုဟု ခေါ်သည်။ ထိုကသဲစုမှ ဦးတိုက်မောင်း မြင်းဝယ်လာခြင်းဖြစ်သည်။ **(ကျီးမင်အက်ဆည် ဆောက်ပြီးချိန်တွင် ကသဲဆည်မှာ စိုက်ပျိုးရေပေးရာတွင် အရေးမပါတော့ဘဲ တိမ်ကောသွားလေပြီ။)**

'တော်ပြီး ငတီး မင်းလို လူ့အနွံနဲ့ စကားမပြောလိုဘူး။ ဒီမယ် သူကြီး။ မောင်ရင့်ကို ကျုပ် တစ်ခုမေးမယ်'

သူကြီး ဦးတိုက်မောင်းက ဦးရန်ဝေး မျက်နှာကို မော့ကြည့်သည်။ မေးဆိုသည့်သဘော။

'သတ္တဝါတွေ သက်တမ်းကုန်ရင် ဘာဖြစ်သလဲ'

'ဟား...သေတာပေါ့'

'မှန်လိုက်လေတယ်ကွယ်။ အေး လူတွေမှာ အသက်ရှိသလို မြို့ရွာတွေမှာလဲ အသက်ရှိတယ်။ မြို့သက် ရွာသက်တဲ့။ မြို့ရွာတွေ အသက်ကုန်ရင် တဖြည်းဖြည်းနဲ့ တိမ်ကောသွားကြရတယ်။

တွက်ချက်ကြည့်တော့ တို့ရွာဟာ ရွာသက်ကုန်နေပြီ။ ကျားထိုင် ထိုင်နေတဲ့ မြင်းကန်းလေး မွေးလာပြီဆိုတော့ ရွာပျက်ဖို့ သေချာနေပြီပေါ့။

ရွာမှာ ကျရောက်လာမယ့် ဘေးဆိုးကပ်ဆိုးကနေ ကာကွယ်တားဆီးရမှာ မောင်ရင့်တာဝန်ပဲ။ မောင်ရင်က ကျေးရွာခေါင်းဆောင် ဖြစ်နေတာကိုး'

'ကျုပ် သဘောပေါက်တယ် ဦးရန်ဝေ။ ပုဂံခေတ်ကစလို့ ရွာခေါင်းဆောင်အဆက်ဆက်ဟာ ရပ်ကျိုးရွာကျိုးအတွက်ဆိုရင် ရှေ့က မားမားမတ်မတ် ရပ်ခဲ့ကြတယ်။

အစဉ်အလာကောင်းကို ကျုပ်လက်ထက်မှာ အပျက်မခံနိုင်ဘူး။ ကျုပ် ဘာလုပ်ပေးရမလဲ။ ဘေးဆိုးရန်ဆိုးက လွတ်ကင်းမယ်ဆိုရင် **ကျုပ်မြင်းကို စွန့်လွှတ်ဖို့ ဝန်မလေးဘူး'**

သူကြီးက ခေါင်းဆောင်ကောင်းပီသလွန်းလှသည်။ ပရိသတ်မှာ ခက်ခဲလှသော ပုစ္ဆာတစ်ပုဒ်ကို အဖြေရအောင် မတွက်နိုင်ဘဲ သူကြီး တစ်လှည့်၊ ဦးရန်ဝေး တစ်လှည့်စီသာ ကြည့်နေကြသည်။

'မြင်းဟာ ကံကြမ္မာရဲ့ စီရင်ချက်အတိုင်း စနှေးကိုက် ဖြစ်လာခဲ့တာမို့ အပြစ်မရှိပါဘူး။ ပျက်ချိန်တန်လာရင် ဘာ အတားအဆီး အစီအရံမှ လုပ်မရဘူး။

မြင်းကန်းနိမိတ်ကြောင့် တို့မှာ ဆုံးရှုံးနည်းအောင် ပြင်ဆင်ရှိနိုင်ရတယ်။ အကောင်းဆုံး မောင်ရင်ကို အကြံပေးချင်တယ်။ အဲဒါကတော့ ရွာမပျက်ခင် ရွာပြောင်းဖို့ပဲ'

"ရွာပြောင်းရမယ်"တဲ့။ ပရိသတ်က တီးတိုးတီးတိုးနှင့် လှုပ်လှုပ်ရွရွ ဖြစ်လာသည်။

'ရွာပြောင်းရမယ် ဟုတ်လား ဦးရန်ဝေး'

'ဟုတ်တယ် ဇီးဖြူကုန်းရွာဟာ သဘာဝဘေး ပေးနိုင်ဆုံးက အင်နတော ချောင်းပဲ။ မတော်တဆများ ကသဲဆည် ကျိုးသွားပြီဆိုပါတော့။ တစ်ရွာလုံး ရေဘေး သင့်တော့မယ်။

ရေဘေးက လွတ်အောင် ငါးရတွင်း (လေးဖာလုံ)လောက်သာ ဝေးတဲ့ အင်တိုင်းစုနဲ့ သွားပေါင်းတာ အကောင်းဆုံးပဲ။ အင်တိုင်းမြေက အတန်မြင့်လေတော့ ရေဘေး စိတ်ချရတာပေါ့'

ဦးရန်ဝေးစကားက ပရိသတ်ကို ဒွိဟ ဖြစ်စေသည်။ အချို့က ပြောင်းလိုသည်။ အချို့က ပိုနေမြဲ ကျားနေမြဲ နေလိုသည်။ များသောအားဖြင့် မရွှေ့ပြောင်းလိုသူက များသည်။

သူကြီးသားကတော့ ပြုံးနေသည်။

သူကြီးမင်းမှာမူ ဆုံးဖြတ်ချက် ချရခက်နေလေပြီ။ တစ်ရွာလုံး၏ အနာဂတ်သည် သူ့အပေါ်တွင်သာ တည်မှီနေလေသောကြောင့် ဆုံးဖြတ်ချက်အမှား ချလိုက်မိပါက သမိုင်း၌ ဖျက်မရသည့် အမည်းစက်ကြီး ထင်ကျန်နေရစ်မည်ကို စိုးရိမ်နေသည်။


'လောကီပညာနဲ့ ပြည့်စုံတဲ့ ဦးရန်ဝေး ပြောတာကို ကျုပ်လက်ခံပါတယ်။ ခက်တာက ရွာအပြောင်းအရွှေ့ကိစ္စဟာ အပြောကတော့ လွယ်တယ်။

အခု မိုးဦးတစ်ချက် ကျသွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းခွင် ဝင်ကြရတော့မယ်။ ရွာသစ်တည်ဖို့ အချိန်မရတော့ဘူး။ သီးနှံရိတ်သိမ်းပြီးမှ စီစဉ်ကြရုံရှိတော့တယ်။ ဒါပေမယ့် ပြောင်းလိုတဲ့သူတွေရှိခဲ့ရင် ကျုပ် စီစဉ်ပေးပါ့မယ်။ စာရင်းလာပေးကြပေါ့'

သူကြီးစကားက အကျိုးအကြောင်း- ဆီလျော်လှသည်မို့ အားလုံးက လက်ခံသည်။

'ကောင်းပြီလေ ပြောရမယ့်တွေ့ရားရှိလို့ ကျုပ်ပြောတာ ကျုပ်တာဝန်ကျေပြီ။ ပညာရပ်တစ်ခုကို ယုံကြည်တဲ့အနေနဲ့ ကျုပ်ကတော့ နေ့...ည... ပြောင်းမှာ။ ဘေးဆိုးကြုံလာမှ နောင်တရချိန်တောင် မရလိုက်ရင် မောင်ရင်တို့ထက်မိုက်တဲ့သူ ရှိမှာမဟုတ်တော့ဘူး။ ကဲ ကျုပ်သွားပြီ'

စိတ်ပျက်လက်ပျက်စွာနှင့် ဦးရန်ဝေး ထွက်ခွာလာခဲ့ပြီးနောက် သူကြီးသား ငတီး၏ လှောင်ပြောင်ရယ်မောသံတို့က တိုက်နယ်သူကြီးမင်း အိမ်တော်ဝင်းအပြည့် လွှမ်းခြုံသွားတော့သည်။

'ဟား...ဟား...ဟား လာမယ့်ဘေးပြေးမတွေ့ရဲတဲ့ အဘိုးကြီး။ သူ့ကြောက်မွေးက အမြစ်တော်တော်တွယ်နေပြီ။ နုတ်ပစ်ရအောင် ဇာဂနာအကြီးစားတောင် ရပါ့မလား ဟင်း...ဟင်း'

*　*　*

'ကိုသော်တာအောင် သွားကြရအောင်လေ။ ဘာတွေ တွေးနေတာလဲ'

ဟု ပါလာသည့် အဖော်က သတိပေးလိုက်တော့မှ သတိဝင်လာပြီး သူမိလိုက်သော ပုံရိပ်ဟောင်းကို ပြန်ပြောပြလိုက်သည်။

'ဦးရန်ဝေး မိသားစု ရွာကို စွန့်ခွာပြီးတဲ့နောက် ဘာတွေ ဖြစ်ခဲ့သေးလဲ'

'ဦးရန်ဝေးတို့ မိသားစုဟာ သက္ကရာဇ် ၁၂၉၀ ပြည့်နှစ်မှာ ထန်းတပင် ဇီးကုန်းကို အပြီးပြောင်းရွှေ့သွားခဲ့ကြတယ်။ သူတို့ ပြောင်းသွားတဲ့နှစ်ကျမှ မိုးကလဲကောင်း၊ လယ်တွေလဲ စောစောစိုက်ကြရတယ်လေ။ ရွာသားတွေအတွက် ဦးရန်ဝေးရဲ့ နိမိတ်ပုံဟာ ပြက်လုံးကောင်းတစ်ခုပေါ့။

ဝါဆိုလဆန်းပိုင်းကတည်းက ရွာတဲ့မိုးဟာ စဲတယ်လို့ မရှိဘူး။ ချောင်းရေကလဲ ကမ်းလုံးပြည့်ဆိုတော့ မြောက်ဘက်က ရွာတွေနဲ့ပါ အဆက်အသွယ်ပြတ်တောက်နေပြီ။ ဖြစ်ရိုးဖြစ်စဉ်ကိစ္စဆိုတော့ လူတွေကလဲ ဘာသိဘာသာပဲလေ'

ကိုသော်တာအောင်က ပြောလက်စစကားကို ရပ်ပစ်လိုက်သည်။ သူတို့နှစ်ဦးရှေ့တွင် အင်တောချောင်းရေသည် ရေငုပ်ပြွန်ဖြင့် သွယ်တန်းထားသော ကင်းတပ်ဆည်ရေပေါ်မှ ဖြတ်ကာ စီးဆင်းနေသည်။

'အခု မြင်နေရတဲ့ ချောင်းဟာ မူလချောင်းမဟုတ်ဘူး။ တပ်မတော်အစိုးရ လက်ထက်ရောက်မှ စက်ယန္တရားတွေနဲ့ ဖောက်ထားတဲ့ လူလုပ်ချောင်းပဲ။ မူလချောင်းဟောင်းက ကျွန်တော်တို့ ဖြတ်လာခဲ့တဲ့ အနိမ့်နေရာလေ။

အဲဒီနေရာမှာ မြေသားတမံပိတ်ဆည်ကြီး ရှိခဲ့ဖူးတယ်။ ဆည်ကြီးဝတဲ့ ချောင်းရေ ပိတ်လှောင်ပြီး တူးမြောင်းတစ်လျှောက် မဟာနန္ဒာကန်ထဲ ပို့တာပေါ့။ ချောင်းရေ အဆမတန်များလာရင် လွှဲနိုင်အောင် ရေပိုလွှဲတွေတောင်ပါခဲ့ပဲ'

လှမ်းမြင်နေရသော ချောင်းကျေနေရာတွင် ကမ်းပါးယံ မြင့်မြင့်ကြီးများ ထူထပ်စွာ ပေါက်နေသော ကိုင်းပင်နှင့် မုရိုးပင်တို့ ကျန်ရစ်နေသည်။

'ဩော်... စကားပြန်ဆက်ရအောင်၊ ဒီလိုနဲ့ ဝါခေါင်လကွယ်ညမှာ မှောင်ကလဲမှောင် မိုးကလဲသည်းဆိုတော့ လူတွေအိပ်ကောင်းကောင်းနဲ့ အိပ်နေလိုက်တာ အိမ်အောက်က ကျွဲတွေ၊ နွားတွေ ဝရုန်းသုန်းကား ဖြစ်သံကြားမှ လူတွေနိုးလာတော့တယ်။

အိမ်အောက် ဆင်းလိုက်တော့မှ တစ်ရွာလုံး ရေနှင်းနေတာ တွေ့လိုက်ရတော့တယ်။ ကသဲဆည်ကျိုးလို့ ကျလာတဲ့ရေတွေက ဆည်ကြီးဝမှာ တောင့်ခံထားပြီး ရွာရေနှင်းတာလေ။

ဆည်ကြီးဝ ကျိုးထွက်သွားပြီဆိုတော့ ချောင်းရေဟာ ကမ်းပါးတွေကို တိုက်စားပြီး အိမ်အချို့နဲ့အတူ လူတွေ၊ ကျွဲ့နွားတွေပါ သယ်ဆောင်သွားပါတော့တယ်။ မိုးမှောင်ကျတဲ့ ညအလယ်မှာ ကယ်သူမဲ့ ဒုက္ခသည်တွေရဲ့ အသံဟာ ဘဝင်ထိ ညံ့လို့ပေါ့။

သတင်းဆိုး ကြားကြားချင်း ဦးရန်ဝေး ရောက်လာတဲ့အခါ အနိဋ္ဌာရုံမြင်ကွင်းကြီးသာ တွေ့ရတော့တယ်။ ဆွေမျိုးတွေရဲ့ အလောင်းတောင် သူမြင်တွေ့ခွင့် မရလိုက်တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com

ထိခိုက်ကြေကွဲနေရုံနဲ့တော့ ပြီးတာမဟုတ်လေတော့ ကျန်ရစ်သူတွေအတွက် ပြန်လည်ထူထောင်ရေးတွေ လုပ်ကိုင်ပေးခဲ့တယ်။ ရွာကို မူလအတိုင်း ပြန်ဖြစ်ဖို့ အဘက်ဘက်က ကြိုးစားခဲ့တယ်။

ဥပမာဗျာ ဖိုးဖြူကုန်းရွာလာနေမယ်ဆိုရင် အိမ်ဝင်းအခမဲ့ပေးတာမျိုးပေါ့။ မရပါဘူး။ စိတ်ဒဏ်ရာ ရသွားကြတဲ့သူတွေဟာ ချပ်သင်း၊ ကောလင်း၊ ရှမ်းတပ် စတဲ့ နေရာတွေ ပြောင်းရွှေ့သွားလိုက်ကြတာ ရွာဟာ အခုချိန်ထိ ခြောက်ခန်းနေဆဲပဲ'

စကားကို အဆုံးသတ်လိုက်သော ကိုသော်တာအောင်၏ မျက်နှာမှာ ကြေကွဲရိပ်များဖြင့် လွှမ်းခြုံနေလျက်။

'ကိုသော်တာအောင် သိလှချည်လား'

'သိဆို ကျွန်တော်ဟာ ဦးရန်ဝေးရဲ့ မြစ်တော်တယ်လေ။ အဘိုးရဲ့မှတ်တမ်းဟောင်းတွေ ဖတ်မိလို့ ပြောပြနိုင်တာပေါ့။ ယူကြုံးမရဖြစ်ခဲ့ရတဲ့ အဘိုးဟာ ကွယ်လွန်ချိန်ထိ သူ့ဇာတိရွာကို ပစ်မထားကြဖို့ မှာကြားသွားခဲ့တယ်တဲ့'

'ခင်ဗျားအဘိုး တာဝန်ကတော့ ကျေခဲ့ပါတယ်ဗျာ၊ **ဘုံသရာခရီး တစ်ထောက်မှာ အကုသိုလ်လုပ်ငန်း အတူတကွ လုပ်ဆောင်ခဲ့ကြတဲ့သူတွေဟာ ဘဝတစ်ခုမှာ အကျိုးပေးဖို့ အချိန်ကျရောက်လာရင် ဘယ်သူမှ တားဆီးလို့ မရဘူး။ အတူတူခံကြရမှာပဲ။** ဒီလို ဖြေရတော့မှာပေါ့'

'**သံသရာလည်နေသရွေ့ ကုသိုလ်၊ အကုသိုလ်တွေဟာ ဖဝါးခြေထပ်လိုက်နေမှာပဲ။ ကျွန်တော့်မှာလဲ ဘဝတစ်ခုက ဥပါဒါန်အစွဲ ပါလာခဲ့ဟန်တူတယ်။** လူမှန်းသိစကတည်းက ဖိုးဖြူကုန်းရွာ အပိုင်စိုးခဲ့တယ်တဲ့။

ရွာဝန်းကျင် ရောက်လေတိုင်း ဝမ်းနည်းမှု၊ ကြေကွဲမှုတွေ ခံစားရတယ်။ ဒီလို ကြေကွဲမှုမျိုး မျိုးဆက်သစ်တွေ မခံစားရလေအောင် အဘိုးဆန္ဒအတိုင်း ကျောင်းဆရာအဖြစ် ရောက်လာခဲ့ပြီ'

'သိပ္ပံပညာ ဦးစားပေးလွှမ်း... ခေတ်မှာ လောကီပညာတွေ ဖြန့်... လွယ်ပါ့မလား ကိုသော်တာ'

'လောကီပညာရပ်တွေ ထွန်း... နေတဲ့ အရှေ့ကမ္ဘာမှာ အညွန့်ရှင်... ခွင့်နည်းလဲ ဥ,ကတော့ ကျန်နေ... လေ။ ခင်ဗျားကားထဲမှာ ပါလာ... အထုပ်တွေဟာ ဘာသာရပ်ပေါ်... စာအုပ်တွေပေါ့။ ကလေးတွေ စာ... ပေးရင်း စာကြည့်တိုက် ဖွင့်ရအေ... လို့လေ၊ ကဲ...ကဲ သွားကြ... နေတောင် အတော်ကျသွားပြီ'

ဆည်းဆာအိုကို ချန်ထား... ဆရာကိုသော်တာအောင်တို့ ... လေးသည် ဖိုးဖြူကုန်းရွာသို့ ဦးတ... လိုက်သည်၊ သာမန် နေ့သစ်နှင့်... သော မနက်ဖြန်သည် မွေးဖွား... တော့မည်ဖြစ်သည်။

**သျှင်မင်း(မင်းကင်း)**

### စာမျက်နှာ (၂၃၂)မှ အဆက်

အဘိုးသည် ဖခင်ကြီးနောက် မနီးမဝေးမှပါလာပြီး ဖခင်ကြီးရပ်လျှင် အဘိုးကရပ်နေပြီး ဆက်သွားလျှင် အဘိုးသည် တောင်ဝှေးထောက်သံပေးပြီး လိုက်ပါလာပါသည်။

ရှေ့နားရှိ အမရပူရ ဘော်လုံးကွင်းကို ကျော်ပါက လူနေရပ်ကွက်များ စိတ်သွားပြီး ကြောက်စရာလည်း မရှိတော့ပါ။ ဘော်လုံးကွင်းအနီးရှိ ခရစ်ယာန်ကျောင်းနားအရောက်နောက်သို့ လှည့်ကြည့်ရာ တစ်လမ်းလုံးပါလာသော အဘိုးကိုမတွေ့ရတော့ပါ။

ထိုအခါမှ ဖခင်ကြီးသည် နောက်မှ လိုက်ပါလာသော အဘိုးသည် သာမန်လူသားတစ်ဦးမဟုတ်ဘဲ နယ်တော်ရှင် တောင်သမန်ဘိုးဘိုးကြီး ဖြစ်ကြောင်း သိသွားပါတော့သည်။

ဖခင်ကြီးသည် နောက်ဘက်သို့ လှည့်ပြီး မတ်တတ်ရပ်လျက် လက်အုပ်ချီကာ တောင်သမန်ဘိုးဘိုးကြီးကို လှမ်းကန်တော့လိုက်ပါသည်။

ဖခင်ကြီးသည် ည(၉)နာရီလောက်တွင် အန္တရာယ်ကင်းစွာဖြင့် နေအိမ်သို့ ပြန်ရောက်ရှိခဲ့ပါသည်။ ထိုအချိန်မှစ၍ ဖခင် ကြီးသည် တောင်သမန်ဘိုးဘိုးကြီးကို ယခင်ကထက် ပိုမို ရှိသေ ကိုးကွယ်ခဲ့ပါသည်။

တောင်သမန်ဘိုးဘိုးကြီးသည် ဒုက္ခရောက်သူများကို ... တင်ပေးကြောင်းကို မိသားစု သားသမီးမြေးများကို အမြဲ... ပါသည်။

တောင်သမန်ဘိုးဘိုးကြီး၏ ကျေးဇူးကိုလည်း အမြဲသ... နေပါသည်။

တောင်သမန်ဘိုးဘိုးကြီး နတ်ပွဲသည် နှစ်စဉ် တော်သ... လပြည့်ကျော်(၈)ရက်နေ့မှ တော်သလင်းလကွယ်နေ့ထိ စည်... စွာ ကျင်းပပါသည်။

နယ်သူနယ်သားများသည် ရှိသေစွာ နတ်နန်းထိ ... ရောက် ကန်တော့ကြပြီး တောင်သမန်ဘိုးဘိုးကြီး၏ ... ဖြင့် စောင့်ရှောက်မှုကို ရရှိရန် ဆုတောင်းကြပါသည်၊

ကျွန်မတို့ မိသားစုသည်လည်း အရှိအသေကန်တော... ရေစင်ကြေး ပဝါ၊ အောင်သပြေပန်းတို့ဖြင့် သွားရောက်... တော့လျက် မိသားစု ကျန်းမာချမ်းသာ အန္တရာယ်ကင်း... ဆုတောင်းကြပါသည်။

**(ဖခင်ကြီးပြောပြသော ဇာတ်လမ်းကို ရေးဖွဲ့ ...)**

**ချို(အမရပူရ)**



www.burmeseclassic.com

www.burmeseclassic.com



အာမရပူရ နယ်တော်ရှင်

# တောင်သမန်ဘိုးဘိုးကြီး

စောင့်ရှောက်မှုကို ရရှိခဲ့သော
လူငယ်လေးတစ်ဦး၏ ဖြစ်ရပ်ဆန်း

သီရိ (အာမရပူရ)

ကျွန်မတို့ ငယ်စဉ် ကလေးဘဝ အရွယ်တွင် ဖခင်ကြီးပြောပြသည့် ပုံပြင်များ၊ ထူးဆန်းသော ဖြစ်ရပ်များသည် စိတ်ဝင်စားဖွယ် ဗဟုသုတဖြစ်ရာအကြောင်းများ ဖြစ်ပါသည်။

ညစဉ် အိမ်ရှေ့ ခုတင်ကြီးပေါ်တွင် ညီအစ်မများ လဲလျောင်းကြရင်း တစ်ညတစ်မျိုး ဖခင်ကြီးပြောပြသော ပုံပြင်များ၊ ဖြစ်ရပ်ဆန်းများကို နားထောင်ကြပါသည်။

ထိုသို့ နားထောင်ကြပြီး မကောင်းမှုကို ရှောင်ပြီး ကောင်းမှုကို ဆောင်ရသည့် အသိအလိမ္မာများလည်း ရရှိလာကြပါသည်။

ဖခင်ကြီးပြောပြသော ဖြစ်ရပ်ဆန်းများတွင် စိတ်ဝင်စားဖွယ်ကောင်းသော ဖခင်ကြီး ကြုံတွေ့ခဲ့ရသည့် နယ်တော်ရှင် တောင်သမန်ဘိုးဘိုးကြီး အကြောင်း ဖြစ်ပါသည်။

ဖခင်ကြီး ငယ်ရွယ်စဉ်(၁၃)နှစ်သား အရွယ်တွင် သူငယ်ချင်းယောက်ျားလေးများနှင့် ညနေစောင်း နေဝင်ချိန်တွင် ဦးပိန်တံတားကို လမ်းလျှောက်၍ တောင်သမန်ဘိုးဘိုးကြီးနတ်ပွဲသို့ သွားကြပါသည်။

ဦးပိန်တံတား အရှေ့ထိပ်ရောက်ပြီး တောင်ဘက်သို့ အနည်းငယ်သွားပါက တောင်သမန်ဘိုးဘိုးကြီး နတ်နန်းသို့ ရောက်ပါသည်။

တောင်သမန် ဘိုးဘိုးကြီးပုံတော်သည် ခေါင်းပေါင်း၊ တိုက်ပုံအင်္ကျီ၊ ပုဆိုးအကွက်ဝတ်ထားပြီး တောင်ဝှေး



www.burmeseclassic.com

www.burmeseclassic.com

ကိုင်ထားသော နှုတ်ခမ်းမွှေးနှင့် အဘိုးတစ်ဦး ဖြစ်ပါသည်။

ဘိုးဘိုးကြီးပုံတော်ရှေ့တွင် ဖခင်ကြီးသည် အောင်သပြေ ပန်းစည်းကိုကိုင်ပြီး လက်အုပ်ချီကာ မိသားစုများ ကျန်းမာချမ်းသာစေရန် စောင့်ရှောက်ပါရန် ဆုတောင်းလိုက်ပါသည်။ ထို့နောက် အောင်သပြေပန်းစည်းကို ဘိုးဘိုးကြီးပုံတော်တွင် ဆက်လိုက်ပါသည်။

ဘိုးဘိုးကြီးနန်းထိန်းမှ ပြန်ပေးသော အောင်သပြေပန်းကို ယူပြီး သူငယ်ချင်းများနှင့် ဆိုင်းဝိုင်းဘေးတွင် ထိုင်ပြီး နတ်ကတော် နတ်ချေ့သည်ကို ထိုင်ကြည့်ကြပါသည်။

အချိန်အတော်ကြာ နတ်ကတော်က,သည်ကို ကြည့်ရင်း မိုးချုပ်သွားပါသည်။ ဘေးတွင် အတူထိုင်ကြည့်နေသော သူငယ်ချင်းများ ထသွားသည်ကို မသိလိုက်တော့ပါ။ သူငယ်ချင်းများနှင့် အတူ အိမ်ပြန်ရန်ရှာသော်လည်း မတွေ့တော့ပါ။

ထိုအခါ အိမ်ပြန်လျှင် ဦးပိန်တံတားပေါ် တစ်ယောက်တည်း အဖော်မပါဘဲ ပြန်ရမည်ကို တွေးပြီး ကြောက်ရွံ့နေပါသည်။

ထိုအချိန်က ဦးပိန်တံတားအလယ်ရှိ အလယ်ဇရပ်ကြီးတွင် သရဲကြီးရှိသည်ဟု လူကြီးများက ပြောကြပါသည်။ အလယ်ဇရပ်ကြီးထဲတွင် သရဲကြီးသည် ကိုယ်ခန္ဓာအမွေးထူထူ၊ မျက်လုံးလင်းကွင်းဝိုင်းလောက်ရှိပြီး မီးကျီးခဲကဲ့သို့ နီရဲကာ တစ်တောင်လောက်ရှိသည့် လျှာကြီးကို ဖြန့်ခင်း၍ နားရွက်ကြီးနှစ်ဖက်ကိုခြုံ၊ ဇရပ်အပြည့် ခြေဆင်း အိပ်နေတတ်သည်ဟု ပြောကြပါသည်။

တောင်သမန်အင်းတွင် ငါးဖမ်း



သော တံငါသည်များထံမှ ငါးများကို အမွေးထူ လက်ကြီးဖြင့် တောင်းစားတတ်သည်ဟု ကြုံဖူးသူများက ပြောကြသည်ကို ဖခင်ကြီး သတိရလိုက်မိပါသည်။ တော်ရုံသတ္တိဖြင့် တစ်ယောက်တည်း အလယ်ဇရပ်ကြီးကို မဖြတ်ရဲပါ။

ည(၈)နာရီ ပတ်ဝန်းကျင်ခန့်တွင် ဦးပိန်တံတား အလယ်ဇရပ်ကြီးကို ဖြတ်ပြီး ဖခင်ကြီးတစ်ယောက်တည်း မပြန်ရဲပါ။ မိဘများဖွင့်သည့် လက်ဖက်ရည်ဆိုင်အတွက် ထတ္တရာမုန့်လုပ်ရန် ဂျုံမှုန့် ဖောက်ပေးရမည်ဖြစ်သဖြင့် မပြန်လျှင်လည်း မရပါ။

ဖခင်ကြီးသည် ထိတ်လန့်ကြောက်ရွံ့စွာဖြင့် လူပြတ်နေသော ဦးပိန်တံတားပေါ်သို့ တက်လာခဲ့ပါသည်။ အလယ်ဇရပ် မနီးမဝေး ရေထဲတွင် တောင်သမန်ဘိုးဘိုးကြီး၏ နတ်ကွန်းတိုင်ရှိပါသည်။

တောင်သမန်ဘိုးဘိုးကြီး၏ နတ်ကွန်းတိုင်ရှေ့တွင် ဖခင်ကြီးသည် ဖိနပ်ချွတ်ပြီး ထိုင်ကန်တော့လိုက်ပါသည်။ ဖခင်ကြီးသည် နှုတ်မှ အသံထွက်ကာ...

'ဘိုးဘိုးကြီးခင်ဗျား...ကျွန်တော် တောင်ပို့ဘက်သို့ပြန်ရမည်ဖြစ်ပါသည်။ တစ်ယော[က်]တည်း အလယ်ဇရပ်ကြီးကို ဖြတ်ပြီး မပြ[န်ရဲပါ] သရဲကြီးနှင့် တွေ့မည်ကို ကြောက်နေ[ပါ]သည်။

အဖော်တစ်ယောက်လောက်ရှိလျှင် ပြ[န်ရဲ]ပါသည်။ ဘိုးဘိုးကြီးမှ ကျွန်တော်ကို စော[င့်]ရှောက်ပေးပါ'

ဟု ဆုတောင်း ကန်တော့လိုက်[ပါ]သည်။

ထိုသို့ ဖခင်ကြီး ကန်တော့ပြီး မကြ[ာမီ]ခင် တောင်သမန် ဦးပိန်တံတား အ[...] ဘက်ထိပ်မှ ဆေးလိပ်[...] ရဲရဲဖွာကာ တောင်ဝှေးသံကြား[...] အဘိုးတစ်ဦး လာနေသည်ကို မြင်လို[က်]ရပါသည်။ ဖခင်ကြီးသည် ဝမ်းသ[ာ]သွားပြီး မတ်တတ်ရပ်လိုက်ကာ ရှေ[့]သွားလိုက်ပါသည်။ နောက်မှ အဖေ[ာ်]အဘိုးတစ်ဦး ပါလာသဖြင့် ကြော[က်]စိတ်များ လျော့သွားပြီး အလယ်ဇ[ရပ်]ကြီးနားသို့ ရောက်လာပါသည်။

တောင်ဝှေးသံ ဒေါက်...ဒေါက်[...] ကြားနေရပြီး အလယ်ဇရပ်ကြီး ရော[က်]၍ ဇရပ်ထဲသို့ ကြောက်လန့်စွာ ကြည့်[...]သောအခါ မည်သူတစ်ဦးတစ်ယော[က်]မျှ မရှိပါ။

အလယ်ဇရပ်ကြီးကိုဖြတ်ပြီး နော[က်]သို့ လှည့်ကြည့်ရာ ဆေးလိပ်မီးရဲရဲ[...] တောင်ဝှေးထောက်ပြီး ဝါးတစ်[...] အကွာမှ အဘိုးက လိုက်လာပါသည်[။] ဦးပိန်တံတား အနောက်ဘက်ထိ[...] တောင်မင်းကြီးဘုရားကို ကျော[်...] သစ်ပင်ကြီးများ ထူထပ်နေသော[...] ဘုရားနီနားသို့ ရောက်လာပါသည်[။]

ဘုရားနီဘုရား နောက်ဘက်[...] လင်းဖင်းကုန်းသုသာန်ရှိသဖြင့် ဖ[ခင်]ကြီးသည် နောက်သို့ လှည့်ကြ[ည့်...] အဘိုးပါလာသဖြင့် မကြောက်တော[့ဘဲ] ရှေ့ဆက်သွားပါသည်။



(စာမျက်နှာ (၂၃၀) သို့)

www.burmeseclassic.com

www.burmeseclassic.com

ချစ်ဆိုင်

# လက်သုံးမြန်တွက်တော

ဘိလူးရုပ်တုကြီး




ကျွန်ုပ်သည် လွန်ခဲ့သော (၁၅)နှစ် ဝန်းကျင်လောက်က ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်အတွင်းရှိ မိုင်းလုံ့ရွာ (ယခုတော့ မြို့ဖြစ်ပြီဟု သိရ)တွင် လုပ်ရှားစစ်ကြောင်း စစ်ကြောင်းမှူး တာဝန်ဖြင့် လှုပ်ရှားသွားလာခဲ့ရပါဖူး ပါသည်။

ကျွန်ုပ် တာဝန်ယူပြီး လှုပ်ရှားရသည့် စစ်ဆင်ရေး ဧရိယာအတွင်းတွင် ကျေးရွာပေါင်း (၄၀)ရွာလောက် ရှိပါသည်။ သောင်းကျန်းသူများနှင့် တိုက်ခိုက်ရခြင်းတော့ မရှိပါ။ မိုင်းလုံ တပ်စခန်းတွင် ကျွန်ုပ်၏ လက်အောက်ခံ တပ်ခွဲတစ်ခွဲက စခန်းထိုင်ထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ဦးစီးသော လှုပ်ရှားစစ်ကြောင်းအဖွဲ့များက ရိက္ခာကုန်သောအခါ မိုင်းလုံတပ်စခန်းတွင် ပြန်ပြီး ထုတ်ကြရသည်။

ရိက္ခာထုတ်ပြီးသောအခါ သတ်မှတ်ထားသော လှုပ်ရှားစစ်ကြောင်း၏ နယ်မြေအတွင်းသို့ ပြန်လည်ဝင်ရောက်ရသည်။ ဤနည်းဖြင့် ကျင်လည်နေရသည်။

တစ်နေ့တွင် ကျွန်ုပ်က ရိက္ခာကုန်သဖြင့် မိုင်းလုံတပ်စခန်းတွင် ပြန်ပြီး ရိက္ခာထုတ်ရသည်။ ရိက္ခာထုတ်ပြီးသောအခါ ထိုနေ့မှာပင် မိုင်းလုံရွာ၏ အနောက်ဘက်တွင်ရှိနေသော မြို့ဟောင်းရွာသို့ ဆက်ပြီး ချီတက်ခဲ့ကြရသည်။ နေအတော်စောင်းသောအခါ မြို့ဟောင်းရွာကို ရောက်ခဲ့ကြသည်။

ရောက်သောအခါ ကျွန်ုပ်က ရွာလူကြီးနေအိမ်တွင် မတည်း၊ ထိုရွာတွင် စစ်မှုထမ်းဟောင်း ကိုအေးလွင်ဆိုသူရှိသည်ဆို၍ ထိုအိမ်ကို မေးမြန်းပြီး သွားရောက် တည်းခိုဖြစ်သည်။

ရေမိုးချိုး အဝတ်အစားလဲပြီးသောအခါ ရွာတစ်လျှောက်ကို ကျွန်ုပ်တစ်ယောက်တည်း လိုက်ကြည့်ဖြစ်သည်၊ ထိုအခါ ရှေးယခင်က ထိုရွာတွင် ကြီးမားခိုင်ခံ့သော အဆောက်အအုံအချို့ ဆောက်လုပ်ခဲ့ဟန်တူသည်။

ကျွန်ုပ် ယခု မြင်တွေ့ခဲ့ရသည်မှာ ရှေးယခင်အခါက ဖုတ်ခဲ့ဟန်တူသော အုတ်ကျိုးအုတ်ပဲ့များ ပြီးတော့ အုတ်အင်္ဂတေတို့ဖြင့် တည်ဆောက်ခဲ့သော အဆောက်အအုံအချို့၏ ဖောင်တော်ရှင်းများအပြင် ရှေးဟောင်းဘုရားပုထိုးစေတီများကိုပါ တွေ့ရှိနေရ၍ ဖြစ်ပါသည်။

နှစ်ပေါင်းများစွာ ကြာပြီဖြစ်သော ကံ့ကော်ပင်အချို့ကိုလည်း တွေ့နေရသည်၊ လူကြီးတစ်ယောက်စာလောက်ကြီးသော ကံ့ကော်ပင် တော်တော်များများကို တွေ့ခဲ့ရသည်။

ကျွန်ုပ်၏စိတ်ထဲတွင် ထိုရွာကို အဘယ်ကြောင့် မြို့ဟောင်းဟု ခေါ်ခဲ့ကြပါသနည်းဟု၊ တွေ့နေရတာက ရွာ၊ ခေါ်နေကြတာကတော့ဖြင့် **မြို့ဟောင်း** တဲ့။

မြို့ဟောင်းဆိုတော့ ဟိုအရင်က မြို့ကြီးပြကြီးများ ဖြစ်ခဲ့လေသလား၊ မြို့ကြီးပြကြီးဖြစ်ခဲ့ပြီးမှ အကြောင်းအမျိုးမျိုးကြောင့်အခိုပါ မြို့ကြီးပျက်စီးသွားခဲ့ရရာမှ ယခုအခေါ်အဝေါ်အတိုင်း မြို့ပျက်မြို့ဟောင်းဟူ၍ ခေါ်ဆိုနေကြလေသလား စသည်ဖြင့် အတွေးပွားစရာတွေက ဖြစ်လာခဲ့ရသည်။

မြို့ဟောင်းဆိုသော အခေါ်အဝေါ်နှင့်ပတ်သက်၍ ကျွန်ုပ် တည်းခိုနေသော စစ်မှုထမ်းဟောင်းကြီးအား မေးရန် ကြံစည်ခဲ့ပါသေးသည်။

သို့သော်လည်း သူက သိနိုင်မည် မဟုတ်။ သူကလည်း မကြာခင်ကမှ တပ်က ထွက်လာပြီး ရောက်လာသူပေပဲ။ သို့ဖြစ်၍ ကျွန်ုပ်က မေးဖြစ်ခဲ့တော့ပါ။

နောက်တစ်နေ့ မိုးလင်းလာသောအခါ မိုးကုတ်တွင် အခြေပြုထားသော နည်းဗျူဟာအဖွဲ့က ကျွန်ုပ်အား တောင်နီရွာသို့ ဦးတည်ပြီး ချီတက်ရန် ညွှန်ကြားလာပါတော့သည်။

သို့ဖြစ်၍ ကျွန်ုပ်က မြို့ဟောင်းရွာ၏ အနောက်ဘက်တွင် ရှိနေသော ရွာဆီသို့ လယ်ကွင်းလမ်းအတိုင်း ချီတက်ခဲ့ကြသည်။

ရောက်သောအခါ ထိုရွာ၏ မြောက်ဘက်တွင်ရှိသော ရွာတစ်ရွာဆီသို့ ဆက်ထွက်ခဲ့ရပြန်သည်။ ထိုရွာများမှာ တောင်ခြေရှိ ကျေးရွာများ ဖြစ်ကြသည်။

ထိုရွာသို့ ရောက်သောအခါ ထိုရွာမှ အစပြုပြီး တောင်တက်ခရီးကြီးကို စတင်ခဲ့ကြရတော့သည်။ တောင်နီရွာဆိုသည်မှာ မြေပြန့်တွင် မဟုတ်၊ တောင်ထိပ်ပေါ်တွင်ရှိနေသော ကျေးရွာတစ်ရွာပင်ဖြစ်သည်။

ကျွန်ုပ်တို့အဖွဲ့များက အနောက်မြောက်ယွန်းယွန်းသို့ ဦးတည်ပြီး ရှိနေသော လမ်းအတိုင်း တဖြည်းဖြည်းချင်း ချီတက်ခဲ့ကြရသည်။

တောင်တက်လမ်းမှာ နွားလှည်းလမ်းကြီးပင်ဖြစ်သည်။ တောင်ပေါ်တောလမ်းဖြစ်သည်နှင့်အညီ လမ်းတစ်လျှောက်လုံး ချိုင့်တွေ ခွက်တွေနှင့် ဖြစ်နေသည်။

သစ်တောသစ်ပင်တွေက ထူထပ်နေပါသဖြင့် နေအပူဒဏ်ကိုတော့ ကောင်းစွာ မခံစားရ၊ သို့သော်လည်း တောင်တက်နေရသဖြင့် ချွေးတပြိုက်ပြိုက်ဖြင့် ဖြစ်နေရသည်။

သွားရင်းနားရင်းဖြင့် ချီတက်လာခဲ့ကြရာ နေအတော်ကလေး စောင်းမှ ရွာတစ်ရွာကို ရောက်ခဲ့ကြရသည်။ တောင်နီရွာနှင့်တော့ သိပ်ပြီးဝေးလှ





www.burmeseclassic.com

www.burmeseclassic.com

တော့ပါ။

မဝေးလှတော့သော်လည်း ကျွန်ုပ်တို့က ထိုရွာမှာပင် ညအိပ်ပြီး အခြေပြုခဲ့ကြရတော့သည်။

* * *

နောက်တစ်နေ့ မိုးလင်းလာသောအခါ တောင်နီရွာသို့ ဆက်ပြီး ချီတက်ရန် ပြင်ဆင်ကြရသည်။ ထိုအခါ ရွာလူကြီးဖြစ်သူက...

'ခဏစောင့်ပါဦး ဗိုလ်ကြီးရဲ့ ဗိုလ်ကြီး အဲဒီရွာကို သွားဖို့အတွက် ကျွန်တော့်သားကို အဲဒီတောင်နီရွာမှာ ရှိနေတဲ့ တောင်နီရွာဥက္ကဋ္ဌရဲ့ တပည့်ကို သွားခေါ်ခိုင်းထားတယ်။

ကျွန်တော့်သားက ဆိုင်ကယ်စီး တတ်ပေမယ့် သူ့ဟာနဲ့သူ တစ်ယောက်လောက်ပဲ တက်စီးပြီး မောင်းနိုင်တာပါ။ ဒါကြောင့် ဗိုလ်ကြီးကို လိုက်မပို့နိုင်တာပေါ့။

အဲ... အခုသွားခေါ်ခဲ့မယ့် တောင်နီရွာဥက္ကဋ္ဌရဲ့ တပည့်ကတော့ဗျာ ဆိုင်ကယ်စီး ကျွမ်းသလားမမေးနဲ့။ ဒီတောင်တက်ခရီးကို မြို့ပေါ်က ကတ္တရာလမ်းပေါ် မောင်းရတဲ့အတိုင်း သူမောင်းပြပါလိမ့်မယ်။ ရောက်လာတော့မှာပါ'

ဟု ပြောလေသည်။

ထိုအခါ ကျွန်ုပ်က ကျွန်ုပ်အား လာကြိုမယ့် ဆိုင်ကယ်သမားကို စောင့်ပြီး စီးရန် သဘောတူလိုက်သည်။

နောက်ထပ် နာရီဝက်ကျော်ကျော်လောက်ကြာသောအခါ ဆိုင်ကယ်ဖြင့် သွားခေါ်သူရော ဆိုင်ကယ်ဖြင့် ကျွန်ုပ်အား လာခေါ်သူတို့ပါ ရောက်လာခဲ့ကြတော့သည်။

ထိုအခါကျမှသာ ကျွန်ုပ်၏ အဖွဲ့တော်သားများကလည်း တောင်နီရွာ



သို့ စတင် ထွက်ခွာခဲ့ပါတော့သည်။

လမ်းကတော့ မှားစရာမရှိဟု ဆိုပါသည်။ ယခု လှည်းလမ်းအတိုင်း ဆက်ပြီး တက်သွားလျှင် တောင်ကြောပေါ်ရောက်သည်နှင့် အရှေ့ကနေ အနောက်ကို ဖြတ်ပြီး သွားနေသည့် ကန့်လန့်ဖြတ် လှည်းလမ်းကြောင်းကြီးကို တွေ့ရမည်ဖြစ်ကြောင်း...

ထိုကဲ့သို့ တွေ့ရပါက ညာဘက် (အရှေ့ဘက်) လှည်းလမ်းကြောင်းအတိုင်း လိုက်သွားပါက တောင်နီရွာထဲသို့ ဝင်ရောက်သွားမည်ဖြစ်ကြောင်း ရွာသားများက မှာပေးခဲ့ကြပါသည်။

သို့ဖြစ်၍ ကျွန်ုပ်က ဆိုင်ကယ်ဖြင့် တက်ရသူဖြစ်ရာ ကျွန်ုပ်၏ အဖွဲ့တော်သားများကို ကျော်ပြီး တက်ခဲ့ကြရတော့သည်။

တောင်ကြောပေါ်သို့ ရောက်သောအခါ ကန့်လန့်ဖြတ် လှည်းလမ်းကြီးကို တွေ့ရတော့သည်။ ကျွန်ုပ်အား လာခေါ်သော ဆိုင်ကယ်သမားက ကျွန်ုပ်အား...

'ဗိုလ်ကြီး... ရောက်တုန်းရောက်ခိုက် အခြားရွာတွေကိုပါ လိုက်ပြီး ကြည့်သွားပါဦး။ ကျွန်တော် လိုက်ပို့ပေးပါ့မယ်'

ဟု ဆိုကာ လှည်းလမ်းကြောင်း၏ ဘယ်ဘက်အတိုင်း ချိုးကွေ့ပြီး မောင်းခဲ့သည်။ ကျေးရွာနှစ်ရွာအထိ သူက မောင်းပြီး ပို့ပေးပါသည်။

မိုးကလည်း ရွာလာသဖြင့် ကျွန်ုပ်က "တော်ပြီဗျာ တောင်နီဘက် ပြန်ရအောင်" ဟု ပြောလိုက်သောအခါ သူက တောင်နီရွာရှိရာဘက်ဆီသို့ ပြန်မောင်းခဲ့ပါသည်။

တောင်ကြောပေါ်ရှိ လှည်းလမ်းကြောင်းတစ်လျှောက်တွင် မိုးရေများက အိုင်ထွန်းနေကြသည်။ ချိုင့်တွေ ခွက်တွေအပြင် တစေးဖြစ်နေသော မြေသားလမ်းကြောင်းများပေါ်တွင် သူက ကောင်းစွာ မောင်းနှင်နိုင်သည်ကို တွေ့ရပါသည်။

ကျွန်ုပ် တွေ့ခဲ့ဖူးသမျှသော ဆိုင်ကယ်မောင်းသူများထဲတွင် သူသည် အကောင်းဆုံး၊ အကျွမ်းကျင်ဆုံး မောင်းနှင်နိုင်သူဟု ပြောချင်ပါသည်။

သူ၏နာမည်ကို ကျွန်ုပ် ကောင်းစွာ မမှတ်မိတော့ပါ။ သို့သော် တောင်နီရွာ ဥက္ကဋ္ဌ၏တူ (သို့မဟုတ်) တပည့်ဟု ပြောလိုက်လျှင် ထိုတစ်လျှောက်က လူတွေသိကြသည်။

ကျွန်ုပ် မှတ်မိသလောက် သူ၏ အမည်မှာ သိန်းအောင်ဖြစ်သည်။ ငယ်ရွယ်သူမို့ ကျွန်ုပ်က သူ့အား မောင်သိန်းအောင်ဟု ခေါ်ခဲ့သည်။

ကျွန်ုပ်တို့နှစ်ယောက် ပြန်မောင်းလာပြီး လမ်းခွဲခဲ့သော လမ်းဆုံသို့ ကျော်လာခဲ့တော့သည်။ ထိုအခါ မိုးကလည်း ဖွဲဖွဲကလေးမျှသာ ရွာနေလေတော့သည်။ မောင်သိန်းအောင်က...

'ဗိုလ်ကြီး ရောက်တုန်းရောက်ခိုက် အထူးအဆန်းတစ်ခုကိုပါ ထပ်ပြီး ပြောပြဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုကာ ဆိုင်ကယ်ကို ရပ်လိုက်သည်။

နှစ်ယောက်သား ဆိုင်ကယ်ပေါ်မှ ဆင်းလာပြီး လှည်းလမ်းကြောင်း၏ ညာဘက်ထဲသို့ဝင်ခဲ့ကြရာ **လူနှစ်ရပ် စာလောက် မြင့်သော ဘီလူးရုပ်တုကြီးကို တွေ့ရလေတော့သည်။**

**ဘီလူးရုပ်တုကြီးမှာ ထောင်မတ်ကြွက် ထိုင်ထားပြီး တစ်တောင်ထောင် နှစ်ဖက် လေးကို ဒူးပေါ်ထောက်ထား၏။ လက်ဖျံ များကား သူ၏ ရင်ဘတ်သို့ မြှောက်ထား၏။ သို့သော် လက်သီးနှစ်ဖက်မှာမူကား ရင်ဘတ်ရှိရာအတွင်းဘက်သို့ မြို့လှည့် မထား။**

**မျက်နှာမှာမူ အရှေ့ဘက်ဆီသို့ လှည့် ထားပြီး လက်ညှိုးချောင်းကလေးများ ကထော့ အနည်းငယ်မျှ ကွေးထား၏။ ထိုကဲ့သို့ ကွေးထားသဖြင့် ရှေ့သို့ ထိုး ထွက်နေ၏။**

တရုတ်သိုင်းကားထဲကလို လက်ဝါး နှစ်ဖက်ကို ပြန့်ကားထားပြီး ရန်သူအား တွန်းထုတ်တော့မည်ပုံ သို့မဟုတ် တစ်စုံတစ်ရာကို ဆွဲကုတ်ယူတော့မည့် ပုံနှင့်တူလေသည်။

မျက်နှာအမူအရာနှင့် လက်တို့၏ အနေအထားတို့ကြောင့် လွန်စွာမှ မာန် ပါလှပါသည်။ ဘီလူးရုပ်ကြီးရှိနေရာက နေပြီး ဘေးပတ်ဝန်းကျင် တော်တော် များများကို လှမ်း၍ တွေ့နိုင်ပါသည်။

သို့ဖြစ်၍ ကျွန်ုပ်က ဘီလူးရုပ်တုကြီး မျက်နှာမူထားရာအရပ်ကို ကြည့်လိုက် သောအခါကျွန်ုပ်တို့ ညအိပ်ခဲ့ကြသော မြို့ဟောင်းရွာဘက်သို့ မျက်နှာမူထား ကြောင်း မြင်တွေ့ရပါသည်။

ဘီလူးရုပ်တုကြီးမှာ ကျွန်ုပ်တို့ ဆိုင်ကယ်စီးလာသော လှည်းလမ်း ကြောင်းကို ကျောခိုင်းထားခြင်း ဖြစ် သည်။



ကျွန်ုပ်အား လာကြိုသော မောင်သိန်းအောင်က...

'ဒီဘက်ကို လာကြည့်ပါဦးဗိုလ်ကြီး'

ဟု ခေါ်သဖြင့် ကျွန်ုပ်က သူပြသော အရာကို သွားကြည့်ရာ ဟက်တက်ကွဲ နေသော ကျောက်တုံးကြီးကို တွေ့ရ သည်။

ကျောက်တုံးမှာ အလုံးမဟုတ် ခပ်ပြားပြားလေးဖြစ်နေ၏။ ပြားချပ်ချပ် ကြီးဖြစ်နေသည်လည်း မဟုတ်ပြန်ပါ။ လူကြီးနှစ်ဖက်စာလောက် ရှိနိုင်သော ကျောက်အရွယ်အစားဖြစ်သည်။

ဤသည်ကို မောင်သိန်းအောင် က...

'အဲဒါက အဲဒီဘီလူးကြီးရဲ့ အသည်းပေါ့'

ဟု ပြောလေသည်။

ကျွန်ုပ်က လွန်စွာမှ စိတ်ဝင်စားသွား ရပြီး...

'ဘယ်လိုတွေဖြစ်ပြီး ဒီဘီလူးကြီးရဲ့ အသည်းက အပြင်ကို ရောက်နေရတာလဲ'

ဟု မေးလိုက်ရာ...

'တားနဲ့ အခုတ်ခံရလို့ပါ။ မင်းသားတစ်ပါးက ဒီဘီလူးကြီးကိုတားနဲ့ ခုတ်လိုက်ရာကနေ ဘီလူးကြီး ဗိုက်ပွင့်ထွက်သွားပြီး အသည်း တွေကလဲ အပြင်ဘက်ကို ထွက်ကျလာခဲ့ တာပေါ့။ ဒီမှာကြည့်ပါလား အဲဒီဘီလူးကြီးရဲ့ အသည်းကို အပြင်ရောက်လာခဲ့ပြီးကာမှ နောက်ထပ်တစ်ခါ ထပ်ပြီး တားနဲ့ ပိုင်းထားတဲ့ အရာ'

ဆိုပြီး ပြပြန်၏။

ကျွန်ုပ်က သေချာစွာကြည့်သော အခါ ဟုတ်ပါသည်။ သစ်တုံးကြီးကို လွှနှင့်ပိုင်းထားသကဲ့သို့ ဖြောင့်ဖြောင့် စင်းစင်း တိတိရိရိနှင့် ပြတ်တောက်နေခြင်းဖြစ် ကြောင်း မြင်တွေ့ရလေသည်။ တကယ့် ဓားနှင့်ခုတ်ပိုင်းထားသကဲ့သို့တူပါသည်။

'ကဲဗျာ... ခင်ဗျားသိသလောက် ဒီဘီလူးကြီးရဲ့ အကြောင်းကို ပြော စမ်းပါဦး'

ဟု တောင်းဆိုလိုက်ရာ မောင်သိန်း အောင်က...

'ဟိုးရှေးရှေးတုန်းက ဆိုပါတော့ ကျွန်တော်တို့ ဟောဒီနယ်တ လျှောက်မှာ အခုမြင်ရတဲ့ ကျောက် ဘီလူးကြီးက သောင်းကျန်းနေခဲ့တယ် လို့ ဆိုတယ်။

အဲဒါကို မင်းသားတစ်ပါးက သိ သွားပြီးတဲ့နောက် အဲဒီဘီလူးကြီး နှိမ်နင်းဖို့ လိုက်တော့သတဲ့။ ဘီလူးကြီး ကလဲ မင်းသားတစ်ပါး လိုက်လာ ဖြစ်ကြောင်း သိရတော့ ထွက်ပြေး သတဲ့။

မင်းသားကလဲ နယ်နယ် မင်းသားတော့ ဟုတ်ဟန်မတူပါဘူး ဘာပဲဖြစ်ဖြစ် ဘီလူးကြီးက ထွက်ပြေး နေရရင်းကနေ တစ်နေရာကို ရောက် တော့ ခဏတဖြုတ်နားပြီး အမောဖြေ သတဲ့။

အဲဒီဘီလူးကြီး အမောဖြေခဲ့ နေရာကို အစွဲပြုပြီး နောင်သော မောဖြေဆိုတဲ့ ရွာတစ်ရွာ ပေါ် လာခဲ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ မောဖြေဆိုတဲ့ရွာဟာ ကာလတွေ ရွေ့လျောလာခဲ့တဲ့ အခါမှာတော့ အခေါ်အဝေါ်တွေကလဲ ပြောင်းလာခဲ့တယ်။ ဒါကြောင့် ဟိုတုန်းက မောဖြေဆိုတဲ့ ရွာဟာ ခုချိန်မှာ မိုးပြေရွာအဖြစ်နဲ့ အခုရှိနေတယ်'

ဟု ပြောလေသည်။

ထိုအခါ ကျွန်ုပ်က...

'ဟုတ်ပြီဗျို့ ဟုတ်ပြီ၊ အဲဒီ မိုးပြေဆိုတဲ့ရွာကို ကျွန်တော် ရောက်ခဲ့ဖူးပါတယ်။ အခု ဒီတောင်ကနေကြည့်ရင် အရှေ့ဘက်လောက်မှာရှိတယ်။ ကဲ--- ဆက်ပြောဗျာ'

ဟု ပြောလိုက်ရာ မောင်သိန်းအောင်က...

'အဲဒီလို အမောဖြေပြီးတော့ ဘီလူးကြီးက ဆက်ပြေးရပြန်တာပေါ့။ မင်းသားကလဲ နောက်ကနေ လိုက်ပေါ့။ ပြေးရင်းလွှားရင်းနဲ့ တစ်နေရာကို ရောက်တော့ မင်းသားက ဘီလူးကြီးရဲ့ပေါင်ကို သူ့ရဲ့ဓားနဲ့သွားပြီး ခုတ်မိသတဲ့။

အဲဒီလို ဘီလူးကြီးရဲ့ ပေါင်ကို ခုတ်မိခဲ့တဲ့ နေရာကို အစွဲပြုပြီး နောင်သောအခါ **ပေါင်ခုတ်ဆိုတဲ့ ရွာတစ်ရွာ** ပေါ်ပေါက်လာခဲ့ရတယ်။

ဒီရွာကလဲ ကာလတွေ ရွေ့လျောလာခဲ့တဲ့ အခါမှာတော့ ပေါင်ခုတ်ကနေပြီး အခုတော့ **ပေါင်ခေါ်**ဆိုတဲ့ ရွာအဖြစ်နဲ့ အခုထိရှိနေဆဲပါ'

ဟု ပြောလေသည်။ ထိုအခါ ကျွန်ုပ်က...

'ဟုတ်ပြီဗျို့ ဟုတ်ပြီ အခုခင်ဗျားပြောတဲ့ ပေါင်ခေါ်ဆိုတဲ့ ရွာကိုလဲ ကျုပ်က ရောက်ခဲ့ဖူးတယ်ဗျ။ အခု ဒီတောင်နီရွာရဲ့ မြောက်ဘက် တောင်အောက်ထဲမှာ ရှိပါတယ်။ ကဲ...ကဲ... ဆက်ပြောစမ်းပါဦးဗျာ။ အဲဒီဘီလူးကြီးရဲ့ ပေါင်ကိုလဲ ခုတ်မိလိုက်တော့ ဘီလူးကြီးက ဘာတွေ ဆက်ဖြစ်သွားလဲ'

'အဲဒီဘီလူးကြီးရဲ့ ပေါင်ကိုလဲ ခုတ်မိလိုက်ရော ဘီလူးကြီးက အော်ဟစ်ပြီး အခု ဒီတောင်ပေါ်ကို ပြေးတက်လာခဲ့သတဲ့။ တောင်ပေါ်ကို ပြေးတက်လာခဲ့တဲ့ လမ်းကြောင်းတစ်လျှောက်မှာတော့ ဘီလူးကြီးဆီကနေ ပန်းထွက်လာတဲ့ သွေးတွေကြောင့် နီရဲနေတော့တာပဲတဲ့။

အဲဒီလို ဘီလူးကြီးက ရှေ့ကပြေး မင်းသားကလဲ နောက်ကလိုက်နဲ့ ပြေးတက်လာခဲ့ကြတာမှာ အခု ဒီနေရာကိုလဲ ရောက်လာရော မင်းသားက အဲဒီဘီလူးကြီးကို မီလာပြီး သူ့ရဲ့လက်ကိုင်ဓားနဲ့ ပိုင်းဖြတ်လိုက်တာမှာ ဘီလူးကြီး ဗိုက်ပွင့်ထွက်သွားတယ်။

ဗိုက်တွေ ပွင့်ထွက်သွားပြီး သူ့ရဲ့အသည်းတွေကလဲ အခု ဒီလမ်းဘေးမှာ ထွက်ကျသွားရတော့သတဲ့။ထွက်ကျလာပြီး အသည်းက လှုပ်စိလှုပ်စိ ဖြစ်နေတော့ မင်းသားက ဒေါကန်ပြီး သူ့ဓားနဲ့ ပိုင်းဖြတ်လိုက်တာမှာ အခုလိုပဲ နှစ်ခြမ်း ကွဲသွားရတော့သတဲ့။

အဲဒီအချိန်မှာ ဘီလူးကြီးရဲ့ ခန္ဓာကိုယ်မှာလဲ သွေးတွေက ဒလဟော စီးထွက်ပန်းထွက်နေသတဲ့။ ဘယ်လောက်အထိ စီးထွက်ပန်းထွက်ခဲ့သလဲဆိုရင် အခု ဒီတောင်ကြီးတစ်ခုလုံး သွေးတွေနဲ့ နီရဲသွားခဲ့ရသတဲ့။

အဲဒီလို ဘီလူးကြီးရဲ့ သွေးတွေကြောင့် တောင်ကြီးတစ်ခုလုံး နီရဲခဲ့ရတာကို အကြောင်းပြုပြီး နောင်သောအခါမှာ ဒေသခံလူတွေက ဒီတောင်ကို **တောင်နီတောင်**ဆိုပြီး ခေါ်ခဲ့ကြသတဲ့။

မကြာခင်မှာပဲ အဲဒီ တောင်ပေါ်မှာ ရွာတစ်ရွာ ပေါ်ပေါက်လာတယ်။ အဲဒီရွာက တောင်နီတောင်ပေါ်မှာ ရှိနေတဲ့အတွက် တောင်နီရွာဆိုပြီး ခေါ်ခဲ့ကြသတဲ့။ အခုထိ ရှိနေဆဲပါ။

အဲဒီရွာကိုတော့ ဗိုလ်ကြီး မရောက်ဖူးသေးပါဘူး။ ဒါပေမယ့် မကြာခင်တော့ ရောက်ဖူးရတော့မှာပါ။ ဗိုလ်ကြီးနဲ့ ကျွန်တော် အခုသွားမယ့် ရွာပဲလေ၊

အဲဒီလိုနဲ့ ဘီလူးကြီးဟာ မကြာခင် အသက်ထွက်ရတော့မယ် ဆိုပါတော့၊ ဒီအခါ ဒီနေရာမှာ လာထိုင်ပြီး အခုခေတ်မှာ မြင်တွေ့နေရတဲ့ မြို့ဟောင်းဘက်ကို မျက်နှာမူလို့ အသက်ငင်ခဲ့သတဲ့။

အဲဒီတုန်းက မြို့ဟောင်းဆိုတာက မြို့ကြီးတစ်မြို့ ဖြစ်ခဲ့ပါသတဲ့။ ဘီလူးကြီးက အဲဒီမြို့ကိုကြည့်ပြီး အသက်ငင်တဲ့ အခါမှာ သူတို့ရဲ့ ကမ္မဖိဒ္ဓိတန်ခိုးကြောင့်လား ဘာလားတော့ ကျွန်တော် မပြောတတ်ပါဘူး။ နဂါးမျိုးဆိုရင်တော့ သူတို့ ဒေါသဖြစ်လာပြီး တစ်ချက်လောက် မျက်စောင်းထိုးလိုက်တာနဲ့ ပြာဖြစ်သွားတယ်လို့ ကြားဖူးပါတယ်။

ခုလဲ အဲဒီဘီလူးကြီးက နဂါးတွေ မျက်စောင်းထိုးသလို ဒီမြို့ကြီးကို



www.burmeseclassic.com

www.burmeseclassic.com

မကျေနပ်လို့ စေ့စေ့ကြည့်ပြီး အသက်လဲ ထွက်သွားရော အဲဒီမြို့ကြီးပါ ပျက်စီးသွားရတော့တယ်လို့ ဆိုတယ်။

အခုခါမှာတော့ အဲဒီမြို့ကြီးကို မြို့ပျောင်းလို့ ခေါ်နေကြတယ်လို့ ဆိုတယ်။ ခုလဲ ရှိနေပါတယ်'

ဟု ပြောလေသည်။ ထိုအခါ ကျွန်ုပ်က...

'အဲ...အဲဒီ မြို့ပျောင်းရွာကိုတော့ ကျွန်တော်ရောက်ခဲ့ဖူးသဗျ။ ဒီကိုလာ ရင်းလမ်းမှာတောင်ညအိပ်ခဲ့သေးတယ်'

ဟု ပြောလိုက်ရာ မောင်သိန်းအောင် က...

'ဟုတ်ကဲ့ ထားပါတော့ဗျာ၊ ဒါနဲ့ ကျွန်တော် မိုလ်ကြီးကို တစ်ခုမေးရဦး မယ်'

ဟု ပြောလေသည်။

ကျွန်ုပ်ကလည်း...

'မေးဗျာ ကျွန်တော် သိသလောက် ပြောပြမယ်'

ဟု ပြောလိုက်သည်။ မိုးကလည်း စဲသွားပြီ။ အချိန်ကလည်း စောသေး သည်။ ပြီးတော့ သူနှင့် စကားပြောရ သည်မှာ အဆင်ပြေပြီး အထူးအဆန်း ကလေးတွေကလည်း ပါနေသည်မို့ အလိုက်သင့် ပြန်ပြောလိုက်သည်။

သူက...

'ရုပ်တုတစ်ခုခု ဆိုပါတော့ဗျာ။ အဲဒီရုပ်တု တစ်ခုရဲ့ ကိုယ်အင်္ဂါ အစိတ်အပိုင်းထဲက တစ်မျိုးမျိုးလောက် ကျိုးပဲ့ပျက်စီးသွားတယ် ဆိုပါတော့။ ဒါကို လူတွေက ပြန်လည်ပြုလုပ် ပေးတာမျိုးမရှိဘဲနဲ့ သူ့ဟာနဲ့သူ အလိုလို နေရင်း နဂိုမူလအတိုင်း ပြန်ဖြစ်လာတာမျိုး တွေ့ဖူးသလား။

ဥပမာဗျာ ရုပ်တုတစ်ခုရဲ့ နားရွက်တစ်ဖက် ပြတ်သွားတယ်ဆိုပါတော့ အဲဒီနားရွက် တစ်ဖက်ကို လူတွေ ပြန်မလုပ်ပေးဘဲနဲ့ သူ့ဟာနဲ့သူ နားရွက်တွေ ပြန်ထွက်လာတာ



မျိုး တွေ့ဖူး၊ ကြုံဖူး၊ ကြားဖူးသလားလို့ပါ'

ဟု ပြောရာ ကျွန်ုပ်က...

'ကြံကြီးစည်ရာ မောင်သိန်းအောင်ရာ အသက်မရှိတဲ့ ရုပ်တုမပြောနဲ့ အသက်ရှိတဲ့ သတ္တဝါတွေတောင် ပြန်မထွက်ဘူး'

ဟု ပြောလိုက်ရာ မောင်သိန်းအောင် က...

'ဒီလိုကြီးတော့ မပြောပါနဲ့ဗျာ အိမ်မြှောင်အမြီးတို့ ကဏန်းလက်မတို့ ကျတော့ ပြန်ပေါက် ပြန်ထွက်လာ တတ်ပါသေးတယ်။ ကျွန်တော်ပြော တာက အခုလိုမျိုး ရုပ်တုကို ပြောတာ ပါ'

ဟု ပြောလေသည်။ ထိုအခါ ကျွန်ုပ်က...

'တွေ့လဲ မတွေ့ဖူးပါဘူး၊ တွေ့ဖူးဖို့ မပြောနဲ့ ကြားတောင် မကြားဖူးပါဘူး။ ဘာကြောင့် ဒီစကားကို မေးရတာလဲ'

'ဘာကြောင့် မေးရတာလဲဆိုတော့ ဒီဘီလူးရုပ်တုကြီးအကြောင်းကို ဆက် ပြောချင်လို့ပါ'

'ကဲ ပြောဗျာ နားထောင်ဖို့ အဆင် သင့်ပါပဲ'

'အခြားသော ရုပ်တုတွေကသာ သူတို့ရဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတွေ ပြန်မထွက်ဘဲ ရှိနေကြတာပါ။ ဒါပေမယ့် ပေါဒီ ဘီလူး

ရုပ်တုကြီးကတော့ဖြင့် သူ့ရဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတွေ ပြန်ထွက်လာသဗျ'

'ထူးဆန်းပြီး အံ့ဩစရာကောင်း လှချည်းလား မောင်သိန်းအောင်ရယ် ရှင်းရှင်းလင်းလင်း ကွက်ကွက်ကွင်း ကွင်းဖြစ်အောင် ပြောပြစမ်းပါဦး'

ဟု မေးလိုက်ရာ မောင်သိန်းအောင် က...

'အခု ဒီဘီလူးရုပ်တုရှိတဲ့ နေရာ လူကြီးတွေရော ကလေးတွေ ရောက်ရောက်လာတတ်ကြတယ်။ ကျွ နွားသွားရှာရင်း၊ တောထဲတောင် မှိုရှာမျှစ်ရှာသွားရင်း၊ တောင်ယာသွ ရင်းပြန်ရင်း ဆိုသလို ဒီနေရာမှာ ခဏ တဖြုတ်ဝင်ပြီး နားတတ်ကြတယ်။

ဒီနေရာက လေကလေးက တဖြူးဖြူးနဲ့ ပြီးတော့ ရှုခင်းတွေက ကောင်းတော့ ခဏတဖြုတ် ဝင်နား တာပေါ့။ အဲဒီလို ဝင်နားရင်းက ကလေးတွေက ဘာရယ်လို့တော့ မဟုတ်ဘူး အထူးသဖြင့် ဆော့ကြတ ပေါ့ဗျာ'

ဘယ်လိုတွေ ဆော့ကြသ ဆိုတော့ အဲဒီဘီလူးကြီးရဲ့ လက်ညှိ လက်ချောင်းတွေကို ကျောက်တုံး ကျောက်ခဲတွေနဲ့ ပစ်ပေါက်ပြီး ရိုက်ချိ တတ်ကြတယ်။

အစကတော့ ရှေးလူကြီးသူမတွေ က အဲဒီဘီလူးကြီးရဲ့ လက်ညှိုးချောင်း လေးတွေကို ရိုက်ချိုးလိုက်ရင် သူ့ဟာ နဲ့သူ အသစ်တွေ ပြန်ထွက်လာတယ် ဆိုပြီး ပြောတာကို သူတို့ ကြားထား တယ်။

အဲဒါ ဟုတ်မဟုတ် သိချင်တာနဲ့ လက်တည့်စမ်းပြီး ရိုက်ချိုးရိုက် တတ်ကြတယ်။ ဟော... မကြာပါ ဗျာ။ လူကြီးသူမတွေ ပြောတဲ့အတိုင်း ပဲ မကြာခင် သူ့ရဲ့ နဂိုမူလအတိုင်း



www.burmeseclassic.com

www.burmeseclassic.com

…ဖြစ်လာတာကို တွေ့ကြရတယ်။

ရိုက်ချိုးလိုက်တဲ့ လက်ချောင်းတွေ …ထွက်လာတာပေါ့ဗျာ။ အဲဒီလို လုပ် …ကြရင်းကနေ နောင်သောအခါမှာ …ပြင်းပြေသဘောမျိုးနဲ့ ရိုက်ချိုးတဲ့ …တွေလဲ ရှိလာတယ်။ ရိုက်ချိုးလိုက် …င်းလဲ ပြန်ထွက်လာတာချည်းပါပဲ။

ဘီလူးရုပ်တုကြီးကို စကြနောက်ကြတဲ့ သဘောမျိုးနဲ့ ရိုက်ချိုးရိုက်ပုံကြတာပါ။ တခြား ရည်ရွယ်ချက်တော့ မရှိပါဘူး။ ကဲ…ဘယ် …လောက် ဆန်းကြယ်သလဲနော်'

ဟု ပြောလေသည်။ ကျွန်ုပ်က …ည်း…

'လွန်စွာမှ ထူးခြားဆန်းကြယ်လှပါ …ျာ။ အဲဒီလို ထူးခြားဆန်းကြယ် …သတဲ့ရုပ်တုမျိုး ကျွန်တော့်တစ်သက် …ါတော့ ဒီတစ်ခါပဲ တွေ့ဖူးရပါ …ျာ'

ကျွန်ုပ်၏ စကားအဆုံးတွင် …င်သိန်းအောင်က…

'ကဲ…သွားကြတာပေါ့ ဗိုလ်ကြီး။ …ာ ဗိုလ်ကြီးရဲ့ တပည့်တွေလဲ …က်နေလောက်ပါပြီ။ ရွာမှာ ဥက္ကဋ္ဌ …တော့ မရှိဘူး။ ရန်ကုန်ဆင်းသွားတယ်။ ဒါပေမယ့် ဘာမှ ပူစရာ မရှိပါဘူး။ ဟိုမှာ ဗိုလ်ကြီးစားဖို့ရော သောက်ဖို့ပါ အဆင်သင့် ဖြစ်နေလောက်ပါပြီ'

သူ့စကား အဆုံးတွင်တော့ နှစ်ယောက်သားဆိုင်ကယ်ပေါ် တက်ခွပြီး တောင်နီဆိုသော ရွာဆီသို့ ဦးတည်ပြီး မောင်းထွက်ခဲ့ကြပါတော့သည်။


တောင်နီရွာသို့ တစ်ခါတစ်ခေါက်မျှသာ ရောက်ခဲ့ဖူးသော ကျွန်ုပ်အတွက်ကတော့ ဖော်ရွေတတ်သော ဒေသခံပြည်သူများနှင့် လက်ချောင်းတွေ ပြန်ထွက်နေတတ်သော ထူးဆန်းသည့် ဘီလူးရုပ်တုကြီးကိုတော့ဖြင့် ယနေ့အထိ အမှတ်ရနေဆဲပါ။

သွားရောက် လေ့လာလိုသူများအတွက် မြေပုံကြမ်းဖြင့် ဖော်ပြအပ်ပါသည်။

* * *

*စာဖတ်သူများအား လေးစားစွာဖြင့်…*

**ချစ်ဆိုင်**




စာရှုသူများသို့…

ပေးပို့သော
စာမူများကို
မိတ္တူ
ထားကြပါရန်နှင့်
မရွေးချယ်ပါက
ပြန်လည်ပေးပို့မည်
မဟုတ်ပါကြောင်း
အသိ
ပေးအပ်ပါသည်။

စာတည်းအဖွဲ့…
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

www.burmeseclassic.com



ဧရာဝတီမြစ်ထဲ၌ ရေမြုပ်နေသော တုံးထဲမှ

# ပြဒါးသေဓာတ်ချောင်းများ ရရှိခြ

ဖြစ်ရပ်ဆန်း

**ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ စစ်ကုန်းကျေးရွာအုပ်စု၊ ရေလယ်သောင်ကျေးရွာမှ** ကျွန်တော်သည် လွန်ခဲ့သော (၁၀)လခန့်တွင် ကျွန်တော်တို့ရွာ၏ အရှေ့ဘက် ဧရာဝတီမြစ်ကမ်း သောင်စပ်ပေါ်တွင် အင်္ဂရုတ်ထိုးရာတွင်သုံးသော လုံတစ်ခု ရရှိပါသည်။

ရရှိစဉ်က ယင်းလုံအား မမြင်ဘူး၍ သိမ်းဆည်းခဲ့ပြီးနောက်မှ ဆရာတော်၏ မိန့်ကြားချက်ကြောင့် အင်္ဂရုတ်လုံဖြစ်ကြောင်း သိရှိခဲ့ရပါသည်။

ထို့နောက် (၅)ရက်ခန့်တွင် ကျွန်တော်၏ အဖေနှင့် အမေမှ ထင်းစိုက်ရန်အတွက် လှေနှင့် မြစ်ထဲတွင် ရေမြုပ်နေသောတုံးများကို လှေပေါ်သို့ ဖော်တင်ခဲ့ရာတွင် **ကျွန်တော် ရရှိခဲ့သော လုံနေရာမှ အရှည် တစ်တောင့်ထွာခန့် လုံးပတ် (၃)ပေခန့်ထိပ်နှင့် ဖင်အညီ ဖြတ်ထားပြီး အဆစ်အထစ်ချက် မရှိသည့် တုံးအား ခွဲစိတ်ရာတွင် တုံးအတွင်းမှ လက်ချောင်းလောက်၊ လက်မလောက် အရှည်(၃)လက်မ၊ (၄)လက်မခန့်ရှိ အနက်ရောင် အချောင်းများ ရရှိပြီး အချောင်းအား ချိုးကြည့်ရာ၊ အချောင်း၏ အထဲတွင် အဖြူရောင် ဝင်းလက်လက်များ တွေ့ရှိရပါသည်။**

ယင်း ရရှိသော ပစ္စည်းများအား ဟင်္သာတမြို့ နတ်မော်ဘုရားကြီး ဆရာတော် ဦးကေတုမာလ အရှင်သူမြတ်အား ပြသရာတွင် ယင်းပစ္စည်းများသည် အလွန်တန်ဖိုးရှိသော ပြဒါးသေ ဓာတ်ချောင်းများဟု မိန့်ကြားပြီး ကျွန်တော် ရရှိသော လုံနှင့် ဖိုထိုးရန်လည်း မိန့်ကြားခဲ့ပါသည်။

ဆရာတော် မိန့်ကြားသည့်အတိုင်း ကျွန်တော်၏အဖေ ဖိုထိုးရာတွင် တစ်ကြိမ်ထိုးလျှင် (၃)ရက်၊ (၄)ရက်ခန့် ကြာပါသည်။ ကျွန်တော်၏ အဖေသည် ဆင်းရဲ၍ ရွှေအဖြစ် ဖိုထိုးရာတွင် (၃)ကြိမ်တိုင် လုံထဲမှ ဓာတ်ပစ္စည်းများ အလိုလို ပျောက်ဆုံးခဲ့ပါသည်။

ယင်းဖြစ်ရပ်များအား ဆရာတော်ထံသို့ မေးမြန်း လျှောက်ထားရာတွင် ရွှေလုပ်ခြင်းကို မကြိုက်နှစ်သက်၍ စောင့်ရှောက်သော ပုဂ္ဂိုလ်များမှ ပြန်ယူခြင်းဖြစ်သည်။ နောက် ထပ်ပြီး ထိုးရာတွင် မိမိသည် သာသနာပြု လုပ်ငန်းများ လုပ်ဆောင်ပါမည်ဟု ကတိပေးပြီး ထိုးခိုင်းပါသည်။

ယင်း ဓာတ်ပစ္စည်းများ ရရှိသော တုံးတွင်လည်း သူ့အလိုလို မီးမလောင်ဘဲ ပြာများဖြစ်ပြီး ယင်းပြာအား လျှက်ကြည့်ရာတွင် ချဉ်၊ ဖန်၊ ချို(၃)မျိုး အရသာထွက်ပေါ်ပါသည်။ ဆရာ တော်၏ မိန့်ကြားချက်အတိုင်း ထပ်မံ ဖိုထိုးရာတွင် ပျောက်ဆုံးခြင်း မရှိ အိပ်မက်ထဲတွင်လည်း ဘိုးတော် အနေအထားနှင့် ကျွန်တော်၏ အ အား ဝိဇ္ဇာဆေးဆိုပြီး နဖူးအား ဆေး (၃)ချက် ပေါက်ပေးပါသည်။ နော (၃)ရက်ခန့်တွင် အိပ်မက်ထဲ၌ "ဓာ ဓာတ်လုံး မပြီးသေးဘူး ဆက်ထိုး" ဟု ထပ်ပြောပါသည်။

ယခု ထိုဓာတ်လုံးသည် ရပ် ရပ်ဝေးမှ (၇)ရက်သားသမီးအပေါ် တို့ ခံစားနေရသော ရောဂါဝေ တော်တော်များများ ပျောက်ကင် ပါသည်။

ခိုင်စိုးဦး
*(စစ်ကုန်းအုပ်စု၊ ရေလယ်သောင်ကျေ*
*ဟင်္သာတမြို့နယ်*

အထိမ်း ပန်ကြားလွှာ...

ဤစာမူမှာ (၆.၁၀.၂၀၀၁)ခုနှစ်နေ့က [illegible]



www.burmeseclassic.com

www.burmeseclassic.com




# မြိုင်မင်း အမိန့်နှင့်မှ

## ထွက်သွားသော သရဲကြီး

ကျွန်တော် ယခု ရေးသား
ော်ပြရမည့် ဖြစ်ရပ်မှန်
လေးမှာ **လွန်ခဲ့သော**
**နှစ်(၅၀)ဝန်းကျင်ခန့်**
**ထောက်**က ကျွန်တော်၏
ဦးလေးဖြစ်သူ ဦးထွန်းလှိုင်၏
ကိုယ်တိုင် တွေ့ကြုံခဲ့ရသည့်
ဖြစ်ရပ်မှန်တစ်ခုပင် ဖြစ်ပါသည်။

ဦးထွန်းလှိုင်သည် ကျွန်တော်
ရွာ၏ အနောက်(၂)မိုင်ခန့်
ကွာဝေးသော တောကျေးရွာမှာ
မွေးဖွားပြီး အရွယ်ရောက်လာ
သာအခါ ကျွန်တော်တို့
မြို့လေးရွာမှ ဒေါ်အုံးကြည်နှင့်
အိမ်ထောင်ကျခဲ့ကြပါသည်။

ဦးထွန်းလှိုင်သည်
ကျွန်တော်တို့ မှတ်မိလောက်
သည့်အချိန်မှာ သူသည်
ရုပ်အမောင်းနှင့် ကိုယ်ခန္ဓာမှာ
ပြည့်ပြည့်တင်းတင်းဖြင့်
ယောက်ျားပီသလှပေသည်။

သူ့မှာ အမြဲလိုလို ခေါင်းတုံးရိတ်
ထားပြီး အထဲခံ စွပ်ကျယ်အဖြူနှင့်
ပေါ်လည်ကတုံးအင်္ကျီကို ကြယ်သီး
ယ်အခါမှ မတပ်ဘဲ ပုဆိုးကိုလည်း
အောက်လောက်တွင် အမြဲဝတ်
တ်သည်။

ပုဆိုးတိုတို လည်ကတုံး အင်္ကျီပွပွ
ကို ကြယ်သီးမတပ်ဘဲ ဝတ်ဆင်
သည်မှာ တစ်မျိုးကြည့်၍
ကောင်းလှပါသည်ဟု ကျွန်တော်
မိပါသည်။

သူသည် ယောက်ျားတစ်ယောက်၏
နှင့် ညီညွတ်သလို မဟုတ်မခံ
စိတ်ကတော့ ရှိသည်။ သို့သော်
သဘောကောင်းသည်။ အမြဲလိုလို
နှာမှာ ချိုလှသည်။ သူငယ်ချင်း
မိတ်ဆွေများနှင့် ကြုံတွေ့သည့်
အခါ နောက်နောက်ပြောင်ပြောင်ဖြင့်
ပျော်ပျော်ရွှင်ရွှင် နေတတ်သည်။

အရက်ကိုတော့ အနည်းအကျဉ်း
သောက်သည်။ သို့သော် လွန်လွန်
ကျူးကျူး ဘယ်အခါမှ မသောက်၊
စားကောင်း၊ သောက်ကောင်း၊ သွား
လာကောင်းရုံလောက်သာ သောက်
လေ့ ရှိသည်။

သူသည် သူ့ကိုယ်သူလည်း
ယုံကြည်ထားသူတစ်ယောက် ဖြစ်
သကဲ့သို့ လူလူချင်းလည်း မကြောက်၊
သရဲတစ္ဆေကိုလည်း လုံးဝ မကြောက်
ပါ။

ခရီးသွားစရာ လာစရာရှိလျှင်လည်း
ဘယ်လောက်ကြမ်းတမ်းသော ခရီး
ဖြစ်ဖြစ် မှောင်မှောင်မည်းမည်း



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်တည်းလည်း သွားဝံ့သည့် သတ္တိ ရှိသည်။

ခရီးသွားလျှင်လည်း ဘေးလွယ် အိတ်နှင့် လောက်စာလုံး(လေးသီး) အပြည့် ပါသည်။

သူသည် လူပျိုဘဝကတည်းက ဖြူလေးနှင့် တောကျွေးရွာကို အိမ်ဦးနှင့် ကြမ်းပြင်ဆိုသလို အဖော်မလိုဘဲ သွားနေကျ။ လမ်းတည့်တည့်တွင် သချိုင်းကုန်းသုသာန် ရှိသော်လည်း သူ လုံးဝ ဂရုမစိုက်။

အိမ်ထောင် ကျပြီးသောအခါ တောကျွေးရွာတွင် လယ်လုပ်ကာ တင်းကုပ်အိမ်လေးတစ်လုံး ဆောက်ထား၍သည်။ ထို့နည်းတူ ဖြူလေးရွာတွင်လည်း သုံးပင်အိမ်ကလေးတစ်လုံး ဆောက်ထားကာ ဟိုမှာနေလိုက်၊ ဒီမှာနေလိုက် အလျဉ်းသင့်သလို နေကြပါသည်။

ဤသို့ဖြင့် သွားသွားလာလာ လုပ်ကိုင် စားသောက်ရင်းနှင့်ပင် သမီးကလေးတစ်ယောက် မွေးဖွားလာပါသည်။ သမီးလေး မွေးဖွားပြီးကတည်းက ဖြူလေးရွာမှာ ဆောက်ထားသည့် အိမ်မှာသာ နေပါတော့သည်။

ဦးထွန်းလှိုင်သည် တောကျွေးရှိ လယ်များဆီသို့လည်း နှစ်ရက်တစ်ခေါက်၊ သုံးရက်တစ်ခေါက် ဆိုသလို အမြဲ သွားခဲ့သည်။

တစ်နေ့တွင် တောကျွေးရွာသို့သွားရာ ဖြူလေးရွာသို့ ပြန်ရန်အချိန် နှောင်းနေပြီ ဖြစ်သဖြင့် သူ၏ သောက်လက်စ အရက်ကလေးကို မော့ချပြီး ညနေ(၅) နာရီခွဲလောက်တွင် တောကျွေးရွာမှ ပြန်လာခဲ့ပါသည်။

ခပ်ထွေထွေကလေးဖြင့် ခပ်သုတ်သုတ် ပြန်လာခဲ့ရာ ရွာ၏ အနောက်



ဘက် သချိုင်းကုန်းနားရှိ တံတားသို့ ရောက်လျှင် မိုးချုပ်၍ သွားပါပြီ။

ချောင်းဘေးတွင် ပေါက်နေသော ဝါးပင်,သစ်ပင်မှာ တစ်ချက်တစ်ချက် လေတိုးလိုက်လျှင် သရဲခြောက်သကဲ့သို့ ယိမ်းထိုး၍ နေပါသည်။

ထိုအချိန်တွင် ကြက်သီးထသလို၊ ခေါင်းကြီးသလို ဖြစ်လျှင်...

'ငါ ဘာကို ကြောက်ရမှာလဲ၊ ဒီလမ်း ငါ သွားနေကျလမ်းပဲ၊ ဘာ ဂရုစိုက်ရမှာလဲ'

ဟု ခပ်တိုးတိုး ပြောဆိုကြိမ်းဝါးလိုက်သည်။ လကလေးကလည်း လဆန်း(၄)ရက်ဖြစ်၍ မှုန်ဝါးဝါးလမ်းက ရေးရေးမျှပင် မြင်ရ၏။

နောက် ဆက်လက် လျှောက်ခဲ့ရာ သချိုင်းကုန်းသို့ရောက်လျှင် လမ်းဘေးတွင်ရှိသော ကုက္ကိုပင်ခပ်အုပ်အုပ်ကြီးပေါ်မှ မသဲမကွဲ မထင်မရှား မည်းမည်းသဏ္ဌာန်ကြီးသည် ဦးထွန်းလှိုင်နှင့် ဘေးတိုက် မနီးမဝေး နေရာတွင် ''ဗုန်း''ဟု မြည်သောအသံနှင့် ကုက္ကိုပင်ခြေရင်းသို့ ကျလာ၏။

ဦးထွန်းလှိုင်သည် ထိုမည်းမည်း သဏ္ဌာန်ကို အချိန်အနည်းငယ် ကြောင်တောင်တောင် ကြည့်နေရင်းမှ သတိဝင်လာကာ...

'မင်းက ငါ့ကို ကြောက်မယ် ထင်လို့လား။ ငါက ဒီမှာတော့ ရှိနေပြီ၊ မင်း အခုလို လာကြိုနေတာ ငါ ကျေးဇူးတင်တယ်ကွား။

မင်း ငါ့ကို ခင်မင်တယ်ဆိုရင် ငါနဲ့ ငါ့အိမ်
လိုက်ခဲ့၊ ငါ့အိမ်နောက်က ဝါးရုံပင်မှာ
စားတာသောက်တာကတော့ မင်းဟာ
ကြံဖန်စားသောက်ပေါ့ကွာ။

အေး...ဒါပေမယ့် ငါ့မိသားစုကို
မခြောက်မလှန့်နဲ့၊ မနှောင့်ယှက်နဲ့ပေါ့
ပြီးတော့ ငါ့အိမ်,ငါ့ခြံ,ငါ့ပစ္စည်း
စောင့်ရှောက်ရမယ် ကြားလား။

ငါ့မိသားစုကို ခြောက်မယ်၊ လှန့်
အနှောင့်အယှက်ပေးမယ် ဆိုရင်တော့
ကို ချက်ချင်းနှင်ထုတ်ပစ်မယ်။ မင်း
လိုက်မယ်ဆိုရင်၊ ငါ့စကား နားထောင်
ဆိုရင် ငါ့နောက်က လိုက်ခဲ့ သွားမယ်'

ဟု အရက်ကလေး ခပ်ထွေထွေ
ပြောလိုက်သည်။ ဤအခါတွင် အ
မည်းမည်းကြီးသည် ချက်ချင်း ပျော
သွားပြီး သူ၏ နောက်မှ ခြေသံလို
တစ်ချက် တစ်ချက် ကြားရ၏။

အိမ်သို့ ရောက်သောအခါ ည
နာရီခန့်မျှ ရှိနေပါပြီ။ သူလည်း
နောက်ဘက်သို့သွားကာ အ
အရှိန်ကလေးဖြင့် ပြောလိုက်သည်

'ဟော့ကောင် မင်း ငါ့နောက် လိုက်လာ
ဆိုရင် မင်း အဲဒီဝါးရုံပင်မှာ နေပေ

ဟု ပြောပြီး ခြေလက်ဆေး ကိုယ်
လက်ရေ ဆေးကြောပြီး အိမ်ပေါ်တ
ပြီး အိပ်လိုက်ပါသည်။

သည်လိုနှင့် ဒီသရဲ၏ အကြော
ကို မေ့မေ့ပျောက်ပျောက် နေလ
သည်မှာလည်း တစ်နှစ်ကျော်မျှ
ရှိချေပြီ။ ဘယ်သူ့ကိုမျှ မခြောက်မ
အနှောင့်အယှက် မပေးသည့်အတ
သူ့ကိုလည်း ရှိမည်မထင်၊ ဂရု
မစိုက်။

ပြီးတော့ အရက်မူးပြီး ခပ်ထွေ
ဖြင့် ပြောမည့် ပြောချင်ရာ ပ
ချော် ပြောခဲ့တာကြောင့် သူ့နော
တကယ် လိုက်လာမည်ဟု



www.burmeseclassic.com

www.burmeseclassic.com

ထောင်ခဲ့။

ယခုတော့ ဒီသရဲသည် တစ်နေ့သော ညနေမိုးချုပ်စအချိန်တွင် သမီးလေး အိပ်နေသည့်အတွက် အိမ်ရှေ့ခန်းတွင် သိပ်ထားပြီး သူတို့ လင်မယားနှစ်ယောက်က သမီးလေး၏ဘေးတွင် ရေနွေးကြမ်းသောက်နေကြ၏။

ထိုခဏ၌ ထိုမည်းမည်းသဏ္ဍာန်ကြီးသည် အိမ်နောက်ခြေရင်းဘက်မှ အိမ်ထဲသို့ ဝင်လာပြီး လှေကားမှ တစ်ထစ်ချင်း မတက်ဘဲ သုံးပေခွဲမျှမြင့်သော အိမ်အဆင့်ကို တစ်လှမ်းတည်းဖြင့် လှမ်းတက်လိုက်သည်မှာ ကလေးအိပ်နေသော နေရာသို့ ခြေလှမ်းကြီး ရောက်သွား၏။

ဦးထွန်းလှိုင်သည် သတ္တိရှိသူပီပီ...

'ဟေ့ကောင်...ဟေ့ကောင် ဘယ်သူလဲကွ ကလေး တက်နင်းမိဦးမယ်'

ဦးထွန်းလှိုင် ဒေါသနှင့် မတ်တတ်ထ၍ ပြောလိုက်သည်တွင် ယင်းမည်းမည်းကြီးသည် အိမ်အောက်သို့ တစ်လှမ်းတည်း ဆင်းသွားပြီး အိမ်နောက်ဆီသို့ ခြေရင်းဘက်မှ အေးအေးဆေးဆေး ထွက်သွားပါတော့သည်။

သို့သော် ဦးထွန်းလှိုင်သည် သူခေါ်လာသည့်အကြောင်းကို မပြောမိ... ဦးထွန်းလှိုင်သည် သူ တောကွေ့မှာ ပြန်လာတော့ အရက်ထွေထွေလေးဖြင့် သရဲကို နောက်နောက်ပြောင်ပြောင် ခေါ်လာခဲ့မိခြင်းကို သတိရသည်။

သည်လိုနှင့် နေလာခဲ့ရာ နောက် (၃)ရက်လောက်အကြာ ယခင်အခါ ညနေမိုးချုပ်စ မီးတိုင်ကလေးထွန်း၍ သူတို့မိသားစု ကလေးကို ချော့ထား... စကားပြောနေစဉ်မှာ ခြေရင်းဘက်ဆီမှ အရိပ်မည်းမည်းကြီး ဝင်လာ... ထောင့်တိုင်ကို ဆွဲကိုင်ရင်း အိမ်ကို



လှုပ်ယမ်းနေပါတော့သည်။

ဦးထွန်းလှိုင်သည် ယခင်အတိုင်း ကြိမ်းမောင်းလိုက်ပါသည်။

'ဟေ့ကောင် တို့မိသားစုကို လာအနှောင့်အယှက် မပေးနေနဲ့ မင်း အရုထွက်သွား မင်း-ဝို့ကို ဘာကောင် မှတ်နေသလဲ'

ဟု ဓားကိုဆွဲပြီး ထလိုက်ရာ ထို အရိပ်မည်းကြီးသည် အေးအေးဆေးဆေးပင် အိမ်နောက်ဆီသို့ ခြေရင်းဘက်မှ လှည့်ထွက်သွားပါသည်။ အိမ်နောက်ရောက်သွားတော့ ထိုမည်းမည်းကြီးမှာ ပျောက်သွားပါသည်။

ဒီတော့မှ အခက်တွေ့ပါတော့သည်။ ညနေဘက် ရောက်လာပြီဆိုလျှင် တောကြည့်တောင်ကြည့်နှင့် သူတို့ လင်မယားနှစ်ယောက် အတွေးကိုယ်စီ ဖြစ်နေကြပါသည်။

ဦးထွန်းလှိုင်သည် ညနေ ညနေဆိုလျှင် အိမ်နောက်ဝါးရုံပင်နားသို့ သွားကာ ကြိမ်းမောင်း၏။ နှင်ထုတ်၏။ အမျိုးမျိုးအဖုံဖုံ ပြော၍ နှင်၏။

သို့သော် ဘယ်လိုမှ ပြောမရတော့ဘဲ ယခင်အတိုင်းလို ရက်ခြားရက်ခြား ဆိုသလို လုပ်ပါတော့သည်။

သူတို့ လင်မယားနှစ်ယောက်လည်း ဘယ်သူ့ကိုမှ မပြောဘဲ ကြိတ်မှတ်၍ "ဘယ်လိုလုပ်ရင် ကောင်းမလဲ"ဟု တိုင်ပင်နေကြပါသည်။

သည်လိုနှင့် တစ်နေ့တွင် သူ့အိမ်သို့ ဦးစံခိုင်ဆိုသော ဆရာကြီးတစ်ယောက် သူတို့အိမ်သို့ လာလည်ရာ သူတို့ လင်မယားနှစ်ယောက်လည်း အဲဒီတော့မှ ဖြစ်ကြောင်းကုန်စင် ဖွင့်အန်ပြောပြလိုက်ပါတော့သည်။

'ဒီလိုလုပ်ကြည့်ပါလား မောင်ထွန်းလှိုင်၊ ငါကြားဖူးတာတော့ ဒီလို အကောင်တွေဟာ မင်းအာဏာနဲ့ဆိုရင်လဲ နှင်ထုတ်လို့ရတယ်လို့ ငါကြားဖူးတယ်ကွ။

အဲဒီတော့ သူကြီးအမိန့် သူကြီးအာဏာ ဆိုရင်လဲ ရမှာပဲ။ အဲဒီတော့ သူကြီးကို အကျိုးအကြောင်း ပြောပြီး အကူအညီ တောင်းကြည့်ပေါ့ကွာ'

ဦးထွန်းလှိုင်သည် နောက်နေ့ နံနက် (၈)နာရီ အချိန်လောက် ငါးဆယ်သားလောက်ရှိသော ကြက်သေကောင်လေးကို လွယ်အိတ်ထဲထည့်ပြီး သူကြီးအိမ်သို့ သွားပါတော့သည်။

သူကြီးအိမ်တွင်လည်း သူကြီးနှင့် အရာရှိတစ်ယောက်ဟု ထင်ရသော မျက်နှာစိမ်း ဧည့်သည်မှာ စကားပြောနေသည့်အတွက် အိမ်နောက်ရှိ မီးဖိုဆောင်ဘက်သို့ အိမ်ခြေရင်းဘက်ဆီမှ သွားလိုက်သောအခါ မီးဖိုဆောင်ထဲတွင် သူကြီးကတော် ထမင်းဟင်း ချက်ပြုတ်နေသည်ကိုတွေ့တော့...

'ဒီမှာ သူကြီးကတော်တို့အတွက် ကျွန်တော် ဟင်းစား လာပို့တာပါ'

'မောင်ထွန်းလှိုင်ရယ် နေရာရှာလို့ကွယ်၊ ဪ... ဒါထက် ဘာများ အကြောင်းထူး ပြောစရာ ရှိသေးလို့လဲ'

ဟု သူကြီးကတော်မှ ပြောလိုက်ပါသည်။

'ဪ ဒီလိုပါ ကျွန်တော် သူကြီးမင်းနဲ့ ခဏလောက် တွေ့ချင်လို့ပါ'

သူကြီးကတော်နှင့် ပြောနေစဉ်...



www.burmeseclassic.com

www.burmeseclassic.com

'ဟော့ကောင် ပြောစရာရှိရင် ဒီကို လာခဲ့လေကွာ၊ လာလို့ ရပါတယ်'

သူကြီးက လှမ်းခေါ်ရာသို့ သူ ခပ်ယို့ယို့ကလေး သွား၍ သူကြီးနှင့် ခြေ့သည်ရှေ့တွင် ဝင်၍ထိုင်လိုက်သည်။

'ဒါက မြို့ပိုင်မင်းတဲ့ကွ'

သူကြီးက ပြောလိုက်ပါသည်။

'ဩော်...ဟုတ်ကဲ့'

'ပြောစရာရှိလဲ ပြောပါ။ ပွင့်ပွင့် လင်းလင်းသာပြော၊ ကူညီစရာရှိရင်လဲ ကျွန်တော်လဲ ကူညီပါ့မယ်'

ဟု မြို့ပိုင်မင်းက ပြောလိုက်ပါသည်။

'ခုဩော်... ကျေးဇူးပါပဲခင်ဗျ၊ ကျွန်တော့်ရဲ့ကိစ္စကို ပြောရမှာ တော်တော်တော့ ခက်ပါတယ်။ ဒီ...ဒီလိုပါ'

ဟု ဦးထွန်းလှိုင်မှာ အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေ၏။

'ပွင့်ပွင့်လင်းလင်းသာ ပြောပါ။ ကျွန်တော်တို့ကို ကြောက်မနေပါနဲ့၊ ခင်ဗျား ပြောပြမှ ကျွန်တော်တို့လဲ သိရမှာပါ'

ဟု မြို့ပိုင်မင်းက အားပေးစကား ပြောလာ၏။

'ဒီလိုပါခင်ဗျ ကျွန်တော် တောကျေး ရွာက အရက်နည်းနည်းသောက်လာပြီး ဒီရွာထိပ်က သုသာန်ရောက်တော့ သရဲကိုခေါ်လာပြီး ကျွန်တော်လဲ အဲဒီ ဝါးရုံပင်မှာနေဆိုပြီး နောက်ရွှတ်ရွှတ်နဲ့ ပြောလိုက်မိတယ်'

'အေး မင်းကလဲ ရွှတ်နောက်နောက် သမား၊ မကြောက်တတ်ဘူးဆိုပြီး နေရာတကာ ရွှတ်နောက်နောက် မလုပ်သင့်ဘူးကွ၊ ကဲ...ဆက်ပြီး ပြောစမ်းပါဦး'

ဟု သူကြီးမင်းက ပြောလိုက်သည်။

'အဲဒီလို ခေါ်လာခဲ့မိတာ တစ်နှစ်ကျော် လောက် ရှိသွားပါပြီ။ ဒါပေမယ့် ပထမတော့ ဘာမှ ပြဿနာမရှိဘူး။ အခုကျတော့မှ အမျိုးမျိုးအဖုံဖုံ အနှောင့်အယှက် ပေးနေတယ်။

ဒါကြောင့် လူကြီးမင်းတို့ရဲ့ အမိန့်အာဏာနဲ့ ဒီအကောင်ကြီးကို နှင်ထုတ်ပေးပါခင်ဗျာ၊ ကျွန်တော် တောင်းပန်ပါတယ်'

ဟု ဦးထွန်းလှိုင်က ပြောလိုက်ပါသည်။

'အင်း သရဲတစ္ဆေ ပရလောကသားတွေနဲ့ အရောတဝင် မနေတာတော့ အကောင်းဆုံး ပေါ့ဗျာ၊ ဒီကောင်တွေဟာ ဓေါ်ရင်သာ လွယ်တာ၊ ပြန်အနှင်ရ သိပ်ခက်တာ၊ သင်ခန်းစာ ဖြစ်တာပေါ့ဗျာ၊ ကဲ...ဘာမှ ပူမနေပါနဲ့ ကျုပ်ကိုယ်တိုင်ပဲ အမိန့်စာ ရေးပေးခဲ့မယ်'

ဟု မြို့ပိုင်မင်းမှ ပြောပြောဆိုဆို နှင့်ပင် လျှောက်လွှာ စာရွက်ကို ယူပြီး ဤကဲ့သို့ ရေးလိုက်ပါသည်။

**အမိန့်စာ**

ယခု မောင်ထွန်းလှိုင်နေသော ခြံဝင်းထဲမှ ဝါးရုံပင်တွင်နေသော သရဲကြီးသည် မောင်ထွန်းလှိုင်တို့ မိသားစုအား အမျိုးမျိုး အဖုံဖုံ နှောင့်ယှက်နေ၍ နှင်ထုတ်ပေးပါလို့ လာရောက် တိုင်ကြားပါသည်။

အဲဒီတော့ မင်းကို သူကလဲ မထားနိုင်၊ တို့ကလဲ ရွာထဲမှာ မထားနိုင်သောကြောင့် မင်း ဒီနေ့ပဲ မင်းနေတဲ့နေရာက အမြန်ဆုံး ထွက်သွားပါ။

**မြို့ပိုင်မင်း**

**အမိန့်**

ဟု တိုတိုနှင့် လိုရင်းသာ ရေးပေး လိုက်၏။

မြို့ပိုင်မင်းမှ အမိန့်စာကို ရေးပေးပြီး ဦးထွန်းလှိုင်အား လှမ်းပေးလိုက်ပါ သည်။

'ဒီစာကို ခပ်မာမာ လေသံနဲ့ဖတ်ပြီး သူနေတယ်ထင်တဲ့ ဝါးပင်မှာ ညှပ်ထား လိုက်ပေါ့ဗျာ'

'ဟုတ်ကဲ့ အခုလို ကူညီတာ မြို့[...] မင်းနဲ့ သူကြီးမင်းကို ကျေးဇူးအ[...] ကြီးတင်ပါတယ်။ ကဲ... ကျွန်တော့်[...] ပြန်ခွင့်ပြုပါဦးခင်ဗျာ'

ဟု အမိန့်စာရွက်ကို ရိုရိုသေ[...] ယူပြီး အိမ်သို့ ပြန်ခဲ့ပါသည်။

ဦးထွန်းလှိုင်သည် အိမ်ကို ရော[...] သည်နှင့် တစ်ယောက်တည်း အမိ[...] ကို မထစ်မငေါ့ရအောင် ဌာန်ကရိုဏ်း[...] ကျကျ ခေါက်တုံ့ခေါက်ပြန် ခပ်တိုး[...] ဖတ်နေပါသည်။

ညနေ(၅) နာရီခန့်လောက်[...] အမိန့်စာကို ဝါးရုံပင်ရင်းတွင် အ[...] ခပ်မာမာဖြင့် ဖတ်လိုက်ပါသည်။

ထိုကဲ့သို့ အမိန့်စာကိုဖတ်ပြီး ည[...] မိုးချုပ်သွားသောအခါ အခါတိုင်းလို[...] တွေ့ရကြဦးမလားဟု လင်မယ[...] နှစ်ယောက် အကဲခတ်၍ နေကြ[...] သည်။

သို့သော် တစ်ညလုံး မိုးစင်စင်[...] သည်အထိ ဘယ်လို အနှောင့်အယှ[...] ဘယ်လိုအသံများမှလည်း မကြာ[...] တော့ပါ။

ယင်းခြံတွင် မြို့ပိုင်မင်း အမိန့်[...] ပြန်ပြီးသည့် အချိန်မှစ၍ ယနေ့ထိ[...] အနှောင့်အယှက် လုံးဝ မရှိတော့[...] အိမ်သူအိမ်သားအားလုံး စိတ်ချမ်း[...] ကိုယ်ချမ်းသာဖြင့် နေထိုင်လျက် ရှိ[...] ပါတော့သည်။

ကျွန်တော်၏ ဦးလေး ဦးထွန်း[...] ၏ ကိုယ်တွေ့ကြုံ ဖြစ်ရပ်မှန်ကို [...] ပြောပြခဲ့သည့်အတိုင်း ရေးသားဖေ[...] လိုက်ပါသည်။

***ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်း[...] ကြပါစေ။***

ဉာဏကျော်(မြို့ဆေး)



www.burmeseclassic.com

www.burmeseclassic.com



တွေးချင်အောင်
(ရမည်းသင်း)

ဝိညာဉ်မှ

# ကိုယ်တင်ပြွဲ နှယ်ဆက်သူ

သစ်တောထွက် ကုန်ပစ္စည်းများ ထုတ်လုပ်သော ကုမ္ပဏီကြီးတွင် ကျွန်ုပ် လုပ်ကိုင်ခဲ့စဉ်အခါက အဖြစ် အပျက်တစ်ခုပါ။

ထိုအချိန်က ကျွန်ုပ်သည် ကုမ္ပဏီ၏ လိုအပ်သော ကုန်ကြမ်းများ ရရှိနိုင်သည့် တောတောင်တို့ကို ကိုယ်တိုင် သွားရောက်၍ ရှာဖွေထုတ်လုပ်ရသလို ရရှိလာသည့် ကုန်ကြမ်းများကို ကျွန်ုပ် ကိုယ်တိုင်ပင် ကုန်ချော ထုတ်လုပ်ပြီးကာ သဘောတင်သည်အထိ အစအဆုံး လုပ်ကိုင်ရသော ကုမ္ပဏီ၏ အဓိကနေရာ အထွေထွေ တာဝန်ခံ မန်နေဂျာအဖြစ် လုပ်ကိုင်ရသည်။

တောင်ပေါ်တွင် ကုန်ကြမ်းထုတ်လုပ်သော လုပ်သားများသည် အောက်ကျင်းမြေပြန့်မှ ဖြစ်ကြသည်။ နှစ်များစွာ အတူလုပ်ကိုင်ခဲ့ကြခြင်းကြောင့် လုပ်သားအားလုံးနှင့် သိကျွမ်းလေသည်။

လူပေါင်းစုံဖြစ်ခြင်းကြောင့် လူမှုပြဿနာအမျိုးမျိုးတို့ကိုလည်း ကျွန်ုပ် ဖြေရှင်းပေးခဲ့ရသည်မှာ မကြာခဏဖြစ်လေသည်။ မြေပြန့်က လူတွေဖြစ်ခြင်းကြောင့် ကျန်းမာရေးပိုင်းမှာ ငှက်ဖျားရောဂါက အမြဲ နှိပ်စက်လေ့ရှိသည်မို့ ဆယ်စုနှစ်ကာလအတွင်း ငှက်ဖျားရောဂါကြောင့် ဆုံးပါးသွားကြသူတွေလည်း ရှိလေသည်။

ကျွန်ုပ်အနေနှင့် ကလေးသူငယ်၊ အသက်အရွယ်ကြီးရင့်သူများ တောင်ပေါ် အလုပ် လိုက်လုပ်ခွင့် မပြုခဲ့ပါ။ ငှက်ဖျားနှင့်ပတ်သက်ပြီး အထူးအလေးထား ကျွန်ုပ် ကူညီပေးသည်။

တောင်ပေါ်တွင် ငှက်ဖျားထိနေသူများကို ဒေသခံဖြစ်သူ ကိုအိုက်မောင်က ခေါ်ယူပြီး သူကိုယ်တိုင် ဆေးခန်းပို့ပေးသည်။ လုပ်သားများ၏ ကျန်းမာရေးကို အထူးစောင့်ကြည့် ကူညီပေးသူဆိုလျှင် မမှားပေ။

လူမှုရေးစိတ်ဓာတ်ရှိသည့် ကိုအိုက်မောင်ကို လုပ်သားအားလုံးက လေးစား ချစ်ခင်ကြသည်။ ကျန်းမာရေးနှင့်ပတ်သက်လျှင် အားကိုးအားထားပြုခြင်းကို ခံရလေသည်။

ကိုအိုက်မောင်မှာ ဆင်းရဲသော်လည်း လူမှုရေးစိတ်ဓာတ် အပြည့်ရှိနေခြင်းကြောင့် သူ၏မိသားစု[illegible]ဝတ်

www.burmeseclassic.com

နေရေးကို အားလုံးက ဝိုင်းဝန်း ကူညီ စောင့်ရှောက်ပေးကြသည်။

ကိုအိုက်မောင်မှာ လူမှုရေးလုပ်ငန်းတွေ လုပ်ကိုင်နေခြင်းကြောင့် သူ့မိသားစု စားဝတ်နေရေး မည်မျှပင် အခက်အခဲရှိရှိ ကျွန်ုပ်ထံ အကူအညီ တောင်းခံသည်ဟူ၍ မရှိပေ။

လူမှုရေးစိတ်ဓာတ် ကြီးမားသော ကိုအိုက်မောင်တို့မိသားစုကို ကျွန်ုပ်အလိုက်သိစွာ လိုအပ်သည့် အကူအညီများ ပေးသော်လည်း ကိုအိုက်မောင်က လက်မခံ။

'မလုပ်ပါနဲ့ဗျာ ကျွန်တော့်မှာ ကုသိုလ်ဆိုလို့ ဒီ လူမှုရေးအလုပ်လေးကပဲ ကုသိုလ်ယူနေရတာပါ'

ဟု ပြောဆို ငြင်းပယ်လေ့ရှိသည်။ ကိုအိုက်မောင်လို လူမှုရေးစိတ်ဓာတ်ရှိသည့်သူတွေ တို့နိုင်ငံမှာ အများကြီးရှိနေရင် သိပ်ကောင်းမှာပဲဟု တွေးမိသည်။

ကိုယ်ကျိုးစွန့် အနစ်နာခံသူဆို၍ ကျွန်ုပ်နှင့် လက်တွဲ လုပ်ကိုင်နေကြသူ (၅၀၀)ကျော်ထဲတွင် သူတစ်ယောက်သာရှိသည်။ ကျွန်ုပ်သည်ပင် ကိုအိုက်မောင်လို လူမှုရေးစိတ်ဓာတ်မရှိသေးသည်ကို ဝန်ခံရမည်ဖြစ်သည်။

ဆင်းရဲနွမ်းပါးသော်လည်း မြင့်မြတ်သော စိတ်ဓာတ်နှင့်အတူ အမြဲပင် ပြုံးရွှင်နေသည့် သူ့မျက်နှာမြင်ကြရသူတိုင်း ရင်းနှီးမှုမရှိကြသေးသူများပင် ချစ်ခင်သွားလေ့ရှိသည်။

နှစ်လိုဖွယ်ရာအပြုံးကို အမြဲတမ်း မျက်နှာပေါ်တွင် ရှိနေသည့် ကိုအိုက်မောင်။

* * *

တစ်ရက်တွင် ကိုအိုက်မောင်တစ်ယောက် ကျွန်ုပ်အမြဲရှိနေသည့် ကုန်ချောထုတ်လုပ်သော စခန်းသို့ အရေး



တကြီး ရောက်ရှိလာသည်။ မျက်နှာမကောင်းလှ။

သူရောက်လာသည့် အချိန်မှာ ညနေချိန်၊ နေရောင်ပင် ပျောက်လုနေပြီဖြစ်သည်။ ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်ခုံတွင် ထိုင်၍ သူသွားလေရာ အမြဲပါလာလေ့ရှိသော လွယ်အိတ်ညိုကြီးကို ဘေးနားချထားလိုက်ပြီးနောက်...

'ဆရာ့ကို ကျွန်တော် လာနှုတ်ဆက်တာပါ'

ဟု ကျွန်တော် ထင်မှတ်မထားသောစကား ကိုအိုက်မောင်ထံမှ ကြားလိုက်ရတော့...

'အထူးအဆန်းပါလား ကိုအိုက်မောင် တောင်ပေါ်က အလုပ်သမားတွေ တစ်ယောက်ယောက်များ ကျန်းမာရေးမကောင်းလို့ လာတယ် ထင်နေတာ၊ ခင်ဗျားကြည့်ရတာ တစ်မျိုးပဲ။ လုပ်ကိုင်ရတာ အဆင်မပြေလို့လား'

'အဲလို မဟုတ်တူး ဆရာ... အခြေအနေအရ သွားရမှာမို့ပါ။ ဆရာ့အလုပ်ထဲမှာ လုပ်ရတာ အဆင်ပြေပါတယ်။ ကျွန်တော့်မိသားစု ဆရာ့အလုပ်ထဲမှာ ဆက်လုပ်မှာပါ ကျွန်တော်သာ...'

ကိုအိုက်မောင်အတွက် ကော်ဖီနှင့် မုန့် လာချပေးသည့် အလုပ်သမားလေး ရောက်လာ၍ စကားစ ပြတ်သွားလေသည်။

'ကဲ...ကော်ဖီသောက်ဦးဗျာ၊ ခရီးဝေးက လာခဲ့တာဆိုတော့ ဗိုက်ဆာနေရောပေါ့'

ကိုအိုက်မောင်က သူ့ရှေ့တွင် ချထားပေးသော ကော်ဖီနှင့် မုန့်တွေကို အတန်ကြာ ငေးကြည့်နေသည်ကို ကျွန်ုပ် သတိထားမိလေသည်။ ကော်ဖီနှင့် မုန့်ပန်းကန်တို့ကို သူ့ရှေ့နားရောက်သည်အထိ ရွှေ့ပေးလိုက်ရင်းမှ...

'ကော်ဖီတွေ အေးကုန်လိမ့်မယ်။ သောက်လိုက်ဦးဗျာ။ ဒါနဲ့ ခင်ဗျား ဘယ်သွားစရာရှိနေလို့လဲ၊ အေးဗျာ... စပ်စုသလိုတော့ ဖြစ်သွားပြီ'

ကော်ဖီနှင့် မုန့်ပန်းကန်ကို ငေးကြည့်နေရာမှ အကြည့်ကို ကျွန်ုပ်ထံ ရွှေ့လိုက်ပြီးနောက် သက်ပြင်းချသံ သဲ့သဲ့ကို ကြားလိုက်ရသည်။ စကားသံကတော့ ထွက်မလာ။

'ကော်ဖီတွေ အေးကုန်မယ် ကိုအိုက်မော
သောက်လိုက်ဦးဗျာ၊ ခင်ဗျားကိစ္စ စပ်စုမိတာ
ဆောရီးပဲဗျို့ ကျွန်တော် ခင်ဗျားမရှိရင် အလု
သမားတွေရဲ့ ကျန်းမာရေးစိတ်ပူမိသွားလို့

'ကျွန်တော် နားလည်ပါတယ် ဆရာ၊ ကျွန်တော်လဲ သံယောဇဉ် တကယ်ကြီးပါတယ်။ လူမှုတာဝန်တွေ ကို ဒီထက် ကျွန်တော် ထမ်းရွက်ချင်ပါ တယ်။ ဒါပေမယ့် ဆရာ'

ဟု ပြောနေသည့် ကိုအိုက်မောင် အသံ တုန်ယင်၍ တိမ်ဝင်သွားလေ သည်။ ကျွန်ုပ်အနေနှင့် ယခု ကိုအိုက် မောင်နှင့် စကားပြောဆိုနေရသည်မှာ တစ်မျိုးဖြစ်လို့ နေလေသည်။

မျက်နှာအမြဲ ပြုံးနေလေ့ရှိသော ကိုအိုက်မောင် ယခုမှ တစ်ခုခု ထိမ်ဝှက်၍ ပြောနေသလို ကျွန် စိတ်မှာ ခံစားရသည်။ နားလည်မ လည်း ခက်နေလေသည်။

'လူ့ဘဝဆိုတာ ဒီလိုပါပဲဗျာ၊ ကိုယ် ဖြစ်ချင်တာထက် သူဖြစ်လာနေသ ပဲ နေကြရတာပဲဗျာ။ စိတ်မကော မဖြစ်ပါနဲ့၊ ဒီည ဒီမှာ အိပ်ပြီး မ စခန်းက ကားနဲ့ ခင်ဗျား သွားလို



www.burmeseclassic.com

www.burmeseclassic.com

လိုက်ပို့နိုင်းပေးမယ်လေ။ အခုလဲ ကား ကြုံနဲ့ လာခဲ့တာပေါ့'

'ဟုတ်တယ်ဆရာ၊ ကားကြုံနဲ့ပါ။ ဆရာ့ကို နှုတ်ဆက်ချင်လွန်းလို့ လာခဲ့တာ ညမှအိပ်တော့ပါဘူး။ ဆရာ့ကို နှုတ်ဆက်ခွင့်ရတာကိုပဲ ဝမ်းသာလှပါပြီ။ ကဲ...ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး ဆရာ'

'ဟာ... မဟုတ်သေးဘူးလေဗျာ ကိုအိုက်မောင်၊ မိုးလဲချုပ်နေပြီ။ သွားစရာရှိတာ မနက်မှ သွားပါဗျာ'

'ရတယ် ဆရာ၊ ရတယ် ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး'

ဟု ပြောပြောဆိုဆိုပင် သူ့ဘေးတွင် ချထားသော လွယ်အိတ်ကြီး ကောက်လွယ်ကာ ရုတ်တရက် ထပြန်သွားသည့် ကိုအိုက်မောင်ကို ကျွန်ုပ် နားလည်ရခက်စွာ အံ့ဩကျန်ရစ်ခဲ့လေသည်။

ကော်ဖီနှင့် မုန့်ကိုလည်း ဒီအတိုင်းထားခဲ့သည်။ ယခင်ကဆိုလျှင် **"ကော်ဖီ မသောက်ရသေးဘူးလေဗျာ"** ဟုပင် တောင်းဆိုလေ့ရှိသူ၊ ကော်ဖီကြိုက်သူ ကိုအိုက်မောင် ဘယ်လိုဖြစ်တာလဲ။

သူ့အကြောင်းနှင့် သူ့အပူ ရှိနေ၍သာ ဖြစ်လိမ့်မည်ဟု တွေးမိသည်။ ဘာပဲပြောပြော တစ်မူထူးခြားနေ သည့် ကိုအိုက်မောင်ကိုတော့ ကျွန်ုပ် နားလည်ရခက်သည်ကတော့ အမှန်။

* * *

တောင်ပေါ်မှ ကုန်ကြမ်းသယ်သည့် ကားက ည(၁၂)နာရီမှာ ညစဉ် ရောက်နေကျအချိန် ရောက်လာသည်။ ကားပေါ်မှာ ပါလာသည့် ကုန်တွေ ချရန် အသင့်စောင့်နေကြသော လုပ်သားကောင်လေးတွေက ကားရောက်လာသည်နှင့် သူတို့ လုပ်စရာရှိသည်များ



လုပ်ဆောင်ကြလေသည်။

ကားပေါ်ပါလာသူနှစ်ဦး ကျွန်ုပ် နားရောက်လာသည်။ ဘယ်သူတွေများ ဖြစ်လေမလဲ ဆိုတဲ့သဘောနှင့် ကျွန်ုပ် ကြည့်နေစဉ်မှာပင်...

'အစ်ကိုကြီး ကျွန်တော်ထွန်းနိုင်ပါ။ ဈေးကုန်ဝယ်ဖို့ လိုက်လာခဲ့တာ အစ်ကိုကြီးကို ပြောစရာ ရှိတယ်ဗျ။ စိတ်တော့ မကောင်းဘူးဗျာ'

'ဟ...ဘာများလဲ မောင်ထွန်းရဲ့'

'ကျွန်တော်တို့ အချစ်တော်ကြီး ကိုအိုက်မောင် အကြောင်းပါ'

'ကိုအိုက်မောင်အကြောင်း ထူးထူးထွေထွေ လုပ်ပြောမနေပါနဲ့ကွာ၊ ဒီညနေပဲ ကိုအိုက်မောင် ဒီကို လာသွားသေးတာ'

'ဗျာ... ဘယ်လို အစ်ကိုကြီး'

မောင်ထွန်း၏ တအံ့တဩ အမူအရာနှင့် စကားကြောင့်...

'မင်း မူးကြောင်မူးကြောင်နဲ့ဆို လာ စကားမပြောနဲ့'

ဟု ကျွန်ုပ်က ခပ်မာမာပြောလိုက်တော့...

'ကျွန်တော် မမူးဘူး အစ်ကိုကြီး။ ကိုအိုက်မောင် ဒီညနေ လာသွားတယ်ပြောလို့ပါ'

'အေးလေ ကိုအိုက်မောင် ဒီညနေပဲ လာသွားတာ ဘာ ထူးထူးဆန်းဆန်း လုပ်ပြောနေရတာလဲ'

'ကိုအိုက်မောင် ဒီကို လာသွားတယ်ဆိုတော့ ဘယ်လိုပြောရမှန်းတောင် မသိဘူးဗျာ။ ကိုအိုက်မောင် အကြောင်း အစ်ကိုကြီးသိပြီးပြီလား'

'ဘာမှတော့ ထွေထွေထူးထူးတော့ မသိပါဘူးကွာ။ သူ သွားစရာရှိလို့ ငါ့ကို ညနေက လာနှုတ်ဆက်တာလောက်ပဲ၊ သူသွားစရာရှိလို့ ပြောတာပဲကွာ'

'အဲဒီလို လာနှုတ်ဆက်တာ ဘယ်အချိန်လဲ အစ်ကိုကြီး'

'ရော...မင်းနဲ့တော့ ခက်ပြီ။ ဒီ ညနေကွာ။ မူးရင်လဲ ကိုယ့်နေရာကိုယ်နေ'

စိတ်ချဉ်ပေါက်ပေါက်နှင့် ဟောက်လိုက်တော့...

'ဒီလို တကယ့်ကို ထူးဆန်းနေပြီ အစ်ကိုကြီး။ ကိုအိုက်မောင် ဒီမနက်(၉)နာရီလောက်မှာပဲ အောက်ကျွင်းဆင်းတဲ့ ကားနဲ့ လိုက်သွားတာ (၉)မိုင်ဆင်းမှာ ကားထိုးကျတာထဲ ပါသွားလို့ အဲဒီမှာတင် ဆုံးသွားတာ'

'ဟေ...ဟုတ်ရဲ့လား မောင်ထွန်း။ နောက်စရာမဟုတ်ဘူးလေ၊ ညနေက ငါ့ဆီ သူလာခဲ့သေးတာ။ သူနဲ့ငါ စကားတောင် ပြောခဲ့ကြသေးတာကွ။ ငါ တစ်ယောက်တည်း မြင်တွေ့ စကားပြောရတာ မဟုတ်ဘူး။ ဒီက အလုပ်သမားတွေပါ မြင်တွေ့နေကြတာပဲ။ နာမည်တူတာ ဖြစ်ပါလိမ့်မယ် မောင်ထွန်းရာ'

မောင်ထွန်း ပြောနေတာတွေကို ကျွန်ုပ် လက်မခံနိုင်ပါ။ ဒီကောင် မူးပြောနေတာပဲ ဖြစ်မည်၊ နာမည်တူတာကို ပြောတာပဲဖြစ်မည်။ မောင်ထွန်း

 စာမျက်နှာ (၂၄၈) သို့

www.burmeseclassic.com

# [illegible] ၂

ကျွန်တော်သည် **ကချင်ပြည်နယ်၊ ရွှေကူမြို့နယ် တောတွင်းတစ်နေရာ** ၌ လမ်းခင်းကျောက်တူးဖော်ရေး လုပ်ငန်း လုပ်နေစဉ်ကာလက ဖြစ်ပါသည်။

လုပ်ငန်း တာဝန်ကျနေရာသည် ကျောက်တစ်လုံးရွာနှင့် နီးပါသည်။ လုပ်သားများအတွက် ရိက္ခာကို ရွှေကူမြို့သို့ သုံးရက်တစ်ခါ ဈေးလိုက်ပေးရသည်။ အသေးအဖွဲ့ကိစ္စများကို ကျောက်တလုံးရွာမှာပင် အဆင်ပြေနေသည်။

တစ်နေ့သော အလုပ်ဝင်နေကြသောအခါတွင် ကျွန်တော့်လုပ်သားတစ်ဦး မြွေကိုက်(ပိုးထိ)ခံရသည်။ ကျွန်တော်လည်း ရွှေကူဆေးရုံသွားရန် အလောတကြီး စီစဉ်ရတော့သည်။

ဤတွင် ကျောက်တလုံးရွာမှ စက်လှေက အချိန်မီ မရဘဲ ဖြစ်နေသည်။ ယခင်က အကျွမ်းတဝင် ခင်မင်ပြီးဖြစ်သော ဦးကျင်ရွှေနှင့်တွေ့၍ ဆောင်ရွက်ပေးရာမြွေကိုက်ခံရသူရသော ကျွန်တော့် လုပ်သားမှာ ဒဏ်ရာကို ဆွဲယူပစ်လိုက် သလို ဖြစ်သွားသည်။ လူပုံသဏ္ဌာန်လည်း လန်းဆန်းသွားသည်။

ဦးကျင်ရွှေ ဆောင်ရွက်ပေးသည်မှာ မြွေကိုက်သော ဒဏ်ရာကြည့်၍ မန်းပေးလိုက်လိုက်ခြင်းဖြစ်သည်။ တစ်ဆက်တည်း **"လွှတ်စေ မြေလိုက်ပြီ"** ဟု ဆိုကာ **"ကဲ အားလုံး အန္တရာယ်ကင်းသွားကြပါပြီခင်ဗျာ"** ဟုပင် ထပ်၍ ပြောလိုက်သေးသည်။

ကျွန်တော်လည်း ဝမ်းသာအားရ ကြည်နူးမိသည်။ ဦးကျင်ရွှေအပေါ်ကို ကျေးဇူးတင်မဆုံး ဖြစ်နေသည်။

ဦးကျင်ရွှေသည် အောက်အရပ်ဖြစ်သော မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ မြွေများလောက် ဤကချင်ပြည်နယ်မှာရှိသော မြွေသတ္တဝါများ အဆိပ်ပြင်းထန်ခြင်း မရှိကြောင်းနှင့် အကိုက်ခံရပါက အဖိတ်အစဉ် မရှိကြောင်းကိုလည်း ပြောပြပါသည်။

သို့ကြောင့်ပင် ဦးကျင်ရွှေ၏ ကူညီဆောင်ရွက်ပေးမှု အပေါ်တွင် ကျွန်တော်သည် လုံးဝ ယုံကြည်မှုရှိသွားသည်။ တစ်ဆက်တည်း သူ မန်းပေးသော **"မြွေအဆိပ်ဖြေ"** ဂါထာကို မေး၍ မှတ်သားလိုက်ပါသည်။ ဦးကျင်ရွှေက ပြောပြသည်။

မြွေဒဏ်ရာကို စူးစိုက်ကြည့်ကာ...

'ဥုံ အာပိတ် တိတ်စေ'

ဟု (၇)ခေါက် ရွတ်ဆိုရမည်။ နောက်ပြီး...

'လွှတ်စေ မြေလိုက်ပြီ'

ဟု ဆိုရန်ဖြစ်သည်။

**"လွှတ်စေ မြေလိုက်ပြီ"** ဟု မဆိုလိုက်မိပါက ကိုက်လိုက်သော မြွေမှာ သေနိုင်စေကြောင်းကိုလည်း ပြောပြသည်။

သို့ပါ၍ ကျွန်တော်သည် မြွေအန္တရာယ် ကင်းဝေးစေခြင်းငှာ အများအကျိုးကို ရည်သန်၍ ဖြစ်ရပ်မှန်အတိုင်း တင်ပြလိုက်ရပါကြောင်း...။

**အညာသား(ကသာမြေ)**

---

**စာမျက်နှာ (၂၄၇)မှ အဆက်**

ကို ကျွန်ုပ် အကဲခတ်ကြည့်နေရင်း...

'ဟုတ်တယ်အစ်ကိုကြီး... ကျွန်တော်တို့ တစ်ရွာလုံးကို ကူညီနေတဲ့ ကိုအိုက်မောင်ရဲ့ ကိုအိုက်မောင် အစ်မ'

ဟု ဝင်ပြောလာသည့် ကာလသားမောင်းသည့် ဒရိုင်ဘာ၏စကားကြောင့်...

'ဪ ဒီဆို ညနေက ပါလာခဲ့တဲ့ ကိုအိုက်မောင်က...'

ကျွန်ုပ်မှာ ဆက်ပြောစရာ စကားမရှိတော့ဘဲ ပါးစပ်အဟောင်းသားနှင့် ကိုအိုက်မောင်လာခဲ့စဉ်က ပုံရိပ်တွေကို ပြန်သတိရမိသည်။

'ဒါဆိုရင်တော့ တစ်ခုခု လွဲနေတာ တော့ အမှန်ပဲကွ။ လူမှားတာတော့ သေချာတယ်နော်'

'နောက်ပြောင် ပြောရမယ့်စကား မဟုတ်ပါဘူး အစ်ကိုကြီး။ နောက်ပြောင်ပြောရမယ့်သူတွေလဲ မဟုတ်ဘူး။ ကိုအိုက်မောင် ဒီခရီးလာတယ် ပြောတော့ ကျွန်တော်တို့လဲ အံ့သြနေတာပဲ'

'ကိုအိုက်မောင် ဒီကိုလာတာ ဒီက အလုပ်သမားတွေ အားလုံး သိမြင်နေတာပဲ။ မယုံကြည်ကြ[illegible]။ တစ်ခုတော့ ပြောစရာ ရှိတယ်ကွ။ ကိုအိုက်မောင် ဝိညာဉ်လာတိုင်း ကောင်မလေးနဲ့ အမြဲ တွေ့ရှိတယ်။

ဒီက မယ်နှင်းတောင် ဆိုရာက ကောင်မလေးတစ်ယောက်လေး ရှင်ခဲ့ရာရဲ့ သတိပေးထားတဲ့ ကိုအိုက်မောင် ဝိညာဉ် ပီပီရောက်လာတော့ ထုံးအတိုင်း ကောင်မလေး ရှိနေတယ်။

တစ်ယောက်တည်း ကောင်မလေးကတော့ အမြဲ တွေ့နေတာ သတိထားမိတယ်။ သူ့ကို ကြည့်ရတာ ဝိညာဉ်လို မဟုတ်တာတော့ သေချာ သတိထား မိတာ အမှန်ပဲ'

'ကျွန်တော်တို့အားလုံးကို သူတော်တော် သိပြီးတော့ ဒီကြောင့်ပဲ[illegible] အရောက်လာပြီး နှုတ်ဆက်တာ ဖြစ်မှာပဲ'

ကျွန်ုပ်မှာ ကိုအိုက်မောင်နှင့် ပတ်သက်ပြီး ပြောစရာ စကားရှာမရတော့ပါ။ ဝမ်းနည်း စိတ်မကောင်း ဖြစ်ရသည်။

အမြဲတမ်းရွှင်နေလေ့ရှိသော ကိုအိုက်မောင် ကျွန်ုပ်ထံ လာခဲ့သည်မှာ ဝိညာဉ်ဖြစ်နေသော ကိုအိုက်မောင်မှာ အငြိုးရှိမှုများကတော့ မပါလာခဲ့[illegible]

နောက်ဆုံးမြင်တွေ့ခဲ့ရသော ကိုအိုက်မောင်၏ ပုံရိပ်နှင့် စကားများက ကျွန်ုပ်ထံပါး ရစ်ဝဲလို့သာ နေလေသည်။

**အေးချမ်းအောင် (ရမည်းသင်း)**

www.burmeseclassic.com



# လွမ်းစေတီ

ရှုမိုး (မတ္တရာ)

သည့်ဘဝ သည့်ဖတ်ကြောင်းကို လေရာ ဘဝတိုင်းမှာ ပြန်လည် တိရနိုင်ရန်အတွက် ဖတိဿရ ဆ် ရပါလို၏ဟု လွမ်းစေတီထံပါး အခါခါဆုတောင်းမိရသူက အလွမ်း း သုတ။

ဖြစ်လေရာ ဘဝတိုင်းမှာလည်း လွမ်းဝေဒနာ မခံစားရဘဲ ချစ်ရသူ သက်ဆုံးတိုင် ပေါင်းရစေကြောင်း ဆုတောင်းမိရသူက သုတပင် လေ၏။

လောကကြီးတစ်ခွင်လုံးရှိ အရာရာ သည် သူ့အမြင်တွင် အမြဲတမ်း အုံ့မှိုင်း၍သာ နေတော့သည်။

သားလေး မောင်စိမ်းသူကို လက်ဆွဲ လွမ်းစေတီထံပါးသို့ ကိုသုတ က်လာခဲ့ပါသည် မလေးငယ်။

'စိမ်းကားရက်လေသူ တစ်ယောက် ရယ်လို့ မလေးငယ်ကို မဆိုရက်ပါ။ ဘဝက အကြောင်းကြောင့်လို့သာ ကိုသုတ ဖြေသိမ့်ပါမယ် မလေးငယ် ရယ်'

ဟု တိုးညင်းစွာ ညည်းညူရင်းဖြင့် လွမ်းစေတီခြေရင်းရှိ ကမ္ပည်းကျောက် စာကို ဖတ်ကြည့်လိုက်သည်။ "**ရွှေ့ပြောင်းတည်ထားသော လွမ်းစေတီ အလှူရှင်**"ထို၏ အောက်တွင်...

"မလေးငယ်(ခ)မစိမ်းမြမြနှင့် သိုက်နန်းရှင် များကို ရည်စူး၍ ကိုသုတနှင့် သားလေး မောင်စိမ်းသူ ကောင်းမှု"

'မကြာခင်ရက်မှာ သားလေးရှင်ပြု နဲ့ လွမ်းစေတီ ရေစက်ချပွဲ ပြုလုပ်တော့ မှာပါ။ မလေးငယ် ဒီမှာများ ရောက် နေခဲ့ရင် သိရှိနိုင်ပါစေ'

ဟု ပြောရင်း သုတမှာ သူ့အနီးတွင် ငြိမ်သက်စွာထိုင်နေသော သားလေး မောင်စိမ်းသူကို ကြည့်မိသည်။

(၂)နှစ်ကျော်ကျော် အရွယ်သား လေးကတော့ ဘာမှ မသိရှိနိုင်ပါ။ မိခင်၏ မေတ္တာကို မခံစားရရှာသော သားလေးကိုကြည့်ပြီး ရင်မှာမချိအောင် ခံစားရလေသည်။

သားလေးအတွက် မချိသော ဝေဒနာ၊ ချစ်ရသူဇနီးကို လွမ်းရသော ဝေဒနာတို့၏ တိုက်ခိုက်ခံမှုကြောင့် ကိုသုတတစ်ယောက် အတိတ်နယ်မြေ

www.burmeseclassic.com

သို့ တစ်ခေါက်တစ်ဖန် ပြန်လည်၍ ရောက်ရှိသွားရလေတော့သည်။

* * *

လွန်ခဲ့သော နှစ်(၄၀)ခန့်က ဖြစ်လေသည်။ ရွာသာယာရွာသည် ရေဝတီမြစ်၏ အရှေ့ဘက်ကမ်း၌ တည်ရှိသော ရှေးဟောင်းရွာတစ်ရွာ ဖြစ်၏။

ရှေးရွာကြီးဖြစ်ခဲ့ကြောင်း အထောက်အထားကလည်း ရွာသာယာရွာထိပ်ရှိ လွမ်းစေတီကလေးပင်ဖြစ်၏။

လွမ်းစေတီသည် (၉)တောင်ပြည့် စေတီမျှသာ ဖြစ်သော်လည်း ရေးထိုးထားသော ကျောက်စာက ပါဠိ၊ ပျူဘာသာများဖြင့် ရေးထိုးထားသောကြောင့် နှစ်ပေါင်းမှာ မနည်းတော့ကြောင်း သက်သေခံနေလေသည်။

လွမ်းစေတီသည် ရွာသာယာရွာ၏ တောင်ဖျားရွာထိပ်ပိုင်းတွင် တည်ရှိ၍ ရေဝတီမြစ်ကမ်း ပြိုမှုကြောင့် ယခုဆို မြစ်ကမ်းနှင့် စေတီမှာ လယ်တစ်ကွက် ကြားလောက်သာ ရှိတော့လေသည်။

ရွာသာယာရွာ တောင်ပိုင်းတွင် ဦးထွန်းနှင့် ဒေါ်မှုံ ဇနီးမောင်နှံမှာ လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြသည့်အပြင် ကုန်စုံဆိုင်ကြီးတစ်ဆိုင်ပါ ဖွင့်လှစ်ပြီး ရောင်းချနေထိုင်ကြ၏။

လယ်မြေကလည်း ဧကများများ ပိုင်ဆိုင်၍ လယ်သူရင်းငှားများဖြင့် လုပ်ကိုင်ကြလေသည်။ ဦးထွန်းနှင့် ဒေါ်မှုံတို့တွင် မလေးကြီးနှင့် မလေးငယ်ဟူ၍ သမီးနှစ်ယောက်ရှိ၏။

မလေးကြီးမှာ (၂၃)နှစ်ခန့်နှင့် မလေးငယ်မှာ (၂၀)နှစ်ခန့် ရှိကြပေပြီ။ ညီအစ်မနှစ်ယောက်စလုံးကို (၈) တန်းအောင်အဆင့်နှင့်ပင် ကျောင်းထုတ်လိုက်ကြပြီး မိဘ၏ ကုန်စုံဆိုင်မှာပင် ရောင်းခိုင်းကြ၏။

မိဘများမှာ ယခင်က ဆင်းရဲခဲ့



သော်လည်း ယခုအချိန်တွင် တောသူဌေးအဆင့်လောက်ရှိပြီး ရွာမျက်နှာဖုံးများ ဖြစ်ကြသလို သမီးနှစ်ယောက်မှာလည်း အလှချင်းပြိုင်နေသည့်အလား ချောမောလှပကြသဖြင့် ရွာသာယာရွာ၏ ကွမ်းတောင်ကိုင်အလှ ညီအစ်မ ဖြစ်ကြ၏။

ညီအစ်မနှစ်ယောက်တွင် အကြီးမ မလေးကြီးက အိမ်အလုပ်နှင့် စီးပွားရေးကို အထူးဂရုစိုက်၍ လုပ်ကိုင်သဖြင့် အိမ်တွင် မိဘအားကိုးရသော သမီးကြီး ဖြစ်လေသည်။

မလေးကြီးက အိမ်အလုပ်နှင့် စီးပွားရေးမှအပ အချစ်ရေး အိမ်ထောင်ရေးများကို စိတ်မဝင်စားပေ။

အငယ်မ မလေးငယ်ကတော့ တစ်မျိုး အိမ်ဈေးရောင်းခြင်းနှင့် အခြားအိမ်မှုကိစ္စများကို လုပ်ဆောင်ပြီး ဘာသာရေးဘက်၌ အထုံဝါသနာပါ၏။

ဥပုသ်နေ့များတွင်တော့ မိခင်ဖြစ်သူ ဒေါ်မှုံထံ ခွင့်တောင်းပြီး ရွာတောင်ပိုင်းရှိ လွမ်းစေတီသို့ သူငယ်ချင်းဖြစ်သူ အေးမာနှင့်အတူ သွားကာ ဘုရားပန်းကပ်ခြင်း၊ ဘုရားရင်ပြင်တော် သန့်ရှင်းရေးပြုလုပ်ခြင်းကို အမြဲတမ်း ကုသိုလ်ယူလေ၏။

ဥပုသ်နေ့တိုင်း အမြဲတမ်း ကုသိုလ်ယူသော မလေးငယ်၏ ဘာသာရေးကိုင်းရှိုင်းမှုမှာ လေးစားလောက်စရာ ဖြစ်ခဲ့ရ၏။ မိခင်၊ ဖခင်တို့ကတော့ မလေးငယ်ကို လွမ်းစေတီသို့ မသွား စေချင်ပါ။

လွမ်းစေတီတွင် ဥစ္စာစောင့် သို ရှိမှန်း သိနေကြ၍ သမီးလေးကို ရောက်မှာ အလွန်စိုးရိမ်ကြသည်။

သို့သော်လည်း သမီးလေး၏ ကိုလည်း မတားရက်သလို အဖေ လည်း ပါနေသဖြင့် ခွင့်ပြုပေးရ သည်။

မလေးငယ်၏ ဆန္ဒကို မတား ရခြင်း၏ အကြောင်းကလည်း ပေသည်။ ကိုထွန်းနှင့် မမှုံတို့ သမီးကြီး မလေးကြီးကိုမွေးပြီး (၂) ခန့်အကြာမှာ ဖြစ်၏။

တစ်ညတွင် မမှုံတစ်ယော အိပ်မက် မြင်မက်ခဲ့၏။ အိပ်မက် အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင် သော မိန်းမပျိုတစ်ယောက်ကို တွေ့ ၏။

မိန်းမပျို၏လက်တွင် လ ချစ်စရာကောင်းသော ကလေး တစ်ယောက်ကို ပွေ့ထား၏။ မိန်းမပျိုမှ မမှုံအား...

'အစ်မကြီးရှင့် ကျွန်မတို့ လွမ်းစေတီ ကပါ။ ဒီက ကျွန်မညီမလေးပါ။ လူ့ပြ ကုသိုလ်ပြုဖို့ လာချင်တယ်ဆိုလို့ အစ် ထံ အပ်နှံပါတယ်။ အစ်မကြီး မွေး အစ်မကြီးတို့ကိုလဲ ကျေးဇူး ယော ယယ်'

ဟု ပြောကာ ကလေးကို မမှုံ ပေးပြီး ပျောက်ကွယ်သွားလေသည်

ထို၏နောက်တွင် မမှုံတစ်ယော ကိုယ်ဝန်ရှိလာခဲ့၏။

ကိုယ်ဝန်ရှိသည်မှစ၍ ကိုထွန်း မမှုံတို့အိမ်တွင် ရွှေတိုငွေစများ ခဏဆိုသလို ကောက်ယူ ခဲ့ကြ

သမီးလေး မလေးငယ် မွေးဖွား



www.burmeseclassic.com

www.burmeseclassic.com

ဘွင်တော့ မမှုံတို့တွင် စီးပွားရေး အတော်ပင် ချောင်လည်နေကြပေပြီ။

ငယ်စဉ်ကပင် မိဘများမှ ထိန်းသိမ်း သက်သာခဲ့လေသည်။ ပုခက်ထဲ၌ နှင့် တစ်ယောက်ယောက်မှ ချော့မြှူ သလို ကလေးမှ အမြဲတမ်း ရယ်ပြုံး သည်ကို တွေ့ရ၏။

ဤသို့နှင့် မလေးငယ် (၃)နှစ်သမီး ရွယ်ခန့်တွင်ဖြစ်၏။ ကိုထွန်းနှင့် မမှုံ ၏ အိမ်အနောက်တွင် ရောဝတီမြစ်

ရောဝတီမြစ်ရေ တိုက်စားမှုကြောင့် ကမ်းပါးများ အတော်ပင် ပြိုနေသည် ကိုထွန်း၊ မမှုံတို့ ခြံစပ်သို့ပင် ရောက်နေပြီ။

ခြံစပ်တွင် ကမ်းပါးပြိုမည့်အထဲ တော့မည့် ရေသဖန်းပင်တစ်ပင်ရှိ တစ်နေ့ ညနေပိုင်းတွင် ကိုထွန်း တစ်ယောက် နွားစာအတွက် ပြောင်းရိုး နေ၏။

ထိုစဉ် မလေးငယ်မှဖခင်၏ လက် ကိုင်ပြီး မြစ်ကမ်းစပ်ဘက်သို့ ဆွဲခေါ် ၏။ ကမ်းစပ်ရေသဖန်းပင်ဘက် ရောက်သောအခါ ကမ်းပါးပြိုသဖြင့် မြစ်များပေါ်နေသော ရေသဖန်းပင် မြစ်များကြားသို့ လက်ညှိုးထိုးပြကာ ၏။

ကိုထွန်းမှ သမီး မလေးငယ် လက်ညှိုးထိုးပြရာ နေရာသို့ ကြည့် လိုက်ရာ ရေသဖန်းပင် အမြစ်များ ကြားတွင် စဉ့်အိုးငယ်လေး တစ်အိုး တွေ့ရသဖြင့် သွား၍ ယူလိုက်၏။

စဉ့်အိုးငယ်မှ အပေါက်ကို အင်္ဂတေ သလို ပိတ်ထား၏၊ စဉ့်အိုးလေး ယူပြီး အိမ်ဝင်းအတွင်း ပြန်လာခဲ့ ၏။

ထို့နောက် အိမ်ပေါ်သို့တက်၍ စဉ့်အိုးအဖုံးကို တူတစ်ချောင်းဖြင့်



အသာအယာ ထုဖွင့်လိုက်ရာ အတွင်း တွင် **မယုံကြည်နိုင်စရာ ရွှေထည် ပစ္စည်းများကို အိုးနှင့်အပြည့်**တွေ့ရ ၏။

ရွှေလက်စွပ်၊ လက်ကောက်၊ ဆွဲကြိုး များအပြင် ပတ္တမြားများပါ ပါရှိလေ သည်။ ကိုထွန်းနှင့်မမှုံတို့မှာ သမီးလေး ၏ အမျိုးအဆွေတို့မှ ထောက်ပံ့မှုကို သိရှိလက်ခံလိုက်ရ၏။

ထိုပစ္စည်းများမှ အချို့ကို ထုခွဲ ရောင်းကာ လယ်ကွက်များ ဝယ်ယူ သည်။ ထို့နောက် အိမ်ကောင်းကောင်း ဆောက်ပြီး ကုန်စုံဆိုင်ကြီးပါ တည် လိုက်ကြ၏။

သမီးလေး၏ အမျိုးအဆွေများ အတွက် ဖရပ်တစ်ဆောင် ဆောက် လုပ်ပြီး ကုသိုလ်ပြုကာ အမျှအတန်း ပေးဝေခဲ့ကြလေ၏။

ယနေ့ ဥပုသ်နေ့ နံနက်(၈)နာရီခန့် တွင် မလေးငယ်တစ်ယောက် ဘုရား ပန်းကပ်ရန် မေမြို့ပန်းများဝယ်၍ ရသဖြင့် မေမြို့ပန်းများကို ရေဆေးပြီး လက်တစ်ဖက်မှ ကိုင်ခဲ့ပြီး ကျန်လက် တစ်ဖက်မှ ရေပါသော ပုံးကလေး တစ်ပုံးကို ကိုင်ကာ အေးမာတို့အိမ် ဘက်သို့ လာခဲ့သည်။

'အေးမာရေ ဘုရားကို သွားကြစို့ ဟေ့'

'အေး အေး သွားကြမယ်လေ၊ ငါလဲ နင့်ကို စောင့်နေတာ'

ထိုသို့ပြောပြီး အေးမာသည် မလေး ငယ်၏ လက်မှ ရေပုံးကို လှမ်းယူကာ နှစ်ယောက်သား ရွာတောင်ပိုင်း လှမ်းစေတီသို့ လာခဲ့ကြ၏။

လယ်ကွက်(၃၄)ကွက်ခန့် ကျော်ပြီး နောက် လှမ်းစေတီသို့ ရောက်ကြ၏။ စေတီသို့ရောက်လျှင် အေးမာမှ ဘုရား ပန်းအိုးအတွင်းရှိ ခြောက်သွေ့သော ပန်းများကို ဘုရားပရိဝုဏ်အတွင်း တစ်နေရာသို့ စွန့်ပစ်သည်။

လေးငယ်က ဘုရားပန်းအိုးအတွင်း မှ ရေများကို သွန်ပစ်ပြီး အသစ်လဲ ထည့်သည်။ ထို့နောက် မေမြို့ပန်းများ ကို ရေထပ်ဆေးပြီး ဘုရားပန်းအိုးထဲ သို့ထည့်သည်။

ထို့နောက် အသစ်လဲပြီးသော ဘုရားပန်းအိုးကို လှမ်းစေတီထံပါး ဆက်ကပ်ကြပြီး ဘုရားကို ကန်တော့ ကြသည်။ အမျှအတန်း ပေးဝေကြ သည်။ သူငယ်ချင်းနှစ်ယောက်တို့ ဘုရားပရိဝုဏ်အတွင်း၌ သန့်ရှင်းရေး ပြုလုပ်ကြ၏။ ပြီးမှ အမောဖြေရင်းဖြင့် နှစ်ယောက်သားတို့ ရောက်တတ်ရာရာ စကားများ ပြောကြ၏။

ထိုစဉ် မိမိတို့ ရွာသာယာရွာမှ တောင်ဘက် ကျွန်းကြီးရွာဘက်သို့ လှမ်းစေတီဘေးရှိ လှည်းလမ်းမှဖြတ် သွားသော လူတစ်ယောက်ကို အေးမာ လှမ်းတွေ့လိုက်ရသည်။ အေးမာမှ...

'ဟေ့ သုတ ဘယ်သွားမလို့လဲဟ'

'ဩော် အေးမာရေ ကျွန်းကြီးရွာ ဘက် ခဏသွားမလို့'

'ဒါထက် နင်တစ်ယောက်တည်း လား'



www.burmeseclassic.com

www.burmeseclassic.com

'မဟုတ်ဘူးဟ ဒီမှာ လေးငယ်လဲ ပါတယ်။ ဒီမှာ ဝင်နားပါဦးလား'

'အေး အေး လာပြီဟေ့'

ဟု ပြောကာ သုတက သူတို့ဆီသို့ လာခဲ့သည်။ လေးငယ်က...

'အေးမာကလဲ ဟယ် ဘာလို့ခေါ် လိုက်တာလဲ၊ ရှက်စရာကြီး'

'မရှက်ပါနဲ့ လေးငယ်ရယ်၊ နင်နဲ့ သုတနဲ့ စကားပြောရအောင်လို့ ငါ ခေါ်လိုက်တာပါ'

ပြောနေဆဲမှာပင် သုတက လွမ်းစေတီအနီးသို့ ရောက်လာခဲ့၏။

ထိုအခါမှပင် သုတလည်း လေးငယ် ကို တွေ့တော့သည်။ အေးမာနှင့် လေးငယ်တို့၏ မလှမ်းမကမ်းတွင် သုတက ထိုင်လိုက်၏။

အေးမာက အလိုက်သိစွာဖြင့် ဘေးနားသို့ ရှောင်ထွက်သွားသည်။

'သြော် လေးငယ် ဘုရားပန်းလာ ကပ်တာလား'

'ဟုတ်တယ် ကိုသုတ၊ ဒါထက် ဟို ဘက်ရွာကို ဘာကိစ္စလဲ'

'အဲဒါက အမေက ခိုင်းလိုက်လို့ပါ။ ဟိုတလောက နွားတစ်ကောင် ရောင်း လိုက်တာ ဒီဥပုသ်နေ့မှာ လက်ကျန်ငွေ လာယူပါဆိုလို့ သွားမလို့ပါ'

'သြော် ဟုတ်လား၊ ဒါထက် နွားကို ဘာလို့ရောင်းလိုက်တာလဲ နမြောစရာ ကြီး'

'လေးငယ်ရယ် အဖေ မရှိတော့ ကတည်းက သိပ်ပြီးအဆင်မပြေပါဘူး ဟာ၊ ကျောင်းထွက်ပြီးချိန်ကစလို့ ငါလဲ အမေ့ကို တတ်နိုင်သလောက် ရှာဖွေ ကျွေးမွေးပါတယ်။

အခုချိန်က နေ့စားအလုပ် ရှားပါး ချိန်ဖြစ်နေတော့ ငွေလိုနေတာနဲ့ ရှိတဲ့ (၅)ကောင်ထဲက (၁)ကောင် ရောင်း လိုက်ရတာပဲ။ ငါလဲ မရောင်းချင်ပါဘူး



ဟာ'

ဟု သုတမှ ပြောပြသည်။ လေးငယ် က သုတကို အကြင်နာမျက်ဝန်းများ ဖြင့် ကြည့်နေမိ၏။ မုဆိုးမ သားအမိ၏ အဖြစ်ကို ကြားရတော့ လေးငယ်၏ နုနယ်သော နှလုံးသားဝယ် ကရုဏာ မိုးများ ဖြိုင်ဖြိုင်ရွာမိတော့သည်။

နောက်ပြီး သုတ၏ နှလုံးသား အကြည့်များကိုလည်း ယခင်ကတည်း က လေးငယ် သိပြီးဖြစ်လေသည်။ အေးမှတစ်ဆင့် သုတ၏ နှလုံးသား ခံစားချက်များကိုလည်း လေးငယ် သိပြီးဖြစ်ပါ၏။

'ကျွန်မ ဘာများ ကူညီပေးရမလဲ၊ ကိုသုတ'

'လေးငယ်က ဘာများ ကူညီမလို့ လဲ'

'ဟိုလေ ကိုသုတ ငွေရေး ကြေးရေး အခက်အခဲဖြစ်ရင် ကျွန်မ ကူညီပေး ချင်ပါတယ်'

'နေပါစေ လေးငယ်ရယ် သူများ တွေသိသွားရင် ကိုသုတကို ပြောနေ ကြပါဦးမယ်။ လေးငယ် ကူညီမယ် ဆိုရင် ကိုသုတ တောင်းဆိုစရာ ရှိပါ တယ်။ ဘယ့်နှယ်လဲ ကူညီမှာလား'

'ဘာများလဲ ကိုသုတရယ်၊ လေး ငယ်တတ်နိုင်တာဆိုရင် ကူညီပါ့မယ် ပြောပါ'

'တခြားတော့ မဟုတ်ပါဘူး လေး ငယ်ရယ်၊ အေးမာလဲကတစ်ဆင့်လဲ ပြောခိုင်းပြီးပါပြီ။ လေးငယ်ကို ကိုသု…

သိပ်ပြီး ချစ်မိနေလို့ပါ။ အဲဒါ ကိုသု…

ကို ကူညီတဲ့အနေနဲ့ ပြန်ချစ်လိုက်ပါ…

အကူအညီတောင်းခံပါတယ်'

'ဟင်း ကိုသုတကလဲ ပြောတ… လိုက်တာ ရှက်စရာကြီး'

'မရှက်ပါနဲ့ လေးငယ်ရယ်၊ ကိုသု… လေ လေးငယ်ကို သိပ်ချစ်တယ်။ … ရဲ့ကွမ်းတောင်ကိုင်ဆိုတော့ ချစ်သူ… ပိုင်းနေတာ တွေ့ရလို့ ကိုသုတ အ… ငယ်မိရတယ်။

ကိုသုတက မုဆိုးမသား ဆင်… သား ဖြစ်ရလို့ ပိုပြီး အလှမ်းဝေးတ… လို့လဲ ခံစားရတယ်'

'အားမငယ်ပါနဲ့ ကိုသုတ… လေးငယ်ကလဲ ကိုသုတရဲ့ ရိုးသား… သိပြီးဖြစ်လို့ အေးမာပြောကတည်း… စဉ်းစားထားပါတယ်။

ကဲ ကိုသုတ ကျွန်းကြီးရွာဘက်… သွားစရာရှိတာသာ သွားပါ။ နော… ဥပုသ်နေ့မနက် ဒီလွမ်းစေတီမှာ … စောင့်နေပါ။ လေးငယ် အဖြေ… မယ်'

'ကောင်းပါပြီ လေးငယ် ကို… သွားပြီနော်၊ နောက် ဥပုသ်နေ့… လာစောင့်နေပါ့မယ်'

ဟု ပြောကာ သုတတစ်ယော… ကျွန်းကြီးရွာဘက်သို့ ကြေးတော… ဆက်လက် ထွက်ခွာသွားလေသည်…

သုတ၏ နောက်ကျောကို လှမ်း… ကြည့်နေပြီး နှလုံးသွေးများ လှိုက်… ခုန်ကာ ကျန်ရစ်ခဲ့သူက လေးငယ်… ဖြစ်လေသည်။ လေးငယ်ကလည်း… သုတကို ချစ်နေခဲ့ပါလေသည်။

အချစ်ဆိုသော ဝေဒနာကို သ… နှင့်တွေ့ပါမှ ငယ်လေး ခံစားသိ… ရသည်။ ချက်ချင်း အဖြေ… မသင့်တော်၍သာ ကတိ…ကို …

www.burmeseclassic.com

www.burmeseclassic.com

လိုက်ရသည်။

"ကိုသုတကို လေးငယ် ချစ်ပါတယ်"ဟု လေးငယ် အသံတိတ်ပြောနေမိလေသည်။

အချစ်ဆိုသော အရာသည် ဆန်းကြယ်လွန်းလှ၏။ အချစ်မှာ မျက်စိမရှိဆိုသော စကားပုံသည်လည်း မှန်နိုင်လွန်းလှသည်တကား။

ဘဝ...ဘဝက ရေစက်ပေပဲလား မသိရပေ။ သုတနှင့် လေးငယ်တို့ကတော့ နောက်တစ်ပတ် ဥပုသ်နေ့တွင် ချစ်သူများ ဖြစ်သွားခဲ့ကြသည်။

သေတစ်ပန် သက်တစ်ဆုံး ချစ်သွားကြပါမည်ဟု လွမ်းစေတီထံပါး၌ သစ္စာပြုခဲ့ကြသည်။ အေးမာတစ်ယောက်မှာတော့ သူငယ်ချင်းနှစ်ယောက်တို့၏ ချစ်ကြင်ယုယမှုများကို တွေ့မြင်ရ၍ ဝမ်းသာနေလေသည်။

ဥပုသ်နေ့တိုင်းတွင် သူတို့(၃) ယောက်မှာ လွမ်းစေတီ၌ တွေ့ဆုံ၍ ဘုရားပန်းကပ်ခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းများဖြင့် ကုသိုလ်ယူကြ၏။

ပြီးတော့ သုတနှင့် လေးငယ်တို့က တီးတိုးတီးတိုးဖြင့် အချစ်အကြောင်း ပြောကြ၏။ ထုံးစံအတိုင်း အေးမာကတော့ ခပ်ဝေးဝေးမှာ။

အချစ်ကို စိတ်မချနိုင်သူက သုတ။ အချစ်ဆိုသည်မှာ ရယူပိုင်ဆိုင်လိုခြင်းဟုသာ သုတက အဓိပ္ပါယ်ဖွင့်ချင်၏။

ထို့ကြောင့် လွမ်းစေတီထံပါး၌ တွေ့ဆုံစဉ် သုတမှ လေးငယ်ကို အတူနေချင်ပြီဖြစ်ကြောင်း ပြောပြခဲ့လေသည်။

လေးငယ်မှလည်း ချစ်သူ့အလိုကျ ခေါင်းညိတ်ခဲ့လေ၏။ ထို့ကြောင့် ထိုညမှာပင် သုတတစ်ယောက် လေးငယ်ကို ကျွန်းကြီးရွာရှိ ဘကြီးလှမောင်အိမ်သို့ ခိုးပြေးလေသည်။



ဘကြီး၏အိမ်တွင် (၂)ရက်မျှ ကြာပြီးနောက် ဘကြီးနှင့် အမေတို့မှ ဦးထွန်းနှင့်ဒေါ်မှုံထံသို့ အကျိုးအကြောင်း သွားပြောကြ၏။

ဦးထွန်းနှင့်ဒေါ်မှုံတို့မှာ မိဘကို အကျိုးပြုခဲ့သော သမီးလေးဖြစ်၍ သူတို့နှစ်ယောက်၏ ချစ်ခြင်းကို မခွဲရက်ကြပေ။

ထို့ကြောင့် သမီးကို လာအပ်ကြရန်နှင့် ပေးစားမည်ဖြစ်ကြောင်း ပြောလိုက်၏။

ထိုသည်၏နောက်တွင် သုတနှင့် လေးငယ်တို့၏ မင်္ဂလာဆောင်ကို ထိုက်ထိုက်တန်တန်ပင် ပြုလုပ်ပေးခဲ့ကြ၏။

မင်္ဂလာဆောင်ပြီး လေးငယ်က သုတတို့အိမ်မှာ လိုက်နေ၏။ ရောဝတီမြစ်ကမ်းပြိုမှုကြောင့် သုတတို့အိမ်မှာ မြစ်နှင့် အတော်နီးကပ်နေပြီဖြစ်၏။

မကြာမီမှာပင် ဦးထွန်းမှ ရွာအရှေ့ပိုင်းတွင် မြေကွက်ကျယ်တစ်ကွက် ဝယ်ပေးပြီး နံကပ်(၂)ထပ်တိုက် ဆောက်ပေးကာ သုတ၊ လေးငယ်နှင့် သုတ၏အမေတို့ကို ပြောင်းရွှေ့နေစေသည်။

မြေကွက်နှင့် တိုက်အိမ်ပိုင်ဆိုင်မှုကိုလည်း သမီးနှင့်သမက်တို့ကို လက်ဖွဲ့အဖြစ် တရားဝင်ပေးခဲ့ကြသည်။ ပြီးနောက် သမီးနှင့်သမက်တို့အား ကုန်စုံဆိုင်တစ်ဆိုင် ထောင်ပေးခဲ့ကြလေသည်။

သုတ၏အမေ ဒေါ်တိုးမ၊ သုတနှင့် လေးငယ်တို့(၃)ဦးမှာ တက်ညီလက်ညီဖြင့် စီးပွားရေးကို လုပ်ကြ၏။ ကုန်များ ပြန်ဖြည့်ရန်အတွက် မန္တလေးမှ ဦးထွန်းတို့၏ ဖောက်သည်ဆိုင်မှာပင် သွား၍ဝယ်ယူကြ၏။

သုတနှင့်မလေးငယ်တို့၏ ဘဝတွင် ပျော်ရွှင်ချမ်းမြေ့စရာများဖြင့်သာ နေ့ရက်များကို ကုန်ဆုံးစေခဲ့လေသည်။ ရက်မှလ လမှနှစ်သို့ ပြောင်းခြင်းနှင့်အတူ သူတို့နှစ်ဦးတွင် မောင်စိမ်းသူဟူသော သားလေးတစ်ယောက်ပင် ဖွားမြင်ခဲ့သည်မှာ (၂)နှစ်ခန့်ပင် ရှိခဲ့လေပြီ။

ရောဝတီမြစ်ရေ တိုက်စားမှုကြောင့် သုတတို့ အိမ်နေရာဟောင်းလေးပင် မြစ်ထဲသို့ ပါသွားချေပြီ။ ဦးထွန်း၊ ဒေါ်မှုံတို့ အိမ်သည်လည်း ရွာအရှေ့ဖျားသို့ ပြောင်းလာခဲ့ရာ သုတတို့နှင့် မလှမ်းမကမ်းတွင် ရောက်ရှိနေပေပြီ။ ရွာဟောင်းနေရာ ကုန်သလောက် မြစ်ထဲပါသွားကြချေပြီ။

ထို့အတူ သုတနှင့် လေးငယ်တို့ အချစ်ဇာတ်လမ်း စ,ခဲ့သော လွမ်းစေတီသည်လည်း မကြာမီပင် မြစ်ထဲပါသွားတော့မည်ဖြစ်၏။

ရွာမှ လူကြီးသူမများ ဆွေးနွေးတိုင်ပင်ပြီး လွမ်းစေတီကို ရွာသစ်အရှေ့ဖျားသို့ ရွှေ့ပြောင်းတည်ထားရန် ဆုံးဖြတ်ကြ၏။

စေတီကို ရွှေ့ပြောင်းတည်ထားရန် ဆုံးဖြတ်ပြီး မကြာမီတွင် လေးငယ်တစ်ယောက်မှာ တမှိုင်မှိုင် တတွေတွေ ဖြစ်နေသည်ကို သုတမှ သတိပြုမိ၏။

'လေးငယ်ရေ ဘာဖြစ်လို့လဲ ကိုသုတကို ပြောပြပါဦး'

'ကိုသုတရေ ဘဝဟောင်းက အစ်မ



www.burmeseclassic.com

www.burmeseclassic.com

လာပြီးအိပ်မက်ပေးတယ်။ လွမ်းစေတီရေထဲပါတော့မှာမို့ သိုက်ပြောင်းရတော့မယ်တဲ့၊ အဲဒီ လေးငယ်ကိုလဲ တစ်ခါတည်း လိုက်ခဲ့ရမယ်တဲ့'

'လေးငယ်ရယ် မလိုက်ဖို့ ပြောလိုက်ပါနော်၊ ကိုသုတတို့ သားအဖကို ခွဲမသွားပါနဲ့'

'မရနိုင်တော့ဘူး ကိုသုတရယ်၊ အထက်က အမိန့်တဲ့ အမှန်တော့ လွမ်းစေတီသာ ရေထဲမပါရင် လေးငယ်လဲ ကိုသုတတို့ သားအဖနဲ့ တစ်သက်တာလုံး နေလို့ရပါတယ်။ ခုတော့ အဟင့်... အဟင့်'

ချစ်ဇနီးအား ရင်ခွင်တွင်း ထွေးပိုက်ရင်းဖြင့် သုတလည်း မျက်ရည်ကျခဲ့ရချေပြီ။ သိုက်နန်းမှ လာသူလေးဖြစ်၍ သိုက်ပြောင်းရာတွင် ပြန်ခေါ်ပေတော့မည်ဖြစ်၏။

တစ်ည ထိုတစ်ညသည် သူနှင့် လေးငယ်တို့၏ နောက်ဆုံးညပင် ဖြစ်ခဲ့ရ၏။ လေးငယ်က သားလေးကို အားရပါးရနမ်းပြီး အိပ်ရာထက်သိပ်သည်။ ပြီးနောက် ဝရန်တာတွင်ထိုင်နေသော သုတထံပါးသို့ လာခဲ့သည်။

ပြီးတော့ သုတရင်ခွင်တွင်းဝင်ပြီး သုတမျက်နှာကို မမိုတ်မသုန် ကြည့်နေ၏။ သုတမှာတော့ လေးငယ် ဘာဖြစ်နေသနည်းဟုသာ စဉ်းစားပြီး ရင်ခုန်လှိုက်မောနေခဲ့ရ၏။

'ဒီညတော့ လေးငယ်လေ ကိုသုတ ရင်ခွင်မှာပဲ အိပ်ပါရစေ၊ လေးငယ်ကို ထွေးပွေ့ထားပါနော်'

'ရပါတယ် လေးငယ်ရယ် ကိုသုတ ထွေးပွေ့ထားပါ့မယ်'

သုတတစ်ယောက် လေးငယ်ကို ထွေးပွေ့ထားခဲ့လေသည်။ ထိန်ထိန်သာသော လမင်းကြီးက ချစ်သူနှစ်ဦးကို ကရုဏာသက်စွာဖြင့် ကြည့်နေသယောင်ယောင်ပင်။



နံနက်လင်းချိန်တွင် အိပ်ရာမှ နိုးထလာသော သုတတစ်ယောက် ရင်ခွင်တွင်းမှ လေးငယ်ကို လှုပ်နှိုးကြည့်လိုက်ရာ လေးငယ်မှာ အသက်မရှိတော့ကြောင်း သိရ၏။ လေးငယ်ရယ်ဟုသာ သုတတစ်ယောက် အက်ကွဲစွာ ခေါ်မိရတော့၏။

လေးငယ်တစ်ယောက် သုတတို့ သားအဖကို ခွဲခွာသွားသည်မှာ တစ်လခန့်ပင် ကြာခဲ့ချေပြီ။ နေမြင့်လေ အရှုံးရင့်လေ ဖြစ်ရသူက သုတ။ ချစ်ဇနီး၏ အုတ်ဂူနံဘေးတွင်သာ နေ့ရက်တို့ ကုန်ဆုံးခဲ့ရ၏။

ရင်မှ သောကဝေဒနာကြောင့် အိပ်မရသော ညများကလည်း များလှချေသည်။ တစ်ညတွင် ပင်ပန်းနွမ်းနယ်စွာဖြင့် ခေတ္တမျှ အိပ်ပျော်သွားစဉ် ချစ်ဇနီးကို အိပ်မက်ထဲတွင် တွေ့ရလေသည်။ အစိမ်းရောင်ဝတ်စုံကို နန်းဆန်ဆန် ဝတ်ဆင်ထားသော မလေးငယ်ကို ညှိုးလျှလျှ တွေ့ရ၏။ သူမက...

'ကိုသုတရေ ကျွန်မက လွမ်းစေတီဘုရားမှာရှိတဲ့ သိုက်ကပါ။ ကျွန်မနာမည်က စိမ်းမြမြပါ။ ကျွန်မအစ်မနာမည်က စိမ်းမယ်ပါ။ ကိုသုတနဲ့ မတတ်သာလို့ခွဲသွားခဲ့ရပေမယ့် အမြဲချစ်လျက်ပါ။ ကျွန်မတို့ ဒီညပဲ သိုက်ပြောင်းကြတော့မယ်။ ပြန်တည်မယ့် လွမ်းစေတီမှာဘုရား ဒါယိကာမဖြစ်ဖို့နဲ့ သားလေးကို ရှုပ်ပြဖို့အတွက် ရွှေ ငွေပေးချင်လို့ အခုလာခဲ့ပါ။

ကိုသုတ မလာရင် ကျွန်မကို ဒီတစ်သက် မတွေ့နိုင်တော့ဘူးနော်'

ဟု ပြောကာ ပျောက်ကွယ်သွားလေသည်။

သုတမှာ မလေးငယ်ခေါ် စိမ်းမြမြ ပျောက်ကွယ်သွားလျှင် ချက်ချင်းပင် အိပ်ရာမှ လန့်နိုးလာခဲ့ပြီး အနီးရှိ နာရီအား ကြည့်လိုက်ရာ ညဆယ့်နှစ်နာရီခွဲ ရှိနေပြီကို တွေ့ရ၏။

သားလေးမှာ သူ့အဘွားနှင့် အိပ်နေသဖြင့် မခေါ်တော့ဘဲ အိမ်မှ လွမ်းစေတီရှိရာသို့ အပြေးတစ်ပိုင်းဖြင့် လာခဲ့လေသည်။

လမ်း တစ်လျှောက်သည်ကား မှောင်မည်း တိတ်ဆိတ်လွန်းလှ၏။ လွမ်းစေတီသို့ သုတရောက်ချိန်၌ စေတီတစ်ပိုက်တွင် မီးတုတ်များ ထွန်းထားကာ ထိန်လင်းနေသည်ကို တွေ့ရ၏။

လွမ်းစေတီအနီး မြစ်ဆိပ်တွင် ကြီးမားသော ရှေးခေတ်လှေကြီးကို တွေ့ရ၏။ လှေကြီးပေါ်တွင်လည်း မီးတုတ်များ ထွန်းညှိထား၍ ထိန်လင်းနေလေသည်။

ထိုအချိန်တွင် လွမ်းစေတီ ပရိဝုဏ် အတွင်းမှ လူများတန်းစီပြီး ထွက်လာသည်ကို တွေ့ရ၏။ ရှေ့ဆုံးမှ ဝတ်ရုံဖြူကို ဝတ်ဆင်ထားသော မုတ်ဆိတ်ဖြူနှင့် အဘိုးအို သူ့နောက်တွင်တော့ စိမ်းမမ ဖြစ်ဟန်တူသော မိန်းမချော တစ်ယောက်၊ ထို၏နောက်တွင်တော့ သူချစ်ခဲ့ရသော မလေးငယ်ခေါ် စိမ်းမြမြ ပါတကား။

သူတို့နောက်တွင် သိုက်စောင့်များက ရုပ်ဆိုးဆိုးပုံစံများဖြင့် တင်းပုတ် ထမ်းသူက ထမ်း၊ လုံထမ်းသူက ထမ်း ဖြင့် စီတန်း လမ်းလျှောက်လာကြ၏။

သူတို့နောက်တွင်လည်း ဘာရွေ



www.burmeseclassic.com

www.burmeseclassic.com

မှန်းမသိ စီတန်း၍ လိုက်ပါလာကြ၏။ သူရပ်နေရာအနီးမှ မုတ်ဆိတ်ဖြူကြီးနှင့် စိမ်းမမတို့ ကျော်လွန်သွားပြီး သူ့အနီးသို့ စိမ်းမြမြ ရောက်လာပြီး…

'ကိုသုတရေ စိမ်းမြမြ မျက်နှာကို တဝကြီး ကြည့်သွားတော့နော်၊ စိမ်းမြမြ သွားတော့မယ်။

သိုက်စောင့်တွေ ကျော်သွားလို့ နောက်မှာ တွေ့တဲ့ ဘုန်းကြီးဖြစ်ဖြစ်၊ သီလရှင်ဖြစ်ဖြစ်၊ မြွေပဲဖြစ်ဖြစ် တစ်ခုခုကို အရိုက်လိုက်ပါ၊ မကြောက်ပါနဲ့၊ အဲဒါတွေက ရွှေ ငွေတွေပဲ'

ဟု သူ့ကို ကြင်နာစွာကြည့်ပြီး ပြောကာ ရှေ့မှ မုတ်ဆိတ်ဖြူကြီးနှင့် သူ့အစ်မတို့ကဲ့သို့ပင် ရေးလှေကြီးပေါ်သို့ သစ်ပြားတံတားပေါ်မှ တက်သွားလေ၏။

သူ့နောက်မှ သိုက်စောင့်များ၊ ထို့နောက်တွင်တော့ ရွှေရောင်သင်္ကန်းကိုတင့်တယ်စွာ ဝတ်ရုံထားသော သံဃာတော်များမှာ တန်းစီပြီး ကြွလာသည်ကို တွေ့ရ၏။

သံဃာတော်များမှာ ကြည်ညိုစရာကောင်းလှသဖြင့် သုတမှ ထိုင်ပြီး ရှိခိုးနေမိ၏။

'ကိုသုတရေ အဲဒါ ရွှေအိုးတွေပဲ၊ ရိုက်လိုက်ပါ ရိုက်လိုက်ပါ'

ဟူသော စိမ်းမြမြ၏ စကားကို ကြားရမှ အနီးရှိ (၅)ပေခန့် ရှည်သော တုတ်တစ်ချောင်းကို ကောက်ပြီး ကြည့်လိုက်ရာ သံဃာတော်များမှာ ရေးလှေကြီးပေါ်သို့ တဖြည်းဖြည်းချင်း လှမ်းတက်၍ ကုန်သွားချေပြီ။

သံဃာတော်များ ကုန်သွား၍ မကြာမီ နောက်မှ သီလရှင်များ တန်းစီ၍ ကြွလာကြသည်ကို တွေ့ရ၏။

သီလရှင်များမှာလည်း ကြည်ညိုစရာ ကောင်းလှသဖြင့် သုတမှာ ထိုင်၍ ကန်တော့နေမိ၏။



'ကိုသုတရေ ရိုက်လိုက် ရိုက်လိုက် အဲဒါ ငွေအိုးတွေပဲ'

ဟူသော စိမ်းမြမြ ခေါ်လေးငယ်၏ အသံကို ကြားရမှ ရိုက်မည်ဟု သတိရ၍ ကြည့်လိုက်ပြန်ရာ သီလရှင်များမှာ ရေးလှေကြီးပေါ်သို့ တန်းစီ၍ တက်သွားကြချေပြီတကား။

သုတမှာ ကြောင်တောင်တောင်ဖြင့် ကြည့်နေစဉ် များပြားလှသော မြွေတန်းကြီးကိုတွေ့ရပြန်၏။ မြွေများမှာ ပါးပျဉ်းများထောင်ပြီး ရှေ့နောက်တန်းစီကာ သွားနေကြ၏။

သုတမှာ မြွေများမှာ အန္တရာယ်ပေးပါက ရိုက်နှက်ရန် တုတ်ရှည်ကို ကျစ်ကျစ်ကိုင်ကာ ကြည့်နေလေသည်။

'ကိုသုတရေ ဘုရားဒါယကာ ဖြစ်ရအောင် မြွေတစ်ကောင်တော့ ရိုက်လိုက်ပါ၊ စိမ်းမြမြကို ချစ်ရင် ရိုက်လိုက်ပါ'

ဟူသော စိမ်းမြမြ၏ ရင်နင့်စွာဖြင့် အော်ပြောသောအသံကို ကြားမိမှ ကြည့်လိုက်မိရာ သူ၏ မနီးမဝေးတွင် သူ့ကို ကျော်ဖြတ်သွားသော နောက်ဆုံးမြွေကြီးတစ်ကောင်ကိုသာ တွေ့ရတော့သဖြင့် လက်ထဲမှ တုတ်ရှည်ဖြင့် မြွေကြီး၏ ခါးကို တအား လွှဲ၍ရိုက်လိုက်လေ၏။

ထိုသို့ ရိုက်လိုက်ရာတွင် ရိုက်မိသော မြွေ၏ ခါးမှာ ပြတ်ကျကျန်ခဲ့၍ ခါးအပေါ်ပိုင်းမှာ ဟန်မပျက်ပင် အခြားသော မြွေများနှင့်အတူ ရေးလှေကြီးပေါ်သို့တက်သွားလေသည်။ မြွေခါးပြတ်မှာ ရွှေတုံးကြီးဖြစ်နေသည်ကို တွေ့ရ၏။

'ကိုသုတရေ သွားပြီနော်၊ အဲဒီရွှေတုံးကို ထုခွဲပြီး သားလေးလဲ ရှင်ပြုပေးပါ၊ လှမ်းစေတီကိုလဲ အသစ်ရွှေ့တည်ပြီး ကျွန်မတို့ကို အမျှအတန်း ပေးဝေပါ၊ ကံမကုန်ကြသေးရင်တော့ ပြန်ဆုံကြဦးမယ် ကိုသုတရေ'

ဟူသော စိမ်းမြမြ၏အသံကို ကြားရပြီးနောက် ရေးလှေကြီးပေါ်မှ အောင်စည်အောင်မောင်းသံများ ကြားရပြီး ရေးလှေကြီးမှာ ရောဝတီမြစ်၏ အောက်ဘက်သို့ မီးထိန်ထိန်လင်းစွာဖြင့် စုန်ဆင်းသွားသည်ကို တွေ့ရလေသည်။

ရေးလှေကြီး စုန်ဆင်းသွားပြီးချိန်တွင် ပတ်ဝန်းကျင်တစ်ခွင်လုံး အလင်းရောင်များ ပြန်လည်ပျောက်ကွယ်သွားပြီး အမှောင်ကမ္ဘာသာ လွှမ်းမိုးလာလေ၏။

သုတမှာ အလွမ်းဝေဒနာကို ခံစားရင်းဖြင့် စိမ်းမြမြ ပေးလိုက်သော ရွှေတုံးကြီးကိုယူကာ အိမ်သို့ ပြန်လာခဲ့လေသည်။

ဩော်…လွမ်းစရာ လွမ်းစေတီတစ်ခွင်လုံးမှာတော့ မှောင်မည်းတိတ်ဆိတ်နေဆဲပင် ဖြစ်လေသတည်း။

**ဦးစိုး(မဗ္ဗရာ)**

**ဝန်ခံချက် ။ ။ ဥစ္စာစောင့်ဝင်စားသူတစ်ယောက်အကြောင်းအား စိတ်ကူး ရေးဖွဲ့ပါသည်။**

www.burmeseclassic.com

# အလောင်းထမ်းမွေးခြင်း အတွက်

ကိုယ်တွေ့အတွေ့အကြုံ

၂၀၁၃ ခုနှစ်၊ မတ်လ၊ အမှတ်(၃၂၀)၊ စာမျက်နှာ(၂၆၄) နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှ ဆရာလှမြင့်သစ်၏ဆောင်းပါး။ ၂၀၁၃ ခုနှစ်၊ မေလ၊ အမှတ်(၃၂၂)၊ စာမျက်နှာ(၃၀)နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ဆရာဦးညွန့်ဝင်း ၏ အဖြေဆောင်းပါး။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ၊ အမှတ်(၃၂၅)၊ စာမျက်နှာ(၁၃၉) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် **"အလောင်းထမ်းမွေးခြင်း အတွက် အန္တရာယ်ကင်း ကုသိုလ်ကံမြင့် ယတြာအစီအရင်"** ဆောင်းပါးကို ဖတ်ရှုရပြီး စာရေးသူ၏ ကိုယ်တွေ့ကြုံသည့် အဖြစ်အပျက်ကို ရေးသားတင်ပြလိုက်ရပါသည်။

စာရေးသူတို့ လင်မယားသည် ၁၉၇၅ ခုနှစ်၊ မေလတွင် အိမ်ထောင်ကျပြီးယခုအခါ သားလေးယောက်၊ သမီးတစ်ယောက် ထွန်းကားခဲ့ပါသည်။

စတုတ္ထမြောက် ကိုယ်ဝန်ကို မမွေးဖွားမီ သားကြောဖြတ်ရန် လျှောက်လွှာတင်ပါသည်။ သားယောက်ျားလေး ထပ်မံမွေးဖွားသဖြင့် သားကြောမဖြတ်တော့ဘဲ နောက်ထပ် ကိုယ်ဝန်ဆောင်၍ မွေးပြန်ရာ သမီးမိန်းကလေး မွေးပါတော့သည်။

ရှေးလူကြီးသူမများကသားလေးယောက်၊ သမီးတစ်ယောက် မွေးလျှင် အလောင်းထမ်းမွေးသည် ဖြစ်၍ မကောင်းပါဟု ကြားသိရသဖြင့် ရွာမှ ဘုရားကျောင်းဆရာတော် ဦးနာရဒအား သွားရောက် လျှောက်ထားခဲ့ပါသည်။

ယခုအခါ စာရေးသူ၏ သားသမီး (၅)ယောက်စလုံးပင် ဘွဲ့အသီးသီး ရရှိကြပြီး ဖြစ်ပါသည်။ အကြီးဆုံးသား (၃) ယောက်မှာ အလုပ်အကိုင်ကိုယ်စီဖြင့် အိမ်ထောင်ကျပြီး မြေး(၄)ယောက်ပင် ရရှိနေပါပြီ။

သမီးအငယ်နှင့် သူ့အစ်ကိုဖြစ်သူမှာ အပျို၊လူပျိုဘဝပင် ရှိပါသေးသည်။ သမီးအငယ်ဆုံးပင် (၂၇)နှစ် ရှိပြီဖြစ်သည်။ စာရေးသူ၏အသက်ပင် (၆၅)နှစ်ကျော်ပါပြီ။

စာရေးသူတို့ ဖြတ်သန်းလာရသော ဘဝသက်တမ်း တစ်လျှောက်မှာ စီးပွားပျက်ကိန်း (၄)ကြိမ်မျှ ခံရသော်လည်း သေကိန်းတော့ မကြုံခဲ့ရပါ။

ထို့ကြောင့် **"အလောင်းထမ်းမွေးခြင်းသည် မကောင်းပါ"** ဟူသော ဆောင်းပါးကို စာရေးသူအနေဖြင့် မထောက်ခံလိုပါ။



**သို့ဆိုလျှင် အလောင်းထမ်းမွေးခြင်းဟူသည် သား (၂)ယောက် အလယ်တွင် သမီး(၁)ယောက်၊ နောက်သား (၂)ယောက် မွေးခြင်းကို ဆိုလိုပါသလား။ သို့မဟုတ် စာရေးသူကဲ့သို့ သား(၄)ယောက်အမွေးပြီး သမီး(၁)ယောက်မွေးခြင်းကို ဆိုလိုပါသလား။**

စာဖတ်သူများ သိရှိပါလျှင် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှတစ်ဆင့် ဖြေကြားပေးစေလိုပါသည်။

အချုပ်ဆိုရလျှင် စာရေးသူကဲ့သို့ သား(၄)ယောက် သမီး(၁)ယောက်မွေးခြင်းသည် အလောင်းထမ်းမွေးခြင်း ဖြစ်သည်ဆိုပါက သမီးလေးအား ဆရာတော်ထံတွင် သွားရောက် လျှောက်ထားခဲ့ခြင်းကြောင့် ဖြစ်ကောင်း ဖြစ်မည်ဟု စာရေးသူ၏ ကိုယ်တွေ့ကြုံရခြင်းမှတစ်ဆင့် တင်ပြလိုက်ရပါသည်။

**သင်းသီရိဖန်**



www.burmeseclassic.com

www.burmeseclassic.com

# ဆရာကြီး ဦးစိန်ဆိုင်

## နှင့် ထူးခြားသော အိုးတလေး (၂)

စလင်း ဦးကျော်



**ယခင်လမှ အဆက်**

သို့သော် ဆရာကြီးသည် ကျင်းထဲသို့ မြေကြီးများ ထပ်မံဖို့လိုက်ပါသည်။ ထိုကဲ့သို့ နောက်ထပ်တစ်ဖန် ခြင်းတောင်းထဲမှ မြေကြီးများကို ကျင်းထဲသို့ ဖို့ရန် ကြည့်လိုက်သောအခါ ရတနာများသည် ပြန်လည် ပေါ်နေသည်ကို တွေ့ရပြန်သည်။ ဆရာကြီးသည် တစ်ယောက်တည်း စကားပြောလိုက်သည်။

'ရတနာပစ္စည်းတွေကို ပြန်ဖို့ပါဆိုလို့ ကျွန်တော် မြေကြီးများနဲ့ ပြန်ဖို့ပါတယ်။ မြေကြီးနဲ့ ပြန်ဖို့နေသော်လဲ မြေကြီး ဖုံးပြီးသော ရတနာများဟာ ပြန်ပေါ်နေပါတယ်။ ဒီတစ်ခါ မြေကြီးများနဲ့ဖုံးပြီးလို့ ပေါ်လာတဲ့ ပစ္စည်းကိုတော့ ကျွန်တော်ယူမှာဖြစ်ပါတယ်။ ကျွန်တော့်ကို ယူစေချင်လို့ ပြန်ပေါ်ခြင်း ဖြစ်တယ်လို့ ယူဆပါတယ်'

ဟု ဆရာကြီးဦးစိန်ဆိုင်သည် ခြင်းတောင်းကလေးထဲသို့ မြေကြီးများထည့်ကာ ရတနာကျင်းထဲသို့ ဖို့လိုက်ပါသည်။

တစ်ဖက်သို့လှည့်ကာ ခြင်းတောင်းထဲသို့ မြေကြီးများထည့်ပြီး ကျင်းထဲသို့ လောင်းဖို့ရန် ကြည့်လိုက်သောအခါ အနက်ရောင်ရှိသော အိုးကလေး တစ်လုံးသာ ပေါ်နေသည်ကို တွေ့ရသည်။

ဆရာကြီးသည် အိုးအနက်ကလေးကို ကောက်ယူပြီး ကျင်းထဲမှ အိုးကလေးနေရာကို မြေကြီးများ လောင်းဖို့လိုက်ပါသည်။

www.burmeseclassic.com

အိုးနက်ကလေးကိုယူကာ တဲကြီးဆီသို့ ပြန်ခဲ့သည်။ တဲသို့ ပြန်ရောက်သောအခါ အိုးနက်ကလေးအတွင်းသို့ အသေအချာကြည့်လိုက်သည်။ ဝင်းမှည့်တောက်ပြောင်သော ရွှေရောင် အတောင့်အခဲကလေးကို တွေ့ရသည်။

အိုးကလေးကို အသေအချာကြည့်ရာ သပ်ရပ်ချောမွေ့ပြီး သပိတ်ရောင်ကဲ့သို့ နက်မှောင်ပြောင်နေသည်။ အိုးကလေး၏ ကိုယ်ထည်အချင်းမှာ (၅)လက်မခန့်ရှိသည်။

အိုးကလေး၏ဖင်ကို နေရောင်ဘက်မှာထားပြီး အိုးအဝမှကြည့်လျှင် သေးငယ်သော အပေါက်ကလေး တစ်ပေါက် ပါသည်ကိုတွေ့ရသည်။

အိုးကလေးထဲသို့ ရေထည့်ကြည့်ပါက ယင်းအပေါက်ကလေးမှ ရေစိမ့်ယိုခြင်းမရှိချေ။ ထူးခြားလှသည်။

ထိုနေ့ညတွင် ဆရာကြီးသည် ထုံးစံအတိုင်း အဓိဋ္ဌာန်ပုတီးစိပ်၍ အိပ်ရာဝင်ခဲ့သည်။ ဖိုးသူတော်ကြီး အိပ်မက်ထဲတွင် လာပြောသည်မှာ...

- ✦ အိုးနက်ကလေးထဲမှာပါတဲ့ ရွှေတုံးကလေးကို ထုခွဲရောင်းချပြီး လှူလဲလှူပါ။ စားလဲစားပါ။
- ✦ အိုးကလေးကို ဘယ်သူ့ကိုမှ မရောင်းပါနဲ့ မပေးပါနဲ့၊ သားတော်အိမ်မှာထားပါ။
- ✦ လှူတဲ့အခါ ဘယ်လမဆို လပြည့်နေ့မှာ လှူပါ။
- ✦ အလှူမှာ သံဃာ(၁၅)ပါး ပင့်ပါ။
- ✦ လှူတဲ့အခါ သင်္ကန်း သို့မဟုတ် အဝတ်တစ်မျိုးမျိုး ထည့်လှူပါ။
- ✦ အလှူမှာ ထမင်းကျွေးလျှင် လက်ရည်တစ်ပြင်တည်းကျွေးပါ။(လူတန်းစားရွေးပြီး မျက်နှာလိုက် မကျွေးပါနဲ့)
- ✦ လှူတဲ့အခါ ကျုပ်တို့ကို တရားနာရန် ဖိတ်ကြားပါ။



- ✦ အလှူရေစက်ချပြီးလို့ အမျှဝေလျှင် ကျုပ်တို့ကို ရည်စူးပြီး အမျှပေးဝေပါ။

အထက်ပါအတိုင်း ဖိုးသူတော်ကြီးသည် အိပ်မက်ထဲတွင် ပြောသွားပါသည်။

ဆရာကြီးဦးစိန်ဆိုင်သည် အလုပ်အားသောနေ့တစ်နေ့၌ သားသမီးတို့ရှိရာ ရွာသို့ပြန်ခဲ့ပါသည်။ အိုးနက်ကလေးထဲမှရသော ရွှေရောင်ဝင်းမှည့်နေသည့် အတောင့်ကလေးကို မြို့သို့ယူသွားသည်။

ပန်းထိမ်ဆရာမှ မှတ်ကျောက်တင်ကြည့်ရာ အရည်မီသော ရွှေအစစ်ဖြစ်နေသည်။ အလေးချိန်မှာ တစ်ကျပ်ခွဲသားအတိရှိသည်။

ယင်းရွှေ တစ်ကျပ်ခွဲသားကို ထုခွဲရောင်းချပြီး ရွာသို့ပြန်ခဲ့သည်။ အိမ်ရောက်လျှင် ဇနီးအား အကျိုးအကြောင်း ပြောပြပြီး အလှူဒါနပွဲပြုလုပ်ရန် စီစဉ်ကြသည်။

'ရှင်မရေ ရွာဦးကျောင်းဆရာတော်က မင်းဘကြီးကွ၊ အဲဒီတော့ အလှူကိစ္စအတွက် မင်း သွားလျှောက်ချေကွာ'

ဆရာကတော်သည် ဘုန်းတော်ကြီးကျောင်းသို့သွားပြီး ဆရာတော်အား အလှူကိစ္စအတွက် လျှောက်ထားသည်။ ဆရာတော်က...

'အခုကျင်းပမယ့် အလှူက တစ်မျိုးတစ်ဖုံ ဖြစ်နေတယ်။ ဒကာ မောင်စိန်ဆိုင်ကို လွှတ်လိုက်'

ဟု မိန့်ကြားသည်။

ဆရာကြီးဦးစိန်ဆိုင် တစ်ဖန် သွား[...]ပြီး ဆရာတော်အား ဖြစ်ကြောင်းကုန်စင် လျှောက်ထားရသည်။

ဆရာတော်မှ...

'သူတို့တစ်တွေ ဘဝကူးကောင်း[...]အောင်လို့ အလှူပေး အမျှဝေခိုင်းတဲ့[...] သဘောပဲကွယ့်။ တစ်ဖက်သားအ[...] ကူညီတာလဲ ရောက်တယ်။ အားလုံး[...] လဲ ကုသိုလ်ကောင်းမှု ရကြတာပေါ့[...] ဒါထက် တရားနာဖိတ်ဖို့ အလှူမှာ[...] သူတို့ တရားနာလာတာတို့ မြင်နိုင်[...] မလား ဒကာရဲ့'

'တပည့်တော်နဲ့ အရှင်ဘုရား မြင်[...] သင့် မြင်အပ်ရင်တော့ မြင်ရမှာပေ[...] ဘုရား။ မြင်ရသည်ဖြစ်စေ၊ မမြင်[...] သည်ဖြစ်စေ၊ တပည့်တော်က တရား[...] နာ ကြိုတင်ဖိတ်ရမှာပါဘုရား၊ အမျှ[...] ပေးဝေရမှာလဲ သူတို့ကို ရည်စူးပြီး[...] အမျှပေးဝေရမှာပါဘုရား'

ဆရာတော်နှင့် ဆရာကြီးဦးစိန်ဆိုင်[...] တို့သည် လပြည့်နေ့တစ်နေ့ကို အလှူ[...] ရက် သတ်မှတ်လိုက်ကြသည်။ ဖိုးသူ[...] တော်ကြီး ဖြစ်စေချင်သည့် အချက်[...] အလက်တွေနှင့် ကိုက်ညီအောင် ပြု[...] လုပ်လှူဒါန်းမည်ဟု စီစဉ်လိုက်သည်။

ဆရာကြီးသည် ဖိုးသူတော်ကြီးနှင့်[...] အပေါင်းပါတို့အား ဆရာတော်[...] ကျောင်းသို့ တရားနာ ကြွရောက်ကြ[...] ရန် တစ်ရက်ကြိုတင်၍ ဖိတ်ကြား[...] လိုက်သည်။ ဆွေမျိုးမိတ်သင်္ဂဟများ[...] ကိုလည်း အလှူပွဲသို့ တရားနာကြ[...] ဖိတ်ကြားပါသည်။

အလှူမင်္ဂလာ ကျင်းပသည့် လပြည့်[...]





www.burmeseclassic.com

www.burmeseclassic.com

သို့ ရောက်ပါပြီ။ သံဃာ(၁၅)ပါး ည်း ကျောင်းတော်ပေါ်သို့ ကြွ ရောက်ပါပြီ။ လှူဖွယ်ဝတ္ထုများတွင် သက်နံးများလည်း ပြည့်စုံပါပြီ။

ကြွရောက်လာသော ရဟန်း ရိသတ်၊ လူပရိသတ် အားလုံးတို့အား ခြောက်ကြော်ပွဲရိုးဖြင့် လက်ရည် စ်ပြင်တည်း လှူဒါန်းကျွေးမွေးပြီးပါ ပြီ။ တရားနာချိန်နီးပြီမို့ ဆရာတော့် ကျောင်းပေါ်၌ တရားနာပရိသတ် ည်ကားလှပါသည်။

ထူးခြားသည့် အလှူမို့လားမသိ ရားနာပရိသတ် စည်ကားလှခြင်း၊ ကျောင်းပေါ်၌ ပရိသတ်အပြည့် ဖြစ် နေသည်။ ,

ဆရာတော် တရားဟောမည့်ပလ္လင် အနီး၌ ဆရာကြီးဦးစိန်ဆိုင်တို့ ဇနီး မောင်နှံသည် တရားနာပြီးလျှင် ရေစက် ချရန် ရေစက်ခွက်များ ကိုယ်စီနှင့်ပါ။ သားမှာလည်း သားသမီးမြေးများ ခြံရံ နေပါသည်။ မြင်ရသူများ ပီတိ ဖြစ်နေ ပါသည်။

တရားဟောချိန်ရောက်၍ ဆရာ တော်သည် သက်နံးရုံလျက် တရား ဟောပလ္လင်ပေါ်၌ တင်ပျဉ်ခွေထိုင် လိုက်ပါသည်။

ဆရာတော်သည် ကျောင်းလှေကား ထိပ်တံခါးမကြီးသို့ လှမ်းကြည့်လိုက် သည်။ တစ်ခါတစ်ရံမျှ မမြင်ဘူးသော ပုဂ္ဂိုလ်များ တံခါးဝတွင် မတ်တတ်ရပ် လျက် နေကြတာကို တွေ့လိုက်ရ သည်။ ဆရာတော်သည် ချက်ချင်း သတိရလာသဖြင့်...

'မောင်စိန်ဆိုင်'

'ဘုရား'

'မင်းဖိတ်ကြားထားတဲ့ ပုဂ္ဂိုလ်တွေ ကျောင်း လှေကားထိပ် တံခါးဝကြီးမှာ မတ်တတ်ရပ် နေကြတယ်။ ငါ့ပလ္လင်ရှေ့ကို လာဖို့ဖိတ်ခေါ်



လိုက်ပါ'

ဆရာကြီးသည် လှေကားထိပ်တံခါး မကြီးဆီသို့ လှမ်းကြည့်လိုက်ရာ တကယ်ပင် ပုဂ္ဂိုလ်အချို့ မတ်တတ် ရပ်နေသည်ကို တွေ့ရသည်။

အခြားသော ပရိသတ်ကြီးသည် လှေကားထိပ်သို့ လှည့်ကြည့်ကြသော် လည်း မမြင်ကြရှပေ။ ထူးခြားလှပါ သည်။

ဆရာကြီးသည် လှေကားထိပ် တံခါးမကြီးမှ ဆရာတော်၏ တရား ပလ္လင်ရှေ့မှောက်ရောက်အောင် လူ တစ်ယောက်စာ သွားနိုင်သည့် လမ်း ကလေးဖြစ်အောင် တရားနာ ပရိသတ် ကြီးအား ဘေးသို့ ကျုံ့စေပါသည်။

ဆရာကြီးသည် မတ်တတ်ရပ် လျက်နေသော ပုဂ္ဂိုလ်များကို ဆရာ တော်၏ တရားပလ္လင်ရှေ့သို့ ကြွ ရောက်ပါရန် ဖိတ်ကြားလိုက်ပါသည်။

'မောင်စိန်ဆိုင် တရားနာကြွလာတဲ့ ပုဂ္ဂိုလ်များကို ထိုင်ခိုင်းဦးလေ'

ဆရာတော့်စကားကြောင့် ဆရာ ကြီး လှမ်းကြည့်လိုက်ရာ ဆရာတော် ပလ္လင်ရှေ့၌ မတ်တတ်ရပ်နေကြသည် ကို တွေ့မြင်ရပြန်သည်။

'မိတ်ဆွေကြီးတို့ ထိုင်ကြပါခင်ဗျာ' ဟု ဆရာကြီးက ပြောမှ ဆရာတော် ရှေ့မှောက်၌ ထိုင်ကြပါသည်။

တရားနာပရိသတ်ကြီး ကန်တော့ ခန်းဆိုပြီးနောက် လပြည့်နေ့ဖြစ်သည့် အတွက် ရှစ်ပါးသီလ ချီးမြှင့်ပါသည်။ ရှစ်ပါးသီလချီးမြှင့်ပြီးလျှင် ဆရာတော် သည် လောဘ၊ ဒေါသ၊ မောဟ ဆိုတာ ရန်သူအစစ်ဖြစ်ကြောင်း ဟော ကြားပါသည်။ တရားဟောအပြီး ရေစက်ချပါသည်။ ရေစက်ချအပြီး ဆရာကြီးဦးစိန်ဆိုင်နှင့် ဇနီးတို့သည် (၃၁)ဘုံသားတို့ကို အမျှပေးဝေပါ သည်။

ဤအလှူဒါန ပြုလုပ်နိုင်ရန် ပေးကမ်းချီးမြှင့် ထောက်ပံ့ကြသော မြင်အပ်မမြင်အပ် ပုဂ္ဂိုလ်များကိုလည်း အသံတွက်၍ အမျှပေးဝေကြပါသည်။

အမျှပေးဝေပြီးသည်နှင့် တစ်ပြိုင် နက် တရားနာ ပရိသတ်ကြီးအားလုံး **"သာဓု...သာဓု...သာဓု"**ဟု ခေါ်ကြ ပါသည်။ သာဓုခေါ်အပြီး၌ ဆရာတော် နှင့် ဦးစိန်ဆိုင်တို့သာ မြင်ရသော တရားနာပုဂ္ဂိုလ်အချို့ကို မမြင်ရတော့ ပါ။ ထူးခြားအံ့ဩစရာပင် ဖြစ်နေ သည်။

အလှူမင်္ဂလာ ပြီးမြောက်ပြီးနောက် ကျန်ရှိသော အိုးနက်ကလေးကို အသေ အချာ စမ်းသပ်စစ်ဆေးကြည့်သည်။ တစ်အိုးလုံး နက်မှောင်နေပြီး အခြား သော အရောင်ကွဲ အစက်အပြောက် များ လုံးဝမတွေ့ရချေ။

အနက်ရောင်၏ အောက်ခံ၌ အခြား သော အရောင်များ ရှိလိုရှိငြား အိုးကို ပွတ်တိုက်ကြည့်သည်။ အနက်ရောင် မှလွဲ၍ အခြားအရောင်များကို မတွေ့ ရ။

ဤသို့ ဆရာကြီး ပွတ်တိုက်ကြည့် ခြင်းမှာ **"နာ၊ ရွတ်၊ သိ၊ ဆောင်၊**

www.burmeseclassic.com

ပြဒါးစင်၊ သွစ်လျှင်ခန်၊ ဘော်၊ ရွှေ” စတဲ့ ဓာတ်မ(၉)ပါးမှ တစ်ခုခုဖြစ်နေမည်လားဟု သိလို၍ဖြစ်သည်။

ယင်းအိုးနက်ကလေးသည် နှစ်ချီကြာလာသောအခါ သူ့အလိုလို အဖြူရောင်(စတီးရောင်)သို့ ပြောင်းလဲသွားသည်။ အနက်ရောင်၊ အနက်ပျောက်မကျန်ဘဲ တစ်အိုးလုံး ဖြူနေသည်ကို တွေ့ရသည်။

အိုးကလေးသည် ထူးခြားနေပါသည်။ ဆရာကြီးတို့မိသားစုအတွက် အလွန်ထူးခြားဆန်းကြယ်နေပါသည်။ အိုးကလေးသည် နှစ်ချီကြာလာသောအခါ တစ်အိုးလုံး အဝါရောင် ပြောင်းလဲသွားပြန်ပါသည်။

အိုးကလေး၌ အဖြူရောင် အစက်အပျောက်များကို လုံးဝ မတွေ့ရချေ။ ဒုတိယအကြိမ် ထူးခြားမှုကို တွေ့ရပြန်ပါသည်။

ဆရာကြီးဦးစိန်ဆိုင်သည် အိုးကလေး၏ ထူးခြားစွာ ပြောင်းလဲမှုများကြောင့် ရေများနှင့် ဆေးကြောသန့်စင်စေပြီး ဘုရားစင်အနီး စားပွဲပေါ်တွင် ထားပါသည်။

ဖနီး၊ သားသမီး၊ မြေးများကိုလည်း မကိုင်တွယ်ရန် တင်းကျပ်စွာ တားမြစ်ထားပါသည်။

ဆရာကြီးတို့မိသားစုတွင် သားသမီးမြေးများသည် လူကောင်ကြီးများ ကြီးထွားလာသည်။ စားဝတ်နေရေး စရိတ် ယခင်ကထက် ပိုမိုကုန်ကျလာသည်။ အတန်းများလည်း ကြီးလာသဖြင့် ပညာရေးအတွက် ကုန်ကျများလည်း ကြီးမားလာသည်။

ဝင်ငွေနည်း၍ ထွက်ငွေ များလာသောကြောင့် လူကြီးများ စဉ်းစားခန်းဝင်၍ ခေါင်းခြောက်ကြရသည်။ အဓိက ခေါင်းခြောက်ရသူမှာ ဆရာ



ကတော်ပင်ဖြစ်သည်။ ငွေကြေးကိုင်ရသူမှာ အိမ်ရှင်မ မဟုတ်ပါလား။

မိမိအိမ်၌ ငွေကြေးပြည့်စုံမှု ရှိမရှိကို အိမ်ရှင်မများသာ အသိဆုံးဖြစ်သည်။ မိသားစု ငွေကြေးပြတ်လပ်သောအချိန်၌ ဆရာကတော်သည် အိုးကလေးကို ရေနံချောင်းမြို့သို့ သွားပြီး ပန်းထိမ်ဆရာကိုပြကာ ရောင်းရန် စိတ်ကူးလိုက်သည်။

ရေနံချောင်းမြို့သည် ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းတွင် တည်ရှိသည်။ ဆရာကြီးဦးစိန်ဆိုင်တို့၏ ရွာကလေးမှာ ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းတွင်ရှိသည်။

ရေနံချောင်းမြို့သည် ဆရာကြီးတို့ရွာကလေး၏ အရှေ့မြောက်ထောင့်တွင်ရှိသည်။ ရေမော်တော်(စက်လှေ)တို့နှင့် ရေလမ်းသွားရသည်။ နံနက်သွား ညနေ ပြန်ရောက်နိုင်ပါသည်။ နေ့ချင်းပြန်ခရီး ဖြစ်ပါသည်။

တစ်နေ့မှာ ဆရာကြီးသည် ဆေးကုသရန်နှင့် ဗေဒင်ဟောပြောရန် အခြားရွာတစ်ရွာသို့ သွားရန် ရှိသည်။ နံနက်စောစောထကာ အဝိဇ္ဇာန်ပုတီးစိပ်သည်။ ရေနွေးကြမ်းနှင့် ထမင်း

ကြမ်း စားသောက်သည်။ ပြီး...
စက်ဘီးနှင့် ခရီးထွက်ခဲ့သည်။

ဆရာကတော်သည် ခင်ပွန်း...
ထွက်သွားသဖြင့် အိုးကလေး...
ရောင်းရန် ရေနံချောင်းမြို့သို့ မော်...
ဖြင့် လိုက်လာခဲ့သည်။ (၁၀)နာ...
ရေနံချောင်းမြို့ပေါ်သို့ ရောက်သ...
ရေနံချောင်းမြို့ပေါ်မှ ပန်းထိမ်ဆိုင်...
ဆိုင်သို့ ပြကြည့်သည်။ ရောင်...
လည်း ပြောပြသည်။

ထူးခြားသည်မှာ ပန်းထိမ်ဆရာ...
သည် အိုးကလေးကို ကိုင်၍...
မကြည့်ကြပါ။ ထူးခြားလှပါသ...
ဆရာကတော်သည် မိမိရည်မှန်း...
မအောင်မြင်သဖြင့် ရေနံချော...
ပေါ်မှ ညောင်လှသဘော်ဆိပ်သို့...
လာခဲ့သည်။

ရေမော်တော်ပေါ်သို့ ရောက်...
ခေါင်းမူးလာသဖြင့် လဲလျောင်း...
ရာ သတိမရတော့ချေ။ ဒီလိုနှင့်...
မော်တော်သည် အချိန်ကျ...
နေရပ်သို့ ပြန်လည်ခုတ်မောင်း...
သည်။

သို့သော် ဆရာကတော်ကဖြင့်...
ခေါ်မရပါ။ ရွာဆိပ်ကမ်းသို့...
မော်တော်ဆိုက်ပါပြီ။ သတိမရ...
ဆရာကတော်ကို အိမ်သို့ ပွေ့ခေါ်...
သည်။

အိမ်သားများသည် ခရီးထွက်...
သော ဆရာကြီးဦးစိန်ဆိုင်ကို...
တကြီး လိုက်ခေါ်ကြရသည်။...
ကြီးသည် အိမ်သို့ ပြန်ရောက်...
ဇနီး၏ ဖြစ်ပျက်ပုံကို မေးမြန်း...
သတိလစ်နေသည်မှာ ထူးခြား...
သည်ဟု သိလိုက်သည်။

ဆရာကြီးသည် ဘုရား...
စားပွဲပေါ်သို့ ကြည့်လိုက်သည်။...
ပေါ်တွင် အိုးကလေး နေရာ...



www.burmeseclassic.com

www.burmeseclassic.com

သည်ကို တွေ့ရသည်။ ဖနီးသည် ရုတ်တရက် သတိလစ်သွားသည်မှာ အိုးကလေးနှင့် ပတ်သက်နေသည်မှာ အမှန်ပင်ဖြစ်သည်ဟုယူဆလိုက်သည်။

ဆရာကြီးသည် နွားနင်တံ တစ်ချောင်းကို အနားတွင်ချထား သည်။ သားသမီးမြေးများကို ခေါ်လိုက် သည်။ သားသမီးမြေးများ အနားသို့ ရောက်လျှင်...

'မင်းတို့ကို ငါမေးမယ်။ မှန်တာကို ပြောကြ။ လိမ်ပြောတဲ့သူကို ဟောဒီ နှင်တံစာကျွေးမယ်'

ဟု ဆိုကာ တစ်ဦးစီကို မေးတော့ သည်။ ပထမဦးစွာ မြေးကလေးကို မေးသည်။

'ကဲ...ငါ့မြေး ဒီအိုးကလေးကို ဘယ်သူကိုင်သလဲ မင်းကိုင်သလား'

'အဘ အနော်မကိုင်ဘူး ခင်ညှ ဘယ်သူကိုင်တာမှန်းလဲ အနော်မသိပါ ဘူး ခင်ညှ'

သမီးကို မေးပြန်သည်။

'သမီး ဒီအိုးကလေးကို ဘယ်သူ ကိုင်သလဲ'

'အိုးကလေးကို ကျွန်မ မကိုင်ပါဘူး ဖေဖေ'

ဆရာကြီးသည် သားကို နောက်ဆုံး မေးပြန်သည်။

'လူကလေး... ဒီအိုးကလေးကို ဘယ်သူကိုင်သလဲ မှန်မှန်ပြော'

'လိမ်ပြောပြန်ရင်လဲ ဖေဖေက ရိုက် မယ်၊ အမှန်ပြောရင်လဲ အမေက ရိုက် မယ်တဲ့၊ သားဘယ်ဟာကို ပြောရမလဲ'

'မှန်တာကိုသာ ပြောပါ ငါ့သားကို ဘယ်သူကမှ မရိုက်စေရဘူး'

'ဒီကနေ့မနက် အိုးကလေးကို ရောင်းဖို့ ရေနံချောင်းမြို့ကို အမေယူ သွားခဲ့တယ်။ ဒါကြောင့် အိုးကလေး နေရာရွှေ့နေတာပါ ဖေဖေ'

ဖိုးသူတော်ကြီးသည် ဆရာကြီးအား အိပ်မက်ပေးစဉ်က အိုးကလေးကို မည်သူ့ကိုမှ မပေး၊ မရောင်းရန် မှာ ကြားခဲ့ပုံကိုပြန်လည်သတိရလိုက်သည်။

သူ၏ ဖနီးသည် အိုးကလေးကို ရောင်းမည်လုပ်၍ အခုလို မေ့မြောနေ အောင် ပြုလုပ်ခြင်းဖြစ်သည်။ နောက် မလုပ်အောင် သတိပေးခြင်းဖြစ်သည် ဟု ယူဆသည်။

ဆရာကြီးဦးစိန်ဆိုင်သည် ဘုရား ရှေ့တော်၌ ငါးပါးသီလ ခံယူသည်။ ပြီးလျှင် ဂိုဏ်းတော်မှ ဆရာကြီးများ ကို ပင့်ဖိတ်သည်။ ဖနီးသည် ပြန်လည် သတိရ ကောင်းမွန်လာစေရန် တိုင် တည်ပါသည်။

သောက်ရေအိုးမှ ရေတစ်ခွက် ယူပြီး ရေကိုမန်းလိုက်သည်။ ပြီးလျှင် ရေမန်းဖြင့် သူ၏ဖနီးအား တောက်ဖျန်း ဖျန်းလိုက်သည်။

မကြာမီ ဆရာကတော် သတိပြန်ရ သည်။ ဆရာကြီးသည် ကျန်ရှိသော ရေမန်းတို့အား သောက်စေပါသည်။ အဲဒီအချိန်မှစပြီး ဆရာကြီးတို့မိသားစု သည် အိုးကလေးကို မည်သူ့ကိုမှ ပေးရန်၊ ရောင်းရန် စိတ်မကူးတော့ပါ။

ထိုထူးခြားသော အိုးကလေးသည် ဆရာကြီးဦးစိန်ဆိုင်ထံတွင် ယခုတိုင် ရှိနေပါသေးသည်။

**မှတ်ချက်။ ။ ဆရာကြီးဦးစိန်ဆိုင် ၏ ခွင့်ပြုချက်အရ ရေးသားတင်ပြ လိုက်ခြင်း ဖြစ်ပါသည်။**

***သတ္တဝါအားလုံး ကျန်းမာ ချမ်းသာကြ ပါစေ။***

**စလင်း ဦးကျော်**

**စာမျက်နှာ (၂၆၂)မှ အဆက်**

[illegible]

www.burmeseclassic.com

# ပျားစွဲနိမိတ်ကောင်း



အတိတ်ယူသော်

ညွန့်ဝင်း
(နတ်တာလင်း)

ပျားစွဲနိမိတ်နှင့် ပတ်သက်၍ ကောင်းကျိုးဆိုးပြစ်များကို ၂၀၁၂ ခုနှစ်၊ မတ်လထုတ်နှင့် ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းများတွင် ဖတ်ရှုခဲ့ရပါသည်။

**နေအိမ်များ၌ ပျားစွဲခြင်းသည် မကောင်းသော အနိမိတ်များ၊ ကောင်းသော ဂုဏ်နိမိတ်များ အမျိုးမျိုး ကြုံတွေ့ရသော်အကြောင်းများ ဖြစ်ပါသည်။**

စာရေးသူ၏ အတွေ့အကြုံအရ နေအိမ်တွင်ဖြစ်စေ၊ နေအိမ်ခြံဝင်း တစ်နေရာရာတွင်ဖြစ်စေ ပျားစွဲလျှင် ကောင်းကျိုးခံစားရခြင်း၊ ဆိုးပြစ်ကြုံရခြင်းများသည် **ပျားစွဲရာ နေရာနှင့်ဆိုင်ကြောင်း တွေ့ရသည်။**

ပျားသည် လူထက်နိမ့်ကျသော သတ္တဝါဖြစ်သဖြင့် **မြင့်မြတ်သော တစ်နေရာရာ၌ ပျားစွဲလျှင် လူကို နိုက်တတ်၏။ ဥပမာ ခေါင်းရင်းဘက်လိုနေရာမျိုး။ လူ့အပေါ် မျက်နှာကြက်လို နေရာမျိုးတွင် ပျားစွဲလျှင် လူကို တစ်နည်းနည်း ထိခိုက်အကျိုးယုတ်စေသည်။**

**လူနေထိုင်ရာ၏ ခြောက်ဘက် လေးဘက်အဆုံးအောက် ကဲ့သို့သော နေရာများတွင်ဖြစ်ပါက လူကို မထိခိုက်ဘဲ အကျိုးတစ်ခုခု ပေးတတ်ပါသည်။**

စာရေးသူတို့ နေအိမ်၏ ခြေရင်းဘက်တွင် ဆယ်တောင်ခန့် ခြံအကျယ် မြေနေရာလေးရှိ၏။ မူလက စာရေးသူတို့ အိမ်နှင့်ခြံသည် အံကိုက်သာ ဆောက်လုပ်ထားခြင်းဖြစ်သည်။

အဆိုပါ မြေအကျယ် ဆယ်တောင်ခန့် မြောင်ရှည်ရှည်လေးကို အဘွားအို တစ်ဦးထံမှ ဝယ်ယူခဲ့သည်။ အဘွားအိုနှင့် စာရေးသူတို့သည် အိမ်နီးချင်းများဖြစ်ရာ သားထောက်သမီးခံမရှိ။ (အဘွားအိုထက် စောစွာဆုံးသွား) သဖြင့် တတ်အားသရွေ့ ဖေးမစောင့်ရှောက်လျက် နေလာခဲ့ခြင်းဖြစ်သည်။

အဘွားအို သေဆုံးသောအခါတွင်လည်း စာရေးသူတို့ကပင် ကမကထ ခံ၍ သင်္ဂြိုဟ်ပေးခဲ့သဖြင့် အဘွားအို၏ တူမများက ဤခြံလေးကို စာရေးသူတို့အား ရောင်းပေးခဲ့ပါသည်။

စာရေးသူသည် ထိုခြံကလေး ချဲ့ထွင်ရရှိပြီး နှစ်,နှစ်ခန့်အကြာတွင် ခြံကလေး၏ နောက်ဖေးဘက်၌ ကုန်ပစ္စည်းထားမည့် ဂိုဒေါင်တစ်လုံး ဆောက်ရန် အောက်ခံ ဖောင်ဒေးရှင်းလေး ချထားလိုက်ပါသည်။

နောက်နှစ်များတွင် ဂိုဒေါင် ဆက်လက်ဆောက်လုပ်မည်ဟု ရည်ရွယ်ထားသည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် အုတ်ဖောင်ဒေးရှင်း ချပြီးနေရာမှာ ဂိုဒေါင်အဆောက်အအုံ ဖြစ်မလာခဲ့ပေ။

စာရေးသူလည်း ဒီအဆောက်အအုံကို တစ်နေ့ အခွင့်ကောင်း ကြုံသည်နှင့် ပြီးအောင် ဆောက်မည်ဟု ရည်ရွယ်ချက် ခိုင်ခိုင်မာမာ ချထားသည်။

ဝယ်ထားသော ခြံလေး၏ ရှေ့ဘက် စာရေးသူတို့နေအိမ်၏ ခြေရင်းဘက်တွင် ကမ္ဘလာပင်တစ်ပင် စိုက်ထားခဲ့သည်။ တစ်နေ့၌ ထိုကမ္ဘလာပင်တွင် ပျားအုံကြီးတစ်အုံ လာစွဲ၏။

စာရေးသူတို့အိမ်သို့ လာသော တောရွာမှ အလုပ်သမားလေးများက ထိုပျားအုံကို ဖွပ်မည်လုပ်သဖြင့် သူ ဘာသာ ကောင်းကောင်းမွန်မွန်နေပါ စေ၊ မဖွပ်ပါစေနှင့်ဟု တားမြစ်ရသည်။

စာရေးသူအနေဖြင့် ပျားစွဲခြင်းနှင့် ပတ်သက်ပြီး စာတွေ့ရော လက်တွေ့ ပါ အသင့်အတင့် ဗဟုသုတ ရှိပြီး ဖြစ်ရာ ကမ္ဘလာပင်၌ ပျားစွဲခြင်းကို ကောင်းသောနိမိတ်ဟုသာ မှတ်ယူ ထား၏။

**စွဲသောအရပ်မှာလည်း စာရေးသူ တို့နေအိမ်၏ ခြေရင်းဘက်တွင် ဖြစ် သဖြင့် လူကို မထိခိုက်နိုင်၊ ကောင်း ကျိုးတစ်စုံတစ်ရာသာ ပေးရမည်ဟု ယုံကြည်ထားသည်။**

သို့နှင့် ပျားစွဲသည်မှာ တစ်နှ လောက်ကြာသွားသည်။ စာရေးသူ တွင် ဘာထူးခြားမှုမှ မရှိခဲ့။ ပျားများ လည်း အခြားနေရာသို့ ပြောင်း သွားခြင်းလည်းမရှိ။

ပျားစွဲပြီး နှစ်နှစ်မြောက် အရော

စာမျက်နှာ (၂၆၁) သို့

www.burmeseclassic.com

# တရွေမဲ့သောင်း

ဒီလိုလုပ်

ကသာ သင်းမြွေ



စာရေးသူသည် (၁၉-၈-၂၀၁၃) ရက်နေ့က ကသာမြို့နယ်၊ နမ့်စမ်းရွာ ရှိ ဦးလှအောင်အိမ်သို့ ရောက်သွားပါသည်။

အကြောင်းမှာ နမ့်စမ်းရွာ ဝေဘောင် တောထဲတွင် တစ်ပါးကျောင်းများဖြင့် သီတင်းသုံး တရားကျင့်ကြံ အားထုတ် နေကြသည့် သံဃာတော်များအတွက် ဦးလှသောင်းက တစ်ပါးကျောင်း ဆောင်တစ်ဆောင် ဆောက်လုပ် လှူဒါန်းပါသည်။

ဓါခေါင်လပြည့် (၂၁-၈-၂၀၁၃) ရက်နေ့တွင် ရေစက်ချမည်ဖြစ်၍ ဖိတ်ကြားထားသဖြင့် ရောက်နေခြင်း ဖြစ်ပါသည်။

ဦးလှသောင်းနှင့် အိမ်ချင်းကပ် လျက်ရှိသော ဦးလှသောင်း၏ သားနှင့် ချွေးမအိမ်သို့ အလည်ရောက်ပါသည်။ စာရေးသူသည် မိုးတားကြီး အလယ် တန်းကျောင်းအုပ် လုပ်ခဲ့စဉ်က သိကျွမ်းခဲ့သော တပည့်များ ဖြစ်ကြပါ သည်။

အိမ်တွင် ဦးလှသောင်း၏သား စိန်တင့်မောင်မရှိ ရွာလည်သွားနေ သည်။ ချွေးမဖြစ်သော သန်းသန်းအေး နှင့် အမည်မသိသော မိန်းမတစ်ယောက် တို့ စကားပြောနေကြသည်။

စာရေးသူကသာ မသိသော်လည်း ထိုမိန်းမက စာရေးသူအား ကျောင်း



www.burmeseclassic.com

www.burmeseclassic.com

အုပ်ကြီးဟောင်းမှန်း သိသလို စာရေးသူကလည်း ထိုမိန်းမကို မိုးတားရွာမှ ဈေးရောင်းဈေးဝယ်ဖြင့် လာနေသူ ဖြစ်ကြောင်း သိပါသည်။

အိမ်ရှေ့တွင် ဈေးတောင်း နှစ်တောင်းကို ချိတ်ဆွဲထားသော စက်ဘီးကို မြင်ရခြင်းကြောင့် ဖြစ်ပါသည်။

မိုးတားရွာသည် ရေဝတီမြစ် အနောက်ဘက်ကမ်းတွင်ရှိ၍ မိုးတားကြီး၊ နမ့်စမ်း၊ မှတ်တိုင်၊ ဟဲနား စသည့် ရွာများက ကုန်းတွင်းပိုင်းမှာ ရှိသည်။

မိုးတားရွာမှ ထွက်သော ငါး၊ ဝက်သား၊ အမဲသားတို့ကို ကုန်းတွင်းရွာများသို့ လှည့်လည်ရောင်းသလို ကုန်းတွင်းပိုင်းရွာမှထွက်သော တောဝက်၊ ချေ၊ ဆတ် စသည့် အသားများကိုလည်း မိုးတားရွာသို့ သွားရောင်းကြသည်။

မိန်းမတို့ ထုံးစံအတိုင်း တစ်ရွာဝင် တစ်ရွာထွက်ရသမျှ သတင်းပေါင်းစုံကို ပြောနေကြသည်။ စာရေးသူကလည်း ဝင်ပြော၍မဖြစ်၊ ရောက်တုန်းရောက်ခိုက် နှုတ်ဆက်စကားပြောပြီး အသာလေး နားထောင်နေလိုက်ရပါသည်။

ဈေးသည်မိန်းမက စာရေးသူအား ဘယ်နှနာရီရှိပြီလဲ မေးပြီး...

'ပြန်တော့မယ် အိမ်ရောက်မှ ထမင်းဟင်းချက်ရမှာ၊ ကျောင်းဖွင့်ရက်ဆိုတော့ အိမ်မှာ ကလေးတွေ မရှိဘူး။ သူကလဲ မြစ်ထဲ ဆင်းနေမှာ'

ဟု ပြောသာ ပြောသော်လည်း မထသေးပါ။ သူဟု ဆိုသည်က သူ့ယောက်ျားကို ဆိုလိုခြင်းဖြစ်ပြီး ရေဝတီမြစ်ထဲ ငါးဖမ်းရှီးမည်ဟု ဆိုလိုပါသည်။

'ပါလာတာတွေကုန်ပြီ မဟုတ်လား ကြောက်စရာ မရှိပါဘူး'

ဟု သန်းသန်းအေးက ပြောလိုက်သည်။

'ရောင်းစရာတွေက ကုန်ပါတယ်။ မိုးတားကြီးမှာလဲ ဝင်တောင်းရဦးမယ်။ အဲဒါအောင်လျှိုက ပြန်ရလဲ ကြောက်စရာ မရှိတော့ပါဘူး'

ထိုမိန်းမက ပြန်ပြောပါသည်။

ထိုမိန်းမ ပြောစကားကို စာရေးသူ သဘော ပေါက်လိုက်ပါသည်။ အဲဒါအောင်လျှို ဆိုသည်မှာ မိုးတားကြီးမှ မိုးတားသို့အသွား မိုးတားကြီးရွာက အထွက်တွင် လျှိုရှိသည်။ ရေကန်ကြီးလည်းရှိသည်။

ထိုရေကန်ကြီးတွင် နဂါးရှိသည်။ နဂါးတွင်းဟု ပြောမှတ်ပြုကြပါသည်။ ထိုရေကန်ကြီးမှ ကုန်းပေါ်သို့ တက်သွားရသည်။

မိုးတားမှ သားငါး လာရောင်းကြသူများ ဝေလီဝေလင်း လာပါက လိုက်ဆွဲသည်ဟု နာမည်ကြီးသည်။

စာရေးသူ မိုးတားကြီးတွင် ကျောင်းအုပ်လုပ်ခဲ့ရစဉ်က ယခုလို ရထားလမ်း၊ ကားလမ်း မရှိသေး။ မိုးတားရွာသို့ ကသာထွက်မည့် မော်တော်မီအောင် နံနက်စောစော ထပြီး သွားရပါသည်။

မိုးတွင်းဆိုလျှင် မြေစေးကပ်သဖြင့် စက်ဘီးစီး၍ မရ၊ ထိုအဲဒါအောင်လျှိုမှ ဖြတ်သန်းသွားခဲ့ရပါသည်။

ခြောက်သည်ဟု သိရသော်လည်း တစ်ခါမှ အခြောက်မခံခဲ့ရပါ။ မိမိကတော့ သားစိမ်းငါးများ မပါလို့လည်း ဖြစ်နိုင်ပါသည်။

'ကျွန်မက ဟိုတုန်းကလို မလုပ်တော့ဘူး။ ဆိုင်ကယ် ကယ်ရီနဲ့ မိုးတားကြီးကို ပို့နိုင်းလိုက်တယ်။ ဒါကြောင့် ကြောက်စရာလဲ မလိုတော့ဘူး'

ဟု ထိုမိန်းမက ပြောပါသည်။

ဆိုင်ကယ် ကယ်ရီဖြင့် ပို့နိုင်းသည် ဆိုခြင်းမှာ သားစိမ်း၊ ငါးစိမ်းများ ရောင်းစရာ ပါလာလျှင် ဖြစ်ပါသည်။

'များရင်တော့ တွက်ခြေကိုက်မှာပေါ့။ နည်းရင်တော့ ဘယ်တွက်ခြေကိုက်ပါ့မလဲ'

သန်းသန်းအေးက မှတ်ချက်ချပါသည်။

'များရင်တော့ ဟုတ်ပါတယ်။ နည်းရင်တော့လဲ သားစိမ်းငါးစိမ်း ပါလာတဲ့ တောင်းထဲ ကြက်သွန်ဖြူ ကြက်သွန်နီ မီးသွေးကို အပေါ်ကထားပြီး ထည့်လာခဲ့တယ်'

ဟု ထိုမိန်းမက ပြောရာ စာရေးသူလည်း ငြိမ်နားထောင်နေရာမှ မေးစရာအကွက် ပေါ်လာသဖြင့် **"အဲဒီလို ကြက်သွန်ဖြူ ကြက်သွန်နီ၊ မီးသွေးတွေ အပေါ်က တင်လာခဲ့ရင် တစ္ဆေက မဆွဲတော့ဘူးလား"** ဟု မေးလိုက်ပါသည်။

'ဟုတ်တယ် ကျွန်မတို့ကတော့ ဒီလို လုပ်ကြတာပဲ'

ဟု ထိုမိန်းမက ပြောသလို...

**'ကျွန်မတို့ဆီမှာ ဒီလိုလုပ်တဲ့ ထုံးစံရှိတယ်'**

ဟု သန်းသန်းအေးကပါ ထောက်ခံ ပြောဆိုပါသည်။

စာရေးသူလည်း မှတ်သားစရာ တစ်ခု တိုးလာပါသည်။

***အားလုံး ဘေးရန်ကင်းကြပါစေ***

ကသာ သင်းမွှေး



www.burmeseclassic.com

www.burmeseclassic.com



ဝသုန်သက်လွင်

# ပဋ္ဌာန်းပွဲလာသည်

ပရလောကသားတစ်ဦး

နတ်တော်လဆန်း (၁)ရက်နေ့မှ ...၍ သစ္စာအဓိဋ္ဌာန်ကျောင်း၌ အသံမစဲ ...ဋ္ဌာန်းပွဲ ကျင်းပနေချိန်ဖြစ်သည်။

ပဋ္ဌာန်းဖွင့်ပွဲ အစီအစဉ်အရ ...နံရောင်ခြည်ဘုရားပင့် ရွတ်ဆိုပူဇော် ...မ် ဖောင်စိန်သုသာန်ကျောင်း ဆရာ ...တော် ဦးပညာမှ တာဝန်ယူထားရ၏။

အလှည့်ကျရွတ်ဖတ်သူ (ဘာဏက) ...သံဃာတော်များ မနှစ်က ပြုလုပ်ခဲ့ ...သော ပဋ္ဌာန်းပွဲအတိုင်း စုံစုံညီညီ ...ကြွရောက်နိုင်ခဲ့ကြသော်လည်း ဦးပညာ ...တစ်ပါးသာ လျော့နေသည်။ သူ၏ ...ကျောင်းမှ ခန်းနေတစ်ပါး ကိုယ်စား ...ကြွရောက်ခဲ့သော်လည်း ပဋ္ဌာန်း ...ပူဇော်နိုင်၍ ပြန်ကြွသွားသည်။

ပဋ္ဌာန်းပွဲအစတွင် အဘိဓမ္မာ ခုနစ် ...ကျမ်းဝင် ယမိုက်ကျမ်းနှင့် ဓာတုကထာ ကျမ်းများကို ပူဇော်ခဲ့ရာ တတိယ မြောက်နေ့တွင် ပဋ္ဌာန်းကျမ်းတော်ကြီး ကို စတင်ပူဇော်နေကြပြီ။

အလှူရှင်တို့ ကပ်လှူသော ဆွမ်းကို ဘုဉ်းပေးပြီးနောက် နေ့ခင်းဘက် သံဃာတချို့ ကျိန်းစက်နေချိန် ဒကာ ကလည်း အိုးခွက်ပန်းကန်များ ဆေးကြောသိမ်းဆည်းပြီး နားနေချိန် ဆွမ်းစားကျောင်း၌ ဒကာမတစ်ဦး ပယောဂ ပူးနေသည်ဆိုသောကြောင့် ကျွန်ုပ်တို့ သံဃာတော်တချို့ သွား ကြည့်ကြသည်။

သစ္စာအဓိဋ္ဌာန် ဆရာတော်က ပက်လက်ကုလားထိုင်မှာ ထိုင်နေ သည်။ ဆွမ်းစားကျောင်း၌ ဒကာမ (၃,၄)ဦးရှိသည့်အနက် ဒကာမပြုံးကြည် မှာ အသံတုန်တုန်နှင့်...

'ဖို့ကို ပင့်ထားကြပြီး ဘာမှလဲ မကျွေးကြ ပါလား'

ဟု ပြောလိုက်သံကြောင့် ဆရာ တော်နှင့် ကျွန်ုပ်တို့ သံဃာတော်များ တအံ့တဩ ဖြစ်သွားကြသည်။

အသံရှင်မှာ ပြုံးကြည် မဟုတ်ဘဲ ယောက်ျားသံ ဖြစ်နေခြင်း၊ ထိုအသံကို လည်း ကြားဖူးသလိုလို ရှိသည်နှင့် ဆရာတော်က...

'အခု ဝင်ပူးနေတာ ဘယ်သူလဲ'

ဝင်ပူးနေသူမှ...

'ငါ ဦးပညာပေါ့ ဇောတိကရဲ့'

**(ဦးပညာသည် သစ္စာအဓိဋ္ဌာန် ဆရာတော်ကို ဘွဲ့အမည် ဇောတိက ဟုသာ ခေါ်လေ့ရှိသည်။ ဦးပညာ သည် ဆရာတော်ထက် အသက် အရွယ်နှင့် ဝါလည်းကြီး၏။ ဆရာ တော်ကို မိမိ၏တူသားပမာ ချစ်ခင် သောကြောင့် ယခုကဲ့သို့ ခေါ်ဝေ...**





www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။)

ဝင်ပူးနေသူက ဦးပညာဟု ပြောလိုက်သောကြောင့် ကျွန်ုပ်တို့အားလုံး ပို၍ပင် အံ့ဩခဲ့ကြရသည်။

ကျွန်ုပ်နှင့် သံဃာတော်တချို့က ဒကာမပြုံးကြည်အား ဦးပညာ ဝင်ပူးနေသည်ကို မယုံတစ်ဝက် ယုံတစ်ဝက် မဖြစ်နိုင်ဟု ထင်ခဲ့ကြသည်။ ပြုံးကြည် မှင်သေသေဖြင့် ပျော်ရွှင်စေရန် နောက်ပြောင်ပြောဆိုခြင်းဟု ယူဆထားကြသည်။

ဆိုရလျှင် ဦးပညာသည် သစ္စာအဓိဋ္ဌာန်ဆရာတော် နယ်လှည့်တရားဟောကြွနေချိန်များ၌ ဤကျောင်းတိုက်တွင် လာရောက်သီတင်းသုံးပေးခဲ့ရသည်။ ကျောင်းကိစ္စအဝဝကို ဆရာတော်က ဦးပညာကိုလွှဲ၍ စိတ်ချလက်ချ ဓမ္မခရီး ထွက်တတ်သည်။

ဦးပညာနှင့် ဤကျောင်းရှိ ဒကာဒကာမများ ရင်းနှီးကြသည်။ ဒကာမပြုံးကြည်မှာ အသက်လေးဆယ်ကျော် အပျိုကြီးဖြစ်ပြီး ခပ်ပျော်ပျော်နေတတ်ခြင်း၊ နောက်ပြောင်ကျီစယ်တတ်ခြင်းတို့ကြောင့် ချစ်ခင်သူ ပေါလှသည်။

ယခု ပြုံးကြည်၏ စကားကို ကြားရသောအခါ ဦးပညာဝင်ပူးဟန်နှင့် အသံတုလုပ်ကာ နောက်ပြောင်နေသည်ဟု ထင်မှတ်ခဲ့ခြင်းဖြစ်၏။ ထို့ကြောင့် ဆရာတော်က...

'ဘယ်က ဦးပညာလဲ၊ ဒီကို ဘာလာလုပ်တာလဲ'

ဟု မေးလိုက်ရာ ဝင်ပူးနေသူက...

'ဘယ်က ပညာ ဖြစ်ရမှာလဲ၊ ဖောင်စိန်သုသာန်ဆရာတော် ဦးပညာပေါ့။ မင်းတို့ပဲ ဖို့ကို ပဌာန်းပွဲပင့်ထားပြီး ဘာလာလုပ်တာလဲလို့ မေးရက်ကြပလေကွာ'

ဦးပညာစကားကြောင့် ဆရာတော် ဦးဇောတိက တွေဝေသွားတော့သည်။

သစ္စာအဓိဋ္ဌာန်ကျောင်းသည် ကထိန်ခင်းကာလ လွန်မြောက်သည့် တန်ဆောင်မုန်းလပြည့်ကျော်လျှင် ပဌာန်းပွဲ နှစ်စဉ်ကျင်းပမြဲဖြစ်သည်။ နတ်တော်လဆန်း(၁)ရက်နေ့တိုင်းနှင့် တစ်နှစ်လျှင် သုံးကြိမ်မျှ ပဌာန်းပွဲ ကျင်းပတတ်သည်။

နတ်တော်လဆန်း (၁)ရက်နေ့ ကျင်းပမည့် ပဌာန်းပွဲ ပင့်စာများကို တန်ဆောင်မုန်း လပြည့်ကျော်သည်နှင့် ဆယ်ရက်အလိုကပင် ကြိုတင် ဆက်ကပ်ထားလေ့ရှိသည်။

ဖောင်စိန်သုသာန်ကျောင်း ဆရာတော် ဦးပညာကိုလည်း ပင့်စာ ဆက်ကပ်ထားခဲ့၏။ ထိုစဉ်က ဦးပညာ ဖျားနာနေသည်။ အသက်အရွယ်မှာလည်း ခုနစ်ဆယ်ကျော်လာပြီဖြစ်၍ မကြာခဏ ဖျားနာလေ့ရှိသည်။

ဒါနပါရမီ တောရကျောင်းတွင် တန်ဆောင်မုန်းလပြည့်နေ့က ကထိန်ခင်းရာတွင် ဦးပညာကို ပင့်ဖိတ်ခဲ့သေး၏။

ကထိန်အနုမောဒနာ တရားဟောကြားရန် ဦးပညာကို ကြိုတင် လျှောက်ထားပင့်ဖိတ်ခဲ့သော်လည်း မကျန်းမာသည့်အချိန်နှင့် ကြုံကြိုက်နေ၍ မကြွရောက်နိုင်ခဲ့ပါ။

တရားဟောကြားမည့် ဆရာတော်တချို့မှာလည်း ခရီးလွန်နေကြသဖြင့် ကျွန်ုပ်ကိုယ်တိုင်ပင် ကထိန်တရားဟောခဲ့ရ၏။

ကထိန်ပွဲပြီးသည်နှင့် မကြွရောက်နိုင်ခဲ့သော ကျောင်းများသို့ လှူဖွယ်ဝတ္ထုများကို ဒကာနှင့် သွားရောက်ဆက်ကပ်နိုင်ခဲ့ရသည်။

ဦးပညာကိုလည်း ဒါနပါရမီတောရကျောင်းကထိန်တွင် တရားဟောဆရာတော်အဖြစ် ပင့်ဖိတ်ထားပြီးဖြစ်၍ လှူဒါန်းရန် ရည်ရွယ်ထားသည့် ဝတ္ထုပစ္စည်းများကို မူလကတည်းက[...] ထားရှိသော စေတနာသဒ္ဓါတရား[...] အတိုင်း မပျက်မယွင်း ကျွန်ုပ် ဆက်[...] ကပ်နိုင်ခဲ့သည်။

ဦးပညာ မကျန်းမမာ ဖြစ်နေသည့် အတွက် ဆေးဝါး အထောက်အပံ့ရ[...] ရန် သီးသန့် ဝတ္ထုငွေ ကျပ်တစ်သောင်[...] နှင့် သင်္ကန်းတစ်စုံကိုပါ မှတ်မှတ်ရ[...] လှူဖြစ်ခဲ့သည်။

တန်ဆောင်မုန်းလဆုတ် (၁၃)ရက်[...] နေ့တွင် ဦးပညာ ပျံလွန်တော်မူခဲ့[...] သည်။ ထိုစဉ်က ကျွန်ုပ်သည် ကရုဗ်[...] သို့ ရောက်ရှိနေသဖြင့် ဈာပနသို့ မ[...] နိုင်ခဲ့ပါ။

သစ္စာအဓိဋ္ဌာန်ကျောင်း ဆ[...] တော်၏ ပဌာန်းပွဲ ပင့်စာကို ဦးပည[...] မပျံလွန်ခင်က လက်ခံရရှိခဲ့ပါသည်[...]

သို့သော် နတ်တော်လဆန်း(၁[...] ရက်နေ့တွင် ကျင်းပသည့် ပဌာန်းပွဲ[...] ရာသို့ ဦးပညာ မကြွလာနိုင်တော့[...]

ဘဝခြားခဲ့ပြီဖြစ်၍ ဘယ်ဂတိ[...] ဦးပညာ လားရောက်ခဲ့ရသည်ကို[...] မသိရသော အချိန်၌ ဒကာမပြုံးကြည်[...] ကို လာပူးသည်ဆိုခြင်းကြောင့် စိ[...] မကောင်းဖြစ်ကာ ဦးဇောတိက တွေ[...] နေရာမှ...

'ဦးပညာကို ပင့်ခဲ့တာ မှန်ပါတယ်[...] အခု ဦးပညာ ဘယ်မှာ နေပါသလဲ[...]'

**ဝင်ပူးသူ** ။ ။ 'မင်းတို့ ပဌာန်းပွ[...] တဲ့ ပလ္လင်အောက်[...] ငုတ်တုတ်ထိုင်နေရတာပေါ့'

**ဆရာတော်** ။ ။ 'ဖြစ်ရလေ ဦးပည[...] ရယ်၊ ထိုင်ခုံတွေ ရှိ[...] သားပဲ။ ခုံပေါ်မှာ ထိုင်ရောပေါ့'

**ဦးပညာ** ။ ။ 'မလုပ်ပါနဲ့ ဇော[...] ရယ် ငရဲကြီးနေပြီးမယ်[...] ငါ့ဘဝက အခုဆိုရင် ကု[...]သိုလ်ကောင်[...]





www.burmeseclassic.com

www.burmeseclassic.com

ကျတဲ့အဆင့် ရောက်နေပြီ'

ဦးပညာစကားကြောင့် ကရုဏာစိတ်ဝင်ကာ သံဝေဂလည်း ဖြစ်ခဲ့ရသည်။ တစ်ချိန်က ထေရ်ကြီးဝါကြီး ကျောင်းထိုင်ဆရာတော် ဖြစ်ခဲ့ရှာသော ဦးပညာသည် ယခုအခါမှာတော့ ပရလောကသား ပြိတ္တာဘဝ ရောက်နေရသည်ဟု အမှန်အတိုင်း ဆိုရပေတော့မည်။



သို့ဖြစ်၍ ယူကျုံးမရ ဝမ်းနည်းစွာဖြင့်...

**ဆရာတော်** ။ ။'ဦးပညာ အခုနေရတဲ့ ဘဝမှာ အဆင်ပြေရဲ့လား'

**ဦးပညာ** ။ ။'ဘယ် အဆင်ပြေပါ့မလဲ ကွာ၊ စားချင်တာ မစားရ၊ သွားချင်ရာ မသွားရနဲ့ ဒုက္ခဆင်းရဲ ရောက်နေတယ်။ ပဌာန်းပွဲ လာချင်စိတ် ပြင်းလို့ ခွင့်တောင်းပြီး လာခဲ့ရတာ'

**ဆရာတော်** ။ ။'ဦးပညာ အခု ဘာစား ချင်သလဲ'

**ဦးပညာ** ။ ။'လက်ဖက် စားချင်တာ ပေါ့ကွာ၊ ဆေးလိပ်လဲ သောက်ချင်တယ်'

ဦးပညာစကားကြောင့် ဆရာတော်သည် ဒကာမတစ်ဦးကို လက်ဖက်ပွဲ ပြင်ခိုင်းလိုက်သည်။

အမှန်ပင် ဦးပညာသည် လက်ဖက် ကြိုက်သူဖြစ်၏။ အသက်ကြီး၍ သွားများ မရှိရှာသော်လည်း လက်ဖက်နှင့် ပဲဆန်ထောင်း၍ စားနေကျဖြစ်သည်။

ယခု ဆီနှင့်စိမ်ထားသော လက်ဖက်ပန်းကန်ကို ယခင်အတိုင်း ပြင်ဆင်၍ ချလိုက်ရာ အသက်ရှင်စဉ်က လက်ဖက်စားသည့်အတိုင်း တမြုံ့မြုံ့ စားနေသော ပြုံးကြည်မှာ ဦးပညာနှင့် တစ်ပုံစံတည်း။

မီးညှိပေးသည့် ဆေးလိပ်ကို ဖွာနေသည်မှာလည်း ဦးပညာမှ ဦးပညာ အစစ်။

**[မှတ်ချက် ။ ။ ဒကာမအပျိုကြီး ပြုံးကြည်မှာ လက်ဖက်လည်း မကြိုက်၊ ဆေးလိပ်လည်း သောက်လေ့သောက်ထ မရှိပါ။]**

သည်တွင် ကျွန်ုပ်တို့ သံဃာတော်များသည် ဦးပညာကိုကြည့်လျက် အတွေးကိုယ်စီနှင့် ငေးငိုင်နေကြသည်။

ဆရာတော် ဦးဇောတိကသည် ကျွန်ုပ်ကိုကြည့်၍ ဦးပညာကို စကားပြောခိုင်းသဖြင့်...

**ကျွန်ုပ်** ။ ။'ဦးပညာ တပည့်တော်ကို သိလား'

**ဦးပညာ** ။ ။'ဦးသီလာနန္ဒ၊ ဦးပဥ္စင်း ဘသက် မဟုတ်လား။ အရှင်ဘုရား ကပ်လှူလိုက်တဲ့ ဝတ္ထုငွေ တစ်သောင်းနဲ့ သင်္ကန်းတစ်စုံ ရခဲ့ပါတယ်။ ဝတ္ထုငွေကတော့ ဆေးဝါးဝယ် သုံးလိုက်တယ်။

သင်္ကန်းကတော့ တပည့်တော် ပျံလွန်တော်မူတဲ့အခါ ဝတ်ပေးလိုက်ကြတယ်။ တပည့်တော် ဆေးရုံတက် နေရတုန်းက အရှင်ဘုရား လာကြည့် ဖော်တောင် မရဘူးနော်'

**ကျွန်ုပ်** ။ ။'တပည့်တော် ကရုပ္ပိရောက်နေလို့ လာမကြည့်ဖြစ်တာပါ။ သတင်းလည်း မရလို့ပါ။ ခွင့်လွှတ်ပါ ဦးပညာ'

ဦးပညာသည် ကျွန်ုပ်၏ ရဟန်းဘွဲ့အမည်နှင့် လူအမည်ကိုပါ မှတ်မိနေသည်။ ဦးပညာ ဆေးရုံတက်ခဲ့ရစဉ်က ကျွန်ုပ် ကပ္ပိရုရွာတွင် ရောက်ရှိနေသဖြင့် သတင်းမကြားရ၍ မရောက်ဖြစ်သည်ကို သတိတရ ပြောသဖြင့် စိတ်မကောင်း ဖြစ်မိသည်။

သည်တွင် သစ္စာအဓိဋ္ဌာန်ဆရာတော် ဦးဇောတိကမှ...

'ဦးပညာ ဒီမှာ ဘယ်လောက်ကြာကြာ နေမှာလဲ'

**ဦးပညာ** ။ ။'ပဌာန်းပွဲပြီးရင် ပြန်ရမှာ ပေါ့ကွာ၊ မင်း ပဌာန်းပွဲ ပင့်ထားတဲ့အတွက် ငါ့စိတ်က ဒီရောက်နေတော့ သွားရမယ့် နေရာမှန်ကို မရောက်သေးဘူး။ ပဌာန်းပွဲပြီးလို့ ရေစက်ချ အမျှဝေရင် ငါ့အတွက်လဲ မမေ့မထားကြပါနဲ့ကွာ။

မင်းတို့ ပြုပေးတဲ့ ကောင်းမှုကုသိုလ် ရမှ ငါ အကျိုးခံစားရမှာ၊ ကဲ ငါ့နေရာကို ခဏပြန်လိုက်ဦးမယ်။ ညကျမှ တစ်ခေါက် ပြန်လာမယ်'

ဦးပညာသည် ဆရာတော် ဦးဇောတိကနှင့် ကျွန်ုပ်တို့ သံဃာတော်များကို ဦးချ၍ ထွက်သွားသည်နှင့် ဝင်ပူးခံခဲ့ရသော မပြုံးကြည်သည် ဘာမှ မသိသူပမာ ထိုင်နေသည်။

သည်တွင် ပဌာန်းပူဇော်ပွဲသို့ ရောက်နေသော ပင့်သံဃာများထဲမှ စိမ့်စမ်းမြို့ဦးပဥ္စင်း ဦးဇဝနက ဆရာတော် ဦးဇောတိကကိုကြည့်၍...

'ဆရာတော် ဦးပညာရဲ့ဖြစ်ပျက်ပုံကိုကြည့်ပြီး တပည့်တော် တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ ရဲ့



www.burmeseclassic.com

www.burmeseclassic.com

"အာပတ်နှင့်တကွ စုတေလျှင်" စာအုပ်ထဲ
က အဖြစ်အပျက်တစ်ခုကို သွားသတိရ
တယ်ဘုရား'

**ကျွန်ုပ်။** ။'တပည့်တော်လဲ ဒီစာအုပ်ကို ဖတ်လိုက်ရတယ်။ ဆရာတော်ကြီး ရေးထားပုံက ပြည်မြို့ရဲ့ အရှေ့ဘက်(၁၄)မိုင်လောက်ဝေးတဲ့ ရွာတစ်ရွာမှာ ဆရာတော်ဦးနန္ဒိယ ဆိုတဲ့ ကျောင်းထိုင်ဘုန်းကြီးတစ်ပါး ရှိခဲ့တယ်တဲ့။

စာပေလဲ တတ်ကျွမ်း တရားဟောလဲကောင်း။ အသံရော ရုပ်ဆင်းပါ ကောင်းပြီး ကိုးကွယ်တဲ့ ဒကာပရိသတ်ကလဲများ လာဘ်လာဘကလဲ ပေါကြွယ်သတဲ့။

တစ်နေ့တော့ ဒီဆရာတော်ကြီးက အလှူခံရရှိထားတဲ့ ငွေဒင်္ဂါးပြားတွေကို သပိတ်တွေထဲထည့်ပြီး ကျောင်းလှေကားအောက်မှာ တိတ်တဆိတ် မြှုပ်ထားခဲ့တယ်။

ဒီလို မြှုပ်ထားပြီး မကြာသောကာလမှာ မကျန်းမာလို့ ပျံလွန်တော်မူရရှာတော့ ကောင်းရာဂတိကို မရောက်ဘဲ မြှုပ်နှံထားခဲ့တဲ့ ငွေဒင်္ဂါးတွေအပေါ်မှာ စွဲလမ်းတပ်မက်တဲ့ တဏှာဥပါဒါန်ဖြစ်ပြီး ဒီကျောင်းမှာ ပြိတ္တာတစ္ဆေကြီး ပြန်ဖြစ်ခဲ့ရရှာသတဲ့'

**ဦးဇဝန။** ။'ဒါနပါရမီ ဆရာတော်ရေ တပည့်တော်တို့ ဘုန်းကြီးတွေ ပြိတ္တာတစ္ဆေ မဖြစ်ရအောင်၊ ပြည့်စုံအောင်သာ ပြောပြပါဘုရား'

**ကျွန်ုပ်။** ။'ဒီဘုန်းကြီး တစ္ဆေကြီးက သူ ကောင်းရာမွန်ရာ ရောက်နိုင်ရေးအတွက် ကျောင်းမှာ ရှိတဲ့ သံဃာတွေကို ကိုယ်ထင်ပြ အကူအညီ တောင်းခဲ့ရှာပေမယ့် ကျောင်းနေဘုန်းကြီးတွေက ဒီကျောင်းက ဆရာတော်ကြီးဦးနန္ဒိယ ပျံလွန်တော်မူပြီး



ဘုန်းကြီးတစ္ဆေကြီး ဖြစ်နေပြီ။

သူ့ကျောင်းမှာ မနေရအောင် ခြောက်လှန့်တယ်ဆိုပြီး တစ်ယောက်တစ်ပေါက် ပြောရာက သရဲခြောက်တဲ့ ဘုန်းကြီးကျောင်းလို့ သတင်းပြန့်တော့ ဒီကျောင်းမှာ ဘယ်သူမှ မနေရဲတော့ဘူးတဲ့'

သည်တွင် နောက်တစ်ပါးဖြစ်သူ ဦးမာလာက အပြုံးမျက်နှာဖြင့်...

'ဒါဆိုရင် ဒီကျောင်းကြီးမှာ ဘုန်းကြီးတစ္ဆေက ကျောင်းထိုင်နေတာပေါ့ ဟား...ဟား...ဟား'

**ကျွန်ုပ်။** ။'ဒီလိုလဲ မဟုတ်ပါဘူး။ ပျံလွန်တော်မူသွားတဲ့ ဆရာတော်က သပိတ်ထဲက ငွေဒင်္ဂါးတွေကို တဏှာဥပါဒါန်စွဲပြီလို့ ကြားကာလမှာ ပြိတ္တာတစ္ဆေကြီး ဖြစ်နေရတဲ့ သူ့ဘဝကို သူကိုယ်တိုင်သိလို့...

သူ့အတွက် အမျှအတန်း ပြုပေးကြပါ၊ အမျှကုသိုလ် လုပ်ပေးဖို့ သံဃာတော်ချင်း အကူအညီတောင်းမရတဲ့အဆုံး တစ်နေ့မှာတော့ တခြားရွာက ဒကာတစ်ဦး ရောက်လာပြီး...

ဒီကျောင်းပေါ်မှာ တစ်ယောက်တည်း တက်အိပ်တော့ ဘုန်းကြီးတစ္ဆေဆိုသူက ဒီဒကာခြေထောက်ကို ဆွဲသတဲ့'

**ဦးမာလာ။** ။'ဒီဒကာလဲ လန့်ပြီး ပြေးရောလား'

**ကျွန်ုပ်** ။ ။'မပြေးပါဘူး၊ ဒီဒကာက သတ္တိရှိတယ်၊ ဘုန်းကြီးတစ္ဆေကို ပြန်ဆွဲပြီး ဘယ်သူလဲလို့မေး ထိုးကြိတ်တော့တာပဲတဲ့။

ဒီတော့ ဘုန်းကြီးတစ္ဆေကြီးက သူ့... မထိုးပါနဲ့ မိတ်ဆွေရယ်၊ ကျုပ် ... ကျောင်းက ဆရာတော်နန္ဒိယပါ။ အကူ... အညီတောင်းပါရစေ၊ ဒီကျောင်း... လှေကားအောက်မှာ သပိတ်နဲ့ ထည့်... ထားတဲ့ ငွေဒင်္ဂါးပြားတွေရှိတယ်။ မိတ်ဆွေ တူးဖော်ပြီး ကောင်း... ကုသိုလ်ပြုပေးပါ။ ကျန်တဲ့ငွေ... မိတ်ဆွေသုံးပါဆိုပြီး တောင်းတော... ပန်ပန် ပြောသတဲ့။

ဒီတော့ ဒီဒကာက ငွေဒင်္ဂါး... အမှန်ရှိနေရင် သူ ဆောင်ရွက်ပေး... မယ်လို့ပြောပြီး မနက်မိုးလင်းမှ... တူးဖော်လို့တွေ့လဲ တွေ့ရော ... သစ္စာစကားအတိုင်း ဆရာတော်... ဦးနန္ဒိယအတွက် ရည်စူးပြီး ကော... ကုသိုလ်ပြု အမျှအတန်းတွေ ... လိုက်တော့ ပြိတ္တာတစ္ဆေ ဖြစ်ခဲ့ရ... ဦးနန္ဒိယလဲ ကျွတ်လွတ်ပြီး ကောင်း... တဲ့ အခြားဂတိကို ရောက်ခဲ့ရသ...

ပြည့်ပြည့်စုံစုံ သိချင်ရင်... **"အာပတ်နှင့်တကွ စုတေလျှ...** စာအုပ်ကို ရှာဖတ်ပါ ဦးမာလာ'

ကျွန်ုပ်၏စကား ဆုံးသော... ဗဟုသုတ မှန်သမျှ စုဆောင်းမှတ်... တတ်သည့် စိမ့်စမ်းမြိုင်ဦးပဥ္စ... က...

'ဒါနပါရမီဆရာတော်က ... သမားဆိုတော့ မေးလျှောက်ချင်... အာပတ်ဆိုတာ ရဟန်းသံဃာ... အပြစ်ကို ပြောတာမဟုတ်လား'

**ကျွန်ုပ်** ။ ။'မှန်တာပေါ့ဘုရား အာ... ဆိုတာ အပြစ်ကို ပြော... ဖြစ်ပါတယ်။ ရဟန်းသံဃာ... အာပတ်ရှိတာ မဟုတ်ပါဘူး... တွေမှာလဲ အာပတ်တွေရှိတ... တယ်။ ဒုစရိုက်ဆယ်ပါး...



www.burmeseclassic.com

www.burmeseclassic.com

အာပတ်တွေပါပဲဘုရား။

ဒီနေရာမှာ နေနည်းတတ်ပြီး သေနည်းတတ်ဖို့ အရေးကြီးတယ်။ သေခါနီးမရဏာဇောကျချိန်မှာ ကောင်းတဲ့အာရုံ အာသန္နကံဖြစ်ဖို့လဲ အရေးကြီးတယ်။ ကုသိုလ်အာရုံ တစ်ခုခုကို စိတ်ကြည်လင်အောင် နှလုံးသွင်းပြီး သေတတ်ဖို့ လိုတယ်။

စိတ်မစင်ကြယ်ရင် ဒုဂ္ဂတိဘုံဘဝ ရောက်မယ်။ စိတ်စင်ကြယ်ရင် သုဂတိဘုံဘဝကို ရောက်မယ်။ အစွဲအလမ်း ဥပါဒါန်မရှိဘဲ စိတ်စင်ကြယ်အောင် ထားနည်းကို တပည့်တော်တို့ ကြိုတင်မွေးထားဖို့ လိုတယ်'

ကျွန်ုပ်သည် ဆရာတော်ကြီး ဦးဥတ္တမသာရ၏ "အာပတ်နှင့်တကွ စုတေလျှင်" စာအုပ်ပါ ကောက်နုတ်ချက်ကို ဖတ်မှတ်ထားမိသမျှ ရှင်းပြလိုက်ပါသည်။

သစ္စာအဓိဋ္ဌာန် ဆရာတော်ကလည်း ကျွန်ုပ်၏ လျှောက်ထားပြောဆိုမှုကို စိတ်ဝင်စားစွာ နားထောင်နေရာမှ စကားဝိုင်းထဲသို့ ဝင်လာပြီး...

**သစ္စာအဓိဋ္ဌာန် ဆရာတော်...**

'အာပတ်နှင့်တကွ စုတေလျှင် စာအုပ်ကို တပည့်တော်လဲ ဖတ်ခဲ့ဖူးပါတယ်။ ဒီစာအုပ်ထဲက ကျောင်းထိုင်ဘုန်းကြီး ဦးနန္ဒိယနဲ့ ဦးပညာ အဖြစ်က ပုံစံမတူပေမယ့် သဘောကတော့ အတူတူ ဖြစ်ပါတယ်။

အခုဝင်ပူးခဲ့တဲ့ ဦးပညာလဲ ကောင်းရာမွန်ရာ ရောက်နိုင်တဲ့ သူရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်တွေ၊ တရားဓမ္မ ပူဇော်ထားခဲ့တဲ့ အကျိုးတွေ၊ အားထုတ်ခဲ့ဖူးတဲ့ ဝိပဿနာစွမ်းအားတွေ ရှိပါတယ်။

ဒါပေမယ့် ပျံလွန်တော်မူခါနီးကာလ မရဏာသန္နဇောကျချိန်မှာ "ငါ့ကို သစ္စာ



အဓိဋ္ဌာန်ကျောင်းက ပဋ္ဌာန်းပွဲပင့်ထားတယ်။ ငါ ကြွရမယ်ဆိုတဲ့ စိတ်ရယ်၊ ပဋ္ဌာန်းပွဲကြွရင် ဓမ္မပူဇာဝတ္ထုလဲ ရကောင်းရဲ့ဆိုတဲ့ စိတ်လဲ ပါကောင်းပါမယ်ထင်ပါရဲ့။

အဲဒီ တပ်မက်စွဲလမ်းစိတ် တဏှာဥပါဒါန်ကြောင့်. ကောင်းရာသုဂတိဘုံကို တိုက်ရိုက်မရောက်နိုင်သေးဘဲ ကြားကာလမှာ အခုလို ပြိတ္တာတစ္ဆေ ဖြစ်နေရရှာဟန် ထင်ပါရဲ့'

**ကျွန်ုပ်** ။ ။ 'မှန်ပါ့ဘုရား ဦးပညာက ပဋ္ဌာန်းပွဲ ပင့်ထားတာကို စိတ်စွဲပြီး ပြိတ္တာတစ္ဆေလို့ ပြောရမလား ပရလောကကသားအဖြစ် ဒီကျောင်းကို ရောက်နေတာပေါ့'

**ဆရာတော်** ။ ။ 'ဘာပဲဖြစ်ဖြစ် ဦးပညာရဲ့ စိတ်အစွဲက ပဋ္ဌာန်းပွဲမှာ ရောက်နေတယ်။ ပဋ္ဌာန်းပူဇော်နေတဲ့ ရက်တွေမှာ ဦးပညာ တဝဲလည်လည်နဲ့ ဒီမှာရှိနေမှာ အမှန်ပဲ။ တပည့်တော်တို့က ဘာမှ ကြောက်ရွံ့စရာ မရှိဘဲ၊ သနားကရုဏာစိတ်နဲ့ ဦးပညာကို လမ်းမှန်ရောက်အောင် ကူညီရမယ်။ သူ့အတွက် နေ့စဉ်လဲ အမျှဝေပေးရမယ်။

ပဋ္ဌာန်းပွဲသိမ်းတဲ့နေ့ ရေစက်ချအမျှဝေတဲ့အခါမှာ ဦးပညာအတွက် နာမည်တပ်ပြီး သီးသန့်အမျှပေးဝေကြပါလို့ ပဋ္ဌာန်းပွဲလာ ဆရာတော် သံဃာတော်များကို တပည့်တော် ကြိုတင်မေတ္တာရပ်ခံ ပန်ကြားလျှောက်ထားပါတယ်ဘုရား'

သစ္စာအဓိဋ္ဌာန် ဆရာတော်၏ ပန်ကြားမှုကို ကျွန်ုပ်တို့ သံဃာတော်များ အလေးထား သဘောတူကြပါသည်။ ဦးပညာအတွက် အထောက်အပံ့ကုသိုလ်များ ကျွန်ုပ်တို့ ပေးရပါလိမ့်မည်။

ဦးပညာကို ဆရာတော်နှင့်တကွ ကျွန်ုပ်တို့အားလုံး မေတ္တာမပျက် ခင်မင်လျက်ပါ။ စင်စစ် ဦးပညာသည် တဏှာဥပါဒါန်တည်းဟူသော တပ်မက်မှု အစွဲအလမ်းတစ်ခုကြောင့် သေသည်၏ အခြားမဲ့ ကြားကာလ၌ ယခုကဲ့သို့ ပြိတ္တာတစ္ဆေ ဖြစ်ရရှာသည်ကို စာနာသနားလျက် မေတ္တာထားကာ တုံ့ပြန်ကျေးဇူးပြုနိုင်သည့် အမျှကုသိုလ် ပေးဝေနိုင်ရန် ယခုကပင်စ၍ အမျှပေးဝေလိုက်မိပါတော့သည်။

'ဦးပညာရေ တပည့်တော်တို့ အခုပြုရတဲ့ ပဋ္ဌာန်းပူဇော်တဲ့ ဓမ္မပူဇာကုသိုလ်၏ အဖို့ဘာဂကို ပတ္တိဒါနအဖြစ် အမျှ...အမျှ... အမျှ...ပေးဝေပါ၏။ ဦးပညာ ဝမ်းမြောက်ဝမ်းသာစွာ သာဓု...သာဓု...သာဓု... ခေါ်နိုင်၍ ကောင်းရာသုဂတိဘုံသို့ အချိန်မကြာ လားရောက်နိုင်ပါစေသတည်း'

**[လွန်ခဲ့သည့် (၆)နှစ်က ပျံလွန်တော်မူခဲ့ရှာသည့် ဦးပညာသို့...]**

ဝသုန်သက်လွင်



www.burmeseclassic.com

www.burmeseclassic.com




# သူ့နေရာနှင့် သူ့ဒေသ (၂)

စာရေးသူသည် ၂၀၁၅ ခုနှစ်၊ ဧပြီလ၊ အမှတ်(၃၄၅)၊ စာမျက်နှာ (၂၉၈) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ''သူ့နေရာနှင့်သူ့ဒေသ အမှတ်(၁)'' ကို ရေးခဲ့ပါသည်။

ဇာတ်လမ်းအကျဉ်းမှာ ကိုကြီးကျော်နုတ်က သူ ကြိုက်သော ထန်းရည်ခါးနှင့် ကြက်ကြော်ကို ဆက်သ၍ အကူအညီတောင်းသောကြောင့် ဝါဆိုဝါခေါင်လကြီးတွင် လှေသမားတို့အား သူ့ဆိုင်ရာပိုင်ရာ ဒေသအဆုံးအထိ မြောက်လေနှင့် ပို့ပေးကြောင်း ဖြစ်ပါသည်။

ယခု ဇာတ်ကြောင်းမှာ...

ကိုအောင်မြင့်သည် ပြာသာရွာတွင် နေထိုင်၏။ ဖားရှာ,ငါးရှာ, ကြွက်ထိုး, မြွေလိုက်(မုဆိုးတစ်ပိုင်း တံငါတစ်ပိုင်း လုပ်ငန်းများ) ကျွမ်းကျင်သည်။

တစ်နေ့တွင် ကိုအောင်မြင့် တစ်ယောက် အင်ပင်ဈေးသို့ သွား သည်။ ဈေးဝယ်ပြီး အပြန်တွင် ပက်တန်းအင်းထဲ၌ လူများ ငါးစမ်းနေ သည်ကို တွေ့ရ၍ အကျိုးအကြောင်း မေးကြည့်ရာ ငါးတွေရကြောင်း ဝင်စမ်း ပါလားဟု အဖော်တွေက ဖိတ်ခေါ်၍ ငါးဝင်စမ်းပါသည်။

မီးလောင်ကွင်း ရွာတန်းကိုက်တွင်



www.burmeseclassic.com

www.burmeseclassic.com



ပက်တန်းအင်း၊ နွယ်ခွေ အင်းဟူ၍ အင်းတွေရှိသည်။ ပက်တန်းအင်းက ကရင်တစ်ပိုင်း၊ ဗမာတစ်ပိုင်း စောင့်ရှောက်သည်ဟု ပြောသည်။

ပက်တန်းအင်းကြီးသည် (သူတို့အခေါ်) နတ်ကြီးသည်။ အင်းတမံပေါ်သို့ အမျိုးသမီး မသွားရ၊ ဘောင်းဘီတိုနှင့် မသွားရ၊ ကိုယ်လုံးတီး(အဝတ်အစားမဲ့)မသွားရ၊ လျှာနှင့် ဦးထုပ်နောက်ပြန် မဆောင်းရ၊ ဖိနပ်မစီးရ၊ အင်းနတ်တင်မည်ဟု ရည်စူးထားသော ပစ္စည်းများ (ဥပမာ–အရက်၊ ငါးရံ့တို့ကို) ခိုးယူ(ယူငင်) စားသောက်မပြုရ ထိုအချက်များစွာထဲမှ တစ်ခုခု ပြုလုပ်မိလျှင် အင်းစောင့်နတ်၏ ထိုက်သင့်သော အပြစ်ကို ခံစားရသည်။

တစ်ခါက ကိုအေးဆိုသူတစ်ယောက်မှာ ငါး(၃၇)ကောင် မပြည့်သေး၍ အင်းနတ်တင်ရန် လှောင်ထားသော ငါးရံ့များကို ခိုးယူပြီး ရောင်းစားခြင်း၊ အရက်နှင့် လဲသောက်ခြင်းများ ပြုလုပ်သည်။

နောက်နေ့တွင် အင်းနတ်တင်ဖို့ရာ ငါးအကောင်ရေ ပြည့်ပြီလားဟု ရေတွက်ကြည့်ရာ မပြည့်သည့်အပြင် ငါးများ လျော့နေကြောင်း တွေ့ရ၏။

ထိုအခါ အင်းသူကြီးက အင်းလုပ်သားများကို မေးကြည့်ရာ ဘယ်သူမှ မယူကြောင်း သိရှိရပြီး ဒေါသထွက်သွားသည်။ ထို့နောက်...

'အင်းစောင့်နတ်ကြီးရယ် အင်းစောင့်နတ်ကို တင်မြှောက်ဖို့ထားတဲ့ ငါးသူခိုးကို မှတ်လောက်သားလောက်အောင် ပေါ်ကို နှိပ်ကွပ်စမ်းပါဗျာ'

ဟု ပြောဆိုလိုက်သည်။

ညပိုင်းတွင် ငါးခိုးသူ ကိုအေးတစ်ယောက် အင်းတဲပေါ်၌ ပေါင်တစ်ချောင်းကို မြှောက်၍...

'အမလေး... လုပ်ကြပါဦးဗျ လုပ်ကြပါဦးဗျ နောက် မခိုးတော့ပါဘူးဗျ ကြောက်ပါပြီဗျ ကြောက်ပါပြီဗျ'

ဟု ငယ်သံပါအောင် အော်နေပါတော့သည်။

ထိုအခါမှစ၍ အင်းထဲတွင် အင်းနတ်တင်ရန် ပစ္စည်းများကို မည်သူမျှ မခိုးရဲတော့ပါ။ ခိုးမိသူတိုင်း အင်းစောင့်နတ်၏ ထိုက်သင့်သော အပြစ်ပေးခြင်းကို ခံရပါသည်။

ကိုအောင်မြင့်မှာ အင်ပင်ဈေးတွင် ဈေးဝယ်၍ ပြန်လာသောကြောင့် ကုန်ကျစရိတ် ကာမိစေရန် (ငါသနာလည်းပါသည့်အလျောက်) ငါးဝင်စမ်းပါသည်။ သို့သော် ဈေးက ပြန်လာသောကြောင့် အဝတ်အစားအသစ်များ ရွှံ့ပေမည်စိုးသဖြင့် အင်းထဲတွင် စိုက်ထားသော အလံကို ဖြုတ်၍ ခါးမှာပတ်ပြီး အဝတ်အစားသစ်များကို ချွတ်လိုက်၏။

ဘေးမှာ ငါးစမ်းနေသော လူများက...

'ဟေ့ကောင် အောင်မြင့်... မလုပ်ကောင်းဘူး။ အလံကို ပြန်ချွတ်လိုက်'

ဟု ဝိုင်း(ပြော) တားသောကြောင့် ခါးမှ အလံကို ပြန်ချွတ်၍ အင်းထဲက ချုံပုတ်ပေါ် တင်ထားလိုက်ပြီး အဝတ်အစားမဲ့ (ကိုယ်လုံးတီး)နှင့် ငါးစမ်းနေသည်။

'မင်းကွာ... မလုပ်ကောင်းတာတွေ လျှောက်လုပ်နေတယ်။ မင်းတော့ ဒုက္ခရောက်တော့မှာပဲ'

ဟု ဝိုင်းပြောသော်လည်း ကိုအောင်မြင့်က "ကိစ္စမရှိပါဘူး ရပါတယ်" ဆိုပြီး ဆက်၍သာ ငါးစမ်းနေပါတော့သည်။

သူများတွေက ငါးထည့်ရန် အိုး၊ ပလိုင်း၊ ငါးသိုးတံ စသည်တို့ ပါလာခဲ့၍ အဆင်ပြေသော်လည်း ကိုအောင်မြင့်မှာ ဈေးက ပြန်လာသူ ဖြစ်သောကြောင့် ငါးထည့်ရန် အဆင်မပြေပါ။

ထို့ကြောင့် ရသောငါးတွေကို ကမ်းစပ်သို့ လှမ်း၍သာ ပစ်တင်နေရပါသည်။

ကမ်းစပ်နှင့်ဝေးသော နေရာအရောက်တွင် ကိုအောင်မြင့်တစ်ယောက် ငါးပြေမတစ်ကောင်ရ၍ ကမ်းစပ်သို့ လှမ်းမပစ်တော့ဘဲ ပါးစပ်(သွား)ဖြင့် ကိုက်ထားလိုက်၏။ ဒါက ကိုအောင်မြင့်အဖို့ လုပ်ရိုးလုပ်စဉ် သဘောတွေသာ ဖြစ်သည်။

နောက်ထပ် ငါးတစ်ကောင် လက်ထဲတွင် တိုးနေပြန်၍ လက်နှင့် ဖိကာ ဆုပ်ကိုင်လိုက်၏။ ဆုပ်ကိုင်ထားသော ငါးကျည်းဆူးက ကိုအောင်မြင့်ကို စူးလိုက်သည်။

ငါးကျည်း စူးသောကြောင့် "အမလေး"ဟု တ,ကာ ပါးစပ်မှသွား

www.burmeseclassic.com

ဏ်။ ထိုအခါ ကိုက်ထားသော ငါးပြေမ မှာ ပါးစပ်(အာခေါင်)ထဲသို့ တိုးဝင်သွားသည်။

ငါးပြေမအမြီးကို ထပ်၍ ကိုက်လိုက်သောအခါ ငါးပြေမက အာခေါင်ထဲသို့ စွပ်၍ တိုးသွားပြန်သည်။ လက်နှင့် အမြီးဖျားကို ဆွဲထားသော်လည်း အမြီးဖျား ပြတ်ထွက်သွားသည်။

ငါးပြေမ၏ ဆူးတောင်များက အာခေါင်များနှင့် လည်ချောင်းတို့ကို စူးဝင်သွားသောကြောင့် သွေးများ ကျလာပြန်၏။

လက်နှင့် ဆွဲထုတ်(ကလော်ထုတ်)သော်လည်း ငါးပြေမမှာ ရှေ့သို့ တိုး၍ တိုး၍သာ ဝင်နေသောကြောင့် နောက်ဆုံးတွင် မြန်အောင်ဆေးရုံသို့ ဆိုင်ကယ်ဖြင့် သွားကြရသည်။

မြန်အောင်ဆေးရုံသို့ မရောက်မီ ခွေးတောက်ကုန်း ရွာထိပ်တွင် ကိုအောင်မြင့်မှာ ပါးစပ်ထဲမှ သွေးများ ကျဆင်းရင်းဖြင့် သေဆုံးသွားပါသည်။

ထိုအခါ ငါးစမ်းသူ အားလုံးက...

'သူတို့ ပိုင်ရာဆိုင်ရာ အင်းထဲမှာ သူ မကြိုက်တာမလုပ်နဲ့ဆိုတဲ့ ကြားထဲက သူ့ အလံကိုလဲ ဖြုတ်ပြီး ပုဆိုးလုပ်ဝတ်သေးတယ်၊ ကိုယ်လုံးတီးလဲ ချွတ်ပြီး အင်းထဲဆင်း ငါးစမ်းတော့ ခုလို သေတာပေါ့'

ဟု အမျိုးမျိုး ဝေဖန် ပြောဆိုနေကြပါတော့သည်။

ထို့ကြောင့် စာရှုသူများ ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ သူပိုင်ရာဆိုင်ရာ ဒေသတွေမှာ သူတို့ မကြိုက်တာ မလုပ်မိဖို့ သင်ခန်းစာရစေရန် ရေးသား တင်ပြလိုက်ပါကြောင်း။

**သမ္မာဆန္ဒ ပြည့်ဝကြပါစေ။**

**စိုးလင်းအောင်(မြန်အောင်)**

**ဝန်ခံချက်** ။ ။ ကုန်းတလုံးရွာသို့ ငါးရှာတ်လာသော ခွေးတောက်ကုန်းရွာမှ ကိုလှသောင်း၏ညီ(နာမည်မေ့နေ)၏ပြောပြချက် (ဖြစ်ရပ်မှန်)ကို ဆီလျော်အောင် ရေးသားလိုက်ခြင်း ဖြစ်ပါသည်။

စာမျက်နှာ (၂၈၀)မှ အဆက်

ဆိုက်ကားသမားများမှ ကံကောင်းကို ရှေ့ချင် ကျွန်တော်တို့အိမ်မှ ကလေးကိုပြီး ဆိုက်ကားနှင့် နင်းပြေးလျှင် ကံကောင်းမီအောင် လိုက်တော့သည်။

မီလျှင်တော့ ကလေးကို ထားခဲ့ပြီး လွတ်အောင် နင်းပြေးကြရသည်။ ကလေးကျန်ခဲ့လျှင်တော့ ကံကောင်း ထက်မလိုက်တော့ပါ။

အဲဒီလောက်ထိ သိတတ်သော ကံကောင်းသည် တစ်နေ့တွင် ကံမကောင်းတော့ပါ။

ညနေတိုင်း ကျွန်တော် "ကံကောင်းရေ" ဟုခေါ်လျှင် ပြေးလာတတ်သော ကံကောင်းကို အနီးအနား လမ်းများအထိ လိုက်ခေါ်သော်လည်း မလာတော့ပါ။

သိလိုက်ရသည်ကတော့ ကံကောင်း၏ ခြေနှစ်ချောင်းကို ကြိုးနှင့်ချည်ပြီး တိုက်ကြက်သုံးကောင်နှင့် တစ်လှည့်စီ ခွပ်စေတာ ကံကောင်း မထနိုင်တော့မှ ပူသွားကြကြောင်း၊ ကံကောင်း နောက်ဆုံးခွပ်ခဲ့သော နေရာကို ပြောလိုက်၍ သွားကြည့်ရာ ကြက်မွေးများကိုသာ တွေ့ရပါသည်။

ထိုနေ့မှစ၍ "ကံကောင်းရေ" ဟု ခေါ်လိုက်လျှင် မလာတော့ပေမယ့် ကျွန်တော် ညနေတိုင်း ခေါ်နေမိပါသည်။

အတိတ်က ဝဋ်ကြွေးလား၊ ရေစက်လား မပြောတတ်ပေမယ့် ထူးဆန်းသော ကြက်တစ်ကောင်အဖြစ်နှင့်တော့ ကျွန်တော်တို့မိသားစုနှင့် ကျွန်တော်တို့ ပတ်ဝန်းကျင်တွင် အမှတ်တရ ပြောစမှတ်အဖြစ် ကျန်ရစ်ခဲ့ရပါတော့သည်။

ကံကောင်း ကောင်းရာသုဂတိ ရောက်ပါစေ။

**ဦးသူရစိုး(မီးသင်းချောင်း)**

* * *

**စာရှုသူ... သုတေသီနှင့် ပညာရှင်တို့ ခင်ဗျား...**

ယခုဆောင်းပါးမှ ကြက်၏ အသက်ပြင်းပုံမှာ အံ့ဩလောက်ပါသည်။ သို့မဟုတ် စာရေးသူနှင့် ရေစက်ကြောင့်လားဆိုတာ မသိပါ။

သို့ဖြစ်၍ ဤဖြစ်ရပ်မျိုးကို ကြုံဖူးတွေ့ဖူးသူများမှ အကျိုးအကြောင်း ရေးသားပေးပို့ပါရန် ဖိတ်ခေါ်အပ်ပါသည်။

လေးစားစွာဖြင့်... **ဦးကျော်မိုးသိန်း**
**စာတည်းမှူး**
**နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com

# ပုရပိုက်တွဲ

## ငွေမတ်စေ့လေး တစ်စေ့

စောမိသွင်
(ရန်ကုန်)



### (၁)တန်ဖိုးမထားခဲ့မိတာ

လွန်ခဲ့သော နှစ်ပေါင်း ခြောက်ဆယ်ကျော်လောက်က မတ်စေ့လေးတစ်စေ့သည် ကြာဆန်သုပ်တို့၊ ခေါက်ဆွဲသုပ်တို့၊ မုန့်ဟင်းခါးတို့ တစ်ပွဲမှာစား၍ ရသောခေတ် ဖြစ်ပါသည်။

အချဉ်ပေါင်းတစ်ထုပ်ဆို ငါးပြားပဲ ပေးရသောခေတ်တွင် ရှိုးရှိုးတစ်မတ်စေ့ ထက် ငွေမတ်စေ့လေးတစ်စေ့ လက်ဆောင်ရသော်လည်း ထွန်းပေ ပင်မသာခဲ့ပါ။ တကယ်ဆို ဒီထက်မက လက်ဆောင်ပေးခဲ့သင့်သည်ဟု ထင်ခဲ့မိ၍ ဖြစ်ပါသည်။

### (၂)ကစားဖော် သူငယ်ချင်းချခြင်း

ကျွန်တော် သူတို့ မောင်နှမတွေနှင့် ခင်ခဲ့သည်မှာ နှစ်ပေါင်းကြာပြီ ဖြစ်ပါသည်။ အဖေတို့၊ အဘိုးတို့ တောထဲ ထင်းခုတ်၊ ဝါးခုတ်သွားလျှင်ဖြစ်ဖြစ် ကျွန်တော် နွားလှည်းပေါ် ပါသွားတတ်သည်။ ကျွန်တော်တို့ရွာနှင့် မိုင်ငါးဆယ် ကျော်ဝေးသော နေရာလေးကား သစ်ပေါ်၊ ဝါးပေါ်သော နေရာလေး ဖြစ်ပါသည်။

ရှစ်နှစ်သားအရွယ် ကျွန်တော် လှည်းပေါ်မှာ ပါလာရသော်လည်း ကူလုပ်ဖို့ အသုံးမဝင်သေးသည့် ကလေးတစ်ယောက်သာ ဖြစ်ပါသည်။

ကျွန်တော်နှင့်အတူ တစ်ရွာတည်းနေ သူငယ်ချင်းဖြစ်သော ကြွက်တိုးတို့ တွတ်နီတို့လည်း သူတို့အဖေ၏ လှည်းပေါ်တွင် ပါလာကြ၍ ဆော့ဖို့ အဖော်

www.burmeseclassic.com

ရေသဖြင့် ပေါ့ပျောက်ကြတော့ပါပေ။ လူကြီးများ သစ်ဝါးခုတ်သွားစဉ် ကျွန်တော်တို့ ကလေးများကို လှည်းစောင့်ထားခဲ့ကြ၍ ခွေးနှစ်ကောင်၊ ကလေးသုံးယောက်တို့ဖြင့် ဆူညံနေတတ်ပါသည်။

ခွေးများကိုလည်း တောတောင်ခရီးဖြစ်၍ ကျွန်တော်တို့နှင့် အဖော်ရရန် ခေါ်လာခဲ့ခြင်း ဖြစ်ပါသည်။ မြင့်မားသော ညောင်ပင်ကြီးအောက်တွင် လှည်းများကို ထားခဲ့၍ အရိပ်လည်းရ ဆော့၍လည်း ကောင်းပါသည်။ ထမင်းစားချိန်အမီ မိဘများ ပြန်လာတတ်၍ ဆော့၍မောလျှင် အပင်အောက်တွင် ဝင်အိပ်တတ်ကြပါသည်။

ကျွန်တော်တို့ အိပ်နေစဉ် လာနှိုးခံရ၍ ထလိုက်ကြရာ ကျွန်တော်တို့ရွယ်တူ ကလေးသုံးယောက်ကို တွေ့လိုက်ရပါသည်။ မိန်းကလေးနှစ်ယောက်၊ ယောကျ်ားလေးတစ်ယောက် ဖြစ်ပါသည်။

'ငါက ဆိုင်းနော်၊ ငါ့အစ်မက နန်းရွှေညီမက နန်းငွေ၊ နင်တို့ကစားနေတာ မြင်နေရတော့ တူတူကစားချင်လို့ ပေးကစားမှာလား'

သူတို့၏ မိတ်ဆက်စကားနှင့် အတူတူ ခင်မင်သွားကြကာ အရင်က သုံးယောက်တည်းဖြစ်၍ မကစားဖြစ်သော ရွှေစွန်ညိုမှ မထွေးလေးကို ဖမ်းသော ကစားနည်းများ၊ တူတူပုန်းတမ်းကစားနည်းများ၊ လိပ်ဥဝှက်တမ်းကစားနည်းကအစ ပျော်စရာကောင်းအောင် ဆော့ကြပါသည်။

ကျွန်တော်က ခေါင်သူကြီးလုပ်ကာ မထွေးလေးလုပ်သူ နန်းငွေကို ရွှေစွန်ညိုလုပ်သူ တွတ်နီမှ မဖမ်းမိအောင် လက်နှစ်ဖက်ဆန့်တန်း ကာကွယ်ကာ တစ်ယောက်ခါး တစ်ယောက်ဖက်ပြီး ကစားကြရပါသည်။



ထမင်းစားချိန် ကျော်သော်လည်း အဖေတို့အဖွဲ့ ပြန်မလာသေးလျှင် ဆိုင်းနော်က စားစရာများကို သူ့အိမ်ပြန်ပြီး ဖက်နှင့်ထုပ်ကာ ယူလာတတ်သည်။

'မင်းတို့ထမင်းက မွှေးလိုက်တာကွာ၊ စားလို့လဲ သိပ်ကောင်းတာပဲ၊ ငါတို့ထမင်းလို ဆန်နီဆန်ကြမ်း မဟုတ်ဘူး။ မင်းတို့ ဆန်ကောင်းကောင်း စားရတာ သိပ်ကံကောင်းတာပဲနော်'

'ဆန်မွှေးနဲ့ ချက်ထားလို့ မွှေးနေတာပါကွာ၊ ငါတို့က အသားငါး သိပ်မစားဘူးကွ၊ အသီးအရွက်တို့၊ အသီးအနှံတို့နဲ့ ထမင်းစားတာများတယ်ကွ။ ဒါကြောင့် ဆန်တော့ ကောင်းကောင်း စားရတာပေါ့'

သူတို့ ယူလာသည့် သရက်သီးဆိုမွှေးကြိုင်နေကာ အသားဟင်း မပါသော်လည်း စားကောင်းလှသည်။

'လူကြီးတွေ ပြန်လာကြတော့မယ်၊ ငါတို့ လာကစားတယ် ဆိုတာကို ဘယ်သူ့ကိုမှ မပြောနဲ့နော်၊ ငါတို့အတိုးကလဲ ငါတို့ ကစားချင်လွန်းတယ် ပြောလို့သာ ပေးကစားတာ၊ အပြင်လူတွေနဲ့ ပတ်သက်တာ သိပ်ကြိုက်တာ မဟုတ်ဘူး။ နင်တို့ပြောလိုက်လို့ လူကြီးတွေသိသွားရင် လာကစားကြရတော့မှာ မဟုတ်ဘူး'

'ငါတို့ လူကြီးတွေက သဘောကောင်းပါတယ်။ ပေးကစားမှာပါကွာ'

ဟု ပြောသော်လည်း သူတို့ မကြိုက်၍ ပြန်မပြောပြမိပါ။

သူတို့လာသည့်အခါ သင်းပျံ့သည့် အမွှေးရနံ့လေး ရသလို သူတို့ ပြန်သွားသည့်အခါ ကြည့်နေရင်းနှင့်ပင် ညောင်ပင်ကြီးအောက် ရောက်သွားသည်နှင့် ပျောက်သွားတတ်ကြသည်။

ညောင်ပင်ကြီးကလည်း လူကြီးငါးဖက်ခန့် ကြီးမားကာ အကိုင်းအခက်တို့ဖြင့် အုပ်ဆိုင်းနေ၍ ကွယ်သွားသည်ဟုပဲ ထင်မိခဲ့ပါသည်။

တစ်လတစ်ခေါက်သာ ထင်းခုတ်ဝါးခုတ် သွားတတ်ကြ၍ သူတို့နှင့် အမြဲမဆုံဖြစ်ကြပါပေ။ ကျွန်တော်သည်ပင် ရှစ်နှစ်၊ ကိုးနှစ်အရွယ် မဟုတ်တော့ဘဲ မိဘကို ကူညီလုပ်ကိုင်ပေးနိုင်သော အရွယ်ကို ရောက်နေပြီ ဖြစ်ပါသည်။ အရင်လို မကစားဖြစ်ကြ တော့ဘဲ ကိုယ်တိုင် တောထဲဝင်ကာ ထင်းကူခုတ်ရ၊ ကိုယ်တိုင် လှည်း အရောက် အဆိုင်းနှင့်သယ်ရ၍ ထိုင်စကားပြောဖို့ပင် အချိန်မရတော့ ပါပေ။

နံနက်ပိုင်း အဖေတို့၊ ဦးရီးတို့ တောထဲဝင်လျှင် တစ်ခါတစ်ရံလည်း လှည်းစောင့်၊ နွားစောင့်ရန် တစ်ယောက်နှစ်ယောက်တော့ ချန်ခဲ့တတ်လျှင် တွတ်နီနှင့် ကျွန်တော်က သူငယ်ချင်းတွေနှင့် စကားပြောလို့၍ တမင် ကျန်ခဲ့ တတ်ပါသည်။

ကလေးအရွယ်များ မဟုတ်တော့၍ နန်းရွှေနှင့်နန်းငွေတို့သည် ရုပ်အဆင် လှပသော မိန်းကလေးများ ဖြစ်နေကြ ပေပြီ။ ဆိုင်းနော်သည်လည်း နုံ ထည်ထည်နှင့်။ သူတို့ထူးခြားချက်က လှပသော ထဘီ၊ အင်္ကျီ အစိမ်း ဝတ်တတ်ကြပြီး ဒူးအောက်ရောက် သော ဆံပင်အရှည်ထားခြင်း ဖြစ်ပါ သည်။

ကြွက်တိုးကလည်း လှည်းစောင့် နေခဲ့ချင်တတ်သည်။ သူလည်း နန်းရွှေ တို့နှင့် စကားပြောချင်သည်ကိုး။






www.burmeseclassic.com

www.burmeseclassic.com

‘ကျုပ် ဒီတစ်ခါတော့ လှည်းစောင့်နေခဲ့မယ်။ ကျုပ်လဲ သူငယ်ချင်းတွေနဲ့ တွေ့ချင်တာပေါ့။ သူတို့ချည်းပဲ၊ နေနေခဲ့တာ မတရားဘူး။ အဘက ကျုပ်ကိုပဲ အတင်းခေါ်ခေါ်နေတာ’



‘ဟကောင်ရ ငါက အသက်ကြီးပြီကွ၊ သိပ်မရွက်နိုင်တော့ဘူး။ မင်းပဲ အားကိုးရမှာ၊ ကိုယ်ရှာမှ ကိုယ်စားရမှာကွ။ သူငယ်ချင်းက ကျွေးမှာမဟုတ်ဘူး။ ကိုယ့်အိမ်မှာ မိုးမကျခင် ထင်းတို့၊ ဝါးတို့ အဆင်သင့်ရှိမှ မိုးတွင်းစာလုံလောက်ပြီး အိမ်ပြင်စရာရှိလဲ ပြင်ရမှာပေါ့။

မျိုးစိုက်တဲ့ အချိန်ကျမှပဲ မျိုးလာချီးဖို့ လာကြရမှာ၊ ချောင်းရေတွေနဲ့ဆိုတော့ လာဖို့တော့ တော်တော်ခက်မှာပဲ’

ကြွက်တိုးမှာ မိဘတွေ မရှိတော့ဘဲ အဘနှင့် နေရသဖြင့် အဘက သူ့အကူအညီကို လိုနေပါသည်။

အသက်အရွယ် ကြီးလာတော့လည်း အရင်လို သိပ်မလုပ်နိုင်၊ သယ်ပိုးရန် အခက်အခဲတွေရှိ၍ ကြွက်တိုးကိုသာ အဘိုးဖြစ်သူက အားကိုးလာရသည်။ ကြွက်တိုးကောင်းမှုဖြင့် ကျွန်တော်တို့ ဆိုင်းနော်တို့ ခင်မင်ခဲ့ကြသည်ကို လူကြီးများ သိသွားကြသည်။

‘တောထဲတောင်ထဲမှာ အိမ်လဲ မတွေ့ပါဘူး။ ဒီနေရာမှာ ထင်းခုတ်၊ ဝါးခုတ်၊ မှိုရှာ ရောင်းစားနေလာတာ မင်းတို့ မမွေးခင်ကတည်းကပဲ မင်းတို့သူငယ်ချင်းတွေ ဒီတောထဲမှာ နေတယ်ဆိုတာ စဉ်းစားစရာပဲ။

နောက်တစ်ခါ တောထဲဝင်ရင် မင်းတို့ပဲ မထားခဲ့တော့ဘူး။ လူကြီးတစ်ယောက်နဲ့ တွဲထားခဲ့ရမယ်။ ဘာမှန်းမသိ ညာမှန်းမသိနဲ့ ဒုက္ခဖြစ်နေဦးမယ်’

‘အဖေကလဲ ကျုပ်တို့ ခင်လာတာ ဖြင့် ဆယ်နှစ်လောက်ရှိနေပြီ၊ ဒုက္ခဖြစ်ရင် ဖြစ်တာကြာလှပေါ့။ သူတို့ကျွေးတဲ့ ထမင်းတွေ၊ အသီးအနှံတွေကိုလဲ စားဖူးတာပဲ ဘာမှ မဖြစ်ပါဘူး။ သူတို့က သူများအသားတွေ မစားကြဘူးဗျ’

အဖေတို့သည်လည်း မိဘများဖြစ်၍ သားသမီးကို စိတ်ပူကြသည်။ သူတို့စိတ်ပူသည်က ဥစ္စာစောင့်မလေးများနှင့်ကြုံ၍ သိုက်ထဲအခေါ်ခံရမှာ စိုးရိမ်ကြသည်။

နန်းရွှေ နန်းငွေတို့နှင့် မောင်နှမတွေလို ခင်လာခဲ့ကြ၍ မကြုံက်မိပါပေ။ သူတို့က လူပဲ၊ ဥစ္စာစောင့်မှ မဟုတ်တာလို့ အဖေတို့ အဘတို့ကို ပြန်ပြောတတ်ကြပါသည်။

## (၃)အလည်ခေါ်နေသည့် သူငယ်ချင်းတွေ

‘သူငယ်ချင်း တွန်းဖေ မင်းရယ်၊ တွတ်နီရယ် ငါတို့အိမ်ကို အလည်လိုက်ခဲ့နော်၊ ဘုရားတွေလဲ ဖူးရအောင်၊ မင်းတို့လဲ ရောက်ဖူးအောင်ပေါ့။ ဒီလောက်ခင်နေတာ ကြာလှပြီ။ တစ်ခါမှ အလည်မခေါ်ဖူးဘူး။

အဘိုးကလဲ အခု ခွင့်ပြုပါတယ်။ ကြွက်တိုးဆိုတဲ့ကောင်က စကားမွှာလို့ သူ တောထဲ လိုက်သွားတုန်း လိုက်ခဲ့ကြနော်၊ မကြာပါဘူး။ တစ်နာရီလောက်ပါပဲ’

‘လှည်းတွေ၊ နွားတွေ အစောင့်မရှိလို့ ပျောက်သွားရင် အဖေဆူတာခံနေရဦးမယ်ကွာ၊ လိုက်တော့ လိုက်ချင်ပါတယ်။ အဖေတို့ ပြန်လာမှ လိုက်လို့မရဘူးလား။ အခု ထမင်းအရင်စားထားပြီး အဖေတို့တွေ ထမင်းစားနားတဲ့အချိန်မှာ လိုက်လည်မယ်လေ’

နင်တို့ လူကြီးတွေက ထမင်းစားပြီး ခဏနား တရေးတမောအိပ်ပြီး နေချိုမှ ပြန်တာတော့ သိပါတယ်။ ငါတို့အဘိုးက နင်တို့ကို အလည်ခေါ်တာကို လူကြီးတွေ မသိစေချင်ဘူးကွ၊ အရင်ကတည်းက ငါတို့နဲ့ သူငယ်ချင်းဖြစ်တာကို သူတို့ မကြိုက်တာ အဘိုးက သိတယ်။

ငါတို့ဆီကလူကို အစောင့်ထားခဲ့မယ်။ ခြင်တောင် အနားကပ်လို့မရဘူး စိတ်ချမောင်။ နန်းရွှေတို့၊ နန်းငွေတို့ကလဲ ပူဆာလို့ အဘိုးက ခွင့်ပြုလိုက်တာ၊ လာပါကွာ သွားကြမယ်ဟေ့။ တာတူးကြီး သူတို့လှည်းတွေ၊ နွားတွေကို သေချာကြည့်ထားလိုက်’

ဆိုင်းနော် လက်ဆွဲခေါ်၍ လိုက်လာခဲ့ကြရာ ညောင်ပင်ကြီးနှင့် တစ်တိုင်ခန့်ဝေးသည့် နေရာသို့ ရောက်သည်နှင့် မမြင်ဘူးသည့် ရေပြင်ကျယ်ကြီးကလည်း ရှေ့မှာ ကာဆီးနေသည်။ လှေတစ်စီးက အဆင်သင့် စောင့်ကြိုနေလေသည်။

လှေလှော်သူကနှစ်ယောက်၊ လှေကလည်း အကြီးကြီး၊ လှေတွင် ကနုတ်ပန်းလို အလှခြယ်ထား၍ ထိုအရပ်တွင် မမြင်မတွေ့ဘူးသည့် လှေဖြစ်၍ အံ့ဩနေမိသည်။ လှေပေါ်သို့ တက်လိုက်ကြသည်နှင့် လှေကို တကျိုကျိုနှင့် လှော်ခတ်သွားကြသည်။

မြင့်မားသောအရပ်၊ ညီသော



www.burmeseclassic.com

www.burmeseclassic.com

အသားအရောင်ရှိသော လူထွားကြီး နှစ်ယောက်၏ မျက်နှာက ကျောက်ရုပ်မျက်နှာလို တင်းမာနေသည်။ လှိုင်းတွေကလည်း ကြီးလာပြီး လှိုင်းအရမ်းပုတ်၍ လှေနံရံကို ကိုင်ထားကြရသည်။ လိုက်လာသည်မှာ မှားပြီးလားဟု အဖေ့ကို သတိရလိုက်မိသည်။

ရောက်ပြီဆိုသော စကားသံနှင့် အတူ လှေကို ကမ်းကပ်လိုက်သည့် အခါ လှေပေါ်က ဆင်းကြပြီး တောထဲသို့ ဝင်သွားရသေးသည်။ ကျောက်ဂူကြီးတစ်ခု၏ အဝသို့ ရောက်သောအခါ ဆိုင်းနော်က သူတို့နေရာဟု ပြောလိုက်၍ အိမ်နှင့်မနေဘဲ ဂူနှင့်နေသော သူတို့ကို အံ့ဩမိသည်။

ဂူကြီးက အတွင်းရောက်သည်နှင့် အကျယ်ကြီးပါပဲ။ အတွင်းသို့ အကြာကြီး ဝင်လိုက်မှ အဆောင်ဆောင် အခန်းခန်းတို့နှင့် ကြီးကျယ်ခမ်းနားသော အဆင်အပြင်တို့အပြင် ဘုရားကို အရင်ကန်တော့ကြရအောင်ဆိုကာ ခေါ်သွား၍ ပလ္လင်အသီးသီးပေါ်တွင် စံမြန်းနေကြသော စိန်ဘုရား၊ မြဘုရား၊ နီလာဘုရား၊ ဥဿဖရားဘုရား၊ ရွှေဆင်းတုဘုရားများအပြင် တခြားဘုရားဆင်းတုတော် အမျိုးမျိုး၊ ရုပ်တော်မှု ထိုင်တော်မူ လျောင်းတော်မူတို့ကိုလည်း ကြည်ညိုစွာ ဖူးတွေ့ကြရသည်။

ပန်းပေါင်းစုံတို့ဖြင့် ပူဇော်ထားသည့်အပြင် သစ်သီးမျိုးစုံကိုလည်း ဆယ်မျိုးမက ကပ်လှူထားသည်ကို တွေ့ရသည်။ ရာသီပေါ်ချိန် မဟုတ်သော သီးနှံများကို အလုံးလိုက် အဖီးလိုက် လှူခြင်းမဟုတ်ဘဲ အခွံနွှာကာ ယွန်းပန်းကန်ပြားတို့ဖြင့် သေချာကပ်လှူထားသည်ကို မြင်တွေ့ရ၍ မေးလိုက်မိသည်။



'မင်းတို့လူတွေက ဘုရားကို အသီးအနှံကပ်ရင် အလုံးလိုက် အဖီးလိုက် ကပ်ကြတယ်။ အခွံနွှာတာတို့ သေချာစိတ်ပြီးမှ မလှူကြဘူး။ ဆွမ်းတော်စွန့်လို့ စားကြရင်တော့ သေချာစွာ ခွာစားကြတယ်။

ဘုရားကို လှူတယ်ဆိုတာ သက်ရှိထင်ရှားမြတ်ဘုရားရှင်ကို ကိုယ်တိုင်လှူနေတယ်လို့ ရည်စူးပြီး အဆင်သင့် ဘုဉ်းပေးနိုင်အောင် ကပ်လှူရတယ်။

မင်းတို့ ပြန်သွားပြီးရင် သေချာကပ်လှူကြနော်၊ လောကမှာ မြတ်စွာဘုရားရှင်လောက် မြင့်မြတ်တာ မရှိလို့ လှူလိုရှိရင် စေတနာအပြည့်နဲ့သာလှူ အကျိုးပေးလိမ့်မယ်။ ဆွမ်းတော်စွန့်ပြီးရင်လဲ တိရစ္ဆာန်လေးတွေ စားကြ သောက်ကြပါစေလို့ ဆွမ်း၊ဟင်း၊သစ်သီးတို့ကို စေတနာနဲ့ စွန့်ကြဲလှူဒါန်းကြပေါ့'

ရွယ်တူသူငယ်ချင်းက ထိုသို့သော စကားများပြောနေ၍ အိမ်တွင် ငှက်ပျောသီးအဖီးလိုက်၊ နာနတ်သီးအလုံးလိုက် ကပ်လှူထားသည်ကို မြင်ယောင်မိ၍ ဟုတ်ပေသားပဲဟု တွေးလိုက်မိရသည်။

ဘုရားများကို ကြည်ညိုစွာ အခါခါကန်တော့မိကြသည်။ ဘုရားဆောင်တွင် အဝတ်ဖြူ အထက်အောက် ဆင်တူဝတ်ထားပြီး သျှောင်လေးထုံးထားသော အဘိုးတစ်ယောက်ကို တွေ့လိုက်ရ၍ သူတို့ပြောသော အဘိုးဟု သိလိုက်ရပါသည်။

'မင်းတို့ ရောက်ထိုက်လို့ ဘုရားတွေဖူးထိုက်လို့ ရောက်ရတာ၊ ဒီကို ရောက်တယ်ဆိုတာကို ဘယ်သူ့ကိုမှ မပြော

ထမင်းစားပြီးမှ ပြန်ကြ၊ ဟင်းကာ

သစ်သီးတွေနဲ့ သက်သတ်လွတ် ဟ

တွေပဲ ရှိပေမယ့် စားကောင်းမှာပါ'

စားသောက်ပြီးသည်အထိ နန်း

တို့ကို မမြင်ရ၍ မေးမိသည်။

'သူတို့နေရာကို ခေါ်သွားမှာ

မျက်စိမှိတ်ပြီး လိုက်ခဲ့ကြ၊ ဖွင့်မကြ

ရဘူးနော်၊ မင်းတို့စိတ်ထဲမှာ လို

စိတ် ပေါ်သွားရင် ဂူတံခါးပိတ်သွား

ပြန်ထွက်လို့ မရမှာစိုးလို့ပါ'

ဟု ပြောပြီး ဆိုင်းနော်က မျက်စိ

ပဝါတစ်ထည်စီဖြင့် ပိတ်ကာ လက်

ခေါ်သွားသည်။ အခန်းပေါင်းများစွာ

ဖြတ်ကျော်ပြီးမှ နန်းရွှေတို့၊ နန်းငွေ

နေသော နေရာကို ရောက်ရသည်

ရောက်ပြီဆိုကာ ပဝါဖြုတ်လိုက်

လှပသော နန်းဝတ်နန်းစားမျာ

ထိုင်မသိမ်းလုံချည်တို့ဖြင့် လှပ

သော မောင်နှမသုံးယောက်ကို တွေ့

လိုက်ကြရသည်။

သူတို့အခန်းမှာလည်း ပန်းတို့ဖြ

တန်ဆာဆင်ထားသော သလွန်ပ

ခုတင်များ၊ ပန်းတို့ဖြင့် ရစ်ပတ်ထာ

သော ဒန်းများ၊ မွှေးကြိုင်သော အ

များကို ရလိုက်ကြပြီး တခြားမိန်းမ

လေးများကိုလည်း တွေ့လိုက်ရသည်

'နင်တို့…နင်တို့ လူမဟုတ်ဘူး ဥစ္စာစော

တွေပေါ့'

တုန်ယင်သော အသံဖြင့် မေးလိုက်

ကြသည်ကို သူတို့က သဘောကျ

ရယ်မောပြီး…

'နင်တို့ကို ပြန်လွှတ်မှာပါ။ ခေ

မထားပါဘူး။ ဘုရားတွေ ဖူးစေချင်

ပါ။ ခင်လာတာလဲ နှစ်ပေါင်းများ

ကြာပြီလေ၊ နောက်ကို နင်တို့တွေ

မလွယ်တော့ဘူး။

ငါတို့ မကြာခင်မှာ တောနက်ပြ



www.burmeseclassic.com

www.burmeseclassic.com



တွေထဲကို ပြောင်းရတော့မယ်။ ဒီနေရာကလဲ မလုံခြုံတော့ဘူး။ သိုက်ဆရာတွေက နှောင့်ယှက်ချင်နေတယ်။ အရိုမေတ္တွေယျ မြတ်စွာဘုရား ပွင့်ရင် လှူရအောင် စောင့်ရှောက်နေရတဲ့ ဘုရားသိုက်ကို ပြစ်မှားချင်နေကြတာ။

“ဂူဝမိကျောင်း ရေနှင့်လောင်း မိကျောင်း ပါးစပ် ပွင့်လတ္တံ့။

ရဲရင့်သောသူဝင်၍ယူ အလှူလှူဘုရား ရလတ္တံ့။

ရွှေစင်ရွှေသား ရွှေလောင်းများ သိုက်တံခါး ပွင့်က ထွက်လတ္တံ့။

ဆိုတဲ့ တဘောင်တွေ ပေါ်နေတာမို့ နေလို့မဖြစ်တော့ဘူး။ ဘုရားပစ္စည်းကို လွယ်လွယ်နဲ့ ရမယ်မှတ်နေတာ၊ မိကျောင်းကိုက်မှာတော့ မမြင်ကြဘူး’

‘တို့လာတာ ဂူဝမှာ ဘာမိကျောင်းမှ မတွေ့ခဲ့ပါဘူးကွာ၊ ဘုရားပစ္စည်းတွေကိုလဲ ငါတို့ မမက်သလို ဘယ်သူ့ကိုမှလဲ ပြောမပြပါဘူး။ ငါတို့ ပြန်ချင်ပြီ။ အဖေတို့ အဘတို့လာလို့ မမြင်ရင်၊ ဆူနေဦးမယ်ကွာ၊ ငါတို့ကို ယုံကြည်လို့ မင်းတို့နေရာကိုခေါ်ပြတာ၊ ဘုရားတွေ ဖူးရတာကို ကျေးဇူးတင်ပါတယ်။ ဖူးထိုက်လို့ ဖူးရတာမို့ ဝမ်းသာရပါတယ်ကွာ’

‘အဲဒီဘုရားတွေထဲမှာ တန်ခိုးကြီးတဲ့ သိဒ္ဓိဝင်ပစ္စည်းတွေ ဌာပနာထားတာကို မက်လို့ပဲ လိုချင်နေကြတာ၊ ကဲ မင်းတို့ မျက်စိမှိတ်ထားလိုက်ကြပဝါ မစည်းတော့ပါဘူး’

အပြန်ခရီးတွင် လေ့ပေါ်တက်လိုက်သည်နှင့် ဘယ်လိုအိပ်ပျော်သွားသည်ကို မသိလိုက်တော့ပါ။

## (၄)နှုတ်ဆက်လက်ဆောင်

‘တော်တော်အားကိုးရတဲ့ အကောင်တွေ ထကြဦး’

ဟု လှုပ်နှိုးမှ နိုးလာတော့ ညောင်ပင်အောက်တွင် အိပ်လျက်ဖြစ်နေသည်။

တောထဲတောင်ထဲတွင် စောစီးစွာ နေညိုတတ်၍ ပြန်လာခဲ့ကြသည်။ တွတ်နီ၏ အိတ်ထောင်ထဲတွင်တော့ အပြန်လက်ဆောင်ဆိုတာ နန်းရွှေတို့ ပေးလိုက်သော ငွေမတ်စေ့လေး တစ်စေ့ ပါလာသည်။ ကျွန်တော်ကတော့ သူတို့ရှေ့တွင်ပင် ငွေမတ်စေ့လေးကို လွှင့်ပစ်ခဲ့မိပါသည်။

‘မင်းတို့လက်ဆောင်ကလဲ ဘာမှ အတိုးမတန်ဘဲ မလိုချင်ပါဘူးကွာ၊ ကိုယ်ကလဲ ဘာမှ ပြန်လက်ဆောင်ပေးနိုင်တာလဲ မဟုတ်ဘူး’

ကျွန်တော် ပစ်လိုက်တော့ စိတ်မကောင်းဖြစ်သွားကြသော သူတို့မျက်နှာကို မြင်လိုက်ရပါသည်။

အိမ်ပြန်ရောက်တော့ ထင်းတွေ ကူချပေးပြီး ရေမိုးချိုးကာ ထမင်းစောစောစားပြီး မောမောနှင့် အိပ်ပျော်သွားမိသည်။

‘သူငယ်ချင်းရေ မင်းက တော်တော်လောဘကြီးတာကိုးကွ၊ မင်းစိတ်ထဲမှာ ရွှေတွေ ငွေတွေ အများကြီးရိုရက်နဲ့ ငွေမတ်စေ့လေးတစ်စေ့ပဲ ပေးတယ်လို့ ထင်မှာပဲ။ ဒီမတ်စေ့က ရိုးရိုးမတ်စေ့ မဟုတ်ဘူးကွ။ ဆန်အိုးထဲ ထည့်ထားရင် ဆန်မဝယ်ရတော့ဘူး။ ဆန်တွေ ပွားတယ်။ ပိုက်ဆံအိတ်ထဲ ထည့်ထားရင် ပိုက်ဆံတွေ ပွားတယ်။ မင်းတို့ကိုခင်လွန်းလို့ လိုတရ ငွေမတ်စေ့လေးတွေ ပေးလိုက်တာပဲ။

ရွှေတွေ ငွေတွေ ပေးလိုက်ရင် ဘယ်ကရလာတာလဲလို့ ဖါတို့ကို အကွပေးမယ့်ကောင်တွေ လာမှာစိုးလို့ မပေးတာပါ။ ဖါတို့နဲ့ မင်းတို့နဲ့ ဘယ်တော့မှ တွေ့ရတော့မှာ မဟုတ်ဘူး။

ဖါတို့ သိုက်ပြောင်းကြတော့မယ်။ ဒါကြောင့် မင်းတို့ကို အလည်ခေါ်သွားတာ၊ တစ်ခါတည်း ပြောလိုက်ရင် စိတ်မကောင်းမှာစိုးလို့ ဖါတို့ ဒီညပဲ သွားကြတော့မယ်။ နှုတ်ဆက်ခဲ့ပါတယ်ကွာ’

အိပ်မက်နိုးတော့ ဘာလို့များ ဒီလိုလုပ်မိသည်လဲလို့ နောင်တရခဲ့မိသည်။ ကျွန်တော့်သူငယ်ချင်းတွေ သိုက်ပြောင်းသွားကြပါပြီ။ သူတို့ဆီက လက်ဆောင်ရခဲ့သော်လည်း ကျွန်တော် သူတို့ရှေ့တွင်ပင် ငွေမတ်စေ့လေး တစ်စေ့ကို လွှင့်ပစ်ခဲ့မိသည်မှာ ကျွန်တော့် အမှားပါပဲ။

လက်ဆောင်ပစ္စည်း ဆိုသည်မှာ တန်ဖိုးရှိရှိ မရှိရှိ အမှတ်တရ သိမ်းထားရမည်ဆိုသည်ကို ကျွန်တော် မေ့နေခဲ့သည်ပဲ။ ကျွန်တော့်အပြစ်နှင့် ကျွန်တော်ဖြစ်၍ စိတ်မကောင်းဖြစ်ရုံကလွဲ၍ ဘာမှ မတတ်နိုင်တော့ပါပေ။

**မှတ်ချက်။ ။ နာမည်လွှဲပြောင်း ရေးထားပါသည်။ တစ်ဆင့်သိရသော သူတို့ရွာမှာ လူကြီးတချို့၏ တကယ့်အဖြစ်အပျက်ကို ပြောပြသော ခင်လေးနွယ်အား ကျေးဇူးတင်ရှိပါကြောင်း…။**

စောမိသွင်(ရန်ကုန်)

www.burmeseclassic.com

# ဝဋ်ကြွေးလား ကံကြွေးလား

ရေစက်လား

မိုးသူရမိုး
(ငါးသိုင်းချောင်း)



အတိတ်မှ ကံအကြွေးသည် ပေးဆပ်ရကျိုး မှန်ပါလျှင်...

ကျွန်တော်၏ ယုံရခက်သော ကံအကြွေးကြောင့်လား၊ ဝဋ်အကြွေးကြောင့်လား မသိနိုင်သော ဇာတ်လမ်းလေးတစ်ပုဒ် ရှိခဲ့ဖူးပါသည်။

မျက်မြင် မဟုတ်လျှင် ယုံရခက်ပါလိမ့်မည်။ သို့သော် အမှန်ပင် ဖြစ်ခဲ့ပါသည်။ ၂၀၀၄ ခုနှစ်တွင် ကျွန်တော်တို့ ငါးသိုင်းချောင်းကြို့ဆိုပါ၏ ဂိတ်တွင် စားသောက်ဆိုင်ဖွင့်၍ ရောင်းခဲ့ပါသည်။

ကျွန်တော်တို့ ငါးသိုင်းချောင်းသို့ ကွင်းကောက်၊ စောပြာ၊ လှော်ကာထား၊ ကျားကိုက်၊ သီတာကုန်းပြင် အစရှိသော ကျေးရွာများမှ နံနက်ပိုင်း ဈေးအမီ ကားများဖြင့် ဟင်းသီးဟင်းရွက်၊ ကြက်၊ ဘဲ အစရှိသည့် စားသောက်ကုန်များကို လာရောက်ရောင်းချကြပါသည်။

ကျေးရွာများမှ ကားများသည် ကျွန်တော့်ဆိုင်ရှေ့တွင် ကားဂိတ်သဖွယ်ဖြစ်၍ ကားသမားများ ဈေးသည်များနှင့် ရင်းနှီးနေပါသည်။ ဈေးသည်များထဲတွင် စောပြာရွာမှ ကြက်များကောက်၍ ငါးသိုင်းချောင်းကြက်ဒိုင်သို့ ကြက်များ ပို့နေသော အဖွဲ့နှင့် အလွန်ပင် ရင်းနှီးကြပါသည်။ ကြက်ဒိုင်သို့ ကြက်များ သွင်းလျှင် အရှင်မှ သွင်း၍ရပါသည်။ ကြက် အသေမှန်သမျှ ကျွန်တော့်ဆိုင်ရှေ့ ကား ရောက်သည်နှင့် ကားပေါ် ပစ်ချပေးခဲ့ပါသည်။ ကျွန်တော်တို့ကလည်း ကြက်အ များကို မသတ်ရဲ၍ သူတို့အဖွဲ့ ချိတ်ဆက်ထားရပါသည်။

ကြက်များ ဝယ်လာတုန်းက အ များ ဖြစ်ပါသည်။ ကားပေါ်ရှိ ကြ ခြင်းကြီးများထဲတွင် တစ်ကောင် တစ်ကောင် ကျပ်ညပ်ပြီး တို ငွေရင်းနှင့် သေကြရပါသည်။

## ကံကောင်း ရောက်လာပုံ

တစ်နေ့တွင် ကြက်လာရောင် အဖွဲ့မှ ကြက်ဖတစ်ကောင်၊ ကြ တစ်ကောင် ကားအပေါ်မှ ကြ ကောင်ကို အော်ပြီး ပစ် သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်လည်း ကားထွက်သွားသည်နှင့် ကားလမ်းဘေးသို့ ကြက်သေများ သွားယူရာတွင် ကြက်မမှာ သေနေပြီး ကြက်ဖမှာ မသေဘဲ လှုပ်၍နေပါသည်။

ကျွန်တော်လည်း မသေသေးသော ကြက်ဖကို မယူခဲ့ဘဲ ဒီအတိုင်း ထားခဲ့ပါသည်။ ကျွန်တော်တို့ဆိုင်နှင့် အနီးတွင် ဆိုက်ကားဂိတ် ရှိပါသည်။

ဆိုက်ကားဂိတ်မှ ဆိုက်ကားဆရာများနှင့်လည်း ခင်မင်ရင်းနှီးနေ၍ ကြက်မသေသေးကြောင်း သိသွားသောအခါ ဆိုက်ကားဆရာတစ်ယောက်မှ မသေသေးသော ကြက်ဖအား ခြေနှစ်ချောင်းမှ ကိုင်ပြီး ကတ္တရာလမ်းနှင့် နှစ်ချက်,သုံးချက် အားကုန် လွှဲရိုက်လိုက်ပါသည်။

ဆယ်မိနစ်ခန့် ကြာသောအခါ ကျွန်တော်လည်း ကြက်သေပြီဖြစ်၍ သွားယူပါသည်။

## အသက်ပြင်းပုံ

ထိုအခါတွင်လည်း ကြက်ဖမှာ ကျွန်တော် ကိုင်လိုက်သည်နှင့် လှုပ်လာပါသည်။ ကျွန်တော် ကြောက်သွားပြီး ဒီအတိုင်းပင် ထားခဲ့ပါသည်။

သုံးနာရီခန့် ကြာသောအခါ ကြက်လာပို့သော အဖွဲ့သည် ရှာပြန်မည့် ကားနှင့်ပင် ဆိုင်ရှေ့သို့ ရောက်လာပါသည်။

သူတို့အဖွဲ့သည် ကျွန်တော့်ဆိုင်တွင် စားသောက်ကြပြီး ကြက်တန်ဖိုးနှင့် စားသောက်စရိတ်များကို အပိုအလို စာရင်းရှင်းနေကြပါသည်။

ထိုနေ့တွင်လည်း စားသောက်ကြပြီး စာရင်းရှင်းကြသောအခါ ကြက်တစ်ကောင်ဖိုးပဲပေးပြီး ကျန်တစ်



ကောင်ဖိုး မပါသောအခါ ကြက်မသေသေးကြောင်း သိသွားပါတော့သည်။

ကြက်ရောင်းသော အဖွဲ့မှ တစ်ယောက်သည် လမ်းဘေးတွင် လဲနေသော ကြက်ဖကို ခြေနှစ်ချောင်းမှ ကိုင်ပြီး ကားဘော်ဒီနှင့် အားကုန်လွှဲပြီး နှစ်ချက်,သုံးချက် ရိုက်ပါတော့သည်။ တက်၍လည်း နင်းလိုက်ပါသေးသည်။

စိတ်တိုင်းကျ သတ်ပြီးသောအခါ ကြက်သေပြီဖြစ်၍ ကြက်ဖိုးငွေကို ရှင်းလိုက်ပါသည်။

ကျွန်တော် ထိုကြက်သေကို သွားယူရန် ကြောက်နေပါသည်။ ကြက်တစ်ကောင်လုံး ဒဏ်ရာများမှာ ကြည့်မကောင်းအောင်ပင် ရောင်ကိုင်းညိုမည်းနေပါသည်။

အထူးသဖြင့် ခေါင်းမှာ ကြေမွနေပါသည်။ ရောင်နေသည်မှာလည်း ပုံမှန်ကြက်ခေါင်းထက် သုံးဆခန့်မျှ ရောင်ကိုင်းနေပါသည်။

ကျွန်တော် သွားမယူဘဲ ထားလိုက်သည်မှာ ညနေ(၅)နာရီအချိန်ထိ ဖြစ်ပါသည်။ (၅)နာရီလောက် အချိန်တွင် ကြက်သေကို သွားယူသောအခါ လက်နှင့် ကိုင်လိုက်သည်နှင့် မသေသေးဘဲ လှုပ်လာပါသည်။

ကျွန်တော်လည်း မည်သူ့ကိုမျှ မပြောတော့ဘဲ ဆိုင်နှင့် လှမ်းခေါ်လျှင် ကြားနိုင်လောက်သော ကျွန်တော့်အိမ်ပေါ်သို့ အသာအယာပွေ့၍ ယူသွားပါသည်။

ပုဆိုး အဟောင်းတစ်ထည်ကို အောက်တွင်ခင်းပြီး ကြက်ဖကို ညင်သာစွာ တင်ထားပေးပါသည်။ ကြက်ဖကိုလည်း ကံကောင်းဟု အမည်ပေးလိုက်ပါသည်။

နံနက်လင်းလျှင် ကျွန်တော် သွားကြည့်တော့လည်း မသေသေးပါ။

## အကျွေးပေးပုံ

အိမ်မှ ကျွန်တော့်မိသားစုက ထိုကံကောင်းကြက်ဖကို သတ်လိုက်တော့မည်။ ကြက်ဖကို အတိတ်ကောက်ပြီး **"ထီထိုးမည် ပေါက်လျှင် မသတ်ဘူး။ မပေါက်လျှင် နင့်ကိုသတ်မည်"** ဟု ကြက်ဖအားပြောကာ ထီထိုးကြပါသည်။ ထီကလည်း ပေါက်ပါသည်။ ကံကောင်းကတော့ မလှုပ်နိုင်သေးပါ။

ကျွန်တော်ကတော့ ကံကောင်းကို ထမင်းကို ပိတ်စနှင့်တိုက်ပြီး ကလေးများ ခွံ့ကျွေးသလို နှုတ်သီးကို ဟပြီး ခွံ့ကျွေးပါသည်။ ရေလည်းတိုက်ပါသည်။

ခေါင်းကိုလည်း ဆေးထည့်ပေးပါသည်။ ကံကောင်းခမျာ နာလွန်း၍ တဆတ်ဆတ် တုန်နေပါသည်။ အစာအစားရန်အတွက် သူ့ခမျာ မနည်းကြိုးစားရပါသည်။

ကံကောင်းတွင် မျက်လုံးတစ်လုံးကတော့ မရှိတော့ပါ။ ကတ္တရာလမ်းနှင့် ရိုက်တုန်းက ထွက်သွားသလား၊ ကားဘော်ဒီနှင့် ရိုက်တုန်းက ထွက်သွားသလား မသိပါ။



www.burmeseclassic.com

www.burmeseclassic.com

တစ်လခွဲခန့်ကြာတော့ ကံကောင်း လမ်း နည်းနည်းလျှောက်နိုင်လာသည်။ တစ်လှမ်း၊ နှစ်လှမ်း လှမ်းပြီးလျှင် လဲကျသွားသည်။ ကျွန်တော်က ထူပေးရသည်။ ပြီးလျှင် ဆက်လျှောက်သည်။ ခြေချောင်းများကတော့ တုန်နေပါသည်။

ဒီအချိန်မှာ ကံကောင်းကို ကြက်သား၊ ဝက်သား၊ အမဲသား၊ ငါးအစိမ်းများကို နုပ်နုပ်စဉ်းပြီး ကျွေးပါသည်။ အမဲသားကို များများကျွေးသည်။ ကံကောင်း စားနိုင်လာသည်။

မျက်လုံးတစ်ဖက် မရှိသော်လည်း ခေါင်းက နည်းနည်းကြီးသည်။ အထူးသဖြင့် ခြေထောက်များမှာ အလွန်ကြီးထွား သန်မာသည်။

## ကံကောင်း ထိတတ်ခြင်းနှင့် အစွမ်း

ကံကောင်းရှိလျှင် အိမ်လုံသည်။ ကံကောင်းသည် မျက်နှာစိမ်းလူများ၊ ခွေး၊ ဝက်၊ ကြက်၊ ကြောင်၊ ဘဲငန်း ဘာကိုမျှ အိမ်သို့ အဝင်မခံပါ။ ကျွန်တော်တို့လမ်းထိပ်တွင် အလွန်ကိုက်တတ်သော ခွေးတစ်ကောင်ရှိပါသည်။

ကျွန်တော့်အိမ်မှ ကလေးလည်း အကိုက်ခံရဖူးသည်။ ထိုကိုက်တတ်သော ခွေးသည်ပင် ကံကောင်းကို မြင်လျှင်ပြေးပြီ။ ကံကောင်း၏ ခြေနှစ်ချောင်းအကြောင်း ကောင်းကောင်းသိသည်။ ခံခဲ့ဖူးသည်။

အိမ်ရှေ့တွင် ဘဲငန်းများ မွေးသော အိမ်ရှိသည်။ ဘဲငန်းများမှာ နှုတ်သီးများ ရှည်ပြီး လူကိုပင် ရန်ပြုတတ်သည်။ ထိုဘဲငန်းအုပ်သည်လည်း ကံကောင်းကို ကြောက်ရသည်။

ဘဲငန်းပိုင်ရှင်မှ အိမ်သို့လာပြီး ကြက်ဖကို ထိန်းသိမ်းထားရန် ပြောလာသည်အထိ ကံကောင်းက အစွမ်းပြနေသည်။ နောက်ဆုံးတော့ သူ့ဘဲငန်းများ ထွက်ပြေးနေရ၍ အားလုံးကို ရောင်းလိုက်ရတော့သည်။



ကျွန်တော်တို့အိမ်တွင် တစ်နှစ်သားအရွယ် ကလေးတစ်ယောက်ရှိပါသည်။ ကလေးက အလွန်ဝ၍ တစ်လမ်းလုံးက ချစ်ခင်ကြသည်။ အိမ်သို့လည်း လာကြသည်။

သို့သော် ကံကောင်းကိုတော့ သတိထားရသည်။ အိမ်မှ လူကြီးများ မရှိဘဲ ကလေးကို သွားချီပါက ကံကောင်းက ကြည့်မနေပါ။ ထွက်ပြေးအောင်ကို သဲသဲမဲမဲ ခွပ်တော့သည်။

ကျွန်တော်တို့ ခေါင်းရင်းအိမ်မှ အဘွား ဒေါ်အေးရင်ဆိုလျှင် သနားဖို့ပင် ကောင်းတော့သည်။ အိမ်တွင် လူကြီးများ မရှိခိုက် ကလေးငို၍ လာကြည့်ပြီး ကလေးကို ပွေ့ချီသည်တွင် ကံကောင်းခွပ်၍ အတင်းဆင်း ပြေးရတော့သည်။

အဘွားနှင့် သုံးနှစ်အရွယ် သူ့မြေးလေး၏ လက်များ၊ ခြေထောက်များတွင် ကံကောင်း၏ ခြေနှစ်ချောင်း တံဆိပ်များ အထင်းသား ညိုမည်းနေသည်။

အဘွားတို့အား တောင်းပန်ပြီး ဆေးဖိုးများလည်း ပေးခဲ့ဖူးသည်။

ကံကောင်းသည် ထိုမျှလောက်နှင့် မပြီးသေးပါ။ ကျွန်တော်တို့အိမ်နှင့် တစ်လမ်းကျော်တွင် ကြက်တိုက်သော ကြက်ဝါသနာရှင်များ နေထိုင်ကြသည်။

ထိုကြက်ဝါသနာရှင်များတွင် တိုက်ကြက်ကောင်းများရှိသည်။ သူတို့ကြက်များကို အထူးဂရုစိုက်ကြသည်။ ကံကောင်းက ထိုတိုက်ကြက်များရှိရာသို့ သွားကာ ဗိုလ်လုပ်သည်။

ကြက် ပိုင်ရှင်များကလည်း ကံကောင်းကို ဝိုင်းဖမ်းကြသည်။ တစ်ယောက်မျှ မကပ်ရဲကြပါ။ အိမ်သို့ လာကြသူတိုင်း "**ကြက် ကြည့်ပါဦး မျို**" ဟု အော်ရသည့် ကံကောင်းပင်

အိမ်ရှေ့တွင် အထူးအဆန်း ဆိုင်းဘုတ်တစ်ခုရှိသည်။ "**သတိ ကြက်ခွပ်တတ်သည်**" အိမ်သို့ မည်သည့်ကလေးမှ မလာရဲကြ ကျွန်တော်နှင့်လူကြီးများ ရှိနေလျှင် ကံကောင်းက ဘာမှ မလုပ်ပါ။

တိုက်ကြက် ပိုင်ရှင်များ ကံကောင်းကို ထိန်းသိမ်းရန် လာပြော ရသည်အထိ ကံကောင်း နာမည်ကြီး လာသည်။

ကံကောင်းက ကျွန်တော့်အပေါ် တွင်တော့ သံယောဇဉ်ကြီးသည် ကျွန်တော် ကြိုက်သည့်အချိန် "**ကံကောင်းရေ**"ဟု ခေါ်လိုက်လျှင် ရောက်သည့် နေရာမှ အတင်းပြေး လာတတ်သည်။ တခြား မိသားစုဝင် များကိုတော့ ကျွန်တော့်လောက် မခေါ် ပါ။

ကျွန်တော်ကျွေးမှ စ ားသည် ကျွန်တော်သိပ်မှ အိပ်သည်။ အိမ် မိသားစုများကိုတော့ သူ မှတ်မိသည် ကိုင်၍ ရသည်။ ကပ်၍ရသည်။ ရသည်။





www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုလေး (၃၀၈၁)

# ထနောင်းပင် သမင်ခေါင်းမြွတ်

လွန်ခဲ့သည့် နှစ်ပေါင်းငါးဆယ်ကျော်မှ အဖြစ်အပျက်မှန်နှင့် အိပ်မက်ဆန်းကလေး ဖြစ်ပါသည်။ ကျွန်မတို့ မန္တလေးမြို့ကြီးသည် ထိုအချိန်ကာလက နန်းမြို့ရိုးနှင့် ကျုံးတော်၏ အရှေ့တောင်၊ အရှေ့နှင့် မြောက်ဘက်တို့သည် သစ်ပင်ကြီး၊ ဝါးပင်ကြီး၊ ထန်းတော၊ လယ်ယာမြေများဖြင့် အုံ့ဆိုင်းညိုမှိုင်းလျက် ရှိသည်။

ယခုကဲ့သို့ လူနေအိမ်ခြေ မထူထပ်သေး။ လမ်းမကြီးများ အဆောက်အအုံများလည်း မရှိသေးပေ။ အောင်တော်မူရပ်ကွက် မဟာဗေယျာဘုံရပ်ကွက်များမှစ၍ နန်းတော်ရှေ့(နန်းရှေ့)ဒေသတစ်ခွင်လုံးသည် မန္တလေးတောင်၊ ရန်ကင်းတောင်၊ ရှမ်းရိုးမတောင်တန်းများနှင့် မဝေးလှသဖြင့် တောရိပ်ညိုညို တောင်ရိပ်ဆိုင်းဆိုင်းနှင့် မြို့တွင်းနှင့်မတူ ရာသီဥတု ပို၍အေးမြသည်။

ကျွန်မတို့ ခပ်ငယ်ငယ်က ကျွန်မတို့ မိသားစုသည် အဘိုး၊ အဘွားများနှင့်





www.burmeseclassic.com

www.burmeseclassic.com

အတူတူ အောင်တော်မှုရပ်ကွက်မှာ နေကြသည်။ ထိုစဉ်က ကျွန်မ အဖေ၏ ညီဖြစ်သူ(ဘဒွေးလေး)၏ ကိုယ်တွေ့ ကြုံခဲ့ရသည့် ဖြစ်ရပ်ဆန်းနှင့် အိပ်မက်ဆန်းလေးအကြောင်းကို တင်ပြချင်ပါသည်။

ဘဒွေးလေးသည် ထိုခေတ်က ကြေးတိုင်နှင့် မြေစာရင်း အင်စပက်တော်တစ်ဦးဖြစ်သည်။ ထိုအချိန်က ဘဒွေးသည် လူပျိုလူလွတ်ဖြစ်၍ ညည ဆိုလျှင် သူငယ်ချင်းအပေါင်းအသင်းများနှင့်အတူ ဘူတာကြီးနားမှ စားသောက်ဆိုင်များတွင် စားသောက်ပြီး ပြန်လေ့ရှိသည်။

သီချင်းလေး တအေးအေးဖြင့် စက်ဘီးစီးရင်း လေညင်းခံကာ နေထိုင်ရာ အောင်တော်မှုရပ်ကွက်သို့ ပြန်လာမြဲဖြစ်သည်။

ဘဒွေးသည် ညအချိန် အရက်ကလေး ရီဝေဝေ၊ လေကလေး တဖြူးဖြူးဖြင့် စက်ဘီးစီးရသည့် ခံစားမှုသည် ဘယ်ခံစားမှုနှင့်မျှ မတူဟု ပြောသည်။

အဘွားက သူ့သား လူပျိုကြီးအတွက် ညစဉ် စိတ်ပူ၍ သားပြန်မလာမချင်း မျှော်ရသည်က အဘွားအလုပ်ပင်၊ နှုတ်မှလည်း အမြဲတမ်း တဖွဖွ သတိပေးသည်။

'ငါ့သားရယ် ခေတ်အခါကလဲ ကောင်းတာ မဟုတ်ဘူး။ ညကြီးမိုးချုပ်ထိ မနေပါနဲ့ကွယ်၊ ပြီး သောက်တာစားတာလဲ လျှော့ပါဦး။ ကျန်းမာရေး ထိခိုက်မယ်'

'အို...အမကလဲ (ထိုခေတ်က အမေကို အမဟုသာ ခေါ်ကြသည်။) စိုးရိမ်စရာမရှိ စိုးရိမ်နေပြန်ပြီ။ အမသားက လူမှန်းမသိအောင် သောက်တဲ့သူမှ မဟုတ်ဘဲ။ ပင်ပန်းပြေရုံဆေးဖြစ်ဝါးဖြစ်လေးပါ အမရယ်'



ဘဒွေးက အမြဲတမ်း အဘွားကို ဆင်ခြင်ပေးတတ်သည်။ အဘွားက ငတော့ သားဖြစ်သူ အရာရှိဖြစ်၍ အသက်အရွယ် ရလာသော်လည်း မိဘတို့သဘာဝ ကိုယ့်သားသမီးကို ကလေးလိုပင် သဘောထားကာ စိုးရိမ်ကြီးမိသည်က မိဘတို့၏ မေတ္တာအနန္တပါ။

* * *

ဘယ်သို့ပင် အဘွားပြောပြော နားမထောင်သူက ဘဒွေးပင်။ တစ်နှစ်သော တန်ဆောင်မုန်းလပြည့်ညတွင် ဘဒွေးတစ်ယောက် အရက် ကလေး ခပ်ထွေထွေဖြင့် လာနေကျလမ်းအတိုင်း စက်ဘီးလေး စီး၍ ပြန်လာခဲ့တော့သည်။

ကောင်းကင်ယံမှာ လမင်းကြီးက ထိန်ထိန်သာလျက်ရှိပြီး အေးမြသည့် လေနုအေး အထိအတွေ့ကို ခံစားရင်း စက်ဘီးလေးစီးလာ၍ ညအတော် မိုးချုပ်သွားခဲ့သည်။

လမင်းကြီးက ခေါင်းတည့်တည့် ရောက်နေသည်ဖြစ်၍ သန်းခေါင်ချိန်ပင် ရောက်နေပေပြီ။ လမ်းများပေါ်တွင် လူသွားလူလာ ပြတ်၍ ဘဒွေးတစ်ယောက်တည်း ဖြစ်နေသည်။

ဘဒွေးလည်း ပြန်နေကျလမ်းဖြစ်သည့် နှစ်ဆယ့်ရှစ်လမ်းမှ သီချင်းလေး တအေးအေးဖြင့် စက်ဘီးနင်းလာခဲ့သည်။

ဆပ်ကျောင်းဝင်း (ရဲသိပ္ပံ)ထောင့် နှစ်ဆယ့်ရှစ်လမ်းနှင့် ခြောက်ဆယ့်ခြောက်လမ်း (ကျုံးအရှေ့ဘက်လမ်း) ထောင့်ရှိ ထနောင်းပင်ကြီး(လူနှစ်ဖက်ခန့်ရှိ)အောက်သို့ ရောက်လာခဲ့ရာ ဘာကြောင့်မှန်းမသိ ကြက်သီးတဖြန်းဖြန်း ထသွားမိသည်။

ထိုထနောင်းပင်ကြီးသည် ရှေးယခင်ကတည်းက ရှိနေ၍ ဤနေရာသည် မြေကြမ်း။ အစွဲကြမ်း၍ လာသွားလူကို ခြောက်သည်၊ လှန့်သည်ဟု နာမည်ကြီးနေသော်လည်း ဘဒွေးက မကြောက်။ အမြဲတမ်း ဒီအပင်ကြီးအောက်မှ ဖြတ်နေကျ။

လပေါင်းများစွာ ဖြတ်နေသော်လည်း ဘာအရိပ်အယောင်မှ မတွေ့ ဘာအသံမှ မကြားရ၍ ဘဒွေးလေး အတင့်ရဲနေခြင်းသာဖြစ်သည်။

ထိုညက ဘဒွေးတစ်ယောက် သီချင်းလေးဆိုလိုက်၊ လေကလေး လိုက်နှင့် (၆၆)လမ်းကို ကူး၍ အရှေ့ အတိုင်း ဆက်ပြီးနင်းလာရာ (၆ လမ်းနား ရောက်ခါနီးတွင် နောက်မှ

'ဝုန်း...ဖလပ်... ဖလပ်...ရှပ်...ရှပ်
ရှဲ...ရှဲ...တောက်...တောက်'

ဆိုသည့် ဝုန်းခနဲ အသံကြီးနှင့်အတူ အသံမျိုးစုံနှင့် သမင်အော်သံလို ကြားလိုက်ရသည်။

ဘဒွေးလေး ရုတ်တရက် လန့်သွား ကာ နောက်သို့ စက်ဘီးနင်းရင်း လှည့်ကြည့်လိုက်မိသည်။

တစ်သက်နှင့်တစ်ကိုယ် ကြုံ



www.burmeseclassic.com

www.burmeseclassic.com

သည့်မြင်ကွင်းဖြစ်၍ ထိတ်လန့် တုန်လှုပ်ခြင်းများ ဖြစ်လာတော့သည်။

အကြောင်းမှာ ဝါးနှစ်ရိုက်သာသာလောက်တွင် နောက်မှ လိုက်လာသည့် **သမင်ခေါင်းပြတ်ကြီး**ကို လင်းထိန်နေသော လရောင်အောက်တွင် အထင်အရှား တွေ့လိုက် မြင်လိုက်ရသော ကြောင့်ဖြစ်သည်။

အမှန်တကယ်လည်း ထိုသမင်ခေါင်းပြတ်သည် ထနောင်းပင်ကြီးပေါ်မှ ဆင်းကာ လိုက်လာခြင်းဖြစ်သည်။ လူတစ်ရပ်သာသာ အထက်မှ လိုက်လာနေပြီး ဘဒွေးလည်း သောက်ထားသမျှ အမူးပြေသွားကာ စက်ဘီးကို အသားကုန်နင်းတော့သည်။

သို့သော် လူတို့၏သဘာဝ **"ကြောက်လေလေ ထိုအရာကို ကြည့်ချင်လေလေ"** ဆိုသည့် စကားအတိုင်း ဘဒွေးလည်း ကြောက်ကြောက်နှင့် စက်ဘီးစီးရင်း နောက်လှည့်ကြည့်ရာ ခန္ဓာကိုယ်မပါသော သမင်ခေါင်းပြတ်ကြီးသည် ဦးချိုတကားကားဖြင့် မျက်လုံးကြီးပြူးကာ အသံပေး၍ လိုက်လာမြဲ လိုက်လာလျက် ရှိသည်။

ဘဒွေးလည်း တတ်သမျှ မှတ်သမျှ ဘုရားစာတို့ကို ကပေါက်တိ ကပေါက် ချာရွတ်သည်။

(၂၂)လမ်းမှ အိမ်ရှိရာ လမ်းသွယ်လေးထဲသို့ ချိုးဝင်ခါနီး လှည့်ကြည့်လိုက်တော့ နောက်မှလိုက်လာသည့် အသံမျိုးစုံဖြင့် သမင်ခေါင်းပြတ်ကြီးသည် ပျောက်သွားခဲ့သည်။ ဆက်၍ လိုက်မလာတော့ပေ။

အိမ်နားရောက်ခါနီး စက်ဘီးဘဲလ်သံ တညံညံ တီးသံကို အဘွားကြားတော့ အလျင်အမြန် တံခါးထဖွင့်ပေးရှာသည်။ ထုံးစံအတိုင်း ကျန်သည့်



အိမ်သားများက အိပ်မောကျလျက်။

ဘဒွေးတစ်ယောက် အမောတကော နှင့် စက်ဘီးကို ဒေါက်ထောက်ကာ ရေအိုးစင်သို့ပြေး၍ ရေသောက်ရင်း မောနေပေသည်။ အဘွားမေးနေသည်ကို ပြန်မဖြေနိုင်သေး။ နောက်မှ ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်ရာ...

'အဲဒါကြောင့် ညဥ့်နက်သန်းခေါင် မနေပါနဲ့လို့ ငါ့သားကို အမ ပြောနေတာပေါ့ကွယ်၊ ခုတော့ တွေ့လာပြီ မဟုတ်လား'

အဘွားက ပြောပြောဆိုဆို သူ့လည်ပင်းမှာ အမြဲ ဆွဲထားသော သိမ်ဝင်ပုတီးကို ဖြုတ်၍ ဘဒွေးခေါင်းကို စွပ်ပေးလိုက်မှ ထိတ်လန့်တုန်လှုပ်မှုတွေ ပျောက်သွားတော့သည်။

*　　*　　*

ထိုညက ပုတီးကို အဘွားသို့ ပြန်ပေးပြီး ဘဒွေးလေး အိပ်ရာဝင်ခဲ့သည်။

ညက လိုက်ခဲ့သော သမင်ခေါင်းပြတ်ကြီးသည် အပြင်က အတိုင်းပင် ဘဒွေးလေးစက်ဘီးနောက်မှ လိုက်ကာ ပါးစပ်မှလည်း...

'ဟေ့ကောင်လေး နေပါဦး၊ ခဏလောက် စောင့်ပါဦး၊ ငါပြောစရာရှိလို့ပါ၊ မင်းကို ရန်မူဖို့ လိုက်တာ မဟုတ်ပါဘူး'

ဟု ပြောလည်းပြော လိုက်လည်း လိုက်နေရာ ဘဒွေးက ကြောက်ကြောက်နှင့် ပြန်မေးနေသည်။

'အဲဒါဖြင့် ဘာလို့လိုက်နေတာတုန်း၊ ပြန်ပါ ပြန်ပါ'

ဟု အော်ပြောတော့...

'ငါ လူ့ဘဝတုန်းက မုဆိုးပါကွာ၊ မင်း မြင်နေရတဲ့ ရှမ်းရိုးမတောင်တန်းတွေပေါ်မှာ ငါ အမဲလိုက်ခဲ့တာပါ၊ သမင်တစ်ကောင်ကို အရှင်လတ်လတ် ခေါင်းဖြတ်သတ်ခဲ့လို့ ဒီဘဝ ရောက်နေတာပါ၊ ဒီဒုက္ခကြီးက လွတ်အောင် ငါ့ကို ကူညီပါကွာ'

ဟု ပြောတော့ ဘဒွေးက...

'ဘယ်လို ကူညီရမလဲ ပြောပါ'

'ငါ့ကို ထနောင်းပင်မှာနေတဲ့ သမင်ခေါင်းပြတ်ကြီး၊ လူနာမည် မုဆိုးဖိုးထူးလို့ခေါ်ပြီး ဘုန်းကြီးသုံးပါးကို သင်္ကန်းသုံးစုံလှူ၍ ဆွမ်းကပ် အမျှဝေပေးပါကွာ'

ဟု ဆိုပြီး ပြောသည်။

ဘဒွေးက ကတ်သီးကတ်သတ်သမားဖြစ်၍ အိပ်မက်ထဲမှာလည်း...

'နေပါဦး... ခင်ဗျားက သမင်ခေါင်းပြတ်ဖြစ်ပြီး ဘယ့်နှယ် မုဆိုးတွေ ဖိုးထူးတွေ ပြောနေရတာလဲ၊ ပြီး... သမင်က ဘာလို့ လူစကား ပြောရတာလဲ'

မေးလိုက်တော့...

'ဒီကောင် လျှာရှည်လိုက်တာ၊ ငါ့ဘဝ ငါ့အကုသိုလ်ကံ အကျိုးပေးကြောင့်ပေါ့။ သမင်ခေါင်းပြတ်ဘဝ ရောက်နေတာလဲ ငါပဲ။

အဲ...ဒီဘဝမရောက်ခင် လူ့ဘဝ တောတိရစ္ဆာန်တွေကို ရက်ရက်စက်စက် သတ်ခဲ့တဲ့ မုဆိုးဖိုးထူးအဖြစ်နာမည်နဲ့တကွ သိနေတာလဲ ငါပဲပေါ့ကွာ။



www.burmeseclassic.com

www.burmeseclassic.com

ဘာကြောင့် ဒီလိုဖြစ်မှန်းတော့ ငါလဲ မသိတော့ပါဘူး။ မင်း ကတ်သီးကတ်ဖဲ့ မေးမနေနဲ့တော့၊ လုပ်ပေးမှာလား။ မလုပ်ပေးဘူးလား ဒါပဲပြောပါ'

အဲဒီတော့မှ ဘဒွေးလေးလည်း ဆက်မမေးတော့ဘဲ...

'ဟုတ်ကဲ့ လုပ်ပေးပါ့မယ်၊ သဘက် ခါ မနက်ပဲ ကျွန်တော့်မိခင်ကို အားလုံး စီစဉ်ဖို့ပြောပြီး ဆောင်ရွက်ပေးပါ့မယ်။ ခင်ဗျား ကျုပ်ကို ဒီပုံစံကြီးနဲ့ ထပ်ပြီး မခြောက်ပါနဲ့တော့ဗျာ'

'အေးပါ... ငါ ကတိပေးပါတယ် အမှန်က မင်းကို ခြောက်တာ လှန့်တာ မဟုတ်ပါဘူး။ မင်းကို အကူအညီ တောင်းချင်လို့ လိုက်လာတာပါ။ မင်းတို့သားအမိ ဆောင်ရွက်ပေးမယ် ဆိုလို့လဲ ငါဝမ်းသာပါတယ်ကွာ။ အဲဒီနေ့ကျရင် ငါ့ကိုသာ ခေါ်လိုက်ပါ'

လို့ ပြောပြီး သမင်ခေါင်းပြတ်ကြီး လဲ အိပ်မက်ထဲမှာ ပျောက်သွားတယ်။

ဘဒွေးလဲ အိပ်မက်က လန့်နိုးတော့ ချွေးစေးတွေပြန်ပြီး ကြောက်နေတယ်။

ဒါနဲ့ ဘုရားခန်းမှာ အိပ်နေတဲ့ အဘွားကို နှိုးပြီး ပြောပြလိုက်တယ်။ အဘွားက ထုံးစံအတိုင်း သိမ်ဝင်ပုတီး စွပ်ပေးပြီး ပရိတ်ရေမန်း တိုက်ရင်း က...

'ငဲ့သား... အိပ်မက်ထဲကအတိုင်း အမတို့ ဆောင်ရွက်ပေးကြတာပေါ့။ မကျွတ်မလွတ် သေးတဲ့ ဝေနေယျသတ္တဝါ ပရလောက သားတွေကို ကယ်တင်ပေးခြင်းကလဲ မြတ် သောကုသိုလ်ပါပဲ။

ငဲ့သားလေးလဲ အရက်သေစာ သောက် စားတာ ညဥ့်နက်ထိ လည်တာတွေလဲ လျှော့ပါတော့ သားရယ်'

အဘွားဆုံးမစကားကို ဘဒွေး ဒီ တစ်ခါတော့ ဆင်ခြေမတက်တော့ဘဲ လေးလေးစားစား နားထောင်ရင်း



အဘွားဖြစ်စေချင်တဲ့အတိုင်း ကတိ ပေးခဲ့တယ်။ အဲဒီအချိန်ကစ အရက် ကို ဖြည်းဖြည်းချင်း ဖြတ်လို့ ညဥ့်နက် အောင်လဲ ဘယ်တော့မှ မလည်တော့ ဘူးတဲ့လေ။

* * *

အဘွားနှင့် ဘဒွေးလေးတို့ ကယ် တင်ပြီးသည့်နောက်ပိုင်း သမင်ခေါင်း ပြတ်ကြီး ကျွတ်လွတ်သွားခဲ့သည်။

သို့သော် ထို ထနောင်းပင်ကြီးမှာ မှီတင်းနေထိုင်ကြသည့် မကျွတ် မလွတ်သေးသူ ဝေနေယျများနှင့် နှစ်ပေါင်းများစွာ အကုသိုလ်ကံ အကျိုး ပေးကြောင့် ရင့်သထက်ရင့်ကာ တစ္ဆေ ဘ၀ ရောက်နေသူများသည် ထိုအပင် ကြီးအောက်သို့ တစ်ယောက်တည်း၊ နှစ်ယောက်တည်းဖြတ်သူ (ညအချိန်) အပေါင်းအား ဆက်လက်၍ ခြောက် လှန့်နေခဲ့သည်။

ထိုထနောင်းပင်ကြီးမှ မကျွတ်လွတ် သူများအား နှစ်အတော်ကြာသည့်တိုင် ကယ်ချွတ်၍ မရခဲ့။ မည်သူမှလည်း ထနောင်းပင်ကြီးအား ခုတ်လှဲခြင်း မပြုသည်ကိုလည်း စဉ်းစားမရပေ။

ရဲသိပ္ပံ (ရွှေးယခင် ဆပ်ကျောင်း)သို့ ကျွန်မတို့ အရာရှိငယ် (ဒုတိယရဲအုပ်) သင်တန်းတက်ချိန် ၁၉၉၀ ပြည့်နှစ် နောက်ပိုင်း ကြမ်းမြို ကြမ်းလျှက်ပင်။

ကျွန်မတို့ သင်တန်းသူများ နေထိုင် မကောင်းဖြစ်၍ (၆၆)လမ်း အရှေ့ ဘက်ရှိ ရဲသိပ္ပံဆေးခန်းသို့ ညပိုင်း လိုင်းစစ်သွားသည့်အခါ ထိုထနောင်း ပင်ကြီးအောက်သို့ ဖြတ်သွားရသည်။

တစ်ယောက်တည်း၊ နှစ်ယောက် တည်း မသွားရဲသဖြင့် ဆရာ,ဆရာမ များ တအုပ်တမဖြင့် သွားကြရသည် အထိ အထင်ကရ နာမည် ကြီးခဲ့သော ထနောင်းပင်ကြီး ဖြစ်ပါသည်။

ယနေ့အချိန်မှာ လမ်းများပြုပြင် ဖောက်လုပ် ချဲ့ထွင်ခြင်းကြောင့် ထို ထနောင်းပင်ကြီးကိုလည်း မင်းမိန့်ဖြင့် အမြစ်ပါမကျန် တူးယူဖြိုလှဲ၍ မြေလှန် မြေသန့်လိုက်ပြီ ဖြစ်ပါသည်။

မည်သည့် ပရလောကသား လည်း ခွေးတစ်ကောင်၊ ကြောင်တစ်ပြီး မှ မတွေ့ရတော့ပေ။ လူအများ ည အချိန်မတော် သွားလာနေသော်လည်း ဘာအနှောင့်အယှက်မှ မရှိတော့ပေ။

တရားသဘောနှင့် ကြည့်မည်ဆို လျှင် ရှင်တော်မြတ်ဘုရား ဟောကြား တော်မူသကဲ့သို့ မုဆိုးဖိုးထူးသည် သံ ဖြစ်သည်။ သူပြုခဲ့သော မကောင်းမှု ကံ သည်သံချေးဖြစ်၍ သူ့ကို ဖျက်ဆီး ကာ အပါယ်ဘုံသို့ ပို့ဆောင်ခဲ့ခြင်းပင် ဖြစ်ပေတော့သည်။

အယသာဝ မလံ သမုဋ္ဌိတံ၊
အတုဋ္ဌာယ တမေဝ ခါဒတိ။
ဧဝံ အတိ ဓောန စာရိနံ
သာနိ ကမ္မာနိ ယန္တိ ဒုဂ္ဂတိံ။

သံကို သံမှ ဖြစ်သော သံချေး ဖျက်ဆီး၏။ မိမိပြုကျင့်သော မကောင်း မှုကံသည် မိမိကိုသာ အပါယ်သို့ ပို့ ဆောင်၏။ ***(ဓမ္မပဒ-မလဝဂ်)***

ယုလေး (ဥပဒေ)



www.burmeseclassic.com

www.burmeseclassic.com

# လက်ထောက် အကြောပြင်ပညာရှင်

သိရှိသူ သူ့ပညာဆက် အမွေခံများမှ ဖော်ထုတ်ပေးစေချင်

ဦးစိန်
(တိုးချောင်ကြီး)



မိမိတို့အရပ်ရှိ တိမ်မြုပ်လျက်ရှိသော တိုင်းရင်းဆေးပညာရှင်ကြီးများ၊ မြန်မာ တိုင်းရင်းဆေးပညာရပ်များကို မှတ်တမ်းတင်လိုပါသဖြင့် မိမိကိုယ်ပိုင်သော်လည်းကောင်း၊ တခြားပုဂ္ဂိုလ်တစ်ဦးဦးအားလည်းကောင်း လမ်းညွှန်ပေးပါရန် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီး၏ စာတည်းချုပ်မှ မေတ္တာရပ်ခံချက်အရ **လက်ထောက်အကြောပြင်ပညာရှင်ကြီး**အကြောင်းကို လမ်းညွှန်ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

စာရေးသူသည် အသက်(၃၀)နှစ်ခန့်အရွယ်က ဘယ်ဘက်ခြေထောက်နှင့် ဘယ်ဘက်လက်တို့ တစ်ပြိုင်တည်း မသန်စွမ်းသည့် အခြေအနေ ရောက်လာပါသည်။

ဘယ်ခြေထောက်မှာ ထုံနာကျဉ်နာ ခံစားနေရသည်မှာ ငယ်စဉ် ကျောင်းသား အသက်(၁၅)နှစ်အရွယ်လောက်မှ စတင် ခံစားနေရပါသည်။

အသက် (၂၅)နှစ်လောက်တွင် ရန်ကုန်ဆေးရုံကြီးတွင် ကုသခံယူရာ အနာကြီးရောဂါဟုဆိုကာ အနာကြီးရောဂါဌာနတွင် ကုသရပါသည်။

အလွန်အမင်း ရှက်ကြောက်လျက်ရှိပါသည်။ အသက်(၃၀)နှစ်အရွယ်တွင်တော့ ဘယ်ခြေထောက်မှာ လုံးဝ မသန်စွမ်းတော့ပါ။ ခြေဆာသွားပါတော့သည်။

ဘယ်လက်ကလည်း လက်ကောက်ဝတ်နေရာမှ မျက်နေပါသည်။ အလေးအပင် မ,မနိုင်တော့ပါ။

ရန်ကုန်ဘူတာကြီးမှ ဆူးလေဘုရားလောက်အကွာအဝေးကို (၅)ခါလောက်နားပြီးမှ လမ်းလျှောက်ရပါသည်။

ဘယ်ခြေထောက်မှာ မြေပြင်နှင့် လွတ်တော့ပါ။ ချိုင်းထောက်နှင့် သွားရမည့်ပုံ ရောက်လာပါတော့သည်။ ရုံးတွင် ခွင့်တင်၍ အိမ်တွင် နားနေရပါသည်။

စာရေးသူ ခြေနာနေကြောင်း ရုံးမှ လုပ်ဖော်ကိုင်ဖက်များက ကြားသိ၍ အိမ်သို့ လာရောက် သတင်းမေးကြပါသည်။ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်း ကိုရွှေသိန်းမှ ပြောကြားရာတွင်...

'**မော်လမြိုင်ကျွန်းမြို့မှ အကြောပြင် ဆရာကြီးဦးသိန်းမောင်**(အချိန်ကြာမြင့်ပြီးဖြစ်၍ ဆရာကြီး၏ နာမည်မှားယွင်းဖော်ပြမိပါက ခွင့်လွှတ်ပါရန် တောင်းပန်အပ်ပါသည်။) တောင်ဥက္ကလာပမှာ ရောက်နေတယ်။ မင်းသွားပြီး နှိပ်ခံကြည့်ပါလား။

တို့ရုံးက မတင်မြင့်နဲ့ မခင်မြင့်တို့ အဖေ လေဖြတ်ထားတာ (၇)နှစ်လောက်ကြာပြီ လမ်းမလျှောက်နိုင်ဘူး။ အဲဒီ ဆရာကြီးနဲ့ ကုလိုက်တာ အခု အိမ်ပေါ်မှာ လမ်းပြန်လျှောက်နိုင်ပြီ။

ဆရာကြီးက လက်ညှိုး၊ လက်မ၊ လက်ခလယ်တွေနဲ့ ထောက်ပြီး နှိပ်တာ လုံးဝ မနာဘူး။ အကြောပြင်ပညာရှင်ကြီးကွ။ မင်း ဆန္ဒရှိရင် ငါလိုက်ပို့ပေးမယ်။ ဆရာကြီးနဲ့ ငါလဲ ရင်းနှီးတယ်။ ဆရာကြီးတည်းခိုတဲ့အိမ်လဲငါသိတယ်'

သူငယ်ချင်း ကိုရွှေသိန်း ပြောကြားချက်ကြောင့် စာရေးသူလည်း ဆန္ဒရှိကာ နောက်နေ့တွင် သက်နှင်းကျွန်းနေအိမ်မှ ဆရာကြီး တည်းခိုရာ တောင်ဥက္ကလာပ(...)ရပ်ကွက် (တောင်ဥက္ကလာစေတီနှင့် မလှမ်းမကမ်းတွင် ရှိပါသည်။)နေအိမ်သို့ ဆိုက်ကားဖြင့် သွားကြပါသည်။

ကိုရွှေသိန်းမှာ ဆရာကြီးနှင့် ရင်းနှီးသဖြင့် အပ်နှံပေးပါသည်။

ဆရာကြီးက စာရေးသူ၏ ရောဂါအခြေအနေအကြောင်း မေးပါသည်။

စာရေးသူမှ အသက် (၁၅)နှစ်သားအရွယ်ကတည်းက ဘယ်ခြေကျင်းဝတ်တွင် ထုံနာကျဉ်နာဖြစ်နေကြောင်း၊ ဆရာဝန်တွေက အနာကြီးရောဂါဆိုကာ ကုသသော်လည်း လုံးဝ မပျောက်ကြောင်း၊ ယခု ဘယ်ခြေထောက်မှာ ဆာနေ၍ လမ်းကောင်းစွာ

www.burmeseclassic.com

မလျှောက်နိုင်ကြောင်း...

ဘယ် လက်ကောက်ဝတ်နေရာမှ မျက်နေကြောင်း၊ အလေးအပင်ကို လုံးဝ မ,မနိုင်ကြောင်း ပြောကြားရာ ဆရာကြီးက စာရေးသူအား ရှေ့သို့ တိုးထိုင်ရန် ပြောကြားပါသည်။

ဆရာကြီးသည် စာရေးသူအား သွေးလေ ခွဲကြည့်မည်ဟု ပြောကာ သူ၏လက်ညှိုးနှင့် နဖူးသို့ တစ်ချက် ထောက်ပါသည်။ လည်တိုင်ဘေးကြောသို့ တစ်ချက်ထောက်ပါသည်။ ပုခုံးစွန်းသို့ တစ်ချက်ထောက်လိုက်ပါသည်။

နောက်ဆုံး ဘယ်ခြေထောက်၏ ခြေမျက်စိအောက်မှာ အကြောတစ်ခုသို့ ထောက်လိုက်ပါသည်။ ထောက်ပုံထောက်နည်းမှာ ရိုးရိုးထောက်ပုံ မဟုတ်ပါ။ ထောက်၍ လှည့်လိုက်သည့်ပုံစံ ဖြစ်ပါသည်။

ဆရာကြီးက အောက်ပါအတိုင်း မှတ်ချက်ပေးပါသည်။

'ဘယ်ခြေထောက်ကတော့ ခြေသလုံးကြောက သိမ်သွားပြီ၊ လုံးဝ ကောင်းအောင် မကုနိုင်တော့ဘူး။ ဒါပေမယ့် သုံးရက်အတွင်း မင်း လမ်းလျှောက်နိုင်ရမယ်။ ဆိုက်ကားစီးစရာ မလိုဘူး။ ဘယ်လက်ကတော့ လုံးဝပြန်ကောင်းရမယ်။ ပျောက်မယ်ကွာ။ အာမခံတယ်။

အနာကြီးရောဂါ မဟုတ်ပါဘူးကွာ။ ယောက်ျားဆိုတော့ **ဒူလာနဲ့ ယှဉ်ဖြစ်တာကွ။ သွက်ချာပါဒ ရောဂါပါ။** စောစောက သိရင် အခုလောက်ဆို ပျောက်ကင်းပါပြီ'

ဆရာကြီး၏ အာမခံချက်ကြောင့် စာရေးသူသည် အလွန်အမင်း ဝမ်းသာသွားပါသည်။ ဆက်၍ ကုသမည်ဖြစ်ကြောင်း ကတိပေး၍ ကုသမှု ခံယူခဲ့ပါသည်။

ဆရာကြီး၏ အကြောပြင်ကုသပုံမှာ တွေ့ဖူး၊ ကြုံဖူးသော အနှိပ်သည်များ နှိပ်ပုံနှင့် လုံးဝ မတူညီပါ။

နှိပ်လိုသော အကြောလေးများကို **လက်ညှိုး၊ လက်ခလယ်၊ လက်မတို့ဖြင့်သာ** အသာလေး ဘယ်လှည့်၊ ညာလှည့်ထောက်၍ ထောက်သွားရုံသာ ရှိပါသည်။ လုံးဝ နာကျင်ခြင်း မရှိပါ။

ပထမရက် ကုသပြီး ဆိုက်ကားနှင့် ပြန်တော့ စိတ်ထဲက ဆရာကြီး ကုသပုံကလည်း လုံးဝမနာဘူး။ လက်ချောင်းလေးတွေနဲ့ ထောက်သွားရုံတစ်မည်ပဲ၊ ပျောက်မှ ပျောက်ပါ့မလား။ ဟုတ်မှ ဟုတ်ပါ့မလားဟု သံသယ ဝင်မိသည်မှာ အမှန်ပါ။

နောက်နေ့ နံနက်တွင်တော့ ခြေထောက် ဝေဒနာမှာ သက်သာသလို ဖြစ်လာပါသည်။ ဒုတိယမြောက်နေ့အဖြစ် ဆရာကြီးထံသို့ ဆိုက်ကားစီး၍သာ သွားခဲ့ပါသည်။

ဆရာကြီးထံရောက်သော် ရောဂါအခြေအနေ မေးပါသည်။ အနည်းငယ် သက်သာလာပြီဖြစ်ကြောင်းနှင့် ဆိုက်ကားစီး၍လာကြောင်း ပြောကြားရာ ဆရာကြီးက...

'အခု ထပ်နှိပ်လိုက်မယ်။ မင်းပြန်ရင် ဆိုက်ကားမငှားဘဲ ကိုယ်တိုင်လမ်းလျှောက်သွား။ ဆက်မသွားနိုင်တော့မှ ဆိုက်ကားငှား။ နောက်နေ့လာရင် ဆိုက်ကားနဲ့ မလာနဲ့တော့၊ ခြေကျင်လျှောက်လာတော့'

ဟု တစ်ဆက်တည်း ပြောကာ ကုသပေးပါတော့သည်။

ဆရာကြီး ပြောကြားချက်မှာ အားလုံး မှန်ကန်ပါသည်။ အပြန်တွင် သဃ်န်းကျွန်းသို့ ဆိုက်ကားမငှားဘဲ လမ်းလျှောက်ပြန်ခဲ့ပါသည်။

နောက်နေ့တွင်လည်း သဃ်န်းကျွန်းမှ ဆရာကြီးတည်းခိုရာ တောင်ဥက္ကလာပအိမ်သို့ ခြေကျင်လျှောက်လာနိုင်ပါတော့သည်။

စာရေးသူသည် ဆရာကြီးနှင့် (၁၀)ရက်ခန့် အနှိပ်ခံကုသမှု ခံခဲ့ရပ[ါ] သည်။ တကယ်တော့ ဆရာကြီးသည် လက်နှိပ်သည်မဟုတ်ပါ။ လယ်သမား ကြီးတစ်ဦးပါ။ လယ်လုပ်ကိုင်စား သောက်နေသူ တစ်ဦးပါ။

လယ် ခေတ္တနားချိန် တော်သလင်း လလောက်တွင် ရန်ကုန်မြို့ တောင်ဥက္ကလာပရှိ ဆွေမျိုးများထံ ခေ[တ္တ] ရောက်လာခြင်း ဖြစ်ပါသည်။

ရောဂါ ကုသရာတွင်လည်း ရော[ဂါ] သည်များထံမှ ကုသခ မည်ရွေ့ မည်[မျှ] ပေးရမည်ဟု လုံးဝမပြောပါ။ စေတ[နာ] အလျောက် ကန်တော့ခံကိုသာ လက်[ခံ] ပါသည်။

ရန်ကုန်တွင် ဆရာကြီးနှင့် ကုသ[၍] ပျောက်ကင်းသူ အများအပြား ရှိ[ပါ] သည်။ ဆရာကြီး ရောက်မှန်းသိ[ကာ] စာရေးသူကဲ့သို့သော ဝေဒနာရှင်[များ] ရောက်လာကြပါသည်။

တစ်ဦးကို မိနစ်(၂၀)ခန့်မျှ [...] အောင် လက်ထောက်၍ ကုသပေ[း...] သည်။

တစ်ရက်တွင် စာရေးသူအား [...] ပေးနေခိုက် တိုင်းရင်းသားတ[...] ရောက်လာကာ ဆရာကြီးအတွ[က်] လက်ဆောင်ပစ္စည်းများ ပေးပါသ[ည်။]

အာလာပသလ္လာပ စကား[...] ပြောဆိုပြီးနောက် ပြန်သွားပါသ[ည်။] စာရေးသူက ကုသခြင်းမခံဘဲ [...] သွားရခြင်းအကြောင်း မေး[...] ဆရာကြီးက...

'ဒီကောင်က မနှစ်က အုကျ[...] ရောက်လာတာကွ။ ဆေးရုံတက် [...]



www.burmeseclassic.com

www.burmeseclassic.com

ကုသရမယ် ဆိုတာကြောင့် ကြောက်လို့ ရောက်လာတာ။

ငါက သွေးလေစမ်းကြည့်တော့ ခွဲစရာ မလိုဘူး။ ငါ နှိပ်ပေးရင် ပျောက်ရမယ်ဆိုပြီး ကုပေးလိုက်တာလေ။ အခု ပျောက်သွားလို့ ကျေးဇူးတင်ကြောင်း လာပြောတာကွ။ မခွဲရ တော့ဘူးလေ'

တစ်နေ့တွင် အသက်(၃၀)ကျော် အရွယ် အမျိုးသမီးတစ်ဦးအား ဘေး တိုက် လဲလျောင်းစေပြီး ဆရာကြီးက လက်ညှိုးဖြင့် နဖူးတွင်တစ်ချက်၊ ခြေမျက်စိအောက်နားရှိ အကြောအား တစ်ချက်ထောက်၍ နှိပ်လိုက်ရာ အဆို ပါ မိန်းမရွယ်သည် နတ်ဝင်သကဲ့သို့ တဆတ်ဆတ် တုန်နေပါသည်။

ထို့နောက် ဆရာကြီးက ပြန်နှိပ် လိုက်ရာ ပုံမှန်အတိုင်း ပြန်ဖြစ်သွားပါ သည်။ ယင်းမိန်းမရွယ် ပြန်သွားတော့ ဆရာကြီးက စာရေးသူအား အောက် ပါအတိုင်း ပြောပြပါသည်။

'ဒီကောင်မလေးက လက်ချောင်းလေးတွေ ကွေးနေတယ်။ လက်ဖြန့်လို့ မရဘူး။ မနှစ်က ငါနှိပ်ပေးလိုက်တာ လက်တွေဖြန့်လို့ ကိုင်လို့ ရလာပြီလေ။ ဒါကြောင့် ငါရောက်မှန်းသိလို့ ထပ်လာသူပေါ့'

စာရေးသူသည် ဤဆရာကြီးနှင့် ကုသနေကြောင်း စာရေးသူ၏မိတ်ဆွေ (ဆုံအုပ်)ဦးခင်မောင်ဝင်း(ငြိမ်း) တိုင်း ရင်းဆေးပညာ(ရုံးချုပ်) သိရှိသွားရာ သူနှင့်အတူ အခြားတိုင်းရင်းသမား တော်များပါ ဆရာကြီး၏ ပညာအား လာရောက် လေ့လာသွားခဲ့ကြပါ သည်။

စာရေးသူသည် ဆရာကြီးနှင့် (၁၀) ရက်ခန့် ကုသနေစဉ် ဆရာကြီးက...

'ကဲ... ငါလဲ လယ်တောပြန်ဆင်းရဦးမယ်။ အခု မင်း လမ်းတော့ လျှောက်နိုင်ပြီ။ လက်ကလဲ ပြန်ကောင်းစေရမယ်။ ငါ ပြမယ့် အကြောလေးတွေကိုသာ ပြန်နှိပ် လုံးဝ ကောင်းသွားရမယ်'

ဟု ဆိုကာ နှိပ်ရမည့် အကြောလေး များအား စာရေးသူအား ပြသပေး သွားပါသည်။ စာရေးသူမှ ဆရာကြီး ပြသခဲ့သော အကြောလေးများကို နေ့စဉ် ဆက်နှိပ်ပေးရာ (၅)ရက်လောက် အကြာတွင် လက်မှာ လုံးဝကောင်း သွားပါတော့သည်။

ဆရာကြီးထံမှ ရလိုက်သော နှိပ် နည်းဖြင့် အောက်ပါဝေဒနာရှင် (၄)ဦး အား စမ်းသပ်နှိပ်ကြည့်ရာ သက်သာ ကြောင်းကို တွေ့ဖြစ်ပါသည်။

မန္တလေးမှ ဦးပဥ္စင်း ဦးဇောတိက ကျောင်းနံရံမှ မှန်တံခါး ဖုန်မှုန့်တက် သုတ်ရာ လိမ့်ကျ၍ လက်တံတောင် ဆစ် ပြန်လည် ဆန့်တန်းမရခြင်းအား နှိပ်ပေးခဲ့ခြင်းနှင့် ညောင်လေးပင်မြို့မှ လေဖြန်းသူနှစ်ဦးအပြင် စာရေးသူ၏ ဇနီးမှာလည်း (၂)ကြိမ်ဖြန်း၍ နှိပ်ပေး ခဲ့ဖူးပါသည်။

ဆရာကြီး၏နှိပ်နည်း ထူးခြားချက် တွင် လက်ညှိုး,လက်ခလယ်နှင့် ဘယ် ညာလှည့်ခြင်း။ လုံးဝ နာကျင်မှုမရှိ ခြင်း။ ဆရာကြီးနှင့် ကုသနေစဉ်အတွင်း မည်သည့် အကြောလိမ်းဆေးမှ မလိမ်း ရန် ကန့်ကွက်ထားခြင်း။

ဆရာကြီးကိုယ်တိုင် ဖော်စပ်ထား သော လိမ်းဆေးကိုလည်း မတွေ့မမြင် ရခြင်း၊ ပျောက်စေဆရာကြီးလည်း မဟုတ်ခြင်း၊ လက်ထောက် အကြော ပြင်ဆရာ တစ်ဦးသာ ဖြစ်ပါသည်။ အခြားအနှိပ်သည် ပညာရှင်များ နှိပ် နည်းနှင့် လုံးဝမတူညီပါ။

ဆရာကြီးက သူ့အား **ရောဝတီ တိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်း မြို့တွင် လူသိများကြောင်း၊** စုံစမ်း နိုင်ကြောင်းလည်း ပြောပြသွားပါသည်။

**ယခုအချိန်တွင်တော့ ဆရာကြီး သည် အသက်ရှင်လျက် ရှိပါက သက်တမ်း (၁၀၀)ကျော်လောက် ပါပြီ။** စာရေးသူပင် အသက်(ရ၁)နှစ် ရှိနေပါသည်။ ခြေဆာနေခြင်းသာ ရှိပါ သည်။ လက်ကတော့ လုံးဝ ကောင်း မွန်နေပါသည်။

ဆရာကြီး၏ ပညာအား မိသားစု တွင်းမှ လည်းကောင်း၊ အခြား အမွေ ဆက်ခံမည့် တပည့်များတွင်လည်း ကောင်း ဆက်လက်ထိန်းသိမ်းကောင်း ထိန်းသိမ်းဖွယ် ရှိပါကြောင်း လမ်းညွှန် ရေးသားလိုက်ပါသည်။

**ဦးစိန်(တိုးချောင်ကြီး)**

**စာရှုသူ...သူတော်သီ...ပညာရှင်တို့ခင်ဗျား...**

ယခုဆောင်းပါးကို ဖတ်ပြီး ဖြစ်ပါလိမ့်မည်။ ဤဆောင်းပါးရှင်မှာ ရှေးဦး မစ္စကယ် ဤအကြောပညာရှင်ကြီးနှင့်တွေ့က ခြေဆာခြင်းမှာ လုံးဝ ပျောက်ကင်း သွားမည်ဟု ယုံကြည်ပါသည်။

ဤဖြစ်ရပ်ကို သင်ခန်းစာယူ၍ **အနာရှင်ဆေး** (သို့မဟုတ်) **အနာရှင်ဆရာ** တွေ့ဖို့ အရေးကြီးလှပါသည်။

သို့ဖြစ်၍ မိမိတို့ဒေသရှိ ရှက်ပုန်းသီး ဆေးပညာရှင်၊ အကြောပညာရှင်ကြီး များအား သိရှိပါက ရေးသားလမ်းညွှန် ဖော်ထုတ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

လေးစားစွာဖြင့်...

**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**




www.burmeseclassic.com

www.burmeseclassic.com

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအတွင်း

# လာဘ်လာဘ

ရွှင်လန်းကြဖို့



အောက်တိုဘာလတွင် လာဘ်လာဘ ရွှင်လန်းစေရန် (မွေးလ)ရာသီအလိုက် အောက်ပါအတိုင်း ယကြာပြုပါ။

**◎ မိဿရာသီဖွား(မတ်လ ၂၁ရက်မှ ဧပြီလ ၂၀ ရက်အတွင်းမွေးသူ)**

ကံ့ကော်ညွန့်(၁)ညွန့်၊ အုန်းလက်(၁)ရွက်၊ ဆီးညွန့်(၁)ညွန့်၊ သောက်တော်ရေ(၂)ခွက်တို့ကို အများပူဇော်သည့်စေတီတွင် သောကြာဂြိုဟ်တိုင်အနီးမှ ကပ်လှူပါ။ ကြာသပတေးနေ့တွင် လှူဒါန်းရန်ဖြစ်သည်။

**◎ ပြိဿရာသီဖွား(ဧပြီလ ၂၁ ရက်မှ မေလ ၂၀ ရက်အတွင်းမွေးသူ)**

အုန်းညွန့်(၄)ရွက်၊ ကြာပန်း(၄)ပွင့်၊ ရွက်လှ(၄)ညွန့်၊ ဖယောင်းတိုင်(၁)တိုင်တို့ကို အင်္ဂါနေ့တွင် အများကိုးကွယ်သော စေတီပုထိုး၌ ကြာသပတေးဂြိုဟ်တိုင်မှ ကပ်လှူပါ။

**◎ မေထုန်ရာသီဖွား(မေလ ၂၁ရက်မှ ဇွန်လ ၂၀ရက်အတွင်း မွေးသူ)**

သရက်ညွန့်(၆)ညွန့်၊ သီဟိုဠ်ညွန့်(၆)ညွန့်၊ စံပယ်(၆)ပွင့်နှင့် ဆွမ်းထမင်း(၄)ပန်းကန်တို့ကို ဗုဒ္ဓဟူးနေ့တွင် အများဆည်းကပ်ပူဇော်သည့် စေတီပုထိုး၌ တနင်္ဂနွေဂြိုဟ်တိုင်မှ ကပ်လှူပါ။

**◎ ကရကဋ်ရာသီဖွား(ဇွန်လ ၂၁ ရက်မှ ဇူလိုင်လ၂၁ရက်အတွင်း မွေးသူ)**

ဥသျှစ်ညွန့်(၃)ညွန့်၊ ပိတောက်ညွန့်(၃)ညွန့်၊ ဇော်စိမ်းပန်း(၃)ညွန့်၊ ယပ်တောင်(၆)လက်တို့ကို စနေနေ့တွင် လူအများ ပူဇော်သည့် ဘုရားစေတီ၏ အင်္ဂါဂြိုဟ်တိုင်မှ ကပ်လှူပါ။

**◎ သိဟ်ရာသီဖွား(ဇူလိုင်လ ၂၂ ရက်မှ ဩဂုတ်လ ၂၁ရက်အတွင်း မွေးဖွားသူ)**

နှင်းဆီပန်း(၅)ပွင့်၊ ခရေပန်း(၅)သို့မဟုတ် ခရေညွန့်(၅)ညွန့်၊ မေမြို့ပန်း(၅)ပွင့်နှင့် သောက်တော်ရေ(၃)ခွက်တို့ကို တနင်္ဂနွေနေ့တွင် စေတီပုထိုးတစ်ဆူ၏ စနေထောင့်မှ ကပ်လှူပါ။

**◎ ကန်ရာသီဖွား(ဩဂုတ်လ ၂၂ ရက်မှ စက်တင်ဘာလ ၂၁ရက်အတွင်း မွေးဖွားသူ)**

ပေါက်ပန်းဖြူညွန့်(၇)ညွန့်၊ သီဟိုဠ်ညွန့်(၇)ညွန့်၊ စွယ်တော်ညွန့်(၇)ညွန့်နှင့် ဖယောင်းဆီမီး(၅)တိုင်တို့ကို တနင်္လာနေ့တွင် စေတီပုထိုးတစ်ဆူ၏ တနင်္လာဂြိုဟ်တိုင်အနီးမှ ထွန်းညှိပူဇော်ပါ။

**◎ တူရာသီဖွား (စက်တင်ဘာလ ၂၂ ရက်မှ အောက်တိုဘာလ ၂၂ရက်အတွင်းမွေးဖွားသူ)**

ပိတောက်(၁၀)ညွန့်၊ အုန်းလက်(၁၀)ရွက်၊ စွယ်တော်(၁၀)ညွန့်နှင့် ဆွမ်းတော်ထမင်း (၇)ပန်းကန်တို့ကို အများပူဇော်သည့် ဘုရားစေတီ ဗုဒ္ဓဟူးဂြိုဟ်တိုင်၌ သောကြာနေ့တွင် ကပ်လှူပူဇော်ပါ။

**◎ ဗြိစ္ဆာရာသီဖွား (အောက်တိုဘာလ ၂၃ ရက်မှ နိုဝင်ဘာလ ၂၁ ရက်အတွင်း မွေးဖွားသူ)**

စွယ်တော်ညွန့်(၅)ညွန့်၊ အုန်းလက်(၅)ရွက်၊ အောင်သပြေ(၅)ခက်နှင့် ယပ်တောင်(၁၀)လက်တို့ကို သောကြာနေ့တွင် လူအများ ပူဇော်သည့် ဘုရားပုထိုး၌ ဗုဒ္ဓဟူးဂြိုဟ်တိုင်မှ ကပ်လှူပါ။

**◎ ဓနုရာသီဖွား (နိုဝင်ဘာလ ၂၂ ရက်မှ ဒီဇင်ဘာလ ၂၀ ရက်အတွင်း မွေးဖွားသူ)**

ဩဇာညွန့်(၃)ညွန့်၊ အောင်သပြေ(၃)ညွန့်၊ ဥသျှစ်ညွန့်(၃)ညွန့်နှင့် သောက်တော်ရေ(၅)ခွက်တို့ကို အင်္ဂါနေ့တွင် ဘုရားစေတီတစ်ဆူ၏ တနင်္ဂနွေဂြိုဟ်တိုင်မှ ကပ်လှူပါ။

**◎ မကာရရာသီဖွား(ဒီဇင်ဘာလ ၂၁ ရက်မှ ဇန်နဝါရီလ ၁၉ ရက်အတွင်း မွေးသူ)**

နှင်းဆီပန်း(၆)ပွင့်၊ ကံ့ကော်ညွ... (၆)ညွန့်၊ သီဟိုဠ်ညွန့်(၆)ညွန့်နှင့် ဆီ... ဖယောင်းတိုင်(၃)တိုင်တို့ကို တနင်္ဂ... နေ့တွင် စေတီပုထိုးတစ်ဆူ၏ စ... ထောင့်မှ ကပ်လှူပါ။

**◎ ကုံရာသီဖွား (ဇန်နဝါရီလ ၂... ရက်မှ ဖေဖော်ဝါရီလ ၁၈ရ... အတွင်း မွေးသူ)**

ဥသျှစ်ညွန့်(၈)ညွန့်၊ ပိတောက်ညွ... (၈)ညွန့်၊ ခရေညွန့်(၈)ညွန့်နှင့် ဆွ... ထမင်း(၆)ပန်းကန်တို့ကို ဘုရားစေ... တစ်ဆူ၏ အင်္ဂါထောင့်မှနေ၍ ကပ်... ပါ။ စနေနေ့တွင် ကပ်လှူရန်ဖြစ်သ...

**◎ မိန်ရာသီဖွား (ဖေဖော်ဝါရီလ ... ရက်မှ မတ်လ ၂၀ရက်အတ... မွေးသူ)**

ခရေညွန့်(၂)ညွန့်၊ ဩဇာညွန့်... ညွန့်၊ ငုညွန့်(၂)ညွန့်နှင့် ယပ်တော... (၈)ခုတို့ကို လူအများ ပူဇော်... စေတီတစ်ဆူ၏ တနင်္လာဂြိုဟ်တို... ကြာသပတေးနေ့၌ ကပ်လှူပါ။

ထိုကဲ့သို့ ကပ်လှူပြီးနော... ငွေကြေးလာဘ်လာဘများ ဝေဆ... သောကပြဿနာ နည်းပါးစေ... သမ္မာဒေဝများအား တိုင်... ဆုတောင်းရန်ဖြစ်သည်။

ထက်မင်းကျော်ဖွာ



www.burmeseclassic.com

www.burmeseclassic.com

### နတ်ဝှက်တာအပြင်၊ နွယ်ဝှက်တာလဲ ရှိပါတယ်

၂၀၁၄ ခုနှစ်၊ မတ်လထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် **မောင်လေးကေ (ဘီးလင်း)၏ နတ်ဝှက်မှု ဆောင်းပါး**ကို ဖတ်ရပါသည်။ မြန်မာ့ နယ်ပယ်တွင် နတ်ဝှက်သည်ဟု ဆိုလျှင် မည်သို့ဖြစ်သည်ကို သိကြပါသည်။ ဖြစ်ရသည့်အကြောင်းမှာ အများအယွင်း တစ်ခုခု မှုမိခြင်းနှင့် လိပ်ပြာငယ်သေးသော (၁၂)နှစ်အောက် ကလေးများတွင် အများဆုံး တွေ့ရပါသည်။

ထိုသို့ဖြစ်လာလျှင် ဆိုင်ရာပိုင်ရာတို့ကို အုန်းပွဲ၊ ငှက်ပျောပွဲ၊ ဖယောင်းတိုင်၊ အမွှေးတိုင်တို့ဖြင့် ပသ တောင်းပန်လျှင် ပြန်တွေ့သည်ဟုလည်း သိရပါသည်။

အများအားဖြင့် နတ်ဝှက်သည်ကို သိကြသော်လည်း နွယ်ဝှက်သည်ကို သိသူ နည်းပါးပါမည်။




# ရှူးတောင်ရွှေတော

ပြောချင်ပြချင်

**အချို့တောများတွင် သစ်ပင်အခြေမှ ပင်ကို နွယ်တက်နေသော နွယ်ပင်တွင် လုံးကွဲကာ တံခါးပေါက်သဏ္ဍာန် ဖြစ်ပြီး အပေါ်ရောက်မှ နွယ်ပင်(၁)ပင်တည်း ပြန်သွားကာ နွယ်ပိုင်းဖြစ်နေပါသည်။**

နွယ်ဝှက်မှုနှင့် ပတ်သက်၍ ကျွန်တော့်ကိုယ်တွေ့ အချို့ကို ဖော်ပြပါမည်။ ၂၀၀၅ ခုနှစ်၊ ကျွန်တော် ဘောလခဲခရိုင် အုပ်ချုပ်ရေးမှူး တာဝန် ထမ်းဆောင်စဉ်က **ဘောလခဲ၊ ဖားဆောင်း၊ မယ်စဲ့၊ မယ်ဆည်နမ်**၊ ရွာသစ်၊ မော်ချီးမြို့များသည် ဘောလခဲခရိုင်အတွင်း ပါဝင်သဖြင့် အဆိုပါမြို့များသို့ တာဝန်အရ မကြာမကြာ သွားရပါသည်။

တစ်နေ့တွင် ဖားဆောင်းမှ သံလွင်မြစ်ကို ဖြတ်၍ မယ်စဲ့သို့ မော်တော်ယာဉ်ဖြင့် သွားရာလမ်းတွင် မယ်ဆည်နမ် မုန့်ဆိုင်၌ ခေတ္တနားပါသည်။ နားသည့်ဆိုင်တွင် တပ်မတော်မှ တပ်ခွဲမှူး(၁)ဦးနှင့် စစ်သည် အနည်းငယ်ရှိပြီး ဖြစ်စဉ်ကို မေးကြည့်ရာ ယနေ့ နေ့လယ်တွင် လုံခြုံရေး တာဝန်ကျသည့် တပ်ခွဲသည် တောတွင်းလမ်းမှ မယ်ဆည်နမ်သို့ အလာလမ်းတွင် ဒုဗိုလ်(၁)ဦးသည် အခင်းသွားရန် အတွက် လမ်းဘေးတောသို့ ဝင်သွား

www.burmeseclassic.com

ကြောင်း...

ကျန် စစ်သည်များ တောလမ်း၌ပင် စောင့်ဆိုင်းနေကြောင်း၊ အချိန် အတော်ကြာသည့်အထိ ထိုအရာ ရှိ ပြန်မလာ၍ ရဲဘော်အချို့ တောတွင်း လိုက်ရှာရာ ရှာမတွေ့တော့ကြောင်း၊ တောမှာလည်း အတော်ထူ ကြောင်း...

ရဲဘော်များ လှုံ့ဆော်ရှာနေပြီဖြစ်ကြောင်း၊ တပ်ခွဲမှူးနှင့် ရဲဘော်အချို့မှာ ရွာတွင်း ဈေးဆိုင်မှ စောင့်ဆိုင်းနေကြောင်း တွေ့ရပါသည်။ တပ်အမည်ကို ပြောပြ သော်လည်း မမှတ်မိတော့ပါ။ ရှမ်း/ မြောက်ရှိ စကခ လက်အောက်ခံတပ် ဟူ၍သာ မှတ်မိပါသည်။

ကျွန်တော် မယ်စဲ့မြို့တွင် (၃)ရက် လုပ်ငန်းတာဝန်များ ထမ်းဆောင်ပြီး နောက် မော်တော်ယာဉ်ဖြင့် ဖားဆောင်း သို့ ပြန်လာရာတွင် မယ်ဆည်နမ်မှ ဆိုင်တွင် ခေတ္တနားပြီး ဒုဗိုလ်ပျောက် ဆုံးသည့်ကိစ္စကို မေးရာ ဖြစ်စဉ်ကို သိရပါသည်။

ဖြစ်စဉ်မှာ ထိုအရာရှိကို နောက် တစ်နေ့ နံနက်တွင် စတင်ဖြစ်ပွားသည့် နေရာနှင့် (၇)မိုင်ခန့်ဝေးသော တော လမ်းတစ်နေရာ၌ တောင်ယာသမားတို့ သတင်းပေးမှုကြောင့် တွေ့ရကြောင်း။ တွေ့သည့်အချိန်တွင် ကုန်းကမူ(၁)ခု ပေါ်တွင် ထိုင်နေပြီး အသိလွတ်ကင်း နေကြောင်း၊ ရဲဘော်များက လှုပ်ရမ်း မေးမြန်းမှ တဖြည်းဖြည်း အသိပြန်ဝင် လာကြောင်း...

ထို့နောက် စခန်းချရာ မယ်ဆည်နမ် သို့ ခေါ်လာပြီး မေးမြန်းရာ ထိုအရာရှိ က ပြောသည်မှာ မိမိသည် အခင်းသွား ရန်အတွက် တောတွင်း ဝင်သွားပြီး နောက် သစ်ပင်ကြီးတစ်ပင် အောက်



တွင် တံခါးပေါက်ကဲ့သို့ ဖြစ်နေသော လူတစ်ဦးဝင်နိုင်သည့် နွယ်ကွင်းကြီးမှာ မမြင်ဘူးသဖြင့် ကိုင်ကြည့်ပြီး ထိုနွယ် ကွင်းထဲသို့ ဝင်လိုက်ကြောင်း...

ဝင်ပြီးသည့် အချိန်မှစ၍ အသိလွတ် ကင်းသွားကြောင်း၊ ဆာလောင်ခြင်း၊ အိပ်လိုခြင်းမရှိဘဲ လျှောက်လာရာ မှောင်လာပြီး ပင်ပန်းလာသဖြင့် ကုန်း ကမူပေါ်တွင် ထိုင်လိုက်ရာ အချိန် မည်မျှ ကြာသည်မသိ၊ ရဲဘော်များ လှုပ်ရမ်းမှသာ အသိပြန်ဝင်လာ ကြောင်း ပြောပြပါသည်။ ထိုအရာရှိ ပြန်တွေ့ရန်အတွက် ပူဇော်ပသမှုလုပ် သည်၊ မလုပ်သည်ကိုတော့ မသိခဲ့ပါ။

**ဒုတိယဖြစ်စဉ်ကို ဖော်ပြပါမည်။**

ဘောလခဲမြို့မှ ရွာသစ်မြို့နယ်ခွဲသို့ သွားသော ကားလမ်းဘေးရှိ တောကြီး မှာ လွန်စွာ ထူထပ်လှပြီး သစ်ပင်ကြီး များသည် အလွန်မြင့်မားကာ အပင် များတွင် တွဲလဲကျနေသော နွယ်ပင် များမှာလည်း ကြသောင်းဝါးအရွယ်မှ ဝါးပိုးဝါးအရွယ်ထိရှိရာ ဤမျှကြီးသော နွယ်ပင်ကို မမြင်ဘူးသော ကျွန်တော် မှာ အံ့သြရပါသည်။

ရွာသစ်မြို့နယ်ခွဲတွင် တည်ဆောက် ရေးလုပ်ငန်းများကို ရက်အတန်ကြာ သည့်အထိ လုပ်ရသည်ဖြစ်ရာ တစ်ရက်တွင် သံလွင်မြစ်ကမ်းဘေး ဆွတ်ပိုင်တောတွင် ငါးရှာ၊ သစ်ခုတ် သောမိသားစုမှ အသက်(၂၀)ခန့် အရွယ်ရှိသော သားငယ်သည် တော ထဲသို့ သစ်ခုတ်ရန် သွားစဉ် ညနေထိ ပြန်မလာ၍ မိဘများက သက်ဆိုင်ရာ သို့ သတင်းပို့ကြပါသည်။

ညအချိန်ရောက်ပြီမို့ ဆွတ်ပိုင် တောထဲသို့ မည်သူမျှ မသွား ရဲတော့ပါ။ နောက်တစ်နေ့နံနက်တွင် ရွာသားများ စုရုံးပြီး တောတွင်းအ လိုက်ရှာရာ မတွေ့ပါ။ ညနေပိုင်းတွင် တောထဲ၌ မနေရဲသဖြင့် ရွာသို့ ပြ လာပါသည်။

ထိုညက ရွာထဲမှ အသက်အရွယ် ကြီး၊ အတွေ့အကြုံရှိသော ပုဂ္ဂိုလ်(၁ ဦးက ဤလူငယ်သည် ငယ်စဉ်ကတည် က ဤတောထဲတွင် ကြီးပြင်းခဲ့သူဖြစ် မိမိရွာသို့ ပြန်မလာတတ်စ အကြောင်းမရှိကြောင်း၊ အများအယူ ရှိ၍သာ ရှာမတွေ့ခြင်း ဖြစ်နိုင်ကြောင်

နောက်တစ်နေ့တွင် ကန်တော့ လက်ဖက်ပွဲတို့ဖြင့် ဆိုင်ရာပိုင်ရာ ပုဂ္ဂို များကို ပသပြီးမှ ရှာကြရန် ပြောပြ ပြောသည့်အတိုင်း ဆောင်ရွက်ကြ သည်။

တင်မြောက်ပသပြီးနောက် လူင သွားသည့်လမ်းအတိုင်း တောထဲ ဝင်ရောက်ရှာဖွေရာ ခရီးအတော်သွ မိလျှင် ပျောက်ဆုံးသည့်လူငယ် သစ်ပင်ကြီးတစ်ပင်အောက်တွင် ထို လျက် တွေ့ရပါသည်။

ရွာသားများက မေးမြန်းပြော ပြုသော်လည်း လူငယ်က မည်သို့ ပြန်မပြောပါ။ ကြည့်ရုံကြည့်ပြီး အ လွတ်ကင်းနေပါသည်။

ရွာသားအချို့က လူငယ်ကို လှု ရမ်းခြင်း၊ မ,ချီခြင်းများပြုမှ ပြန်လ





www.burmeseclassic.com

www.burmeseclassic.com



# အောင်သပြေပန်းတွေနဲ့

လက်တမ်းလို ကြုံသည့်တိုင်

ချိုးတင့်
(ညောင်လေးပင်)

ကျွန်တော်တို့နှစ်ယောက် အမိဌာန်စခန်းဝင်နေကြတာပါ။(**နေရာကတော့ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ဘုရားငုတ္တို(ယခု အောင်ချမ်းသာ) ရွာပါ။** ၁၉၉၀ ပြည့်နှစ်ဝန်းကျင်လောက်ကပေါ့။

ဘုရားငုတ္တိုရွာက ဆရာတော်ကြီးဟာ ရှေးဟောင်း သမိုင်းနောက်ခံရှိတဲ့ ဘုရားငုတ္တိုကြီးတစ်ဆူကို အမိဌာန်မြောက် တည်ထားကိုးကွယ်နေချိန်ပါ။

ဒီဘုရားငုတ္တိုကြီးဟာ ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိနေခဲ့တာပါ။ ရှစ်မြှောင့်အုတ်ခုံကြီး တစ်ခုပေါ်မှာ ဘုရားပြိုကြီးကို စေတီငယ်လေး ပေါက်ထားတာ ကြာခဲ့ပြီ။

ဒီဘုရားကြီးကို အသစ်မွမ်းမံတည်ထားဖို့ကြိုးစားခဲ့သူတွေ သိမီသမျှ (၄)ဆက်လောက် ကိစ္စတွေမှာ၊ မြန်မာနိုင်ငံသားတွေ ဖြစ်ကုန်ခဲ့ကြပါတယ်။ အစောင့်အရှောက်တွေ များပြား ပဒ္ဒာန်းဆက်ကြီးမားတဲ့ စေတီတော်ကြီးလို့ ယူဆပါတယ်။

ပေါင်လုံးလောက်ရှိတဲ့ မြွေကြီးတွေကို ရွာသားတွေ မျက်မြင်ဒိဋ္ဌ တွေ့ကြရလို့ တော်ရုံလူ ဘုရားပရိဝုဏ်ထဲကို မလာ မသွားရဲကြပါဘူး။

ဒီအခြေအနေမျိုးမှာ **မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ ရွှေပေါ်ကျွန်းရွာ စေတော်ဝင် ကျောင်းတော်ကြီးမှာ သီတင်းသုံးတော်မူတဲ့ ကျေးရွာပြင်**

www.burmeseclassic.com

**ဓမ္မသီရိဓမ္မဉာဏဗိက ရွှေပေါက်ကျွန်းဆရာတော်ကြီးနဲ့ ဆက်သွယ်မိကြပါတယ်။**

ဘုရားငုတ္တိုရွာ ဦးပညာဝံသဆရာတော်ကြီးဟာ ရွှေပေါက်ကျွန်းဆရာတော်ကြီးရဲ့ ဓာတ်ပိုင်းဆိုင်ရာ လမ်းညွှန်မှုများကို ခံယူပြီး အနီးကပ်ကြီးကြပ်ကာ ဘုရားကြီးကို တည်ထားခဲ့ပါတယ်။

ကျွန်တော်တို့နှစ်ယောက် အဓိဋ္ဌာန်ဝင်နေချိန်ဟာ စေတီတော်ရဲ့ရှစ်မြောင့်ပန်းတည်ခုံကြီးပေါ်မှာ ပစ္စယံ(၄)ဆင့်အဝိုင်းကြီး (၄)ပိုင်းပတ်လို့ ပြီးစီးခါစဆိုပါတော့ ကျွန်တော်တို့ဟာ ဇာတိညောင်လေးပင်မြို့ ရောက်လာကြပြီး ဆရာတော်ကြီးရဲ့ ခြေတော်ရင်းမှာ (၇)ရက် အဓိဋ္ဌာန်ဝင်ကြတာပါ။

သွေးသားလွတ်စားကြ ရှစ်ပါးသီလခံယူဆောက်တည်ကြနဲ့ ကျွန်တော်ရော မိတ်ဆွေကြီးကိုသူရပါ တက်တက်ကြွကြွနဲ့ အဓိဋ္ဌာန်မြောက် စိတ်အကြံပေါက်ဖို့ ကြိုးစားနေကြတာ (၅)ရက်တောင် ရှိလာပါပြီ။

ကျွန်တော်က မေတ္တာကျင့်စဉ်နဲ့ ဂုဏ်တော်ပုတီး ပွားစီးနေသလို ကိုသူရကလဲ သူ နှစ်သက်သလို အဓိဋ္ဌာန်တွေ ဝင်နေခဲ့ကြတာပါ။ အဲဒီညက လဆုတ်ရက် ညဉ့်သန်းခေါင်ယံအထိ ကျွန်တော်တို့နှစ်ယောက်သား ဘုရားကြီးရဲ့ပစ္စယံ ဒုတိယအဝိုင်းကြီးပေါ်မှာ ထိုင်လိုက် လမ်းလျှောက်(စင်္ကြံသွား)လိုက်နဲ့ မေတ္တာသုတ်တော်ကို ရွတ်တဲ့အခါ ရွတ်ဆိုတယ်။ ဂုဏ်တော်ပုတီး စိပ်တဲ့အခါ စိပ်ခဲ့တယ်။

ဘုရားငုတ္တိုရွာကလေးဟာ အိမ်ခြေ (၈၀)လောက်သာရှိတဲ့ အနောက်ရိုးမတောင်ခြေ ရွာကလေးဖြစ်လို့ တိတ်ဆိတ်ငြိမ်းချမ်းလှပါတယ်။

ဘုရားပရိဝုဏ်ထဲမှာ ကုံ့ကော်ပန်းတွေ ဖွေးနေအောင်ပွင့်တဲ့ တပေါင်းလရာသီမို့ ကုန်းတော်တစ်ခုလုံး ဆွတ်ပျံ့မွှေးကြိုင်နေပါတယ်။

ကုံ့ကော်ပန်းတွေဟာ ခက်ဖျားစုံရှိတဲ့ အကိုင်းဖျားပေါ်မှာ အခိုင်လိုက် အဆုပ်လိုက် ပင်လုံးကျွတ်အောင် လှနေတာပါ။ ရာသီအလိုက် လိုက်ဖက်တင့်မောစွာ အလှဆင်ထားတာမို့ ကုံ့ကော်ဝတ်မှုန်တွေ ဖြန့်ခင်းပြီး သဘာဝတရားက စေတီတော်ကြီးကို ပူဇော်နေသယောင်ပါပဲ။

ကျွန်တော်ဟာ သတ်မှတ်ထားတဲ့ ပုတီးပတ်ရေစေ့ပြီမို့ မေတ္တာပို့ရင်း စေတီတော်ကြီးရဲ့ ပစ္စယံအဝိုင်း အုတ်ခုံကြီးပေါ်မှာ ခါတိုင်းနေ့တွေလို လက်ယာရစ် လှည့်ပတ်လျှောက်လှမ်းနေခဲ့ပါတယ်။ ဒီမှာတင် ပြဿနာက စခဲ့တာလေ။

ကျွန်တော် လျှောက်လှမ်းလိုက်တဲ့ ခြေလှမ်းတိုင်းမှာ နရီစည်းကိုက်ထားသလိုမျိုး အသံတွေ ထွက်လာတယ်။ စည်ကြီးတစ်ခုပေါ်မှာ လမ်းလျှောက်နေတာမျိုးပါ။ တဒိန်းဒိန်း အသံတွေဟာ မြည်ဟိန်းနေတယ်။

ခြေသံကို ဖွဖွကလေးနင်းရင် အသံက ခပ်တိုးတိုး ညင်ညင်သာသာထွက်တယ်။ ခပ်သွက်သွက်ကလေးလျှောက်ရင် အသံက ခပ်မြန်မြန်ထွက်တယ်။ ခြေနင်းသံပြင်းရင်တော့ အသံထွက်က မြည်ဟိန်းပြင်းထန်တယ်။

ခက်ပြီ၊ လျှောက်နေတာက ဘုရားကြီးရဲ့ အုတ်ခုံကြီးပေါ်မှာ ဘာလို့များ စည်သံလို မြည်ဟည်းသံတွေ ထွက်နေပါလိမ့်၊ ကျွန်တော်ဟာ ညဉ့်နက်ပိုင်းကာလ အေးမြတဲ့ လေပြည်ညင်းနဲ့ အတူ နှာညွှန့်ကို ချူတတ်တဲ့ ကုံ့ကော်ရနံ့သင်းတွေကိုတောင် မခံစားနိုင်၊ သတိမရနိုင်တော့ဘဲ ချွေးတွေ စို့ထွက်လာတယ်။

ရိုးရိုးသားသား ပြောရရင်တော့ ကြောက်ချွေးတွေ ထွက်လာတာပါ။

မိတ်ဆွေကြီး ကိုသူရကတော့ အေးအေးဆေးဆေးပါပဲ။ မတုန်မလှုပ် ကျောက်ရုပ်ကြီးတစ်ရုပ်လို တရား ဘာဝနာ ရှုပွားနေပါတယ်။ ကျွန်တော် ကတော့ စင်္ကြံဆက်မလျှောက်ရဲတော့ ဘူး။ မိတ်ဆွေကြီးကိုလဲ ပြောလို့ မဖြစ် ပြန်ဘူး။

သူ့အဓိဋ္ဌာန်လုပ်ငန်းကို နှောင့်ယှက် သလို ဖြစ်မှာမို့ စေတီတော်မြတ်ကြီး ရှိသေစွာ ဦးချကန်တော့လိုက်ပြီး အ အတန်း ပေးဝေကာ ထိုညဉ့်တာ အဓိဋ္ဌာန်ကို နိဂုံးချုပ်ခဲ့ပါတယ်။

* * *

ကျွန်တော် ထိုအဓိဋ္ဌာန်ဝင်နေစဉ် တည်းခိုဖို့ ဓာတ်နန်းသော့ကို ဆ တော်ကြီးက ပေးထားပါတယ်။ စေ တော်ကြီးရဲ့ တစ်နေရာမှာ ဓာတ်န ဆောင် အုတ်တိုက်ကလေး ရှိပါတယ်

အဘဘိုးဘိုးအောင်နဲ့ စကြာမ ရုပ်တုနှစ်ခုကတစ်တွဲ၊ အဘဘိုးမ ခေါင်နဲ့ ရက္ခန်းစင်တောင် ဆရာတေ ကြီး ရုပ်တုကတစ်တွဲ မြတ်စွာဘုရ ရှင်ကိုရံပြီး မတ်တတ်ရပ်အနေအထ စီမံထုလုပ်ထားပါတယ်။

ကျွန်တော် ဓာတ်နန်းထဲကို ဖြ ရောက်ပြီး ဘုရားရှင်ကိုယ်တော်မြ ကြီးကို ပူဇော်ကန်တော့ပါတယ်။ သ ဆိုင်ရာ ဘိုးတော်ကြီးများကိုလဲ ရှိ ဂါရဝပြုပြီး အိပ်ရာဝင်လိုက်ပါတယ်

အချိန်ကာလက ညဉ့်(၁)ခ တီးနေပြီ၊ ဘုရားပေါ်မှာ ကြုံတွေ့ တဲ့ အတွေ့အကြုံကြောင့် ရင်ထဲ တစ်မျိုးတစ်ဖုံ ဖြစ်နေခဲ့တယ်။ နသဿတိအာရုံယူရင်း မျက်စိမှိတ် ပါပြီ။ မေးစင်းလာနေတဲ့ မျက်ခွံ



www.burmeseclassic.com

www.burmeseclassic.com

ပိတ်လိုက်လို့ မကြာခင်မှာဘဲ အိပ်ပျော်သလိုလို ဖြစ်သွားခဲ့ပါတယ်။

မှေးခနဲ ဖြစ်သွားတုန်းမှာ အမျိုးသမီးတစ်သိုက်ဟာ ဓာတ်နန်းထဲကို အချိန်မဲ့ အခါမဲ့ကြီး ဝင်လာကြတာကို တွေ့ရပါတယ်။ ဝတ်ကောင်းစားလှတွေဝတ်လို့ ရွှေးခေတ် နန်းတွင်းပျိုဖြူတွေ ဟန်ပန်မျိုးပါ။ မွှေးပျံ့သင်းကြိုင်တဲ့ ကိုယ်ရနံ့သင်းတွေနဲ့အတူ သူတို့ ပန်ဆင်ထားတဲ့ ကံ့ကော်ပန်းတွေရဲ့ ရနံ့ဟာ ရီဝေယစ်မူးအောင် နှာဝကို ကလူကျီစယ်ကြပါလေရော။

ဟောဗျာ အချိန်မတော် ညကြီးမင်းကြီး ဒီညမှ ထူးထူးခြားခြား ဘာများလာလုပ်ကြပါလိမ့်။ သူတို့တွေ ဘုရားရှင်ကို အသံသာသာနဲ့ ရှိခိုးပူဇော်ကြတယ်။ မေတ္တာတွေပို့နေတဲ့ အသံဟာ ကြည်နူးဖွယ်ပါ။

သူတို့ ဘုရားဝတ်ပြုပြီးတော့ ပြန်ထွက်သွားခဲ့ကြပါတယ်။ မိန်းမပျိုနှစ်ယောက်ကတော့ ကျန်နေခဲ့တယ်။ ပြီးတော့ ကျွန်တော့်အိပ်ရာဘေး တစ်ဖက်တစ်ချက်ဆီမှာ ဝင်ထိုင်လိုက်တယ်။

'မောင်တော်ကလဲ အအိပ်ပုပ်လိုက်တာ၊ ထစမ်းပါဦး၊ ညီ့သည်တွေကို စကားပြောဦးမှပေါ့'

လို့ ပြောပါတော့တယ်။

ကျွန်တော်ဟာ ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားတယ်။ အာရုံအသိထဲမှာတော့ သူတို့တစ်တွေဟာ ပရလောကသားတွေပဲလို့ သိလိုက်တယ်။

ဒါကြောင့်လဲ မျက်စိကို တင်းတင်းမှိတ်ပြီး အိပ်စက်ဖို့ ကြိုးစားနေမိတယ်။ မရပါဘူးလေ။ သူတို့နှစ်ယောက်က ကျွန်တော့်ကို အတင်းပဲ ချိုင်းကမပြီး ဆွဲထူဖို့ ကြိုးစားနေကြပြီ။

ရှက်ရှက်နဲ့ဝန်ခံရရင် သူတို့ရဲ့ နူးညံ့တဲ့ အတွေ့အထိဟာ "ဖဿပစ္စယာ ဝေဒနာ" ဆိုတဲ့အတိုင်း ကျွန်တော့်ကို တုန်လှုပ်ချောက်ချားအောင် ခံစားမှုဝေဒနာတွေ ပေးနေကြတယ်။

မတွေ့ဘူး၊ မမြင်ဘူးလောက်အောင် ချောမောလှပတဲ့ နတ်သမီးတစ်ပိုင်းလို ဖြစ်နေတဲ့ အလှပိုင်ရှင်တို့ရဲ့ ကွန်ရက်ဟာ ရုန်းထွက်ဖို့ ကျွန်တော့်လို ပုထုဇဉ်အတွက် ခက်ခဲလှပါတယ်။

'ဘုရား...ဘုရား ဒါတွေဟာ သိုက်နန်းရှင်တွေ ပုံကို ဖျက်ဆီးဖို့ လိပ်ပြာနုတ်ဖို့ လာကြတာ ဖြစ်မယ်။ ငါ သတိရှိနေမှရမယ်'

ကျွန်တော်ဟာ သတိဦးစီးမှု ရှိလာတာနဲ့အမျှ အာရုံကို တည့်မတ်လို့ရလာတယ်။ မျက်စိကိုမှိတ်ထားရင်း "**အရဟံ အရဟံ အရဟံ**" လို့ ကိလေသာရန်ဘေးမှ ကင်းဝေးတော်မူတဲ့ မြတ်စွာဘုရားရှင်ကို စိတ်ညွှတ်ပြီး အာရုံယူလိုက်ပါတယ်။

လေ့ကျင့်ပွားများထားတဲ့ အရဟံဂုဏ်တော်ကြီးရဲ့ တန်ခိုးတော်က တုန့်နှိုင်းမရအောင် အစွမ်းထက်လှပါတယ်။ ကျွန်တော်ရဲ့ လှိုင်းကြက်ခွပ်သလို မငြိမ်သက်တဲ့ ဘဝင်စိတ်ဟာ တည်ငြိမ်စ ပြုလာပါတယ်။

'ညော်...ခက်လိုက်ပါဘိ မောင်တော်ရယ်၊ ညီ့သည်က တွေ့ချင်လို့ လာတာကိုတောင် လက်မခံနိုင်ဘဲ အခုမှ အရဟံဂုဏ်တော်ပွားပြီး သူတော်ကောင်းကြီး လုပ်နေပြန်ပါပြီ'


လို့ အမျိုးသမီးချောကလေးတစ်ယောက်က ညုတုတု ခရာတာတာ အသံကလေးနဲ့ ပြောနေပါတယ်။

ကျွန်တော်ဟာ တည်ငြိမ်အားကောင်းလာတဲ့ စိတ်အစဉ်ကို စုစည်းလိုက်ပါတယ်။ ပြီးတော့ ကျွန်တော်တစ်စုံတစ်ခုကို သတိရပြီး ရုတ်တရက် ကောက်ကာငင်ကာ ထထိုင်လိုက်တယ်။ အနီးမှာရှိတဲ့ ဂက်(စ်)မီးခြစ်ကို ခြစ်လိုက်တယ်။

မီးတောက်တွေ ထွက်လာပြီး ဖယောင်းတိုင်ကို မီးညှိလိုက်တော့ ဓာတ်နန်းတစ်ခုလုံး လင်းထိန်သွားတာပေါ့။ အိပ်မက်လိုလို တကယ်လိုလို မြင်နေရတဲ့ သိုက်နန်းရှင် ပျိုဖြူနှစ်ယောက်လဲ ဘယ်ကိုရောက်သွားတယ် မသိရတော့ဘူး။ ရင်ထဲမှာ ပေါ့ပါးသွားတယ်။

ပြီးတော့ ကျေးဇူးရှင် ရွှေပေါ်ကျွန်းဆရာတော်ကြီးကိုလဲ တမ်းတ သတိရမိသွားလို့ "**ဆရာတော်ကြီး တပည့်တော်ကို ကယ်တင်စောင့်ရှောက်တော်မူပါဘုရား**" လို့လဲ တိုင်တန်းလိုက်ပါတယ်။

ကျွန်တော်ဟာ ရင်သိမ့်တုန် ခုန်လှုပ်နေဆဲပါ။ ဒါပေမယ့် ကျွန်တော် ဆောက်တည်ရာ ရလိုက်ပြီမို့ မျက်နှာသစ် ဘုရားကို ဆီမီးတိုင်နဲ့ ရှေ့ချမ်း





www.burmeseclassic.com

www.burmeseclassic.com

များ ကပ်လှူပြီး ကန်တော့လိုက်ပါတယ်။

ဓာတ်နန်းထဲမှာ ကျွန်တော် ဆက်လက်အိပ်စက်ဖို့ မသင့်တော်တော့ဘူးလို့လဲ ဆင်ခြင်မိပါတယ်။

အဲဒါကြောင့်လဲ ကျေးဇူးရှင် ဘုရားငုတ္တို ဦးပညာဝံသဆရာတော်ကြီး သီတင်းသုံးတော်မူရာ သစ်သားဆောင်ကျောင်းတော်ကြီးပေါ်ကို တက်ပြီး အိပ်စက်ခဲ့ပါတယ်။

အဲဒီတော့မှပဲ အနှောင့်အယှက်ကင်းကင်းနဲ့ ချမ်းသာစွာ နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်ခွင့် ရခဲ့ပါတော့တယ်။

ကျွန်တော် ကျောင်းကြီးပေါ်ကို တက်လာတဲ့အချိန်က ညဥ့်(၂)ချက်တီးနေပြီ။ အဲဒီအထိ ဘုရားငုတ္တိုကြီးပေါ်မှာ ကျွန်တော့်မိတ်ဆွေ ကိုသူရ တစ်ကိုယ်တော် အဓိဋ္ဌာန်ဝင်လျက် ရှိနေခဲ့ပါတယ်။

* * *

နောက်တစ်နေ့ အိပ်ရာကထ အရုဏ်ဆွမ်း စားပြီးချိန်မှာတော့ ကျွန်တော်ဟာ မအောင့်နိုင်တော့တာကြောင့် ဘုရားငုတ္တိုကျောင်း ဦးပညာဝံသဆရာတော်ကြီးကို အဖြစ်စုံကို လျှောက်ထားခဲ့ပါတယ်။

ဆရာတော်ကြီးက သေသေချာချာ နားထောင်တော်မူပြီး…

'အိမ်း… ဒကာကြီးလို ကြုံရတဲ့လူတွေ ဒီဘုရားမှာ အဓိဋ္ဌာန်ဝင်တဲ့အခါမှာ ရှိတတ်ကြပါတယ်။ အဓိဋ္ဌာန်ရက်အောင်ဖို့ နီးလာလေလေ အနှောင့်အယှက်တွေက များလေလေ ဖြစ်တတ်ကြတာပါပဲ။ ဒကာကြီးတို့ ဒီတောင်တွေကို ကျော်ကြရမှာပဲလေ။ အခု ဘယ်နရက် ကျန်သေးလဲ'

'(၂)ရက်ပဲ ကျန်ပါတော့တယ် ဘုရား'



'အေးလေ ဆက်ပြီးကြိုးစားပါ။ ဒကာကြီးစိတ်ထဲက စနိုးစနောင့် ဖြစ်နေရင်တော့ ဓာတ်နန်းထဲမှာ မအိပ်ဘဲ ကျောင်းကြီးပေါ်မှာ ပြန်အိပ်ပေါ့'

- ဆရာတော်ကြီးရဲ့ စကားတော်ကြောင့် ကျွန်တော် တော်တော်ပျော်သွားပါတယ်။ နောက်တစ်ညမှာ ဓာတ်နန်းထဲမှာအိပ်ဖို့ ကျွန်တော် ဝန်လေးမိတာ အမှန်ပါပဲ။ ဆရာတော်ကြီးက ဆက်ပြီး မိန့်တော်မူနေပါတယ်။

'ဓာတ်နန်းဆိုတာက သူတို့တစ်တွေ(ပရလောကသားများကို ဆိုလိုပါသည်။) ဝင်ထွက်ဖို့ ခွင့်ပြုထားတဲ့ နေရာမျိုးဆိုတော့ အချိန်မရွေး ရောက်လာနိုင်ကြတယ်။

သစ္စာအဓိဋ္ဌာန် ကျိုးပေါက်လို့ အဖြစ်ဆိုးနဲ့ တိုးသွားတဲ့ ဂန္ဓာရီသမားတွေ ဘုန်းကြီးကြုံတွေ့ဖူးတာ များလှပြီ။ ကိုယ့်ဘက်က သတိရှိပါစေ။ သီလထိန်း သမာဓိကို မယိမ်းယိုင်ပါစေနဲ့'

'တင်ပါ့ဘုရား တပည့်တော် သတိရှိရှိ ကြိုးစားအားထုတ်ပါ့မယ်'

ကျွန်တော်က ကျွန်တော့်အတွေ့အကြုံတွေကို လျှောက်ထားနေစဉ်မှာ ကိုသူရလဲ ရှိနေပါတယ်။ သူကတော့ တွေတွေထူးထူး မလျှောက်ထားခဲ့ပါဘူး။ ကျွန်တော်ဟာ သူ့ကို တော်တော်ပဲ လေးစားအားကျမိပါတယ်။

ဒီလူနှယ် ဘာမှ အခက်အခဲမရှိဘူး။ အဓိဋ္ဌာန်ကို ရဲရဲဝံ့ဝံ့နဲ့ စနစ်တကျ လုပ်နေနိုင်တယ်ဆိုပြီး စိတ်ထဲက ကြိတ်ပြီး ချီးကျူးနေမိပါတယ်။

ကျွန်တော်က ညဥ့်နက်တုန်းက စင်္ကြံလျှောက်ရာမှာ ဘုရားပစ္စယံ အုတ်ခုံကြီးဟာ စည်ကြီးလိုဖြစ်ပြီး အသံတွေ မြည်နေကြောင်း ဆရာတော်ကြီးကို လျှောက်ထားရင်းက ကိုသူရကိုပါ မေးမြန်းကြည့်ခဲ့ပါတယ်။

'ကိုသူရယ် စေတီကြီးရဲ့ ပစ္စယံပေါ်မှာ စင်္ကြံလျှောက်တဲ့အခါ စည်သံကြီး မြည်သလို အသံတွေ မကြားရဘူးလား'

လို့ မေးကြည့်တာပါ။

'အင်း… ကြားရတယ်လေ ကြားရတယ်ဗျ ဒါဟာ သူသိတာအတိုင်း ကြားရတာပဲလေ။ ကြားတာကို ကြားတယ်လို့ပဲ သဘောထားပြီး ကျွန်တော်တော့ ကိုယ်လုပ်စရာရှိတာ လုပ်နေလိုက်တာပါပဲ'

ကိုသူရက ပြောပါသေးတယ်။

'သူတို့ကို မိတ်ဆွေဖွဲ့ မေတ္တာပို့ပေါ့။ အကျွမ်းတဝင် ချစ်ခင်နေကြရင် ဘာပြဿနာမှ မရှိဘူး။ အားလုံး အဆင်ပြေပါတယ်ဗျာ၊ များများသာ မေတ္တာပို့လွှတ်ပါ'

လို့ အကြံပြုနေခဲ့တယ်။ ဆက်ပြီး…

'ကျွန်တော်တို့ အားလုံးဟာ သံသရာခရီးသည်တွေပဲဗျ။ သူတို့နဲ့တွေ့လို့ သူတို့က ခေါ်ရင်ပြောရင် အဆင်ပြေပြေ ပြန်ဆက်ဆံလိုက်ပေါ့။ အလိုက်အထိုက်နေရင် အဆင်ပြေပြီး ကိုယ့်လုပ်ငန်း ထိရောက်တာပေါ့။ ဟုတ်ဘူးလား'

လို့လဲ ရှင်းပြပါတယ်။

ကျွန်တော်ကတော့ ကိုသူရရဲ့ သမာဓိစွမ်းအားကို အထူးပဲ လေးစားသွားမိပါတယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ နှစ်ယောက်သား အဓိဋ္ဌာန်ပြီးမြောက်လို့ **ဦးပညာစံသ ဆရာတော်(နောင်သော် အသျှင်သုဝဏ္ဏသိဒ္ဓိအောင်ချမ်းသာ ဆရာတော်ကြီးရယ်လို့ ထင်ရှားခဲ့တဲ့ ဆရာတော်ကြီးကို)** ရှိသေစွာကန်တော့ နှုတ်ဆက်ခဲ့ကြပါတယ်။

ကျွန်တော်တို့ အဆင်ပြေ ချောမောစွာ အဓိဋ္ဌာန်အောင်ခဲ့လို့ ဝမ်းသာနေမိပါတယ်။

ကိုသူရ ဆရာတော်ကြီးကို နှုတ်ဆက်ကန်တော့ရင်း လျှောက်ထားခဲ့တဲ့ စကားတွေကတော့ ကျွန်တော့်အတွက် အနည်းငယ် ထူးဆန်းနေသလို ခံစားရပါတယ်။

ကိုသူရ လျှောက်ထားပုံက...

'ဆရာတော်ဘုရား တပည့်တော်တို့ ညက အဓိဋ္ဌာန်ပြီးမြောက်ကြပါတယ်။ ညက တပည့်တော် အိပ်မက်ထူးတစ်ခုကို မြင်မက်ပါတယ်ဘုရား'

'အိမ်း... လျှောက်စမ်းပါဦးဗျာ'

ဆရာတော်ကြီးက ''အိမ်း''လို့ အာလုတ်သံပြုပြီးမှ လျှောက်ထားဖို့ စကားလမ်းကြောင်း ပေးလိုက်ပါတယ်။ ကျွန်တော်လဲ ကိုသူရ ပြောမယ့်စကားကို နားစွင့်ထောင်နေမိတာပေါ့။

'အိပ်မက်ထဲမှာ တပည့်တော်ကို ဒီဘုရားငုတ္တို (အောင်ချမ်းသာစေတီတော်)မြတ်ကြီးရဲ့ အဝင်မုခ်ဦးကနေ ပရိသတ်တွေ ကြိုဆိုနေကြတယ်ဘုရား၊ လမ်းဘေးဝဲယာနှစ်ဖက်မှာ သာသနာ့အလံတွေစိုက်၊ အိုးစည်ဗုံမောင်းတွေနဲ့ အားရပါးရကြီးပါပဲ။

ဒီပရိသတ်ဟာ တော်တော်တော့ ထူးဆန်းတယ်။ ရှေ့ခေတ် နန်းဝတ်နန်းစားတွေနဲ့ မင်းညီမင်းသား၊ အပျိုတော်တွေ စုံလို့ပါပဲ။ အသက်ကြီးကြီး



အဘိုးအိုကြီးကတော့ တောင်ဝှေးကို ထောက်ရင်း လည်ပင်းမှာလဲ ပုတီးကြီးဆွဲလို့ ပြုံးပြုံးရွှင်ရွှင်နဲ့ တပည့်တော်ကို စေ့စေ့စပ်စပ် ကြည့်နေပါတယ် ဘုရား။

အဘိုးကြီးက ဝတ်ဖြူစင်ကြယ် ဝတ်ထားပါတယ်။ ကြိုဆိုသူတွေရဲ့ လက်ထဲမှာတော့ အောင်သပြေပန်းကလေးတွေ ကိုယ်စီကိုင်လို့ သပြေပန်းနဲ့ လက်ကမ်း ကြိုနေကြတာပါဘုရား။ တပည့်တော်လဲ သူတို့ကို ကြည့်ရင်း အပျော်တွေ ကူးစက်နေမိတယ်ဘုရား။

ဘာကြောင့်လဲဆိုတော့ သူတို့အားလုံးဟာ တပည့်တော်ကို နွေးနွေးထွေးထွေးနဲ့ ချစ်ခင်ကြပုံရလို့ပါပဲဘုရား'

ဒီလို လျှောက်ထားနေတုန်းမှာ ကိုသူရက တက်ကြွရွှင်မြူးနေပေမယ့် ဆရာတော်ကြီးရဲ့ မျက်နှာတော်ကတော့ မူလကြည်လင်မှုက ညှိုးရောင်သန်းသလို ဖြစ်သွားတယ်လို့ ကျွန်တော် ခံစားလိုက်မိပါတယ် ဆရာတော်ကြီးက...

'ဒါထက် ဒကာကြီးက သူတို့ပေးတဲ့ သပြေပန်းတွေကို ကိုယ်ထိလက်ရောက် လက်ခံခဲ့သလား၊ ဒါမှမဟုတ် လက်မခံသေးခင်မှာ အိပ်မက်က နိုးသွားသလား၊ ဒါကို ကွဲကွဲပြားပြား လျှောက်ပါဦးလေ'

'ဟာ လက်ခံတာပေါ့ ဘုရား။ သူတို့ထဲက မိန်းမချောကလေးတစ်ယောက်၊ အကြီးအကဲလို့ထင်ရတဲ့ မိန်းမပျိုက သပြေပန်းတွေ တင်မကဘူး နှင်းဆီပန်းတွေနဲ့ ကုံးထားတဲ့ ပန်းကုံးကို တပည့်တော်ရဲ့ လည်ပင်းမှာကို လာစွပ်တော့တာဘုရား၊ အဲဒီလိုစွပ်ပြီး သူတို့က အော်လိုက်ကြပါသေးတယ်။ ဘာတဲ့ "ဗိုလ်မေ အောင်ပြီ အောင်ပြီ"လို့ အော်ကြပါလေရော။

တပည့်တော်လဲ အိပ်ရာကနိုးတော့ ငါ့အဓိဋ္ဌာန် ကောင်းကောင်းအောင်တာမို့ အားလုံးက ကောင်းချီးပေး ဂုဏ်ပြုကြတာလို့ တွေးမိပါတယ် ဘုရား'

အောင်ချမ်းသာ ဆရာတော်ကြီးက နှုတ်ဆိတ် ငြိမ်သက်တော်မူနေပါတယ်။ ဘာမှတော့ ထွေထွေထူးထူး မှတ်ချက်စကား မမိန့်ကြားခဲ့ပါဘူး။

ကျွန်တော်တို့နှစ်ယောက် ခရီးဆောင်အိတ်ကို ကိုယ်စီလွယ်ရင်း ညောင်လေးပင်ကို ပြန်ခဲ့ကြပါတယ်။

မြို့ကိုရောက်ပြီး တစ်ပတ်လောက်အကြာမှာတော့ ကျွန်တော်ဟာ အံ့ဩတုန်လှုပ်ဖွယ်ကောင်းတဲ့ သတင်းစကားတစ်ခုကို ကြားရပါတယ်။

ကိုသူရတစ်ယောက် မမျှော်လင့်ဘဲ ကွယ်လွန်အနိစ္စ ရောက်သွားပြီဆိုတဲ့ စကားပါပဲ။

ကျွန်တော့်လိုပဲ မိတ်ဆွေများအားလုံး အံ့ဩခဲ့ကြတာပါ။

'မနေ့က အကောင်းကြီးပါပဲ။ သွားရင်းလာရင်းက ဘာဖြစ်လို့ သေရမှာလဲ ဟုတ်မှ ဟုတ်ရဲ့လားဗျာ'

စသည်ဖြင့် မယုံမရဲ စုံစမ်းလေ့လာကြတဲ့ အထိပါပဲ။

ကိုသူရရဲ့ ဇနီးသည် ဒေါ်မေနှင်းရီ

www.burmeseclassic.com

မှာ သမီးလေးတစ်ယောက်၊ သားလေး တစ်ယောက် ကျန်ရစ်ခဲ့ပါတယ်။ သူရဲ့ ဖနီးသည် ပြောပြချက်အရ ည ဘုရား ရှိခိုးချိန်အထိ အကောင်းပကတိ။ ညဦးနက်ပိုင်းအထိ အိပ်ရာမဝင်ဘဲ တရားရှုပွားနေတာမို့ ဖနီးသည်က တစ်မူထူးနေတဲ့ လင်တော်မောင်ကို နေကောင်းရဲ့လားလို့ မေးခဲ့ပါသတဲ့။

'ကောင်းပါတယ်ကွယ်၊ ငါ အိုးထွက်ဖို့ ရှိနေတယ်။ သူတို့က ငါ့ကို သပြေပန်းတွေနဲ့ ကြိုဆိုဖို့ ပြင်ဆင်နေကြတယ်။ ငါကလဲ လာမယ်လို့ ကတိစကား ပေးထားခဲ့တယ်'

လို့ ပြောပြီး သူ့ဖနီးကို...

'မေရီတို့ အိပ်တော့ ငါလဲ အိပ်ရေး ဝအောင် အိပ်လိုက်ဦးမယ်'

လို့ ပြောပြီး အိပ်တာပါပဲ။ မနက်ကျ တော့ အိပ်ရာထဲမှာ အသက်ပျောက် နေခဲ့တာပါ။ ကျွန်မလဲ ဘယ်လိုမှ စဉ်းစားလို့မရတော့ပါဘူးရှင်လို့ ပြောပြ ရှာပါတယ်။

* * *

ဖနီးဖြစ်သူ ဒေါ်မေနှင်းရီက သူမရဲ့ လင်တော်မောင် ကိုသူရရဲ့ ဖြစ်ပုံပျက်ပုံ သနစ်စုံကို မသိရှာခဲ့ပေမယ့် ကျွန်တော် ကတော့ ကောင်းကောင်း သိနေပါ တယ်။

ကျွန်တော့်ထက်ပိုပြီး ကြိုတင် သိနေတဲ့ ပုဂ္ဂိုလ်မြတ်ကြီးကတော့ အောင်ချမ်းသာ ဦးပညာဝံသ ဆရာ တော်ဘုရားကြီးပါပဲ။

ဆရာတော်ကြီးကို ကိုသူရက သပြေပန်းတွေနဲ့ ကြိုနေတဲ့အကြောင်း ပြောတော့ ဆရာတော်ကြီး မျက်နှာ တော် ညှိုးသွားသလို ဖြစ်တာကို ကျွန်တော် သတိရမိပါတယ်။

ပန်းကုံးအစွပ်ခံပြီး ဘဝဟောင်းက မြနန်းတော်ဆီ ပြန်ချင်စိတ်နဲ့ ညွတ် ကိုင်းနေတဲ့ ကိုသူရကို ဆရာတော်ကြီး လဲ တားမြစ်နိုင်ခြင်း မရှိခဲ့ပါဘူး။

အမှန်ကတော့...

**အောင်သပြေပန်းတွေနဲ့ လက် ကမ်းလို့ ကြိုနေသည့်တိုင်...**

*မေတ္တာရည်လျက်...*

***မျိုးတင့်(ညောင်လေးပင်)***

**[ပဲခူးတိုင်းဒေသကြီး၊ (လေးကျွန်း စကြာ အောင်ချမ်းသာစေတီ) အောင်ချမ်းသာရွာ၊ ဒိုက်ဦးမြို့နယ် ၌ အဓိဋ္ဌာန်ဝင်ခဲ့စဉ်က တွေ့ကြုံခဲ့ရ သော ဖြစ်ရပ်မှန်ဇာတ်လမ်း ဖြစ်ပါ သည်။ နာမည်များ လွှဲပြောင်းရေး သားပါသည်။]**

**စာမျက်နှာ (၂၉၀)မှ အဆက်**

အသိဝင်လာပါသည်။ ယခင်နေ့ကလည်း ဤနေရာတွင် ရှာဖွေခဲ့သော်လည်း မတွေ့ရသဖြင့် ရွာသားများ အံ့ဩနေကြပါသည်။

လူငယ်ကို ရွာသို့ ပြန်ခေါ်လာပြီးနောက် ပြောပြသည်မှာ ယင်းသည် သစ်ပင်ခုတ်ရန် အတွက် လှည့်လည် ရှာကြည့်ရင်း သစ်ပင်ကြီးတစ်ပင်မှ တွဲလဲကျနေသော နွယ်ပင်သည် လူတစ်ယောက်ဝင်၍ရအောင် ကျယ်သည့်အပေါက် ဖြစ်နေသဖြင့် ထိုအပေါက်ကိုဝင်ပြီး ဆက်လျှောက်လာရာ မိမိ သစ်ပင်ခုတ်ရမည့်လုပ်ငန်းကို မသိတော့ကြောင်း...

ဆက်၍သာ လျှောက်လာကြောင်း၊ ပင်ပန်းနွမ်းနယ်လာသဖြင့် ဤအပင်အခြေတွင်ထိုင် ကြောင်း၊ မနေ့ကတစ်နေ့လုံး ရွာသားများ မိမိကို ရှာသည်ကို တွေ့မြင်ရကြောင်း၊ သို့သော် စကားပြော၍ မရသလို၊ လမ်းလျှောက်၍လည်း မရကြောင်း၊ ခန္ဓာကိုယ်တစ်ခုလုံးအင်အား ကုန်ခန်းပြီး မလှုပ်နိုင်သကဲ့သို့ ဖြစ်နေကြောင်း...

ပြီးခဲ့သည့် ညကလည်း ဤသစ်ပင်ရင်း၌ တစ်ညလုံး ထိုင်နေကြောင်း၊ အိပ်လိုခြင်း၊ ဆာလောင်ခြင်းမရှိဘဲ အားကုန် နွမ်းနယ်နေခြင်းသာ ဖြစ်ကြောင်း ပြောပါသည်။

ရွာသားများက လူငယ်ဖြတ်ကျော်ခဲ့သည့် နွယ်ပိုင်းကို လိုက်လံပြသခိုင်းရာ တောနက် ၌လား၊ ဂမ္ဘီရပစ္စည်းဖြစ်၍လား မသိပါ။ ရှာ၍ မတွေ့တော့ပါ။

နွယ်ပင်မှ ကွင်းထိုးပြီးဖြစ်လာသည့် နွယ်ဝင်သည်ပင်လျှင် ဂမ္ဘီရပစ္စည်းဖြစ်၍ အစွမ်းရှိရာ နွယ်ပိုင်းသည် ပို၍ အစွမ်းရှိသည်ဟု ထင်ပါသည်။ သို့ရာတွင် ယင်း၏အစွမ်းမှာအဖြစ်အပျက် များအရ ကောင်းကျိုးမပေးဘဲ ဆိုးကျိုးသာ ပေးနေပါသည်။

နတ်ဝှက်မှုသည် မြို့ရွာများနှင့် တောတောင်တို့၌ ဖြစ်တတ်သော်လည်း **နွယ်ဝှက်မှုသည် သစ်ပင်ကြီးများ၊ ထူထပ်သည့် တောကြီးများ၌သာ ဖြစ်တတ်ပါသည်။** ဤဆောင်းပါးကို ဖတ်ရှုခြင်းဖြင့် တောနှင့် မကင်းသူများ ဗဟုသုတ ရရှိစေရန် ရည်ရွယ်၍ ရေးသားလိုက်ခြင်း ဖြစ်ပါသည်။

***မောင်ကံ(ဘိတားရွာ)***


**စာရှု ပို့လိုက...**

ဦးကျော်မျိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၀၃ (မြေညီ)
၂၉-လမ်း (အထက်)
ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့
ဖုန်း-၀၁ ၂၅၂၂၉...




www.burmeseclassic.com

www.burmeseclassic.com

ထိုးမဝေါက

# ကရင်မဖင်လျှော ရွာကြီး (၁)

ဘွားရွှေ (ဦးကျုန်း)



## "ကရင်မဖင်လျှောသို့"

ကျောပိုးအိတ်များ ကိုယ်စီ ကျောမှာ လျက် ဂန္ဓာရီဆရာလေးရဲဖော်နှင့် သနာတူ၊ အကျင့်တူ ဆရာခင်မောင် အား၊ ဆရာလှထွဋ်တို့သုံးယောက် လမ်းပြကြီး စောစံဖိုးသင်နှင့်အတူ ပေပေါင်းတစ်ထောင်ကျော်၊ နှစ်ထောင် နီးပါး မြင့်သည့် အလယ်ရိုးမတောင် တန်းကြီးများကို ဖြတ်ကျော် လျှောက်ခဲ့ ကြသည်မှာ ညနေသုံးနာရီလောက်ပင် ရှိခဲ့ပြီဖြစ်၏။ ထိုအတူ ခရီးကလည်း အတော် ပေါက်ခဲ့ကြချေပြီ။

လှသွားလမ်းဟု မည်မည်ရရ မရှိ သည့် တောင်ပေါ်လမ်းများ ဖြစ်သဖြင့် ချုံနွယ်ပိတ်ပေါင်းတို့အား ခက်ခက်ခဲခဲ

www.burmeseclassic.com

ကျော်ဖြတ်ခဲ့သဖြင့် လူတွေလည်း အတော် ပင်ပန်းကုန်ကြပြီ ဖြစ်သည်။

နွေဦးကိုရောက်ပြီမို့ တောတိုင်း တောင်တိုင်းရှိ သစ်တောဝါးတောကြီး များမှ ရော်ရွက်ဝါတို့ မြည်သံညောင်း၍ ညှိုးရော် နွေပြောင်းကာ သက်လျော ကြွေကျ မြေခဲ့ကြပြီမို့ ခြောက် သယောင်းယောင်း ဖြစ်နေကြ၏။

'ဟိုး...ရှေ့မှာ မင်းတို့ သွားချင် တယ်ဆိုတဲ့ ကရင်မဖင်လျှောတောင် ကြီးကွ၊ သိပ်မဝေးတော့ဘူး ဟိုး... ရှေ့မှာပေါ့လေ'

လမ်းပြ ကရင်တိုင်းရင်းသားကြီး စောစံဖိုးသင်က ရှေ့ဘက်မှ ညှိုညှို မောင်းမောင်း ခြောက်သယောင်း ယောင်း တောင်တန်းကြီးကို လက်ညှိုး ထိုးပြရင်း ပြောလိုက်၏။

'ကရင် တဟိုးလား ဖထီး၊ ဟိုးရှေ့ မှာဆိုတော့...'

ဂန္ဓာရီဆရာလေးရဲဇော်က ကရင် တဟိုးဆိုသည်မှာ နံနက်ကနေ ညနေ မိုးချုပ်သည့်တိုင် မရောက်တတ်သည့် ခရီးမှန်းသိနေသည့်အတွက် စောစံဖိုး သင်ကို ခပ်နောက်နောက် မေးလိုက် ခြင်းဖြစ်သည်။

'မဟုတ်ဘဲ ဆရာလေးရ... တကယ် မဝေးတော့တာပ၊ ခု တို့ ရောက်နေတဲ့နေရာက **မယ်တော်စင် တောင်လို့** ခေါ်တယ်ကွ၊ ဟိုရှေ့ရှေ့ က ဒီနေရာ တောင်ပေါ်တစ်ပိုက်မှာ တို့ကရင်ရွာတွေ ရှိတယ်။

ဒီတောင်ပေါ်မှာတော့ တို့ရဲ့ ဘုရား ရှိခိုးကျောင်းကြီးနဲ့အတူ ခရစ်တော်ရဲ့ မယ်တော်၊ မယ်တော်မာရီးယား ကျောင်းဆောင်ကြီးရှိတယ်။ အဲဒါ ကြောင့် ဒီနေရာကို မယ်တော်စင်လို့ ခေါ်တယ်။ မယ်တော်စင်နဲ့ ကရင်မ ဖင်လျှောတောင်က သိပ်မဝေးဘူးပ လေ၊ ဒါကြောင့် မဝေးတော့ဘူးလို့ ငါ ပြောတယ်ပေါ့'

စောစံဖိုးသင်က ရှင်းပြရင်း ကရင်မ ဖင်လျှောတောင်တန်းကြီးဆီသို့ ရှေ့မှ ထွက်သွားသည်။ ဂန္ဓာရီဆရာလေး ရဲဇော်နှင့် ဆရာခင်မောင်အေး၊ ဆရာ လှထွန်းတို့လည်း စောစံဖိုးသင် နောက် မှ တပေါက်ပေါက် စီးကျနေကြသည့် ချွေးများကို သုတ်ရင်း လိုက်ခဲ့ကြ၏။

နွေရောက်သည်နှင့်အညီ သူတို့ လာရာ လမ်းတစ်လျှောက်၌ နွေတေး ရှင် ဥသြငှက်ငယ်လေးများ၏ ခွန်းဟ သီကြွေးနေကြသည့် ချိုတေးသံ မြမြ လေးများကို ကြားနေရသည်။

တောင်ကျစမ်းချောင်းလေး နှစ်ချောင်း လောက်ကို ဖြတ်ကျော်ပြီးသည့်အခါ တွင်တော့ ခပ်ဝေးဝေးမှ အော်လိုက် သော ဒေါင်းအော်သံလေးကိုပင် ကြား လိုက်ကြရလေသည်။

'အိုးဝေ...အိုး...ဝေ...'

'အင်း... ဒေါင်းတွန်းသံတောင် ကြားရပြီဆိုတော့ တောင်ပေါ်ပိုင်း တော်တော်ရောက်လာပြီပဲ'

ဆရာခင်မောင်အေးက မှတ်ချက် ချလိုက်၏။

'ဟုတ်တယ်ပေါ့ဗျာ၊ ဒေါင်းဆိုတဲ့ သတ္တဝါတွေက တောပေါ်တောင်ပေါ် တွေ၊ တောနက်တောင်နက်တွေမှာပဲ နေကြတာကလား'

ဆရာလှထွန်းက ထောက်ခံလိုက်၏။

အမှန်တကယ်လည်း ယင်းတို့ ဂန္ဓာရီဆရာသုံးဦး ခရီးအတော် ပေါက် ခဲ့ကြပြီဖြစ်သည်။

ခရီးစဉ်က ဂန္ဓာရီဆရာလေးရဲဇော် က သူ၏ဆရာဖြစ်သူ ပြည်ဝင်ကျော့်စဉ် ကို ညွှန်ကြားခဲ့သည့် သတုံ နေမိန္ဒရ တောင်မှ ဘဆရာ၏ အမိန့်အရ ကရင်မဖင်လျှောတောင်၌ အဓိဋ္ဌာန် စခန်းဝင်ရင်း စေတီငယ်တစ်ဆူ တည် ထားရန် ညွှန်ကြားချက်အရ လာခဲ့ကြ ခြင်းဖြစ်သည်။

လောလောဆယ်တော့ သူတို့ စေတီတည်ရန် ဘာပစ္စည်းမျှ မပါ ခရီးစဉ်ကို လေ့လာရင်း အစမ်းလာခဲ့ ကြခြင်းဖြစ်၏။ သို့သော် အဓိဋ္ဌာန်(၉) ရက်တော့ ဝင်ကြမည်ဖြစ်၏။

ညနေ ငါးနာရီလောက်၌ သူတို့ ကရင်မဖင်လျှောတောင်သို့ ရောက် ကြလေသည်။ တောင်ကြီးက ကရင်မ ဖင်လျှောဆိုသည့်အဓိပ္ပာယ်ကို သူတို့ နားမလည်ကြသော်လည်း မ စောက် တည့်မတ်နေသည့် တောင် ဖြစ်၍ သတိမထားပါက တစ်မှုဟု ချင်း အောက်သို့ လျှောကျသွား သည့် အနေအထားဖြစ်သည်။

တောင်နံရံဟူ၍လည်း ပြေ လျှောလျှော မရှိလှဘဲ ထရံကြီးတ ထောင်ထားသလိုဖြစ်နေ၏။

'ဟေး... ဆရာလေးတို့၊ ဒါ မင်း ရောက်ချင်တဲ့ ကရင်မဖင်လျှောပဲ'

စောစံဖိုးသင်က စမ်းချောင်း တစ်ချောင်း ကျော်ပြီးသည်နှင့် ဆ ရဲဇော်တို့အား ပြောလိုက်သည်။ ဆ ရဲဇော်က တောင်ကြီးကို မော့ကြ ရင်း...

'လောလောဆယ်တော့ ဒီ ချောင်းလေးဘေးက လမုပင်ကြီး အောက်မှာပဲ ခေတ္တ စခန်းချကြ ပေါ့ဗျာ၊ ဖထီး ဘယ့်နှယ်လဲ'

ဟု ပြော၍ တစ်ဆက်တည်း နေရာ၌ စခန်းချ၍ သင့်မသင့်၊ ကော မကောင်း စောစံဖိုးသင်ကိုပါ မေး သည်။

စောစံဖိုးသင်ကတော့ ဆေး ဆေးရွက်ကြီး ခြေမွထည့်ပြီး စိမ်ပြေနပြေ သောက်ရှိုက်ရာမှ...





www.burmeseclassic.com

www.burmeseclassic.com

'ဆရာလေးတို့ သဘောပေါ့နော၊ ကောင်းတာပဲပ'

ဟု ပြောလိုက်၏။

### ထူးဆန်းသည့် အိပ်မက်



အားလုံး သဘောတူသည်နှင့် ဆရာရဲဖော်သည် ယင်းတို့နေမည့်နေရာအား ဆန်မန်းများ ပက်ကြဲ၍ နေရာဒေသပိုင်းခြားကာ **"သဗ္ဗေ ဗုဒ္ဓါ ဣဒ္ဓိပတ္တာ ပစ္စေကာနဉ္စ ယာဣဒ္ဓိ အရဟန္တာနဉ္စ တေဇေန"** အစရှိသော အရပ်(၁၀)မျက်နှာ စည်းသားဂါထာများနှင့် ၂၄ ပစ္စည်းများ ရွတ်ဆို စည်းသားကာ တောပိုင် တောင်ပိုင်၊ ကွင်းပိုင်နယ်ပိုင်၊ တောလ မိုင်း တောင်လမိုင်း၊ တောစောင့်နတ် တောင် စောင့်နတ်တို့အား မေတ္တာပို့၍ ဘုရား ရှင် အားရည်စူး၍ အမွှေးတိုင်၊ အလင်းတိုင်များ ပူဇော်ကာ ရှစ်ပါး သီလယူပြီး ခန္ဓာကိုယ်ကို (၉)ရက် အမိဋ္ဌာန်ပြု၍ ဘုရားလှူလိုက်သည်။

ထို့အတူ ဆရာခင်မောင်အေးနှင့် ဆရာလှထွန်းတို့ကလည်း သီလ ဆောက်တည် မေတ္တာဘာဝနာများ ပွားများကာ ခန္ဓာကိုယ်များ ဘုရားလှူ၍ ပဋ္ဌာန်းပူဇော်ခြင်း၊ ပရိတ်ရွတ်ခြင်း အမှုတို့ကို ပြုကြလေ၏။ အတော်လေး ညဉ့်နက်မှ ရှေးဦးပြုဖွယ် အကာ အကွယ် အတားအဆီးကိစ္စများ ပြီးကျ လေ၏။

စောစံဖိုးသင်ကတော့ ပင်ပန်းသွားသည်လားမသိ၊ ရောက်သည်နှင့် ကရင်သင်တိုင်းကြီးထဲ ခြေလက်များ ဆည့်ပြီး တရှူးရှူး အိပ်ပျော်သွားလေတော့သည်။

ထိုအချိန်တွင် စောစံဖိုးသင်သည် အိပ်ရာမှ လန့်နိုးလာပြီး ကယောင် ချောက်ချား ဟိုဟိုသည်သည် လျှောက်ကြည့်လျက်ရှိ၏။ ဆရာရဲဖော်က ပြူးတူးပြဲတဲဖြစ်နေသော စောစံဖိုးသင်ကို ကြည့်၍…

'ဖထီး…အိပ်ရာက နိုးလာပြီး ဘာတွေ လျှောက်ကြည့်နေတာလဲ'

ဟု မေးလိုက်သည်။

သည်တော့မှ စောစံဖိုးသင်လည်း သတိရသလိုဖြစ်သွားပြီး "ဘာမှ မဟုတ်ပါဘူးကာ၊ ငါ အိပ်မက် မက်သွားလို့"ဟု ပြောလိုက်၏။

'ဘာတွေ အိပ်မက်လိုလဲ ဖထီးရဲ့'

'အို…ဘာမှ မဟုတ်ပါဘူးကွာ၊ ငါ မမှတ်မိပါဘူး။ ကဲ…ကဲ ဆရာလေးတို့ မင်းတို့လဲ အိပ်ကြဦး။ ငါစောင့်နေမယ် နော'

စောစံဖိုးသင်က ပြောသဖြင့် ဆရာလေးရဲဖော်တို့လည်း ပင်ကလည်း ပင်ပန်းလာကြသည့်အတွက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပစ်လိုက်ကြလေတော့၏။

သို့သော် ကြာကြာ မအိပ်လိုက်ရ ယင်းတို့သုံးဦးလည်း စောစံဖိုးသင်ကဲ့သို့ လန့်ဖျပ် နိုးလာကြပြန်လေ၏။ နိုးနိုးချင်း သုံးယောက်သား ကိုးကြည့် ကြောင်ကြည့် ဖြစ်သွားကြသည်။ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်၍လည်း အံ့ဩ တုန်လှုပ်သလို ဖြစ်နေကြသည်။

'ဆရာလေးတို့… အေးအေးဆေးဆေး အိပ်နော၊ အိပ်ရေးမဝဘဲ နေမယ်။ ပြန်အိပ်…ပြန်အိပ်'

စောစံဖိုးသင်က သူတို့သုံးဦးကို ကြည့်၍ ပြောလိုက်၏။

'မအိပ်တော့ဘူးဖထီး။ ကျွန်တော် အိပ်ရေးဝသွားပြီ'

ဂန္ဓာရီဆရာလေးရဲဖော်က စောစံဖိုးသင်ကို ပြောရင်း ကျန်နှစ်ယောက်၏ မျက်နှာများကို ကြည့်လိုက်သည်။ ဆရာခင်မောင်အေးနှင့် ဆရာလှထွန်းတို့ကလည်း အိပ်ရာက နိုးစကဲ့သို့သော မျက်နှာများ မဟုတ်တော့ဘဲ ရင့်ကျက်သည့် သမာဓိများကို အထိုက် အလျောက် ထူထောင်ထားကြသူများ ပီပီ အေးဆေး တည်ငြိမ်သွားဖြင့်…

'ကျွန်တော့်တို့လဲ မအိပ်တော့ပါဘူး ဗျာ'

ဟု ပြော၍ ထပြီး အလင်းတိုင်၊ အမွှေးတိုင်များ ပူဇော်ကာ ပုတီးစိပ်နေလိုက်ကြတော့သည်။

ဆရာလေးရဲဖော်ကတော့ မေတ္တာဘာဝနာပွားများရင်း ပရိတ်တော်များ ရွတ်ဖတ်၍ တစ်ညတာကို ကုန်လွန်စေခဲ့လေ၏။ သည်သို့နှင့် တောင်ဘီစူး ငှက်ကလေးများ၊ တောကြက်များ တွန်ကျူးကာ မိုးစင်စင်လင်းခဲ့သည်။

မိုးလင်းသည်နှင့် အသင့်ပါလာကြသော ကောက်ညှင်းထုပ်များကို ဘုရားကပ်လှူ ပူဇော်ပြီး နံနက် အရုဏ်ဆွမ်း

www.burmeseclassic.com

ကို မြေပဲစေ့ကြော်များနှင့်အတူ စားလိုက်ကြ၏။ ခွမ်းစားပြီးသည်နှင့် ဖထီးကြီးစောစံဖိုးသင်က သူ လမ်းပြတာဝန်ပြီးပြီမို့ သူနေထိုင်ရာ ရွာသို့ ပြန်ရန် ပစ္စည်းပစ္စယများကို သိမ်းဆည်းနေလေတော့သည်။

စောစံဖိုးသင်၌ သိမ်းဆည်းစရာ ပစ္စည်းဆို၍ များများစားစားတော့ မရှိလှ၊ ကရင်လွယ်အိတ်ကြီးတစ်လုံး တုတ်ကောက်တစ်ချောင်း၊ ပလိုင်းတစ်ခုနှင့် ဓားမတိုတစ်လက်၊ ဆေးတံနှင့် ဆေးရွက်ကြီး ထည့်ထားသော အိတ်ငယ်တစ်လုံးအပြင် ဥတုသုံးပါး ခံသည်ဟု ရေးထားသော နတ်သမီးတံဆိပ် "ယမ်း"မီးခြစ် တစ်ဘူးသာ ပါ၏။

အားလုံး ပစ္စည်းတွေသိမ်းပြီးသည်နှင့် စောစံဖိုးသင်က ဆေးတံကို မီးညှိရန် လက်က ကိုင်ရင်း...

'ဆရာလေးတို့ ငါပြန်မယ်နော်'

ဟု နှုတ်ဆက်လိုက်သည်။

ထိုအခါ ဆရာလေးရဲဖော်က တစ်စုံတစ်ရာကို သတိရသွားပြီး...

'ဖထီး ခဏနေပါဦး၊ ဖထီးကို မေးစရာလေးရှိလို့ပါ'

ဟု ဆို၍ တားလိုက်၏။

စောစံဖိုးသင်က ဆေးတံကို မီးညှိဖွာရှိုက်ရင်းမှ...

'ဘာလဲကွ ဆရာလေး၊ ဘာမေးမှာပ'

ဟု ဆိုလိုက်ရင်း ပြန်ထိုင်လိုက်သည်။

'ဒီမှာဖထီး၊ ဒီနေရာမှာ အစက ရွာရှိခဲ့ဖူးသလားဟင်၊ အဲဒါသိချင်လို့ပါ'

'တန်တော့ ဆရာလေးလဲ ညက ငါ့လိုပဲ အိပ်မက်မက်ပြီနဲ့ တူတယ်နော်'

'ဖထီးကြီးက ဘာအိပ်မက်လို့လဲ၊ ညက ဘာလို့ မမှတ်မိဘူးလို့ ပြောတာလဲ'

'မှတ်မိတယ်ဆိုရင် မင်းတို့က မေးမှာကိုးကွ၊ မင်းတို့ ကြောက်မှာစိုးလို့ ငါ မပြောတာပေါ့'

'ဟုတ်တယ် ဖထီးရဲ့၊ ညက ကျွန်တော် ထူးထူးဆန်းဆန်း အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ ခု ကျွန်တော်တို့ ရောက်နေတဲ့ တောင်ခြေမှာ ကြီးမားတဲ့ ရွာကြီးတစ်ရွာ တွေ့ရတယ်။ ရွာသူရွာသားတွေအားလုံး ယောက်ျား၊ မိန်းမ၊ ကလေးလူကြီး ကရင်သင်တိုင်းတွေ ဝတ်လို့ ကရင်တိုင်းရင်းသား ရွာကြီးတစ်ရွာပဲ အောက်မေ့တယ်။

အားလုံး ကျွန်တော်တို့ ရောက်နေတာကို သိပုံမရဘူး။ ကျွန်တော်တို့ကိုလဲ ဂရုမစိုက်ကြဘူး။ ဒါပေမယ့် သူတို့ အချင်းချင်းကတော့ တစ်ယောက်တစ်ယောက် ဖက်ပြီး ဝမ်းနည်းပက်လက်ဖြစ် ပူဆွေးသောက ရောက်နေကြတဲ့ မျက်နှာတွေနဲ့ ကြည့်နေကြတယ်။ နောက်ပြီး အော်ဟစ်ငိုနေကြတယ်။

အဲဒီအချိန်မှာပဲ ဆင်ဖြူကြီး တစ်ကောင် ရွာထဲကို အရှေ့ဘက်ကနေ ဝင်လာတယ်။ နှာမောင်းမှာ ရဲရဲပြောင်ပြောင် တောက်လောင်နေတဲ့ မီးတုတ်ကြီး ပတ်လာတယ်။ နောက် ရွာကြီးတစ်ရွာလုံး အိမ်ခြေလျှောက် တစ်အိမ်ပြီးတစ်အိမ် မီးရှို့တော့တာပဲ တစ်ရွာလုံး မီးဟုန်းဟုန်းတောက်လောင်ကုန်တယ်။

အဲဒီအချိန်မှာပဲ ရွာသားတွေ အားလုံးလဲ အော်ဟစ် ပြေးလွှားကုန်ကြတယ်။ ဒါပေမယ့် ဆင်ကြီးက မီးရှို့ရုံမကဘူး။ အဲဒီလို ထွက်ပြေးနေကြတဲ့ ရွာသူရွာသားတွေကို လိုက်ပြီး နှာမောင်းနဲ့ ရိုက်၊ အစွယ်နဲ့ထိုး၊ ခြေထောက်နဲ့ နင်းသတ်နဲ့ လိုက်သတ်နေတယ်။ တချို့လဲ လွတ်သွားကြတယ်

အများစုကတော့ မီးလောင်တာ ဆင်ကြီးသတ်တာနဲ့ပဲ အစအန ရွာမ လောက်အောင်ဖြစ် သေကုန်ကြတယ် ဖထီးရေ၊ ဒါပေမယ့် ဖထီးရေ ကျွန်တော်ကြည့်နေတုန်းမှာပဲ သူတ တွေ သေရာက ပြန်ထလာကြတယ် ဒါပေမယ့် လူ့ရုပ်အသွင်နဲ့ မဟု တော့ဘူး အားလုံး အသားအရေ လုံး မရှိတော့တဲ့ အရိုးခြောက်ခြောက် တွေ

ဂန္ဓာရီဆရာလေးရဲဖော်က ည သူ မှေးခနဲ အိပ်ပျော်သွားစဉ် မြင်မ ခဲ့သော အိပ်မက်အကြောင်းကို စော ဖိုးသင်ကို ပြောပြလိုက်သည်။

ထိုအခါ စောစံဖိုးသင်က တဟ ဟား ရယ်ရင်း...

'ငါလဲ မင်းမက်သလိုပဲ မက်ခဲ့ ပဲကွ'

ဟု ပြောလိုက်၏။

ဆရာရဲဖော်နှင့် စောစံဖိုးသင် ပြောနေကြသည့်စကားများကို ဆ လှထွန်းနှင့် ဆရာခင်မောင်အေးတို့ နားထောင်နေရာမှ ထူးဆန်းအံ့ဩ ဖြင့် နှစ်ယောက်ဖြိုင်တူ...

'ဟာ... ကျွန်တော်တို့လဲ အဲဒီ အိပ်မက်မက်တယ်ဗျ။ အိပ်မက် ဆရာရဲဖော်ပြောတာနဲ့ တစ် တည်းပဲ'

ဟု ပြောလိုက်လေသည်။

### ကရင်မဖင်လျှောရွာကြီး၏
### အတိတ်သမိုင်း

'ဟိုအရင်တုန်းက ဒီနေရာမှာ ကြီးတစ်ရွာ ရှိခဲ့ဖူးတယ်။ ဘယ် က စတည်ခဲ့သလဲဆိုရင်တော့ ပု နရသီဟပတေ့ခေါ် မင်း လက်ထက်က မင်းခွေး လေးကလို့ ငါတို့ 

www.burmeseclassic.com

ကြီးတွေ အဆင့်ဆင့် ပြောခဲ့ကြတယ်'

စောစံဖိုးသင်က ဤနေရာမှ ရှာကြီးနှင့် ပတ်သက်၍ အဆင့်ဆင့် တစ်ဆင့်စကား တစ်ဆင့်နား ကြားနာ မှတ်သားလာခဲ့ကြသော ပါးစပ် ရာဇဝင်လေးကို ဆရာရဲဖော်တို့အဖွဲ့အား ပြောပြ၏။

'ပုဂံပြည်နရသီဟပတေ့ မင်းကြီးဟာ တရုတ်တို့နဲ့ စစ်ဖြစ်ရာက တရုတ်တို့ရဲ့ရန်ကို ကြောက်ပြီး အောက်ပြည်အောက်ရွာဖြစ်တဲ့ သားတော်များရှိရာ ပြည်၊ သန်လျင်၊ ပုသိမ်တို့အထိ စုန်ပြေးခဲ့တယ်။ အဲဒီမှာ ရှင်ဘုရင်နဲ့အတူ မှူးကြီးမတ်ကြီးများ မင်းညီမင်းသားများနဲ့ စစ်သည်ဗိုလ်ပါ အချို့တို့လဲ ပါတယ်။ ဒါပေမယ့် ခရီးခြင်းကတော့ မတူဘူး။ အချို့က ရေကြောင်း၊ အချို့က ကုန်းကြောင်း အဆင်ပြေသလို လာခဲ့ကြတာ။

အဲဒီမှာ မင်းရိုးမင်းနွယ်ဖြစ်တဲ့ မောင်ကြီး၊ မောင်လတ်၊ မောင်ငယ်တို့လဲ ပါလာကြတယ်။ သူတို့က ကုန်းလမ်း ရိုးမကြီးအတိုင်း စုန်လာကြတာ သူတို့မှာ နောက်လိုက်နောက်ပါ အခြံအရံတွေလဲ ပါလာကြတယ်။

ခု...ကရင်မဖင်လျှောနေရာ ရောက်တော့ အကြီးဆုံးဖြစ်တဲ့ မောင်ကြီး နာမကျန်း ဖြစ်တယ်။ အဲဒီမှာ မောင်ကြီးနဲ့အတူ ပါလာကြတဲ့ ပညာရှိ ပုဏ္ဏားတော်ကြီးတွေက ဗေဒင်ကိန်းခန်းတွေ တွက်ချက်ပြီး မင်းသား မောင်ကြီး နတ်ရွာစံကိန်းရှိတယ်။ ဒါကြောင့် အရပ်(၉)ပေရှိတဲ့ စွယ်စုံဆင်ရုပ်ကြီး ထုဆစ်ပြီး ဆင်ရဲ့ ဝမ်းခေါင်းထဲ စိန်ရွှေငွေ ကျောက်သံပတ္တမြားတွေ ဌာပနာသွင်းလို့ နောင်ပွင့်မယ့် မေတ္တေယျဘုရားကို ရည်စူးပြီး ပူဇော်လှူဒါန်းရမယ်။ ဒါမှ အနာဘေးက



ထမြောက်နိုင်မယ်၊ ဘုန်းသမ္ဘာကြီးမယ်လို့ အဟောထုတ်ကြတယ်။

ဒါကြောင့် မင်းသားမောင်ကြီးဟာ ပုဏ္ဏားတော်ပညာရှိကြီးများ ဟောကြားတဲ့အတိုင်း အရပ်(၉)ပေရှိတဲ့ ဆင်ရုပ်ကြီး တစ်ရုပ်ကို စကျင်ကျောက်တွေနဲ့ ထုဆစ်ပြီး ဆင်ကြီးရဲ့ဝမ်းမှာ အဖိုးတန် စိန်ရွှေငွေ ကျောက်သံပတ္တမြားတွေ ဌာပနာလို့ နောင်ပွင့်မယ့် ဘုရားရှင်ကို ရည်စူး လှူဒါန်းခဲ့တယ်။ အဲဒီလိုလဲ ယတြာပြုပြီးရော မောင်ကြီးလဲ ပြန်လည်ကျန်းမာလာခဲ့တယ်။

အဲဒီမှာ ပြဿနာတစ်ခုက ပေါ်လာတယ်။ ဘာလဲဆိုတော့ အဖိုးတန် ရတနာတွေ ဝမ်းခေါင်းတစ်လုံးအပြည့် သွတ်ထားတဲ့ ဆင်ကြီးကို စောင့်ရှောက်ဖို့ပေါ့။ ဒါကြောင့် ဆင်ကြီးနဲ့ မနီးမဝေး အရပ်မှာ ရွာတစ်ရွာတည်ဖို့ စိတ်ကူးခဲ့တယ်။

အနီးအနားမှာ ရွာတည်ဖို့ လူလိုက်ရှာတော့ တောင်ယာလုပ်နေကြတဲ့ ကရင်တိုင်းရင်းသားတွေကို တွေ့ရတဲ့အတွက် အဲဒီကရင်တိုင်းရင်းသားတွေကို စုပြီး ရွာတည်ပေးခဲ့တယ်။ သူတို့အတွက် လက်ဆောင်ပစ္စည်းတွေ ရွှေငွေတွေကိုလဲ ပေးခဲ့တယ်။

စစချင်း တည်တဲ့ရွာက တောင်ပေါ်ကြီးမှာ တောင်ကြီးက ထရံတောင်ကြီးလို မတ်စောက်စောက်ကြီး ဖြစ်နေတဲ့အတွက် ခဏခဏ ကရင်မတွေ တောင်ပေါ်ကြီးကနေ ဖင်လျှောလျှော ကျကြတယ်။ ဒါကြောင့် ရွာကြီးကို "ကရင်မဖင်လျှောရွာ"လို့ ခေါ်ပြီး၊ တောင်ကြီးကိုလဲ ရွာနာမည်ကို စွဲပြီး ကရင်မဖင်လျှောတောင်ရယ်လို့ သမုတ်ခဲ့ကြတယ်လေ။ နောက်တော့ ရွာခေါင်းကြီးက ခဏခဏ ကရင်မတွေ လျှောလျှောကျတဲ့အတွက် ရွာကြီးကို တောင်ပေါ်ကနေ တောင်ခြေကို ပြောင်းတည်ခဲ့တယ်။

အဲဒီကစလို့ ကရင်မဖင်လျှောရွာကြီးဟာ တောင်ယာလုပ်ငန်းတွေ လုပ်ရင်း စည်စည်ကားကား ဖြစ်လာခဲ့တယ်။ အိမ်ခြေ(၂၀၀)လောက်အထိ များလာတယ်။ ရွာသူရွာသားတွေ ကြာလာတော့ ရတနာတွေ သွတ်ထားတဲ့ ဆင်ကြီးကို စောင့်ရှောက်ဖို့အတွက် မင်းသားမောင်ကြီး၊ နောင် သာယာဝတီ သုံးမြို့ရှင် သတိုးနော်ရထာမင်းက ရွာတည်ခဲ့တယ်ဆိုတာကို တဖြည်းဖြည်းနဲ့ မေ့လာကြတယ်။ ဆင်ကြီးအကြောင်း လုံးဝ မသိကြတော့ဘူး ဖြစ်လာတယ်။

ကရင်မဖင်လျှောရွာကြီးဟာ ဂျပန်ခေတ်အထိ အေးချမ်းတဲ့ တောရွာကြီး တစ်ရွာအနေနဲ့ ရှိခဲ့တယ်'

စောစံဖိုးသင် ပြောပြသမျှ ဂန္ဓာရီဆရာလေးရဲဖော်နှင့်အဖွဲ့က စိတ်ဝင်တစား နားထောင်ခဲ့ကြလေ၏။ စောစံဖိုးသင်က စကားကို ခေတ္တရပ်ပြီး ဆေးတံတို့မှ ပြာတွေကို ခါကာ နောက်တစ်ခါ ဆုံအတွင်း ဆေးထပ်ထည့်နေသဖြင့် အားမလိုအားမရဖြစ်၍...

'အာရုံပြုတ်တယ်ဗျာ ဖထီး၊ ဆေးတံနောက်မှ သောက်ပါ ကရင်မဖင်လျှော

www.burmeseclassic.com



ရွာကြီး ဘယ်လိုက ဘယ်လို ပျောက်သွားတယ်ဆိုတာ ပြောပါဦး'

ဟု အလေလာသုံးဆယ် တောင်းဆိုလိုက်ကြသည်။

ထိုအခါ စောစံဖိုးသင်က တဟားဟားရယ်ရင်း...

'မင်းတို့ကလဲကွာ ပြောပါ့မယ်၊ ဆန္ဒစောလိုက်တာ ဆေးတံလေးတော့ တစ်အိုးလောက် သောက်ပါရစေဦး'

ဟု ဆို၍ ဆေးတံကို ဥတုသုံးပါးခံ နတ်သမီးတံဆိပ် ယမ်းမီးခြစ်ကလေးကို ရှဲခနဲ ခြစ်လိုက်ပြီး မီးညှိလိုက်လေသည်။ ထို့နောက် ဆေးတံကို အားရပါးရ ဖွာနေလိုက်သည်။

ဆေးတံထဲ ဆေးကုန်သွားမှ ကရင်မဖင်လျှောရွာကြီး ပျောက်သွားပုံ အကြောင်း ပြန်စလေ၏။

---

လပြည့်လကွယ်ညတွေ၌

ယာခင်းတွေထဲ ဆင်ကြီး

တစ်ကောင် လာစား

---

ကရင်မဖင်လျှောရွာမှ ရွာခေါင်းကြီး စောဘိုဆေးက ကွမ်းတမြုံ့မြုံ့ဝါးရင်း...

'ဟဲ့... စောအယ်ကောရဲ့ မင်းပြောတာ သေချာရဲ့လား'

ဟု သူ့ရှေ့၌ ဒူးတစ်ဖက်လုံ တစ်ဖက်ထောင်ဖြင့် စိတ်ပျက်လက်ပျက်ထိုင်နေသည့် စောအယ်ကော့ကို မေးလိုက်သည်။

'သေချာပါကောကွာ၊ ငါ့ယာခင်းတွေ ဆင်နင်းသွားတဲ့ ခြေရာတွေ တွေ့လို့ ငါနဲ့ ငါ့ဖိုးခွားတို့ ညက ယာထဲ သွားချောင်းတာကွ၊ သန်းခေါင်ယံလောက်လဲ ကြရော၊ အရပ် (၉)ပေလောက်ရှိမယ့် ဆင်ဖြူတော်ကြီး တစ်ကောင် ပေါ်လာပြီး ငါ့ ပဲခင်းကြီး တစ်ခုလုံး နေရာအနှံ့ လျှောက်စား

တော့တာပဲ။ ဖရဲခင်းတွေကောလဲ လျှောက်နင်းခြေသွားတယ်ကွ၊ ရွာခေါင်းကြီးရဲ့။ တောက်... တော်တော်ဆိုးပါ့ကွာ'

'ဟေ...ဟုတ်စ'

'ဟုတ်ပ...ဟုတ်ပ ရွာခေါင်းကြီးရဲ့၊ ခက်တာက ဒီဆင်ကြီးက လပြည့်လကွယ် ညတွေကျမှလာတာကွ၊ ကျန်တဲ့ညတွေဆို အရိပ်တောင် မြင်ရဘူး။ နောက်ပြီး ဒီဆင်ကြီးမှာ အဖော်လဲ မပါဘူး။ နောက်လိုက်လဲ မရှိဘူး။ တစ်ကောင်တည်းရယ်'

'အေး...မင်းပြောသလိုပဲ ရွာလယ်က စောထူးသာလဲ လွန်ခဲ့တဲ့ လပြည့်ကျော်တစ်ရက်နေ့က ငါ့ကို လာပြောတယ်ကွ။ သူ့ ပြောင်းခင်းကြီးထဲ စွယ်စုံဆင်ဖြူကြီးတစ်ကောင်လာပြီး လပြည့်ညက စားသွားလို့ ကုန်ရောဆိုတဲ့ အကြောင်းကွ'

'ဟုတ်တယ်လေ... အရင်တုန်းက ဒီဆင်ကြီးအကြောင်း ငါတို့ မကြားဖူးပါဘူး။ ခုရက်ပိုင်းတွေ အတွင်းမှ ဒီဆင်ကြီးက ဘယ်က ဘယ်လို ပေါ်လာရတယ် မသိပါဘူးကွာ၊ ဒီအတိုင်းဆိုတို့ယာတွေ ပျက်စီးကုန်ပါပြီ'

'ရှိစေတော့ပေါ့ စောအယ်ကော့ရာ၊ ဒါပေမယ့် လပြည့်နေ့ကြရင်တော့ ဆင်ကြီးလာတတ်တဲ့ တောင်ယာဘက်ကို သွားပြီး စောင့်ကြမယ်။ ဆီဗီလူးမြား

တွေ အသင့် လုပ်ထားပေ့။ မနက်ခါတော့ ငါ မောင်းထု လူစုခေါ်ပြီး အဲဒီ အကြောင်း တိုင်ပင်ကြတာပေ့ါ၊ တို့ တောင်ယာတွေ လာဖျက်ဆီးနေတဲ့ ဆင်ကြီး အပြတ်ရှင်းကြတာပကွာ'

'ကောင်းပေ့...ကောင်း။ ဒီကောင်ကြီး မရှိမှ ကောင်းမှာ'

စောအယ်ကော့ ဆင်ကြီး အကြောင်း ပြောပြသမျှ နားထောင်ရင်း ရွာခေါင်းကြီးစောဘိုဆေး ဆင်ကြီး၏ ရန်မှ မည်သို့မည်ပုံ ကာကွယ်ရမည်၊ မည်သို့ ရှင်းရမည်ကို ရွာသားများနှင့် တိုင်ပင်၍ ပြုလုပ်မည့်အကြောင်း စောအယ်ကော့ကို ပြောလိုက်သည်။

ယခုတလော သူတို့ "ကရင်မဖင်လျှော"ရွာကြီးအနီးရှိ တောင်ယာခင်းများကို ဆင်ဖြူကြီးတစ်ကောင် လာရောက်ဖျက်ဆီးနေသော သတင်းမှာ တစ်ရွာလုံး ပျံ့နှံ့နေသည်။ ထိုဆင်ကြီးမှာ စွယ်စုံဆင်ကြီးတစ်ကောင်ဖြစ်ပြီး တစ်ကောင်တည်း ဖော်မဲ့ဖြစ်၏။

သို့ကြောင့် တောင်ယာ အတော်များများလည်း ပျက်စီးကုန်ကြပြီ ဖြစ်သည်။ ယခုတလော အေးချမ်းသည့် သူတို့ရွာကြီး ဆင်ကြီးကြောင့် သောကတွေ ရောက်နေကြရ၏။ သို့ကြောင့် ရွာခေါင်းကြီးက တစ်ရွာလုံးကို မောင်းထုခေါ်ကာ ဆင်ကြီး အကြောင်း စုဝေးတိုင်ပင်ကြပြီး ဆင်ကြီးကို အပြတ်ရှင်းရန် ဆုံးဖြတ်လိုက်ကြသည်။

---

ရှေ့လဆက်ဖတ်ပါရန်

---

အေးရွှေ(စီးကုန်း)



www.burmeseclassic.com

www.burmeseclassic.com

# ဓာတ်ခုနစ်ပါး လေဆေးကြီး



လွန်ခဲ့သော တစ်လက စာရေးသူ၏ နေအိမ်သို့ ဆွမ်းခံကြွတော်မူသော **ဟသ်ာတမြို့၊ မြဝတီရပ်ကွက် နီကြောတာရုံကျောင်းမှ ဦးပဥ္စင်း ဦးစိတ္တနှင့်** ခင်မင်ရင်းနှီးကာ ဦးပဥ္စင်း၏ ကျောင်းတိုက်သို့ ရောက်ရှိခဲ့ပါသည်။

ဦးပဥ္စင်းဦးစိတ္တနှင့် ကျောင်းတွင် တွေ့ရှိ၍ အာလာပသလ္လာပ ရေချမ်း သောက်ရင်း စကားလက်ဆုံကြခဲ့ပါသည်။ ဦးပဥ္စင်းအား မြန်မာ့ဆေး စကားစပ်မိ၍ ပြောနေစဉ် စာရေးသူအား လေဆေးနှင့်ပတ်သက်၍ အဂ္ဂိရတ်နည်းဖြင့် ဖော်စပ်သော ဆေးနည်းမှာ သာမန်ဆေးတွေထက် ပို၍ အစွမ်းထက်သည်ဟု ပြောပါသည်။

ထို့ပြင် တစ်ဆက်တည်း ဦးပဥ္စင်းမှ ကိုယ်တိုင် ဖော်စပ်သုံးစွဲနေကြောင်း လေရောဂါမှာ မကြာခဏ ဖြစ်တတ်၍ ယင်းဆေးကို နန်းတွင်းကုထုံးဆေးကျမ်းမှာ တွေ့ရှိ၍ ဖော်စပ်သုံးစွဲရာတွင် အမှန်ပင် လေရောဂါ ပျောက်ကင်းပါသည်ဟု ပြောပြပါသည်။

လေရောဂါနှင့်ပတ်သက်၍ လေထိုး လေအောင့်၊ လေပျို့၊ လေအန်အတွက် လည်းကောင်း။ အစာမကြေ၊ ဝမ်းဖော၍ ပျို့အန်ခြင်း၊ ရင်ကယ်၍နေခြင်းများအတွက် လည်းကောင်း ဆေးကောင်းတစ်လက်ဖြစ်ကြောင်း ဆေး၏ အမည်မှာ **ဓာတ်ခုနစ်ပါးလေဆေး** ဖြစ်ပြီး ဆေးဖော်စပ်ရာတွင် ပါဝင်သော ဆေးအမည် ပစ္စည်းများကို မှတ်သားကာ တင်ပြခြင်းဖြစ်ပါသည်။

**ပါဝင်သော ဆေးပစ္စည်းများ...**

၁။ သိန္ဓောဆား (၁၀)ကျပ်သား

၂။ ဆားပုပ် (၁၀)ကျပ်သား

၃။ မြန်မာ့ဆားခါး (၁၀)ကျပ်သား

၄။ အိမ်သုံးဆား (၁၀)ကျပ်သား

၅။ ကြက်ဟင်းခါးရွက် (၁၀)ကျပ်သား

၆။ ကြောင်ပန်းရွက် (၁၀)ကျပ်သား

၇။ ကြက်သွန်နီဥ (၁၀)ကျပ်သား

အထက်ပါ ဆေးပစ္စည်းများကို အမျှစု၍ ကြက်သွန်နီဥနှင့် ကြောင်ပန်းရွက်၊ ကြက်ဟင်းခါးရွက်တို့ကို ဦးစွာ သန့်စင်အောင် ရေဆေးပြီး လှီးဖြတ်ရပါမယ်။

အဲဒီနောက် သံဆုံထဲတွင် ထည့်၍ (၇)မျိုးတို့ကို ရောနှော၍ ကြေညက်စွာ ထောင်းရပါမည်။ ဆေးများကို ကြေညက်ပါက အဂ္ဂိရတ်တွင် အသုံးပြုသော လုံနံပါတ်(၂၀)တွင် ထည့်၍ လုံ၏အဝကို လုံစွာပိတ်၍ ရွှံ့မံကာ လေမီးဖိုမှာ ထည့်၍ လေဖိုတင်ရပါမည်။

နာရီဝက်အချိန်ခန့်တွင် လုံထဲမှ ဆေးများ အရည်ပျော်သွားပါမည်။ ထို့နောက် ဆေးရည်များကို အရည်ကြည်လာအောင် ဖိုနှင့် ထိုးရပါမည်။

ဆေးများ အရည်ကြည်လင်၍ လာပါက မီးဖိုထဲမှ လုံကို ဆယ်ထုတ်ပြီး အအေးခံရပါမည်။

ဆေးများ အေးပါ၊ ခဲသွားပြီး **ဆေး၏ အရောင်မှာ အနက်ရောင်** ဖြစ်ပါမည်။ ဆေးခဲများကို လုံအတွင်းမှ ထုတ်၍ သံဆုံနှင့် မွှန်ညက်သွားအောင် ထောင်းရပါမည်။

ဆေးမှုန့်များရရှိပါက လေလုံသော ပုလင်းတွင် ထည့်ထားကာ လေရောဂါနှင့်ပတ်သက်၍ လေထိုးလေအောင့်၊ လေချုပ်၊ လေပျို့၊ လေအန်အတွက် လည်းကောင်း။ အစာမကြေ ရင်ပြည့်ရင်ကယ်၊ အော့အန်သူများအား လည်းကောင်း ဆေးမှုန့်ကို တစ်ပဲသားခန့် တိုက်ရပါမည်။

အစာမကြေ ရင်ပြည့်ရင်ကယ်သူများအား သံပရာသီးတစ်လုံး အရည်နှင့် ဆေးတစ်ပဲသားကို ရောမွှေကာ တိုက်ရပါမည်။

ဝေဒနာဖြစ်သူများမှ (၁၅)မိနစ်ခန့် အကြာတွင် ထိုဝေဒနာများ ပျောက်ကင်း သက်သာရပါမည်။ ဓာတ်ခုနစ်ပါးဆေးမှာ အဂ္ဂိရတ်နည်းဖြင့် ဖော်စပ်ထားသည်ဖြစ်၍ ဘေးထွက်ဆိုးကျိုးများမရှိပါ။

**ဆေး၏ အရသာမှာ** ငန်,ပူ,စပ်,ခါး, ဖန်သည့်အရသာများ ရှိ၍ နေ့စဉ် ဖော်စပ်သုံးစွဲပါက လေ,ဝမ်း,ဆီးမှန်၍ ကျန်းမာရေး အလွန်ကောင်းမွန်ပြီး ဓာတ်ခုနစ်ပါး လေဆေးကြီး၏ အစွမ်းထက်ပုံကို စာဖတ်သူအပေါင်း သိရှိကြစေရန် ဤနက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှတစ်ဆင့် တင်ပြလိုက်ရပါတယ် ခင်ဗျာ။

***စာဖတ်သူများ လိုအင်ဆန္ဒ ပြည့်ဝကြပါစေ။***

**ရောမြေ ထွန်းထွန်း**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက် ဖော်ပြအပ်ပါသည်။

**အကြိမ်** ၃၂၁
**အောက်တိုဘာလ** ၁၀
**ခုနှစ်** + ၂၀၁၅
၂၃၄၆ = ၁၅=၆

**အကြိမ်၊ လ၊ ခုနှစ်** များအား တစ်လုံးတည်းဖြစ်အောင် ပေါင်းပါက (၆)ဂဏန်းရသည်။ သို့ဖြစ်၍ **၃၊ ၆၊ ၇၊ ၈** ဂဏန်းများများပါအောင် ရွေးချယ်ပါ။ အထူးသဖြင့် **၃၊ ၆၊ ၈** ဂဏန်းများ ဦးစားပေးပါ။

ဥပမာ

| စ…ဆုံး | စ…ဆုံး | စ…ဆုံး | စ…ဆုံး |
|---|---|---|---|
| ၃…၃ | ၆…၁ | ၇…၃ | ၈…၃ |
| ၃…၆ | ၆…၆ | ၇…၆ | ၈…၆ |
| ၃…၇ | ၆…၇ | ၇…၇ | ၈…၇ |
| ၃…၈ | ၆…၈ | ၇…၈ | ၈…၈ |

မှတ်ချက် ။ ။ (…)ကွင်းအတွင်းတွင် **၃၊ ၆၊ ၈** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

## ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ

# ထီ

## အတွက် ရွေးချယ်ပါ ဤဂဏန်း

"**အကြိမ်**"ဂဏန်းမပါဘဲ "**လ**" ဂဏန်းနှင့် "**နှစ်**"ဂဏန်းကိုသာ ပေါင်းပါက (၁၀+၂+၀+၁+၅) =၁၈=၉ ရသည်။ သို့ဖြစ်၍ "၉"ဂဏန်းမှာ ပို၍ အားကောင်းပါသည်။

BURMESE CLASSIC

| စ… ဆုံး | | | | | |
|---|---|---|---|---|---|
| ၃… | ၃၊ | ၆၊ | ၇၊ | ၈၊ | ၉ |
| ၆… | ၆၊ | ၇၊ | ၈၊ | ၉၊ | ၃ |
| ၇… | ၇၊ | ၈၊ | ၉၊ | ၃၊ | ၆ |
| ၈… | ၈၊ | ၉၊ | ၃၊ | ၆၊ | ၇ |

ဤလတွင် **တနင်္လာနှင့်သောကြာသားသမီးများ** ထီကံ ပွင့်နေပါသည်။

သို့ဖြစ်၍ မိမိဒေသရှိ ရှေးဟောင်းစေတီ တစ်ဆူဆူ၏ ရင်ပြင်တော်ကို (၆)ရက် (သို့မဟုတ်) (၉)ရက်တိတိ သန့်ရှင်းရေး လုပ်ပေးပြီး မိမိမွေးနံ့အရပ်ထောင့်တွင် ဒိဝါတပတိအာဒိစ္စောဂါထာကို မိမိသက်စေ့ ရွတ်ပွားပူဇော်ပြီး အဓိဋ္ဌာန်ဝင်ကြရန်ဖြစ်သည်။ အဓိဋ္ဌာန်ပြီးပါက မိမိမွေးနံ့အရပ်ထောင့်ရှိ မြတ်ဘုရားရုပ်တုကို မိမိသက်စေ့ ရေသပ္ပါယ်ပေးပါ။

ဤအဓိဋ္ဌာန်အောင်မြင်ပါက မိမိပတ်ဝန်းကျင်ရှိ နွမ်းပါးသူ အဘိုးအဘွားတို့အား ဆေးဝါးအာဟာရ တတ်နိုင်သမျှ လှူဒါန်းပြီး ထီကံစမ်းကြရန်ဖြစ်သည်။

**အထူးဂဏန်း**

**✦၆၃၈၈၇၉ ✦၃၃၆၆၇၃ ✦၇၈၆၃၉၇**

***ထီကံ ပွင့်ပါစေ။***


**ဆရာရဲထက် (သုတေသီ)**



'ဘကြီး အထုပ်အပိုးတွေနဲ့ပါလား။ ဘယ်က ဆင်းလာတာလဲ'
'မန္တလေး–မော်လမြိုင် Express ကားပေါ်က၊ ညည်းကကော'
'အမေ ဆေးဝယ်ခိုင်းလို့ပါ။ ဘကြီးကော ဘာမှာဦးမလဲ'
'အေး လမ်းကြုံတုန်း ခြင်ဆေးတစ်ဘူးလောက် ဝယ်ခဲ့ကွာ'
'သမီးတို့အိမ်ရှေ့အိမ်ကို ပြောင်းလာတဲ့ မိသားစုက ကလေးငယ်တွေ ခြင်ဆေးနံ့ မွန်မှာစိုးလို့တဲ့။ ခြင်ဆေးခွေ မသုံးဘဲ သံပုရာသီး သုံးတယ်'
'ဟေ…ဘယ်လိုသုံးတာလဲ'
'သံပုရာသီးကို ထက်ခြမ်းခြမ်းပြီး လေညှင်းပွင့်(၄)ပွင့်စီစိုက် အိမ်ခန်းလေးထောင့်မှာ တစ်ခြမ်းစီ ထားထားတာပဲ'
'ဒီလို လုပ်ရုံနဲ့ ခြင်ပြေးတာပဲလား'
'ဟုတ်တယ် ဘကြီး သမီးတို့အိမ်မှာ လုပ်ကြည့်တော့လဲ ခြင်မလာတော့ဘူး'

## အန္တရာယ်ကင်းတဲ့

# ခြင်နှင်ဆေး





ထိုညတွင် သံပရာခြင်နှင်ဆေးကို အသုံးပြုကြည့်ရာ အဆင်ပြေသဖြင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်များသို့ ဝေငှပါသည်။

**[သထုံခရိုင်၊ ပေါင်မြို့နယ်၊ နိဗ္ဗာန်လမ်းနေ တူမလေး နော်ရှုးဖောင်အား ကျေးဇူးတင်ရှိပါသည်။]**

**စောသိင်းထ**



www.burmeseclassic.com

www.burmeseclassic.com

# နဝင်းရွှေပြာသတ္တုရသာယနအားဆေး

# ဥသျှာကိုယ်ငွေ့ကောင်းဆေး

**နဝင်း**

နာ၊ ဘင်၊ ဘော်၊ ဂျုတ်၊ ဒန်၊ သွပ်၊ သံ၊ ပြဒါး၊ ရွှေ ရုပ်ဓာတ်(၉)ပါးကို နဝင်းဟု ဆိုလိုပါသည်။

**ရွှေပြာ**

ရုပ်ဓာတ်(၉)ပါးတွင် နာ၊ ဘင်၊ ဘော်၊ ဂျုတ်၊ ဒန်၊ သွပ်၊ သံ၊ ပြဒါး ဓာတ်(၈)ပါး ပြာကျမှ ရွှေပြာကျပါသည်။ သို့ဖြစ်၍ ယင်းရွှေပြာသည် ဓာတ်(၉)ပါးလုံး ပြာကျသဖြင့် နဝင်းရွှေပြာဖြစ်သည်။

**သတ္တု**

ထိုရွှေပြာသည် ပါစကတေဇောရောက်ပါက လူသား၏ကျန်းမာရေးကို အကျိုးကျေးဇူးပြုနိုင်သဖြင့် သတ္တုရှိသည်ဟု ဆိုလိုပါသည်။ ပါစကတေဇောမရောက်ပါက ဆိုးကျိုးပေးမည်ဖြစ်သည်။ သံဓာတ်၊ သွပ်ဓာတ်များကို နူးညံ့သိမ်မွေ့စားလို့ရအောင် ပြုပြင်ပြီး အနောက်တိုင်းဆေးများ တိုင်းရင်းဆေးများတွင် ထည့်သွင်းဖော်စပ်ကြသည်။ သို့သော် ထိုဓာတ်များကို ဓာတ်စင်ဖြစ်အောင် နိဗ္ဗာန ဓာတ်ဆိုက်အောင် မဆောင်ရွက်နိုင်သဖြင့် ဘေးထွက်ဆိုးကျိုး ဖြစ်လာရပေသည်။

ပါစကတေဇောရောက်သည်ဆိုသည်မှာ ပြာကျွမ်းရိုးတစ်တို့ ကြေးတွင်ထောက်ပြီး မီးပေးလိုက်ပါက ငွေ/ရွှေအဖြစ် ပြောင်းလဲသွားခြင်းကို ဆိုလိုသည်။ ကြေးဟူသောအခြေအနေမှ ဘော်ဟူသော ရွှေဟူသော အခြေအနေအဖြစ်သို့ ပြောင်းလဲသွားခြင်းကို ဆိုလိုသည်။ နိဗ္ဗာနဓာတ်ဆိုက်ရောက်ပြီး ဓာတ်စင်ဖြစ်သွားသည်ဟု ဆိုရပါမည်။ နိဗ္ဗာနဓာတ်ဆိုက်ရောက်ပါက အလွန်သန့်သဖြင့် ဘေးထွက်ဆိုးကျိုးမရှိနိုင်ပါ။ ကြေးကို ပါစကတေဇောဖြင့်ချက်က ဓာတ်ကျက်သွားသောအခါ ငွေ/ရွှေဖြစ်သွားသကဲ့သို့ စားသမျှ အစာအာဟာရများကို ပါစကတေဇောဖြင့် ကျက်အောင်ချက်သောအခါ ရသာရည် အသွေးအသားအဆီ အရိုးချဉ်ဆီ သုက်များစသည် ဓာတ်သန့်ဓာတ်ကောင်းများ ဖြစ်လာနိုင်မည်ဖြစ်သည်။ ထိုသို့ ဓာတ်သန့်ဓာတ်ကောင်းများ ရှိနေ၍ မည်သည့် ရောဂါမျှမဝင်နိုင်ပါ။ ကျန်းမာနေမည်ဖြစ်ပါသည်။ (ရောဂါမူလံ အစိဏ္ဏကံ)ရောဂါဟူသည် မကြေကျက်ခြင်းမှ စသည်ဟု အဆိုရှိပါသည်။

**ဥသျှာကိုယ်ငွေ့**

ထိုသို့ ဓာတ်စင်ဓာတ်ကောင်းများ ဖြစ်လာပါက ဓာတ်စင်ဓာတ်ကောင်းများတွင် ကိန်းနေသော ပါစကတေဇော၏အရှိန် ဥသျှာတေဇောရရှိနေမည်ဖြစ်သဖြင့် အဆုံးငါးပါးသည် နွေးထွေးနေမည်ဖြစ်သည်။

ဥသျှာအားကောင်းပါက အဆုံးငါးပါး နဖူး လက်နှစ်ဖက် ခြေနှစ်ဖက်သည် နွေးထွေးနေမည်ဖြစ်ပြီး ကျန်းမာနေမည်။ ဥသျှာ အားနည်းပါက အဆုံးငါးပါး နွေးထွေးမှုမရှိ၊ ခြေအေး လက်ဖဝါးပူနေမည်ဖြစ်ပြီး ရောဂါဝင်လာနိုင်ပါသည်။ ဥသျှာ ချွတ်ယွင်းပါက ခုခံအား ခံနိုင်ရည်အား ကိုယ်ခံစွမ်းအားကျပြီး ကင်ဆာနှင့် ခုခံစွမ်းအားကျဆင်းမှု(HIV)ရောဂါများ ဖြစ်လာနိုင်ပါသည်။

သို့ဖြစ်၍ ဥသျှာကောင်းလျှင် ကျန်းမာမည်။ ဥသျှာအားနည်းလျှင် ရောဂါရမည်။ ဥသျှာချွတ်ယွင်းလျှင် ခုခံအားကျမည်။ ဥသျှာ ပျက်လျှင်သေမည် ဖြစ်ပါသည်။

**[ဥသျှာ အားနည်းကာ ခြေအေး လက်ဖဝါးပူ/ကြွမ်း ကတည်းက ဥသျှာကိုယ်ငွေ့ကောင်းဆေးကို စားသုံးပါ။**
**(၁၅)ရက်စာ တစ်ဘူး ၃၀၀၀ိ]**

**ဆေးသုံးစွဲရန်**

–နံနက်မျက်နှာသစ်သောအခါ ရေထည့်ထားသောဖလားတွင် ဥသျှာအရည် (၄)စက်ချပါ။ မွှေပြီး မျက်နှာသစ်ပါ။ ပါးစပ်တွင် ငုံထားပါ။ မျက်စိကို ဆေးရည်ဖြင့်စိမ်ထားပါ။

–ရေချိုးသောအခါ ရေချိုးရန် ရေထည့်ထားသောဇလုံတွင် (၄)စက်ချပြီးမှ ရေချိုးပါ။
(ဥသျှာတေဇောအငွေ့ကို ပြင်ပမှ လွှမ်းခြုံထားရန်ဖြစ်သည်။)

–ရေကျက်နွေးနွေး အကြမ်းပန်းကန်တစ်ခွက်တွင် (၄)စက်ချပြီး တစ်နေ့ (၁–၂)ကြိမ် သောက်ပါ။
(ဥသျှာတေဇောအငွေ့ကို အတွင်းရှိ ဝမ်းမီးအား အထောက်အကူပေးပြီး အစာများကို ခြေချက်ရန်ဖြစ်သည်။)

**(ဦးထွန်းလင်း–သိမ်ဖြူဆေးရာဇဝင် အရှင်နာဂသေနာဘိဝံသ၏ တပည့်)**
**သမားတော်ကြီး ရွှေပြာသတ္တုဦးကျော်မြင့်(တ/ဆ ၂၈၄၂ B.A, C.T.M.P)စေတိုင်းရင်းအထူးကုဆေးခန်း**
**၅၂၄(ဂ)၊ မဟာဗန္ဓုလလမ်းဆုံ၊ မြောက်ဥက္ကလာပမြို့ ဖုန်း–၀၉ ၅၁၅၆၁၁၃၆၊ ၀၉ ၉၆၈၁၉၇၇၈၉၊**



www.burmeseclassic.com